www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# ကျွန်ရုပ်မ

## စစ်ကိုင်းဦးဘိုးသင်း



ပြန်လည်ရိုက်နှိပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

မူပိုင်ရှင်၊ စစ်ကိုင်းဦးဘိုးသင်း
စာအုပ်အရွယ်အစား - ဝလုံး စာမျက်နှာ ၃၄၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးခင်ဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅ သိမ်လမ်း၊ တာမွေ၊ ရန်ကုန်
ပုံနှိပ်သူ - ဒေါ်ခင်သာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉ မိုးနိမ့်လမ်း၊ ရန်ကင်း
၂၀၁၅ ဩဂုတ်လ ပြန်လည်ရိုက်နှိပ်ခြင်း
မူပိုင်၊ စစ်ကိုင်းဦးဘိုးသင်းစာပေထုတ် ဒုတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀

တန်ဖိုး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ကျွန်ရုပ်မ

## စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

ကျွန်ုပ်သည် မေကျွန် ဝတ္ထုကိုရေးခဲ့ရာ ဖတ်သူတို့အနည်းငယ်ရှိကြ၏။ ထိုဖတ်သူများအနက်မှ အချို့ကတစ်မျိုး၊ အချို့ကတစ်မျိုး ပြောဆိုကြ၏။ ထိုသို့ပြောဆိုကြခြင်းကို ကျွန်ုပ်သည် မည်သို့မျှ စိတ်ဝင်မရှိဘဲ ပြုံးရုံသာနှင့်ပင် ရယ်မိ၏။

ကျွန်ုပ်တို့၏အမျိုးသားများ၌ များသောအားဖြင့် ဖြစ်ပေါ်နေသည်မှာ ရှေးဟောင်းဝတ္ထု၊ ရှေးဟောင်းအဖြစ်အပျက်ဆိုသော် စိတ်ပါဝင်စားသူအချို့ရှိ၏။ ဘာသာပြန်စာပေဆိုသော် အချို့ကအတော်ပင် စိတ်ပါဝင်စား၏။ သက္ကတ၊ မာဂဓစာပေတို့မှ စာများဟုဆိုလျှင်လည်း စိတ်ပါဝင်စားသူတို့ များကြ၏။ စိတ်ကူးနှင့်ရေးသည်ဆိုသော် စာအုပ်ကိုဖတ်၍မကြည့်ဘဲ ပစ်ချလိုက်သူတို့ အတော်များကြ၏။

ထိုသဘောတို့ကို ကျွန်ုပ်သည် သိ၏။ စင်စစ်သော်ကား မည်သည့် စာကိုမျှ မဖတ်ဘဲ ကိုယ့်သဘောနှင့်စာရေးသားသူများလည်း ရှိကောင်း ရှိပေမည်။ ကျွန်ုပ်သည်ကား စာကိုဖတ်ရခြင်းထက် ရေးရခြင်းကိုပျင်း၏။စာကိုရေးရခြင်းထက် ကျက်ရခြင်းကိုအလွန်ပျင်း၏။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်ုပ်သည်သူတစ်ပါးအား တေးထပ်ရေးနည်း၊ လေးချိုးရေးနည်းစသောကဗျာရေးနည်းတို့ကို တတ်အောင်သင်ပေးနိုင်ခဲ့သော်လည်း တေးထပ်တစ်ပုဒ်၊ လေးချိုးတစ်ပုဒ်ကိုပင် ဆုံးအောင်မရချေ။

ထိုသို့သော ကျွန်ုပ်သည် စာကိုကြည့်ခြင်း၊ လူကြီးများပြောသော ပုံဝတ္ထုအမျိုးမျိုးကို နားထောင်ခြင်းတို့၌ ဝါသနာပါ၏။ ကျွန်ုပ်၏အဖေသည် ကျွန်ုပ်ကိုအနင်းနိုင်း၏။ ကျွန်ုပ်ကား ပျင်း၏။ သို့သော် အဖေက တစ်ခါနင်းသော် ပုံဝတ္ထုတစ်ခု ပြော၏။ ကြာကြာနင်းအောင် ပုံဝတ္ထုရှည်ရှည်ကိုပြော၏။

ကျွန်ုပ်သည် ကျွန်ုပ်တတ်သိသော ပုံဝတ္ထုများကို သူငယ်ချင်းများအားပြောပြ၏။ ထိုသို့ပြောပြခြင်းကို ဝါသနာပါ၏။ ချဲ့ထွင်၍ မဟုတ်က ဟုတ်ကများကိုလည်း သူငယ်ချင်းများအား ပြောပြ၏။ သူငယ်ချင်းများသည် ထိုသို့ပြောပြသည်ကိုပင် ထပ်၍ပြောဦးဟုဆိုသဖြင့် ပြောရပြန်၏။ ထိုအခါ အရင်ပြောသောစကားတို့နှင့် နောက်ပြောသော စကားတို့သည် မတူခြင်းမှာ အတော်များနေ၍ ငြင်းခုံကြခြင်းနှင့်ဝတ္ထုကို အဆုံးသတ်ရ၏။

ထို့ကြောင့် ကျွန်ုပ်သည် ပုံဝတ္ထုတစ်ခုကိုပြောလိုလျှင် အရင်တင်ကူး၍ မရေးချင်ဘဲနှင့် ရေးထားပြီးသော် သူငယ်ချင်းတစ်စုအား မပြောတော့ဘဲ ဖတ်၍ ပြရချေတော့သည်။

သူငယ်ချင်းတစ်စုကား ပရိတ်ကြီးမှီကာတွင် ပါနေသော အင်္ဂုလိမာလအကြောင်းထက် ကျွန်ုပ်ချဲ့ထွင်၍ပြောသော အင်္ဂုလိမာလအကြောင်းကို သာ၍ သဘောကျကြသည်။ ထိုအခါ ကျွန်ုပ်သည် ငယ်ရွယ်သူဖြစ်သော်လည်း သတ္တမတန်းအောင်ပြီးဖြစ်နေပေသည်။

ကျွန်ုပ်သည်လည်း ထိုအခါ မိမိ၏ဆရာ ဘုန်းကြီး၏ကျောင်းတွင် စေတနာ့ဝန်ထမ်းအဖြစ်နှင့် ကျူရှင်ကာ ပြနေရသဖြင့် ပထမတန်းက



စတုတ္ထတန်းထိကျောင်းသားတစ်စုသည် ကျွန်ုပ်၏လက်ထဲမှာပင် ရှိကြသည်။ ကျွန်ုပ်မှာ နံနက်ချိန်နှင့်ညတွင် စာကြည့်ဖို့ရန် အချိန်များစွာရနေပေတော့သည်။ ။

ထို့ကြောင့် ကျွန်ုပ်ရေးသားသော စာများမှာ ကျွန်ုပ်ဖတ်ဖူးသော စာများမှ တတ်သိသောအကြောင်းများနှင့်မကင်းသည်ကိုကား ကျွန်ုပ်ဝန်ခံပါသည်။ ကျွန်ုပ်အယူအဆကိုကား စာဖတ်ဖူးသူများက များစွာသဘောကျမည်ဟုထင်၏။ သို့ရာတွင် မိစ္ဆာဖဓွဲအားဖြင့် အယူပြင်းထန်သော သူများနှင့်ကား များစွာအတိုက်အခံကျနေမည်ဟု ထင်သဖြင့် ကျွန်ုပ်၏အယူအဆကို ခေတ်သစ်၌ ကျွန်ုပ်ရေးသော စာများတွင် ကင်းနိုင်သလောက်ကင်းအောင် ကျွန်ုပ်သတိပြုပါသည်။

များစွာသော သူတို့သည် ကျွန်ုပ်တို့၏ စာပေသည် မာဂဓစာပေမှ ဆင်းသက်သည်ဟုဆိုမှသာ သဘောကျကြ၏။ ယဉ်ကျေးခြင်းသည်လည်း အိန္ဒိယမှလည်းကောင်း၊ တရုတ်ပြည်မှ လည်းကောင်းရရှိသည်ဆိုမှ လက်ခံနိုင်မည့် ပညာရှိများ များစွာရှိနေပေသည်။

"ကိုင်း . . .စာဖတ်ပရိသတ် ဘယ်လိုလဲ"

ကျွန်ုပ်တို့ မြန်မာဟူသည်ကား ပုဂံရာမ နိုင်ငံတော်ကြီးကို တည်ထောင်တော်မူသော သမုတိရာဇ်(သမ္မုဒ္ဒရာဇ်မင်းလက်ထက်တော်က စ၍ဖြစ်လာသော ပညတ်ဖြစ်သည်။ ထိုမင်းအရင် ရှေးကျသော ခေတ်က ကျွန်ုပ်တို့လူမျိုးကို ဘာလူမျိုးဟုခေါ်ပါသလဲ၊ ဤသည်ကို သတိထားရမည်။)

ကဿပမြတ်စွာဘုရားသခင် သာသနာတော် ကွယ်ပတော်မူသောအခါ လူများသည် လောဘ၊ ဒေါသ၊ မာနတို့ လွှမ်းကဲလာသောကြောင့် ထီးသုဥ်း၊ နန်းသုဥ်း၊ ကြငှန်းသုဥ်းဖြစ်သွားကြပြီးလျှင် နေမျိုးဟူသော လူမျိုးတစ်မျိုးသာလျှင် ထီးနန်းနှင့်နေနိုင်ကြသော လူမျိုးစု ဖြစ်နေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေမျိုးဆိုသော လူမျိုးစုက မြန်မာလူမျိုးဖြစ်လာသည်ကို ကျွန်ရုပ်မဝတ္ထုကို မဖတ်မီ သတိထားရန်သင့်ပေသည်။

ကျွန်ုပ်သည်ကား ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့တွင် ကျွန်ုပ်တို့မြန်မာလူမျိုးသည် အဓိကရလူမျိုးဖြစ်၍ ယခုခေတ်၌ မြန်မာလူမျိုးဖြစ်ရခြင်းသည် အလွန်ပင်ရခဲလှစွာသော လူအဖြစ်ကိုရသည်ဟု ကျွန်ုပ်မဆိုရန် မတတ်နိုင်ပါ။ မဆိုလျှင် ကျွန်ုပ်သည် နလပိန်းတုံးလူတစ်ယောက်ဖြစ်ရပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် မြန်မာလူမျိုးတို့မှာသာ လက္ခဏာရေး သုံးပါး၊ ဗြဟ္မစိုရ်တရားလေးပါးနှင့် ကံ ကံ၏အကျိုးသဘောတို့ရှိကြခြင်းကြောင့်ဖြစ်ပေသည်၊

ဥပမာဆိုသော် မြန်မာလူမျိုး တံငါသည် တစ်ယောက်သော်လည်းကောင်း၊ သူနိုးတစ်ယောက်သော်လည်းကောင်း အကြောင်းအားလျော်စွာ ထိုအလုပ်ကို လုပ်ကိုင်ကာ အသက်မွေးရငြားစေကာမူ ၎င်းတို့မှာ ကံ ကံ၏အကျိုးကို ယုံကြည်သောသဘောရှိသည်။ လက္ခဏာရေးသုံးပါးနှင့် ဗြဟ္မစရိယတရားလေးပါးကိုသိသည်။ ထိုယုံကြည်ခြင်းနှင့်သိခြင်းသည်ပင်လျှင် လူဖြစ်ရာရောက်၍ များစွာအဖိုးတန်ပေသည်။

ယခုရေးမည်ဖြစ်သော 'ကျွန်ရုပ်မ' ဝတ္ထုသည် မြန်မာလူမျိုး ဖြစ်လာရသော နေမျိုးမှ အကြောင်းတစ်ခုဖြစ်ချေသည်။

ထိုဝတ္ထုကို မစမီ ကျွန်ုပ်တောင်းပန်လိုသည်မှာ ကျွန်ုပ်မှာ ပျင်းသော ဝါသနာရှိရာတွင် အို၍၊ သာ၍ ပျင်းရိလာပါသည်၊ ထို့ကြောင့် အချို့ နေရာတွင် တိုစိသာ ကျွန်ုပ်ရေးနိုင်ပေတော့မည်။

စာရေးသူ

# ကျွန်ရုပ်မ

[ ၁ ]

တက္ကသိုလ်မြို့ တက္ကသိုလ်ဆရာတော်ဘုရားသည် တန်ဆောင်မုန်းလဆန်း တစ်ဆယ့်သုံးရက်နေ့သို့ ရောက်လာ၍ ကျောင်းတော်သူ၊ ကျောင်းတော်သားများပြန်ရန် နီးကပ်လတ်သော် တပည့်မကလေး တစ်ယောက် မြအနှစ်ကိုခေါ်၍ တစ်စုံတစ်ရာ နောက်ဆုံး ဆုံးမခြင်းနှင့်ပတ်သက်သည့် စကားကိုပြောတော့မည်ဟု ပြုပြီးမှ သင့်ပဲသင့်ပါမလားဟု သတိဖြစ်ကာ စဉ်းစားလျက်နေသကဲ့သို့ ရှိလေ၏။ ထိုအခါ မြအနှစ်သည် ဤသို့ လျှောက်တင်လေ၏။

'ကျေးဇူးတော်အရှင် ဆရာတော်ဘုရား၊ တပည့်တော်မအား သွန်သင်ရန် ပြုပြီးမှ အဘယ်ကြောင့် စဉ်းစားတော်မူဟန်နှင့် နေတုံ့တော်မူပါသနည်း။ ဆရာတော်ဘုရား၏ အမိန့်တော်ကို သည်းခြေကဲ့သို့ ခါးစေကာမူ အသည်းကဲ့သို့ ဆိမ့်နိုင်ပါသည် ဘုရား'

"အင်းကောင်းပြီ၊ ငါ့တပည့်မကို ငါအပြစ်ဆိုချင်သည်"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်တော်ရှိပါ ဘုရား"

"နင့်ရဲ့ ရုပ်လက္ခဏာသွင်ပြင်၊ အသားအရေကို နင်သိသားပဲ၊ သျှတ္တရသဘောနင့်နင်ပြောစမ်း"

"တပည့်တော်မ၏ အသားအရေအားဖြင့် လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်အားဖြင့် လည်းကောင်း၊ ကြန်အင်လက္ခဏာအားဖြင့် လည်းကောင်း၊ အသိအားဖြင့်လည်းကောင်း တပည့်တော်မသည် မေထုန်ငမ်းမကလေးပါ ဘုရား"

"အင်း...မှန်တယ်၊ သို့လင့်ကစား နင်၏မေထုန်ငမ်းခြင်းဟာ အထွတ်အထိပ်ဧကရာဇ်ဘုရင်ရဲ့ မိဖုရားခေါင်ကြီးဖြစ်နိုင်တယ်၊ အယုတ်သဖြင့် ကုဋေပေါင်းများစွာ ကြွယ်ဝချမ်းသာတဲ့ သူဌေးကတော်ကြီးဖြစ်နိုင်တယ်"

"ငင်းကိုတပည့်တော်မ သိပြီးပါဘုရား"

"ဒါနှင့်ပဲ နင်ဟာ အိမ်ထောင်ပြုရေးကိစ္စအတွက် မေထုန်သဘောကို ချုပ်တည်းစောင့်ရှောက်ထားခြင်းဖြင့် သည်းခံနေခြင်းဟာ နင်၌မသင့်ဟု ငါဆိုတယ်"

"တပည့်တော်မ လျှောက်တင်ပါရစေဘုရား"

"အင်း...ဆို"

"ယောက်ျားသည် ကန်းသည်၊ ရမ်းသည်"

"အလို မြအနှစ်၊ နင့်အယူဟာ တယ်ပြင်းတယ်။ ထိုပြင်းခြင်းဖြင့် နင့်မှာ အပြစ်ကြီးစွာဖြစ်နေတယ်"

"တပည့်တော်မသဘောကို တင်ပါရစေဘုရား"

"အင်း...တင်"

"ယောက်ျားသည် မည်သို့သောမိန်းမကိုမဆို အိမ်ထောင်ဖက်ပြုမိသည်ရှိသော် ဥပမာ တင်ရပါမည်။ သူတောင်းစားသည် တစ်စုံ



တစ်ခုသော အကြောင်းကြောင့် အရုပ်အဆင်းအတုမဲ့ လှပ၍ အတတ်ပညာရှိ မင်းသမီးနှင့် အကြောင်းသင့်ရစေကာမူ ထိုသူတောင်းစားသည် သူ၏ကြင်လျာကိုခြေရင်းအလုပ်အကျွေး ကျွန်မကဲ့သို့ သဘောထားလာလေသည်။ နိုင့်ထက်စီးနင်း နင်ပဲငဆ ပြောဆိုကျင့်ကြံလာတတ်လေသည်။ ရိုက်ပုတ်ခြင်း၊ ကန်ကျောက်ခြင်း၊ ညှဉ်းဆဲခြင်း၊ သတ်ပုတ်ခြင်းကိုလည်း ပြုတတ်လေသည်။ ငင်းကို ရှန့်ကြမ်းသော ဓမ္မသတ်သည် အနောက်မရှိမ အတုကိုယူ၍ အခွင့်ပြုထားပါသည်"

"အင်း"

"အကြင် လင်ဆိုသောယောက်ျားသည် မိမိ၏မိန်းမကို တိရစ္ဆာန်ကလေး တစ်ကောင်ကဲ့သို့ ရောင်း၍မူလည်း စားပိုင်သည်။ သတ်ခြင်းကိုလည်း ပြုပိုင်သည်။ သူ၏တစ်စုံတစ်ရာသော အကျိုးငှာ အမျိုးယုတ်သော သူအားပင်လှူနိုင်သည်။ ဤသည်ကို ဓမ္မသတ်သည် မရှိမက အတုကိုယူ၍ ခွင့်ပြုပါသည်"

"အင်း"

"ထိုသို့သော သဘော၌ ယောက်ျားသည် မိမိ၏မိန်းမ၏အယုတ်အမြတ်ကိုမရွေး၊ မိမိ၏မိန်းမ၌ အမျိုးယုတ်မြတ်ကိုမရွေး၊ မိမိ၏မိန်းမ၌ အတတ်ပညာရှိ၊ မရှိကို မရွေး၊ ထိုကဲ့သို့လျှင် မိန်းမတို့ကို မစိစစ်ဘဲ ယောက်ျားတို့သည် မိမိ၏အကျိုးငှာ မိန်းမတို့အပေါ်၌ပြုကျင့်တတ်လေသည်။ ထိုသဘောအရ ဘုရားတပည့်တော်မသည် ယောက်ျားတို့၏ပြုမှုနည်းကို စက်ဆုပ်၍ အိမ်ထောင်ပြုလိုခြင်းစိတ်ကို သည်းခံကာစောင့်ထိန်းနေဝါသည် ဘုရား"

"နင် ဤမျှအပြစ်ကိုပင် ရှာကြံပြီး မြင်တတ်ခြင်းဟာ နင်သွားမယ့်လမ်း၌ ဆူးငြောင့်ခလုတ်ကို လိုလားသလိုဖြစ်နေတယ်"

"ကျေးဇူးတော်ရှင် ဆရာအရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဆို"

"ယောကျ်ားမည်သည် မိန်းမအပေါ်၌ ကာမဂုဏ်မေထုန်မှုကို ငမ်းခြင်းဖြင့် လိုလားကာ ချစ်၍ကြိုက်ပြီးသော် နှစ်သက်၏။ ထိုသို့သော မိန်းမရှိပါလျက်နှင့်လည်း ဥစ္စာကြေးငွေတတ်နိုင်သော် ပြည့်တန်ဆာမတို့နှင့်ပျော်ပါး၏။ ပြည့်တန်ဆာမတို့နှင့်လည်း ပျော်ပါးတတ်၏။ ပိုင်းတာမကိုလည်း မရှောင်တတ်၊ ပိုင်းတာမတို့နှင့်လည်း မွေ့လျော်၏။ အခြားမိန်းမကောင်းတို့နှင့်လည်း ပျော်မွေ့တတ်၏။ ၎င်းကို ကာမဂုဏ်ကျွန်ဖြစ်သောကြောင့် တပည့်တော်မသည် အပြစ်မဆိုပါ။ ယောကျ်ားသာလျှင် ကာမဂုဏ်ကျွန်လော၊ မိန်းမလည်း ညစ်ညမ်းသော ကာမဂုဏ်၏ကျွန်ပင်ဖြစ်ပါသည်။ သို့စဉ်လျက် ဤအမှုကို ယောကျ်ားတို့သည်ပြုတုံသော်လည်း မယားဖြစ်သူသည် တစ်ပါးသောသူနှင့် ပျော်မွေ့သည်ကိုသိသော် ယောကျ်ားသည် မိမိ၏မိန်းမအား အပြစ်ဒဏ်ပြုတော့ပြီ။ ဤသည် မိန်းမအပေါ်၌ ကိုယ်ချင်းမစာတဲ ကြီးစွာသော နိုင့်ထက်စီးနင်းပြုရာရောက်ပါသည်။ ထိုသို့ကို မဆိုထားနှင့်၊ မိမိ၏ မိန်းမသည် အခြားယောကျ်ားအပေါ် မျက်နှာချိုသည်၊ မျက်လုံးထောင့် ကပ်သည်၊ မျက်လုံးကစားသည်ကိုမြင်ချေသော် ထို မိန်းမကို လင် ယောကျ်ားသည် မနှစ်လိုသော အမူအရာကိုပြသည်၊ ဆိုသည်၊ ဆဲသည်။ ထို့ကြောင့် ယောကျ်ားသည် သဝန်ကြောင်တတ်သောကြောင့် အိမ်ထောင်ပြုလိုသော စိတ်ကို တပည့်တော်မသည် ချုပ်တည်းထားပါသည် ဘုရား"

"အင်း"

"ယောကျ်ားသည် တစ်နည်းတုံ လင်သည် အလိုရမှုကိစ္စပြင်းပြသဖြင့် မိန်းမရှာဖွေရသော ပစ္စည်းကိုလည်းကောင်း၊ အမွေအနှစ် အခြားသောနည်းတို့ဖြင့်ရသော ပစ္စည်းကိုလည်းကောင်း မိန်းမသည် မိမိအား အသိပေးစေလိုသည်။ ထိုပစ္စည်းတို့ကို ယောကျ်ားသည် သူမ သိဘဲနှင့်



တခြားသူများအား မိန်းမဖြစ်သူက မပေးစေလို၊ ပေးကမ်းခြင်းကို မနှစ်သက်၊ အလွန်ဝန်တိုတတ်ပါသည်။ စဉ်းလဲခြင်းလည်းများ ပါသည်။ သူသည် ကာမမေထုန်ကိုသာ အပိုင်ပြုရုံမက မောင်ပိုင်ပြု၍ မိန်းမ၏ပစ္စည်းကိုလည်း ပိုင်စိုးပိုင်နင်းဖြင့် လက်ဝါးကြီးအုပ်လိုပါသည်။ ယောကျ်ားသည် မိန်းမ၏အပေါ်၌ ထိုသို့မအုပ်ရသော် ရန်သူသဖွယ် ကျင့်ကြံတတ်ရုံမျှမက အငယ်၊ အမြှောင်ထားသည်ဟုပင် ယုတ်မာညစ်ညမ်းသောအပြောအဆိုတို့နှင့် ကြူးလွန်စော်ကားတတ်ပါသည်။ ထို့ကြောင့် ယောကျ်ားသည် မိန်းမ၏ရန်သူဖြစ်၍ အိမ်ထောင်မှုကို ထိတ်လန့်မိပါသည်ဘုရား"

"အင်း...နင်အတော်ပင် စကားတန်ဆာဆင်နိုင်ပါတကား"

"ကျေးဇူးတော်ရှင် ဆရာတော်ဘုရား"

"ဆိုစမ်း"

"အိမ်ထောင်ရှင်မိန်းမသည် နေရာတကာမှာ မိမိ၏လင်ယောကျ်ားကို အသိပေးနိုင်ရန်ခဲခက်ပါသည်။ တစ်ခါတစ်ရံ မိမိ၏သဘောအလျောက် မိဘအားသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့အားသော်လည်းကောင်း၊ မိတ်ဆွေအားသော်လည်းကောင်း ပေးကမ်းမိအံ့၊ အလှူခံတို့အား လှူမိအံ့။ ၎င်းကိုသိသည်ရှိသော် ဟယ်သူခိုးမ၊ သူယုတ်မ၊ မိစဉ်းလဲဟု ဆဲရေးဆိုမြည် ပုတ်ခတ်ခြင်းကိုပင် ခံရတတ်ပါသည်။ ထို့ကြောင့်မိန်းမတို့၌ အိမ်ထောင့်ရှင်မဘဝသည် မလွတ်လပ် ဆုံးသော ဘဝဖြစ်၍ လုံးဝနှစ်သက်ဖွယ်မဟုတ်ပါဘုရား"

"အင်း နင်ကား ဉာဏ်ကျက်စားနိုင်သည်နှင့်အမျှ စကားတတ်လှပါတကား"

"ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၊ ဘုရားတပည့်တော်မသည် ဉာဏ်ကစား၍ စကားတတ်ခြင်းမဟုတ်ပါ။ သဘောကိုဆောင်ခြင်းမျှ

www.burmeseclassic.com

www.burmeseclassic.com



သာပါ ဘုရား၊ အိမ်ထောင်ရှင်မိန်းမသည် ပြည့်တန်ဆာမလောက်ပင် တန်ဖိုးမရှိရာရောက်ပါသည်။ အကြောင်းသော်ကား ဤသို့ပါ ဘုရား"

"ဆိုစမ်း"

"အိမ်ထောင်ရှင်မိန်းမ မည်သူမဆို မိမိသည် ကာမမေထုန် မှုဖြင့် ယောကျ်ားကို လုပ်ကျွေးရာ၌ ဒူးထောက်ကာ အရိုအသေပြု၍ ရိုသေစွာ ခယခြင်းဖြင့်လုပ်ကျွေးရပါသည်။ အကြင်ယောကျ်ား မည်သူမဆို ပြည့်တန်ဆာမထံ၌ ကာမမေထုန်ကို အလိုရှိအံ့ ထိုယောကျ်ား မည်သူမဆို ပြည့်တန်ဆာမထံ၌ ဒူးထောက်၍ ခယရ၏။ ပြည့်တန်ဆာမ၏ အလိုသို့ လိုက်လျောရ၏။ ပြည့်တန်ဆာမက တွဲ၍ ကလိုသော် ထိုသူမည်သူမဆို သည် မကတတ်သော်လည်း ပြည့်တန်ဆာမ သဘောကျအောင် ကြံဆောင်ကာ မကတတ် ကတတ်နှင့် ကရရှာ၏။ တစ်ခါတစ်ရံ ပြည့် တန်ဆာမက ကြည့်ချင်ပါသည်ဆိုသော် ထိုပြည့်တန်ဆာမထံ၌ ကာမ မေထုန်အလိုရှိသော မည်သူမဆိုသည် ပြည့်တန်ဆာမနှင့် ၎င်း၏ ကောင်မကလေး လက်ခုပ်တီး၍ ပါးစပ်ဗုံကြိုးတီးပေးရာ၌ မျောက်က သော်လည်းကောင်း၊ ဝံကသော်လည်းကောင်း ကကြရ၏။ ထိုသဘော ကြောင့် အိမ်ထောင်ရှင်မိန်းမသည် မိမိ၏လင်အပေါ်၌ ပြည့်တန်ဆာ မလောက်မျှ တန်ဖိုးမရှိနိုင်ပါတကား"

"ဟယ် မြဲအနှစ်၊ နင့်စကားဟာ မလွန်လွန်းပေဘူးလား"

"ကျေးဇူးတော်ရှင် ဆရာတော်အရှင်သူမြတ်ဘုရား၊ ဘုရားတပည့် တော်မ မိမြဲအနှစ်ဆိုသောစကားသည် ဓမ္မသတ်နှင့်အညီ လောက၏ သဘောအရမျှသာ ဆိုပါသည်ဘုရား။ အိမ်ထောင်ရှင်မဖြစ်သော မိန်းမ သည် မိမိကလက်ထပ်ရာတွင်ပါလာသောပစ္စည်းကို သော်လည်း ကောင်း၊ အခြားသောနည်းတို့ဖြင့်ရသောပစ္စည်းကိုသော်လည်ကောင်း လင်ဖြစ်သူအား အသိပေး၍ လင်သဘောကျမှသာ ထိုပစ္စည်းတို့ကို



ခွဲဝေပိုင်းခြားကာ အလိုရှိသည်ကို သုံးစွဲနိုင်၏။ ပြည့်တန်ဆာမသည် ကား မိမိ၏ပစ္စည်းများကို မိမိသဘောကျသလို ဖန်တီးကာသုံးစွဲနိုင် ၏။ ထိုသဘောကြောင့် အိမ်ထောင်ရှင်မိန်းမသည် ပြည့်တန်ဆာမ ထက်ပင် နိမ့်ကြရလေအောင် လင်ဆိုသော ယောကျ်ားသည် နှိမ့်ချရာ ရောက်နေပါသည်ဘုရား။ ထို့ကြောင့် အတတ်ပညာဉာဏ်ရှိသောမိန်းမ၊ ပစ္စည်း၊ ဥစ္စာ ကုံထံကြွယ်ဝသော မိန်းမ၊ မိမိ၏ဝမ်းစာကို မိမိရှာဖွေ စားသောက်နိုင်သော မိန်းမတို့သည် တစ်ခဏပန်းမျှ အရသာကိုပေါ် စေသော ကာမမေထုန်အတွက် မက်မက်မောမောနှင့် အိမ်ထောင်ပြုလို ခြင်းသည် အလွန့်အလွန် ထိတ်လန့်ထွေကြောက်စရာပါဘုရား"

"မြဲအနှစ်ရယ် ငါ့တပည့်ပီပီသသရှိလှပြီ၊ စကားတတ်လှပါ တကား။ ငါဒက္ခာရီတစ်ခု ဆောင်မည်"

"ဦးတည့်ရပ်ပါဘုရား"

"သာကေတမည်သော ရွာကလေးတစ်ရွာ၌ ရသေ့တစ်ပါး၏ တပည့်မကလေးဖြစ်သော နန္ဒီသည်ရှိ၏"

"တင်ပါ့ဘုရား"

"ထိုနန္ဒီသည် အလွန်အဆင်းလှ၏။ အတတ်ပညာရှိ၏။ လိမ္မာ ၏။ ထို့ကြောင့်ကောင်းသော ကျော်စောသတင်းရှိလေသည်။ ထိုအခါ သူဌေးသားတစ်ယောက်သည် လာရောက်၍ မိဘများထံ အသပြာနှံ၍ နန္ဒီကိုတောင်းဆိုလေတော့သည်"

"တင်ပါ့ဘုရား"

"နန္ဒီကား အတတ်ပညာဉာဏ်ဂုဏ်၊ အရုပ်အဆင်းဂုဏ်၊ လိမ္မာ သည်ဟူသော ဂုဏ်၊ တရားစီရင် ဆုံးဖြတ်နိုင်သည်ဟူသော ဂုဏ်တို့ ကြောင့် ထိုသူဌေးသားလာရောက်တောင်းဆိုသည်ကို သူ၏မိဘများနှင့် လာရောက်တောင်းဆိုသူများ တို့၏ရှေ့တွင် ဤသို့သော စကားဆိုလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်"

သူဌေးသည် သူ၏ပစ္စည်းအင်အားဂုဏ်ကို ကိုး၍ နန္ဒီကိုလာရောက်တောင်းဆိုချေပြီ။ ထိုသူဌေးသည် ပစ္စည်းဥစ္စာကိုမသိ၊ ပစ္စည်းဥစ္စာမည်သည် ခွဲကောင်းကောင်းနှင့်ဝီရိယ ရှိရှိ ရှာဖွေခြင်းဖြင့် အလိမ္မာသာဖြစ်သည်ကိုမသိ၊ မိနန္ဒီသည် ထိုသို့သော သူ၏သားကို ဝတ်ကြီးဝတ်ငယ်ပြု၍ ကာမဂုဏ်မေထုန်မှုဖြင့် လုပ်ကျွေးရာသလော၊ ရွှေငွေပစ္စည်းဥစ္စာဘဏ္ဍာ၊ ကျောက်သံပတ္တမြားများအပေါ်၌ နေ၍အိပ်ကာစောင့်နေရသော အဆိပ်ပြင်းထန်သည့်မြွေကို ပူဇော်ပသရာသလော"

နန္ဒီသည် ထိုသို့ဆို၍ သူ့ကိုတောင်းရန်လာသော သူတို့အား ပြုံးကာလွှတ်လေတော့သည်။ သူဌေးနှင့်ခမည်းခမက် ပြုလုပ်လိုသော နန္ဒီ၏မိဘတို့သည်ကား မျက်နှာမသာ ရှိရလေတော့ပြီ။

ထို့နောက် များမကြာမီပင် နန္ဒီ၏သတင်းကြောင့် သာကေတရွာကိုပိုင်သော ဘုရင်မင်းမြတ် သောမဒတ္တသည် နန္ဒီကိုတော်ကောက်သောသဘောနှင့် နန္ဒီ၏အိမ်တွင် ပန်းတုံးတိုင်၊ ရာဇမတ်များကိုစိုက်ထူကာ အစောင့်အနေထားရန် ဝတ်ဝန်မင်းအား လွှတ်ရာ နန္ဒီသည်ဆီး၍ "ဘသည် ဘာလဲ၊ ဘာလုပ်တာလဲ"ဟုမေးလေတော့ပြီ။

"တင်ပါ့"

ထိုအခါ ဝတ်ဝန်မင်းက "ငါသည် ဤတိုင်းပြည်မှ ဝတ်ဝန်မင်းဦးဗလတည်း၊ ဘုရင်မင်းမြတ်သည် သင့်အားတော်ကောက်လိုသည်ဖြစ်၍ သင့်အိမ်သို့အခြားယောကျ်ားတစ်ပါး မကျူးကျော်စေရန် ငါ သည်ဝန်းတုံးတိုင်စိုက်ခြင်း၊ ရာဇမတ်ကာရံ၍ အစောင့်အနေထားခြင်းကိုပြုသည်"ဟု ဆိုလတ်သော် နန္ဒီက မျက်နှာထားနှင့် "ဘ၊ သည်သို့ဆိုသော် ဘ၏ပန်းတုံးတိုင်ကို ပြန်နုတ်သွား၊ ရာဇမတ်များကို ဖြုတ်ပစ်၊ အစောင့်အနေများကိုပြန်သိမ်း"ဟု ကြောက်ပါးလိုလို ဆိုလေတော့ပြီ။



"တင်ပါ့"

ထိုအခါ ဝတ်ဝန်မင်းက "အလို အမိ၊ ဘုရင်မင်းမြတ်ကို မထီမဲ့မြင်ပြု၍ ဤသို့ဆိုရာသလော"ဟု ဆိုလေလျှင် နန္ဒီကလည်း ဤသို့ဆိုလေတော့သည်။ "ဘ၊ ဘ၏ ပြည့်ရှင်မင်းသည် ငါ အသက်ဦးဆံကိုပိုင်သော မင်းဟူ၍ သဘောမတူသော မိန်းကလေးတစ်ယောက်ကိုတော်ကောက်သိမ်းနိုင်သလော၊ သိမ်းရာသလော၊ သိမ်းထိုက်သလော၊ ဇွတ်ပြု၍ သိမ်းချေသော် ဘ၏ ပြည့်ရှင်မင်းသည် မင်းဆိုးမင်းညစ်၊ မင်းဖြစ်ကတတ်ဆန်းဖြစ်ရပေလိမ့်မည်၊ ဤသည်ကို သတိပြုပါ ဘ"

"တင်ပါ့"

နန္ဒီကလည်း ဆက်၍ဤသို့ဆိုပြန်တော့သည်။

"တင်ပါ့"

"နန္ဒီသည် အတတ်ပညာရှိသည်၊ လိမ္မာသည်၊ သဘင်ပြိုသည်၊ တရားစီရင်တတ်သည်၊ ကျင့်ဝတ်ကောင်းရှိသည်ဟု ဘုရင်မင်းမြတ်သည် တော်ကောက်သည်။ တော်ကောက်သောကြောင့် မိဖုရားတစ်ပါးဖြစ်ရမည်။ ချုပ်လိုက်သော်ထိုမိဖုရားသည် မယားများစွာရှိသော သူ့ထံတွင် မယားငယ်တစ်ယောက်ပင် မဟုတ်ပါသလော။ ပမာဆိုသော်ဒါနမှု၊ သီလမှုတို့ကိုပြုသဖြင့် အကြင်မိန်းမသည် နတ်မင်းကြီးထံ၌သေသော် မိဖုရားဖြစ်၏ဟု ပရိဗိုဇ်ဆရာက ဟော၏။ မှန်ခဲ့ပါလျှင်ထိုနတ်မင်းကြီး၌ အရင်က မိဖုရားကြီးရှိနှင့်၍ ထိုသူမသည် ဒါန၊ သီလမှုပြုခြင်းဖြင့် နတ်မင်းကြီး၏မယားငယ်ဖြစ်ရပေတော့ပြီ။ အရင်ရှိနှင့်ပြီးသော နတ်မိဖုရားကြီး၏ကျောက်စီခြေနင်းဖြင့် ပါးအား အတီးကိုခံရပေတော့မည်။ ထို့အတူ မိနန္ဒီသည် အတတ်ပညာရှိသောကြောင့်၊ လိမ္မာသောကြောင့်၊ကျင့်ဝတ်ကောင်းရှိသောကြောင့်၊ သဘင်ပြိုသောကြောင့်၊ တရားစီရင်တတ်သောကြောင့် မိဖုရားခေါင်ကြီး၏ ကျင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ရည်လူးသော ဖိနပ်နှင့်ပါးတီး မခံနိုင်ပါ။ ဘ၏ပန်းတုံးတိုင်၊ ရာဇမတ်များကို မပြုပါနှင့်၊ အဆောင့်အနေတို့ကို ချမထားပါနှင့်၊ ပြန်ရုပ်သိမ်းသွားပါ”

ထိုသို့နှင့်နန္ဒီသည် ဘုရင်မင်းမြတ်၏ တော်ကောက်ခြင်းကိုလည်း မခံချေ။ နန္ဒီနေသော သာကေတရွာကလေးနှင့်ပတ်ဝန်းကျင်သည်ကား အတတ်ပညာဉာဏ်နှင့်အလိမ္မာကိုမသိ၊ လူတစ်ယောက်၏တန်ဖိုးကိုမသိ။ ထိုသို့ဖြစ်နေ၍ အနည်းငယ်ကြာလတ်သော် အမူးသမားများကပင် နန္ဒီကို နှစ်လိုသောမျက်နှာနှင့် ရဲရဲကြီးကြည့်ကြ၏။ ညဥ့်အချိန် နန္ဒီ့အိမ်ရှေ့သို့ လျှောက်၍ နန္ဒီအား တေးချိတ်ကာဆိုခြင်းကို ခဏခဏပြုကြ၏။ နန္ဒီ့အိမ်ရှေ့လမ်းတွင် ယောကျ်ားများနှင့် အထူးစည်ကားကာရှိနေလေတော့ပြီ။ နန္ဒီ့ရပ်ကွက်ကလေးသည် လူ၏ဝါခေါင်၊ တော်သလင်း လကလေးပင်ဖြစ်နေလေတော့ပြီ။

ထိုအခါမှ နန္ဒီသည် မိန်းမတို့၏လှခြင်း၊ လိမ္မာခြင်း၊ အတတ်ပညာ ဉာဏ်ရှိခြင်းတို့သည် ကာမပိုင်ခင်ပွန်းယောကျ်ားမရှိပါက လူ့စင်စစ်သည် ခွေးမလေးသဖွယ်ဖြစ်လာ၍ ခွေးနှင့်တူသော ယောကျ်ားတို့သည် အိမ်ရှေ့လမ်းတွင် အူ၍၊ ဟိန်း၍၊ ဟောင်၍ ရှက်စဖွယ်ဖြစ်အောင် လူးလာခတ်နေကြပါကလား။ ဩော် ...ညစ်ညမ်းသော ကာမဂုဏ်၊ ထိုကာမဂုဏ်မှာ ပိုင်ရှင်ကောင်းလိုလှပါတကားဟု နောင်တရရှာလေသတည်း။

“ဘုရားတပည့်တော်မလည်း ဒက္ခာရီဆောင်ပါရစေဘုရား”

“အင်း...ကောင်းပြီ ဆောင်နိုင်သည်။ သို့သော် နင်ညောင်းပြီ၊ ညဥ့်အချိန်သော် ငါ့ရှေ့တွင် တက္ကသိုလ်မောင်မယ်အလယ်၌ နင်ဆောင်လိုသော ဒက္ခာရီကိုဆောင်လော့”

တက္ကသိုလ်မောင်မယ်တို့ကား တက္ကသိုလ်မြို့တက္ကသိုလ်ကျောင်း



တွင် သုံးနှစ်သုံးဝါ မိုးခိုကာ ပညာသင်ကြားကြပြီးဖြစ်သဖြင့် အချို့မှာ ချစ်သူချင်းခွဲရမှာကြောင့် မျက်ရည်ဝဲကာနှင့် ပြင်ဆင်ကြရ၏။ အချို့မှာ ပျော်ပျော်ပါးပါးနှင့် မိမိတို့၏ တိုင်းပြည်သို့ ပြန်ရတော့မည် ကို ဝမ်းပန်းတသာနှင့် ပြင်ဆင်ကြလေ၏။

ညအချိန် ကျရောက်သောအခါ တက္ကသိုလ်ဆရာကြီး၏ရှေ့ တက္ကသိုလ်မောင်မယ်တို့၏အလယ်တွင် မြအနှစ်သည် ဤသို့သော ဒက္ခာရီကိုပြောတော့၏။

“ဆရာတော် အရှင် ကျေးဇူးရှင်ဘုရား ...၊ ဘုရားတပည့်တော်မသည် ဤသို့သော ဒက္ခာရီကိုဆောင်ပါအံ့”

“ဒေဝဒတ္တမည်သောပြည်၌ ပဏ္ဍုသေနမည်သော မင်းသည် မင်းပြုကာ အုပ်စိုးပါသည်။ ထိုမင်းသည် တရားသဖြင့် အုပ်စိုးမင်းပြုတော်မူသည်၊ နယ်မချဲ့ဟု တစ်ရာသောမင်းတို့၏အလယ်တွင် ထင်ရှားကျော်ကြားလေသည်။

ဒေဝဒတ္တပြည် သာလိယဝမဇ္ဈဂုံး၌ သုကုမာမည်သော ရက်ကန်းသည်မကလေးသည် တက္ကသိုလ်မြို့ကပြန်၍ အတတ်ပညာဉာဏ်နှင့်ပြည့်စုံ၏။ ကျင့်ဝတ်ကောင်းနှင့်ပြည့်စုံ၍ လိမ္မာယဉ်ကျေး၏။ အရုပ်အဆင်းမှာ ထိုမဇ္ဈဂုံး၌ သူမတူ လှပ၏။ တစ်ရံတစ်ခါ တရားစီရင်ဆုံးဖြတ်ခြင်းကိုပြု၏။ ထို့ကြောင့် ထိုမဇ္ဈဂုံးတွင် သုကုမာသည် များစွာထင်ရှားသော အမျိုးသမီးကလေးဖြစ်နေပေတော့သည်။

ပဏ္ဍုသေနမင်းသည်လည်း ပညာရှိကို နှစ်သက်သောမင်းဖြစ်၍ သာလိယဝမဇ္ဈဂုံး၌ နှစ်ဆယ့်ငါးချက်သောပြဿနာတို့ကို တစ်ခုပြီးလျှင် တစ်ခု မေးတော်မူရာ သုကုမာသည်လည်း မေးသမျှသော ပြဿနာတို့ကို လွယ်လင့်တကူနှင့်ဖြေဆိုလေ၏။

ထိုသို့ဖြေဆိုသည်ကို ပဏ္ဍုသေနမင်းသည် အထောက်ထားသော

www.burmeseclassic.com

www.burmeseclassic.com



အမတ်တစ်ယောက်အားဖြင့် သုကုမာရက်ကန်းသည်မ ဖြေဆိုသည် ဟု သိရသောကြောင့် ပဏ္ဍုသေနမင်းသည် သုကုမာရက်ကန်းသည်မ ကို အလွန်နှစ်သက်လေသည်။ သို့သော် မင်းကြီးသည် အသံကြားအား ဖြင့်သာ နှစ်သက်နေ၍ သုကုမာကိုယ်တိုင်ကိုကား မမြင်ရဖူးချေ။

ထိုသို့နှင့် ပဏ္ဍုသေနမင်းကြီးသည် သာလိယဝမဇ္ဈဂုံးသို့ ဆင်တော်နှင့် ထွက်တော်မူလေရာ သုကုမာ ရက်ကန်းသည်မသည် အမျိုးသမီးများကိုခေါ်ဆောင်ကာ မင်းကြီးထွက်တော်မူလာသည်ကို ကြိုဆို၍ မြတ်လေးယန်း၊ စံပယ်ပန်းတို့နှင့် ကြဲဖြန့်ကာထုံစေ၏။

ထိုအခါ ပဏ္ဍုသေနမင်းကြီးသည် သုကုမာကိုမြင်လတ်သော် အလွန်နှစ်သက်ခြင်းသည်ဖြစ်၍ ဆင်ပေါ်က ထိုးကျလုမတတ်ဖြစ်သဖြင့် ထီးတော်မိုးသည် တွဲမှီထားရလေ၏။ မင်းကြီးလည်း ဆင်တော်ကိုရပ်၍ ဤသတို့သမီးကား မည်သူနည်းဟုမေးလေရာ အရပ်သွေးစည်းကြီးများက "အရှင်ဘုရား...၊ ဤသတို့သမီးငယ်ကား အရှင်မင်းကြီး တစ်ခုပြီးတစ်ခု ထပ်မနားမေးတော်မူသော ပြဿနာနှစ်ဆယ့်ငါးချက်ကိုလွယ်လွယ်ကလေးနှင့် ဖြေဆိုသော သတို့သမီး သုကုမာ ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားကြလေ၏။

ထိုသို့အရပ်သွေးစည်းများ လျှောက်တင်သည်ကို မင်းကြီးသည် ကြားလတ်သော် "အိုဘယ့် သုကုမာ၊ သင့်မှာ ကာမပိုင်အရှင်ရှိသလော' ဟုမေးတော်မူ၏။ သုကုမာလည်း ပြုံးကြည်သောမျက်နှာနှင့် "ရှေဘုန်းတော်အရှင်ဘုရား သုကုမာသည် အပျိုအစစ်နှင့်သာတည်ကြောင်းပါဘုရား" ဟုဖြေဆိုလေသည်။ သုကုမာသည် တက္ကသိုလ်ပြန်အတတ်ပညာနှင့် ပြည့်စုံသော မယ်တစ်ယောက်ဖြစ်၍သော်သာ ဘုရင်မင်းမြတ်နှင့်စကားပြောရသည်ဟူသော ဂုဏ်ကို မွန်မြတ်သည်ထင်၍ ပြည့်တန်ဆာမ၏ပြုံးကြည်သောမျက်နှာကို ခဏငုံးကာ ထားလိုက်လေဟန်ရှိ



လေသည်။

"ဟယ့် မြအနှစ်ရယ်၊ နင့်စကားက လွန်လွန်းလှပါကလား"

"ဂုဏ်ကြီးမြင့်သူကိုမြင်သော် ပြည့်တန်ဆာမသည်၊ မိန်းမရွှင်မသည်၊ မိန်းမတန်သည်၊ ပိုင်းတာမသည် ပြုံးကြည်၍ ချိုသောမျက်နှာနှင့်ပျိုနေသည်ဟု သျှတ္တရနီတိက ဆိုနေ၍ပါဘုရား"

"ကိုင်း . . .ကိုင်း . . .ကိုင်း . . .နင့်ဒဏ္ဍာရီကို ဆက်ပြော"

"သုကုမာသည် ငါမင်းကြီးနှင့်စကားဆိုရသည်ဟု ချွေးမြီးကောက်မကလေး၏ ဝမ်းသာမှုမျိုးနှင့်ခေါင်းကိုမော့ကာ ဝမ်းသာလျက်လည်း ရှိလေတော့ပြီ"

"ဟယ် မြအနှစ်"

"စိတ်ကို ပြုပြင်ခွဲစိတ်ရေးဆရာက ယောင်တတ်သော၊ ဟိန်းတတ်သော၊ ကိုက်တတ်သော ခွေးမြီးကောက်မကလေးသည် ခံ့ညားထည်ဝါသော လူတစ်ယောက်က လက်ဖြောက်တီးသည်ရှိသော် ခေါင်းကိုမော့၍ အမြီးနှံ့ကာနေဘိသကဲ့သို့ ဂုဏ်ကို ငမ်း၍ ထင်ပေါ်မှုကိုလိုသောသူတို့သည် ဂုဏ်ကြီးသူ၏နှုတ်ဆက်ခြင်းကိုရလတ်သော် ဝမ်းသာအားရနှင့်အူရွှင်ကာ အလိုလိုသူ့အလိုသို့ဖြည့်ချင်သော သဘောသည် ပါလာတတ်သည်ဟုဆို၍ပါ ဘုရား"

"အင်းဆက်ဆို"

ပဏ္ဍုသေနမင်းသည်ကား တရားနှင့်ပြည့်စုံသော မင်းဖြစ်၍ သုကုမအား "အဘယ်လုံမငယ် သင်၌ ပန်းဦးလွှတ်ပါမည်ဟု လူတစ်ယောက်ထံတွင် စကားလွန်ထားခြင်းရှိသလော၊ လုံမငယ်၏မိဘတို့သည် အချင်းချင်းသားပေးသမီးပေး ကတိစကားရှိနေသလော၊ လုံမငယ်၏ စိတ်၌ ဤမည်သော သတို့သားထံ ငါမေတ္တာကမ်းရန်ဟု သဘောညီထားခြင်းရှိသလော" ဟုမေးတော်မူပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုကုမာသည် ကြည်သောမျက်နှာနှင့်တည်ပြီးသော် ဤသို့တာလေတော့၏။

"ရွှေဘုန်းတော်ရှင်ဘုရား . . .၊ ကျေးတော်မျိုးမ၌ အလုံးစုံသန့်စင်သော အပျိုစင်ရတနာပါဘုရား"

မင်းကြီးလည်း အလွန့်အလွန်သဘောကျတော်မူ၍ "အဘယ်လုံမငယ်၊ သင့်အားငါတော်ကောက်တော်မူပြီ" ဟုမိန့်တော်မူလေရာ သုကုမာလည်း သဘောတူသောအားဖြင့် ဆိတ်ဆိတ်နေလေ၏။

မိန်းမတို့မည်သည်ကား အတတ်ပညာရှိတုံလျက် အတတ်ပညာသည် ငါ၏ကြင်လျာတော်တည်းဟု အားမကိုး၊ ဥစ္စာစည်းစိမ် အလုပ်အကိုင်ရှိတုံလျက် ထိုဥစ္စာစည်းစိမ် အလုပ်အကိုင်သည် ငါ၏ကြင်ဘက်သော်တည်းဟု အမှီသဟဲမပြု၊ ကာမမေထုန်၏အုပ်စိုးမှုကို မတွန်းလှန်ဘဲ ဂုဏ်ကြီးမှုထင်ရှားမှုတို့ကို မက်မောသဖြင့် သူ့ကျွန်ဖြစ်ရမည်ကို သတိမပြုနိုင်ဘဲ ကြင်ဖက်ခင်ပွန်းရှာတတ်လေသည်။

ထိုသို့နှင့် ပဏ္ဍုသေနမင်းကြီးသည် သုကုမာကို မိဖုရားတစ်ပါးအဖြစ်နှင့်တင်မြှောက်လေတော့သည်။ သုကုမာသည်ကား ပညာရှိတုံလျက် ကာမဂုဏ်၏ သွေးဆောင်ရာ နောက်သို့ ကောက်ကောက်ပါ၍ သွားလေရကား ငါသည် ရက်ကန်းသည်မဘဝမှ မိဖုရားဖြစ်ရလေတော့ပြီဟု အလွန်ဝမ်းသာအားရရှိလေတော့ပြီ။

မင်းကြီးသည်လည်း သုကုမာကို အထူးပြုကာ မြတ်နိုးနှစ်သက်လေတော့ပြီ။ ထိုသို့ရှိရာ သုကုမာ၌ သားတော်ကလေးတစ်ပါးဖွားမြင်တော်မူ၍ မင်းကြီးသည် အလွန်နှစ်သက်လေတော့သည်။

ထိုသို့နှစ်သက်သည်ကို မိဖုရားခေါင်ကြီးသည် မနာလိုဝန်တိုလေတော့ပြီ။ ထို့ကြောင့် တစ်နေ့သ၌တွင် မိဖုရားခေါင်ကြီးသည် မင်းကြီးအား ဤသို့တင်လေ၏။ "အရှင်မင်းကြီး၊ နန်းတော်တိုင်ကို မည်သည့်



သစ်သားတို့နှင့် ပြုလုပ်ပါသနည်း"ဟုမေးလေရာ မင်းကြီးလည်း "ခေါင်ကြီး၊ နန်းတော်တိုင်ကို ပျဉ်းကတိုးသား၊ သစ်ရာ၊ အင်ကြင်းသားတို့နှင့် ပြုလုပ်ချေပြီ" ဟု မိန့်တော်မူသဖြင့် မိဖုရားခေါင်ကြီးလည်း "ကိုယ်တော်ဘုရား၊ အလွန်ချော၍ အခက်အလက်တို့နှင့် စိမ်းလန်းမှုညွန့်ဝေကာရှိသော လက်ပံသားကို နန်းတော်တိုင် အဘယ်ကြောင့်လက်သမားကျော်တို့သည် မပြုမလုပ်ပါသနည်း" ဟုလျှောက်မေးတော်မူလေသည်။

ထိုအခါမင်းကြီးသည် မိဖုရားကြီး၏စကားကို ရိပ်မိနားလည်သဖြင့် "အဘယ်မိဖုရားကြီး၊ သုကုမာမိဖုရား၌ အဘယ်အပြစ်ရှိသနည်း" ဟုမေးတော်မူလေ၏။ ထိုအခါ မိဖုရားကြီးက ဤသို့တင်လျှောက်လေ၏။

"အရှင်မင်းကြီး၊ သုကုမာကို ဘုရားမိမိသည် တစ်စုံတစ်ရာအပြစ်မဆို၊ သုကုမာ၌ တစ်စုံတစ်ရာ အပြစ်ရှိစေကာမူ ဘုရားမိမိသည် မင်းမျိုးပီသသည့်အတိုင်း သူ့အပြစ်ကိုမပြောနိုင်။ ပြောခြင်းဖြင့် မြတ်သောမင်းသမီးအဖြစ်၊ တစ်နည်းတုံ မင်းမျိုးအဖြစ်ကို မရှုတ်ချနိုင်။ ကိုယ်တော်သည် ကာမဂုဏ်၌ ငမ်းခြင်းဖြင့် သတိတော်ကို မချို့ငဲ့ရာ၊ သုကုမာသည် တစ်လတစ်ကြိမ်မန္တဂုံးသို့သွားသည်။ အဘယ်ကြောင့် သွားသနည်း။ သာလိယဝမန္တဂုံးသည် ရွှေမြို့တော်ထက်သာယာ၍ ပျော်စရာကောင်းသလော၊ ချင်း၏အိမ်သည် ရွှေနန်းတော်ထက် တင့်တယ်လှပသာယာပါသလော။ ချင်းသည် အဘယ်ကြောင့်သာ လိယဝမန္တဂုံးသို့သွားရသနည်း။ သားမွေးရန် ဝမ်းနာ၍ပင် အလူးအလဲ မန္တဂုံးက ပြေးလာရသည်။ ထိုအကြောင်းကို မင်းကြီးသည်ချင်းအား မေးတော်မူမှနှင့် သဘောထားသေးရာ ရောက်ပါမည်"

မင်းကြီးသည် မိဖုရားကြီး၏ ထိုစကားကို ငေးမှိုင်ကာ နေလေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မိဖုရားကြီးလည်း ဆက်၍ ဤသို့တင်လေတော့ပြီ။

"အရှင်မင်းကြီး၊ ရှေးသူမတို့ ဩဝါဒစကားရှိထားပါသည်။ တောကောင်အရုပ်ထဲဝင်သော် အရုပ်ဘေးသင့်တတ်ပါသည်တဲ့၊ ရောနှောခြင်းသည် အစစ်၌ အရည်လျော့ပါသတဲ့။ ယခုတောကောင်တည်းဟူသော မဇ္ဈဂုံးသူ ရက်ကန်းသည်မသည် နန်းတော်ပေါ်သို့ ရောက်လာချေပြီ။ ချင်းမှာ သားကလေးတစ်ယောက်ရချေပြီ။ မင်းသွေးဖြစ်၏။ ထိုသွေးကို အဘယ်မည်သော အရည်နှင့်ရောတုံဘိသနည်း။ နောင်အရေးကို တွေးတော၍ မဝံ့အောင်ရှိချေပြီ။ မထင်ဘူးဟုဆင်ခြင်ကာ အထူးသဘောပြုထားပါသော်လည်း မိဖုရားခေါင်ကြီးဖြစ်ချေသောကြောင့် ဝတ္တရားအရ လျှောက်ထားရပါသည်"

"ဩော် မင်းမျိုး၊ အဖိုးတန်လှပါတကား"

မင်းကြီးကား အလွန်တုန်လှုပ်လေတော့ပြီ။ သို့သော် မိမိသည် တရားမင်းဟု ထင်ရှားနေပါလျက် ရက်ဖွယ်သောအမှုကို မပြုစကောင်းဟု သတိထားပြီးသော် ပုရောဟိတ်နှင့်ကျိတ်ကာတိုင်ပင်လေတော့ပြီ။

ပုရောဟိတ်သည်ကား ဉာဏ်ကျယ်၏။ ပညာရှိတို့သည် လောကမှာ ယစ်ပူဇော်တတ်သောသူထက် ကြောက်ဖွယ်ကောင်းသော၊ လှည့်ဖြားတတ်သော သူမည်သည် မရှိဟု ဆိုသည်နှင့်အညီ ပုရောဟိတ်သည် သုကုမာမိဖုရား၏ အဆောင်တော်သို့ အခစားဝင်၍ ဤသို့တင်လေ၏။

"ရှင်မိဖုရား သားတော်ကလေးကို ချစ်ပါ၏လော၊ ထိုအခါ မိဖုရားသုကုမာလည်း "ဘိုးဘိုး၊ မိမိ၏ရင်သွေးတော်ကို အဘယ်မှာ မချစ်ဘဲရှိပါတုံအံ့နည်း" ဟုဆို၏။ ပုရောဟိတ်လည်း ထိုအခါမှ အရှင်မိဖုရား၏ သားတော်ကလေးမှာ အခိုက်အတန့်ဇာတာတော် မသန့်ချေဟုတင်၍ မိဖုရား သုကုမာလည်း "ဘိုးဘိုး အဘယ်သို့ဆိုတုံပါသနည်း၊ သုကုမာလည်း ဗေဒင်ပညာကို တတ်ပါသည်။ သားတော်ကလေး



အတွက် ဂြိုဟ်စီးဂြိုဟ်နှင်းမကောင်းသည်ကို မမြင်မထင်ပါလား" ဟုဆိုလေ၏။ ပုရောဟိတ်ကား ဉာဏ်ကျယ်၏။ အကြံဉာဏ်ဆန်းကြယ်၏။ ထို့ကြောင့် ဤသို့တင်ပြန်လေသည်။

"ရှင်မိဖုရား၊ ရှင်မိဖုရားကား သားဖွားအံ့သောငှာ ကမ္ဘဇလေ လွှပ်သဖြင့်ဝမ်းနာတော်မူနေချေပြီ။ ဖွားသည့်အချိန်မှာလည်း နက္ခတ်သဘောကို သတိမထားနိုင်ချေ။ ထို့ကြောင့် ရှင်မိဖုရား၏အမှတ်အသားဖြင့် နက္ခတ်သုံးလုံးကြွင်းကျန်ခဲ့သည်။ ပုရောဟိတ်သည်ကား မင်းသားမင်းသမီးတို့၏အရေး၌ အတိအကျဖြစ်ရအောင် အမြဲဂရုစိုက်ရမည့်တာဝန်နှင့်အညီ ကျင့်ဆောင်ရလေသည်။ ထို့ကြောင့် လျှောက်တင်ရပါသည်"

သုကုမာမိဖုရားကား ထိုစကားကိုယုံကြည်သဖြင့် "ဘိုးဘိုး၊ အဘယ်သို့သော ပြုရသတတ်နည်း" ဟုမေး၏။ ပုရောဟိတ်လည်း ဤသို့ တင်တော့၏။

"အရှင်မိဖုရား၊ ယတြာပြုသော သဘောနှင့် နေရာတော်ရင်း မဇ္ဈဂုံးသို့ရွှေ့၍ ခေါက်လခန့်စံနေတော်မူသင့်ပါသည်" ဟု တင်လေရာ သုကုမာမိဖုရားသည် သဘောရိုးထင်မှတ်၍ "ဘိုးဘိုး၊ မင်းကြီး အခွင့်ပြုတုံပါသလော" ဟု ညှိုးငယ်သော သဘောကိုပြလျက်ဆိုလေ၏။ ပုရောဟိတ်သည်ကား အကြံပိုင်လေပြီဖြစ်၍ "ဘုရင်မင်းမြတ်၏တာဝန်သည်ကား ဘိုးဘိုး၏တာဝန်ပေတည်း" ဟု လျှောက်တင်ကာ ပြန်လေတော့သည်။

ထိုသို့နှင့် သုကုမာမိဖုရားသည် သာလိယာဝမဇ္ဈဂုံးသို့ ပြန်၍ အိမ်တော်နှင့်စံနေလေ၏။ အစောင့်အနေတို့လည်း ထားရှိလေ၏။ သုကုမာသည် ထိုသို့စံနေတော်မူရာသို့ မင်းကြီးလည်း ခဏခဏရောက်တော်မူသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သုကုမာမိဖုရားသည် ထိုသို့နေရ၍ သုံးလခန့်ရှိသော် မင်းကြီးသည် သုကုမာမိဖုရားအထံသို့ ရောက်တော်မမူတော့ပေ။ အစောင့်အနေတို့ကိုလည်း ရုပ်သိမ်းတော်မူလေသည်။ ထို့နောက် မင်းကြီးထံက ဤသို့အမိန့်တော်မြွက်နှင့် အသပြာတစ်သောင်းသည် ရောက်လာလေတော့သည်။

"သုကုမာ၊ သင်ကား အဆင်းလှသလောက် သစ္စာမတည်။ ငါ၌သက်သေသက်ကဲ အစုံအလင်ရရှိထားပြီဖြစ်ချေသည်။ ငါ့သားတော်အရွယ်ရောက်က ငါ၏မြှင့်မြှောက်စားမည်။ တောထဲက ကြက်တူရွေးသည် သစ်ခေါင်းနှင့်သာ လျော်လေသည်"

ထို့ကြောင့် အတတ်ပညာ ဉာဏ်ရှိသော၊ တည်သောမိန်းမတို့၌ အိမ်ထောင်မှုသည် အလွန်ကြောက်စရာကောင်း၏။ အတတ်ပညာ ဉာဏ်နှင့်ပြည့်စုံ၍ တည်သော အမျိုးသမီးတို့သည် အောက်သို့ကြည့်သော် ခွေးကိုမွေ့ရာပေါ်သို့ ဆွဲတင်ရာရောက်မည်၊ အထက်သို့ကြည့်သော် မျက်စိထဲသို့ အမှိုက်ဝင်၍ မျက်ရည်ကျရမည်။ အဘယ်ကဲ့သို့လျှင် အိမ်ထောင်မှုသည်နှစ်သက်စရာနည်း။ ဤသည်တို့တွင် အစိုးတရအာဏာပိုင်တို့၏တော်ကောက်မှုသည် အလွန်တရာ ညစ်ပတ်ရှုပ်ထွေးသော ဝက်သိုက်၏အတွင်းသို့ ဆွဲသွင်းခြင်းမျှသာလျှင်ကတည်း။

ထိုအခါ တက္ကသိုလ် ဒီသာပါမောက္ခ ဆရာကြီးသည် တက္ကသိုလ်မောင်မယ်တို့၏အလယ်တွင် ဤသို့ဆိုလေ၏။

"ဟယ် မြအနှစ်၊ နင်ကား အတတ်ပညာကိုကစားနိုင်သော ဉာဏ်ရှင်ဖြစ်၍ များစွာသောဝါဒတို့နှင့် ဒဿနိကများကို အလိုရှိသလိုဆောင်နိုင်ပေသည်။ ထို့ကြောင့် နိုးနေသောသူကို နှိုးဖို့မလွယ်ကူချေ။ နင်၏နိမိတ္တကကို နင်လည်း ဆင်ခြင်မိပေလိမ့်မည်။ နင့်အား နောက်ဆုံး



နင့်မိခင်က ရေရှုတ်မြည်တမ်းသောအဲ့တာဆိပ်နှင့်ထင်ရှားသောနာ မည်ကိုပြုသော်ကား သင်၏အမည်သည် လောက၌ မဆိတ်နိုင်သ တတ်ကားရှိပေသေးစွတကား"

သဘောကား လူစုကွဲ . . .

နောက်တစ်နေ့၌ အတတ်ပညာကြွယ်သော မင်းသားကြီးတို့သည် မြအနှစ်ထံ ရောက်လာကြ၍ စကားအချီအချ ဤသို့ဖြစ်နေလေ၏။

"မမြ၊ မမြစကားက ကျွန်တော်တို့ရဲ့အပေါ်၌ နင့်လွန်းပါတယ်"

"မနင့်ပါ၊ သက်သက်သာသာ နုနုယဉ်ယဉ်နှင့် အားနာလှစွာနှင့်ငဲ့ညှာကာ ပြောခြင်းမျှသာပါ"

"သည်လိုသဘောထားမျိုး ကျွန်တော်တို့၌ မရှိသေးပါ"

"ဩော် . . .အခုတော့ မင်းသားဆိုပေမဲ့ မင်းမဖြစ်သေးဘူး၊ ကျောင်းတော်မောင်များမျှသာပါ။ မင်းဖြစ်တော့မှ မိမြအနှစ်ပြောသွားတာဟာ တို့အပေါ်၌ ပစ်တောင်းဒေယမဟုတ်၊ နည်းလှပါသေးတကားဟု သိတော်မူကြပါလိမ့်မယ်"

"မမြ မြင်ရသိရမှာပါပဲ"

"မမြင်မသိရပါစေနဲ့။ ဖွ...အမင်္ဂလာများကို မြင်ရရန်ထား၊ မကြားပါရစေနှင့်"

မင်းသားများသည် စိတ်မကောင်းကြသော မျက်နှာနှင့် နှုတ်ဆက်ကာ ပြန်ကြလေ။ ထိုအခါ မင်းသမီးကြီးသည် လာရောက်၍ ဤသို့စကားအချီအချဖြစ်နေလေ၏။

"မြရ၊ မြရဲ့စကားဟာ လွန်တယ်"

"ဩော် . . .ထိပ်ထားတို့ မင်းမိဖုရားဖြစ်ကြသောအခါ လယ်သူမလေး ပြောသွားတဲ့စကားများဟာ မှန်လှပါကလား...ဟု အောက်မေ့

www.burmeseclassic.com

www.burmeseclassic.com



တော်စရွကြရန်တောင်းပန်ပါတယ် ထိပ်ထားတို့"

"ဒါတော့ မြဟာ ပညာတတ် ညာဏ်ရှင်စကားတတ်လို့သာပြော နိုင်ပါတယ်"

"ထိပ်ထားတို့ "ဟင်းကိုသာ စေစားနိုင်တယ်၊ လင်ကို မစေနိုင်ဘူး" ဆိုတဲ့ စကားပုံအရှိသားပဲ၊ လင်ရေးနှင့်ပတ်သက်က ချစ်သူ့ သူငယ်ချင်းမရှိ၊ ဆိုတာပဲ"

"မြရယ်"

"ထိပ်ထားတို့ မိဖုရားများမှာတော့ မင်းမျိုးချင်းဆိုသော် သည်းခံနိုင်၍ အသည်မကလေးကို တော်တောက်သော် ပြည်မှောက်ရတော့မတိုင်း ကြောက်စရာ၊ လန့်စရာတွေ ပေါ်လာတာပဲ။ တိုင်းပြည်တစ်ပြည်၌ မတာရားဆုံး၊ မတော်မှန်မတည့်မတ်ဆုံးဟာ မင်းပိုင်း စိုးပိုင်းကချည်းပဲ။ မင်းပိုင်းစိုးပိုင်းက တော်မှန်တည့်မတ်ခဲ့သော် တိုင်းပြည်ဟာ အေးချမ်းသာယာလာတာပဲ"

မင်းသမီးကြီးတို့က မြအနှစ်ကို ချစ်စဖွယ်ပြုကာ နှုတ်ဆက်၍ ပြန်ကြလေ၏။

□

[ ၂ ]

ပုတ်ခန်းပြည်၊ ပရိမ္မပြည်၊ ပေါက္ကံပြည်၊ သလ္လာဝတီပြည်တို့မှ တက္ကသိုလ်ပြန်မောင်မယ်တစ်စုတို့သည် ပျော်ပျော်ပါးပါးနှင့် တက္ကသိုလ်ပြည်မှ ပြန်လာကြလေ၏။ ထိုအတွင်း မာလာယုပြည်မှ ထူးထူးချွန်ချွန် တက္ကသိုလ်သို့ရောက်လာသော မြအနှစ်တစ်ယောက်လည်းပါလာလေ၏။

မြအနှစ်နေသော ရွာမကြီးသည်ကား မြို့တစ်မျှစည်ကား၍ အိမ်စဉ် အိမ်ဆိုင်တန်းနှင့်တကွ အလွန်သာယာသော ရွာကြီးဖြစ်လေသည်။

ထိုတက္ကသိုလ်မောင်မယ်တို့သည် သုံးညအိပ်လွန်မြောက်ပြီးနောက် ရေမိုးသင့်ရာ တစ်ခုသောစခန်းတွင် နေ့နေရန် ချုပ်၍ သစ်ခက်တဲများကို တပျော်တပါးနှင့်ပြုကာနေကြလေ၏။

၎င်းတို့သည် ထမင်းများကို ချက်ပြုတ်စားသောက်ပြီးကြ၍ စကား များကိုပြောနေကြသောအခါ သလ္လာဝတီပြည်မှ မင်းသား၊ မင်းသမီးတို့၏လက်စွဲတော် ပေါက်ကျော်က ဤသို့စကားစတော့၏။

"တို့တော့ဗျား၊ ခုကပဲ မယ်မြအနှစ်ကိုတပ်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ ကိုပေါက်ကျော်"

"ထိပ်ထား မယ်မြထံမှာ ကျွန်တော်မျိုးကိုအိမ်တော်ဝန် ထားပါလို့ ပြောထားရမှာပဲ၊ ဒါပေမဲ့ ဘုရားတော့ မထူးနိုင်ဘူးလို့"

"ဦးလေးပေါက် ဘာပြောတာလဲ၊ ဦးလေးပေါက်ဟာ သိပ်ကိုစတာပဲ"

"ဦးလေးပေါက်က ကျောင်းတော်မှာ မယ်မြတူမကြီးကို တမင်ထမင်းကောင်း ဟင်းကောင်းနှင့် ကျွေးမွေးတာဟာ ဦးလေးပေါက်က တင်ကြိုပြီး လက်ဆောင်ထိုးထားတာ၊ အိမ်ရောက်ရင် မယ်ဆီးသီးဟော့ မင်းတော့ဝန်ကတော်ဖြစ်ရဦးမှာပဲလို့ လောကွတ်ပြုရမှာပဲ"

"ဦးလေးပေါက်နော်...ဦးလေးပေါက်၊ လယ်သူမထံမှာ ဘယ့်နှယ်အိမ်တော်ဖြစ်နိုင်ပါ့မလဲ၊ သိပ်ကို မဓော်တရော်ပြောတယ်"

"ကိုင်း...ကိုပေါက်ရယ် ပြောစမ်းပါဗျာ"

"ကျွန်တော်မျိုးက ဗေဒင်ကောင်းကောင်းတတ်ခဲ့ပါတယ် ကိုယ်တော်"

"ကိုင်း၊ ပြောစမ်းဗျာ"

"ဦးလေးပေါက် ရောက်တိရောက်ရာတွေကို တကတည်း"

"ပြောစမ်းပါရှင်"

"ထိပ်ထား၊ ကျောင်းတော်မှာ မယ်မြလေး တစ်ယောက်တည်း မြေတွေကို မှုန့်နေအောင်လုပ်၊ ဆန်ခါနှင့်ချကာပုံနေတယ်။ အင်း... ဘာလုပ်တာလဲလို့ ကြည့်နေမိပါတယ်"

"ဦးလေးပေါက်နော်၊ တွေ့ကရာတွေ ကျားကိုက်ကုန်မယ်"

"ပြောစမ်းပါ ကိုပေါက်"

"ကိုယ်တော်၊ အဲသည်မြေမှုန့်အပေါ်မှာ မတ်တတ်စုံရပ်ပြီးတော့ အသာဖယ်ကာ သူ့ခြေရာများကို သူကြည့်နေတယ်။ကျွန်တော်



မျိုးကလည်း နောက်က အသာချောင်းပြီးကြည့်နေတယ်၊ ပြီးတော့ ငါ့ခြေဖဝါးဟာ အတော်ခွက်နေတယ်။ ငါအတော့်ကို ချုပ်တည်းရမှာပဲလို့"

"ဦးလေးပေါက်၊ ဘာတွေလျှောက်ပြီး တောက်တီးတောက်တက်တွေကိုပြောရတာလဲ၊ ထုလိုက်မယ်"

"ကိုပေါက် ပြောသာပြော မထုရဘူး၊ မိနန်းတာ ကာထားမယ်"

"သည်တော့ ကျွန်တော်မျိုးကလည်း မနေနိုင်ဘူး၊ အူယားလှပြီး ဖျတ်ခနဲ ယိုအနားက စကြာနှင့်မြားကိုတော့ဆိုလိုက်ရင်ပဲ၊ မမြဟာ မြေပုံပေါ်က သူ့ခြေရာကိုဖျက်ပြီး ဦးလေးပေါက်၊ ဦးလေးပေါက်ကိုတော့ ကျွန်မ ထင်းစနှင့်ချမှာလို့ ပြောတယ်။ မမရယ်. . .၊ ခြေဖဝါးလယ်ခေါင်တည့်တည့်မှာ ထီးရိုးကြီးဟာ ထင်ထင်ရှားရှားကြီးတန်းလို့"

"ဦးလေးပေါက်၊ ဦးလေးပေါက်ဟာ ဘာတွေလျှောက်ပြောတာလဲ"

"မြင်တာကိုပြောတယ်လေ"

"မဟုတ်ဘူးလား မြရယ်"

"အစောကလည်း ဦးလေးပေါက်ဟာ နောက်တီနောက်တောက်တတ်တာကို အသိသားနှင့်"

"ကိုင်း...ဒါဖြင့် မြရယ်...၊ ခြေဖဝါးကိုပြစမ်းပါ"

"အို...ထိပ်ထားနန်းကလည်း မတော်တရော်"

"မမ၊ အခု ကျွန်တော်က ကျွန်တော့်တူမကြီးကို ဗေဒင်ဟောမလို့"

"ဦးလေးပေါက်နော်"

"ခု မှန်းမတည့်သေးဘူး၊ သုံးဖဝါးလိုသေးတယ်"

"ကိုင်း...ဟောပါ ကိုပေါက်"

"အိမ်ကိုရောက်တော့ သူဌေးသားတစ်ယောက်က လာပြီးစပ်ရမယ်၊ ဒါပေမဲ့ မြက ငေါက်လွှတ်မယ်။ နောက်အိမ်ရှေ့မင်းအတွက် ပန်းတုံး

www.burmeseclassic.com

www.burmeseclassic.com



တိုင်၊ ရာဇမတ်လာပြီးကာတော့ ဂုတ်ဝန်မင်းကိုပါးရိုက်လွှတ်မယ်"

"ဗေဒင်ဆရာရယ် ကြမ်းလှချည်လား"

"ကိုယ်တော် ဒါဟာ နနကလေးယောတာ၊ ဒါလေမဲ့ အမင်းမင်းတို့၏ အပူဇော်ခံရာ အထွတ်အထိပ်ဖြစ်ရမယ်တဲ့"

"ဦးလေးပေါက်က ကင်မွန်းချဉ်ရွက်သင်အောင်လို့ မြှောက်ပြောတာ၊ ယုံကြ"

ထိုသို့ပြောနေသည်တွင် ရသေ့တစ်ပါးသည် ရောက်လာ၏။ ၎င်းမှာ ကြာသပ်ိန်းအစည်းကြီးတစ်စည်းနှင့် မြကျောက်ပြားတစ်ပြားပါလာ၏။ ထိုအခါ မြအနှစ်လည်း အလွန်တည်သောမျက်နှာနှင့် ရသေ့ရှေ့ကိုမတိုးနှင့်၊ သည်အနားမှာနေဟု ဆို၏။ ရသေ့ကားမြအနှစ်ကို စိုက်ကြည့်နေ၏။ မင်းသား၊ မင်းသမီး အခြားမောင်မယ်တို့သည်လည်း အံ့အားသင့်ကာ ရှိနေကြလေ၏။ မြအနှစ်ကား အာဆောက်သံနှင့် "ဦးလေးပေါက်၊ ဦးလေးစံ၊ ကိုသော် လာကြလေ"

"ဘယ့်နယ်လဲ မယ်ကလေးရယ်၊ ရသေ့လာတာပဲ လှူဝံသာတဲ့အလိုက်လို့"

"လှူဝံလာတာ ဘာကိစ္စရှိသလဲ၊ ရသေ့လာလို့ ခက်တာပေါ့"

"ဩော် မိန်းကလေးရယ်၊ ရသေ့ဟာ သူတော်ကောင်းပါကလား"

"ဟုတ်တယ်၊ ရသေ့ဟာသူတော်ကောင်းပဲ၊ ကိန်းနေတဲ့ ညစ်ညစ်ညမ်းညမ်း ကာမဂုဏ်ဟာ သူတော်ကောင်းမဟုတ်ဘူး"

"ထိုင်မှ မထိုင်ရသေးဘူး၊ ဘာတွေကိုပြောနေသလဲ မယ်ကလေးရယ်"

"မထိုင်ရပါဘူး၊ ဘာကြောင့်သည် ကြာပန်းပွင့်တွေနှင့် သည်မြကျောက်ပြားကိုယူလာရသလဲ"

"တက္ကသိုလ်ပြန်များမို့ လက်ဆောင်ပေးမလို့"



"ဒါဟာ ရသေ့အလုပ်လား။ ပြန်ယူသွား၊ ချက်ချင်းပြန်သွား"

"အလိုတင်းလှပါကလား မယ်ကလေးရယ်"

"တင်းတယ် ပြန်ယူသွား၊ ကြာပန်းကို အနားမရောက်စေနှင့် ဦးလေးပေါက်။ ကိုသော်၊ ကိုကြဲလာလေ ဘာငေးနေသလဲ။ ရသေ့ရဲ့ပစ္စည်းများကိုချက်ချင်းပြန်ယူသွား။ ပြန်၊ မပြန်ရင် ဒါတွေကိုလုယူ ပြီး ချေမှုန်းပစ်လိုက်မယ်။ အနုထက် အဏုမြူလုပ်ပြီး ရသေ့ရဲ့တောကို မီးတိုက်ပစ်ခဲ့ရမလား၊ ကိုင်းအခုချက်ချင်းပြန်"

"မင်း လင်မရပါစေနှင့်"

"ဟုတ်တယ်၊ လင်လိုချင်နေတာကိုး"

"တက္ကသိုလ်ပြန်ပါကပဲ မလိုချင်ဘူးလား"

"ရသေ့လိုချင်တာလို့ ပြောနေတာပဲ၊ ကိုင်း ပြန်"

ရသေ့ကား လင်မရပါစေနှင့်ဟု ကျိန်ဆဲကာ မကြည်မသာနှင့် မြေကိုဖနှောင့်နှင့်ပေါက်ကာ ကြိမ်းပြီးသော်ပြန်သွားလေ၏။

"မြ ဘာလဲ၊ ပြောစမ်းပါဦး"

"ကိုယ်တော်ကြီးတို့ အဲဒါခက်တာပဲ"

"ဆိုစမ်းပါဦး၊ အင်္ဂလိပ်မှာအတတ်ကလည်း သိပ်မြန်တာကိုး"

"မသိချင်ပါနှင့်၊ ပြီး ပြီးတာပဲ"

"ဟာ ဟုတ်ရိုးလား၊ ပြောစမ်းပါဦး"

"ဒါဟာ သူတော်ကောင်းအကျင့်အကြံကို ကျင့်ကြံအားထုတ်နေတဲ့ ရသေ့အလုပ်လား"

"မဟုတ်ဘူး"

"သည်တော့ အကြောင်းရှိရမယ်။ သူယူလာတာက ကြာပန်းတွေ၊ ပြီးတော့ ပြဒါးရည်များစွာဝင်နေတဲ့ မြကျောက်ပြား"

"ဒါဟာ ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြကျောက်ပြားကို ကိုယ်တော်တို့ဝိုင်းပြီး ကြည့်နေကြတော့ မြကျောက်ပြားထဲမှာပါတဲ့အအေးအလွန်ဓာတ်ဟာ ကိုယ်တော်တို့ရဲ့ ခေါင်းထဲကို စူးဝင်လာရမယ်"

"ထားပါတော့"

"အဲဒီတော့ ညစာစားပြီးရင် ကိုယ်တော်တို့ ချက်ချင်းအိပ်ချင်ပြီး အိပ်ပျော်သွားရမယ်"

"အင်း ဆန်းတယ်"

"သိထားဖို့ကတော့ ကြာပန်းကိုယူပြီး လှတာနဲ့ပွေ့ပိုက်မွှေးတာနဲ့ နမ်းရှုံ့တော့ မအိပ်ချင်ဘူးပေါ့၊ မအိပ်ချင်တဲ့အပြင်၊ ညအချိန်မှာ ရသေ့ထံ စိတ်ရောက်ပြီး ရသေ့ရဲ့ ညှို့ခေါ်ရာကို မိန်းမတွေတစ်ပြုံကြီးရောက်သွားရမယ်"

"ဖြစ်နိုင်ပါ့မလား မမြရယ်"

"ဖြစ်နိုင်လို့ ရသေ့ကိုမောင်းထုတ်လိုက်တာပေါ့"

"သဘောကို အမိန့်ရှိစမ်းပါဦးဗျာ"

"ရသေ့သည် တစ်စုံစုံသော ကမ္မဋ္ဌာန်းကိုသော်လည်းကောင်း၊ ကသိုဏ်းကိုသော်လည်းကောင်း ပေါက်မြောက်အောင် ကျင့်ထားခြင်းကြောင့် စိတ်တန်ခိုးကို များစွာပိုင်နေပါသည်"

"ဟုတ်ကဲ့"

"သည်တော့ မြစိမ်းကျောက်ပြားထဲသို့ သူ၏ညှို့ဓာတ်ကို သွင်းထားတော့ပြီ။ ဥပမာဆိုသော် ရေသည်လေထဲမှာပါသော အညစ်အကြေးဓာတ်များကို စုပ်ယူ၍ လေကိုသန့်ရှင်းစေလေသည်။ ထို့ကြောင့်လူသေအနားမှာ သောင်ရေအိုးထားရသည်"

"ဟုတ်ကဲ့"

"မြစိမ်းကျောက်ပြားမှာ ရေဓာတ်ခိုင်ခိုင်လုံလုံ ပြဒါးရည်နှင့်ရောနှော ဝင်နေလေသည်။ ထိုမြစိမ်းကျောက်က ထိုရသေ့၏ထံတွင် ကိန်းအောင်းနေသော ငိုက်မြည်းတွေဝေစေတတ်သည့် ဓာတ်ကို သူ၏ညှို့ဓာတ်အားနှင့် သွင်းထားလေသည်။ ထို့ကြောင့် ကိုယ်တော်တို့သည် မြစိမ်းကျောက်ပြားအားဖြင့် အိပ်ကြရမည်"



"အင်း ဆန်းသဗျာ"

"မဆန်းပါ၊ သင်သောအတတ်ပညာမှာ အကြောင်းအကျိုးကို မရှာဘဲ ရအောင်သာ ကျက်နေသောကြောင့် ကိုယ်တော်တို့ ရုတ်တရက် မသိရခြင်းပါ"

"အင်း ကြာပန်းကိုဆိုပါ"

"ကြာပန်းအတွင်းသို့လည်း ၎င်း၏ညှို့ဓာတ်ကို သွင်းလေတော့ပြီ။ ကြာပန်း၏ဝတ်ရည်အိမ်တွင် ကာမဓာတ်များစွာ ပါနေပါသည်။ ထို့ကြောင့် ထိုကြာပန်းကို မွှေးသဖြင့် နမ်းရှုံ့ကြသူများမှာ ကိန်းအောင်းနေသော ကာမဓာတ်သည် မြူးလာ၍တိတ်ဆိတ်သော ညအချိန်တွင် ထိုရသေ့က သူ့ထံသို့ရောက်လာရအောင် ညှို့ခေါ်နိုင်လေသည်"

"အလိုလေး ညစ်ပတ်လှပါကလား"

"အလိုရမ္မက်၊ တုန်လှုပ်ခြင်း၊ ထောင်လွှားခြင်းတို့၏အလိုကို လိုက်စားနေသည့် ယောဂီသဘာဝလေ"

"ခုကော ကျွန်တော်တို့ကို မညှို့နိုင်ဘူးလား မြရယ်"

"သည်လိုလေ"

"ဆိုပါဦး"

"တက္ကသိုလ်ဆိုတာ အကြံနှင့်အလေ့အကျင့်ကို ပေါင်းသင်းဆက်ဆံမှုဖြင့် စုပေါင်းကာ သင်ကြားခံယူနေရပါသည်။ သည်တော့ ကျွန်မတို့၏ရှေ့ပိုင်း နဖူးပြင်အောက် ဦးနှောက်သည် အထပ်အရစ်ပေါင်းများစွာနှင့် ခိုင်မာနေပါသည်။ ထို့ကြောင့် ရသေ့က ညှို့ချင်တိုင်းမရနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူညှိနိုင်အောင် ရှေးဦးစွာ ဦးနှောက်၏အင်အားကိုဖျက်ဆီးရပါဦးမည်။ ထိုသဘောအရ ၎င်း၏မြကျောက်ပြားနှင့် ကြာပန်းများကို လာ၍လက်ဆောင်ပေးပါသည်။ ရသေ့ညစ်သည် အမျိုးသမီးများကို သူထံခေါ်ပြီးနောက် သူ့အားရသောအခါ လိုက်ပို့၍ အပြန်တွင် သူ၏မြကျောက်ပြားကို ပြန်ယူသွားပါမည်"

"အားလုံးကျွန်တော်တို့လူစုကို မမြကယ်လို့ပါလား၊ ကိုပေါက်ယောသော ဆေဒင်မှန်ပြီ"

"ဘာမှန်သလဲ ကိုယ်တော်"

"အမတ်မင်းတို့ရဲ့ အပူဇော်ခံရမယ်ဆိုတာ"

"ဒါဟာ ဦးလေးပေါက်က စောစောထပြီး ယာဂုကျိုအောင်လို့ မြှောက်တာပါ ကိုယ်တော်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တော့ အစ်မကြီးအရာမှာ ထားပြီးမှီခိုရမှာပဲ"

တက္ကသိုလ်ပြန် မောင်မယ်တစ်စုသည် ဆက်လက်ခရီးထွက်၍ နှစ်ရက်လွန်မြောက်သောနေ့တစ်နေ့၌ တစ်ခုသော ရေမိုးသင့်ရာနေရာတွင် စခန်းချရပ်နေရာ ဆူဖြိုးလှသော ဝက်တစ်ကောင်သည် အတင်းပြေးလာ၍ သစ်ပင်တစ်ခုကိုခေါင်းတိုက်သော် သေလေ၏။

ထိုအခါလူတစ်စုလည်း အရတော်စွဟု ထိုဝက်ကြီးကို ဖျက်ဆီးကာ စားသောက်ကြမည်ဟု ကိုင်ရန်ပြင်ဆင်ကြလေ၏။ ၎င်းကို မြအနှစ်သည် ဤသို့ဆို၏။

"နေပေစေ၊ သည်ဝက်သေကောင်ကို"

"ဟဲ ဘာဖြစ်သလဲ"

"ဘာကြောင့် သည်ဝက်ဟာ သည်မှာ သည်လိုလာပြီးသေရသလဲ၊ သည်ဝက်သေတာ မဆန်းဘူးလား"



'ဆန်းတော့ ဆန်းတာပဲ"

"ဆန်းရင် နေပေစေ၊ သူ့ကို မထိခိုက်ရင် အကောင်းဆုံးပဲ"

"မမြ ပြောပါဦးဗျာ"

"ကျွန်မတို့နံနက်စာစားသောက်ပြီးကြမှ အေးအေးဆေးဆေးပြောတာပေါ့ရှင်"

၎င်းတို့တစ်စုသည် ဝက်သေကောင်ကို သစ်တုံးပမာထား၍ ၎င်းတို့ဘာသာ ခရီးသွားသဘာဝအလျောက် ချက်ပြုတ်စားသောက်ကြပြီးသော် ပျော်ပါးစွာ စကားပြောဆိုနေကြလေ၏။

ထိုအခိုက်အတန့်၌ ခမောက် မစုတ်တစုတ်ကို ဆောင်း၍ ညစ်နွမ်းသော လွယ်အိတ်ကို လွယ်ပြီးလျှင် လူနှစ်ယောက်တို့သည် ရောက်လာ၏။ ဤသို့လည်း စကားဆိုနေကြလေ၏။

"အမောင် အမိတို့၊ ဘယ်က ဘယ်ကိုသွားကြမှာလဲ"

"ကျွန်မတို့ သွားချင်ရာကိုသွားကြမှာပါ၊ လာချင်တဲ့နေရာက လာတာပဲ"

"မိန်းကလေးရယ် စကားကောင်းကောင်းပြောရောပေါ့"

"ရှင်တို့ကမှ လူပီသစွာ ခရီးသွားကို မဆက်ဆံဘဲနဲ့၊ ဒါကြောင့် ဒီဝက်ကြီးဟာ တော်တို့စိမ်တဲ့အတိုင်း သေရရှာတာပေါ့"

"အမိငယ်စကားဟာ အတော်ပဲခက်နေတယ်"

"တော်တို့ရဲ့ ပြုမူပုံဟာလည်း တော်တော့်ကိုစဉ်းလဲလို့ ကြောက်စရာကောင်းတယ်၊ ဒါပေမဲ့ ကျွန်မတို့မကြောက်ပါဘူး"

"အမိတို့ လူစုရိုက်သတ်လို့ သေတာမဟုတ်လား"

"ဒဏ်ရာရှိသလားလို့ တော်တို့ ကြည့်ပါလား။ ဒီဝက်ဟာ ဘယ်က ဘယ်လိုသွားလို့ ကျုပ်တို့က ရိုက်သတ်ရမှာလဲ၊ ကိုင်းတော် သည်ဝက် ဟာ တော်တို့ရဲ့ဝက်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှစ်ယောက်တို့သည် မြအနှစ်ကို မျက်လုံးပြူး၍ ဝိုင်းကာ ကြည့်နေကြ၏။

"တော်တို့မျက်လုံးမျက်ဆန်ပြူးပြီး ဘာကျုပ်ကို ကြည့်နေကြတာလဲ၊ တော်တို့ သည်ဝက်သေကောင်ရဲ့အရှင်လား"

"ဘာကြောင့်မေးပါသလဲ"

"သိချင်လို့"

ထိုသူနှစ်ယောက်ကား မအူမလည်နှင့် ယောင်ပေပေလုပ်နေ၏။ မြအနှစ်လည်း စပ်ဆတ်ဆတ်ပြု၍ ဤသို့ဆို၏။

"တော်တို့ရဲ့ ဝက်သေကောင်ကို တော်တို့ယူသွား"

"အမိငယ်စကားဟာ တော်တော့်ကို ဘာကိုလုပ်ရမယ်လို့ မသိတဲ့စကားပဲ"

"ကျွန်မတို့က ရည်ရည်မွန်မွန်စကားပြောနေရမှာ မခက်ဘူးလား"

"ကျုပ်တို့က ဘာမဆက်ဆံသလဲ"

"ကိုယ့်လုပ်ပုံကိုင်ပုံကို ကိုယ်အသိသားနှင့်၊ ရှင်တို့ရဲ့ဝက်ကြီးကို ရှင်တို့ပြန်ယူသွား"

တက္ကသိုလ်မှပြန်လာကြသော မောင်မယ်တစ်စုတို့သည် မြအနှစ်နှင့်ထိုသူနှစ်ယောက် စကားပြောဆိုနေကြသည်ကို ရင်းဖျားတစ်စုံတစ်ရာမျှ နားမလည်ဘဲ အံ့အားသင့်နေကြလေ၏။

မြအနှစ်နှင့် ထိုသူနှစ်ယောက်သည်လည်း ဤသို့ စကားအချီအချပြောနေကြလေ၏။

"သည်ဝက်ကြီးဟာ အမိတို့ ချက်ပြုတ်စားသောက်ဖို့ သတ်ထားတာမဟုတ်လား"

"အလိုတော် ကျုပ်တို့ခရီးသွား၊ သူ့အသက်ကို သတ်ဖို့အဝေးကြီး။ တော်တို့ရဲ့ဝက်ကြီးဟာ ဘယ်လိုဒဏ်ရာနဲ့သေသလဲ ရှင်တို့ကြည့်ပါလား၊ အလကား သူ့ဘာသာသူလာပြီးသစ်ပင်ကို ခေါင်းဆိုက်သေတာ ပဲ"



"သူ့ဘာသာသေတယ်ဆိုတာ ယုတ္တိမရှိဘူး အမိရယ်"

"တော်တို့ အသိသားနဲ့ ဖွင့်ချရမလား။ ဘာသာတော့ ဘာသေမလဲ၊ တော်တို့စီမံလိုက်လို့ သေတာပေါ့။ ဝက်ကြီးဟာ ဝက်သိုးကြီးမဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

(ထိုခေတ်က အတတ်ပညာများသည် အလွန်ဆန်းကြယ်ပေသည်)

"ရှင်တို့ရဲ့ ဝက်သေကောင်ကို အေးအေးနဲ့ ယူသွားရင် တော်တို့မှာ လုပ်ငန်းတစ်ခုရပ်သွားမယ်၊ သို့မဟုတ်က ခန်းဆက်တွေ ပွင့် လာမယ်သိလား။ ဒါက ငုတ်ခန်းနိုင်ငံက မင်းသမီးနှင့်မင်းသား၊ ဒါတွေက ပရိမ္မပြည်၊ ပေါက္ကံပြည်၊ သလ္လာဝတီပြည်တို့က မင်းသားနှင့် မင်းသမီးများ၊ လက်စွဲတော်များ"

"ကိုင်းဗျာ၊ ဝက်သေကောင်ကို အယူလွှတ်လိုက်ပါ့မယ်"

"ကောင်းပြီ"

တက္ကသိုလ်ပြန်မောင်မယ်တစ်စုလည်း မြအနှစ်ကိုသာ အံ့သြကြ၍ ခေါင်းဆောင်မင်းသားကြီးသုံးပါးနှင့် မင်းသမီးများအနက် မင်းသမီးကြီးတစ်ပါးက "မမြရယ်၊ ဘယ်က လူများနှင့် ဘာတွေကိုပြောနေရတာလဲ" ဟု မေး၍ မြအနှစ်လည်း "သူတို့ရဲ့ဝက်သေကောင်ကို သူတို့ယူသွားပြီးမှ ပြောပြပါ့မယ်" ဟု ဆိုလေ၏။

လူလေးယောက်သည် မကြာမတင်မီ ဝက်သေကောင်ကြီးကို လာရောက်ကာ ထမ်းယူသွားကြလေ၏။ ထိုအခါ မင်းသားကြီးတစ်ပါးက ဤသို့ဆိုလေ၏။

"ကိုင်း မမြရယ်၊ ဘာများလဲ ပြောပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်၊ သူတို့စားနေကျ ကြောင်ဖားတွေ။ သည်ဝက်ကြီးကို ဒီမှာ လာသေအောင်လုပ်၊ သည်ကလူတွေ ဖျက်စား၊ သည်က ဖျက်စားတဲ့လူတွေကို ဝက်ခိုးယိုး၊ သူတို့ရဲ့ဝက်ကြီးဟာ ဝက်မျိုးကောင်း၊ သားစပ်ဖို့ထားတာဆိုကာ လျော်ကြေးများများရအောင်တောင်း"

"ကိုင်း...နားလည်ပြီဗျာ၊ ဝက်ကြီးသည်မှာ လာသေအောင် သူတို့ဘယ်လိုလုပ်သလဲ"

"အဲဒါက သည်လိုပါ"

"ဆိုစမ်းပါဦး"

"သည်ကို ကျွန်မတို့တစ်စုလာနေကြတော့ မြင်းပိန်တစ်စီးနှင့် မှော်ဆရာ့အဝတ်ကိုဝတ်ပြီး စီးသွားတဲ့ လူကိုမြင်လိုက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"သူဟာ အထောက်၊ သူ့အထက်က ဆရာကြီးရှိရဦးမယ်။ သူ့အထက်က ဆရာကြီးဟာ မှော်ပညာကို ကောင်းစွာတတ်လို့ ခြင်းကြားကိုလည်း ဝက်လုပ်ပြီးလွှတ်နိုင်တယ်။ ကျောက်ဖရုံသီးကိုလည်း ဝက်လုပ်ပြီး လွှတ်နိုင်တယ်"

"ဒါလောက် တတ်ပါ့မလား"

"သည့်ထက်တောင် သည်ပညာကိုလိုက်စားတဲ့လူများဟာ တတ်နိုင်ပါတယ်။ သို့သော် ဒါလို ပညာနှင့်လုပ်တာကို ထားလိုက်ပြီး ဝက်အစစ်ယူဆကြပါစို့"

"ဟုတ်ကဲ့"

"ဝက်အစစ်ကို ဆေးခြောက်ဆိမ်များများနှင့်ထိုးပေးလိုက်ရင် ဖြစ်စေ၊ အစာထဲမှာထည့်ကျွေးလိုက်ရင်ဖြစ်စေ ဝက်ကြီးဟာ ချက်ချင်း ကြောက်လာပြီး ဘာကိုမှမမြင်ဘဲ ဦးတည့်ရာကို အရမ်းပြေး၊ ရှေ့မှာ တစ်ခုခုနှင့်



ဘိုးမိတော့ သေတာပဲ။ သည်လိုညဏ်နှင့် သူတို့ရဲ့ဝက်သေကို သည်က လူတစ်စုက ဖျက်ဆီးစားသောက်တော့မှ သူတို့က ဝက်ခိုးယိုး စွပ်ဖို့ သူစွမ်းကောင်းနှစ်ယောက်က ရောက်လာကြပါတယ်"

"ဟုတ်ကဲ့"

"သည်ဝက်သေပုံဟာ သဘာဝနှင့်ဆန့်ကျင်တော့ စဉ်းစားရမယ်။ စဉ်းစားရင် ပေါ်လာရမှာပေါ့"

"ဒါထက်ဗျာ"

"ဆို ကိုယ်တော်"

"ခြင်းကြားကိုဖြစ်စေ၊ ကျောက်ဖရုံသီးကိုဖြစ်စေ လုပ်တယ်ဆိုတာတော့ ဖြစ်နိုင်ပါ့မလားဗျာ"

"ဖြစ်နိုင်လို့ လောကကြီးမှာ မျက်လှည့်ဆရာကြီးများက လုပ်နေတာပေါ့"

"ဟာ ဘယ်လိုလုပ်မလဲဗျာ"

"ဒါတော့ ကျွန်မမှ မျက်လှည့်ကြီးအတတ်ကို မလိုက်စားတာဘဲ၊ ဘာသိမလဲ။ သို့သော်"

"ဆို"

"ပုပ္ပရွှမြင်မြင်သမျှတို့သည် မြူစိုင်တွေ၊ ၎င်းတို့ကို ချေပစ်လိုက်သော် မြူဖြစ်ကုန်တာပဲ"

"ဟုတ်ပြီ"

"ပြီးတော့ သူ့သဘောကို သူဆောင်တဲ့ ဓာတ်ကောင်တွေ၊ အားလုံး သတ္တဝါတွေဟာ မြူစိုင်နှင့်မြူစိုင်ထဲမှာ ဝင်ပြီးအောင်းနေတဲ့ ဓာတ်ရှ တွေချည်းပဲမဟုတ်လား"

"ဟုတ်ပြီ"

"အဲသည်တော့ မြူစိုင်တစ်ခုထဲမှာ ဝက်ရဲ့ဓာတ်သဘောကိုသွင်း၊

www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ကြီးအတတ်နှင့် ဝက်လုပ်ပြီးလွှတ်"

"ဩော်...သည်လိုကိုး"

"မှော်ဆရာဆိုတာ စိတ်အတတ်နှင့်ဓာတ်အတတ်ကို စုဆောင်းပြီး လောကမှာ ရှုံစရာ၊ စက်ဆုပ်စရာအလုပ်တွေကိုလုပ်နေတဲ့ သူတွေပါ"

× × ×

နောက်တစ်နေ့သော် ၎င်းတို့သည် ခရီးဆက်ကြလေရာ တိုင်းပြည် အသီးသီးမှ လွှတ်လိုက်သော အကြိုတော်များနှင့်တွေ့ကြ၍ ဝမ်းသာ အားရဖြစ်ကြလေကုန်၏။

မြအနှစ်ကို ပရိမ္မပြည်၊ ပေါက္ကုံပြည်တို့မှ အထူးပြုကာ ပင့်ချိုကြ သော်လည်း မြအနှစ်သည် မလိုက်မပါဘဲ သလ္လာဝတီမှ သူငယ်ချင်း များနှင့်လိုက်ပါသွား၍ သလ္လာဝတီပြည်တွင် မင်းသမီးကြီး သင်းထုံက ဖိတ်ခေါ်သော်လည်း အိုးသည်မ သမီးငွေနု၏ထံတွင် သုံးညတည်းခိုပြီး သော် မိမိရွာသို့ ပြန်သွားလေ၏။

မြအနှစ်သည် ၎င်း၏ရွာသို့ ရောက်သွားလေရာ တက္ကသိုလ်ပြန် တစ်ဦးပင်ဖြစ်သော်လည်း မိဘတို့၏အလုပ်ခွင်သို့ဝင်၍ လယ်သူမ အဖြစ်နှင့်လုပ်ကိုင်နေလေ၏။

လောက၌ အတတ်ပညာရှိသော်လည်း အတတ်ပညာရှိတိုင်း ထင်ပေါ်ကျော်စောခြင်း၊ ကောင်းစားခြင်းရှိရမည်ဟု မဆိုချေ။ ဘယ် အခါမဆို အရေးရှိမှ အရာပေါ်ရမြဲဖြစ်ချေသည်။ ထိုအရေးအရာသည် လည်း လူတစ်ယောက်၏သွားရာလမ်းကို ဖန်တီးကာရှိနေပေသည်။

မြအနှစ်တို့၏ကျေးရွာမှာလည်း ကျေးရွာတို့၏သဘောအတိုင်း အမွေဝေခြမ်းမှု၊ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်မှု၊ လက်ရောက်မှု စသည်တို့သည် ဖြစ်ပေါ်လာရာ မြအနှစ်သည် ရုံးသို့ရောက်လျှင် ရုံးက



စားသဖြင့် နှစ်ဖက်သည် မွဲလုမတတ် ဖြစ်ကြရမည်။ ရုံးမည်သည် သူခိုးများ၊ အနုကြမ်းများစု၍ အလုပ်လုပ်နေရာဖြစ်သည်။ ကျွန်မတို့၏ မာလာယုပြည်၌ မတရားသဖြင့် ဖြစ်ပေါ်မှုသည် ရုံးများနှင့်မင်းမှုထမ်း တို့က ဆက်သွယ်ပြီးဖြစ်ပေါ်လာတာပဲ မဟုတ်ဘူးလား။ တိုင်းပြည် မှာ မတရားမှုဖြစ်ခြင်းသည် ရုံးများနှင့် မင်းမှုထမ်းတို့ကြောင့်ဟု တိတိ လင်းလင်း ရဲရဲရင့်ရင့်ပြောဆိုကာ အကြောင်းပြနေ၏။ ထို့ကြောင့် အမှုများသည် ရွာတွင်ပင်ကိစ္စပြီးငြိမ်း၍ မြအနှစ်သည် စီရင် ဆုံးဖြတ်ကာ အမှုသည်များ၏သဘောအရ ဆောင်ရွက်ပေးလေ၏။

ထို့ကြောင့် မြအနှစ်သည် ထင်ပေါ်ကျော်ကြားလာသော အမျိုး သမီးကလေးတစ်ယောက်ဖြစ်လာလေသည်။

ထိုသို့လျှင် မြအနှစ်သည် ထင်ပေါ်ကျော်စောသောကြောင့် ဘုံ ကိုင်းရွာမှ သူဌေးကြီးဦးသာဘောသည် သူကြွယ်ငါးဦးကို အခြံအရံပြု၍ ရွာလူကြီးလေးယောက်တို့နှင့် မြအနှစ်၏ အဖေဦးထော်၊ အမိ ဒေါ်ပုလုံး တို့ထံလာရောက်၍ မိမိ၏သား မောင်အောင်ကျော်ဖို့ မြအနှစ်ကို တောင်း ရမ်းရန် စကားစေ့စပ်ကြောင်းလမ်းလာလေ၏။

ထိုအခါ မြအနှစ်ကား သတို့သမီးပီသစွာ အိမ်တွင်း၌ အောင်း မနေဘဲ မိမိတို့၏အိမ်သို့ လာရောက်ကြသော လူကြီးများအား ကြည်လင် ရွှင်ပျသော မျက်နှာနှင့်သွက်လက်ဖျတ်လတ်စွာ ညှိခံလေ၏။

ဦးသာဘောလည်း မိမိ၏သား မောင်အောင်ကျော်အတွက် ဇနီး ကောင်းလိုသောကြောင့် လာရောက်ကာ စကားကမ်းလှမ်းကြောင်းကို ပြောလေ၏။ ထိုအခါ မြအနှစ်လည်း ကိုယ်တိုင် ဤသို့စကားပြောဆို လေ၏။

"ဘမှာ ပစ္စည်းဥစ္စာ မည်မျှချမ်းသာပါသလဲ ရှင်"

"မြေ လေးကုဋေဖိုး၊ ရွှေငွေဘဏ္ဍာပစ္စည်း လေးကုဋေထက်သာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်၍ရှိပါမည်"

"ဘဟာ မင်းသိ စိုးကြား မင်းပေါက်သူဌေးပါလား"

"ဟုတ်ပါတယ်၊ မာလာယုပြည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အသိအမှတ်ပြုထားသော သူဌေးကြီးပါ"

"ဘရဲ့သားနာမည် ဘယ်သူပါတဲ့လဲရှင်"

"မောင်အောင်ကျော်ပါ"

"ဘယ်လို အတတ်ပညာများ တတ်ပါသလဲရှင်"

"သမီး၊ အတတ်ပညာမည်သည် ဝမ်းစာအတွက် အလုပ်အကိုင်ရစေရန် သင်ကြားရပါသည်။ ဘ၏သားမှာကား သူ့အသက် ဆယ်သက်စား၍ မကုန်နိုင်သောကြောင့် အတတ်ပညာသင်ကြားရန်မလိုပါ"

"ဘရဲ့သား ကိုအောင်ကျော်ဟာ ဒါဖြင့် စာကိုတောင် မတတ်ဘူးပေါ့"

"သမီး၊ ယောကျ်ားကောင်းတို့မည်သည်၊ သူဌေးတို့မည်သည် စာ ရင်းတိုင်၊ စာရင်းကိုင်၊ စာရေး၊ ဝန်ထောက်စသည်တို့ကို ငှားထားနိုင်ခြင်းကြောင့် စာတတ်ရန်မလိုပါ"

"ကောင်းပါပြီရှင်၊ ရတနာရွှေမြေပေါ်၌ ပေါက်ရောက်သော ရွှေသစ်ပင်ကြီး၏အခေါင်းထဲမှာရှိသော ရွှေကျေးကလေးကို ကျွန်မ ရင်ခွင်ပိုက်၍ နှိုက်ကာ မမွေ့လိုပါရှင်"

ထိုသို့ပြောဆို၍ မြအနှစ်သည် တဘက်ကလေးကိုခေါင်းတင်ပြီးသော် ကိုင်းထဲသို့ ဆင်းသွားလေ၏။

ဒေါ်ပုလုံးသည်ကား မြအနှစ်သည် သာယာရှင်ကြည်စွာနှင့် ဖြီးလိမ်းဆင်သကာ ညှော်ခံသဖြင့် ငါကား သူဌေးကြီးတစ်ဦး၏ ခမည်းခမက်ဖြစ်ရတော့မည်ဟု ဝမ်းသာနေမိ၏။ယခုသော်ကား မြအနှစ်သည် သူဌေးကြီး ဦးသာဘောကို ပစ်ပစ်ခါခါပြော၍ ကျောခိုင်းသွားလေ



သောကြောင့် မြအနှစ်အပေါ်၌ စိတ်မချင့်မရဲရှိရုံမျှမက အလွန်စိတ်ဆိုးနေလေ၏။

သူဌေးဦးသာဘောသည်လည်း တုံ့၍ ပြန်သွားရလေ၏။

ထိုအခါမှ မြအနှစ်၏သတင်းသည် သာ၍ထင်ရှားကျော်ကြားသွားလေ၏။

ထိုအခါမှ ရွာသူရွာသားကြီးငယ်၊ ရွယ်ရွယ်လတ်လတ်၊ အပျိုအအို စသည်တို့သည်ကား မြအနှစ်သည် အိမ်ထောင်ပြု၍ အခြားရွာသား၏နောက်သို့လိုက်ပါသွားရရန်ကို မဆိုထားနှင့် မိမိတို့၏ ညီသည့် ရွာသားတစ်ယောက်ယောက်နှင့်မျှလည်း အိမ်ထောင်ပြုမည်ကို မနှစ်သက်ကြချေ။

အခါတစ်ပါးသော် မာလာယုပြည် ရွှေမြို့တော်၌ ဤသို့သော စာရေးတစ်ထုံးသည် ဖြစ်ပေါ်နေ၏။

မာလာယုပြည် တောင်ပြင်၌ သူဌေးကြီး ဦးချမ်းသာ၊ မြောက်ပြင်၌ သူဌေးကြီး ဦးကုံထံဟု ရှိ၏။ ၎င်းသူဌေးနှစ်ဦးသည် ကျိုကျိုတက်ချမ်းသာကာရှိကြလေ၏။ဦးချမ်းသာသည် ဦးကုံထံ၏ပစ္စည်းတို့ကို လို၏။ ဦးချမ်းသာမှာ သားတစ်ယောက် ပေါက်ကြွယ်ဟုရှိ၏။ ဦးကုံထံမှာ သမီးတစ်ယောက်ပေါမယ်ဟု ရှိလေ၏။

ဦးချမ်းသာသည် သူ၏သားပေါက်ကြွယ်ကို ဦးကုံထံသမီး ပေါမယ်နှင့် ထိမ်းမြားလက်ထပ်ရန်သဘောတူ၍ စကားကြောင်းလမ်းလေ၏။ ဦးကုံထံကလည်း ဦးချမ်းသာ၏ပစ္စည်းတို့ကိုလိုသဖြင့် ကောင်းစွာသဘောတူထားလိုက်၏။ ထိုသို့စကားကြောင်းလမ်းသော အခါမှာလည်း ဝန်ကြီးများ၊ အခြားသူဌေးသူကြွယ်များတို့သည် ပါလေ၏။

ထိုသို့ သူဌေးနှစ်ဦး သဘောတူ စေ့စပ်ကြောင်းလမ်းထားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပေါက်ကြွယ်နှင့် ပေါမယ်တို့သည်ကား တစ်ယောက်နှင့်တစ်ယောက်ကို မသိကြချေ။ မြင်ဖူးခြင်းလည်း မရှိကြချေ။ သို့ရာတွင် ပေါက်ကြွယ်သည် မိမိနှင့်မြောက်ပြင်သူဌေးသမီး ပေါမယ်အား ထိမ်းမြားရန် စကားကြောင်းလမ်းထားသည်ကို သိ၏။ ပေါမယ်သည်လည်း ထို့အတူ သိရှိ၏။

ပေါက်ကြွယ်သည် ထိုသို့သော သဘောကြောင့် ပေါမယ်ထံ ထန်းဖူးလွှာတစ်ရွက်ကို ၎င်း၏လူယုံတစ်ယောက်အား အပို့လွှတ်၏။ ပေါမယ်ကလည်း ပေါက်ကြွယ်ထံ ထန်းဖူးလွှာတစ်ရွက်ကိုအပို့လွှတ်၏။

ထိုသို့အပို့လွှတ်သော လူနှစ်ယောက်သည် အရှေ့ပြင်ဇရပ်၌ တွေ့ဆုံကြ၍ အကြောင်းခြင်းတကို သိကြရလတ်သော် တစ်ယောက်၏လက်မှ တစ်ယောက်ထန်းဖူးလွှာကို လဲလှယ်ကာယူပြီးလျှင် ပြန်ကြလေ၏။

ပေါက်ကြွယ်သည် ပေါမယ်ထံမှ ဤသို့သော ထန်းဖူးလွှာကိုဖတ်ရလေ၏။

ကိုပေါက်ကြွယ်၊ ရှင်သည် ကျိကျိတက်ချမ်းသာသော သူဌေးသား တစ်ယောက်ပါ။ ထို့ကြောင့် အခြားသင့်တော်ရာတွင် အမျိုးသမီး တစ် ယောက်ကိုရှာယူပါ။ ကျွန်မကား မိအို ဖအိုတို့အား လုပ်ကျွေးနေသူ ဆင်းရဲသားရေသည် မောင်မြောက်ကို မြှောက်စားသောအားဖြင့် ကောက်ယူပါမည်ဟု အကြိုက်စိုက်ထား၍ အချစ်ပွားရပါတော့မည်။

ပေါက်ကြွယ်သည် ထိုသိုသော ပေါမယ်၏ ထန်းဖူးလွှာကို အလွန် သဘောကျလေ၏။

ပေါမယ်သည်လည်း ပေါက်ကြွယ်ထံမှ ဤသို့သော ထန်းဖူးလွှာကိုဖတ်ရလေ၏။



မပေါမယ်၊ ခင်ဗျားသည် အလွန်အလွန်ကြွယ်ဝသော သူဌေးသမီး တစ်ယောက်ပါ။ သူဌေးသားတစ်ယောက်ကို အိမ်ထောင်မပြုသင့်ပါ။ ကျွန်တော်ပေါက်ကြွယ်သည် မုန့်ရောင်းကာ မိဘမစွမ်းမသန်သူအား ကျွေးမွေးနေသည့် မယ်ခွေးကိုကောက်ယူပြီးလျှင် မြှောက်စားမြှင့်တင်တော့မည်ဟု စိတ်ပိုင်းဖြတ်ပြီးပါသည်။ ကျွန်တော့်ကို ခင်ဗျား မမျှော်လင့်ပါနှင့်...။

ထိုစာကို ပေါမယ်သည် သဘောကျ၏။ ကျေနပ်၏။ သူဌေးဦးချမ်းသာနှင့် သူဌေးဦးကုံထံတို့ကား သားနှင့်သမီးတို့ကို ထိမ်းမြားလက်ထပ်ရန် မင်္ဂလာရှိသော နေ့ကောင်းရက်သာကို ရွေး၍ ဘုရင်မင်းမြတ်၏ ထီးဖြူရုံတော်ကြီး၌ ကျင်းပရန်စီစဉ်ထား၏။ လူကြီးလူကောင်း သူဌေးသူကြွယ်၊ မင်းကြီးစိုးကြီး၊ ဝန်ကြီးများတို့နှင့် ဘုရင်မင်းမြတ်၊ အိမ်ရှေ့မင်းတို့ကိုပါ ဖိတ်မိထားကြလေ၏။

ထိုသို့ဖြစ်တုံသော်လည်း ပေါက်ကြွယ်သည် သူ့အဖေအား ပေါမယ်နှင့် လက်မထပ်လိုဟု အတိအလင်းငြင်းဆို၍သတ်မှတ်သော နေ့၌ လက်ထပ်အိမ်သို့ မတက်ရောက်ရန် ငြင်းဆိုနေလေတော့ပြီ။

ပေါမယ်ကလည်း ထို့အတူ လက်ထပ်အိမ်သို့ မလာမရောက်ရ ရန် ငြင်းဆိုနေလေတော့ပြီ။

ဦးချမ်းသာနှင့် ဦးကုံထံတို့သည် ထိုလက်ထပ်ပွဲ၌ သားနှင့် သမီးတို့ကို လက်မထပ်ရဘဲ ဦးချမ်းသာသည် ၎င်း၏သားအားလည်းကောင်း၊ ဦးကုံထံသည် ၎င်း၏သမီးအားလည်းကောင်း မိဘစကားကို နားမထောင်ဘဲ မိဘများကို အရှက်ရစေသောကြောင့် အမွေပြတ်ဟု ဝရိုသတ်ရှေ့တွင် ကြော်ငြာလိုက်ကြလေတော့သည်။

ထိုကိစ္စ၌ ထိုသို့သောသဘောနှင့်မပြီးမပြတ်သေး၊ ဦးချမ်းသာသည် ပေါက်ကြွယ်ကို အိမ်ထက်မှ နှင်ချလေ၏။ ဦးကုံထံသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါမယ်ကို အိမ်ထက်မှ နှင်ချလိုက်လေ၏။ ထို့ကြောင့် ပေါ်ကြွယ်သည် အိမ်မှထွက်ခွာလာ၏။ ပေါမယ်သည်လည်း အိမ်မှထွက်ခွာလာ၏။ ၎င်းတို့သည် အရှေ့ပြင်ဇရပ်၌ တွေ့ဆုံကြ၍ တစ်ယောက်နှင့်တစ်ယောက် သိကြပြီးသော် မိမိတို့၏အကြောင်းများကို ပြောကြ၍ ဤသို့ တိုင်ပင်ပြောဆိုနေကြလေ၏။

"ခင်ဗျား မိဘပြုမှုပုံကို ခင်ဗျား တရားတယ်လို့ ထင်သလား"

"ရှင့်မိဘ ပြုမှုပုံကိုကော"

"ကျွန်တော့်မိဘ ပြုမှုပုံကို ကျွန်တော်နည်းနည်းမှ တရားတယ် မထင်ပါ"

"ကျွန်မရဲ့မိဘက ပြုမှုပုံကိုလည်း ကျွန်မနည်းနည်းမှ တရားတယ် မထင်ပါ"

"ဒါဖြင့် သည်လိုပဲ ငုံ့ခံနေရမှာလားဗျာ"

"မခံလို့၊ ဘယ့်နှယ်လုပ်မလဲရှင်"

"ပညာရှိ ရှာမယ်ဗျာ"

"သဘောတူတယ်ရှင်"

× × ×

ပေါက်ကြွယ်နှင့်ပေါမယ်သည် ပညာရှိအရှာထွက်လာကြရာ လက်ပံစဉ်ရွာမကြီးသို့ရောက်၍ ရေဆိပ်၌ ထမင်းစားကြပြီးသော ကျည်းပင်ရိပ်၌ နားနေကြလေ၏။

ထိုခဏ၌ မြအနှစ်သည် အဖော် မိန်းကလေး သုံးယောက်တို့နှင့် ရေဆိပ်သို့လာ၍ ရေချိုးပြီးသော် အဝတ်လဲပြီး ခဏ၌ ကျည်းပင်ရိပ်တွင်နေသော ပေါက်ကြွယ်နှင့် ပေါမယ်ကို မြင်၍သွားရောက်ပြီးသော ဤသို့စကားဆိုနေလေ၏။



"ရှင်တို့ ခရီးသည်လား"

"ဟုတ်ပါတယ်"

"မောင်နှမလည်း မဟုတ်ပါဘူး"

"ဟုတ်ကဲ့"

"လင်မယားလည်း မဟုတ်ပါဘူး။ ရှင်လည်း လူပျို၊ ရှင်လည်း အပျိုပါ"

"မှန်ပါတယ်"

"ဆန်းသရှင်၊ ဘာကြောင့်လာကြသလဲ"

ပေါက်ကြွယ်သည် အကြောင်းကိုပြောဆိုလေ၏။ ထိုအခါ မြအနှစ်သည် ဤသို့ဆိုလေ၏။

"ရှင်တို့နှစ်ယောက် တော်လှန်လာတဲ့ လူနှစ်ယောက်ပေါ့"

"မတော်လှန်ရင် ခံနေရမှာလား ခင်ဗျာ"

"ခံနေရမယ်လို့ ကျွန်မက မဆိုပါဘူး၊ ဒါပေမဲ့ ရှင်တို့ရဲ့မိဘကို တော်လှန်လာခဲ့လို့ ခံနေရပြီမဟုတ်လား"

"ဒါကြောင့် ကျွန်မတို့ ပညာရှိ အရှာလာခဲ့ပါတယ်"

"ဪ"

"ကျွန်တော်တို့ တော်လှန်လာတာဟာ မှားသလား၊ မှန်သလား ခင်ဗျာ"

"ဒါတော့ ဆုံးဖြတ်လို့ ဘယ်မှာဖြစ်မှာလဲ။ ရှင်တို့ရဲ့ မိဘကို မေးရင် ရှင်တို့ကို မှားတယ်ဆိုမှာပေါ့၊ ရှင်တို့ကိုမေးရင် ရှင်တို့က မှန်တယ် ဆိုမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ ရှင်"

"မာလာယုပြည်မှာ တရားရုံးမရှိဘူးလား၊ ဘယ်သူက မှန်တယ် ဆိုတာကို တရားသူကြီးက ဆုံးဖြတ်ပြီးပေးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတရားစွဲရမယ်လို့ကို ကျွန်တော်တို့ မသိပါ"

"ကောင်းပြီလေ၊ ဒါဖြင့် ရှင်တို့ ကျွန်မရဲ့အိမ်ကို လိုက်ခဲ့ကြ"

"ကောင်းပါ့ ခင်ဗျာ"

"ဟုတ်ကဲ့ ရှင့်"

မြအနှစ်သည် ပေါက်ကြွယ်နှင့်ပေါမယ်ကို သူ၏အိမ် ခေါ်ဆောင်သွားလေ၏၊

မြအနှစ်သည် အိမ်သို့ရောက်ကာလ ဤသို့ပြောလေ၏။

"ရှင်တို့အား ကျွန်မ တရားစွဲဖို့လျှောက်လွှာတစ်စောင်စီ ရေးပေးလိုက်မယ်၊ ရွှေမြို့တော် တရားသူကြီးရုံးမှာစွဲ။ လက်မခံသော် လက်မခံဘူးဟု ရေးပေစေ၊ လွှတ်တော် တရားဌာနာချုပ်မှာစွဲ။ သို့မဟုတ် ရွှေမြို့တော်တရားသူကြီးက အထက်လွှတ်တော်ချုပ်သို့ လွှဲအပ်လိမ့်မယ်။ အထက်လွှတ်တော် တရားဝန်ကြီးများကမစီရင်သာသော် လက်ပံစဉ့်ရွာကလေးက တက္ကသိုလ်ပြန်မြအနှစ်ကို ပင့်ချီ၍ စီရင်ပါ စေဟုတင်ကြလေ"

"ဟုတ်ပါပြီမမလေးရယ်၊ မမလေး စီရင်ရရင် ဘယ်လိုစီရင်မှာလဲ"

"ရှင်တို့နှစ်ယောက်ကို ပေးစားလိုက်ရုံပေါ့"

"အို...အို"

"ရှင်တို့ ဘာအိုလဲ၊ ယောကျ်ားဆိုတာ မယားရတော့မှ ဟဲ့ . . . လူ့လောကဆိုတာ သိပ်ကိုနှစ်သက်စရာပါကလားလို့ အောက်မေ့သတဲ့။ မိန်းမဆိုတာလည်း လင်ရတော့မှ အလိုလေး . . .ငါ့ယောကျ်ားတော့ ငါ့နားက ဘယ်မှ မသွားရဘူး၊ လယ်သူမလုပ်ကာ ရွံ့ဗွက်ထဲဆင်းပြီး လုပ်ကျွေးမယ်တဲ့လို့ ဖြစ်လာတတ်တယ်"

"ဒါတော့ မမရယ်"

"ရှင်တို့ချင်း ချစ်ကြမှပါ"



"ကိုင်း... လျှောက်လွှာလျှောက်ရပုံကိုသာ"

"မာလာယုပြည် တောင်ပြင်သူဌေးကြီး ဦးချမ်းသာအား မောင်ပေါက်ကြွယ်လျှောက်ထားအစီရင်ခံပါသည် ဘုရား"

"ကျွန်တော်မျိုးသည် လူ၏တိုင်းပြည်က လူတစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်မျိုးသဘောမတူဘဲနှင့် မည်သူကမျှ အိမ်ထောင်ချပေးနိုင်ခွင့်မရှိပါ။ ကျွန်တော်မျိုး၏အိမ်ထောင်ရေးရာကိစ္စသည် ကျွန်တော်မျိုး၏သဘောအတိုင်းဖြစ်ရမှသာ ကျွန်တော်မျိုးမှာ လူတစ်ယောက်၏အခွင့်အရေးတည်တံ့နိုင်ဖို့ ရှိပါသည်"

"ကျွန်တော်မျိုး၏ဖခင်သည် ကျွန်တော်မျိုးက ၎င်းပေးစားသော မိန်းမကိုမယူခြင်းကြောင့် အိမ်ကနှင်ချပြီးသော် အမွေပြတ် ကြော်ငြာပါသည်"

"ကျွန်တော်မျိုးသည် အရွယ်ရောက်သည်ကစ၍ မိဘ၏ အလုပ်ခွင်သို့ဝင်၍ လုပ်ကိုင်ဆောင်ရွက်ပြီးသော် မိဘများမှာ ကုဋေရှိပြီးလျှင် ချမ်းသာကြပါသည်။ ထိုသို့ ချမ်းသာသောကြောင့် ကျွန်တော်မျိုး၏ ဖခင်မှာ သူဌေးဘွဲ့ကိုပင် ရပါသည်"

"ထို့ကြောင့် ကျွန်တော်မျိုးအား အိမ်က နှင်ချလိုက်ပြီဖြစ်ပါသောကြောင့် အမွေပြတ်ကြော်ငြာသည်ကို ရုပ်သိမ်း၍ ရသင့်ရထိုက်သည့် အမွေအနှစ်ကို ဆုံးဖြတ်ပေးတော်မူပါ ဘုရား . . ."

လျှောက်ထားသူ
ပေါက်ကြွယ်

× × ×

မာလာယုပြည် မြောက်ပြင်သူဌေးကြီး ဦးကုံထံသမီးမိပေါမယ် လျှောက်ထားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကျေးတော်မျိုးမသည် မာလာယု လူ့တိုင်းပြည်ကြီးမှ လူမကလေးတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ထောင်ပြုရာ၌ ဘုရားကျွန်မ သဘောတူသော ယောကျ်ားနှင့်မှသာ ဘုရားကျေးတော်မျိုးမသည် အိမ်ထောင်ပြုနိုင်ပါမည် ဘုရား၊ သို့မဟုတ်ဘဲ တစ်စုံတစ်ယောက်သော သူ၏အတင်းအကျပ်အိမ်ထောင်ချပေးခြင်းကို ဘုရားကျွန်တော်မျိုးမသည် လိုက်နာရသည်ရှိသော် မာလာယု နိုင်ငံတော်သူအဖြစ်မှ ဆုံးရှုံးရပါလိမ့်မည်ဘုရား"

"ဘုရားကျေးတော်မျိုးမသည် မိဘများချပေးသော အိမ်ထောင်မှုကို နားမထောင်၊ မခံယူခြင်းကြောင့် မိဘများက အိမ်ထက်မှ နှင်ချပြီးသော် အမွေပြတ်ကြော်ငြာပါသည်"

"ဘုရား ကျွန်တော်မျိုးမသည် အသက်အရွယ် ဆယ့်လေးနှစ်ကစ၍ မိဘကိုယ်စားအလုပ်ခွင်သို့ဝင်ပြီးလျှင် ဆောင်ရွက်မှုကြောင့် ကျွန်တော်မျိုး၏မိဘတို့မှာ ကုဋေကုဋာချီကာ ချမ်းသာကြွယ်ဝလျက်ရှိပါသည်။ ထိုသို့ ချမ်းသာကြွယ်ဝသည့်အတိုင်း ဘုရင်မင်းမြတ်က ချီးမြှင့်မြှောက်စားသည့် ရာထူးကိုရနေပါပြီဘုရား"

"ထို့ကြောင့် ဘုရားကျွန်တော်မျိုးမ၏အပေါ်၌ မိဘများက အမွေပြတ်ကြော်ငြာသည်ကို ရုပ်သိမ်းစေတော်မူ၍ ကျွန်တော်မျိုးမကို အိမ်ကနှင်ချထားသည်အတိုင်း ရသင့်သော အမွေအနှစ်ကို ပေးစေရန်စီရင်ပေးတော်မူပါဘုရား"

လျှောက်ထားသူ
မိပေါမယ်
ခေတ္တ အရှေ့ပြင်စံရပ်နေ

ပေါက်ကြွယ်နှင့်ပေါမယ်သည် ထိုလျှောက်လွှာနှစ်စောင်ကို ယူ၍ ပြန်ကြပြီးလျှင် ရွှေမြို့တော် တရားရုံးတော်၌ တရားစွဲဆိုလေ၏။



တရားသူကြီးသည်ကား ထိုလျှောက်လွှာနှစ်စောင်ကို ဖတ်ကြည့်၍ ဤသို့စဉ်းစားမိ၏။

"ပေါက်ကြွယ်နှင့် ပေါမယ်သည် ဤသို့ရေလည်စွာ မတတ်ရာ၊ သင်းတို့မှာ ဦးကိုင်ရှိနေပြီ။ သင်းတို့၏ လျှောက်လွှာကို ဘယ်လိုစစ်ဆေး၍ ဘယ်လိုစီရင်ရမည်နည်း၊ အတော်ကျပ်လှပါကလား"

ထို့ကြောင့် တရားသူကြီးသည် ပေါက်ကြွယ်နှင့်ပေါမယ်အား ဤသို့မိန့်တော်မူလေ၏။

"အသင်တို့ လျှောက်ထားသည်မှာ လျှောက်ထားထိုက်သည်။ သို့ သော် မည်သို့စစ်ဆေး၍ မည်သို့စီရင်ရမည်ဟု ငါမဝေခွဲနိုင်။ သင်တို့ ၏ စွဲဆိုချက်ကို တရားလွှတ်တော်ချုပ်သို့ ပို့လိုက်မည်။ သင်တို့အား တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်လိမ့်မည်"

"မှန်လှပါ"

ပေါက်ကြွယ်နှင့်ပေါမယ်ကို တရားလွှတ်တော်ချုပ်က ဆင့်ခေါ်၍ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က ဤသို့မိန့်တော်မူလေ၏။

"သင်တို့လျှောက်ထားချက်ကို ပြန်နုတ်ရင် မကောင်းဘူးလား"

"မနုတ်နိုင်ပါ ဘုရား" "မနုတ်နိုင်ပါဘုရား"

"နင်တို့ရဲ့ လျှောက်ထားချက်ကလည်း ပိုင်တယ်ကွယ်"

"ပိုင်သလို စီရင်တော်မူပါဘုရား"

"ဟဲ့ ကောင်ကလေးနှင့် ကောင်မကလေး၊ စစ်ဆေးစီရင်ဖို့ ခက်နေလို့ ဟဲ့"

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ ဘုရား"

"ဘာတင်မလဲ၊ တင်စမ်း"

"စစ်ဆေးစီရင်ရန် ခက်တော်မူပါလျှင် လက်ပန်စဉ်ရွာမကြီးမှာ ဘာ္ဘာသိုလ်မှပြန်လာတဲ့ မြအနှစ်ရယ်လို့ ပညာရှိမယ်တစ်ယောက်ပေါ

www.burmeseclassic.com



ပေါက်နေပါသည် ဘုရား၊ သူ့အား ခေါ်၍လွှဲအပ်တော်မူပါဘုရား"

"မိပေါမယ်ကကော"

"ဤသည့်အတိုင်းပါပဲ ဘုရား"

"ဝန်ကြီးများ"

"ဘုရား"

"ဘယ်လို သဘောရသလဲ"

"ကျေးတော်မျိုး တရားလွှတ်တော် ဝန်ကြီးချုပ် တင်ပါရစေ ဘုရား"

"တင်ဗျား"

"လက်ပန်စဥ့်ရွာမကြီးမှာ ပညာရှိမယ်တစ်ယောက်ပေါ်နေသည်ဟု ကြားမိသည်မှာ ကြာပါပြီဘုရား၊ ထို့ကြောင့် ၎င်းတို့လျှောက်ထားသည့်အတိုင်း ကိုယ်တော်အရှင်သည် တရားမင်းအဖြစ်ကို လိုလားပါသည်နှင့်အညီ မြအနှစ်ကိုပင့်ချိ၍ ထိုတရားကိုစစ်ဆေးစီရင်သင့်ကြောင်းပါဘုရား"

"ကောင်းပြီမြအနှစ်ကို ပင့်ချိရန် ဂုတ်ဝန်မင်းထံ လွှဲကြဗျား"

"ဦးတည့်ရပ်ပါ ဘုရား"

× × ×

ဂုတ်ဝန်မင်းသည် လွှတ်တော်ကြီးက အမိန့်အရ လက်ပန်စဥ့်ရွာသို့ သွားရောက်၍ ရွာစိုးနှင့်တကွ မြအနှစ်၏အိမ်သို့သွားရောက်ကြလေ၏။ ထိုသို့သွားရောက်သော်လည်း ဂုတ်ဝန်မင်းသည် မြအနှစ်ကို တလင်းနယ်ရာသို့ သွားနေလေ၍ မတွေ့ရသဖြင့် စောင့်နေရ၏။

မြအနှစ်လည်း လယ်သူမတို့၏အဝတ်နှင့် ကောက်ညှင်းစပါးတောင်းကလေးကိုရွက်၍ ပြန်လာလေ၏။ ရွာစိုးလည်း ဤသို့ ရောက်



မဆိုက်ပင်ပြောလေ၏။

"မယ်မြရယ်၊ ဂုတ်ဝန်မင်းက တွေ့လို၍ပါတဲ့"

"ဘ . . .ဘာကိစ္စပါလဲရှင်။ ကောက်ညှင်းစပါးဈေးကို စောဒနာမလို့လား၊ မနှစ်ကထက် ဈေးလျှော့လိမ့်မယ်ရှင်၊ လယ်သမား ယာသမားတွေသဘောကို နားလည်ကိုန်ကြပြီရှင့်"

"မဟုတ်ပါဘူးလေ"

"ဘုရင်မင်းမြတ်က တရားလွှတ်တော်ချုပ်မှာ ထူးဆန်းသော တရားတစ်ထုံးရောက်နေတာနှင့် မြအနှစ်အား လွှဲချင်လို့တဲ့"

"ဘာ စာချွန်တော်ပါရဲ့လား"

"အဲဒါက ခက်တယ်"

"မပါခဲ့ဘူးပေါ့"

"ဟုတ်ပါတယ်"

"ဘာရှင့်၊ ကျွန်မ ဘာကိုယုံကြည်ပါတယ်၊ လေးစားပါတယ်၊ ဒါပေမဲ့ ထုံးစံစည်းကမ်းမဟုတ်ဘူးရှင့်။ ဘုရင်မင်းက ခေါ်တယ်ဆိုရင် သာရေးဖြစ်က စာချွန်တော်နှင့် ဆင့်ရပါတယ်၊ တကယ်လို့ လူတစ်ယောက်က ဘုရင်မင်းမြတ်ကခေါ်တယ်လို့လာပြီးပြောနေရင် လိုက်ရမလား၊ ရသေ့က သူ့ဖိုဆွဲ ကပ္ပိယရဲ့သမီးကိုခေါ်တာလို ဘာရယ်"

"ဟုတ်ပေတယ် တူမကြီး၊ ဘာတို့ချွတ်ယွင်းပေတယ်"

"အမိန့်တော်စာ လိုပါတယ်ရှင်"

ဂုတ်ဝန်မင်းသည်ကား ရွာစိုးနှင့်ပြန်လေ၏။

ဒေါ်ပုလုံးသည် မိမိ၏သမီးမြအနှစ်အား ဘုရင်မင်းမြတ်၏လွှတ်တော်ကြီးက တရားစီရင်ရန်ခေါ်သဖြင့် အလွန်ဝမ်းသာကာရှိနေရာတွင် မြအနှစ်၏စကားအရ ဂုတ်ဝန်မင်းသည် ပြန်သွားသဖြင့် ဤသို့ ဆိုတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မိမြရယ် ညည်းဘာတွေကို ဘယ်လိုပြောလိုက်သလဲ၊ ညည်းပြောတာနဲ့ပဲ ဂုတ်ဝန်မင်းဟာ ပြန်သွားရတယ်"

"အမေကလည်း အမေ့ဗိမ်နှင့်နေစမ်းပါ"

"ဟဲ့ ညည်းဟာက"

"အမေ ခွေးပိန်မကလေးကို လက်ဖြောက်တီးခေါ်သလို ကျွန်မကို ခေါ်လို့ ကျွန်မမလိုက်ဘူးအမေ။ ကျွန်မကတော့ သွေးမမြင့်ပါဘူး၊ ကျွန်မရဲ့အတတ်ပညာကမြင့်ပါတယ်"

"ညည်းဟာ ခက်ပါတယ်အေ၊ ကောက်စိုက်မတွေ အပေါ်မှာ ညည်းရောသလောက် သူဌေးသူကြွယ်တွေ အစိုးရတွေပေါ်မှာ ညည်းသိပ်အကဲတင်တာပဲ"

"ခက်တယ် အမေ၊ အမေ အသာနေပါ"

"နေနိုင်ပါဘူးအေ၊ ကိုယ်တော်၊ ရှင့်သမီးကိုတော့ ဆုံးမစကားလေး များ ဆိုဦး"

"ဟ မင်းသမီးက ငါ့ကိုတောင် ဆုံးမလေဦးမယ်။ သီးထောက်ခတွေလာပေးတော့ အဖေ သူတို့ပေးသလောက်သာ ယူပါ၊ ဒါမှ ကောင်းသောလယ်လုပ်ခြင်းပါတဲ့လို့ ပြောတဲ့အပြင်၊ လုပ်သားများအား ရှင်တို့ဝမ်းစာလုံလောက်လို့ ပိုမှပေးကြလို့ ပြောလိုက်သေးတယ်"

ဂုတ်ဝန်မင်းသည်လည်း မကြာမတင်မီ လွှတ်တော်မှ ဘုရင့်အမိန့်တော်စာကိုယူ၍ ရထားပေါင်းချုပ်၊ စစ်သည်တော်အစောင့်အရှောက်နှင့် ရောက်လာလေ၏။ ထိုအခါ မြအနှစ်သည် အောက်ပါအမိန့်တော်ကို ဖတ်ကြည့်လေ၏။

ဦးထော်၊ ဒေါ်ပုလုံးတို့၏သမီး မယ်မြအနှစ်လွှတ်တော်
၌ ထူးဆန်းသောတရားနှစ်ထုံးကို စစ်ဆေးစီရင်ရန် ငါဘုရင်
မင်းမြတ်က လွှဲအပ်လိုက်လေသည်။ တရားလွှတ်တော်ချုပ်



သို့ တိုင်းပြည်အတွက်ရောက်စေ။

မာလာယုပြည် ဘုရင်စောထီး

ထိုအခါ မြအနှစ်သည် ဘုရင့်ရွှေမြို့တော်သို့ လိုက်ပါသွားလေ၏။

## မြအနှစ် တရားစစ်ဆေးခြင်း

တရားလွှတ်တော်ချုပ်၌ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းတို့နှင့်တကွ နားထောင်သူများသည် ကြိတ်ကြိတ်တိုးဖြစ်နေကြလေ၏။

"သူဌေးကြီးနှစ်ဦးကို ရှေ့တော်သို့သွင်း"

"ရောက်ကြောင်းပါ ဘုရား"

"သားနှင့်သမီးကို ထိမ်းမြားလက်ထပ်ပေးဖို့ရန် စီစဉ်ဆောင်ရွက်ကြသလား"

"ဆောင်ရွက်ကြောင်းပါ" "ဆောင်ရွက်ကြောင်းပါ"

"သူတို့ချင်းချစ်ကြိုက်ကြရဲ့လား"

သူဌေးနှစ်ဦးသည် ငိုင်နေ၏။

"ပေါက်ကြွယ်ကို ရှေ့တော်သွင်း"

"ရောက်ကြောင်းပါ ဘုရား"

"မောင်မင်း မိဘစကားကိုတော်လှန်သလား"

"မလှန်ပါဘုရား"

"ဘာကြောင့် မိဘက ထမ်းမြားလက်ထပ်ပေးသည်ကို မနာခံသလဲ"

"မပေါမယ်ကို မချစ်မကြိုက်၍ပါ ဘုရား"

"ဘာအပြစ်ရှိလို့လဲ"

"မပေါမယ်မှာ မည်သည့်အပြစ်မှ မရှိပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကြောင့် မချစ်မကြိုက်ရသလဲ"

"ကျွန်တော်သည် တိရစ္ဆာန်မဟုတ်၍ပါ"

"ဆို"

"တိရစ္ဆာန်ထီးသာလျှင် တိရစ္ဆာန်မအမျိုးတူ ဟူတိုင်းကို ထိုသဘောနှင့် ချစ်ကြိုက်ပါသည်ဘုရား"

"ဆေါ်မယ်ကို ရှေ့သို့သွင်း"

"ရောက်ကြောင်းပါ ဘုရား"

"မယ်မင်း နုနုနယ်နယ် လှလှပပသိမ်သိမ်မွေ့မွေ့နှင့် မိန်းကလေးတစ်ဦးဖြစ်တဲ့လျက် မိဘရဲ့စကားကို ဘာကြောင့်တော်လှန်ရသလဲ၊ မယ်မင်းတို့ခေတ်ဟာ တော်လှန်ရေး ခေတ်ကြောင့် တော်လှန်သလား"

"မတော်လှန်ပါ ဘုရား"

"ဘာကြောင့် မယ်မင်း၏မိဘက မောင်ပေါက်ကြွယ်နှင့် ထိမ်းမြား လက်ထပ်ခြင်းပြုသည်ကို သဘောမတူဘဲ ငြင်းဆန်ရသလဲ"

"ဘုရား ကျွန်မ မိပေါမယ်တင်ပါရစေ ဘုရား"

"အင်း၊ တင်စမ်း"

"ခွေးမကလေးတစ်ကောင်ပင် မိမိသဘောမတူသော ခွေးထီးနှင့် တစ်နည်းတဲ့ မချစ်မနှစ်သက်သော ခွေးထီးနှင့်မိတ်မလိုက်ပါ ဘုရား၊ မိပေါမယ်သည် မိမိချစ်မနှစ်မသက်သော ကိုပေါက်ကြွယ်နှင့် မင်္ဂလာဆောင်ခြင်းကိုပြုပါက ခွေးမကလေးထက်ပင် အဆင့်အတန်းနိမ့်သွားပါလိမ့်မည် ဘုရား"

"မယ်မင်း မောင်ပေါက်ကြွယ်ကို ဘာကြောင့်မချစ်မကြိုက်သလဲ"

"မချစ်မကြိုက်ချင်လို့ မချစ်မကြိုက်ပါ ဘုရား"

"အင်း"

"သူဌေးမင်း ဦးချမ်းသာ သားမောင်ပေါက်ကြွယ်ကို လိုလို့ သူဌေး



ကတော်နှင့်အိမ်ထောင်ပြုသလား"

"မဟုတ်ပါ"

"ဘာကြောင့် အိမ်ထောင်ပြုသလဲ"

"ယခု သူဌေးကတော် မယ်ကြည်ကို ချစ်ကြိုက်၍ အိမ်ထောင်ပြုပါသည်"

"ဒါဖြင့် အခန့်သင့်၍ပေါက်ကြွယ်ကို ရတာပေါ့"

"မှန်ပါသည်"

"ပေါက်ကြွယ်ဟာ လူကလေးလား၊ တိရစ္ဆာန်ကလေးလား"

"လူကလေးပါ"

"ပေါက်ကြွယ် လူလားမြောက်တော့ မိဘရဲ့အလုပ်ခွင်မှာ ဝင်ရောက်တာ အလုပ်လုပ်သလား၊ ပေါ်ကြော့နေသလား"

"မိဘအလုပ်ခွင်မှာ ဝင်ရောက်အလုပ်လုပ်ပါသည်"

"မျက်နှာလွှဲရသလား"

"လွှဲရပါသည်"

"ဦးကုံထံ"

"အသင့်ပါဘုရား"

"ဦးကုံထံမှာ မိပေါမယ်အပြင် သားသမီးရှိသေးသလား"

"မရှိပါ"

"ဦးကုံထံသည် မိပေါမယ်ကိုလိုသောကြောင့် အိမ်ထောင်ပြုသလား"

"မဟုတ်ပါ၊ မယ်ချိုကိုကြိုက်၍ ချစ်သောကြောင့် အိမ်ထောင်ပြုပါသည်"

"မယ်ချိုက ဘာလဲ"

"ယခု ကျွန်တော်၏သူဌေးကတော်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါမယ် အရွယ်ရောက်တော့ မိဘ၏အလုပ်ခွင်တွင် ပါဝင်လုပ်ကိုင်သလား"

"လုပ်ကိုင်ပါသည်"

"မျက်နှာလွှဲရသလား"

"လွှဲရပါသည်"

"ပေါမယ်က မိဘအလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်ပြီးသောအခါမှ သူဌေးဘွဲ့ကို ရသလား၊ အရင်ကရသလား"

"ပေါမယ် မိဘအလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်ပြီးသောအခါမှ သူဌေးဘွဲ့ကိုရပါသည်"

"ဦးချမ်းသာ"

"အသင့်ပါ"

"မောင်ပေါက်ကြွယ် လူလားမြောက်မှ ဦးချမ်းသာသည် သူဌေးဘွဲ့ ကိုရသလား၊ အရင်ကရသလား"

မောင်ပေါက်ကြွယ် လူလားမြောက်မှ ကျွန်တော်သည် သူဌေးဘွဲ့ ကိုရပါသည်"

"သူဌေးကြီးနှစ်ဦးလုံးပဲရှင်၊ မြင်းများ၊ နွားများကိုမြင်းမျိုးကောင်း၊ နွားမျိုးကောင်းလိုသောကြောင့် သားစပ်ဘိသကဲ့သို့ လူမှာလူမျိုးကောင်း လိုသောကြောင့် သားစပ်ရိုးရှိသလား၊ သားစပ်ခြင်းရှိကြသလား"

"မရှိပါ၊ မရှိပါ"

"တိရစ္ဆာန်များအား သားစပ်နေသောသူများကိုလူတော်လူကောင်းများဟု လူ့သဘင်ထဲမှာ အရေးအရာရောက်ရောက်ထင်သလား"

"မထင်ပါ၊ မထင်ပါ"

"သားနှင့်သမီးကို သူတို့ချင်း မချစ်ခင်၊ မကြိုက်မနှစ်သက်သဘောမတူဘဲနှင့် အတင်းပေးစားထိမ်းမြားသော် သားစပ်ရာ မရောက်



ဘူးလား"

သူဌေးနှစ်ဦးသည် ငိုင်နေလေ၏။ "ဖြေကြလေ"ဟု မြအနှစ်သည် အသည်တည်နှင့်ဆို၏။ သူဌေးနှစ်ဦးကား မဖြေကြချေ။

"ယနေ့ အချိန်ညောင်းပြီ၊ နက်ဖြန်မှ စီရင်ချက်ချမည်"

ထိုသို့ပြောဆို၍ မြအနှစ်သည် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကို ဦးတိုက်ပြီးသော် လွှတ်တော်မှဆင်းသွားလေ၏။

မြအနှစ်၏ စီရင်ချက်။

တရားစီရင်မည့်နေ့တွင် နားထောင်သူများသည် အထူးသဖြင့် ကြိတ်ကြိတ်တိုး ဖြစ်နေကြလေ၏။ မြအနှစ်သည် ပုရပိုက်နှင့် ရေးလာခဲ့သော စီရင်ချက်ကို လွှတ်တော်ဝန်ထောက်အား အပ်သဖြင့် တရားနာခံသည်။ ဤသို့လျှင် တရားလို၊ တရားခံများကို ဖတ်ပြလေ၏။

"ဤအမှုကား ဆန်းကြယ်သောအမှု မဟုတ်။ ရိုးသောအမှုဖြစ်သည်"

သူဌေးကြီး ဦးချမ်းသာနှင့် သူဌေးကြီးဦးကံ့ထံတို့သည် သားသမီးကိုလိုသောကြောင့် အိမ်ထောင်ပြုခြင်းမဟုတ်။ မိမိတို့၏ဇနီးလောင်းကို ချစ်၍ကြိုက်သောကြောင့်၊ ကြိုက်၍ ချစ်သောကြောင့် အိမ်ထောင်ပြုကြခြင်းထင်ရှားလေသည်။

ထိုသို့အိမ်ထောင်ပြုကြရာ၌ သဘာဝကိုမလွန်ဆန်သာသောကြောင့် သားသမီးကိုမလိုဘဲနှင့် သားသမီးရကြလေသည်။

၎င်းတို့သည် နောင်သားသမီးမရရအောင် တစ်စုံတစ်ရာ ဆောင်ရွက်ထားဟန်ကြောင့် ၎င်းတို့မှာ သားမောင်ပေါက်ကြွယ်၊ သမီး မပေါ်[illegible]တို့အပြင် သားသမီးမမြင်ကြချေ။ ၎င်းတို့ အိမ်ထောင်ပြုကြခြင်းမှာ [illegible]မျှ ပြန်မရကြဘဲ အရှုံးထွက်နေလေသည်။

၎င်းတို့သည် မုဒိမ်းမှုဆိုသော သဘောကို မ[illegible]တ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



**လည်း ကောင်း၊** ရာဇသတ်အားဖြင့် လည်းကောင်း နားလည်ကြဟန် မရှိပေ။ နားလည်ခဲ့သော် မုဒိမ်းမှု ထမြောက်အောင်မြင်အောင် ကြိုးပမ်းနေသော သူနှစ်ယောက်ဖြစ်ရမည်။

မုဒိမ်းမှုဆိုသည်ကား မိန်းကလေး သဘောမကျဘဲနှင့် မိန်းကလေးထံမှ ကာမမှုကို ရအောင်မေထုန်ပြုခြင်းဖြစ်သည်။

ဦးချမ်းသာနှင့် ဦးကုံထံသည် မသင့်လျော်သောအမှုကိုပြုရာရောက်နေကြသည်။ တိရစ္ဆာန်၊ မြင်း၊ နွားများတို့အားသားစပ်ပေးသောသူတို့ကိုလောကသည် အရှက်မရှိသောသူများဟု ယူဆကြသည်၊ ဦးချမ်းသာနှင့် ဦးကုံထံသည် လူမျိုးကောင်းအောင် သားစပ်ခြင်းဖြစ်သလော။ ဖြစ်ခဲ့သော် လူ့ထုံးစံမဟုတ်သောအမှုကို ပြုရာရောက်သောကြောင့် အပြစ်ဒဏ်ပေးရန် သင့်လေသည်။ သို့ရာတွင် မျက်စိမမြင်သော သူအား အပ်နဖားထိုးခိုင်းသဖြင့် မဖြစ်သော် မဖြစ်ရမလားဟု ရိုက်ပုတ်သော သူသည် အပြစ်ရှိနေသကဲ့သို့ဖြစ်၍ ဤစီရင်ချက်တွင် ဦးချမ်းသာနှင့် ဦးကုံထံကို အပြစ်ဒဏ်ပြုရန် မထည့်သွင်းနိုင်။

ဦးချမ်းသာနှင့်ဦးကုံထံသည် စဉ်းစားတိုင်းဆရန် အလွန်လိုသည်။

ယောက်ျားမည်သည် မည်သို့သောမိန်းမကိုမဆို မေထုန်မှုနှင့် ပတ်သက်၍ ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရယူနိုင်သည်။ နိုင်ထက်စီးနင်းပြု၍ပင် ရယူပေသေးသည်။

မိန်းမည်သည်ကား ဤကဲ့သို့ မဟုတ်ချေ။ မိမိမချစ်ခင်မနှစ်သက်သောသူ၊ မကြိုက်သောသူနှင့် မေထုန်မှုကိုပြုရန် အလိုမရှိသည်သာမက၊ မိမိမချစ်မနှစ်သက် မကြိုက်သော သူက မိမိအား မေထုန်ပြုမှုကို အလွန့်အလွန်ပင် စက်ဆုပ်သည်သာမက အချို့မှာ အသက်ကိုပင် အသေခံသွားရပေသည်။



ထိုသို့သောသဘောကြောင့် ဦးချမ်းသာနှင့် ဦးကုံထံတို့သည် လောက၏ကျက်သရေဆောင်အမျိုးသမီးတစ်ဦး၏အပေါ်၌ အလွန့်အလွန်ရက်စက်ကြမ်းကြုတ်သောအမှုကို ဖန်တီးရာရောက်ချေသည်။ သို့ရာတွင် ဤအမှုသည် ပထမစတင်၍ ဖြောင့်မတ်သော တရားရုံးသို့ရောက်လာရခြင်းကြောင့် တရားခံသူဌေးနှစ်ဦးအား ဤစီရင်ချက်သည် ချမ်းသာခွင့်ပြုလိုက်သည်။

မာလာယုပြည် ဓမ္မသတ်၌ကား မိန်းကလေးတစ်ယောက်ကသဘောမတူဘဲနှင့်အတင်းပေးစားထိမ်းမြားသောသူ မည်သူမဆိုထမတစ်ကြိမ် မိန်းကလေးအား ယောက်ျားကလေးက ကာမအနုကြမ်းနိုင်ရန် အားပေးခြင်းကြောင့် ပြစ်ဒဏ်ထိုက်သက်ဧ။ မည်မျှလောက်ပြစ်ဒဏ်ကို ထိုက်သက်သည်ဟု တရားသူကြီးတို့က ဆုံးဖြတ်ထားရသည်။

သူဌေးကြီးဦးချမ်းသာနှင့် သူဌေးကြီး ဦးကုံထံတို့ မိမိတို့၏သားနှင့် သမီးကို နှင်ချရာတွင် မိမိတို့ကလာပါ ရလိုပါသည်။ ခေါ်ယူခြင်းမရှိဘဲ ပေါက်ကြွယ်၊ ပေါမယ်တို့က အလိုအလျောက် ထိုသူဌေးနှစ်ဦး၏ သူဌေးကတော်ထံတွင် လာရောက်ခိုလှုံမိခြင်းကြောင့် ပညတ်အားဖြင့် ဖခင်၊ မိခင်ဖြစ်သူတို့က သဘောမကျသဖြင့် အိမ်မှ နှင်ထုတ်သည်ကို ဤစီရင်ချက်သည် တစ်စုံတစ်ရာ စွက်ဖက်ရန် အကြောင်းမမြင်ချေ။

ထိုသို့ဖြစ်သော်လည်း သားသမီးသည်သာလျှင် မိဘ၏ဘုန်းရိပ်ကံရိပ်ကို ခိုလှုံလာသည်မဟုတ်ချေ။ ထူးသောသဘောအားဖြင့်လည်း တစ်စုံတစ်ယောက်သော သားသည်လည်းကောင်း၊ သမီးသည်လည်းကောင်း သန္ဓေစွဲကပ်လာသည်ရှိသော် ထိုသန္ဓေသားသမီး၏အရှိန်အဝါကြောင့် မိဘတို့မှာ ဘုန်းတန်ခိုးကြီးခြင်း၊ လာဘ်သပ္ပကာရွှင်လန်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝန်းဝယ်ပန်းလှခြင်း၊ အကြံအစည် အောင်မြင်ခြင်းတို့သည် ဖြစ်ရ တတ်ချေသည်။

သာဓကဆိုရချေသော် ဘုရားလောင်းသည် မိဖုရားကြီး၏ ဝမ်း၌ သန္ဓေစွဲကပ်ခြင်းကြောင့် ဘုရင်မင်းမြတ်မှာ ဘုန်းတန်ခိုးအာဏာကြီး ခြင်း၊ အမင်းမင်းတို့၏ ရိုသေပူဇော်ခြင်းကိုခံရခြင်း၊ အောင်မြင်ခြင်းတို့ ကို ဖြစ်ရတတ်လေသည်။

(ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကား အလွန့်အလွန်သဘောကျ၍ ပြုံးနေလေ၏)

ထိုသို့သဘောဖြစ်လင့်ကစား တရားခံသူဌေးကြီးနှစ်ဦးကို ဤစီရင် ချက်သည် သားသမီးများ၏ ကုသိုလ်ကြောင့် ချမ်းသာကြွယ်ဝသည် ဟု မဆိုပါ။ သို့တစေ မောင်ပေါက်ကြွယ်သည် အရွယ်ရောက်လာသော အခါ မိဘ၏အလုပ်ခွင်သို့ဝင်၍ အလုပ်လုပ်ကိုင်သည်။ ထိုသို့လုပ် ကိုင်ခြင်းဖြင့် မိဘမှာ စီးပွားချမ်းသာတိုးတက်၍ သူဌေးဘွဲ့ကိုပင် ရချေသည်။ ထို့ကြောင့် သားဖြစ်သူ မောင်ပေါက်ကြွယ်သည် အဘ ဦးချမ်းသာနှင့် မခွဲသေးသော စီးပွားရှာဖက်ဖြစ်ချေသည်။

ဦးကံ့ထံနှင့်သမီးမိပေါမယ်မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ချေသည်။

မိဘတို့သည် သားသမီးများကို အမွေပြတ်ဟု မကြော်ငြာရာနိုင် သလော။ ဓမ္မသတ်အားဖြင့် ကြော်ငြာနိုင်သည်။ ဘယ်လိုသားသမီးကို ကြော်ငြာနိုင်သလဲ။ မိဘ၏ ရန်သူဖြစ်သော သားသမီး၊ အမျိုး၏ရန်သူ ဖြစ်သော သားသမီး၊ တိုင်းပြည်လူမျိုး၏ရန်သူဖြစ်သော သားသမီး၊ မိဘ၏အကျိုးယုတ်ကို ပြုသော သားသမီး၊ မိဘ၏အရှက်ကို ခွဲသော သားသမီး၊ အမျိုး၏အကျိုးယုတ်၊ တိုင်းပြည်လူမျိုး၏ အကျိုးယုတ်ကို ပြုသောသားသမီး၊ ဘုရင်မင်းမြတ် တစ်နည်းတုံ တိုင်းပြည်အစိုးရကို



ပုန်ကန်ထောင် ထားခြားနားသော သားသမီးကိုကားအမွေပြတ်ဟု ကြော်ငြာနိုင်သည်။

သားသမီးများ ပုန်ကန်ထောင်ထား ခြားနားသည့် သူပုန်သူကန် ဖြစ်သော ထိုသားသမီးများ၏ မိဘပစ္စည်းများကို ဘုရင့်အစိုးရက သိမ်းယူနိုင်သည်ဟု နိုင်ငံတိုင်း၏ ရာဇသတ်အဆူဆူမှာ ရှိကြသည်ကို အင်္ဂလိပ်မောင်မယ်တိုင်း သဘောတူကြသည်။ ထို့ကြောင့် ထိုသို့ သောသားသမီးများကို မိဘများသည် အမွေပြတ်ဟုကြော်ငြာနိုင်လေ သည်။ သို့မဟုတ်က သားသမီးအတွက် သွေးခုနစ်ဆက်၊ မျိုးခုနစ်ဆက် ဆိုက်ပြီးသော် ဘုရင့်အစိုးရက အရေးယူခွင့် ရာဇသတ်အားဖြင့် ရှိချေ သည်။

ဤအမှု၌ တရားလို မောင်ပေါက်ကြွယ်သည် မိဘစကားကို နား ထောင်ခြင်းမှာ သူသည် ကာမဂုဏ်၌ မှားသောအပြုအမူကို ပြုမိ လောက်ချေမည်ကြောင့် ဖြစ်ချေသည်။ ကာမဂုဏ်၌ မှားသောအကျင့် ကို ကျင့်မိချေသော် လူညွှန့်တုံးချေတော့ပြီ။ ထို့ကြောင့် မောင်ပေါက် ကြွယ်သည် လူညွှန့်တုံးခြင်းမခံနိုင်သဖြင့် မိဘစကားကို နားမထောင် ဘဲ သဘောသက်ရောက်နေသည်။ ဝတ္ထုကျမ်းဂန်ဝင်သော အပြုအမူ တစ်ခုဖြစ်ချေသည်။

ကာမဂုဏ်၌ မှားသောအကျင့်မည်သည်ကား မသွားလာအပ်၊ ပေါင်းဖော်အပ်သည်တို့၌ သွားလာပေါင်းဖော်မိခြင်းကြောင့်သာ ဟုတ်ချေ။ မိဘနှစ်ပါး ပေးစားထိမ်းမြားထားသောမိန်းမကို ကင်း ကင်းရှင်းရှင်းရှောင်ကြဉ်နေခြင်းသည်လည်း ကာမဂုဏ်၌မှားသော အကျင့်ပင်ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးကို ဆုံးတိ စေသောကြောင့်ဖြစ်ပေသည်။

(ဘုရင်မင်းမြတ်၊ မိဖုရားခေါင်ကြီး၊ တရားသူကြီး၊ တရားဝန်ကြီး

www.burmeseclassic.com



များသည် နက်နဲလှပါဘိတကားဟု ဆိုမိကြတော့ပြီ)

ထိုသဘောကြောင့် မောင်ပေါက်ကြွယ်ကို အမွေပြတ်ဟူ၍ မကြော်ငြာထိုက်ချေ။

မိပေါမယ်လည်း ရှိသေးသည်။ မိပေါမယ်သည် မိဘ၏ရန်သူလော၊ မိဘ၏စကားကိုနားမထောင်သော တော်လှန်သူလော စဉ်းစားရမည်။

ချင်းသည် ပေါက်ကြွယ်ကို လုံး၀မချစ်၊ သဘောမမျှ လုံးလုံးမကြိုက်ချေ။ ညည်းအား ပေါက်ကြွယ်နှင့် ပေးစားရမှာပဲဆိုခြင်းကို ဆတ်ဆတ်ခါအောင် နာလေသည်။ ထိုသို့သော အမျိုးသမီးသည် ပေါက်ကြွယ်က ကာမမေထုန်မှု၌ အရယူချေသော် အားလည်းမတန်၊ မိဘကလည်း သဘောတူထားခြင်းဖြစ်သဖြင့် တစ်ကြိမ် ပထမအစတွင် အလွန်ဆင်းရဲပင်ပန်းစွာနှင့် ပေါက်ကြွယ်၏ အလိုကို လိုက်လျောရပေလိမ့်မည်။ ပေါက်ကြွယ်မှာ လူလုံးလူဖန်နှင့် အားကောင်းသဖြင့် ပေါမယ်သည် ခုခံတွန်းလှန်နိုင်ပေလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ပေါက်ကြွယ်မှာ ကာမဂုဏ်မှု၌ မှားသောအကျင့်ကို မကျင့်မိစေရန် ပေါမယ်သည် ၎င်း၏မိဘစကားကို နားမထောင်တော့ရာ ရောက်ချေသည်။

ထိုမှတစ်ပါးလည်း ကာမဂုဏ်မှု၌ မှားယွင်းသောအမှုသည် မည်သည် အလွန်သိမ်မွေ့၍ နူးညံ့လှပေသည်။ ပေါက်ကြွယ်ကို ပေါမယ်သည် မချစ်မကြိုက်ဘဲ အလိုမတူဘဲ တို့နှင့် လက်ထပ်လိုက်သဖြင့် ပေါမယ်က ပေါက်ကြွယ်ကို ချစ်ခင်နှစ်သက် စွဲမက်သည့်အချိန်ထိ ၎င်း၏မိဘနှစ်ပါးမှာ ကာမဂုဏ်မှု၌ မှားယွင်းသောအကျင့်ကို ကျင့်မိစေရန် အားပေးတိုက်တွန်းရာရောက်ခြင်းကြောင့် ယခုဘ၀ နောက်ဘ၀တို့၌ ကျေးဇူးရှင်မိဘတို့အား မနှစ်မွှန်းမိစေရန် မိဘ၏စကားကို ပေါမယ်သည် နားထောင်ရာ ရောက်ချေသည်။ တော်လှန်ခြင်းမမည်



သာပေ။

မည်သို့ပင် ရှိနေလင့်ကစား ဦးကံ့ထံသည် ဒေါ်ချိုကို နှစ်သက်သောကြောင့် အိမ်ထောင်ပြုသည်။ ပေါမယ်ကို ၎င်းတို့၏ထံလာပါဟု ခေါ်၊ ပေါမယ်ဘာသာပေါမယ် လာရောက်ခိုလှုံခြင်း ဖြစ်ချေ၍ ပေါမယ်ကို ဦးကံ့ထံနှင့် မချိုတို့က နှင်ပစ်လိုသော် နှင်ပစ်နိုင်ခွင့် ရှိပေသည်။

ပေါမယ်သည် အရွယ်ရောက်သောအခါ မိဘ၏အလုပ်ခွင်၌ ညီညီဝင်ရောက် အလုပ်လုပ်ပေသည်။ ထိုသို့လုပ်ခြင်းအတွက် မိဘများကလည်း ပေါမယ်ကို မျက်နှာလွှဲရပေသည်။ ထိုသို့ မျက်နှာလွှဲရသည်နှင့်အညီ ဦးကံ့ထံတို့မှာ စီးပွားချမ်းသာ တိုးတက်ပြီးသော် ဘုရင်မင်းအသိအမှတ်ပြုရသော သူဌေးကြီးဘ၀သို့ ဆိုက်ရောက်ပေသည်။ ထို့ကြောင့် ပေါမယ်သည် ဦးကံ့ထံ၏ စီးပွားဘက်ဖြစ်ချေသည်။ အမြတ်လည်း မခွဲသေးချေ။

ထို့ကြောင့် ဦးချစ်သာတို့နှင့် ဦးကံ့ထံတို့သည် မိမိတို့၏ သားနှင့်သမီးကို အိမ်သို့ပြန်၍ မခေါ်လျှင် ၎င်းတို့မှာ အသက်နှင့် မြဲနေသည့်အတိုင်း အမွေမတောင်းခံထိုက်သေး၍ ၎င်းကို မစဉ်းစားသေးဘဲ ဦးဘက်နေသော စီးပွားရေးအမြတ်များမှ ဝေစုကို ပေါက်ကြွယ် ပေါမယ်တို့အား ဝေခြမ်းပေးရမည်။

မည်ရွေ့ မည်မျှပေးထိုက်သည် ရထိုက်သည်ကို သက်ဆိုင်ရာ အရာရှိသူကြီးများက စိစစ်ဝေဖန်၍ ပေးစေ၊ ထိုဝေဖန်ချက်ကို မကျေနပ်ကြက တရားလွှတ်တော်ချုပ်၌ အယူခံစေ။

ပေါက်ကြွယ်နှင့်ပေါမယ်ကို တစ်ယောက်နှင့်တစ်ယောက် မချစ်ခင် မနှစ်သက်ဘဲနှင့် အတင်းပေးစားက ပေးစားသူအား ထောင်ခုနစ်နှစ်ချစေရန် ပြစ်ဒဏ်ပေးစေ၊ ပေါက်ကြွယ် ပေါမယ်တို့က တစ်ယောက်နှင့်တစ်ယောက် သဘောညီညွတ်ပါက ထိမ်းမြားမင်္ဂလာမှုကို ပြုစေ"၊

www.burmeseclassic.com

www.burmeseclassic.com



ကျခံစေရန် ပြစ်ဒဏ်ပေးစေ၊ ပေါက်ကြွယ် ပေါမယ်တို့က တစ်ယောက်နှင့်တစ်ယောက် သဘောညီညွတ်ပါက ထိမ်းမြားမင်္ဂလာမှုကို ပြုစေ"

မာလာယုပြည်၊ မြအနုစ်ဖြတ်ထုံး။

နားထောင်နေသူ ပရိသတ်ကား သောင်းသောင်းဖြဖြသြဘာပေးကြပြီးသော် ပြန်ကြလေ၏။

မြအနုစ်ကား ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးကို ဦးနှိမ်ချကာကန်တော့ခဲ့၍ လွှတ်တော်မှ ဖဲခဲ့ပြီးသော် ၎င်း၏ရွာမကြီးသို့ ပြန်လေတော့သည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးခေါင်ကြီးသည် မြအနုစ်ကို အလွန်သဘောကျ၍ ပုရောဟိတ်ကြီးကိုခေါ်ပြီးသော် ဤသို့လျှင် မင်းကြီးသည် မေးတော်မူလေ၏။

"ပုရောဟိတ်ကြီး၊ ယမန်နေ့က တရားလွှတ်တော်ချုပ်တွင် တရားစီရင်သွားသော တောသူမကလေး မြအနုစ်ကို မြင်လိုက်ရဲ့လား"

"မြင်ကြောင်းပါ ဘုရား"

"သူ့ကြန်အင်လက္ခဏာများသည် ဘယ်လိုလဲ၊ စိစစ်လိုက်မိပါရဲ့လား"

"စိစစ်လိုက်မိပါသည်ဘုရား"

"တင်စမ်း"

"ဧကရာဇ်မိဖုရားခေါင်ကြီး ဖြစ်ထိုက်သော ရုပ်လက္ခဏာပါဘုရား"

"အမှန်ပဲလား"

"မှန်ကြောင်းပါ ဘုရား"

"ယခု ငါ့သားတော် အိမ်ရှေ့မင်း မုဒုစိတ္တမှာ ကြင်ဖက်တော်မရှိသေး။ မုဒုစိတ္တကလည်း မည်သည့်မင်းသမီးကိုမျှ မလို။ သည်



ကောင်မကလေးကိုကား သူသည် မျက်နှာမလွှဲဘဲ ကြည့်နေသည်ကိုငါကိုယ်တော်တိုင် အကဲခတ်မိသည်၊ လျော်၏လော"

"သင့်လျော်ကြောင်းပါ ဘုရား"

"ဒါဖြင့် သည်တောသူမကလေးကို တော်ကောက်ပြီး သားတော်အိမ်ရှေ့မင်းနှင့် စုလျားရစ်ပတ်ပြီးလျှင် အိမ်ရှေ့မိဖုရားအဖြစ် မြှောက်ထားမည်"

"အလွန့်အလွန် သင့်တင့်ကြောင်းပါ ဘုရား"

"ဟဲ့ . . .နာခံတော် ဂုတ်ဝန်မင်းကို အမြန် ငါ့ထံခစားစေ"

"ဦးတည့်ရပ်ပါ ဘုရား"

"ဂုတ်ဝန်မင်း"

"အမိန့်တော်ကို နာခံလျက်ပါ ဘုရား"

"ပုရောဟိတ်ကြီးကိုပါခေါ်၍ အမှုထမ်းများနှင့်လက်ပန်စဉ်ရွာမသို့သွားရောက်"

"မှန်လှပါ"

"ဦးထော်၊ ဒေါ်ပုလုံးတို့၏အိမ်၌ ချင်းတို့၏သမီး မြအနုစ်ကိုသားတော်အိမ်ရှေ့မင်း မုဒုစိတ္တ၏မိဖုရားအဖြစ်နှင့် ငါချီးမြှောက်မြှင့်တင်လိုသောကြောင့် ပန်းတုံးတိုင်စိုက်၊ ရာဇမတ်ကာရံထား၊ အစောင့်အနေချထား။ အခါနေ့ရက်ကောင်းသော အချိန်တွင် ငါကိုယ်တော်တိုင်သင်းကလေးကို သိမ်းယူ၍ ချီးမြှင့်မြှောက်စားတော်မူမည်"

"ဦးတည့်ရပ်ပါ ဘုရား"

"အမိန့်တော်တည်စေ"

× × ×

ဂုတ်ဝန်မင်း၊ ပုရောဟိတ်တို့နှင့် အမှုထမ်းများတို့သည် လက်ပန်

www.burmeseclassic.com

www.burmeseclassic.com



စဥ့်ရွာမကြီးသို့ သွားရောက်၍ ရွာဦးတဲတွင် တည်းခိုကြပြီးသော် ဦးထော်၊ ဒေါ်ပုလုံးတို့၏အိမ်၌ ပန်းတုံးတိုင်စိုက်၊ ရာဇမတ်ကာရံ၍ အဆောင့်အနေများကို ချထားလေ၏။ ထိုအချိန်တွင် မြအနှစ်သည် အိမ်၌ မရှိချေ။ ဒေါ်ပုလုံးကား ရွာစိုးကြီးအား မေးလေရာ ရွာစိုးကြီးလည်း မိမိ၏ရွာက မိဖုရားထွက်ပြီဟု အားရဝမ်းသာနှင့် ဤသို့ပြောလေ၏။

"မပုလုံး၊ မြအနှစ်ကို ဘုရင်မင်းမြတ်က တော်ကောက်၍ သားတော်နှင့် စုလျားရစ်ပတ်ပြီးသော် အိမ်ရှေ့မိဖုရား မြှောက်စားတော့မည် ဖြစ်ခြင်းကြောင့် ယခုလို ပုရောဟိတ်ကြီးနှင့် ဂုတ်ဝန်မင်းတို့က လာရောက်ပြီး ပန်းတုံးတိုင်စိုက်ခြင်း၊ ရာဇမတ်ကာရံထားခြင်းတို့ကို ပြု တယ်"

"သြော်...သည်လိုကိုး၊ ဝန်မင်းနှင့် ပုရောဟိတ်ကြီးကို အိမ်ပေါ်သို့ပင့်ပါ"

ဒေါ်ပုလုံးကား ရှင်ဘုရင်၊ မိဖုရားတို့၏ ခမည်းခမက် ဖြစ်ရတော့မည်ကြောင့် အလွန့်အလွန် ဝမ်းသာအားရ ရှိပြီးသော် ဂုတ်ဝန်မင်း၊ ပုရောဟိတ်ကြီးတို့အား အထူးဧည့်သည်အဖြစ်နှင့် ဧည့်ဝတ်ကုံ၎ ပြီးလျှင် စကားပြောဆိုနေကြလေ၏။ ပုရောဟိတ်ကြီးလည်း စကားတံစိုးအားဖြင့် ဤသို့ လောလောလတ်လတ်ပြောလေ၏။

"ကျွန်တော်က မြကလေးရဲ့ ရုပ်လက္ခဏာကိုမြင်မိခြင်း၊ အသံကိုကြားရခြင်းတို့နှင့်ပင် ဟဲ့...ဒါတော့ မုချ ဧကရာဇ်ဘုရင်၏ မိဖုရားခေါင်ကြီးဖြစ်ရမယ်ဟု အတပ်သိတာနှင့် ဘုရင်မင်းမြတ်ထံဝင်ပြီး သံတော်ဦးဘင်တော့ ဘုရင်မင်းမြတ်ကလည်း သဘောတော်ကျသဖြင့် ချက်ချင်းတော် ကောက်တာပါပဲဗျာ"

"ပုရောဟိတ်ကြီး၊ ကျွန်မက ကိုယ့်သမီးကြောင့် ကိုယ်ပြောတာ မဟုတ်ဘူးရှင့်။ တခြားအရွယ်တူ မိန်းကလေးများမှာတော့ အလုပ်ထွက်



ရန် ဖြီးလိုက်ရ၊ ပြင်လိုက်ရ၊ ဆင်လိုက်ရ၊ သလိုက်ရ၊ ဝတ်လိုက်ရတာ ပြီးနိုင်ဘူး။ ဒါပေမဲ့ နဂိုမရှိတော့ နဂိုင်းမထွက်ရှာကြဘူးပေါ့။ မြအနှစ်တို့ကတော့ ဘယ်အချိန်က ထသွားသွားဖြီးစရာ၊ လိမ်းစရာ၊ ပြင်စရာ၊ သစရာမလိုထင်းထင်းကြီးပေါ့"

"မိဖုရားဖြစ်မယ့်ရုပ်ဆိုတာ ဒီလိုပေါ့ခင်ဗျာ"

ထိုသို့ပြောဆိုနေစဥ်တွင် မြအနှစ်သည် မိန်းကလေးများနှင့် တောသဘာဝအတိုင်း ထင်းခွေရာမှ ပြန်လာ၍ ထင်းစည်းကိုခေါင်းပေါ်မှ ချပြီးသော် "အလို ဒါတွေဟာ ဘာလဲ၊ ဘယ့်နှာလဲ"ဟု အသံပြင်းပြင်းထလေးနှင့်ဆိုလေ၏။

ထိုအခါ ဂုတ်ဝန်မင်းသည် အိမ်ပေါ်မှဆင်းလာ၍ "အမြရဲ့၊ ဘုရင်မင်းမြတ်က သားတော်အိမ်ရှေ့မင်း မှဒုစိတ္တဖို့ တော်ကောက်လို"ဟု ဆို၍ စကားမဆုံးမီပင် မြအနှစ်သည် ရှုံ့ကြောက်ခြင်းကင်းသောမျက်နှာ၊ သောအသံနှင့် ဤသို့ဆိုလေ၏။

"ဘာ၊ ဒါဖြင့် ချက်ချင်းပန်းတုံးတိုင်ကိုပြန်နုတ်သွား၊ ရာဇမတ်တွေကိုပြန်သိမ်း၊ အမှုထမ်းတွေကိုပြန်ခေါ်သွား။ သိပ်ကို စော်ကားတာ ကိုး။ ခေါင်းဆိုပြီး ထင်သလိုလုပ်တာကို မိအမြက ဘာခံမလဲ၊ ပြန်နုတ်သွား"

ထိုအခါ ဒေါ်ပုလုံးသည် အိမ်ထက်မှဆင်းလာ၍ ဤသို့ပြောဆိုသတော့၏။

"ဟဲ့...မိမြရယ်၊ ညည်း ဘာတွေကိုမထိမဲ့မြင် ပြောရတာလဲ၊ ဘုရင်မင်းမြတ်က အမြင်တော်တတ်တာကြောင့်"

"အမေ တိတ်တိတ်နေရင်မင်္ဂလာရှိမယ်၊ အမေက ဘုရင့်ခေတ်တော်ချင်လို့လား။ ရှုံ့စရာ၊ ကာယကံရှင်က ဒီမှာ" ဆိုပြီးလျှင် မြအနှစ်သည် ရင်ဘတ်ကို ပုတ်ပြ၍ ဤသို့ဆိုပြန်၏။

"မိမြ သဘောမတူဘဲ ဘယ်သူ့တော်ကောက်ခြင်းကိုမှ မခံ၊ နိုင်

www.burmeseclassic.com

www.burmeseclassic.com



ထက်စီးနင်း သူတကာ့သမီးပျိုကို ဒီလိုပဲ စော်ကားရသလား"

"ဟဲ့ . . .မိမြ၊ နင်က ဘုရင့်အမိန့်တော်ကို မရှိမသေ မလေးမစား ဘဲနင့်ဒီလိုမပြောနှင့်။ ဘုရင်ဆိုတာ မြေပိုင် ရေပိုင် ဓားပိုင်ဟဲ့"

"ဒါဟာ အမိန့်မဟုတ်ဘူး၊ ကာမ ဓားပြတိုက်တာ ခေါ်တယ်။ ဘုရင်ဆိုတာ တိုင်းသူပြည်သားရှိမှဖြစ်တာ။ မြေပိုင်ဆိုတာ လယ်သမား၊ ရေပိုင်ဆိုတာ တံငါ၊ ဓားပိုင်ဆိုတာ တောင်ယာသမား။ အမေ အေးအေးနေ"

"ဟဲ့ မိအမြ၊ နင်က နင့်ရုပ်ရည်ကို အားကိုးပြီး မာန်တက်တာလား၊ ကျွန်ရုပ်မ၊ တကတည်း ကျွန်ရုပ်မ။ ဝန်မင်းနှင့် ပုရောဟိတ်ကြီးတို့မှ အားမနာ၊ လင်းတလောက် ငှက်တိုင်းလှတယ်သီလား"

"အမေဟာ ဘာမှမသိဘဲနဲ့ပြောတာ၊ အမေ အသာအေးအေးနေ ရင် အင်မတန်မင်္ဂလာရှိမယ်"

"အံမယ် ကျွန်ရုပ်မ၊ ငါသိလို့ပြောတာ၊ နင်က အလှဂုဏ်ကိုးပြီး ဒီလောက်တောင် မာန်တက်ရသလား။ ထို့ ကျွန်ရုပ်မ၊ ဝန်မင်း၊ သင်းက ဒါတွေကိုရုပ်သိမ်းသွားဆိုပေမဲ့ ဘာရုပ်သိမ်းရမလဲ။ မရုပ်သိမ်းပါနှင့်၊ ကျွန်ရုပ်မက အင်မတန် အလှဂုဏ်မောက်တယ်"

"စု အမေပြောနေတာဟာ ကျွန်မကို အိမ်ကနှင်ချတဲ့စကား၊ ကျွန်မ က ကျေးဇူးရှင်မိဘမို့ တရိုတသေနှင့် လုပ်ကျွေးမွေးမြူနေတာ"

"ဟုတ်တယ် ဟုတ်တယ်၊ ငါ့အိမ်မှာနေရင် ငါ့စကားကို နား ထောင်ရမယ်။ တကတည်း ကျွန်ရုပ်မ ကြီးကြီးကျယ်ကျယ်"

မြအနှစ်သည်ကား မိခင်နှင့်ပြိုင်၍ စကားဆိုင်မနေလို။ မိခင် စကားကို တုန့်လှူပ်ခြင်းမရှိသော်လည်း စဉ်းစား၏။ ထို့ကြောင့် မည်သူနှင့် မျှ စကားမဆက်ဘဲ သူ၏အခန်းထဲသို့ ဝင်သွား၍ မင်းတုပ်ချထား လိုက်လေ၏။

—

[၂]

လုလင်ပျိုငယ်တစ်ယောက်သည် အလုပ်အကိုင်မရှိ၊ ဆင်းရဲ နွမ်းပါးသဖြင့် အလုပ်ရှာလာရာ အုံးနဲ့မည်သောရွာတွင် အိမ်ဝိုင်းတစ် ဝိုင်း၌ အသီးအနှံများကို စိုက်ပျိုး၍ပြုစုနေသော အမျိုးသမီးတစ်ယောက် ဆို တွေ့သဖြင့် ဤသို့ပြောလေ၏။

'အစ်မ ခင်ဗျာ၊ အလုပ်အကိုင်ကလေးများရှိရင် မစပါ ခင်ဗျာ'

'အစ်မမောင် ဘာလုပ်တတ်သလဲ'

'ကျွန်တော် ခိုင်းစေရာကို လုပ်မှာပါခင်ဗျာ။ မြေပေါက်ဆိုရင် လည်း ပေါက်ပါ့မယ်၊ ပေါင်းထိုးဆိုရင်လည်း ထိုးပါ့မယ်၊ ရေခပ်ခိုင်းရင် လည်း ခပ်ပါ့မယ်။ လက်လုပ်မည်သည့်အလုပ်ကိုမဆို ကျွန်တော် လုပ်ပါ့မယ် ခင်ဗျာ"

"မောင့်နာမည် ဘယ်သူလဲ"

"ငပြည့်ကြီးပါ ခင်ဗျာ"

"လာ...လာ... မောင်၊ စောရှရေ နေရာများခင်းပါကွယ်"

"ကိုင်း ကိုင်း ထိုင်မောင်ပြည့်ကြီး၊ အစ်မမောင်ဟာ အင်[illegible] နာမည်ကို သိသလား"

www.burmeseclassic.com

www.burmeseclassic.com



"မသိပါခင်ဗျာ"

"အဟုတ်မသိဘူးလား"

"မသိပါခင်ဗျာ"

"မောင်ဟာ တကယ်ပဲဆင်းရဲနွမ်းပါးလို့ ဝမ်းစာအတွက် အလုပ်ရှာလာသလား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ အထီးကျန်သောသူတစ်ယောက်ပါ"

"မောင် ဒန့်ကျွဲနေရည် ပုပုကလေးများကို သောက်ဦး၊ မောင်ဟာ အစ်မကို ဘာကြောင့် လိမ်ပြောသလဲ"

"မပြောပါခင်ဗျာ"

"အစ်မဟာ ကျွန်ရုပ်မတဲ့၊ ကျွန်ရုပ်မကို လိမ်လို့ ဘာရမလဲ။ မောင့် မှာ မြေတွင်းဥစ္စာ အတော်များများရှိတယ်၊ မှန်မှန်ပြောစမ်းမောင်"

မောင်ပြည့်ကြီးသည် ငေးစိုက်ကာတွေ၍နေ၏။ ကျွန်ရုပ်မလည်း ဆက်၍ပြောပြန်၏။

"အစ်မဟာ လက္ခဏာကျမ်းကို စီရင် အပြီးသတ်သဖြင့် အင်္ဂဝိဇ္ဇာကို စီရင်နေရာ စဉ်းစားစရာရှိသောကြောင့် ခြံထဲမှ သစ္စာပင်ကလေးများမှာ နည်းယူနေသည်။ မောင် မှန်မှန်ပြော၊ မလိမ်နှင့်။ မောင်လိမ်လျှင် မောင်အကျိုးမဲ့လိမ့်မည်"

"ကျွန်တော် မှန်မှန်ပြောပါတော့မည်"

"အင်း...ပြော"

"ကျွန်တော်သည် သလ္လာဝတီပြည် အရှေ့မြစ်တစ်ဖက်ကမ်း အိုးလုပ်ပြင်မှ သူဌေးကြီး၏တစ်ယောက်တည်းသောသား မောင်ပြည့်ကြီးပါ"

"အင်း..."

"မိဘများ ကွယ်လွန်သွားသောအခါ မြေတွင်း၊ မြေပေါ် ပစ္စည်း



များ ကျန်ခဲ့ပါသည်။ မြေပေါ်ရှိပစ္စည်းများသည် ပညာရှိ မင်းသမီးကြီးသင်းထုံ၏ စကားများကို လိုက်နာ လုပ်ကိုင်သဖြင့် မွဲပြာကျသွားပြီး သော်ကုန်းကောက်စရာမျှပင် မကျန်တော့ပါ။ ထို့ကြောင့် မြေတွင်းမှာ ရှိသောပစ္စည်းများကို ဖော်ထုတ်၍လှူည်း ကုန်ဦးမည်စိုးပါသဖြင့် အလုပ် လုပ်ပုံပါ။ ထိုသဘောအရ ကိုယ်ကိုရင်းနှီးပြီးသော် လက်လုပ် လက်စား အပြစ်နှင့် အသက်မွေးဝမ်းကျောင်း ပြုနေရပါသည်ခင်ဗျား"

"အင်း... သင်းထုံက ဘယ်လိုစကားများကို ပြော၍ မောင်ဘယ်လိုအပ်ပြီး မွဲရသလဲ"

"မင်းသမီးကြီးသင်းထုံက စားပွဲသဘင်တစ်ခုမှာလူမှန်သော် အလုပ်ကိုလုပ်ရမည်၊ လုပ်သောအလုပ်သည် တိုင်းပြည်လူမျိုးအတွက် ဖြစ်စေရမည်၊ သူတစ်ပါး၏အကျိုးကို သယ်ပိုးဆောင်ရွက်ရမည်ဟု ပြောသည့်အတိုင်း လုပ်ကိုင်သောကြောင့်မွဲရပါသည် ဘုရား"

"အင်း ...တကယ်စင်းတဲ့ မောင်ပဲ၊ အသင်းကလည်း အသေးစိတ် ပေတာဘဲကိုး။ ကိုင်း...မောင်လုပ်ပုံကိုပြောစမ်း"

"ကျွန်တော့်မိဘများ ကွယ်လွန်သွားတော့ ကျွန်တော့်မှာ လယ်ယာ မြေ ပယ်နှစ်ထောင်ခန့် ကျန်ခဲ့ပါသည်"

"အင်း"

"သည်မြေများကိုလုပ်သားများအား ချပေး၍ ခင်ဗျားတို့လည်း တင့် တောင်းတင့်တယ်ဖြစ်အောင်လုပ်ကိုင်စားကြ၊ လယ်ယာတို့အထဲမှ ထွက်သော အသီးအနှံများကိုလည်း တိုင်းပြည်အတွက် အလုပ်လုပ်ရ မည်ဆိုသော ထိပ်ထားကြီး မမသင်း ဩဝါဒစကားအရ ဝယ်နိုင်သော သူများအားရောင်း၊ မဝယ်နိုင်သူများအား အလကားပေးပါဆိုသည့် အတိုင်း ဆောင်ရွက်လုပ်ကိုင်ကြသဖြင့် ကျွန်တော်တို့အတွက် လယ် သမားများမှ ကြေးငွေမရတော့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…သူတို့ကော ချမ်းသာပြီး လူတန်းစားမြင့်တက်လာသလား"

"သူတို့မှာ ဆင်းရဲမြဲဆင်းရဲ၍ လာမည့်နှစ်အတွင်း မျိုးရိက္ခာပင် မရှိပါသောကြောင့် ကျွန်တော်ကပင်ပေးရပါသည်"

"ဘာကြောင့် သူတို့မှာ ဆင်းရဲရသလဲ"

"လယ်သမား ယာသမားများသည် လယ်ယာတို့မှ ထွက်သော အသီးအနှံအချို့ကိုရောင်း၊ အချို့ကို ဆင်းရဲသူများအား ဝေငှပေး ပြုလုပ်ကြပါသည်"

"ရောင်းရငွေများကို သူတို့ မောင့်အား မပေးကြဘူးလား"

"မပေးကြပါ"

"ဒါဖြင့် သူတို့မှာ ချမ်းသာရမယ်ပေါ့"

"သည်လိုပါမမ"

"ဆို…"

"ငွေရှင်ကြတော့ သောက်စားမူးယစ်၊ အလောင်းကစားပြု ရိုက်မှု၊ ဆဲမှုဖြစ်၊ ရုံးရောက်၊ အပျော်အပါးလိုက်နှင့် သူတို့လက်ထဲမှာ ငွေ မကျန်တော့သဖြင့် လာမည့်နှစ်အတွက် မျိုးရိက္ခာကို ကျွန်တော်ကပင် ထောက်ပံ့ရပါသည်။ လူမွဲများလည်း မွဲရာမှ မချမ်းသာဘဲ အချို့မှာ တိုး၍ပင်မွဲသွားပါသည်။ သည်လိုနှင့်သုံးနှစ်ခန့်ရှိသောအခါ ကျွန်တော် လည်း သူတို့ကို မကူညီနိုင်တော့ပါ၊ ငှက်ဖျား ဖျားနေသူကို ကိုယ်ဖိရင်ဖိ ပြုစုသောသူမှာလည်း ငှက်ဖျား ဖျားတတ်ပါသည်"

"အင်း…"

"လူမွဲကို လက်ကမ်းသော် ကိုယ်လည်းမွဲရမည်ဟု ကျွန်တော် ယူကျုံး မရ ဖြစ်ရပါသည်"

"မောင် တစ်ခြားအလုပ်ကို ဘာလုပ်သေးသလဲ"



"အိုးအလုပ်ရုံတစ်ခု တည်ထောင်ပါသည်"

"အင်း…ဒါကော"

"အလုပ်သည် တိုင်းပြည်လူမျိုးအတွက်၊ အလုပ်သမားများ အင့်တောင်းတင့်တယ် ဖြစ်ရမယ်ဟု ဆိုသောကြောင့် အလုပ်သမား များ အလုပ်မှရသောငွေကို သူတို့ဘာသာ ဝေခြမ်းယူ၍ပိုမှ ကျွန်တော့် အား ပေးဟုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ရုံကို အလုပ် သမားများက တည်ထောင်သောကြောင့်ပါ။ အလုပ်သည် တိုင်းပြည် လူမျိုးအတွက်ဆိုသောကြောင့် ဝယ်၍မသုံးနိုင်ဟုဆိုသော သူတို့အား အလကားပေးကမ်းစေပါသည်။ ဤနည်းဖြင့် ကျွန်တော်၏ အိုးဖိုသည် လည်း ပျက်စီးသွားပါသည်"

"မောင့် မြေတွင်းရှိ ရွှေငွေများကို ဖော်ထုတ်၍ မလုပ်ဘူးလား"

"လုပ်လျှင်လည်း ယခုကဲ့သို့ပင် ပျက်စီးသွားပါမည်။ ထို့ကြောင့် မလုပ်ပါ"

"မောင် သူဌေးဖြစ်ချင်သေးသလား"

"မဖြစ်ချင်တော့ပါ၊ သို့သော် တင့်တောင်းတင့်တယ်နှင့် အခြေ ချတကျ နေလိုပါသေးသည်"

"ကောင်းပြီ၊ မောင့်ရုပ် လက္ခဏာသည် သူဌေးဖြစ်ရမည်၊ အယုတ် သဖြင့် ကောင်းစားရမည်။ မောင့်အသံသည်လည်း ထိုနည်းလည်း ကောင်းပင်၊ သို့သော် မောင့်မိဘများသည် မောင်သန္ဓေရှိစဉ်အခါ ကြောက်လတိုင် ပျော်မြူးခြင်းကို မရပ်မစဲသဖြင့် မောင်လမ်းလွဲ ဤမျှ သာ လိုက်မိသည်မှာ တော်သေးသည်၊ မောင်သည် သည်ထက် ပျက်စီး အောင်ရှိရမည်။ သို့သော် မောင့်ကို ပြည့်တန်ဆာမတစ်ယောက်က ခေါ်ကိုရိုက်၍ ဆုံးမလွှတ်လိုက်သောကြောင့် မောင် ဤမျှလောက် အဆော်တင်နေသည်"

www.burmeseclassic.com

www.burmeseclassic.com



"မမ ကျွန်တော့်ကိုကယ်ပါ"

"စောရ"

"မမ"

"လာစမ်း၊ မောင်ပြည့်ကြီးအား ပြောပြလိုက်စမ်းပါကွယ်"

"ရှင်လာ ဒီကို"

"ကျွန်တော့်အား ပါးကိုရိုက်မလို့လား"

"ကျွန်မ ပြည့်တန်ဆာမလား"

"ပြည့်တန်ဆာမကတောင် ရိုက်သေးတာပဲ၊ မိန်းမကောင်းဆိုရင် ဘယ်ပြန်ညာပြန် နက်မှာပေါ့"

"ဒါကြောင့် ရှင့်ပစ္စည်းတွေ ပြုန်းတီးတာ၊ လာနားထောင်"

"ဟုတ်ကဲ့"

"လယ်များယာများကို တိုင်းပြည်လူမျိုးအတွက် လုပ်ရမယ်ဆိုတာ ဒီလို..."

"ဟုတ်ကဲ့"

"မိမိတို့ရဲ့ လယ်များယာများကို မြေဩဇာကောင်းသည်ထက် ကောင်းအောင် စီမံလုပ်ကိုင်ပြီးလျှင် အသီးအနှံကောင်းများကို တိုးတက်ကာထွက်အောင် လုပ်ရမည်"

"ဩော်...ဒီလိုကိုး"

"မိမိ၏ လယ်ယာ ထွက်အောင်၊ ကောက်ပဲသီးနှံများကို အများက ဈေးသက်သက်သာသာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် စီမံရမည်။ ထိုသဘော၌ အမြတ်ကြီးမစားရ ဆိုလိုသည်။ ဘယ်အခါမဆို ကိုယ့်ဖို့သာမထားရ၊ သူ့ဖို့ကိုယ့်ဖို့မျှတ၍ သူတစ်ပါးသက်သာချောင်ချိလာ ရန် အမြဲရှေးရှုရမည်"

"ဟုတ်ကဲ့"



"မိမိ၏ လယ်ယာအလုပ်သမားများအား အကျင့်သဘောကို ကြည့်၍ မြှောက်စား မစရမည်။ အကျင့်မကောင်းသောသူအားချီးမြှင့်မြှောက်စားခြင်းသည် သူ့ကို တိုး၍ပျက်စီးစေသည်ကို သတိပြုရမည်"

"သိပ်မှန်တာပါပဲ"

"လယ်ယာအလုပ်သမားများမှာ ခေါင်း၊ ဒိုင်မျိုးများရှိသည်၊ သူတို့အား သဘောတရားကိုနားလည်စေ၍ သူတို့ကိုလွန်ဆန်ပြီးသော် အလုပ်သမားများအပေါ်မှာ စေတနာများရှေ့သော် အလုပ်ပျက်စီးသွားတတ်သည်ကို သိပြုရမည်"

"ဟုတ်ကဲ့"

"အိုးဖိုမှာလည်း ဒီလိုပဲ၊ တိုင်းပြည်အတွက် အလုပ်လုပ်ခြင်းကား မိမိ၏ အိုးဖိုမှထွက်တဲ့ အိုးများဟာ အိုးကောင်း ဖြစ်နိုင်သမျှ ဖြစ်ရမယ်၊ အိုးများထွက်ပြီး လူထုက သက်သာချောင်ချိတဲ့ ဈေးနဲ့ သုံးစွဲရအောင် စီမံရမယ်။ အလကားပေးတဲ့နည်းစနစ်ဟာ ကောင်းပါရဲ့၊ သို့သော် လူများဟာ သူတောင်းစား ဝါဒကို နှစ်သက်နေတော့ အားလုံးကလာပြီး အလကားယူကြမှာပဲ။ ဒါကို သတိပြုပြီး အလုပ်လုပ်ရမယ်"

"အလုပ်သမားများအား နေထိုင်စားသောက်ခြင်း၌ လုံလောက်အောင်၊ လူတန်းစားမြင့်အောင်ဆောင်ရွက်ရမယ်ဆိုတာကောင်းတဲ့သဘောပဲ။ နိုင်ငံတော်ကျေးဇူးကို ဆောင်ရွက်တဲ့သဘောပဲ။ သို့သော် အလုပ်သမားဟာ အလုပ်သမားကောင်းဖြစ်ဖို့ အရေးကြီးတယ်"

"အလုပ်သမားကောင်း ဘယ်လိုဖြစ်ရမှာလဲ ခင်ဗျာ"

"ဩော်...ခက်တယ်၊ မသိဘူးလား"

"မသိပါ"

"နားထောင်ရှင့်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ဟူသည် တိုင်းပြည်က မှီခိုရာ၊ အလုပ်ဟူသည် တိုင်းပြည်က နိုပ်စက်ရာ ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့"

"ဒါဟာ အလုပ်သမားပေါ်မှာ မူတည်ပါတယ်"

"အမိန့်ရှိပါ ခင်ဗျာ"

"အလုပ်သမားဆိုတာ မိမိအလုပ်သည် မြင့်မြတ်တဲ့အလုပ်၊ အလုပ် ဟူသမျှသည် မြင့်မြတ်တဲ့ အလုပ်ချည်းပဲဟု သိထားရမယ်။ ဝန်ကြီးအလုပ်၊ ရှင်ဘုရင်အလုပ်ကိုမှ မြင့်မြတ်တဲ့အလုပ်ဟု ထင်နေရင် ဒီအလုပ်သမားဟာ အလုပ်သမားအစစ် မဟုတ်။ ဂုဏ်နှင့် ထင်ရှားမှုကို ငမ်းနေတဲ့ လူတစ်ယောက်သာ ဖြစ်ရမယ်။ မြန်မာဆိုရင် ကြက်သတ်တဲ့အလုပ်၊ ဝက်ထိုးတဲ့အလုပ်၊ တံငါသမားဆိုရင် မြင့်မြတ်တဲ့အလုပ်ပဲ။ ဘာကြောင့်ဆိုရင် ရှင်ဘုရင်ကစပြီး သူတောင်းစား၊ သုဘရာဇာအထိ သူတို့ရဲ့ အသက်ခန္ဓာမြင့်ရှည်ပြီး တည်ရအောင် ကြက်သား၊ ဝက်သားတို့ကို စားရတယ်၊ ငါးကိုစားရတယ်၊ ဆူးပုပ်ရွက်၊ ကင်းပုံရွက်ကိုချည်း ဘယ်သူမှ စားမနေဘူး"

"ဟုတ်ကဲ့"

"အဲဒီတော့ ငါလုပ်တဲ့ အလုပ်ဟာ မြင့်မြတ်တဲ့ အလုပ်သဘော ပိုက်ဖို့လိုတယ်။ ဒီလိုသဘောမပိုက်ရင် အလုပ်ဘယ်တော့မှ မကောင်းဘူး၊ အလုပ်မကောင်းရင် တိုင်းပြည်လူမျိုးအတွက် ဘယ်တော့မှ မဖြစ်ဘူး။ မကောင်းတဲ့ အလုပ်သမားအား မြှောက်စားရင် တိုင်းပြည်ကို ဖျက်ဆီးပစ်တာနဲ့အတူတူပဲ။ ဘာကြောင့်လဲ အလုပ်ရုံနှင့် အလုပ်ဟာ ပျက်စီးသွားလို့..."

"ဟုတ်ကဲ့"

"ဘယ်လိုအလုပ်သမားဟာ အလုပ်သမားညံ့လဲဆိုတာကို သတိပြု



ရမယ်"

"ဟုတ်ကဲ့"

"ရှင်ဘုရင်၊ ဝန်ကြီး၊ သူဌေး သူကြွယ်တို့ကို ဝတ်စားနေထိုင်မှု၌ တောပရဘူးဟု မဆိုလိုပါဘူး။ သို့သော် အချိုးကို နားလည်ရမယ်။ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့်၊ ထိုင်မသိမ်းအကျီကိုဝတ်၊ ပိုးပုဆိုးကို ခါးတောင်းကျိုက်ကာ အိုးထိန်းစက်ကို လှည့်နေရင်၊ လက်ကန်ကင်းကို ခတ်နေရင် ဘယ်လိုနေမလဲ။ ဒါထက်ဆိုးတာက သောက်စားမူးယစ်နေတယ်၊ အလောင်းကစားပြုတယ်၊ အပျော်ကြူးတယ်၊ မိန်းမလိုက်စားတယ်ဆိုရင် သည်အလုပ်သမားဟာ ဘယ်လိုနေမလဲ။ ဒါကို အလုပ်ရုံအုပ်ထောင်နေတဲ့ သူဟာ သိရမယ်"

"ဟုတ်ကဲ့"

"ပမာဆိုရင် လယ်သမားတစ်ယောက်ဟာ လယ်ကန်သင်း၊ ကန်သင်းတို့ကို မပြင်၊ မြေဩဇာကို မချ၊ ထွန်၊ ထွန်သွားတို့ကို တင်ကြို ပြင်၊ နွားကို ကောင်းစွာ မကျွေး၊ နွားမ ကျွဲမတို့ကို တင်ကြို၍ မမွေး။ ဒီလယ်သမားမှာ သူ့လယ်ကောင်းနိုင်ပါ့မလား၊ အသီးအနှံ ကောင်းကောင်းထွက်ပါ့မလား။ လုပ်နေသော နွားရှည်း၊ ကျွဲရှည်း ပျက်စီးသွားရင်၊ အသစ်ဘယ်ကရမလဲ၊ ထိုသူ့အား လယ်ပိုင်ရှင် အဖြစ်နှင့်ပေးထားသော် ဘယ်လိုနေမလဲ။ ဒါကို သိတတ်ရတယ်၊ ပြီးတော့ လယ်သမားက အရည်သောက်၊ အရမ်းသုံး၊ လောင်းကစားပြု၊ ရန်ဖြစ်၊ ရုံးရောက်၊ သည်လိုလူအား မစ၊ ချီးမြှောက်သော် ဘယ်လိုနေမလဲ၊ သူ့မှာ မျိုးဖိုးကို စားစဉ် လိုရမယ်"

"ဟုတ်ကဲ့"

"အဲဒီတော့ သင့်အား ငါ့မြေကို သီးစားချမယ်၊ တစ်နှစ်ဘယ် လောက်ပေးရမယ်၊ မပေးရင် မြေကို ပြန်သိမ်းမယ်ဆိုတဲ့ ငွေရှင်ဝါဒကို

www.burmeseclassic.com

www.burmeseclassic.com



သုံးတန်တဲ့ သူ့အပေါ်မှာလည်း သုံးရသေးတယ်။ ဒါမှ ရတဲ့ ငွေကြေးကို အရမ်းမသုံးမဖြုန်းဘဲ အလုပ်ကိုကောင်းကောင်းလုပ်လာမယ်၊ ဒီလိုလူမျိုးလည်း ရှိသေးတယ်။ ဒါကို သတိပြုရမယ်"

"ကျွန်တော် မှားလာခဲ့ပြီဗျာ"

"အလုပ်ရုံတစ်ရုံမှာလည်း သည်လိုပဲ"

"ဟုတ်ကဲ့"

"ရှင်. . . .ကျွန်မတို့ရဲ့ အိမ်မှာသုံးရက်တည်းနေ၊ မမ ကျွန်ရုပ်မက စီမံပေးထားလို့ ရွာသားတွေ ဘယ်လို လုပ်ကိုင်နေတယ်ဆိုတာကို ရှင်သိမယ်။ သူတို့နှင့်လည်း မိတ်ဖွဲ့ပြီး ဆွေးနွေးပေါ့"

ညဥ့်အချိန်သော် ကျွန်ရုပ်မသည် မိန်းကလေးသုံးယောက်နှင့် ဝွမ်းဖတ်နေ၏။ စောရသည် ချည်ဆွဲနေ၏။ မောင်ပြည့်ကြီးကား ကြည့်နေ၏။

စောရသည် ပြည့်ကြီးအား ဤသို့ စကားဆို၏။

"ရှင် ရွာထဲမှာ လည်ကြည့်တာ ဘာတွေကိုတွေ့ခဲ့ရသလဲ၊ ဘာသိသလဲ"

"ဘာမှ မှတ်သားစရာမတွေ့၊ ဘာမှလဲ မသိ"

"ဩော်. . . .တယ်လည်း လျှော့တဲ့ သူဌေးသားပဲ"

"ဆိုတော့ခင်ဗျာ"

"သည်လိုသာဆိုရင် ရှင် ဖရုပ်နှင့် အဆုံးသတ်ရမယ်"

"ဒါကို ရောက်တာပါပဲ"

"ကျွန်မ နေ့လယ်က ပြောတာတွေကို ရှင် ဘာမှ နားလည်မှာမဟုတ်ဘူး"

"လည်တန်သရွေ့တော့"

"ကြက်မွေး၊ ဘဲမွေးနေတဲ့လူကို မတွေ့ခဲ့ဘူးလား"



"တွေ့ပါတယ်"

"သူတို့ထဲမှာ မြို့က ကြက်တွေ၊ ဘဲတွေလာပြီး ဝယ်တာကိုကော မတွေ့ဘူးလား"

"တွေ့ပါတယ်"

"ကြက်ဥဆားစိမ်၊ ဘဲဥဆားစိမ်များ ရောင်းတာကိုကော မတွေ့ခဲ့ဘူးလား"

"တွေ့ပါတယ်"

"ဝက်မွေးနေတဲ့လူတွေကော"

"တွေ့ခဲ့ပါတယ်၊ သူတို့ထဲမှာ ဝက်ဝယ်နေတဲ့ သူတွေကိုလည်း တွေ့ခဲ့ရပါတယ်"

"အဲဒါကြောင့် အလုပ်ဆိုတာ အမျိုးမျိုးရှိပါတယ်။ သူနှင့်သူတန်တဲ့အလုပ်ကို လုပ်ကြရပါတယ်။ သည်လို ကြက်၊ ဝက်၊ ဘဲတို့ကို မွေးတဲ့လူများအား အားပေးခြင်း၊ အကြံဉာဏ်ပေးခြင်းတို့ဟာ မကောင်းကြောင့် ပတ်သက်နေလို့ သဘောမကျစရာပေါ့၊ အပြစ်ဆိုစရာပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘဲ၊ ကြက်၊ ဝက်တို့ကို လူများက မစားကြဘူးလား"

"စားကြပါတယ်"

"စားရင် ပေါက်သောက် မွေးကြပြီး၊ ပေါက်သောက်အရမ်းကာဆာ ဖြစ်ချင်သလိုဖြစ်ကြမှာပေါ့"

"သည်စကားကို ကျွန်တော် နားမလည်ပါ"

"ဩော်...သည်လိုကိုး။ ကြက်၊ ဝက်၊ ဘဲတို့ကို သတ်တာဟာ မကောင်းမှုပေါ့။ ဒါပေမဲ့ သည်သတ္တဝါတွေကို စည်းနှင့်ကမ်းနှင့် နည်းကျကျမွေးထားတော့ မိုးလုံလေလုံနှင့် ကောင်းကောင်းအိပ်ရတယ်၊ ကောင်းကောင်းနေရတယ်၊ ကောင်းကောင်းစားရတယ်။ အဲသည်လို

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများကို ကျွေးရတာဟာ ကောင်းမှုပဲ မဟုတ်လား"

"အသားတိုးရန်လို့ မယူထိုက်ဘူးလားဗျာ"

"စိတ်ရှင့်။ သံသရာမှာ ပြုသူဝဋ်သစ်၊ ခံရသူဝဋ်ဟောင်းပါတဲ့၊ ရုပ်ဝါဒအရ ကြက်နှစ်ကောင်က ကြက်ပွားတယ်၊ ဘဲနှစ်ကောင်က ဘဲပွားတယ်၊ ဝက်နှစ်ကောင်က ဝက်ပွားတယ်။ ဒါပဲ မဟုတ်လားရှင်"

"ဟုတ်ပါတယ်။ ကြက်ဖြစ်ဖို့ရန် ဝဋ်မကင်းတဲ့ သတ္တဝါကကြက်ဖြစ်၊ ဝက်ဖြစ်ဖို့ရန် ဝဋ်မကင်းတဲ့ သတ္တဝါက ဝက်ဖြစ်။ သူတို့ဟာ သူတို့ရဲ့ ဝဋ်အတိုင်း ဘယ်သူကမှ မပြုပေတယ်လို့ တွေ့ကြရမယ်။ မသတ်ရင် မသေရဘူး၊ လူက သတ်လို့သာ သေရတယ်လို့ ယူဆရင် ကံ...ကံ၏ အကျိုးကို မယုံကြည်ရာရောက်တယ်။ သတ္တဝါတစ်ခုကို အပြစ်ပေးတာဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာနသဘောတို့သာ ဖြစ်တယ်။ အဲဒီ မကောင်းမှုကို ဘယ်သူလုပ်သလဲ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့က လုပ်တယ်။ သတ္တဝါတစ်ခုကို မသေမီ စောင့်ရှောက် ထားခြင်းဟာလည်း စေတနာအလျောက် ကောင်းသော အမှုကို ဖြစ်စေ နိုင်ပါတယ်။ အဲဒီတော့ လူတန်းစားအသီးသီးဟာ ကိုယ်နှင့်လျော်တဲ့ အလုပ်ကို လုပ်ခြင်းမှုသာ လုပ်သောအခါမှာသာ ကောင်းသောစိတ် ထားကို ပြုသင့်ပါတယ်။ ဒီလိုအုံးနဲ့ရွာကလေးက ကြက်၊ ဘဲ၊ ဝက်၊ ကြက်ဥဆားစိမ်၊ ဘဲဥဆားစိမ်တို့ အမြောက်အမြားထွက်နေတော့ ဒီရွာကလေးမှာ အသပြာ မရှားဘဲ သာယာတာကိုထား၊ ခု သလ္လာဝတီ ရွှေမြို့တော်ကြီးမှာ သားရေ ငါးရေး ချိုနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်မ ဥပမာတစ်ခုပေါ့ရှင် ပြောပြပါမယ်။ မမက ကြက်မကြီး တစ်ကောင်ကို သတ်မယ့်ဆဲဆဲမှာ ကယ်တင်တဲ့သဘောနဲ့ယူလာခဲ့ပြီး မွေးထားပါဟယ်၊ ကြက်မကြီးက ဥဆယ့်ငါးလုံးဥပြီးဝပ်တယ်။ ဝပ်တဲ့



သတ တပေါင်းလဆိုတော့ သုံးကောင်တည်းသာပေါက်နိုင်တယ်၊ ကြက်ဥဆယ့်နှစ်လုံးဟာ ကြဲ့ပြီး ပုပ်သွားတယ်"

"ကိုင်း ရှင် ကြက်ဥကို ပြုတ်မစားတာနဲ့ ကြက်ကလေးပေါက်နိုင်သလား"

"ဟုတ်ကဲ့ စဉ်းစားစရာ"

"ဒါနဲ့ ကြက်မကြီးနဲ့ ကြက်ကလေးသုံးကောင်ကို ဂရုစိုက်ပြီး ထားတာနဲ့ ကျွေးမွေးလာလို့ တော်တော်ကြီးလာတော့ ကြက်ခြံထဲ ကြောင်ဝံပိုက်ကဝင်ကာ ပထမညမှာ ကြက်မကြီးရဲ့ခေါင်းကို ဖြတ်ပြီးစား သွားပါတယ်၊ နောက်ကျတော့ ကြက်ကလေးသုံးကောင်ဟာ ခေါင်းပြတ် ပြီးသေရတယ်။ ကိုင်းရှင် သတ္တဝါသဘောကို စဉ်းစားကြည့်"

"ဟုတ်ကဲ့"

"အဲဒီလိုပဲ လူတိုင်းကို ကယ်တင်ချင်တာပဲ၊ ကယ်တင်ခြင်းကို ခံထိုက်တဲ့လူကမှ ခံနိုင်ပါတယ်။ လယ်သမား ကောင်းစားရေး၊ အလုပ် သမားကောင်းစားရေးကို မလုပ်ရဘူးလား၊ လုပ်ရမယ်။ သို့သော် သဘာဝနှင့် မဆန့်ကျင်ရဘူး၊ တိုင်းပြည်လူထုအတွက် အလုပ် မလုပ် ရဘူးလား၊ လုပ်ရမယ်။ သို့သော် သဘာဝနှင့် မဆန့်ကျင်ရဘူးရှင်"

"ကျွန်တော်တော့ဗျာ အ၊ တာ၊ ဖျင်းတာပါပဲ၊ ဘာမှ မတတ်ဘူး။ ကျွန်တော့်မှာ မြေကြီးထဲတွင် အသပြာရွှေငွေအများကြီးရှိပါတယ်၊ ဒါကို ဖော်ပေးပါ့မယ်၊ စောရုပဲလုပ်စမ်းပါ"

"အလို ကိုပြည့်ကြီး၊ ရှင့်စကားဟာ လူဖျင်းလှည့်တဲ့စကားဖြစ်နေပြီ"

"ဒီလိုထင်တော်မမူရန် တောင်းပန်ပါတယ်"

ထိုသို့နှင့်မောင်ပြည့်ကြီးသည် ပြန်လေ၏။

ထို့နောက် တစ်နှစ်ကျော်လွန်သောအခါ မောင်ပြည့်ကြီးနှင့် လူ ခင်ယောက်သည် မြင်းတစ်စီးစီဖြင့် ကျွန်ရုပ်မအိမ်သို့ ရောက်လာ၍

www.burmeseclassic.com

www.burmeseclassic.com



စောရသည် အသင့်အတင့်ပြုကာ ငြိမ့်ခံထားနှင့်လေ၏။ ကျွန်ရုပ်မကား ပရိဗိုဇ်မများနေသော ကျောင်းသို့သွားနေ၍ မောင်ပြည့်ကြီးတို့သည် ရုတ်တရက် ကျွန်ရုပ်မကို မတွေ့ကြရချေ။

ကျွန်ရုပ်မသည် ညနေစောင်းမှ ပရိဗိုဇ်မတစ်ယောက်နှင့် ရောက်လာရာ မောင်ပြည့်ကြီးနှင့်ငြိမ့်သည့်ကို မြင်တွေ့ရလတ်သော် ဤသို့ဆိုလေ၏။

"စောရရယ် ဘုရင်မင်းမြတ်ကို ဒီလိုပဲထားရသလား၊ ရွာစိုးနှင့် လူကြီးများထံ အကြောင်းကြားပါလား"

"အမိငယ်၊ အမိငယ်သည် အလွန်ကြီးကျယ်သောစကားကို ဆိုပါကလား။ သူသည် ဘုရင်မင်းမြတ်လား၊ ကျွန်ုပ်သည် ဘုရင်မင်းမြတ်လား။ ဘုရင်မင်းမြတ်သည် ဒီလိုလား"

"ရွှေဘုန်းတော်ရှင်ဘုရား၊ ကျွန်ရုပ်မ လျှောက်တင်ပါအံ့"

"ကိုင်းပြောစမ်းပါဗျာ၊ လျှောက်တင်တယ်ဆိုတာကို အသာထားစမ်းပါ"

"သူဌေးသည် ရှင်ဘုရင် မဖြစ်နိုင်ပါဘုရား၊ ရှင်ဘုရင်သည် သူဌေးမဟုတ်ပါ ဘုရား။ အဝတ်အစားအဆောင်ယောင်အားဖြင့် ရှင်ဘုရင်၊ သူဌေး၊ သူကြွယ်၊ သူဖုန်းစားဟု သိမြင်ခြင်းသည် သူကန်း၏သိမြင်ခြင်းပါဘုရား။ ရုပ်လက္ခဏာသည်သာလျှင် လူတို့၏ဘဝကိုပြနေခြင်းပါ ဘုရား။ အရှင်ဘုရားတို့ အဝတ်မပါဘဲနေသော် ဤရှင်ဘုရင်သည် မည်သို့သော မည်မျှလောက် ဘုန်းတန်ခိုးရှိသောဘုရင်၊ မည်သို့သော သူဌေးဟု အတပ်သိနိုင်ပါမည် ဘုရား"

"ဟာ အမိရယ်"ဟု ဘုရင်မင်းမြတ်သည် ကြမ်းကိုပင် ပုတ်မိတော့၏။ ကျွန်ရုပ်မလည်း စောရအား ရွာစိုးထံသို့ လွှတ်လိုက်လေ၏။

"အမိငယ်၊ သင့်အမည်ကား ဘသို့လဲ"



"ကျွန်တော်မျိုးမရဲ့အမည်ကား ကျွန်ရုပ်မပါ ဘုရား"

"ဟဲ့၊ သမီးတော်အမည်ဟာ သမီးတော်နှင့်မလိုက်ပါလား"

"မွေးသည့်မိခင် ကျေးဇူးရှင်က မှည့်ခေါ်သော အမည်ကြောင့် လိုက်ရုံမျှမက အလွန်သင့်တော်ကြောင်းပါ ဘုရား"

"အမိငယ်ဟာ ငါ၏သမီးတော်ဖြစ်စေ"

"မလောသင့်ပါ ဘုရား"

"သမီးတော်၊ ငါကား ဘုရင့်စည်းစိမ်နှင့် မြိန်နေမိသဖြင့် နောက်ကျနေပြီ။ အမိငယ်သည် ဤအချိန်ကစ၍ ငါ၏သမီးတော်တည်း"

ကျွန်ရုပ်မသည် စဉ်းစားသကဲ့သို့ တည်နေ၏။ ဘုရင်မင်းမြတ်သည် ဤသို့ဆက်၍မိန့်တော်မူပြန်၏။

သမီးတော်၊ ဤအုံးနဲ့မည်သော ရွာသည် ရုတ်တရက် တိုးတက်ငြိပင်၍ သာယာတင့်တယ်လာသည်ကို ငါသည် ဘုရင့်စည်းစိမ်၌ မြိန်နေသဖြင့် အဘယ်ကြောင့်ဟုမသိ။ ဤကား ငါ၌ တွေဝေဖုံးလွှမ်းမှုကြောင့် ယစ်နေခြင်းကြောင့်ဖြစ်၏။ မင်း၏အရည်အချင်းချွတ်ယွင်းနေ၏။

"သမီးတော် ငါ၏နေပြည်ကပင် ဤအုံးနဲ့ရွာက ဟင်းသီးဟင်းရွက်၊ အစားအသောက်တို့အတွက် မှီခိုနေရသည်ဟု ငါ၏သမီးတော်သင်းထုံက တင်ဖူး၏။ ဂရုမစိုက်မိ၊ အုံးနဲ့ရွာက ကောက်ပဲသီးနှံများစွာ ချွေက်၍ အခွန်တော်ပိုမိုကာ ရွာစိုးသည်လာရောက်ကာ ဆောင်၏။ ဆောင်ရဘူးဟု ဆိုသည်ကိုပင် မရ၊ အခွန်တော်ကို နှစ်စဉ်များကထက် ပိုမို၍ဆောင်၏။ အုံးနဲ့ရွာဒေသကလေး၌ ကောက်ပဲသီးနှံဈေးသည် အလွန်သက်သာသည်ဟု ဘဏ္ဍာရေးဝန်ကြီးကပြောဖူး၏။ ငါသည် သတိ မထားမိ၊ သမီးတော်သင်းထုံ၏လျှောက်တင်ခြင်းဖြင့် ရွာစိုးအုန်းဖျော်အား (ထင်ကျော်သူ) ဘွဲ့ကိုပေးရာ အုန်းကျော်က "ရွှေဘုန်းတော်

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား...ကျွန်တော်မျိုးကိုထင်ရှားလို့သူ၊ လူညာဟု ရွာကထင်ပါလိမ့်မည်။ မည်သည့်ဘွဲ့ထူးဂုဏ်ထူးကိုမျှ လက်မခံရပါစေနှင့်။ အလုပ်သည် အလုပ်ပါဘုရား" ဟု ငြင်းပယ်၍ တင်သည်ကို ငါသည် မစဉ်းစားမိချေ။ ထို့ကြောင့် ငါသည် နောက်ကျနေပြီ။ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့စရာဖြစ်ချေပြီ သမီးတော်"

ထိုသို့ဘုရင်မင်းနှင့် ကျွန်ရုပ်မတို့ပြောဆိုနေကြသည့်တွင်ပင် ရွာစိုးကြီးနှင့် ရွာလူကြီးများတို့သည် ဘုရင်မင်းမြတ်ထံ ရောက်လာကြလေ၏။

ရွာစိုးကြီးလည်း မိမိ၏ရွာအတွင်း၌ နေရာထိုင်ခင်းတို့ကို ပြင်ဆင်ရန်ပြောကြားရာ ဘုရင်မင်းမြတ်လည်း အခွင့်ပြုရလေ၏။ ဘုရင်မင်းမြတ်မင်းဆွေသည်လည်း အတော့်ကို ထူးဆန်းသော ဘုရင်မင်းမြတ်ဟု ဆိုမလား၊ ၎င်းသည် ပညာရှိကို အလွန်နှစ်သက်၏။ လောကသည် ပညာရှိအားဖြင့်သာ ထွန်းပြောင်နိုင်သည်၊ သာယာအေးချမ်းနိုင်သည်ဟု အယူရှိ၏။ ထိုအယူသည် မှားတတ်သလော။

အခါတစ်ပါးသော် မင်းဆွေသည်တိုင်းခန်းလှည့်လည်တော်မူလာရာ မိမိ၏သူဌေးကြီး ဦးရွှေသား၏ အိမ်ရှေ့သို့ ရောက်ကာလ တိုက်ဆိုတ်နေသော ဦးရွှေသား၏အိမ်ကိုလည်းကောင်း၊ ပျက်စီးယိုယွင်းနေ၍ ဟင်းလင်းအတိဖြစ်သော ကျိုကျတို့ကို လည်းကောင်း မြင်ရာ ငါ၏သူဌေး ဦးရွှေသား ကွယ်လွန်သွားရာ သူ့သား ပြေည့်ကြီးဆက်ခံမလုပ်ကိုင်သလောဟု မေးတော်မူလေ၏။

ထိုအခါ နောက်ပါအမှုထမ်းများက "ပြေည့်ကြီးလက်ထက်ကလယ်ယာမိုးမြေတို့သည် ဆုံးပါးပျက်စီးသွားသည့်ပြင်၊ အိုးဖိုကြီးသည်လည်း ဆုံးပါးပျက်စီးသွားသဖြင့် မောင်ပြည့်ကြီးသည် ဤမှာမနေသာဘဲ ဖဲကာ သွားရပါသည်" ဟုလျှောက်တင်ကြကုန်၏။



ဘုရင်မင်းမြတ်လည်း "ခပ်သိမ်းသော အပြုသဘောမည်သည် မြဲသည်မရှိ၊ အပျက်သာလျှင်ဖြစ်ရဘိ၏"ဟု ထိတ်လန့်ခြင်းဖြင့် ဆက်လက်၍ တိုင်းခန်းလှည့်လည်သွားတော်မူလေ၏။

ထို့နောက် နှစ်အတန်ငယ်ကြာသောအခါ ဘုရင်မင်းမြတ်သည် တိုင်းခန်းလှည့်လည်တော်မူခြင်းအားဖြင့် ဦးရွှေသား၏နေရာသို့ပင် ရောက်သွားလေရာ သာယာလှပတင့်တယ်သော အိမ်ကြီးနှင့် ကျိုကျတို့ ညီစည်ကားကားရှိသည်ကိုတွေ့ရလေ၏။

ထိုအခါ ဘုရင်မင်းမြတ်သည် ဤနေရာ၌ မည်သူလာ၍ အခြေစိုက်ပြန်သလဲဟု မေးတော်မူ၏။ ထိုအခါ မင်းချင်းတို့သည် "ဦးရွှေသား၏သား မောင်ပြည့်ကြီးသည်ပင် ပြန်၍ အခြေစိုက်ကာ တင့်တောင်းတင့်တယ်နှင့်ရှိနေပါသည်"ဟုတင်လျှောက်ကြလေ၏။

ဘုရင်မင်းမြတ်သည် ပြေည့်ကြီးကား ပညာရှိ ယူဆကောင်းဖြစ်တန်ရာသည်ဟု ဆက်လက်ခရီးထွက်တော်မူပြီးနောက် ပြန်တော်မူလေ၏။

ဘုရင်မင်းမြတ်သည် နန်းတော်သို့ ရောက်လာကာ မိဖုရားကြီးအား ဤသို့မိန့်တော်မူလေ၏။

"ရှင်မိဖုရား၊ ငါသည် ဟိုအခါက တိုင်းခန်းလှည့်လည်တော်မူရာတွင် ငါတို့၏အဆွေဦးရွှေသားသည် ကွယ်လွန်၍ ချင်း၏ပစ္စည်းများနှင့် စည်းစိမ်အရပ်ရပ်တို့သည် ပျက်စီးနေသည်ကို တွေ့ခဲ့ရသည်"

"ယမန်က ငါသည် တိုင်းခန်းလှည့်လည်တော်မူပြန်ရာ ဦးရွှေသား၏အိမ်နေရာတွင် ရှေးကထက်ပင် ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်နှင့် ကျိုကျများကိုတွေ့ရသောကြောင့် မည်သူသည် လာရောက်ပြီးသော အခြစိုက်ဘိသနည်းဟုမေးမိသည်"

"ထိုအခါ မင်းချင်းတို့က ဦးရွှေသား၏သား မောင်ပြည့်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ပင် လာရောက်အခြေစိုက်သည်ဟု တင်ကြလေသည်။ ထို့ကြောင့် ပြေည့်ကြီးသည် ဉာဏ်ပညာနှင့်ပြည့်စုံသူ ဖြစ်ရမည်။ ထိုသို့ဖြစ်ချေ၍ ပြေည့်ကြီးသည်လူပျိုသာဖြစ်ခဲ့သော် နန်းတွင်းသူတစ်ယောက် ယောက်နှင့် ငါချီးမြှင့်လိုသည်၊ဘယ်ကဲ့သို့ သဘောရှိပါသနည်း"ဟု မင်းကြီးသည် မိဖုရားကြီးနှင့်ဆွေးနွေးတော်မူလေသည်။

မိဖုရားကြီးလည်း"မောင်ပြေည့်ကြီးကိုခေါ်၍ စုံစမ်းသင့်ပါသည်" ဟုလျှောက်လေ၏။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် မောင်ပြေည့်ကြီး ကို ရှေ့တော်သို့ရောက်စေ၍ မိမိနှင့်မိဖုရားကြီး၏ရှေ့တွင် "သင်သည် အိမ်ရှင်မနှင့်လော" ဟုမေး၏။

ပြေည့်ကြီးလည်း "ကျေးတော်မျိုး၌ ယခု အိမ်ရှင်မ မရှိသေးပါ ဘုရား"ဟု တင်လျှောက်လတ်သော် ဘုရင်မင်းမြတ်လည်း "နင့်အား ငါသည် နင့်အဘကဲ့သို့ပင် သူဌေးဘွဲ့ကိုပေးအံ့။ ထို့ပြင် နင့်ကိုငါ သဘောကျသော အမျိုးသမီးတစ်ယောက်နှင့် ပွဲတက်မင်္ဂလာပြုပေးမည်၊ နာခံမည်လော" ဟုမေးတော်မူ၏။

ထိုအခါ ပြေည့်ကြီးသည်" ရွှေဘုန်းတော်ရှင်ဘုရား၊ကျွန်တော် မျိုးသည် ပစ္စည်းပြုန်းတီးသွားရာ ပညာရှိမယ် တစ်ယောက် ကျေးရွာ တစ်ရွာတွင် လေလွင့်သွားသည်အတိုင်းတွေ့ရာ ထိုပညာရှိမယ်၏ တပည့်မကလေးတစ်ယောက်၏နည်းပြ သွန်သင်ချက်အရ ကျွန်တော် မျိုးမှာ ပြန်၍ စည်းစိမ်တည်ပါသည်။ ထို့ကြောင့် ထိုအရေးကိစ္စ၌ ထိုပညာရှိမယ် သဘောအတိုင်းသာ ကျေးတော်မျိုးသည် နာခံပါမည်ဟု စိတ်ထားယိုးယွင်း နှလုံးသွင်းရှိနေပါသည်ဘုရား" ဟု လျှောက်တင်လေ ၏။

မင်းကြီးလည်း ပညာရှိဟု ကြားရသဖြင့် နှလုံးအိမ်တွင် စိုအိလာ ပြီးသော် ဤသို့ဆိုတော်မူလေ၏။



"အမောင် သင့်စကားကို ငါလက်ခံသည်၊ သင်ပြောသော ပညာရှိ မယ်ထံ ငါ့အားပို့ပေးနိုင်သလော"

ပြေည့်ကြီးလည်း ပို့ပေးနိုင်ကြောင်းကို တင်သဖြင့် မင်းကြီးနှင့် ပြေည့်ကြီးတို့သည် ကျွန်ရုပ်မ၏ထံသို့ သွားရောက်ကြခြင်းဖြစ်လေ သည်။

မင်းကြီးသည်နောက်တစ်နေ့၌ ကျွန်ရုပ်မနှင့် ဤသို့စကားပြော ဆိုနေလေ၏။

"သမီးတော်၊ သမီးတော်၌ ပြုစုပြီးသော ကျမ်းများရှိပါသလော"

"ရွှေဘုန်းတော်ကြောင့် လက္ခဏာကျမ်းနှင့် အင်္ဂဝိဇ္ဇာကျမ်းကို ပြု စုပြီးဖြစ်ပါသည်ဘုရား"

"ငါသည် သမီးတော်အား ပူဇော်ပြီး သည်ကျမ်းများကိုသိမ်းလို တယ်"

"မလျှော်ပါဘုရား၊ သည်ကျမ်းများကို ဘုရားကျေးတော်မျိုးမသည် မီးရှို့ပစ်ရန် ကြံရွယ်ထားပါသည်ဘုရား"

"အလို ဘယ့်နှယ်လဲသမီးတော်၊ အဖိုးတန် ကျမ်းများကို မီးရှို့ပစ် ရမယ်လို့"

"အဖိုးတန်ကျမ်းကြောင့် မီးရှို့ပစ်သင့်ကြောင်းပါဘုရား"

"ဤစကားသည် သမီးတော်နှင့်ငါ၏အကြားတွင် ဘူးဆန်းသော ပြဿနာတစ်ခုဖြစ်မနေပေဘူးလား"

"ဘုရားသမီးတော် တင်ပါရစေဘုရား"

"အင်း...တင်"

"လက္ခဏာကျမ်းသည် လူတစ်ယောက်၏အကောင်း၊ အဆိုး၊ အဖြစ် အပျက်ကို ဟောနိုင်ပါသည်။ ဟောသောအခါမှာလည်း ဘယ်ပုံမှာ ကိုးပုံမှန်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"သည်လောက်ကောင်းသော ကျမ်းကို မီးရှို့ ဖျက်ဆီးသင့်သလား သမီးတော်"

"သည်လိုပါ ဘုရား"

"ဆို..."

"သည်ကျမ်းကို လူများသင်ကြ၍ အဟောစာတန်း ပြုပြီးသော် ဟောပြောကြပါလိမ့်မည်"

"အင်း ဟုတ်တယ်"

"လူတစ်ယောက်၏ လက္ခဏာကိုကြည့်၍ အသင်သည် အသက် ငါးဆယ်မှာသေရလိမ့်မည်ဟု ဗေဒင်ဆရာမိုက်သည် တွေ့သည့်အတိုင်း ဟောပေလိမ့်မည်"

"အင်း သူတွေ့တာကိုး"

"လူတို့မည်သည်မှာ တစ်ရာတွင် ကိုးဆယ်သော သူတို့သည် သေရမည်ကို ကြောက်ကြပါသည်"

"အင်း ဟုတ်တယ်"

"ငါသည် အသက် ငါးဆယ်မှာ သေရမည်ဟု သိသဖြင့် မသေမီ ကောင်းမှုများကို ဆည်းပူးသော် သင့်လျော်ပါသည်။ ထိုသို့မဟုတ်ဘဲ သေဖို့ရန် ရက်နီးကပ်လာလေ ကြောက်လေဖြစ်၍ ကောင်းမှုကို အထူး ပွားများရန်ထား သေရမည်ကို အကြောက်လွန်ခြင်းကြောင့် မစားနိုင်၊ မသောက်နိုင်၊ အလုပ် မလုပ်နိုင်နှင့် တမှိုင်တွေတွေနေပြီးသော် ထိုသူ သည် အကြောက်အားကြီးလာခြင်းဖြစ်၍ အသက်ငါးဆယ်မတိုင်မီ သေသွားတတ်ပါသည်။ သေသွားသောအခါ ကြောက်ခြင်းကြောင့် မကောင်းသော အာရုံဝင်လာပြီးလျှင် အပါယ်သို့ ရောက်ရတတ်ပါ သည်"

"အင်း..."



"တစ်နည်းတုံ့ လက္ခဏာကျမ်းကို ကောင်းစွာ လေ့လာ၍ လက္ခဏာ ဆရာလုပ်ပြီးသော် လက္ခဏာတွင်တွေ့သည်အတိုင်း သင်သည် သူဌေးဖြစ်အံ့ဟု ဟောလိုက်၏။ အဟောခံရသူကား ငါသူဌေးဖြစ်ရ တော့မည်ဟု အလုပ်အကိုင်ကို ကောင်းစွာမလုပ်၊ ဝီရိယကို လျှော့ထား၏။ ကံ ကံ၏ အကျိုးကို သတိမပြု၊ ထိုသူသည် သူဌေးမဖြစ်တော့ပေ။ ထို့ကြောင့် ထိုကဲ့သို့ဟောခြင်းအတွက် ထိုသူမှာ အလွန်နစ်နာခြင်း ဖြစ်ရတတ်ပေသည်"

"လက္ခဏာအားဖြင့် အကောင်းကို ဟောလိုက်သဖြင့် ဉာဏ်နှင့် ဝီရိယ လျှော့သောကြောင့် မကောင်း၊ မကောင်းကို ဟောလိုက်သဖြင့် ငါဘာလုပ်လုပ် မကောင်းတော့ပါဘူးဟု တုံးတုံးချလိုက်လေရကား ကောင်းသင့်သည်ထက် တိုး၍ မကောင်း ဖြစ်ရတတ်ပါသည် ဘုရား"

"အင်း..."

"လက္ခဏာကျမ်းအရ လက္ခဏာအတတ်ကို သင်ဖို့လွယ်ကူပါ သည်။ တတ်သောသူသည် တတ်သည့်အတိုင်း ဟောဖို့ အတော်ခဲယဉ်း ပါသည်။ သိသည့်အတိုင်း ဖွင့်ဟောလိုက်က လောကမှာ ကန်းသူ များလေရကား၊ လက္ခဏာကျမ်းသည် လောကကိုကျိန်ဆဲရာ ရောက်မည် ဖြစ်နေ၍ ထိုကျမ်းကို မီးရှို့ဖျက်ဆီးသင့်ပါသည် ဘုရား"

"အင်း...သည်လိုတော့လဲ"

"လက္ခဏာကို စဉ်းစားဖို့ သင့်ပါသည် ဘုရား"

"ဆို..."

"လက္ခဏာသည် ဖခင်စိတ်၊ မိခင်စိတ်ကိုမှီ၍ ဖြစ်ပေါ်လာသော အသိဝင်၍သန္ဓေစိတ်နှင့် နီးစပ်သောဘဝကအကြောင်းကို မှီပြီးသော် ဖြစ်ပေါ်ခြင်း၊ စိတ်များကို မှီပြီးလျှင် အရေးအကြောင်းများ ပေါ်ခြင်း ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ခြေခဏာသည် ပါရမီဓာတ်သဘောကို ပြသော အရေး အကြောင်းပါဘုရား"

"ထိုသို့သောသဘောကြောင့် ယခု ပစ္စက္ခ၌ ပြုကျင့်သောကောင်းမှု မကောင်းမှုကို မှီပြီးသော် ဖြစ်ရခြင်းသည်သာ အစစ်အမှန်ပါဘုရား၊ ထို့ကြောင့် လက္ခဏာကျမ်းအတတ်သည် ဥပါယ်တံမျဉ်အားဖြင့် မလိမ္မာသောလူ၏လက်တွင်းသို့ ရောက်မည်စိုးသောကြောင့် ပယ်ဖျက်ရန် စဉ်းစားနေပါသည် ဘုရား"

"အင်း..."

"ကျေးတော်မျိုးမထံ၌ သူကြွယ်သမီးကလေးတစ်ယောက်သည် လာရောက်၍ နီတိကျင့်စဉ်များကို သင်နေပါသည်။ သူ၏ လက္ခဏာကို ကျေးတော်မျိုးမသည် အမှတ်တမဲ့ ကြည့်လိုက်မိရာ နောက်ခုနစ်ရက် ရှိသော် သေရတော့မည်ဟု သိသဖြင့် ကျေးတော်မျိုးမသည် အလွန် ထိတ်လန့်သွားပါသည်"

"အင်း..."

"သို့နှင့် ချင်းအား ညီမငယ် ညီမငယ်၏ မိဘများထံ ခဏပြန် လိုက်ဦး၊ ခုနစ်ရက်လွန်မှ မမထံ ပြန်ခဲ့ဟု မှာထားပြီးသော် သူ့အားပြန် လွှတ်လိုက်ပါသည်"

"အင်း"

"နောက် ကိုးရက်မြောက်သောနေ့တွင် ထိုသူကြွယ် သမီးသည် ချင်း အမှုလုပ်နှစ်ယောက်နှင့်ပြန်ရောက်လာ၍ ငါ့အတတ်ပညာသည် မှားလေသလောဟု သူ့အားလမ်းခရီးတွင် အမိငယ်သည် ဘာများလုပ် သလဲဟု မေးပါသည်။ ထိုအခါ ထိုသူငယ်မက၊ မမ ကျွန်မပြန်သွားစဉ် လမ်းခရီးတွင် ရေခန်းသဖြင့် သေရအံ့သော ငါးများကို မမတို့နှင့်ဖမ်း မိပြီးလျှင် ရေများသောအိုင်သို့လွှတ်ခဲ့ပါသည် ပြောပါသည်"



"အင်း"

"တစ်ဖန် သူ့အား အမိငယ်သည် အိမ်သို့ရောက်သောအခါ ဘယ်သို့ပြုမှုသလဲဟု မေးလေရာ မမ ကျွန်မသည် နီတိသင်ခန်းစာ အတိုင်း မိဘတို့သောက်ဖို့ ချိုးဖို့ရေကို ခပ်ပေးပါသည်။ ညတိုင်း မိဘ နှစ်ပါးအား ခြေဆုပ်လက်နယ်ပြုပြီးသော် အိပ်ပါသည်ဟု ပြောပါသည်"

"ထို့ကြောင့် ကံ ကံ၏အကျိုးသာလျှင် မှန်ပေသည်ဟု၊ ဘုရား ကျွန်တော်မျိုးမသည် ယူဆမိပါသည်"

"အင်း နက်နဲလှပေ၏။ အဖိုးတန်ပါဘိတကား"

"ထိုမှတစ်ပါးလည်း တောတွင်းသားတစ်ယောက်သည် လာ ရောက်ကာ စာသင်ကြားခံယူပါသည်။ငင်းအား စာနှင့်လောကကျင့် ဝတ်ကောင်းကို သင်ပေးပါသည်။ ငင်း၏လက္ခဏာကိုကြည့်မိရာ ငင်း သည် အလွန်ပင်ပန်းဆင်းရဲလှစွာနှင့် အသက်မွေးမြူရလိမ့်မည်ဟု သိရ သည်။ သိရသည့်အတိုင်း သနားလှစွာနှင့်ပင် ပြန်လွှတ်လိုက်ရပါသည်"

"အင်း"

"ထိုသူသည် တစ်နှစ်ကြာမြောက်၍ နှစ်ဆန်းတစ်ရက်နေ့တွင် ဘုရားကျွန်မထံ ဝတ်ကောင်းစားကောင်းရွှေငွေအသပြာများနှင့်လာ ရောက်ကန်တော့ပါသည်"

"အင်း စိတ်သကွယ်"

"ထို့ကြောင့် ဘုရားကျေးတော်မျိုးမသည် ငင်းအားစစ်ဆေးရာ သည်မောင်က ထိုသို့ပြောပြပါသည်"

"အင်း"

"မမ၊ ကျွန်တော်သည် မမထံက ထမင်းထုပ်ကိုထမ်း၍ ပြန်သွား ရာ လမ်းခရီးအကြားတွင် နေလည်မွန်းတည့်လုနီးပါပြီ။ ထိုအခါ ပရိဗိုဇ် တစ်ပါးသည် ဆွမ်းလာရပ်၍ ကျွန်တော်မစားဘဲ ထိုပရိဗိုဇ်အား လှူ

www.burmeseclassic.com



လိုက်ပါသည်။ ပရိဗိုဇ်လည်း မှုတရုံဘုဉ်းပေး၍ အကျွန်ကို ကျွန်တော့် အားစွန့်ခဲ့ပြီးသော် ကောင်းကင်ခရီးဖြင့် ပျံတက်သွားပါသည်"

"အင်း"

ထိုမောင်သည် ဤသို့ ဆက်လက်ပြောဆိုပါသည်။

"အင်း"

"ကျွန်တော်သည် ရွာသို့ရောက်သောအခါ မမသင်ပေးသည့် အတိုင်း သူတကာအကျိုးကို တတ်အားသရွေ့ဆောင်ပါသည်။ ရွာ အဝင်တံခါးဝ၌ ဖွက်ကြီးကို ကျွန်တော်သည် တတ်နိုင်သမျှ မြေတူး ဖို့၊ ကျောက်စရစ်ခဲများကို ချ၍ ပြုလုပ်သဖြင့် အတော်အတန်ပို့လာ သောအခါ ရွာကပါ ဝိုင်းဖို့သည့်အတိုင်း ထိုဖွက်ကြီးသည် လမ်း ကောင်းဖြစ်လာပါသည်"

"အင်း"

"ထိုအခါကစ၍ ရွာက ကျွန်တော့်အား ရှေ့ဆောင်လမ်းပြထားပြီး သော် စပါး၊ ပဲ စသည်တို့နှင့် ထောက်ပံ့ကြပါသည်။ ကျွန်တော်လည်း ၎င်းကို စတည်ပြီးသော် ရွာမှရှေ့ဆောင်ပြု၍ ရွာသားများ၏ကုန်ပစ္စည်း များကို ရောင်းဝယ်ပေးလေရာ ရွာမွဲစားဖြစ်လာပါသည်။ ထိုသို့နှင့် ကျွန်တော်ချမ်းသာကြွယ်ဝလာသည့်အတိုင်း မမထံအမှတ်တရ ကျွန်တော် လာရောက်ကန်တော့ပါသည်ဟု ပြန်ပြောပါသည်"

"အင်း"

"ထို့ကြောင့် လူတို့၌ အစစ်သဘောသည် ကိုယ်ကျင့်သဘော သည်သာလျှင် ပဓာနပါတည်း"

"သမီးတော် ငါ ခမည်းတော် သိပ်ဝမ်းသာပါတယ်၊ အင်္ဂလိပ်ရွာ ကျမ်းကို ဆိုစမ်းပါဦး"

"အခါတစ်ပါးမှာ ယောကျ်ားတစ်ယောက်သည် ညအချိန် ဤရွာ



မှာ ကြက်ဥလာဝယ်ရင်း ကျေးတော်မျိုးမထံဝင်လာ၍ မမ ကျွန်တော့် ထိုတွေ့ရသည့်အခိုက်မှာ ဆုံးမပါဦးဟု တောင်းပန်ပါသည်"

"အင်း"

"ထိုအခါ ကျေးတော်မျိုးမသည် ၎င်းအား အင်္ဂလိပ်ရွာအတတ်နှင့် ကြည့်လိုက်ရာ အလွန်ထိတ်လန့်ဖွယ်ကိုမြင်၍ ဤသို့ပြောပါသည်။ အစ်မမောင်၊ အစ်မမောင်သည် အိမ်သို့ရောက်သောအခါ ယောကျ်ား တစ်ယောက်ကို အမောင့်အိမ်ပေါ်တွင် သတ်ပုတ်ညှဉ်းဆဲမိလိမ့်မည်။ ၎င်းကို နိုင်ငံတော်ဥပဒေအရ အမောင့်မှာ အပြစ်မရှိသော်လည်း သံသ ရာ၌ကား အပြစ်မလွတ်သာချေ။ အမောင်သည်းခံပါလေ"

"ထိုအခါ ထိုသူက မမ ကျွန်တော်သည် ကျွန်တော့်အိမ်ပေါ်မှာ အဘယ်ကြောင့် ယောကျ်ားတစ်ယောက်ကို သတ်ပုတ်ညှဉ်းဆဲရမလဲ၊ ဘယ်ယောကျ်ားလဲဟု မေးပါသည်"

"အင်း"

"ကျေးတော်မျိုးမကား ထိုသူအား ဤသို့ပြောပြပါသည်။ အစ်မ မောင် မိန်းမသည် ညအချိန်ရောက်မှ ကြက်ဥရိုးရိုးကိုမစားလိုဘဲ ကြက်ဥဆားစိမ်ကို စားချင်ပါသည်ဟု ငါးရာတွင်းတာ၊ ခပ်သာသာဝေး သော ရွာသို့ ကြက်ဥဝယ်လွှတ်သည်မှာ လင်ငယ်နှင့်ပျော်ပါးလို၍ဖြစ် သည်။ အစ်မမောင်သည် မယားကိုချစ်ဓာနှင့် အလိုလိုက်၍ မျက်နှာ ကောင်းရအောင် အမြန်လာပြီးသော် အမြန်ပြန်လိမ့်မည်။ ထိုအခါ အစ်မမောင်သည် လင်ငယ်ကို အိမ်ပေါ်တွင် တွေ့ရမည်။ တွေ့သော အခါ အစ်မမောင်သည်သည်းခံ၊ လက်ရောက်ကျူးလွန်ခြင်းကို မပြု ဘဲနှင့် သံသရာဝန်လေးပေမည်။ ထိုသဘော၌ သည်းခံနိုင်သော ယောကျ်ားသည် အပါယ်သို့ မရောက်ရသော ယောကျ်ားဖြစ်တည်း"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ထိုသူသည် ဘုရားကျေးတော်မျိုးမကို ကန်တော့ပြီးသော် ပြန်သွားပါသည်"

"အင်း"

"ထိုသို့နှင့် သုံးရက်မြောက်တွင် ထိုသူလင်မယားသည် ကျေးတော်မျိုးမထံ စားဖွယ်သောက်ရာကောင်းများနှင့် လာရောက်ကန်တော့ကြသဖြင့် ထိုသူငယ်အား ဘယ့်နှယ်လဲဟု မေးရာ ဤသို့ပြောပြပါသည်"

"ကျွန်တော်သည် မမထံက ပြန်သွားရာ လင်ငယ်ကို မုချတွေ့ရမည်၊ မမဟောသည်မှာ မမှန်မရှိ။ တွေ့သော် ငါသည် ငါ့ဒေါသကို ချုပ်တည်းနိုင်မည်မဟုတ်။ မတွေ့ရအောင် လမ်းတွင် ဖြည်းဖြည်းသွား၍ ရွာအဝင်တံခါးဝ၌ သန်းခေါင်ကျော်သည့်တိုင်အောင် ကင်းသမားများနှင့် မမသင်ပေးသောဒဏ္ဍာရီများကို ပြောနေပါသည်။ သန်းခေါင်ကျော်တော့မှ ကျွန်တော်သည်အိမ်သို့ရောက်ရာ အိမ်ကမိန်းမက မမရယ် ပြုံးစိစိကလေးနှင့် တော့နှယ်တော် ကြာလိုက်တာဟု တာပါ တော့သည်။

"အင်း . . .သမီးတော်တော့ တကယ့်အတွေ့မျိုးတွေကို တွေ့နေရတာကိုး၊ ဆက်ပါဦး"

"ဒါနှင့် သည်မောင်က ဆက်၍ ဤသို့ပြောပြပြန်ပါသည်"

"အချစ်ရယ်၊ ငါတော့ ရွာကို စောစောကြီး ပြန်ရောက်ပါတယ်။ ငါ ဘယ်လောက်မြန်တယ်ဆိုတာကို အချစ်လည်း အသိသားပဲ။ ဒါပေမဲ့ အချစ်နဲ့အချစ်ရဲ့လူ အေးအေးလူလူ ပျော်ပါးစေတော့လို့ ရွာတံခါးမှာ ပြေူးတို့နှင့်စကားပြောနေပါတယ်ဆိုတော့ မယ်မင်းကြီးမက ခြေကိုခေါင်းနှင့်တိုက်ကာ ပြောပြပါတယ်။ ညာတာပလီတာ တာတာလည်းဖြစ်ချင်ဖြစ်မှာပါ မမရယ်၊ ဒါပေမဲ့ ကိုယ်တိုင်မတွေ့တော့ ကိုယ့်မိန်းမလင်ငယ်နေတယ်ဆိုတာကို ဘယ်ယုံမှာလဲ။ မိန်းမက အခရာ အတာကောင်းတာကိုး မမရဲ့"



"အင်း"

"ဒါနှင့် သူ့မိန်းမက ပြောပြပါတယ်။ မမသူ့ထင်ချက်ဟာ မှန်ပါတယ်။ သူသွားလို့ တော်တော်ကြာတော့ ကျွန်မရဲ့တစ်ယောက်ဟာလာပါတယ်။ တကတည်း ခွေးကြီးဟာလေ ဆွဲလို့ မရ၊ ခြောက်လို့မရ၊ ချော့လို့မရ၊ အတင်းထိုးကာ ဟောင်ပြီးကိုက်တော့မယ် တကဲကဲဖြစ်နေတာနှင့် သည်မောင်ဟာ အိမ်ဝိုင်းထဲကိုတောင်မဝင်နိုင်ဘဲ ပြန်သွားရပါတယ်။ သည်တော့ ကျေးတော်မျိုးမက မခင်ထွေး ဒါဟာ တကယ်ပြောတာလား၊ အမှန်ပဲလားမေးတော့ အမှန်ပါ မမ၊ ခွေးက ဟောင်လွန်းအားကြီးတော့ အိမ်နားက မပု၊ မစုတို့ထလာပြီး ခွေးဟာ တစ်ခါမှသည်လို မဟောင်ဖူးပါဘူးလေ၊ လူကပ်တယ် ထင်တယ် ဆိုကာ သူတို့စောင့်အိပ်ကြပါတယ်။ ဒါနှင့်ကျွန်မရဲ့အကြံဟာ မအောင်တော့ပါဘူးတဲ့"

"အင်း"

"ဒါနှင့် ရွှေဘုန်းတော်ရှင်ဘုရား၊ သူ့မိန်းမက ဝန်ချ၍ ကန်တော့ပါသည်။ ဘုန်းဘုရားကျေးတော်မျိုးမက သည်မိန်းမကို ညည်း သည်လိုအကျင့်မျိုးကို မကြံနှင့်၊ မိန်းမမှာ သည်အကြံ၊ သည်အကျင့်ဟာ သိပ်ကို ယုတ်ညံ့တယ်ဟု ပြောပြရာ သည်မိန်းမက သည်လိုပြောပြပါတယ်"

"မမ၊ ဒါဟာ ကျွန်မ ယုတ်မာလို့ မဟုတ်ပါ။ သူ့အပြစ်ပါတဲ့"

"သြော် ...သမီးတော်ထံ ရောက်တော့မှ စကားဆန်းကိုကြားရတယ်၊ ပြောစမ်းပါဦး"

"ဘယ်လို ညည်းမောင်တော်ရဲ့အပြစ်လဲ၊ ပြောပြစမ်းဆိုတော့ မေရည် ကျွန်မတော့ ဖြီးလိမ်းပြီးနေတာပါပဲ၊ သူ့သဘောကျ အလုပ်အကိုင်များကိုလည်း လုပ်တာပါပဲ။ ဒါပေမဲ့ သူက ကျွန်မထံမလာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တော့မှ အနိုင်နိုင်သူလာပါတယ်။ ဒါကြောင့် ယောက်ျားရှားသလား လို့ ကျွန်မ ကြံမိပါတယ်ဟု သည်မိန်းမက ပြောတော့ သည်ကောင် ကိုလည်း မေးရတာပေါ့"

"အင်း"

"သည်ကောင်က ကျွန်တော် မမရဲ့ဆုံးမ စကားအတိုင်း နားထောင် ပါတယ်။ ယောက်ျားဟာ မိန်းမက သဘောမတူအလိုမရှိဘဲနှင့် သည် အမှုကိုပြုကျင့်မိရင် ကာမဂုဏ်၌ မှားသောအမှုကို ပြုကျင့်ရာရောက် တယ်၊ ကာမဂုဏ်၌ မှားသောအကျင့်ကို ကျင့်မိရင် ဘဝဆက်တိုင်း မိန်းမယုတ်ဖြစ်ရတတ်တယ် ဆိုတာကြောင့် သူက ခေါ်မှပဲ သူ့ထံသွား ပါတယ်" ဟု ပြောပြပါတယ်"

"လက်စသတ်တော့ သမီးတော်အပေါ် ရောက်လာပါလား"

"မှန်ပါသည်ဘုရား၊သည်တော့မှ သူ့အား ကိုယ့်မိန်းမက ဖြီး လိမ်းအမွှေးအထုံသ၊ အိပ်ရာဝင်ဆိုခြင်းသည် ကိုယ့်ယောက်ျား အား သဘောတူ အလိုရှိခြင်းကိုပြနေသည် မှတ်ထား၊ မိန်းမက ယောက်ျားကို သည်ကိစ္စနှင့်လာပါဟုတော့ ခေါ်ခဲသည်။ ယောက်ျားက စလျှင်ပင်ဟန်ဆောင်မှု၊ လှည့်ပတ်မှုဖြင့်ကာပြီး ငြင်းယောင်ပြုသေး သည်ဟု လောကအိမ်ထောင်သည်တို့၏သဘာဝကို ပြောပြရပါသည် ဘုရား"

"အင်း"

"ထို့ကြောင့် အင်္ဂဝိဇ္ဇာသဘောသည် မှန်ကန်သော်လည်း မြင့်မြတ် သောအကျင့်သည် ထိုသဘောကိုလွှဲချော်စေတတ်ပါသည်။ ယုတ်သော ညံ့ဖျင်းသော အကျင့်သည်လည်း အင်္ဂဝိဇ္ဇာအတတ်ကို ပြုံးရယ်ပါသည် ဘုရား"

"အင်း ဆိုစမ်းပါဦး"



"တစ်နေ့မှာ ဘုရားကျွန်မထံ မောင်လုံးလဆိုသောလူတစ်ယောက် သည် ပြောင်းဖူး၊ သခွားသီးများကို လာရောက်ပို့ပါသည်။ ထိုအခါ ဘုရားကျွန်မက မောင်လုံးလ မင်းမြန်မြန်ပြန်သွား။ မင်းတို့ရွာနှင့် သည် ရွာအကြား ညောင်ပိန္နဲပင်ကြီးရဲ့အရှေ့ဘက်မှာ ချုံကလေးရှိတယ်၊ အဲသည်ချုံထဲမှာ ငွေထုပ်ကြီးတစ်ထုပ်ရှိတယ် သွားယူလို့ ဆိုသောကြောင့် မောင်လုံးလသည် အမြန်ပြန်သွားပါသည်"

"အင်း"

"မောင်လုံးလသည် လမ်းတွင် ဒိုးပိုင်းကိုတွေ့သောကြောင့် ဒိုးဝင် ၍ ထိုးနေရာ ရှုံးသဖြင့် ဒိုးပိုင်းက မထနိုင်ဘဲ အတော်ကြာနေပါသည်။ ထိုသို့နှင့်သူ့အပြောပါပဲ ဘုရား၊ သူ့မှာ အရင်းပြန်ရတော့ ဒိုးပိုင်းကထ၍ ပြန်သွားရာ လမ်းတွင် ပြုံးရွှင်စွာနှင့် နွားများကိုသွင်းလာသော နွား ကျောင်းသားသုံးယောက်နှင့် တွေ့ရာ နွားကျောင်းသားသုံးယောက်က ကိုလုံးလ ကျွန်တော်တို့ဖွတ်ကြီး ချုံထဲဝင်သွားလို့ လိုက်ကြည့်တော့ ညောင်ပိန္နဲပင်ကြီးရဲ့အရှေ့ဘက်ချုံထဲက ငွေထုပ်ကြီးရခဲ့တယ်၊ ခင်ဗျား ဦးမလားမေးကြသတဲ့။ သည်တော့မှ မောင်လုံးလက မင်းတို့ပေးရင် ယူတာပေါ့ကွယ်ဆိုသဖြင့် ဒီအသပြာငွေထုပ်ကို ဝေငှပြီးယူကြသတဲ့"

"အင်း အဆန်းပဲ"

"ဒီလိုပါ ဘုရား"

"ဘုရားကျွန်မသည် သူတို့အားနိတိသဘောကို သင်ပေး၍ မှတ သော လူ၏အကျင့်ကို အထူးသင်ပေးပါသည်။ ထို့ကြောင့် သူတို့ဝေယူ ကြပါသည်။ ထိုငွေထုပ်ကား ဤသို့ဖြစ်ပါသည်။ သူခိုးကြီးငထောင်က သည် ရွာစဉ်လည်၍ ခိုးလာရာ အသပြာငွေ အတော်ရလာခဲ့သနတ္ ပါသည်။ သူသည် ရွာတစ်ရွာပွဲသဘင်ဝိုင်းမှာလည်း အတော်နိုင်ပါ သည်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့ သူ့မှာ အသပြာများစွာရသော်လည်း တင်းမတိမ်ဘဲ ညနေနေဝင်ရီတရောတွင် အိမ်တစ်အိမ်မှ ခိုးနှင့်နွားမကြီးတစ်ကောင်ကို ခိုးလာရာ မောင်လုံးလနှင့် အဆိုပါ နွားကျောင်းသား သုံးယောက်တို့က ပက်ပင်းတွေ့သဖြင့် ထောင်ကဲကို လိုက်လံဖမ်းဆီးပါသည်။ ထောင်ကဲလည်း နွားကိုလွှတ်၍ ပြေးရသည်တွင် သူ၏အထုပ်ကိုလည်း ချုံတစ်ခုတည်းသို့ပစ်ထားပြီးသော် ပြေးပုံရပါသည်။ မောင်လုံးလတို့ လူငယ်တစ်စုကား အာဂလူငယ်တစ်စု၊ သူခိုးကြီး ထောင်ကဲကို လက်ရဖမ်းရန် အတင်းလိုက်ကြရာ ထောင်ကဲလည်း ဘေးလွတ်အောင် ခြေဦးတည့်ရာ တောက်လျှောက်ပြေးသွားရပုံရပါသည်။ ထို့ကြောင့် ထိုအသပြာထုပ်သည် ထောင်ကဲပစ်ထားရခဲ့သော အထုပ်ဖြစ် တန်ရာပါသည် ဘုရား"

"အင်း"

"ထို့ကြောင့် အင်္ဂဝိဇ္ဇာကျမ်းသည်။ တစ်နည်းတဲ့ အင်္ဂဝိဇ္ဇာသဘောသည် ပြီးခဲ့သည်ကိုသာ အမှန်များ၍ ဖြစ်လတ္တံ့မှာ အကျင့်သဘောကိုမှီ၍ ဖြစ်တန်ရာပါသည် ဘုရား"

"ထိုသို့သော သဘောတို့ကြောင့် လက္ခဏာကျမ်း၊ အင်္ဂဝိဇ္ဇာကျမ်းတို့သည် လောကကို ကောင်းကျိုးမပေးနိုင်ဟု ဘုန်းဘုရားကျွန်တော်မျိုးမ ယူဆသည့်အတိုင်း မီးရှို့ပစ်ရန် ကြံစည်ပြီးပါဘုရား"

"သမီးတော် ဆင်ကိုတွေ့မှဖြင့် ဆင်ခြေရာကိုမလို။ သမီးတော်သည် ငါ၏နေပြည်တော်သို့လိုက်ပါလော့၊ ငါသည် ပညာရှိ မယ်တစ်ဦးအဖြစ်နှင့် မြှောက်စားပါရစေ"

ထိုအခါ ကျွန်ရုပ်မသည် တွေ၍စဉ်းစားနေလေ၏။ ဘုရင်မင်းမြတ်လည်း ကျွန်ရုပ်မကို လက်မလွှတ်နိုင်ဘဲ အလွန် မြတ်နိုးသဖြင့် မရရအောင် ပင့်ချီနေသဖြင့် ကျွန်ရုပ်မသည် ဤသို့ လျှောက်တင်လေ၏။



"ရွှေဘုန်းတော်ရှင်ဘုရား၊ သလ္လာဝတီပြည်၌ တက္ကသိုလ်မှ ပြန်လာသော ထိပ်ထားသင်းထုံနှင့် မငွေနု၊ မင်းသား ကိုဝိုင်းတို့ဟု ပညာတတ် များ၊ ပညာရှိများ အသင့်ရှိနေပါသည်။ ထို့ကြောင့် ဘုရားကျွန်မ လိုက်ပါရရန် လိုမည်မထင်ပါဘုရား"

"ဟော . . .သမီးတော် မည်သို့ဆိုသနည်း၊ သံပရာပင်မှသီးသော သံပရာသီးတိုင်း ချဉ်သော်လည်း လူကမွေးသော လူတိုင်းမှာကား အရသာချင်း မတူချေ။ တစ်မိတစ်ဖတည်းမှ ပေါက်ပွားသော ညီအစ်ကိုမောင်နှမ၊ အစ်မ စသော သားချင်းတစ်စုမှာပင် အရုပ်အဆင်း၊ အသံ၊ အကျင့်၊ သဘောချင်းတို့သည် မတူကြချေ။ ထို့ကြောင့် တက္ကသိုလ်မှ ပြန်လာသော သူတိုင်းသည်လည်း၊ အတတ်ပညာချင်း မတူရာချေ၊ နေရာတကာတွင် သမီးတော်ကဲ့သို့ တီးခေါက်မိရန်ကား ခဲယဉ်းလေစွ၊ သမီးတော် ငါသည် သမီးတော်ကို ပင့်ချီပါ၏။ ကတိယူပါ သမီးတော်"

ဟု သလ္လာဝတီပြည့်ရှင် မင်းခေါင်သည် ကျွန်ရုပ်မကို အလွန်မြတ်နိုးလှစွာနှင့် ဆိုလေ၏။

ထိုသို့သောသဘောကြောင့် ကျွန်ရုပ်မသည် ဘုရင်မင်းမြတ်မင်းခေါင်ထံ၌ ကတိယူလိုက်ရလေ၏။

မင်းခေါင်သည် ထိုရွာမှ ပြန်သွား၍ နေပြည်တော်သို့ ရောက်လျှင်ချက်ချင်းပင် ကျွန်ရုပ်မကို မင်းခမ်းမင်းနားဖြင့် ပင့်ချီ ချီစေပြီးသော် သီးသန့် အိမ်တော်နှင့်ထားလေ၏။

သလ္လာဝတီပြည်မှ မင်းသမီးကြီး သင်းထုံသည်လည်း အလွန်သဘောပြည့်ဝသော တက္ကသိုလ်ပြန် မင်းသမီးကြီးဖြစ်၍ ငွေနုကိုခေါ်ပြီးသော် ကျွန်ရုပ်မ၏အိမ်သို့ သွားရောက်လေ၏။ အစောင့်တို့သည်းမင်းသမီးကြီး ဖြစ်နေသောကြောင့် အိမ်ပေါ်သို့ ကြွကြပါဟု တင်ပို့လိုက်လေ၏။ ကျွန်ရုပ်မနှင့် သင်းထုံ၊ ငွေနုတို့သည် မြင်တွေ့ကြရာ

www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန် အံ့အားသင့်စွာနှင့်ကြည့်နေကြ၏။ ကျွန်ရုပ်မလည်း "မသင်းထုံ၊ ထိပ်ထား ကြွပါ" ဟု လောကွတ်ပျူငှာဖြင့် ဆီးကြိုနှုတ်ဆက်ကာရှိ၍ ထိုင်ကြပြီးနောက် ကျောင်းနေဖက် သူငယ်ချင်းသုံးဦးသည် ဤသို့လျှင် စကားပြောဆိုနေကြလေ၏။

"အမြနယ်နော်၊ ဘယ့်နှယ် မတော်မတဲ့ ကျွန်ရုပ်မရယ်လို့ နာမည်ဖြစ်ရတာလဲ"

"ဟုတ်ပ၊ မြြအနှစ်ကလည်း တကတည်း ပေါက်ပေါက်ရှာရှာ ဒီနာမည်ကိုပဲရတတ်တယ်လို့။ ဒီလောက်လှတဲ့သူဟာ ကျွန်ရုပ်လား၊ ထိပ်ထား သင်းထက်တောင် လှနေတာကိုး"

"မငွေနုအဲဒီလိုလှလို့ခက်တာ။ မိန်းမတို့မှာလှတာဟာ ရန်တစ်ခု၊ အတတ်ပညာတတ်တာဟာ ရန်တစ်ခု၊ ဥစ္စာပစ္စည်းပေါတာဟာ ရန်တစ်ခု။ ထိပ်ထားရဲ့အမေက ငယ်နာမည်ကိုပြင်ပြီး ကျွန်ရုပ်မလို့ မှည့်ကာ အိမ်ကနှင်လွှတ်လိုက်လို့ပါ"

"ပြောတော့မယ် မြရယ်"

"အဟုတ်ပါ၊ ကျွန်ရုပ်မအဖြစ်နဲ့ ထိပ်ထားတို့ သလ္လာဝတီနယ်မြေအုံးနဲ့ရွာကလေးမှာလာပြီးနေတာပါ"

"ဘာကြောင့် မိသင်းထုံထံ မလာသလဲ"

"လှလို့၊ အတတ်ပညာရှိလို့"

"ပြောတော့မယ်၊ ခုရောက်လာရပြီ။ နေပါဦး၊ ဘာကြောင့် ဒီနာမည် ဆိုးကြီးကို ပြောင်းပြီး အမြရဲ့အမေက အိမ်ကနှင်ချရသလဲ"

"မသိချင်ပါနဲ့ ထိပ်ထား"

"အို...သိချင်တာပေါ့"

"မင်းမျိုးအကြောင်း ပါလာရပြန်တော့မယ်"

"ပါပါစေ"



"မိကျွန်ရုပ်မလေ..."

"လာပြန်ပြီ"

"အမေက မှည့်လိုက်တာမို့ အမွှမ်းတင်ရပါတယ်။ မိကျွန်ရုပ်မဟာ ဘုရင်နှင့် လွှတ်တော်ကြီးကပင် မပြီးပြတ်စေနိုင်တဲ့ တရားဆန်းကို ပြီးပြတ်စေမိတယ်။ အဲသည် ပြီးပြတ်စေတာလည်း ကျွန်ရုပ်မဟာ ငါအတတ်ပညာရှိတယ်ဆိုတဲ့ဂုဏ်ကို လိုလားသမှုကြောင့်ပဲ သက်ရောက်ပါတယ်။ ဒါကြောင့် မိန်းမတို့မှာ အတတ်ပညာရှိလာလျှင် လျှို့ဝှက်၊ မထိန်းသိမ်း၊ မချုပ်တည်း၊ မစောင့်ရှောက်နိုင်ပါက သည်အတတ်ပညာဟာ ရန်သူအား ထိုးအပ်ရာ ရောက်ပါတယ်"

"ဆိုလှချည်လား အမြရယ်"

"သဘောက ဆိုက်လာသကိုး၊ နားထောင်စမ်းပါ"

"ပြောပါ"

"အဲဒီလို အတတ်ပညာစွမ်းကို ပြလိုက်မိတော့ အတတ်ပညာပေါ်မှာ လှပတဲ့ ရုပ်လက္ခဏာကို ဘုရင်မင်းမြတ်က မြင်မိလို့ သူ့သားတော် အိမ်ရှေ့မင်း မုဒုစိတ္တနှင့် သဘောတော်တူပါလေရော..."

"ဟာ အမြ ဟန်ကျတာပေါ့"

"နားထောင်တော်မူပါဦး ထိပ်ထား"

"ဆို..."

"ဒါနဲ့ ဘုရင်မင်းမြတ်က ကျွန်ရုပ်မအား ဘာမှမပြောမဆိုနှင့် ကျွန်ရုပ်မရဲ့ အိမ်မှာ တော်ကောက်ကာ မြှောက်စားတဲ့ သဘောပန်းတုံး ထိုင်စိုက်၊ ရာဇမတ်ကာလာလုပ်တော့ ကျွန်မက ချက်ချင်းပြန်နုတ်သွား၊ ဒါဟာ တရားမင်း မဟုတ်၊ ငါမင်း ဆိုပြီး နိုင့်ထက်စီးနင်းလုပ်တယ်လို့ ဆိုတော့ ဂုတ်ဝန်မင်းလည်း ပြန်နုတ်သွားရတာပေါ့"

"ဩော်. . . .နေပါဦး၊ တကယ်လို့ ဘုရင်မင်းမြတ်က သူ့သား

www.burmeseclassic.com

www.burmeseclassic.com



တော် အိမ်ရှေ့မင်းသားနှင့် အချစ်ကမ်းပါလို့ တင်ကြိုပြောဆိုရင် အမြကသဘောတူမယ်ပေါ့"

"ဟာ ထိပ်ထား၊ ဘာတူမလဲ"

"ဘယ့်နှယ် အမြရယ်၊ သူများမှာ သူဌေးကတော်၊ မင်းကတော်၊ စိုးကတော်၊ ဝန်ကတော် စသည်ဖြင့် ကတော်ဖြစ်အောင် ဗေဒင်ဆရာ၊ နတ်မိမယ်၊ မှော်ဆရာ၊ ရသေ့များနှင့်တောင် ကြံစည်ရသေးတာပဲ။ ယခု မိဖုရားတောင် ဖြစ်ရဖို့ပါသလား"

"သည်လို ထိပ်ထား၊ မိန်းမဆိုတာ မိန်းမတို့၏ အထွတ်အထိပ် မိဖုရားဆိုပေမဲ့ ယောကျ်ားရဲ့အောက်ကပဲ မဟုတ်လား။ မိန်းမက အထက်ကရယ်လို့ သဘာဝမရှိဘူး"

"အင်း အမြက သိပ်ကို ဉာဏ်ကျယ်တိုင်း နိုက်တာကိုး"

"နိုက်ရမလေ။ ဘာကြောင့် အတတ်ပညာသင်သလဲ၊ သည်လိုနှိုက်ဖို့ရန်ပင် မဟုတ်လား"

"ဆိုပါ"

"အဲသည်တော့ အတတ်ပညာမရှိ၊ ဉာဏ်မရှိတဲ့လူ့အောက်က အတတ် ပညာနှင့် ဉာဏ်ရှိတဲ့လူက အလကားနေနိုင်ပါ့မလား ထိပ်ထား။ အတတ်ပညာဉာဏ်မရှိတဲ့ ယောကျ်ားက မေထုန်သဘောနှင့်ပတ်သက်ပြီး အတတ်ပညာဉာဏ်ရှိတဲ့ မိန်းမကို အမျိုးမျိုး ကစားတာအတွက် အတတ်ပညာဉာဏ်ရှိတဲ့ မိန်းမက သဘောတူသင့်သလား"

"အမြရယ်"

"အမြရယ် လုပ်မနေနှင့်။ ထိပ်ထားနှင့် နလည်း အတတ်ပညာရှိပဲ၊ စဉ်းစားလေ။ လောကမှာ ယောကျ်ားလည်းမရှိ၊ မိန်းမလည်းမရှိ။ ဘာရှိသလဲ၊ သဘာဝနှင့် သဘောရှိတယ်။ ဘာသဘောလဲ ဖိုဓာတ် သဘော၊ မဓာတ်သဘောအပြင် အတတ်ပညာဉာဏ်သဘော၊ ထိုအတတ်ပညာ



ဉာဏ်သဘောက ပေါက်ပွားတဲ့အကျင့်သဘော။ အတတ်ပညာဉာဏ်ရှိတဲ့ လူမှာတောင် အကျင့်ကောင်းရှိဖို့ ခဲယဉ်းနေရင်၊ အတတ်ပညာဉာဏ်မရှိတဲ့လူမှာ အကျင့်ကောင်းရှိနိုင်ပါ့မလား။ အဲဒီတော့ အတတ်ပညာဉာဏ်ရှိတဲ့အမျိုးသမီးတစ်ယောက်ဟာ အတတ်ပညာ ဉာဏ်မရှိတဲ့ အမျိုးသားတစ်ယောက်ထံ မေထုန်မှုနှင့်ပတ်သက်ပြီး မိမိကိုယ်ကို ထိုးအပ်လျှင် ထိုအမျိုးသမီးသည် မိမိ၏ အတတ်ပညာဉာဏ်ကို နှိမ့်ချစော်ကားနေတဲ့မိန်းမယုတ်ပဲ မဟုတ်ပါလား၊ စဉ်းစားပါလေ..."

"ဆိုလုချည်လား အမြ။ မုဒုစိတ္တဟာ အတတ်ပညာဉာဏ်မရှိဘူးလို့ ဆိုနိုင်သလား၊ သူ အိမ်ရှေ့မင်းပဲ"

"ထိပ်ထား၊ ဘုရင်ဖြစ်သောကြောင့်၊ အိမ်ရှေ့မင်းဖြစ်သောကြောင့်၊ မှူးရင်းဝန်ကြီးဖြစ်သောကြောင့်၊ သူဌေးဖြစ်သောကြောင့် အတတ်ပညာဉာဏ်ရှိရမလား။ ထိုသို့ ကောင်းစားခြင်းနှင့် အစိုးတရ အာဏာပိုင်ဖြစ်ခြင်းသည် ဘဝက ကုသိုလ်ကြောင့်ပါ၊ အတတ်ပညာဉာဏ်ရှိခြင်းနှင့် တခြားစီပါလား ထိပ်ထား။ အဲသည်တော့ မုဒုစိတ္တကဲ့သို့သော အိမ်ရှေ့မင်းက၊ တစ်နည်းတုံ့–တက္ကသိုလ်ကျောင်းတိုက်ကိုမှ မမြင်ဖူးသောသူက လယ်သူမကလေး ကျွန်ရုပ်မ တက္ကသိုလ် အတတ်ပညာဉာဏ်ရှိပါပေသည်ဟု ထင်ရှားခဲ့သော အသည်မကလေး မြအနှစ်အားထားမမေထုန်မှုနှင့် ကစားမည်ကို အသို့လျှင် သဘောတူနိုင်ပါ့မလဲ"

"ကိုင်း အမြရယ်၊ ဆက်စမ်းပါဦး"

"သည်လိုကြောင့် ပန်းတုံးတိုင်အစိုက်လာသော ဂုတ်ဝန်မင်းကို မြန်၍ နုတ်ယူစေတော့ ဂုတ်ဝန်မင်းသည် ပြန်သွားပါသည်။ ရှက်လည်း အတော်ရှက်မပေါ့။ အဲဒီတော့ မိဘနှစ်ပါးမှာ တောင်သူကြီးဖြစ်သည့် အတိုင်း တောင်သူ သဘာဝပေါ့၊ အစိုးတရ အာဏာပိုင်ကိုဆိုလျှင် အင်မတန် ကြောက်နေသဖြင့် ဂုတ်ဝန်မင်းနှင့် ပုရောဟိတ်၏ ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဝင် အမေက 'နင့်က နင့်ကိုယ်နင် အင်မတန် လှတယ်ထင်သလား၊ ကျွန်မက မိကျွန်ရုပ်မက အလှကဲဝင့်လိုက်တာ၊ နင် ငါ့အိမ်နှင့် မတန် ဆင်းသွား'ဟု အာဏာပိုင်များ အားရအောင် ဘေးကိုကြောက်သည့် သဘောနှင့် မောင်းလိုက်သည့်အတိုင်း ကျွန်ရုပ်မဟာ နောက်ဆုံးတွင် သည်ကိုရောက်လာတာပဲ"

"ကိုင်း... ပျော်ပျော်နေရတာပေါ့လေ"

"ကျပ်ပစ်တန်း ကစားဦးမလား"

"ကစားတာပေါ့"(ပေါက်ကျော်ကို ခေါ်၍ အိမ်တော်ဝန်ထားလေ သည်)

× × ×

## လွှတ်တော်နှင့် မြို့စိုး မောင်ထင်

မြို့စိုးမင်း ဦးထင်သည် လွှတ်တော်ကြီးမှ အမိန့်အတိုင်း လွှတ်တော်သို့ ရောက်လာရာ အိမ်ရှေ့မင်း၊ မင်းဝိုင်းလည်း လွှတ်တော်သို့ ထွက်၍ အသင့်ရှိလေ၏။ ထိုအခါ လွှတ်တော်ဝန်ကြီးချုပ်သည် ဦးထင်အား ဤသို့ ဆီးကာဆိုလေ၏။

"ကိုင်း မြို့စိုးမောင်ထင်၊ ဘယ်လိုများ တောင်စဉ်ရေမရနှင့် တူချေ မလဲ"

"ကျွန်တော့်ကို ဘုရင်မင်းမြတ်က ချီးကျူးထားပါ၍ ကျွန်တော့်မှာ ဆု အချီးအမြှင့် ခံရဖို့သာရှိသည်။ ထုချေဖို့ မလိုပါကလား"

"မောင်ထင့်ထံမှာ အမိန့်တော် ထန်းဖူးလွှာပါသလား"

"ပါကြောင်းပါ"

"ပြစမ်း"



မြို့စိုး ဦးထင်သည် အောက်ပါ အမိန့်တော် ထန်းဖူးလွှာကို ထုတ် ပြလေ၏။

"မင်းကြီးသည် နိုင်ငံတော်အကျိုးကိုမြော်မြင်ကာ ကောင်းစွာ ဆင် ခြင် စဉ်းစားခြင်းဖြင့် ကြေးမုံမြို့စား မောင်ထင်၏ စီမံဆောင်ရွက်ပုံ ကို ကိုယ်တော်တိုင်ကောင်းစွာသိသည့်အတိုင်း မောင်ထင်သည် လွှတ်တော် သို့ အမြန်လာရောက်ရမည်"

"ဒါကို မြို့စားမောင်ထင်က ဘာပြောချင်လို့လဲ"

"ကျွန်တော်သည် နိုင်ငံတော်အကျိုးကိုမြော်မြင်ကာ ကောင်းစွာ ဆင်ခြင်စဉ်းစားခြင်းဖြင့် ဆောင်ရွက်ပုံကို ဘုရင်မင်းမြတ် ကိုယ်တော် တိုင် သိနေမင့်ပဲ၊ ကျွန်တော်က ဘာကို ထုချေရမလဲ။ ဆုခံဖို့သာ ရှိပါ သည်"

"မဟုတ်ဘူး၊ မင်းကြီးက နိုင်ငံတော်အကျိုးကို မြော်မြင်ကာ ကောင်းစွာ ဆင်ခြင်စဉ်းစားခြင်းဖြင့် မောင်ထင်၏ ညစ်ညစ် ပတ်ပတ် ဆောင်ရွက်ခြင်းကို သိတော်မူသဖြင့် ထုချေဖို့ ဆင့်ခေါ်တာ"

"အမိန့်စာ သဘောက သည်လိုမဟုတ်ပါ၊ နှုတ်တစ်ရာ စာတစ် လုံးပါတဲ့"

"ခက်တယ် မောင်ထင်"

"မခက်ပါ ဝန်ကြီးချုပ်မင်း"

အိမ်ရှေ့မင်း မင်းဝိုင်းသည် ထိုအမိန့်စာကိုယူ၍ ကြည့်၏။ ဝန်ကြီး ချုပ်သည်း ဤသို့ဆို၏။

"ဘယ့်နှယ်လဲ ကိုယ်တော်ကလေး"

"ကိုယ်တော်ကလေး၊ ကျွန်တော်မျိုး အစီရင်ခံခြင်းသည် မှန်နေ သည် မဟုတ်ပါလား ဘုရား"

"ခက်တယ်၊ နှစ်မျိုး ယူဆစရာ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဝန်ကြီးချုပ် ယူဆခြင်းသည်လည်း စာသဘော၊ ဦးထင်ယူဆခြင်းသည်လည်း စာသဘော၊ ထုတ်ဆင့်တဲ့ ဝန်ထောက်ကလည်း စာတတ်လုပ်ချင်။ ခု ခက်နေပြီ"

"မခက်ပါ၊ ပညာရှိ အဖွဲ့တင်ပါဘုရား"

"ဦးထင် ဤမှုနှင့် ပညာရှိ အဖွဲ့သို့တင်ရမှာ ရယ်ဖွယ် ဖြစ်နေပါမယ်၊ ခမည်းတော်က လက်ခုပ်တီးပြီး ရယ်ပါမယ်"

"ဒါဖြင့်လည်း ကျွန်တော်မျိုးအား ဆုချပါဘုရား"

"ခက်နေပါပြီ"

"ကိုယ်တော်ကလေး၊ ပညာရှိအဖွဲ့ကိုသာ တင်၊ မောင်ထင်က အင်မတန် လူတွင်ကျယ် လုပ်တယ်။ သူနှင့် ပတ်သက်တဲ့ ထန်းဖူးစာတွေကို ဝန်ထောက်မင်းက အကုန်လုံးယူခဲ့"

"တင်ပါ့ဘုရား"

ထိုကဲ့သို့ လွှတ်တော်တွင် အငြင်းအခုံဖြစ်နေ၍ မဖြစ်စလောက်ဟုဆိုသော ကိစ္စကလေးသည် ဘုရင်မင်းမြတ် အမှုရှိသော ပညာရှိအဖွဲ့သို့ ရောက်သွားလေ၏။

ပညာရှိ အဖွဲ့၌ ပုရောဟိတ်၊ နန်းရင်းဝန်ကြီး၊ သေနာပတိ၊ လွှတ်တော် တရားဌာနချုပ် ဝန်ကြီး၊ ကျွန်ရုပ်မ တို့ပါလေ၏။ ဤကိစ္စ၌ကား အိမ်ရှေ့မင်းနှင့် လွှတ်တော်ဝန်ကြီး ဝန်ထောက်များ၊ မြို့စိုး ဦးထင်တို့လည်း တက်ရောက်ကြရလေသည်။

ဘုရင် မင်းမြတ်က ဤသို့ မိန့်တော်မူလေ၏။

"ကျွန်တော်မျိုးသည် နိုင်ငံတော်အကျိုးကို မြော်မြင်ကာ ကောင်းစွာ ဆင်ခြင်စဉ်းစားခြင်းဖြင့် ဆောင်ရွက်ပုံကို ကျေးဇူးတော်သခင်အရှင် ဘုရင်မင်းမြတ်က သိတော်မူပြီး ဖြစ်ပါ၍ ကျွန်တော်မျိုးသည် လွှတ်တော်၌ ထုချေရန်မရှိ၊ ဆုတော်လာဘ်တော်သာ ရဖို့ရှိကြောင်းပါ



ဘုရား"

"မောင်မင်းအား နိုင်ငံတော်အကျိုးကိုမြော်မြင်ကာ ကောင်းစွာဆင်ခြင်စဉ်းစားခြင်းဖြင့် ဆောင်ရွက်တယ်လို့ ဘယ်သူက ဆိုသလဲ"

"အမိန့်တော်စာက ဆိုနေပါသည်ဘုရား"

"တင်ပြစမ်း"

ကျွန်ရုပ်မသည် သေချာစွာကြည့်၍ ဤသို့ဆိုလေ၏။

"အဟုတ်သားကပဲ"

"ဟင်...ဟင်...ဟင်...ဟင်"

"ဘာကြောင့်လဲ သမီးတော်"

"အမိန့်တော်ထန်းဖူး၌ မင်းကြီးသည် ဟုရေး၍ ပုဒ်ထီးကပ်ထားခဲ့သဖြင့် နိုင်ငံတော်အကျိုးကို ကောင်းစွာဆင်ခြင်စဉ်းစားခြင်းဖြင့်သည်ကတ္တားခြားနေပါ၍ မင်းကြီးနှင့် မဆိုင်၊ မြို့စိုးမောင်ထင်နှင့်သာဆိုင်နေလေသည်။ မောင်ထင်ကို အထူးပြုရာ ရောက်နေသည်။ မင်းကြီးသည် နှင့်ဆိုင်သော စာပိုဒ်မှာကား ကိုယ်တော်တိုင်ကောင်းစွာသိသည့်အတိုင်းနှင့်သာ သက်ဆိုင်ပါသည်။ အကယ်၍ မင်းကြီးသည် နိုင်ငံတော် အကျိုးကို မြော်မြင်ကာနှင့် သက်ဆိုင်စေလိုသော် မင်းကြီးသည် ဆိုသော စာပိုဒ်၏နောက်က ပုဒ်ထီးကိုမကပ်ဘဲ ရေးရာသည်။ ယခုအတော်ပုဒ်ထီးကပ်၍ ရေးခြင်းကြောင့် ကတ္တားခြားနေသဖြင့် ထိုစကားပိုဒ်သည် မင်းကြီးနှင့်မဆိုင်၊ မောင်ထင်နှင့်သာဆိုင်နေသည်။ မောင်ထင်ကို အထူးပြုထားသည်။ မောင်ထင်သည် ထုချေဖွယ်မရှိချေ"

ဘုရင်မင်းမြတ်သည် ပြုံးတော်မူ၍ "ငါ့လွှတ်တော်ကလည်း ခွတ်တော် ဖြစ်သွားတာကိုး" ဟု မိန့်တော်မူရာ လွှတ်တော် ဝန်ကြီးချုပ်က မြို့စိုးမောင်ထင်အား အောက်ပါတိုင်စာကို ဆည်တော် အလွှတ်သမားများအား တင်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြေးမုံမြို့စိုးမောင်ထင်သည် ဘဏ္ဍာတိုက်မှငွေတော်ထုတ်သော်လည်း ဆည်တော်အလုပ်သမားများအား မပေးပါဘုရား"

"ဟဲ့ ငထင်၊ ဒါကိုဘာပြောမလဲ"

"ထန်းဖူးလွှာမှာ ပါနေပါတယ် ဘုရား"

"အေးလေ"

"ကြည့်တော်မူကြပါ ဘုရား"

ကျွန်ရုပ်မသည် ဤသို့ဆိုလေ၏။

"ဘဏ္ဍာတော်တိုက်မှ ငွေတော်ထုတ်သော်လည်း ဆိုစကားမှာထုပ်သည်၊ ထအပေါင်းအုပ်ဖြစ်၍ ဘဏ္ဍာတော်တိုက်တွင် ငွေများကိုထားပြီးသော် အုပ်ဆိုင်းကာသိမ်းဆည်းရာရောက်နေပါသည်။ မောင်ထင်သည် ဘဏ္ဍာတော်တိုက်မှာ ငွေကိုထုတ်ရာမရောက်ချေ။ ထို့ကြောင့် ထိုထန်းဖူးလွှာသည် အမြီးအမောက်မတည့်ချေ။ မောင်ထင်သည် ဘဏ္ဍာတော်တိုက်မှ ငွေမထုတ်၊ ငွေကိုထုပ်ထားရာသာရောက်သည်"

"ကိုင်း . . .ဘယ့်နှယ် ပညာရှိများ၊ မောင်ထင်ကို ဘယ်လိုအရေးယူမလဲ"

"လွှတ်တော်ဝန်ကြီးချုပ်ကား နှုတ်ခမ်းမွေးကြီးကိုကုပ်လျက် ဤသို့ဆိုတော့၏။

"စာပစ်တဲ့အကောင်က"

"လွှတ်တော်က ချွတ်တော်မဖြစ်ရအောင် ကြည့်မှပေါ့"

"ဝန်ထောက်မင်း တစ်ခုထပ်တင်"

လွှတ်တော်ဝန်ထောက်မင်းလည်း အောက်ပါထန်းဖူးလွှာကို ထပ်တင်လေ၏။

"မြို့စိုးမင်းဦးထင်သည် သူ့ရှေ့တွင် မိန်းမနှစ်ယောက်ရန်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် လုန်ပြသည်ကို မြင်ပါလျက် အမှုမလုပ်



ပါဘုရား"

"ဟဲ့ ငထင်"

"ဘုရား"

"နင် ကြည့်ကောင်းလို့ ကြည့်နေသလား၊ အရေးယူရမယ်ဆိုတာကို နင်မသိဘူးလား။ နင့်အား လွှတ်တော်ဝန်ကြီးချုပ်မင်းက တော်တယ်လို့ ကြေးမုံမြို့မှာ စိုးထားတယ်မဟုတ်လား"

"ပစ်လွှာကို သေချာစွာကြည့်ပါဘုရား"

"ပြစမ်း"

ကျွန်ရုပ်မသည် ထိုထန်းဖူးလွှာကို သေချာစွာကြည့်၍ ဤသို့ဆိုလေ၏။

"ဒီထန်းဖူးစာ၌ မြင်ပါလျက်ဆိုသော် မြို့စိုးကိုအရေးယူလိုက ဆုတော်မူသင့်ပါသည်။ ယခုမှာ မြင်ပါလျက် ဆိုခြင်းကြောင့် မြို့စိုးမှာ အပြစ်လွှတ်နေပါသည်"

"ဟင်...ဟင်...ဟင်...ဟင်"

"ဆိုစမ်း သမီးတော်"

"လျက်ဆိုသောစကားသည် အချိန်ပြဝိဘတ်စကားဖြစ်၍ ကာ၊ မှာ၊ ရာတွင်၊ စဉ်၊ စဉ်တွင် ဆိုသောစကားတို့နှင့်သဘောတူ ဖြစ်ပါသည်"

"အင်း"

"လျှက်ကား လအပေါင်းယှက်ဖြစ်၍ ထိုအချိန်အခါတွင် ဖြစ်ပျက်နေ၍ ရှုပ်ယှက်ခတ်ဖြစ်နေသည်ဟု ဆိုရာရောက်၍ မြို့စိုးသည်မြင်ပါသော်လည်း ရှုပ်ယှက်ခတ်ဖြစ်နေ၍ အရေးမယူပါဟု ဆိုလိုရာရောက်နေပါသည်။ လျက်နှင့်လျှက်သည် အဓိပ္ပာယ်ချင်း ခြားနားရာတွင် လအသံ၊ လအက္ခရာသည် အလွန်ကျယ်ပြန့်သော အချက်ရှိပါသည် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... လနှင့်ပတ်သက်၍ ဆိုစမ်းသမီးတော်"

"ဦးတည့်ရပ်ပါ ဘုရား"

"တောကြီးဆိတ်ညံ၊ သာယာဟန်တွင်၊ တွန့်ညံဖြိုဖြို၊ ဟန်ရေးပသည်၊ ကြက်ဖတောင်သံ လဖြုန်းတည်း"

"ကန္တာရဦး၊ နေခြည်မြူးတွင်၊ ဘီလူးသွားကို လဖြိုတည်း"

"ထိုသို့သောစာ၌ လသည် 'လည်း' အဓိပ္ပာယ်ဖြစ်ပါသည်"

"ကုန်နှင့်မိန်ခါ၊ ထိုသည့်ရာတွင်၊ သင်းအုံသည်မှာ လဥတည်း"

"မြောက်လေကျော့ကျော့၊ တောင်လေဆော့တွင်၊ ကျော့ကျော့ဟသ်ာ၊ စီးနင်းကာနှင့်၊ မင်းကြီးရွှေညာလဆန်တည်း"

"ထိုသို့သော စာ၌'လ'သည် အချိန်အခါကိုပြသော လပါတည်း"

"ထိုသို့လျှင် 'လ'အက္ခရာသည် အသံအားဖြင့်၊ ရေးထုံးအားဖြင့် အမျိုးမျိုးအဓိပ္ပာယ်နယ်ထွက်နေပါသည် ဘုရား"

"အင်း...ထေင့်အတွက် ဘယ်လိုကောက်ချက်ဆိုမလဲ"

"ဆုတော်ပေးသင့်ပါဘုရား"

"ဟင် ဟင် ဟင်"

"ကိုင်းဆို သမီးတော် ဘယ်လိုဆုတော်လဲ"

"ကြေးမုံမြို့စား မောင်ထင်အား ယခုထက် တိုးတက်စည်ကား၍ သာယာဝပြောစေရန် တရားသဖြင့် စီမံအုပ်ချုပ်လေ၊ ထိုဆုတော်ကို ဘုရင်မင်းမြတ်က ပေးလိုက်သည်။ မြို့စိုးမောင်ထင်သည် ဦးလည် မသုန်ရယူစေ လွှတ်တော်ကြီးကဆင့်"

ဘုရင်မင်းမြတ် မင်းခေါင်ကား ပညာရှိများ သတိပေးခြင်းသည် အရသာရှိ၍ အဖိုးတန်လှပါတကားဟု မိန့်တော်မူလေ၏။

× × ×



ကျွန်ရုပ်မသည် ပညာရှိအဖွဲ့စည်းဝေးရာမှ မင်းသမီးကြီးသင်းထုံ၊ ငွေနုတို့နှင့် ပြန်လာ၍အိမ်သို့ ရောက်လတ်သော် ထိပ်ထားသင်းထုံက "တော်တင်မော်မြင့်၊ လျော်အောင်မြှင့်လည်း၊ ထောက်ချင့်မပြီး၊ နှလုံးနင့်ခွ၊ သင့်မရသည်၊ မြအနှစ်လျှင် လကြောက်တည်း" ဟု ရယ်ကာ ပြီလေ၏။

"အို ထိပ်ထားကလည်း ကျောင်းတော် မဟုတ်တော့ပါဘူး"

"သည် 'လ' အက္ခရာသည်လည်း 'လည်း'ပါပဲ...

သူငယ်ချင်းသုံးယောက်သည် ရယ်ကြလေတော့သည်။

× × ×

ထို့နောက် သုံးရက်မြောက်တွင် မြအနှစ်၏ အိမ်၌ သင်းထုံ၊ ငွေနု တို့သည်ပျော်ပါးစွာ နေ့အချိန်တွင် မုန့်လုပ်၍ သူငယ်ချင်းဘာဝ အတိုင်း စားသောက်နေကြသည်တွင် ပရိမ္မပြည်မှ အိမ်ရှေ့မင်းသား ကျွဲဖြူသည် အိမ်ရှေ့မင်း၊ မင်းပိုင်းနှင့်ရောက်လာကြ၍ သင်းထုံ၊ ငွေနုတို့ ကိုပါ တွေ့ရသောကြောင့် "ဝမ်းသာပါ့ဗျာ၊ အားလုံးမင်္ဂလာ" ဟုနှုတ်ဆက် ပြီးလျှင် ဤသို့လျှင် ကျွဲဖြူသည် စကားစလေ၏။

"မမြ၊ ခင်ဗျားမကောင်းဘူး"

"ဘာမကောင်းတာလဲ ကိုယ်တော်"

"ခု...ပြောတာဟာလည်း မကောင်းဘူး"

"သြော်...အိမ်ရှေ့မင်းပါကပဲ"

"စကြာဇ်ဘုရင်ကြီးဖြစ်ပါစေ၊ ကျွန်တော် မမြတို့ရဲ့အပေါ်မှာ သွေးပြောင်းရင် အရှုံးပေါ့။ ကျွန်တော်က အတန်တန် ကျွန်တော်တို့ ပြည်ကို ပင့်ချီပါလျက် သလ္လာဝတီသို့ ရောက်နေရတော့ ဝမ်းနည်းပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးတော်လေး ကျွဲ"

"မငွေနု ဘယ့်နှယ်"

"ကျောင်းတော်တုန်းက ကောင်မကလေး နှင့်ထက်ငါ အသက်ကြီး တယ်ပြောလို့ပါ၊ ခု ...ပြန်ငယ်လာသလား၊ မမ သင်းက တော့ ပြန်ပြီးငယ်သွားပြီ"

(ရယ်ကြ၏. . .)

"ဘာပြောမလဲ မငွေနု"

ငွေနုသည် ကျွန်ရုပ်မ၏ဖြစ်လာစဉ်ကိုပြောပြလေရာ ကျွဲဖြူသည် ဤသို့ပြောလေ၏။

"ဟုတ်တယ်လေ၊ ဒါတော့ အဆင့်အတန်းချင်းတူမှပေါ့"

"ဟုတ်ပါတယ်၊ မမမြကတော့ လယ်သူမ၊ ဟိုက"

"ဩော်...မငွေနုက တွင်းတူးပြီး တွင်းအောင်းပါ"

"ဘာလဲ မဟုတ်ဘူးလား၊ ဟုတ်တယ် မဟုတ်လား မမမြရယ်"

"ဟုတ်တာပေါ့"

"ဒါပြောတာ မဟုတ်ဘူးဗျ"

"ဆိုစမ်းပါဦးရှင်"

"ရှင်ဘုရင်၊ ဝန်ကြီး၊ သူဌေး၊ သူတောင်းစား၊ သုဘရာဇာလို့ အလုပ်ကိုစွဲခေါ်တာဟာ အဆင့်အတန်းမဟုတ်ဘူးဗျ။ အဆင့်အတန်း ဆိုတာ အတတ်ပညာ၊ ဉာဏ်၊ ထိုအတတ်ပညာဉာဏ်တို့က ပေါက် ပွားသည့်ကိုယ်ကျင့်သဘောကို ခေါ်တယ်ဆိုတာ အသိသားနှင့် ဧွေ့ ဓထိုးစမ်းပါနှင့် ကျုပ်နှမကလေးရယ်"

"ကိုင်း...ကိုင်း...စကားတာရှည်တယ်၊ ထိပ်ထားသင်း ပြင် တော့"

"အို မြကလည်း၊ ဘာပြင်ရမှာလဲ"

"ထိုက်တန်လို့သာ"



"စာတော့ မဆိုနှင့်တော့ မြရယ်၊ ခမည်းတော်နှင့် မယ်တော်ခြတ် ကဘယ်လိုပဲ အမိန့်တော်မှတ်ပေမဲ့ မငွေနုက ယောနကတိုင်းမှ အိမ်ရှေ့ကျော်ဇွာ မိဖုရားမလုပ်ရင်တော့ မိသင်းထုံဟာ သလ္လာဝတီက ဘယ်ကိုမှ မခွာဘူး"

"ဟောတော့ ခက်တယ်၊ သည်ကျော်ဇွာ ရွှတ်တွတ်တွတ်ကို"

"အမိ မခက်နှင့်၊ ကျော်ဇွာဟာ အပြောင်ပြောတတ်ပေမဲ့ အတတ် ပညာ အင်မတန်ကောင်းတယ်။ ဟိုနယ်စွန်ပယ်ဖျားမှာဆိုတော့ အမိ နှင့်မှ တော်မယ်။ ကလေးပြည်၊ ရာဇဂြိုဟ်ပြည်၊ တောင်ညိုပြည်တို့ ဆိုတာဟာ နေမျိုးတွေမှန်ပေမဲ့ အနောက်မန္တိမ ကာဒါရ်ဝိဒီယံတွေရဲ့ ဝါဒကို အမှန်အမြတ်ထားပြီး သုနာပရန္တက နေမျိုးတို့ကို အနိမ့်စား သွင်းနေတာ အသိသားနှင့်"

× × ×

ထို့နောက် တစ်နေ့ညီလာခံ၌ ဘုရင်မင်းမြတ်၏ ညီလာခံသို့ ရာဇဂြိုဟ်ပြည်မှ ရောက်လာသောပညာရှိကြီးသည် သလ္လာဝတီပြည်၌ ဝတ်ကျောင်းတစ်ခု ဆောက်လုပ်ရန် အခွင့်တောင်းလေ၏။ ထိုအခါ ဘုရင်မင်းမြတ်သည် 'အသင်ပညာရှိ၏ဝတ်ကျောင်းကား မည်သို့သော ဝတ်ကျောင်းနည်း" ဟု မေးတော်မူသဖြင့် ပညာရှိပဏ္ဍိတစေသည် ဤသို့တင်လေ၏။

"မင်းထက်မင်းခေါင် ဘုရင်စကြာဓိ ဘုရား၊ ကျေးတော်မျိုးတို့ လာရောက်တည်ဆောက်ရန် ဝတ်ကျောင်းသည်ကား ဗိဿနိုး နတ်မင်းကြီး(ဘုရား)၏ ဝတ်ကျောင်းဖြစ်ပါသည် ဘုရား"

"သင်၏နတ်မင်းကြီးသည် ဘယ်မှာနေသလဲ"

"ကျေးတော်မျိုးတို့၏ နတ်မင်းကြီးကား ဗြဟ္မာ့ကိုယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခေါင်းဖြစ်၍ အလွန်အလွန် တန်ခိုးကြီးပါသည်။ နတ်မင်းကြီး သည် မိမိ၏ဝိဉာဉ်တော်ကိုဝတ်ကျောင်းပြု၍ ရုပ်တုထုခြင်းဖြင့် လည်းကောင်း၊ ရုပ်ပုံ ရေးခြင်းဖြင့်လည်းကောင်း ကိုးကွယ်သူများထံသို့ ခွဲစိတ်ပြီးသော် လွှတ်ပါသည်။ ထို့ကြောင့် ဗိဿနိုးနတ်မင်းကြီးသည် မိမိ၏ ဝိဉာဉ် တော်ကို ကုဋေမက ပွားများစေလျက် လွှတ်ပါသည် ဘုရား"

"အဲသည် ဗိဿနိုးနတ်မင်းကြီးကို ကိုးကွယ်ပါက မည်သို့သော အကျိုးထူးများကိုရနိုင်သလဲ"

"ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ လာဘ်သပ္ပကာရွှင်ခြင်းတို့ကို ဖြစ်စေပါသည်ဘုရား"

"အမှန်ပဲလား"

"အမှန်ပါဘုရား"

"ကောင်းပြီ၊ ဒါဖြင့် ဗိဿနိုးနတ်မင်းကြီးကို ကိုးကွယ်၍ ဆုတောင်း ပြီးသော် ငါ့ထီးဖြူနန်းရပ်ကိုလုသော် အောင်မြင်မှာလား"

"သည်လို မဟုတ်ပါဘုရား"

"ဘယ်လိုလဲ"

"ဗိဿနိုးနတ်မင်းကြီးသည် သတ္တဝါများကို အဆင့်အတန်းအသီး သီးပြု၍ ဖန်ဆင်းထားသောကြောင့် သူ့အဆင့်အတန်းနှင့်သူ လာဘ် သပ္ပကာ ရွှင်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ အကြံအစည်အောင်မြင်ခြင်း ပါဘုရား"

"ပညာရှိ ပဏ္ဍိတခေ၊ သင်တို့ကိုးကွယ်သော ဗိဿနိုးနတ်မင်း ကြီးက လူများကို ဖန်ဆင်းထားသလား"

"ဖန်ဆင်းထားကြောင်းပါ ဘုရား"

"အကြင်လင်မယား မပြုဘဲနှင့် လူမွေးအောင် ဖန်ဆင်းနိုင် သလား"



"ပထမဆုံးလူနှင့် ပထမဆုံးကြက်၊ ဝက်၊ နွား၊ ဘဲ စသည်တို့ကို ဖန်ဆင်းပါသည်ဘုရား"

"သူ့ကိုကော ဘယ်သူက ဖန်ဆင်းသလဲ"

"အလိုလို ဗြဟ္မာကြီးက ဖြစ်လာပါသည်ဘုရား"

"ဗြဟ္မာကြီးကိုကော ဘယ်သူက ဖန်ဆင်းသလဲ"

"၎င်းကို ကြံဆဖို့ ဗြဟ္မာကြီးက အခွင့်မပြုပါဘုရား"

"ဗြဟ္မာပေါင်း ဘယ်လောက်ရှိသလဲ"

"ဒါကို စေ့ငုဖို့ ဗြဟ္မာကြီးက အခွင့်မပြုပါဘုရား"

"စေ့ငုရင် ဘာဖြစ်မလဲ"

"ရူးပါမည်ဘုရား"

"အင်း ငါပညာရှိများနှင့် တိုင်ပင်ဦးမယ်၊ ပဏ္ဍိတခေ"

ထိုသို့နှင့် ညီလာခံကွဲ၍ ညညီလာခံတွင် ဘုရင်မင်းမြတ်သည် ပညာရှိများနှင့်ဝတ်ကျောင်းဆောက်ရန် အကြောင်းနှင့်ပတ်သက်ပြီးလျှင် တိုင်ပင်၏။ ထိုအခါတွင် မင်းသမီးကြီးသင်းထုံနှင့် ခွေနေသည် ကျွန် ရုပ်မနှင့်အတူ ပါလာ၏။ အိမ်ရှေ့မင်းဝိုင်း၊ အိမ်ရှေ့ကျဲဖြူတို့လည်း ဝင်ရောက်နားထောင်၏။

ကျွန်ရုပ်မကား ဤသို့ဆို၏။

"ဝတ်ကျောင်းဆောက်ဖို့ရန် မသင့်ပါဘုရား"

(ထိုစကားကို ပညာရှိတို့သည် မနှစ်သက်ကြကုန်)

"ဘာကြောင့်လဲ သမီးတော်"

"ရွှေဘုန်းတော်ရှင်ဘုရား၊ ဝတ်ကျောင်းဆိုသည်ကား ကိုးကွယ် ဆည်းကပ်မှုနှင့်ပတ်သက်နေပါသည်ဘုရား"

"အင်း...မှန်တယ်၊ ဆက်ပြီးဆို"

"ပဏ္ဍိတခေတို့၏အယူဝါဒကို ဤတိုင်းပြည်က တစ်နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ကြားသိရ၍ နှစ်သက်သူများရှိလာသဖြင့် လာရောက်ပြီးလျှင် ဝတ်ကျောင်းပြုပါဟု တောင်းပန်ပင့်ဖိတ်ခြင်းမရှိဘဲ သူတို့ဘာသာ သူတို့ လာရောက်ပြီးသော် ဝတ်ကျောင်းဆောက်လုပ်ခြင်းမှာ မှုမမှန်ပါ ဘုရား"

"ပညာရှိမယ်ကလေး၊ လာရောက်အခွင့်တောင်းသော ပညာရှိ ကြီးပဏ္ဍိတာစဇကို ဒီစကားသည် ဆဲရာမရောက်ဘူးလား"

"ပုရောဟိတ်ကြီး ဘ၊ ပဏ္ဍိတာစဇအား နှင်တန်လျှင် နှင်၊ သို့တည်း မဟုတ် ထောင်သွင်းအကျဉ်းထားတန်လျှင် ထားရန်ပင်သင့်ပါသည်"

"အလို...အလို...အလို"

"ကိုင်း သမီးတော် သဘောကိုဆိုစမ်း"

"ရှေ့ဘုန်းတော်ရှင် ဘုရား၊ သူသည် ဘာကြောင့် ဒီမှာလာရောက် ကာဝတ်ကျောင်းဆောက်လိုသလဲ။ သလ္လာဝတီပြည်ကလူများကို သနား၍ ကယ်မလိုသောကြောင့်လား၊ ရာဇဂြိုဟ်ပြည်က လူများကိုပင် သနားပြီးလျှင် ကယ်မပါဦး၊ ရာဇဂြိုဟ်ပြည်မှာ ဆင်းရဲသူ အလွန်များ ပါသည်၊ မိုးတွင်း၌ တော်မှုတ်၍သေသူ၊ ဆောင်းတွင်း၌ အဝတ်မလုံ၍ ချမ်းအေး ပြီးလျှင် သေသူတို့ အလွန်များပါသည် ဘုရား။ ထိုမှတစ်ပါး ဆား မလုံလောက်၍ ဝါးပြာကိုစားနေရသော လူပေါင်း များစွာရှိ၍ ချည့်နဲ့သောင်းဖျင်းသောသူများ အလွန်များနေပါသည် ဘုရား။ ပဏ္ဍိတာစဇသည် ထိုသူတို့အား သနားသဖြင့် ကယ်မတော်မူ သင့်ပါသည် ဘုရား၊ ပဏ္ဍိတာစဇသည် အရပ်ကိုကျော်၍ ဇရပ်တော်ကို ရောက်လိုသော သူပါ ဘုရား"

ညညီလာခံ၌ ပညာရှိဆွေးနွေးပွဲသည် အထူးသဖြင့်တိတ်ဆိတ် ကာ စိုက်သွား၍ ဘုရင်မင်းမြတ်သည် ဤသို့မေးတော်မူပြန်၏။

"ဘာကြောင့် ပဏ္ဍိတာစဇသည် ဒီမှာလာရောက်ပြီး ဝတ်ကျောင်း ကို ဖွင့်လှစ်တည်ထောင်ချင်ရသလဲ"



"သူသည် ကိုးကွယ်ဆည်းကပ်မှုကိုအကြောင်းပြု၍ လာရောက် သော နယ်ချဲ့ဘုရင်၏သူလျှိုပါဘုရား။ တစ်နည်းတဲ့ နယ်ချဲ့တိုင်း ပြည်၏ သူလျှိုပါဘုရား။ ထိုသို့သော ဝတ်ကျောင်းဆရာအားလုံး လောက်သည် သူတစ်ပါးနိုင်ငံကိုတိုက်ခိုက်သိမ်းယူဖို့၊ သူတစ်ပါးလူ မျိုးကို ကျွန်လုပ်ဖို့လာရောက်ဖြားယောင်းသော သူလျှိုပါဘုရား"

"အင်း...အင်း...အင်း"

"သမီးတော် သဘောနက်ကို ဆိုစမ်း"

"ဝတ်ကျောင်းတည်ဆောက်ခွင့်ပြု၍ တည်ဆောက်ရလျှင် သူတို့ ၏ဘုန်းကြီးအနည်းဆုံး နှစ်ပါး၊ သုံးပါး ပါလာပါမည်ဘုရား"

"အင်း...မှန်တယ်"

"ဒီဘုန်းကြီးများကို ကုလားကြီးဟု ခေါ်ပါသည် ဘုရား"

"အင်း"

"ဒီကုလားကြီးများသည် မင်းသားများနှင့်လည်းကောင်း၊ ဝန်ကြီး များနှင့်လည်းကောင်း၊ သူဌေးသူကြွယ်များနှင့်လည်းကောင်း နည်း အမျိုးမျိုးနှင့်ပေါင်းသင်းဆက်ဆံ၍ ခင်မင်ရင်းနှီးအောင် လုပ်ပြီးလျှင် သူတို့၏ အကျင့်ဝါဒဘက်သို့ ဆွဲသွင်းပါလိမ့်မည်။ ထို့နောက် သူတို့ကို တကယ့် အစစ်လူဟုတ်လူဟတ်ကြီး ထင်စေပါလိမ့်မည်။ ထိုမှတစ်ဆင့် သူတို့ လူမျိုးကိုသာ တကယ်အစစ်အုပ်စိုးသူအဖြစ်နှင့်ထိုက်တန်သော လူမျိုးဟုထင်အောင်ဆောင်ရွက်ကြပေလိမ့်မည်"

"အင်း"

"ထိုအခါ သူတို့၏ဘုရင်သည် စစ်ချီလာသော် လွယ်လင့်တကူ နှင့်အောင်မြင်ပါလိမ့်မည်။ ဝါဒစစ်ကိုနိုင်အောင် ဆောင်ရွက်ပြီးနောက် လက်နက်စစ်ပါလိုက်လာသော် လွယ်လင့်တကူနှင့် အောင်မြင်နိုင် တတ်ကြောင်းကို ရာဇနီတိ၌ အတိအလင်းဆိုထားပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ထိုမှတစ်နည်းတဲ့"

"ဆို"

"သူတို့ ကုလားကြီးများသည် ဝတ်ကျောင်းအခြေတည်မိချေသော် ၎င်းတို့၏ခြွေရံသင်းပင်းတို့ကို တစ်စတစ်စနှင့်ခေါ်ဆောင်လာပါလိမ့်မည်။ ထိုအခါ လူမျိုးရောနှောခြင်းအားဖြင့် မသန့်ရှင်းသော လူများလည်း ပေါက်ဖွားတတ်ပါသည်။ သူတို့၏လူများရောက်လာ၍ ကိုးကွယ်ဆည်းကပ်မှုနှင့်သက်ဆိုင်သော ပွဲသဘင်များကို ပြုလုပ်ခြင်းဖြင့် လူများကိုဆွဲဆောင်ပါလိမ့်မည်။ အခြားနည်းနှင့်လည်း ဆွဲဆောင်ပါလိမ့်မည်။ ထိုအခါ ၎င်းတို့၏ ဝါဒနှင့်ပတ်သက်သည့် ကိုးကွယ်ဆည်းကပ်မှု နောက်သို့ လူများသည် ပါသွားပြီးသော် ၎င်းတို့၏အယူအဆကို နှစ်သက်သူတို့ လူတန်းစားအသီးသီးမှာရှိလာပေလိမ့်မည်"

"အင်း. . .မှန်တယ်"

"ထိုအခါ တိုင်းပြည်တွင် သူပုန်ရန်ပေါ်ပေါက်တတ်ပါသည်။ တိုင်းပြည်မှာ အဓိကရုဏ်းမှုများလည်း ပေါ်ပေါက်လာတတ်ပါသည်။ တိုင်းသူပြည်သားအချင်းချင်းလည်း ကိုးကွယ်ဆည်းကပ်မှုနှင့် ပတ်သက်ပြီးလျှင်သတ်ကြီးပွဲများပေါ်ပေါက်လာတတ်ပါသည်။ ထိုသို့ဖြစ်လာသော် နိုင်ငံတော်ပျက်စီး၍ ထိုနိုင်ငံသားတို့သည် အလိုအလျောက် ကျွန်လူမျိုးဖြစ်လာရပါသည်"

"အင်း"

"ဒီလိုဆိုသော် ဒီအကောင်ကိုဖမ်းပြီး ထောင်သွင်းအကျဉ်းချထားဖို့ သင့်ပါတယ်"

"နန်းရင်းဝန်ကြီး ဘာ။ ဒီလိုလည်း မပြုသင့်ပါ၊ ရိုင်းရာကျပါလိမ့်မည်"



"ပညာရှိမယ်ကလေး ဘယ်လိုလုပ်မလဲ"

"ဘာ ကျွန်မနှင့်သူတွေ့ဆုံပါရစေ၊ တစ်နေ့ စိစဉ်ပေးတော်မူပါ"

"ဟဲ့ ငပိုင်းနှင့် ကျွဲဖြူ ငါ့သမီးတော်ပြောဆိုတာကို ဘယ်လိုသဘော ထားသလဲ"

"အလွန်ပင် မှန်ကန်ကြောင်းပါ ဘုရား"

"သားတော်၊ သမီးတော်၊ တူတော်မောင်တို့က သည်လိုလည်းတင် ကြိုကာ တင်မထားဘဲကိုး"

"ဘုရားသမီးတော် သင်းထုံ တင်ပါရစေဘုရား"

"ဘာတင်မလဲ"

"အမြကာ"

"ဘယ်က အမြလဲ"

"သူ့နာမည်ရင်းဟာ မြအနှစ်ပါဘုရား"

"အလို ဘယ့်နှယ်"

"အမေက ဘုရားကျွန်တော်မျိုးမရဲ့ စရိုက်နှင့် ရုပ်လက္ခဏာသည် ကျွန်နှင့်တူသောကြောင့် 'ကျွန်ရုပ်မ' ဟုထပ်ပြီးလျှင် ပြင်မှည့်လိုက်ပါသည် ဘုရား"

"ဟာ ဟာ ဟာ ဟာ သည်လောက်လှတဲ့ ရုပ်ကို ကျွန်ရုပ်မလို့ပဲ"

"ငါပြန်ပြင်မယ်"

"အမေ့သဘောကို မပြင်သင့်ပါဘုရား"

"ကိုင်း ကိုင်း ကိုင်း မိသင်းထုံက ပြောစမ်း"

"အမြက တက္ကသိုလ်က ကျောင်းတိုက်မှာပင် စကားတတ်၊ ဒဏ္ဍာရီ များကို ကျပန်းဆောင်ရွက်နိုင်သူပါဘုရား။ ဘုရားသမီးတော်တို့က ဒါ ဒါသာ တတ်သိကြောင်းပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း စီစဉ်ကြဖူး"

ထိုနောက် သုံးရက်မြောက်သောနေ့တွင် မဏ္ဍာလ်ကနားကြီးကျယ်စွာပြု၍ ပဏ္ဍိတာဓနှင့် ကျွန်ရုပ်မကို တွေ့ဆုံ၍ စကားစစ်ပြုစေရာ နားထောင်သောသူများသည် တင်းကြမ်းပြည့်ဖြစ်နေလေ၏။

× × ×

ပဏ္ဍိတာဓက ဤသို့ စကားစတင်လေတော့၏။

"ဟယ် မိန်းကလေး၊ အသင်သည် ငါ့အား ဘာကိုလျှောက်ချင်သလဲ"

"ကျွန်ုပ်ကား မလျှောက်လို၊ မေးလိုသည်"

"ဘာမေးမလဲ"

"သည်တိုင်းပြည်မှာ ဗိဿနိုးနတ်ကြီးကို ကိုးကွယ်ဆည်းကပ်သူ ဘယ်နှစ်ယောက်ရှိသလဲ"

"မရှိသေးဘူး"

"ဒါဖြင့် ဗိဿနိုးရဲ့ ဝတ်ကျောင်းကို ဘာကြောင့်လာပြီး ဆောက်ချင် ရသလဲ"

"နင်တို့ရဲ့တိုင်းပြည်ကို သနားလို့"

"ကောင်းပြီ၊ အသင်တို့ရဲ့ ဗိဿနိုးနတ်ဟာ ဆန်းပဲဆန်းလှချည့်။ ကိုယ်က ဖြဟ္မာ့ကိုယ်၊ ခေါင်းက ဆင်ခေါင်း၊ အသင်ဖြထားသော ရွှေစင်ရုပ်တုကိုကြည့်။ ပြောစမ်း ဒါဟာ ဘာကြောင့်လဲ။ ဖြဟ္မာ့ကိုယ်နှင့် ဖြဟ္မာ့ခေါင်းသာ ရှိသင့်တယ်၊ ဆင့်ကိုယ်နှင့်ဆင့်ခေါင်းသာ ရှိသင့် တယ်။ ယခုတော့ ဆန်းဆန်းကြယ်ကြယ်ပြောစမ်းပါ"

ပဏ္ဍိတာဓသည် ငေး၍စိုက်နေ၏။ ကျွန်ရုပ်မသည် ဆက်၍ ဤသို့ဆိုတော့၏။



"အသင်မပြောသော် ကျွန်ုပ်ပြောရလိမ့်မည်။ အသင်သည် မပြောလို၍ မပြောသလား၊ မသိ၍ မပြောသလား"

"ဖြဟ္မာကို သိကြားက ခေါင်းဖြတ်လိုက်၍ ဖြဟ္မာ့ကိုယ်နှင့် ဆင်ခေါင်းကို ဖြတ်ပြီးသော် တပ်ထားတယ်မဟုတ်လား။ ဖြဟ္မာ့ခေါင်းကို ဟိမဝန္တာသို့ ချလိုက်က တောသုံးတောင်ပြာဖြစ်သွားမည်၊ သမုဒ္ဒရာထဲသို့ ချလိုက်က သမုဒ္ဒရာရေ ခန်းခြောက်မည်။ ဒါကြောင့် ဖြဟ္မာ့ခေါင်းကို နတ်သမီးများ တစ်လှည့်စီ ပိုက်ထားရတယ်မဟုတ်လား။ ပြောလေ"

"ဟုတ်ပါတယ်"

ဟာ ဟာ ဟာ ဟု ဟာ ထိုးကြကုန်၏။

"နတ်နှင့် ဖြဟ္မာ ဘယ်သူကတန်ခိုးကြီးသလဲ"

"ဖြဟ္မာက"

"ဒါဖြင့် သိကြားက ဖြဟ္မာ့ကိုခေါင်းဖြတ်နိုင်သလား"

"ကတိရှိလို့"

"ဘယ်လိုကတိလဲ"

ပဏ္ဍိတာဓကား မပြောချေ။ ကျွန်ရုပ်မသည် "ပြောပါလေ၊ အသင် မပြောသော် ကျွန်ုပ်ပြောရလိမ့်မည်" ဟုဆို၍ ဤသို့ပြောလေ၏။

"သဘာ သတိပြုပါ။ ပဏ္ဍိတာဓပြောသော ဖြဟ္မာကြီးသည် အံ့ဩစရာ၊ ချီးကျူးစရာ သိကြားနှင့်ဖြဟ္မာကြီးသည် ဗေဒင်၌သက်ရှိဟောအတွက်တွင် ခုနစ်ခုစား၊ ရှစ်ခုစားငြင်းကြ၍ သူမှန်သည် ငါမှန်သည်ငြင်းကြရာ လူ့ပြည်မှ ကဝါလမိုင်းဗေဒင်ဆရာကြီးထံမှာ သာရောက်၍ အဆုံးအဖြတ်ခံကြရသတဲ့။ ပုရောဏ်ကျမ်းအဆို၊ သည်အခါမှာ နိုင်သူက ရှုံးသူခေါင်းကို ဖြတ်စတမ်းဟု ကတိပြုသဖြင့် ဖြဟ္မာက ခံရသတဲ့၊ ဘယ့်နှယ်ပဏ္ဍိတာဓ"

www.burmeseclassic.com

www.burmeseclassic.com



သဘာသည် လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သိမ့်သိမ့်ဆူနေလေ၏။

"အဲသည်လို သက်ရပ်အနေကိုမှ မတွက်တတ်ဘဲ သိကြားရဲ့ခေါင်းဖြတ်ကို ခံရသောဗြဟ္မာက သတ္တဝါကို ဖန်ဆင်းနိုင်ပါ့မလား။ လူကိုမဖို့ တန်ခိုးရှိပါ့မလား။ အဲသည်တော့မှ ဗြဟ္မာကြီးမှာ ခေါင်းပြတ်ကြီးဖြစ်နေ၍ မတင့်တယ်သောကြောင့် ဆင်ကြီး၏ခေါင်းကိုဖြတ်ပြီးလျှင် ဗြဟ္မာကြီး၏ကိုယ်နှင့်တပ်ထားသဖြင့် ဗိသနိုးနတ်ကြီး တစ်နည်းတဲ့ (ဘုရား)ဖြစ်နေသတဲ့၊ ဖန်ဆင်းပြီးလျှင် ဝိညာဉ်ပွားပေါင်းများစွာကို လွှတ်ပြီးသော် ကိုးကွယ်သူများအား မစနိုင်သကဲ့သို့ အဲသည်ဗြဟ္မာခေါင်းပြတ်ကြီးကို နတ်သမီးများက တစ်လှည့်စီ ပွေ့ထားရသတဲ့။ တစ်လက်မှ တစ်လက်ပြောင်းသည်ကို သကြိန်ကျသည်၊ နှစ်သစ်ကူးသည်ဟု ခေါ်ပါသတဲ့"

"ဤသည်ကို ယုံသော၊ လိုက်နာလိုက်စားသော သူများသည် အနှစ်ရှိမရှိကို သတိမပြုသော် ပင်း၍ အကန်းရာရောက်မည်သဘာ။ ဘယ့်နှယ်ပဏ္ဍိတခေ"

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ကျွန်ရုပ်မကား လူမဟုတ်တန်ရာ၊ လက်ချမီ ဘုရားမက လူယောင်ဖန်ဆင်း၍ နေတန်ရာဖြစ်မည်။ သို့တည်းမဟုတ် လက်ချမီဘုရားသည် လူအဖြစ်နှင့်ခဏဝင်စားလာခြင်းဖြစ်ရမည်။ သူ့ကို တုပြိုင်ပြော၍ မတန်ရာ" ဟု ပဏ္ဍိတခေသည် ၎င်း၏တပည့်နှစ်ယောက်ကို ခေါ်ပြီးလျှင် သဘာမှထွက်သွားလေတော့သည်။

သဘာသည် သိမ့်သိမ့်ဆူ၍ ကျန်ခဲ့လေတော့သည်။

× × ×



ထိုနေ့ညသော် ကျွန်ရုပ်မ၏အိမ်တော်၌ ကျောင်းနေ့ဖက်သူငယ်ချင်းငါးယောက်သည် စုဆုံ၍စကားပြောနေကြရာ အိမ်ရှေ့မင်းသားကွဲဖြူက ဤသို့စကားဖောက်လေ၏။

"မငွေနု ယောနကတိုင်းဟာ ကာလေးပြည်နှင့်အစပ်၊ ကာလေးပြည်ဟာ ရာဇဂြိုဟ်ပြည်နှင့်အစပ်၊ သည်တော့ ယောနကတိုင်းမှာအင်မတန်အရေးကြီးနေတဲ့ တိုင်းပြည်မဟုတ်လား"

"ကျော်စွာလည်း အတတ်ပညာအရှိသားကပဲ"

"ဩော် . . .ဒါတွေခက်တာပေါ့"

"ဘာခက်ရမှာလဲ"

"ညီမတော်ကလေး၊ ကိုကို ဒဏ္ဍာရီတစ်ခု ပြောမည်"

"လာပြန်ပြီ"

"ပြောပါစေ မငွေနုရယ်၊ သူ ဘာပြောမလဲ။ ကိုင်း ပြောပါ အိမ်ရှေ့ကိုယ်တော် ကိုကွဲဖြူ"

"မောရိယပြည်မှာ အတတ်ပညာ အလွန်ကြွယ်ဝသော ဘုရင်မင်းမြတ် ဓမ္မသေနဟု ရှိသတဲ့"

"ဟုတ်ကဲ့"

"ထိုမင်းကြီးမှာ အလွန့်အလွန် လှပသော ဖိဖုရားကြီး ပဒုမ္မဒေဝီဟု ရှိသတဲ့၊ ဓမ္မသေန ဘုရင်မင်းမြတ်သည် ပဒုမ္မဒေဝီမိဖုရားကြီးအားအဆင်းအင်္ဂါ ကြန်အင်လက္ခဏာနှင့် အလွန့်အလွန် တင့်တယ်သဖြင့် အထူးချစ်ခင်နှစ်သက်တော်မူလေသည်။ မိဖုရားကြီးသည်လည်း များစွာ ဩဇာရှူးရှူလေသည်။ အချုပ်၌ ဓမ္မသေနသည် ပဒုမ္မဒေဝီမိဖုရား၏ သဘောတစ်ခုပင် ဖြစ်နေပေတော့သည်။ ယောကျ်ားဆိုသည်ကား အချုပ်မှာ အိမ့်ရှင်မိန်းမ ဇနီး၏ တစ်ခုဖြစ်တော့သည်။ ဤဘုရင်သည်လည်း မိဖုရားကြီး၏ တစ်ခုပင်ဖြစ်ရလေတော့သည်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကျွဲ ရှင်ဘုရင်ဖြစ်ရင်ကော သည်လိုပဲလား"

"ညီမလေး ကိုကိုလည်း ယောကျာ်းပဲ၊ သည်လိုပေါ့"

"ဒါဖြင့် ကိုကိုရှင်ဘုရင်ဖြစ်တော့ မိဖုရားခေါင်ကြီးက မိဖုရားသုံးပါးကိုခေါ်ပြီး လာကြဟေ့ ကျပ်ပစ်တမ်း ကစားရအောင်ဆိုရင် ကိုကိုကျွဲ ကြည့်နေမလား"

"ကြည့်မနေဘူး၊ ကျပ်ကောက်ပေးမယ်"

(လက်ခုပ်တီးကြ၏။)

"ဒါကြောင့် ရှင်ဘုရင် ဘယ်လို ကောင်းကောင်း မိဖုရားခေါင်ကြီး ကောင်းမှ ညီမလေးရဲ့"

"ညာတာ"

"နေပါဦး ထိပ်ထားသင်း၊ ကိုင်း ကိုရွှေကျွဲ ဒဏ္ဍာရီကို ဆက်ဆောင်ပါ"

"သည်အခါ မောရိယပြည်မှာ သွေးစုပ်စုန်းမကြီး ယုဝတီစဏ္ဍာဟု ရှိသတဲ့"

"လာပြီ မတောက်တခေါက်၊ ဘယ်ကစုန်းမ"

"ထိပ်ထားသင်းရယ် ဒဏ္ဍာရီပါဆိုမှပဲ၊ ကိုင်းကိုရွှေကျွဲ ဆက်ပြီးပြောပါ"

"ယုဝတီစဏ္ဍာဟာ အသည်းများသွေး၊ မှူးမတ်ဝန်ကြီးများရဲ့ သွေးကို စုပ်၍ အားမရဘဲ မဟာဆိ မဟာသွေးတို့ကို စုပ်ချင်တာနှင့် ပဒုမ္မဒေဝီထံသို့ များစွာသော ပန်းအမျိုးမျိုးတို့ကို လက်ဆောင်ပြု ကာ ခစားသတဲ့။ ပဒုမ္မဒေဝီကား အတတ်ပညာမရှိ၊ အလိုလိုက်၍ အကြိုက်နှင့်ချရင် ကျသတဲ့။ ဒါပေ ဝါဒတစ်ထောင်တတ်သတဲ့။ သူဟာ ဝါဒတစ်ထောင်ကိုတတ်ပေမဲ့ ကြက်တူရွေးတတ်၊ သာလိကာတတ်၊ လင်းမြီးဆွဲတတ်သာတတ်လို့ ညီမလေးနှင့်ထိပ်ထားသင်းတို့လို ကြောင်းကျိုးပြ



အတတ်ကို မတတ်ဘူးတဲ့"

"ကြည့်ပါလား သူ့ဒဏ္ဍာရီထဲမှာ သူများဆွဲထည့်တယ်"

"အို. . . .ထိပ်ထားသင်းကလည်း ဥပမာပဲ"

"မဥချင်ပါဘူး"

"မဥရပါဘူး၊ ဖွားတော်မူရမှာပါ"

"ကြည့်ပါလား အမြဲကပေ့"

(ရယ်ကြ၏။)

"ကိုင်း ဆက်ပြောပါ"

"ပဒုမ္မဒေဝီသည် ပန်းကိုအလွန်နှစ်သက်သည်။ သူ့သလွန်တော်ပေါ်မှာ နှင်းဆီပန်း၊ စံပယ်ပန်း၊ မြတ်လေးပန်း၊ ကြက်ရုန်းပန်း၊ ကံ့ကော်ပန်း၊ အင်ကြင်းပန်း၊ ပိတောက်ပန်းတို့သည် ရာသီအထိုက် ပန်းမွေ့ရာဖြစ်နေရသည်တဲ့"

"ဟုတ်ကဲ့"

"အမြဲ သင်းထုံတော့ ပန်းကို သည်လောက်တောင် ကြိုက်ပေါင်"

"ဒါကြောင့် ကိုရွှေကျွဲက တစ်ခဲနက် နှစ်သက်တာပေါ့"

"ကြည့်ပါလား အမြဲက၊ သင်းထုံကိုအမြဲမှတစ်ပါး ဘယ်သူကမှ မနှစ်သက်ရဘူး"

"မမရယ်၊ ညီမလေးကကော"

"ညီမလေးတော့ အိတ်ဝင်ပဲ"

"ကိုင်း ဒဏ္ဍာရီဆရာ ဆက်ပြော၊ ပြောရင်း မေ့သွားပလား"

"အဲဒီတော့ စုန်းမကြီး ယုဝတီစဏ္ဍာသည် ပဒုမ္မာဒေဝီထံ အခစားဝင်ဖို့ ရောနှောဆက်ဆံဖို့ လွယ်လွယ်ကလေးနှင့် အောင်ပွဲခံနိုင်သပေါ့၊ စုန်းမထဲတွင် အလိုလိုက်၍ အကြိုက်ကိုနိုက်ပြီးလျှင် ပိုက်မိအောင် ဆင်နိုင်သော စုန်းမသည် ဇော်ဂနီထက်မက ကဝေမ ဖြစ်လာတော့သည်",

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ယုဝတီစဏ္ဍာသည် ပဒုမ္မဒေဝီထံ ကျအောင်ချနိုင်သဖြင့် နန်းတွင်းသို့ ရောက်ရသောအခါ ညဥ့်အချိန်၌ အိပ်မွေ့ပန်းများ အသုံးပြုသဖြင့် မဟာဆီ မဟာသွေးတို့ကို တစ်စတစ်စ သွေးစုပ်သဖြင့် နန်းတွင်းသူနန်းတွင်းသား၊ မင်းသား၊ မင်းသမီး၊ မိဖုရား စသည်တို့သည် တဖြည်းဖြည်း ဖျော့တော့သော အဆင်းရှိလာပြီးသော် ပျက်စီးရလေတော့သည်။ ထို့နောက် မိဖုရားကြီး ပဒုမ္မဒေဝီသည် ပျက်စီး၍ စုန်းမကြီး ယုဝတီစဏ္ဍာသည် မင်းကြီး၏အလုပ်အကျွေးဖြစ်ပြီးသော် မင်းကြီး၏ သွေးကိုပါ စုပ်သောကြောင့် မောရိယပြည်ကြီးသည် ပျက်စီး ရလေသတည်း"

"ဒဏ္ဍာရီက ကောင်းပေါင်"

"ထိပ်ထားသင်း၊ သဘောကို စဉ်းစားမှပေါ့ စုန်းဆိုတာ တောက်ပတာကို ခေါ်တယ်၊ တောက်ပတယ်ဆိုတာ တန်ခိုးကြီးတာကို ခေါ်တယ်။ တန်ခိုးကြီးတဲ့ နိုင်ငံများက နိုင်ငံငယ်များကို သွေးစုပ်တဲ့ သဘောနှင့် ဝါဒဆရာများကို လွှတ်၊ ကချေသည် သဘင်သမားများကို လွှတ်၊ သူတို့တိုင်းပြည်က ကုန်စည်ပစ္စည်းများကို ရောက်အောင်တင်ပို့၊ အဲသည်လိုနှင့် ကြာတော့ တိုင်းငယ် ပြည်ငယ်ကလေးများဟာ သွေးစုပ် ခံရပြီး ပျက်စီးရင် ပျက်စီး၊ မပျက်စီးရင်လည်း သူ့ကျွန်ဖြစ်ရတတ် တယ်"

"အဲဒါကြောင့် ညီမလေး၊ ဘုရင်များ ညီလာခံတော့ မိဖုရားခေါင်ကြီးနှင့် တွဲပြီး ထွက်တော်မူရတယ်။ ဒါဟာ မောင်တော်၊ နှမတော် တွဲပြီး စုံတွဲအလုပ်ပြဖို့မဟုတ်၊ မိဖုရားခေါင်ကြီးက ညီလာခံသည် တိမ်းရင် မတ်ဖို့ အပါးမှာ အသင့်ရှိရတယ် အဲဒီတော့ ညီမလေးသည် ယောနကပြည်ကြီးကို တိမ်းမည်ထင်သော် မတ်ဖို့ အသင့်တော်ဆုံး ဖြစ်သောကြောင့် မမမြ စကားကို နားထောင်ပါ။ ကိုကို ကျွဲလည်း ဘထွေးတော်ဘုရားနှင့် ခေါင်ခေါင်ကြီး ခြေတော်ရင်းမှာဝပ်ပြီး၊ မရမချင်း ထိပ်ထားသင်းကို တောင်းမှာပါပဲ"



"တောင်းမနေနှင့် ခုကိုခေါ်သွား"

"အို မြကလည်း"

ထိုသို့သော သဘောနှင့် မကြာမီ ပရိမ္မပြည်အိမ်ရှေ့မင်းသား ကျွဲဖြူနှင့် မင်းသမီးကြီး သင်းထုံကိုလည်းကောင်း၊ ယောနကပြည် အိမ်ရှေ့မင်းသား ကျော်စွာနှင့် ငွေနုကိုလည်းကောင်း သလ္လာဝတီ ဘုရင်မင်းမြတ်သည် ထိမ်းမြားလက်ထပ်ကာပေးလေတော့ပြီ။

ကျွန်ရုပ်မသည်လည်း သူ၏ မိဘများကို သလ္လာဝတီသို့ ပင့်ချီ၍ အိမ်ဖြူတော်နှင့် တင့်တယ်စွာ ပြုစုထားလေတော့ပြီ။

□

www.burmeseclassic.com

www.burmeseclassic.com

## [၄]

# သူ့မယား ငါ့မယား

သလ္လာဝတီပြည် အရှေ့ပြင်တစ်ခုသော ဈေးတန်း လူအလွန်စည်ချိန်၌ မိန်းကလေးတစ်ယောက်သည် လေးနှစ်သားကလေးနှင့် သီချင်းသာကာ စည်တီး၍ အသပြာ တောင်းနေလေ၏။

ထိုမိန်းမ၏ အသံမှာ အလွန်သာယာ၍ သီချင်းမှာလည်း အဓိပ္ပာယ် များစွာ လေးနက်၏။ အဆိုလည်းအလွန်ကျ၏။ လူများသည် ကြိတ်ကြိတ်တိုး တိုးဝေ့ကာ နားထောင်ကြပြီးလျှင် အသပြာများကို ပေးကြသည်မှာ များစွာရလေ၏။

သီချင်း၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

"တို့သားအမိကံသည် ဖန်လာပုံအလွန်ဆန်းလှပါဘိတကား။ ကိုးကွယ်ရာရှာလေ ရှားလှပါဘိကလား။ လောကသည် ဆန်းပြားသလား။ တို့သားအမိသည် ရမ်းကားသလား။ သဘောနှင့် စတော့ ဝိပါကသာလျှင် ပါတကား။ ဝိပါကသည် ကြောက်စရာကြီးပါတကား။ ကိုယ်နှုတ်နှလုံးသုံးပါးသည် တစ်ပါးပါးနှင့် ကျူးလွန်မိက ထိုဝိပါက



သည် လိုက်လေဟန် တကား။

အပြစ်သည် ဤဘဝတွင် ကုန်ဆုံးပါစေသော်။ သတ္တဝါအများသည် ကောင်းသော အလိုနှင့် ပြည့်စုံပါသော်"

ထိုသီချင်းသံသည် အလွန့်အလွန် သာယာလှစွာနှင့် လေထဲတွင် ဆင်ကာဝဲလျက် နေသကဲ့သို့ ဖြစ်၏။ အိမ်ရှေ့တော်မင်းပိုင်းနှင့် အိမ်ရှေ့မိဖုရားနန်းကြိုင်သည်လည်း တစ်နေရာကနေလျက် ထိုသီချင်းသံကို နားထောင်နေ၏။

ထိုခဏ၌ တန်းမှူးကြီး ဦးလောရှည်သည် ရောက်လာ၍ ထိုသီချင်းဆိုသည်ကို ကြည့်နေ၏။ သူဌေးကြီး ဦးပြည့်ကျော်သည်လည်း ထိုသီချင်းကို ကြည့်နေ၏။ တို့အတူ မှဆိုးငစဥ်၊ ရသေ့ဦးမိုးထိ၊ အောင်ချမ်းသာ သူဌေးကလေး မောင်ရွှေကျော်တို့သည်လည်း လူထဲသို့ တိုးဝှေ့၍ ထိုသီချင်းသည်မ သားအမိကို ကြည့်နေကြကုန်၏။

ခဏကြာသော် တန်းမှူးကြီးဦးလောရှည်ကစ၍ "သောကြာရှည်" ဟု ခေါ်တော့၏။ တို့အတူ ငစဥ်က 'လာ မမကြာ…' ရသေ့က 'လာ ကြာကြာ' မောင်ရွှေကျော်က 'ကြာရှည်ရယ်၊ ငါ့မှာ ရှာလိုက်ရတာအန့်၊ လာပါတကတည်း'ဟု ခေါ်ကြကုန်၏။

၎င်းတို့သည် ပြဆိုခဲ့သည့်အတိုင်း ခေါ်ကြရုံနှင့်မျှမက တန်းမှူးကြီး ဦးလောရှည်ကစ၍ ကြာရှည်ကိုစတင်ကာဆွဲခေါ်လေ၏။ ကျန်လူအားလုံးတို့ကလည်း အားကျမခံဘဲ ကြာရှည်ကို ဝိုင်းကာ ဆွဲကြလေ၏။ ထိုအခါ ကြာရှည်လည်း အံ့အားသင့်လျက်ရှိနေစဉ် ကြာရှည်၏ သားကလေး ချက်ချက်ချာချာသည် ဤသို့ ဟစ်ကာအော်လေ၏။

"အမေ့ကို ဆွဲကုန်ကြပါပြီ၊ ကယ်ကြပါခင်ဗျား"

ထိုအခါ မင်းမှုထမ်းတို့သည် ရောက်ကြ၍ ဟန့်တားလိုက်ကြပြီးသော် အမှုထမ်းအုပ်က 'လွှတ်— စကားနှင့်ပြော၊ တုတ်စာမိသွား မယ်'ဟု

www.burmeseclassic.com

www.burmeseclassic.com



ခပ်မာမာ အမိန့်ဆို၍ ကြာရည်ကိုလွှတ်ကြပြီးသော် တန်းမှူးကြီး ဦးလောရှည်က စပြီးလျှင် အစဉ်တိုင်း ဤသို့ဆိုလေ၏။

"ငါ့မိန်းမကို ငါခေါ်တာကွယ်"

"ဟေ့မောင် ကျုပ် မိန်းမကြောင့် ကျုပ်ဆွဲခေါ်တာ"

"ဒါဟာ ကျွန်တော့် မိန်းမပါ"

"ဒကာ ဒါဟာ ငါ့မာတုဂါမကွယ့်"

"ကျုပ် မိန်းမနှင့် ကျုပ်သားမို့ ကျုပ်ဆွဲခေါ်တာပါ၊ လာသား သား ဖေဖေ့ဆီကို"

"ဟင် လူကြီးက ဘယ့်နှယ်လဲ"

"ခက်တယ်ဗျို့. . . .၊ ခင်ဗျား နာမည် ဘယ်သူလဲ"

"မကြာရည်ပါ"

"မကြာရည်၊ ခင်ဗျားယောကျ်ား ဘယ်သူလဲ"

"ယခု ကျွန်မမှာ လင်မဲ့ မိန်းမပါရှင်"

"ကြာရည်ရယ် မင်း ဘယ်လိုပြောပါလိမ့်မလဲ၊ မင်းအကခိုင်းလို့ ငါ ကရတာကိုပဲ အားနာပါဦး"

"မယ်ကြာရည်...၊ မင်းက နှုတ်ခမ်းမွှေးကြီးက ဖူးကဖူးသနဲ့ ဆိုတာကြောင့် ငါ နှုတ်ခမ်းမွှေးကိုတောင်ရိတ်ပစ်ရပါကလား၊ ဒါကိုများ ထောက်ထားပါဦးတော့ကွယ်"

"မမကြာရည်၊ ကျုပ်တောထဲက ကယ်ဆောင်လာတော့ သားက လေးကို ထမ်းခေါ်လာရတဲ့ကျေးဇူးများ ထောက်ပါဦး"

"မိကြာရဲ့၊ ငါ ဆွမ်းခံကျွေးတာ၊ သစ်သီးရှာကျွေးတာများကို မထောက်ထားချင် နေပါတော့။ မင်း ဖျင်းမှာ စိုးလို့ ငါကပြီး ဖျော်ဖြေ ရတာကိုများ ထောက်ဆပါဦးတော့ကွယ်"

"မကြာရည်ရယ်၊ မင်း သားကလေးရဲ့ မျက်နှာကိုမှ မငဲ့မညှာဘဲ



ပြောရက်လေခြင်းကွယ်"

"လာ ခင်ဗျားတို့အားလုံး ရှုပ်တယ်၊ လိုက်ခဲ့ကြ။ ရွှေမြို့တော် ဝန်ကြီးထံ မလိုက်တဲ့လူကို ဖမ်းပြီးချုပ်ရလိမ့်မယ်"

မင်းမှုထမ်းများလည်း ထိုသူငါးယောက်နှင့်တကွ ကြာရည်နှင့် သားကလေး မောင်ကျွေးလေးကို ရွှေမြို့တော် ဝန်ကြီးထံ ခေါ်ဆောင် သွားလေ၏။ အိမ်ရှေ့မင်းနှင့် မိဖုရားလည်း ၎င်းတို့ကို မြင်ကြားရ သဖြင့် ဤသို့ တစ်နေရာမှကြည့်၍ ပြောဆိုနေကြလေ၏။

"မောင်တော် အရှက်မရှိတဲ့တကယ့်ဟာတွေ၊ ကိုယ်ယောကျ်ား ဆိုတဲ့ဂုဏ်ကိုပဲ ထောက်ပါဦး၊ ခုတော့ သိမ်ရာသီနှင့် ကန်ရာသီ ဖြစ်နေ တာပဲ"

"မိမိ၊ ဒါကို အသာထားဦး၊ လွှတ်တော်သို့ ရောက်လာပြီး အမှုတွေ မှာကြောင့် ခုကပဲ ခေါင်းလေးနေပြီ"

"မောင်တော် အရှက်မဲ့တဲ့ဟာတွေ အကုန်လုံးထောင်ချပစ်"

"တက္ကသိုလ်မှာ ပညာသင်တုန်းက သည်လိုပဲ တတ်လာသလား"

"မောင်တော် အချုပ်မှာ တရားသူကြီးသဘောဆိုပဲ၊ မောင်တော် ကိုယ်တိုင် ခု တပ်အပ်ကျ မြင်နေရတော့မှပဲ"

"မလွယ်ဘူး မိမိ"

× × ×

ထိုသူငါးဦးသည် ကြာရည်နှင့် သားကလေးနှင့်တကွ ရွှေမြို့တော် ဝန်ထံ ရောက်သွားလေရာ ရွှေမြို့တော်ဝန်လည်း "ဟေ့ရဲသူ၊ ဘာလဲ ကွယ့်"ဟုမေး၍ အမှုထမ်းအုပ် ရဲသူလည်း "ကိုယ်တော် မိန်းမ တစ်ယောက်တည်း ယောကျ်ားငါးယောက်က သူ့မယား၊ ငါ့မယားဆို ဘာဝိုင်းဆွဲလုနေလို့ ခေါ်လာခဲ့ပါတယ်"ဟု တင်လေ၏။ ဝန်မင်းလည်း

www.burmeseclassic.com



ဤသို့ နေရာပေးလေ၏။

"ကိုင်း...တပ်မှူးကြီးနှင့် သူဌေးကြီးက ဒီကိုကြွပါ"

"ဟော့...ဒကာ အဂတိမလိုက်စားနှင့်။ ငါ သစ်ခေါက်ဆိုးဝတ်တဲ့ ရသေ့၊ မင်း မင်းမှူထမ်း။ မင်းမှုထမ်းဆိုတာ တိုင်းပြည် အမှုထမ်း"

"ခက်နေပြီ၊ ကိုင်း...ရှင်ရသေ့က ဒီကိုကြွပါ"

"ဝန်မင်း မျက်နှာမလိုက်ပါနဲ့၊ ကျွန်တော် မှုဆိုးပါ၊ တိုင်းသူပြည်သားများအား အမဲကျုပ်တင်ခြောက်နှင့် အကျိုးပြုနေတဲ့ မိဖုရားကြီးမှစ၍ သုံးနေသူ တော်သုံးမုဆိုးပါ"

"ကိုင်း...ကိုင်း ခင်ဗျားလည်း ဒီကိုကြွပါ"

"ရွှေမြို့တော်ဝန်မင်း ကျွန်တော်ဟာလည်း ပရိမ္မနိုင်ငံတော် မြောက်ပိုင်းနယ်ဖျား အောင်ချမ်းသာ ရွာမကြီးက သူဌေးမောင်ရွှေကျော်ပါဗျာ၊ မယားပျောက်လို့ လိုက်ရှာလာတာ ဒီကိုကျမှ တွေ့ရတာပါ"

"ကိုင်းဗျာ၊ ကြွပါဒီကို"

"ရွှေမြို့တော်ဝန်မင်း"

"ဆို...ခင်ဗျားက ဘာပြောဦးမလဲ"

"တရားခံများကိုတော့ မြင့်မြတ်တဲ့နေရာမှာ ပေးထားပြီး သက်သေကျွန်မ သို့မဟုတ် အရှက်ကွဲခံရတဲ့ ကျွန်မကိုတော့ ခွေးသားအမိလို အောက်မှာပြီး ဖျာမှမခင်းတဲ့ ဖုန်အလိမ်းလိမ်းနှင့် ဒီကြမ်းပေါ်မှာ အထိုင်ခိုင်းထားသလား။ မြို့တော်ဝန်မင်းတို့ရဲ့ နိုင်ငံဟာ အမျိုးသမီးများကို နှိမ့်ချတာလား၊ ဒါမှမဟုတ် မျက်နှာရှိရာ ဟင်းဖတ်ပါတာလား"

"ကြွကြွ ခင်ဗျားတို့သားအမိ ညောင်ရေအိုးစင့်ပေါ်ကြွ၊ တကတည်း"

"လေ့ကားပေးလေ"

"ရဲသူရယ်၊ မင်းပဲ ဒါတွေ ငါ့ထံခေါ်လာရတယ်လို့။ (ကျွန်ရုပ်မ) သခင်မထံ ခေါ်သွားရောပေါ့၊ ဒီချည်ခင်ထွေးကို"



"ကိုယ်တော် ခေါ်သွားရင် မင်းအမှုထမ်းအုပ်လုပ်နေပြီး ရာဇသတ်ကို နားမလည်ဘူးလား။ ဝန်တွေ၊ ရုံးတွေကျော်လွှားပြီး မမထံခေါ်လာရသလားဆိုတာ သနပ်ခါးခေါက်နှင့် ခေါင်းကိုထုလွှတ်မှာပါဘုရား။ ပေါက်ကျော်က အလျင်ဆီးနှံမှာပါ"

"ကိုင်း...ကိုင်း တန်းမှူးကြီးနှင့် သူဌေးကြီး၊ မုဆိုး၊ ကိုစဥ်တို့တော့ ပြန်ကြပါတော့၊ တရားရုံးက ဆင့်ခေါ်တဲ့အခါမှသာ ရုံးသို့ကြွခဲ့ကြပါ"

"ဒကာ၊ တို့ကော..."

"ရှင်ရသေ့တို့ကို တန်းမှာ အကျယ်ချုပ်နှင့်ထားရမှာပဲ"

"အံမယ် တယ်လည်းဖြောင့်မတ်တဲ့ မြို့ဝန်ပါကလား။ ဘာကြောင့် အဂတိလိုက်စားရသလဲ၊ တို့ကိုလည်း တို့နေရာ ပြန်လွှတ်ပါလား"

"ခက်တယ်၊ ရှင်ရသေ့တို့နှစ်ယောက်က ခြေသလုံးအိမ်ပါ"

"ဒါဖြင့် ဒကာအိမ်မှာ အထက်တန်းကျကျနှင့် တို့လိုရာကို ထောက်ပံ့ပြီးထားပါလား"

"ခက်နေပါပြီ"

"မခက်နှင့်။ ဘုရင်မင်းမြတ်နှင့် ခေါင်ဖုရား ကြားအောင်ကို အော်မယ်၊ ငါက လျှော်တေကို ကျကျနနရုံ၊ ခွက်နက်ပိုက်ပြီး ညီလာခံမှာကို တက်ပြောမှာဗျား"

"ဟော့...ဟော့...ဟော့ မောင်ရဲသူ။ ဒီလူ နှစ်ယောက်ကို အိမ်ရှေ့မင်းထံ ခေါ်သွားကွယ်၊ ဒီသားအမိရော ခေါ်သွား"

"ဟာ ဘယ့်နှယ်လဲ ဝန်မင်း၊ ကျွန်မ အိမ်ရှေ့မင်းထံ လိုက်ရဲ့ပေါင်။ အိမ်ရှေ့မင်းကို မြင်ဖူးတယ်။ နှုတ်ခမ်းမွေးမရှိ၊ ဘာမရှိနဲ့ ယောရှောလို (ရဟန်း လူထွက်လို) မတော် မိကြာရည်ကို စော်ကောက်ထားရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်လုပ်မလဲ၊ ဒါမှ တစ်ခက် ခက်နေဦးမယ်"

ရွှေမြို့တော်ဝန်လည်း ရင်ဘတ်ကိုတီး၍ "ခက်ပလေမိန်းကလေးရယ်၊ မင်းဘယ့်နှယ်စကားကို ပြောရသလဲ"ဟု ဆိုလေရာ ကြာရည်လည်း ရှုတည်တည်နှင့် ဤသို့ဆိုလေ၏။

"ကျွန်မက ကိုယ်တွေ့ကြောင့်ပြောတာ၊ ကျွန်မမှာ ကျွန်မကိုမြင်ရင် ယောကျ်ားကမက်တဲ့ တနီကလေးပါနေတယ်။ မြို့ဝန်မင်းတောင် ကျွန်မကို မျက်နက်ကလေးတဝဲဝဲနဲ့၊ ဒါပေ နှုတ်ခမ်းမွေးကြီး ကားရယားကြီးနှင့်ကြောင့် မလန့်ထိုက်ပါဘူးလို့ အောက်မေ့နေပါတယ်။ မြို့ဝန်မင်းရဲ့အိမ်မှာဆို တော်သေး"

"အဟုတ်သားပဲ၊ ကိုယ့်မျက်လုံးဟာ အမှုစကားဆိုရာမှာ ဒီမိန်းကလေးထံ ကဗျာဆန်ဆန်နှင့် ကြည့်နေတယ်"

"ဝန်ကတော် ခင်ဗျားကလည်းဗျာ၊ အစ်မဘာသာအစ်မနေစမ်းပါ၊ တကတည်း အမှုပွေရတဲ့အထဲ"

"နေနိုင်ပေါင်ရှင်၊ ရှင်တို့ ယောကျ်ားဆိုတာ မိန်းကလေးအရည်တက်ကိုမြင်ရင် အမဲသားမှတ်နေတာပဲ။ ဘုရင်မင်းမြတ်က ကျွဲနှင့်နွားကို မသတ်ရလို့ အမိန့်ထုတ်ထားတာတောင် တော်တို့ ဝန်ကြီးတွေဟာ အမဲသားကို ဆို့တော်မူလိုရင် အမှုထမ်းတွေအိမ်မှာ သွားရှာရတယ် မဟုတ်လား"

"ဟော့…ရဲသူ၊ မင်းပဲကွယ် တကယ်ပွေတဲ့အမှုကို ခေါ်လာရတယ်လို့။ ဒါလောက်တောင် ပွေတဲ့လူများကို တွေ့ကိုမတွေ့ဖူးပါဘူး"

"ကိုယ်တော် ခုတွေ့ရတာပါပဲ"

"ကိုင်း…ကိုင်း…ကိုင်း…၊ သူတို့သားအမိကိုတော့ သခင်မ ကျွန်ရုပ်မထံ ပို့ထားကွယ်"

အမှုထမ်းအုပ် ရဲသူသည် ရသေ့ဦးမိုးထိ၊ သူဌေးကလေးရွှေကျော်၊



ကြာရည်တို့ သားအမိတို့ကို အမှုထမ်းများနှင့် အိမ်ရှေ့မင်း၏ အိမ်တော်သို့ ခေါ်သွား၍ ရောက်လေလျှင် အိမ်ရှေ့မင်း မင်းဝိုင်းလည်း မျက်လုံးဝိုင်းပြီးသော် ဤသို့ မေးတော်မူလေ၏။

"ကိုရဲသူ၊ ဘာလဲဗျ"

"မြို့ဝန်မင်းက ဒီလူသုံးယောက်ကို အမှုစွဲတင်စရာရှိတာနဲ့၊ သူ့ထံမှာလည်း မထားဝံ့တာနဲ့ ကိုယ်တော့်ထံ အပို့လွှတ်လို့ပါဘုရား"

"အလို ကိုရဲသူ၊ ဒီလူများကို ကျွန်တော်နှင့် ထိပ်ထား မိမိမျက်မြင် လက်မခံဝံ့ဘူး။ အိမ်တော်မှာ ကြွက်ကြွက်ဆူနေမှ ခက်မယ်၊ မဖြစ်ဘူး မဖြစ်ဘူး"

"တော်တော့်ကို ရှုပ်တဲ့ ပွေတဲ့လူတွေ။ လူစည်ကားတဲ့နေရာမှာမှ မယားလုရတယ်လို့၊ တကယ်ဆို ဇရပ်ကြီး ဇရပ်ကြားမှာ ဆွဲကြပါလား"

"တော့်နှမကို သည်လိုဆွဲပါစေလား၊ ဒါမှမဟုတ် ရှင့်မယားကို သည်လိုဆွဲပါစေလား"

"ခင်ဗျားကို ကျုပ်မပြောဘူး"

"ရှင် အိမ်ရှေ့ကိုယ်တော်ရှေ့မှာ ကျွန်မကိုမပြောရင် ဘယ်သူ့ကို ပြောတာလဲ။ အမှုထမ်းအုပ်ပီပီ ရှုပ်ရှုပ်ထွေးထွေး၊ သူ့အား လက်ဆောင် မထိုးတိုင်း ရှုပ်နေတာပဲ"

"ခင်ဗျားကို ကျွန်တော်မပြောဘူးဗျာ၊ ကျွန်တော့်ဘာသာ ကျွန်တော် ညည်းတာ"

"ကိုင်း ကိုရဲသူ၊ သခင်မ မမ ကျွန်ရုပ်မနှင့်မှ ကိစ္စပြီးမှာ၊ အဲဒီကိုသာ ပို့ထား"

"မှန်ပါ"

"ဘာလဲရှင့် ကိုရဲသူ"

"မမနီ၊ မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ဝိုင်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လို့ ယောသည် ရသေ့နှင့် သူဌေးကလေး၊ ကာယကံရှင် မကြာရည်နှင့် သားကလေးကို လုံခြုံစိတ်ချရအောင် မိဖုရားထံ လာအပ်တာပါ"

"ဟာ...မဖြစ်ဘူး ကိုရဲသူ၊ ရှင့်ယောက်ဖ နှစ်ယောက်နှင့် သည်မိန်းမ သားအမိကို ပြန်ခေါ်သွား"

"ရှင်ရသေ့မှာ နမရှိသလား"

"အံမယ်...၊ မင်းမှာကော နမ မရှိဘူးလား"

"ခက်နေပါပြီ သူဌေး မောင်မောင့် မောင့်မှာကော နမရှိသလား"

"အမှုထမ်းအုပ်မင်းရဲ့ နမဟာ ဈေးမှာပေါ့"

"တယ်ခက်တဲ့ လူနှစ်ယောက်ပဲ"

"ဟော့...ဒကာ၊ ငါရသေ့"

"ရသေ့ဟာ မိန်းမကို ဆွဲရသလား"

"ဟော့...ရသေ့မှာ လက်ပါတယ်၊ ရသေ့ဟူသည် တရားတည်၍ မညီအကျင့် ဆီးခွင့်မဆန် နန်းမဟန်ပဲ လူတန်တည်နဲ့ လပြောင်တည်း"

"ရှုပ်တယ် ကိုရဲသူ။ တကတည်းရှင်ရသေ့ရယ်၊ သူဌေးရယ်၊ သားသည်အမေရယ် အိမ်တော်ထဲမှာ စခန်းသွားနေရင် ခွက်ခွက် လောကုန်လိမ့်မယ်၊ ရှင် ပြန်ခေါ်သွား"

"ဘယ်မှာ ထားရမလဲ"

"ထောင်သွင်းအကျဉ်းချထားပါလား"

"ခင်ဗျား အာဏာရှင်လား"

"ရသေ့၊ ရသေ့ကို မိနီစကားမပြောဘူး၊ အမှုထမ်းအုပ်ကို ပြောနေတာ"

"သည်လိုမပြောနှင့်၊ ရသေ့တွေစုခေါ်လာပြီး ဆန္ဒပြတော့မှ ခက်နေမယ်။ သည်တော့ တောင်းပန်လို့ ချော့လို့ ရမယ် ထင်သလား၊ တရားရှင် ဘုရင်မင်းမြတ်ရဲ့ လက်ထက် ဘာမှတ်သလဲ'



ထိုသို့ ဇွာလောင်ဇွာလောင်နှင့် ပြောနေသည်တွင် ကျွန်ရုပ်မသည် ထွက်လာ၍ ဤသို့ မေးလေ၏။

"ဘာလဲ မမနီ"

"အာဏာရှင်မ မမနီ။ ခင်ဗျား မတင်နှင့်၊ ကျွန်ုပ် သခင်မထံ တင်မယ်"

"အို...ရှင်ရသေ့ မတင်ရပါဘူး၊ ပြောပါ အလကား အရဟတ္တမဂ်ကိုဏ်းသင့် မခံရပါစေနှင့်"

"အဲသည်လိုမှပေါ့၊ သခင်မ နားစိုက်တော်မူပါ။ ရသေ့ရဲ့ ကဗွီယမကို နိုးသွားကြပြီး လိုက်ရှာလို့တွေ့တော့ ဝိုင်းလုကြတယ်၊ ဒါကို တရားရုံးတင်မလို့"

"တော်ပါပြီ ကိုယ်တော်၊ တပည့်တော်မ သိပါပြီ။ ဦးလေးပေါက်"

"မမ"

"သည်ရသေ့ ဆရာဘုရားနှင့် သည်လူကို ဦးလေးပေါက်တို့က ကောင်းကောင်းမွန်မွန် ပြုစုထားပါ၊ တရားရုံးက အလိုရှိသော် ပို့လိုက်။ မမနီက သည်သားအမိကိုသိမ်းထားလိုက်ပြီး တရားရုံးက တောင်းဆိုသောအခါ ပို့လိုက်ပါ"

"ကြာရည်နှင့် စကားမပြောရဘူးပေါ့"

"တပည့်တော်မလည်း တရားဥပဒေကျင့်ထုံးကို နာခံရပါတယ်"

"သလ္လာဝတီပြည်ကြီးမှာ ရွှေမိုး ငွေမိုး ရွာနေပြီ"

"ကိုင်း...ကိုင်း...ဆောင်ရွက်ကြ"

× × ×

ရွှေမြို့တော် တရားသူကြီးရုံး၌ သူ့မယား ငါ့မယားမှုကို စစ်ဆေးသော နေ့။

www.burmeseclassic.com

www.burmeseclassic.com



နားထောင်သူများမှာ တင်းကြမ်းပြည့်မျှ ရှိနေလေ၏။

တန်းမှူးကြီးက စ၍ အမှုကို ဤသို့ စစ်ဆေးလေတော့ပြီ။

"ကိုင်း...တန်းမှူးကြီးက အမိန့်ရှိပါ"

"တရားသူကြီးမင်း၊ ကြာရှည်ကို သားကလေးနှင့် ညနေမှာ ညဈေး နားတွင် ယောင်လည်လည်နှင့် တွေ့ပါတယ်။ သည်တော့ သနသာရုပ္ပနှင့်ပါ၊ သည်မိန်းကလေးဟာလို့ သူ့အားမေးပါတယ်။ မင်း ဘယ်ကလဲ၊ ဘယ်သူ့ကို ရှာနေသလဲလို့။ သည်တော့ ကြာရှည်က အစ်ကိုကြီးရှင်..."

"အစ်ကိုကြီးတဲ့လား"

"ဟုတ်ပါတယ်"

ရယ်ကြ၍ ရုံးတော်က အမှုထမ်းများက ထိန်းထားရလေ၏။

"ကိုင်း...ဆက်ပြီး အမိန့်ရှိပါ"

"ကြာရှည်က အစ်ကိုကြီးရှင်၊ ကျွန်မ သည်အရပ်သူမဟုတ်ပါ။ ကိုးကွယ်ရာမဲ့ပါဆိုရာ မင်းမှာ ယောကျ်ားမရှိဘူးလား မေးပါတယ်။ သည်တော့ ပြုံးတုံ့တုံ့ကလေးနှင့် အစ်ကိုကြီးရယ် ကျွန်မသားကလေး လူမမည်ဟာ ယောကျ်ားပါပဲ၊ ကျွန်မမှာတော့ လင်မရှိပါလို့ ပြောပါ တယ်"

"ဟုတ်သလား မယ်ကြာရှည်"

"ဟုတ်ပါတယ်"

"မင်း ပြုံးတုံ့တုံ့ကလေးပြုပြီး ပြောသလား"

"ဟုတ်ကဲ့၊ ပြုံးတုံ့တုံ့ကလေးနှင့် ချိုကြည်ကြည် တည်တည်ပြုတာ ပင် ပြောပါတယ်"

"မင်း ဘာကြောင့် ပြောသလဲ"

"ဒါဟာ မိန်းမသဘာဝပါရှင်၊ မျက်နှာထားကြီးနှင့် မျက်လုံးတို့



ပြူးပြီး ပြောလိုက်မိရင် ကျွန်မကို စုန်းမဆိုပြီး ရိုက်သွားမှာကြောက် လို့ပါ"

"မင်းက မြင်မြင်ချင်း အချစ်ကမ်းတဲ့သဘောနဲ့ ပြောတာပဲ မဟုတ် လား"

"တရားသူကြီးဘုရား၊ ဒါတော့ရှင် လင်မရှိတဲ့ မိန်းမသဘာဝ ဒီလို တန်းမှူး လူချောကြီး ခန့်ခန့်ကြီးကို ချစ်မယ်ဆိုရင်လည်း ချစ်နိုင်တဲ့ သဘောပါ ဘုရား"

(ရယ်ကြ၏။)

"ကိုင်း..မင်းဆက်ပြီးပြောစမ်း"

"တရားသူကြီးဘုရား၊ ဒီတော့ တန်းမှူးကြီးက တကယ့်ကို လှပါတဲ့ မယ်ပပရယ်၊ မင်းကို ငါမြင်မြင်ချင်း သနားလှပါတယ်။ တယ်ပါရစေ၊ မင်းလက်ခံမလား မေးပါတယ်။ ဘုရားကျွန်မကလည်း တို့သားအမိနှစ်ယောက်မှာ ကိုးကွယ်ရာမဲ့ပါကလားလို့ အားထားရာရ ပါစေတော့ဟု ခေါင်းညိတ်လိုက်ကာ ပြုံးရှိုပါတယ်"

"အင်း"

"ဟုတ်သလား တန်းမှူးကြီး"

"ဟုတ်ပါတယ်"

"ဆက်ပြီးဆို မကြာရှည်"

"ဒါနဲ့ တန်းမှူးကြီးခေါ်ရာသို့ ဘုရားကျွန်မ သားကလေးနှင့် အထုပ်ကိုရွက်ပြီး လိုက်သွားပါတယ်။ တန်းမှူးကြီးလည်း ဘုရားကျွန်မ တို့သားအမိကိုခေါ်သွားကာ သားနားလှပတဲ့ အိမ်ကြီးတစ်အိမ်မှာ ထားပါတယ်။ ထိုအိမ်ကြီးမှ အစောင့်အစေခံများနှင့်တကွတဲ့ အိမ်က ညစာများကို ဘုရားကျွန်မတို့ သားအမိအား ကောင်းစွာကျွေးပါတယ်၊ နေရာထိုင်ခင်း၊ အိပ်ရာ အိပ်ခင်းတို့ကိုလည်း ပြင်ဆင်ပြီးပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…စာရေးတော်ကြီးက သေချာစွာရေးကွယ့်"

"မှန်လှပါ"

"ကိုင်း…ဆက်ပြော"

"ညသူငယ်အိပ်ဆိတ်ချိန်ရောက်တော့ တန်းမှူးကြီးရောက်လာပါတယ်။ သေရည်နံ့ကလေးကလည်း တသင်းသင်းနှင့်ပါ"

"မကြာရည်က သူ့အလိုကို သဘောတူလိုက်ရောပေါ့"

"တရားသူကြီးဘုရား၊ ဘုရားကျွန်မကသဘောတူသည်ဖြစ်စေ မတူ သည်ဖြစ်စေ၊ ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ တန်းမှူးကြီးသည် ကျေးဇူးရှင်ပါ။ သူ့လက်တွင်းမှာလည်း ဖြစ်ပါသည်။ အဲဒီတော့ ဘုရားကျွန်မသည် သူ့အလိုကို ကြည်ဖြူသည့်သဘောနှင့်ပင် လိုက်လျောလိုက်ပါသည်။

"အင်း ဒါဖြင့် မယ်မင်း ဘာကြောင့် ထွက်လာရသလဲ"

"တရားသူကြီးမင်းဘုရား၊ တန်းမှူးကြီးထံမှာနေရခြင်းကို နှစ်မြို့က်ပါသည်။ ပျော်ပိုက်ပါသည်။ တန်းမှူးကြီးကလည်း မျှင်းမည်းနိုး၍ မပျော် ပျော်အောင်ချော့သည့်အပြင် မျောက်က၊ ဝံတီးတိုးက၊ မြင်းကစသည်တို့ကိုပင် ကပြပါသည်။ ဘုရားကျွန်မလည်း ပျော်ပိုက် ပါသည်။ သို့ရာတွင် ဒီလိုဘုရား ကျွန်မရှိသည့်အကြောင်းကို လူတို့၏ ပါးစပ်သည်မပြတ် ဟစိဟစိနှင့်နေသဖြင့် တန်းမှူးကြီးကတော်နားသို့ ရောက်သွားပါသည်"

"အင်း"

"သည်တော့ မိန်းမရွယ်တစ်ယောက်က ဘုရားကျွန်မထံလာပြီး တော် တန်းမှူးကြီးမသိအောင် တိတ်တိတ်ထွက်သွား၊ မသွားရင် တန်းမှူးကြီးကတော် ခေါ်ခေါ်ဝိက သူ့သမီးများနှင့် လာပြီး တော့ကို လင်ခိုးမဆိုကာ ပါးကွဲအောင်ချမှာ။ သူ့သမီးအကြီး နုနုတင်ဟာ နာမည်



သာနေတယ်၊ အင်မတန့်ကို တန်းမှူးကြီးသမီးပီပီ စိတ်ကြမ်းကိုယ်ကြမ်း၊ တော့ကိုသနားလို့ ကျူပ်လာပြောတယ်လို့ ပြောပါတယ်"

"အင်း"

"တရားသူကြီးမင်းဘုရား၊ သည်တော့ ကျွန်မတို့ သားအမိဟာ ငွေမရှိ မျိုးမရှိ ကိုးကွယ်ရာမဲ့ပါကလား။ ကျွန်မကြောက်တာနဲ့ ငါးရက်အကြာမှာ တိတ်တိတ် တန်းမှူးကြီးထားရာကထွက်ပြေးလာပြီး ရပ်မှာနေ၊ သီချင်းဆိုကာ တောင်းရမ်းပြီး အသက်မွေးနေရပါတယ်ဘုရား"

"အင်း သူဌေးဦးပြည့်ကျော်"

"ရောက်ပါပြီ"

"သူဌေးမင်းက မယ်ကြာရည်ကို ဘာကြောင့် သူဌေးမင်းမယားလို့ ပြောစွဲပြီး ဆွဲခေါ်ရပါသလဲ"

"သူဟာ ကျွန်တော့် မယားပါ"

"မယားဖြစ်ပုံ အမိန့်ရှိပါ"

"တစ်နေ့သောနေ့ နေဝင်ဖျိုးဖျမှာ အိမ်ကြီးတစ်အိမ်၌ "အိမ်ကြီးရှင်များရှင်၊ ကျွန်မတို့သားအမိ ကိုးကွယ်ရာမဲ့ပါ၊ ထမင်းကျန် ဟင်းကျန်လေးများကို သနားတော်မူကြပါ" လို့တောင်းသောအသံကို လမ်းလျှောက်လာရင်း ကြားမိပါသည်။

"အင်း စာရေးကြီးက သေချာစွာရေး"

"ကိုင်း ဆက်ပါ"

"ဒီတော့ ဒီအသံဟာ သူတောင်းစားအသံမဟုတ်ပါ။ သူဌေးကတော်အသံပါဟု အောက်မေ့မိပါသည်။

"သူဌေးမင်းက အသံကြားရုံနဲ့ သိသလား"

"ကျွန်တော်လည်း တဏ္ဍသိုလ်ပြန်တစ်ယောက်ပဲ သိသာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဖုရားကြီးလည်း ဒီအတတ်ကိုတတ်လို့ သိတာပဲ"

"အင်း ဆက်ပြောပါ"

"ဒါနဲ့ သူ့ အနားသွားရပ်ပြီး မိန်းကလေးဟာသူတောင်းစားအစစ် မဟုတ်ဘူး၊ သူဌေးကတော်ဖြစ်ရမယ်ဆိုတော့ သူကလေးဟာ ဘာမှ ပြန်မပြောဘဲ မျက်ရည်တွေတွေကျနေပါတယ်"

"အင်း"

"ဒါနဲ့ သနားလို့ သူ့ကိုဆက်မမေးတော့ဘဲ မင်းကို ငါသနားတယ်။ ငါဟာ သူဌေး၊ မင်းကိုကယ်မယ်။ ငါဟာ သူဌေးမို့ သူဌေးမျိုးကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်ဆိုကာ သူ့ကိုသားကလေးနှင့် ခေါ်လာပြီးတော့ အိမ်တစ်ဆောင်မီးတပြောင်နှင့်ကိုထားပါတယ်။ ဒါကြောင့် သူဟာ ကျွန်တော့်အလိုကို ကြည်ဖြူစွာနဲ့ သဘောတူတာနဲ့ ကျွန်တော့် မယားပါ"

"မှန်သလား မကြာရည်"

"သူဌေးမင်းပြောသည့်အတိုင်းပါပဲ၊ သူခေါ်ရာသို့ ကျွန်မမှာ ကိုးကွယ်ရာမဲ့ သားကလေးတစ်ယောက်နဲ့ ရှိနေခြင်းကြောင့် အားကိုးရာ ရပြီဟု လိုက်သွားမိပါသည်။ သူဌေးမင်းလည်း အိမ်တစ်ဆောင်မီး တပြောင်နှင့် ရောက်သည့်အချိန်ကစ၍ သာယာသော ခြံကြီးတစ်ခုထဲမှာ ထားပါသည်"

"အင်း...ဆို"

"ရောက်သောညမှာပင် သူဌေးမင်းသည် ကျွန်မတို့သားအမိနှင့် ညစာကို အတူပျော်ရွှင်စွာစားပါသည်။ သူ့သဘောမှာ မယားသစ်ကလေးကို ရပြီဟု ယူဆဟန်ရှိပါသည်။ စားသောက်ပြီး၍ သားကလေး ကွေးလေးသည် အိပ်သွားသောအခါ သူဌေးမင်းသည် ချိုကြည်နှင့် ကြည့်ကာ ကလိလာလေရကား ဟာ ...ငါ့ ကျေးဇူးရှင်ပါတကား...



သူ့အလိုကို သဘောတူလိုက်ပါသည်။ သူ့သဘောကျအောင်လည်း လိုက်လျောကျင့်ဆောင်ပါသည်"

"အင်း...ဒါဖြင့် မယ်မင်းဟာ သူဌေးမင်းရဲ့ မယားပေါ့၊ သူဌေးမင်းဟာ မယ်မင်းရဲ့လင်ပေါ့"

"တရားသူကြီးမင်းဘုရား၊ ယောက်ျားဆိုသည် ဘုရင်ကစ ဒွန်းစဏ္ဍားအထိ မည်သူမဆို"

"ဟဲ့...ဟဲ့... ကြာရည်၊ တို့ တရားသူကြီးများနှင့် ရှင်ဘုရင်၊ အိမ်ရှေ့မင်းတို့ကို ချန်ပါဦး"

"ဒါတွေလည်း ယောက်ျားပဲ"

"ဟာ..."

"နားတော်ဆင်ပါ ဘုရား၊ မြက်နုသည် နွားတို့၏အကောင်းဆုံးသော အရသာဖြစ်ဘိသကဲ့သို့၊ မြက်နုသည် သမင်တို့၏အချိုဆုံးသော အရသာဖြစ်ဘိသကဲ့သို့၊ မမုန်းနိုင်သော အရသာဟု ချင်းတို့ တပ်မက်နှစ်သက်သကဲ့သို့ ယောက်ျားသည် မိန်းမတို့၌ မေထုန်သဘောအားဖြင့် မမုန်းနိုင်သော အရသာဖြစ်သောကြောင့်တွေ့သော မြက်ကွင်းထဲ၌ သားတိရစ္ဆာန်တို့သည်ပျော်မြူးသည့်အလား ပျော်ပါးမြူးထူးလင့် ...အစား လင်မယားမဟုတ်နိုင်ပါ။ မဟုတ်နိုင်ရာ မဖြစ်နိုင်ရာ၊ ဟုတ်နိုင်ရာ ဖြစ်နိုင်ရာ ဟု တရားရုံးသည် ယူဆချေသော် ခပ်သိမ်းသော ရှင်ဘုရင်တို့သော်လည်းကောင်း၊ ခပ်သိမ်းသော ဝန်ကြီးသော်လည်းကောင်း၊ ခပ်သိမ်းသော ဝန်ကြီးချုပ်သော်လည်းကောင်း၊ ခပ်သိမ်းသော တရားသူကြီးတို့သော်လည်းကောင်း ခပ်သိမ်းတို့သည် အကယ်၍ ...ယ်ငြားအံ့၊ ထိုအကယ်ဟူသည် ပြည့်တန်ဆာမ၏လင်သော်လည်းကောင်း၊ မိန်းမရှင်၏လင်သော်လည်းကောင်း၊ အတန်း... အပျိုမ၏လင်သော်လည်းကောင်း၊ အားနည်းသူ မိန်းမတစ်ယောက်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



လင်သော်လည်းကောင်း ဖြစ်ရာသလော"

"ထိုမိန်းမတို့သည် ထိုယောကျ်ားတို့၏မယားဖြစ်ရာသလော"

"ဓမ္မသတ်သည် ဤသည်တို့ကို လင်မယားဟု အခွင့်ပြုသလော"

"ဟုတ် ကြာရည်"

"ဘုရား ကျွန်မ ဓမ္မသတ်ကိုသာ တောင်းပန်ပါသည်၊ မေထုန် သဘောသည် နက်နဲလှပါသည်ဘုရား"

"ဒါကို နေစမ်းပါဦး။ မယ်မင်းကို ကောင်းစွာမွန်စွာ ထားသလား၊ မယ်မင်း ဘာကြောင့် အဲသည် သူဌေး၏အိမ်က ဆင်းလာသလဲ"

"ဘုရားကျွန်မကို ကောင်းမွန်စွာ ထားပါတယ်၊ တစ်နေ့သောအခါ မှာ သူဌေးကြီးအား ကိုကို့နှုတ်ခမ်းမွေးကြီးက ကြောက်စရာ၊ ယားက ယားသနဲ့ဟု တီတာမိပါသည်"

"နေပါဦး။ တကယ်ပဲ ကြောက်စရာကောင်းသလား၊ ယား သလား"

"တီတာတာပါ ဘုရား"

"အင်းဆို"

"သည်တော့ သူဌေးကြီးသည် ဘုရားကျွန်မ သဘောကျအောင် နှုတ်ခမ်းမွေးကိုရိတ်ပါသည်။ ထိုသို့ရိတ်ခြင်းကြောင့် သူဌေးကတော် ကြီးက အမှုလုပ်များအား အစုံအစမ်းခိုင်းသောအခါ ဘုရားကျွန်မ ရှိကြောင်းကို သိသွားပါသည်"

"အင်း…နှုတ်ခမ်းမွေး"

"ဒါနှင့် အိမ်မယ်ကလေးတစ်ယောက်ကလာပြီးသော် ဤသို့ ပြောပါသည်။ ရှင့်ကို ဤခြံထဲမှာ သည်လို တင့်တင့်တယ်တင့်နှင့်ထား တာကို သူဌေးကတော်ကြီး ဒေါ်ဖွားဥသိသွားပါပြီ။ ရှင့်ထံ သူ့သမီး များနှင့်လာရောက်ပြီး ဆုတ်ဖြဲပစ်လိမ့်မယ်။ သူ့သမီး အငယ် မျှော်ခင်



ဟာ အလွန့်ကို ကြမ်းပါတယ်။ ရှင့်ကို သနားလို့ လာပြောပါတယ် တဲ့"

"အင်း"

"ထို့ကြောင့် ဘုရားကျွန်မသည် သူဌေးဦးပြည့်ကျော်ထံမှာ မနေ ဝံ့ဘဲ ထွက်ပြေးခဲ့ပါသည်ဘုရား"

"ကောင်းပြီ၊ ယနေ့ အချိန်နည်းသွားပြီ၊ နက်ဖြန် ဆက်စစ်မည်၊ မယ်မင်း ရုံးချိန်းကိုမှန်မှန်ရောက်"

"မှန်လှပါ"

"မှဆိုး၊ ရသေ့၊ သူဌေးကလေးတို့ကိုလည်း ဆင့်"

× × ×

နောက်တစ်နေ့သော် မုဆိုးငစဥ့်ကို စစ်ဆေးလေ၏။

"အမောင်သည် ကြာရည်ကို ဘာကြောင့် မယားဟုစွပ်စွဲကာ ဆွဲခေါ်ရသလား"

"ကျွန်တော်သည် အမဲကျပ်တင်ခြောက်များကို တပည့်ငါး ယောက်နှင့်ယူလာရာ သာယာသော သီချင်းသံကို တောအတွင်းမှ ကြားရ ပါသည်။

"အင်း…စာရေးတော်ကြီး သေချာစွာရေး"

"ထိုအခါ အလိုသီချင်းသံပါကလား၊ အင်မတန်မှ သာယာပါက လား၊ တောစိုးနတ်သမီးသံလား။ ဒါလည်း မဟုတ်တန်ရာ။ တောစိုး နတ်သမီးဆိုတာ ဒဏ္ဍာရီဆရာရဲ့ ကာလိမ်ဆေ့ ငြမ်းဆင်တာပါ။ တကယ် ရှိတာမဟုတ်ဘူး။ နဂါးမသံလည်းမဟုတ်ရာ၊ နဂါးမရှိ တယ်လို့ဒဏ္ဍာရီ ဆရာကဆိုပေမဲ့ တစ်ခါမှ မတွေ့ဖူးဘူး၊ ကိန္နရီဆိုတာလည်း ဒဏ္ဍာရီ ဆရာနှင့်ရသေ့လက်ချက်ပါ။ တကယ်ရှိမှာ မဟုတ်ဘူး။ လူ့မသာဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကျွန်တော်မျိုးသည်သီချင်းသံကြားရာသို့ တပည့်များကို ထားပြီးသော် သွားရောက်ပါသည်"

"မုဆိုး မောင်စဉ့်ရယ်၊ ပြောမှ ပြောပလေ။ ငါဟာ တောစိုး နတ်သမီး၊ နဂါးမ၊ ကိန္နရီ၊ ဥစ္စာစောင့်မတို့ကို ယုံကြည်နေတော့ မင်းပြောတာနှင့်ပဲ ရှက်လာပြီ။ ပြောကွယ်"

"သည်အခါမှာ ကြာရည်ဟာ သီချင်းဆိုပြီး ရသေ့ရဲ့လျှော်စောင်ကို ပုခက်လုပ်ကာ လွှဲနေပါတယ်။ ဒါပေမဲ့ သူ့ကိုယ်မှာတော့ အဝတ်မကပ်လို့ဟာ...နဂါးမဆိုတာ ဒါပဲထင်ပါရဲ့၊ ဟုတ်ပါပြီလို့ ထင်မိပါတယ်။ သို့သော် သူ့သီချင်းအဓိပ္ပာယ်က သားကလေးရယ်၊ မင်း သူဌေးသားမှ ကံဆိုးသကွယ်။ ကိုဗိုးကွက်ရေ၊ ညကျတော့ သူ့အဖေထံ ရောက်အောင်သွား၊ စကားမများဘဲ၊ မကျဉ်းမကျယ် ပြောလိုက်ပါ ကွယ်။ ဖြစ်နေတော့ လူပါပဲလေဆိုပြီး သူက ဝင်သွားပါတယ်"

"အင်း..."

"ဒါပေမဲ့ သူအဝတ် မဝတ်သေးဘူး၊ မျက်နှာကလည်း မပြုံးဘဲ တည်တည်နေပါတယ်။ ကျွန်တော်က မယ်ကလေးရယ် အဝတ်ဝတ်ပါဦးဆိုတော့ ဘာလဲ ရှုလို့လား၊ ရှုရင် ဘာကြောင့်လာသလဲ၊ သည်ကိုလာဖို့ ဘယ်သူကခေါ်သလဲ။ ရှုရင် စက်ဆုပ်ရင် ပြန်သွား၊ အဝတ်မရှိလို့ ချွတ်ခြင်းသဘောနှင့် နေရတယ်လို့ ခပ်ဆတ်ဆတ်ပဲ ပြောနေပါ တယ်"

"အင်း"

"ကိုင်းဗျာ...မယ်ကလေးရဲ့ အကြောင်းကို နာပါရစေဆိုတော့ မှ သူဟာ အဝတ်ကို ကောက်ဝတ်ပြီး ရှင်ဘာကြောင့် မေးသလဲ၊ ကျွန်မကို ကယ်ချင်လို့လားဆိုရာ ဟုတ်ကဲ့၊ ကျွန်တော်ကယ်တန် ကယ်ရမှာပေါ့၊ အမိရဲ့အကြောင်းကို သိပါရစေဆိုတာနှင့် ကြာရည်က သည်လို ပြောပြပါတယ်"



"အင်း"

"ကျွန်မတို့ သားအမိဟာ ရသေ့ထံ တောကြီးထဲမှာ ကပ်နေရပါတယ်။ နေ့အချိန်ကျတော့ ရသေ့ဟာ သည်လိုပဲ တောကြီးထဲမှာထားပြီး၊ သစ်သီးရှာ၊ ဆွမ်းခံ စသည်ဖြင့် သွားပါတယ်။ ယနေ့တော့ ဆားအလို့ငှာ ရွာကြီးတစ်ရွာသို့ သွားပါတယ်၊ ကျွန်မတို့ ကြောက်ကြောက်နှင့် နေရပါတယ်တဲ့"

"အင်း"

"ဒါဖြင့် ကျွန်တော် အမိတို့ကို ခေါ်ဆောင်သွားမယ်၊ လိုက်မလားမေးတော့၊ သူက တကယ်လားဆိုပါတယ်။ တကယ်ပါပဲ ဆိုတော့မြို့ကျရင် ကျွန်မကို သူဌေးထံ၊ အမတ်ထံ၊ အမတ်ကြီးထံ၊ မင်းကြီးထံ၊ မင်းသားထံ ရောင်းစားမှာလားလို့ ပြောပါတယ်။ ကျွန်တော်ကလည်း မရောင်းပါဘူးလို့ ပြောပါတယ်။ ဒါနှင့် သူသဘောတူပြီး ကျွန်တော်နှင့်သားကလေးကို ယူကာ လိုက်လာပါတယ်"

"ဩော်...သည်လိုကိုး၊ ဒါနှင့် အမောင့်မယား ဖြစ်ရရော့လား"

"ဒါတော့ တရားသူကြီးမင်း ဘုရား၊ ကိုယ်ချင်းသာ စာကြည့်တော်မူပါတော့"

"ဟုတ်လား မယ်ကြာရည်"

"ဟုတ်ပါတယ်"

"ဒါဖြင့် မုဆိုး ကိုစဉ့်ဟာ ကြာရည်လင်ပေါ့"

"တရားသူကြီးမင်းဘုရား၊ ဒါဟာ လင်မယားအရာ မြောက်ပါသလား"

"ခက်နေပါပြီ၊ မယ်မင်းတို့ချင်း ညားနေကြတော့မှပေါ့"

"မသိလို့ပါဘုရား၊ ငနိုပါးဆိုတဲ့ ခွေးကြီးတစ်ကောင်ဟာ ကျားမဆိုတဲ့ ခွေးမနှင့်ရပြီး သားကလေး ငါးကောင် မွေးပါတယ်။ သည်ကျား

www.burmeseclassic.com

www.burmeseclassic.com



မဟာ နောက်တစ်ကြိမ်ပဲ ကြီးသဘာဝ ရန်လုံဆိုတဲ့ ခွေးကြီးနှင့် ညားရပြန်ပါတယ်၊ ရန်လုံဟာ မယားခိုးမှုဖြစ်ပါသလား ဘုရား"

"ခက်နေပါပြီ"

"အဲသည်လို ခက်သောကြောင့် တရားသူကြီးမင်း ရုံးတော်သို့ ရောက်နေပါသည် ဘုရား"

"မယ်ကြာရည်ရဲ့၊ ခွေးမှာ မယားခိုးမှု ဘယ်မှာ ဖြစ်နိုင်ပါ့မလား"

"တရားသူကြီးမင်းဘုရား၊ လူမှာတော့ ဘာကြောင့် မယားခိုးမှု ဖြစ်ရပါသလဲ ဘုရား"

"အတော်ခွကျတယ်။ မယ်မင်း ဘာကြောင့် သည်မှုဆိုးကိုစဥ်ထံက ထွက်လာသလဲ။ ဝဝကောင်းကောင်း မကျွေးလို့လား၊ လှလှပပ မဆင်လို့လား"

"ကောင်းသည်ထက် ကောင်းအောင် ကိုစဥ်က ကျွေးမွေးပါသည်။ နန်းရင်းဝန်ကြီးများနှင့် တရားသူကြီး၊ သူဌေးကြီးများတောင် ကိုစဥ်လောက်ကျွေးနိုင်မယ်မထင်ပါဘုရား။ ဘာကြောင့်ဆိုတာ အမဲကို သူ့မှာ လိုသလောက်၊ အမဲနှင့်လဲလို့ ငါးလည်း လိုသလိုရနေလို့ပါဘုရား။ အဝတ်တန်ဆာမှာလည်း သိကြားမင်းရဲ့ မိဖုရားကို မြင်ဖူးရင် ဘုရားကျွန်မရဲ့ အဝတ်တန်ဆာလောက် တောက်ပြောင်မယ်မထင်ပါ"

"အင်း—စကားက သိပ်လှတာပဲ"

"ဒါပေမဲ့ သူမုဆိုးဆိုတော့ လေးကြိုးကို ဖယောင်းတိုက်ရပါတယ်၊ မဆိတ်ကို ချက်ပေးရပါတယ်။ မြားနှင့် မဆိတ်ကို တို့ပေးရတယ်။ သည်တော့ ငါလည်း သည်မကောင်းမှုထဲမှာ အစုစပ်ပါနေပါကလားဟု နောင်တရပြီး သူ့ထံက တိတ်တိတ်ထွက်လာပါတယ်"

"အင်း…ရသေ့ ဦးမိုးထိ"

"အသင့်ပါ"



"ရသေ့မှာ မယားရှိသလား"

"ရှိလို့ လုတာပေါ့"

"ရသေ့ဟာ မယားနေရသလား"

"ဪ … တရားသူကြီးလုပ်နေပြီးတော့ အကြားအမြင် သိပ်နည်းတာကိုး"

"ဆိုစမ်းပါ အရှင်ရသေ့"

"ကျွန်ုပ် မြင်တာမဟုတ်၊ အသက်များစွာ ရှည်တဲ့ ဗြဟ္မာကြီးထဲ ပြောတာကို မှတ်ထားတဲ့ မှတ်စာအရ ပြောပြမယ်"

"ကိုင်း… ပြောစမ်းပါ"

"ရသေ့တစ်ပါးအား ဒီပင်္ကရာ မြတ်စွာဘုရားက သင်သည် ဘဒ္ဒကမ္ဘာထက်၌ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့ဟု အမှန်ဖြစ်ရမည်ကို သိတော်မူသည့်အတိုင်း အမိန့်တော်မူသောအခါ ယက်ကန်းသည်မသုမိတ္တာက မြတ်စွာဘုရားထံ ဤဘုရားလောင်း၏ အလုပ်အကျွေးဘဝဆက်တိုင်း ဘုရားဖြစ်သည့်တိုင် ဖြစ်ရပါလို၏ဟု ဆုတောင်းတော့ ဘုရားလောင်းက ဟယ်ဟု ဟယ်သောအခါ မြတ်စွာဘုရားသခင်က "ချစ်သား ဖောခိ ထိုထို၊ ညောင်ထိုထိုမှာ လူပျိုဘုရား၊ မရှိပြီဘူး" လို့ မိန့်တော်မူသဖြင့် ထိုဘုရားလောင်းရသေ့သည် လက်ခံရသည်ဟု ရသေ့မှတ်စာများတွင် တွေ့ဖူးသည်တစ်ချက်"

"တံငါသည် သားနှင့် တံငါသည် သမီးကို လက်ထပ်ပေးတော့ လူမှုကိစ္စကို ငြီးငွေ့သဖြင့် ရသေ့လင်မယား အဖြစ်နှင့် တောထွက်သွားကြတော့ ရသေ့ထီးက ရသေ့မ၏ ချက်ကို လက်နှင့်ရစ်သဖြင့် သားတော်ကလေးတစ်ပါး မောင်ရွှေညိုကို ဖွားတော်မူရသည်ဟု ရသေ့မှတ်စာကို တွေ့ဖူးသည်တစ်ချက်"

"သည်ရသေ့နယ် ခက်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် တရားသူကြီးလဲ ခက်တတ်တဲ့ တရားသူကြီးကိုး။ ဘာကြောင့် စစ်မေးသလဲ၊ ရသေ့မှာ မယားရှိကြောင်းကို ပြောပြတာ"

"အရှင်ရသေ့ ကာမ မေထုန်ကို မမှီဝဲဘူးလား"

"ဟာ တယ်ညံ့တဲ့ တရားသူကြီးပဲ၊ ဒါကြောင့် တိုင်းပြည်သာယာတယ် ထင်ပါရဲ့။ ကာမမေထုန်ဆိုတာ နားထောင်၊ အကြင်ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်အား ဟိုက်အတော်ချောလှတဲ့ ကောင်မ၊ ပြုံးပြုံးကလေး၊ ပါးအိုးနီ၊ နှုတ်ခမ်း ဟသ်ပြဒါးနှင့်၊ ရင်မောက်တင်ကောက်ဆိုကာ ဘဝင်ကျကာငိုက်၊ စိုက်မိပြီ။ ဒါဟာ မျက်စိနှင့် ကာမ မေထုန်ပြုတာတဲ့။ ခက်နေပြီလား ကိုရွှေတရားသူကြီး။ ပြီးတော့ သီချင်းသံကလေးနားထောင်၊ ဟာ သိပ်ကိုသာယာပါကလားလို့ ဘဝင်တွင် ငြိကာ ထိမိပြီးစွဲပြီ။ ဒါဟာ နားနှင့် ကာမမေထုန်ပြုခြင်းတဲ့၊ မရှင်းသေးဘူးလား နားထောင်"

"သတ္တဝါချင်း အတူတူပေမဲ့ ကာမမေထုန် သဘောဟာ ခြားနားတယ်။ စတုမဟာရာဇ် နတ်များမှာတော့ လူလိုပဲတဲ့၊ ဟိုအထက်နတ်များမှာတော့ ကိုယ့်မိန်းမ၊ ကိုယ့်လင်ရယ်လို့ တွေးရုံနှင့်ပင် ကာမမေထုန် ဖြစ်သတဲ့"

"ဟာ တရားစစ်ဖို့ ခေါ်ပါတယ်၊ တရားဟောဖို့ ခေါ်တာလို ဖြစ်နေပါပြီ"

"ဘာကြောင့် မေးသလဲ၊ မေးတာနှင့် စစ်တာဟာသဘာဝတူ"

"ကောင်းပါပြီ၊ သည်မာတုဂါမကို ဘယ်လိုရသလဲ"

"အဲဒီလိုမှပေါ့"

"ကျုပ်ကလည်း ရသေ့သဘာဝ သူဌေးကြီးတစ်ယောက်ရဲ့ မွေးနေ့ရသေ့တစ်ရာတစ်ပါးကို ဆွမ်းကြီးလောင်းတော့သွားပြီး ဆွမ်းခံမိတာကိုး။ သူဌေးကလည်း သဒ္ဓါသိပ်ကောင်းတာနှင့် ဆွမ်းနှစ်ပါးစားရင်တောင်



မကုန်၊ ဟင်းကဝက်သားနီချက်တစ်ခွက်၊ ကြက်သွန်သားဟင်းတစ်ခွက်၊ ငါးဆိမ့်ကြော်ချက်တစ်ခွက်၊ ပဲတည်ချဉ်တစ်ခွက်၊ ငရုတ်သီးကြော်တစ်ခွက်၊ တဖောင်းလက်ပတ်ဟင်းချိုအိုးကလေးနှင့် တစ်လုံးလောင်းတာနှင့် အားရပါးရ မနိုင့်တနိုင်နှင့် ပြန်လာရာ ရှင်ချောတို့ သားအမိကိုရေအနီး သဖန်းပင်အောက်မှာ တွေ့ရတော့သည်"

"အင်း ဆို"

"သည်ဟော့ သားကလေးကနို့ဆာ၍ငို၊ အမေက ချိုချိုကိုတိုက်ပါ၏။ သို့သော် မနေ့က ထမင်းမစားရသည့်သဘောနှင့် ချိုချိုက မထွက်၊ လုံလောက်အောင် မထွက်။ မထွက်လေ ကလေးက ငိုလေ၊ မအေ့မျက်နှာကလည်း မျက်ရည်စနှင့် ငိုမဲ့မဲ့ကလေးပေါ့"

"မလှဘူးလား"

"လှတဲ့သူဟာငိုမဲ့မဲ့ပေ့၊ ငိုမဲ့မဲ့နှင့် လှတာပဲ"

"ကိုင်း ဆိုပါဦး"

"ဒါနှင့် ဒကာမလေး ထမင်းမစားရဘူးထင်တယ်ဆိုတော့ ဘာမှမပြောဘဲ မျက်ရည်ကျနေတယ်။ သည်တော့ အနားမှာရှိတဲ့ ဘန့်ဖွေးဖက်ကိုရူး၊ ရေဆေး ထမင်းတစ်ဝက် ဟင်းတစ်ဝက်၊ ဟင်းချိုတစ်ဝက်ကို ကျွန်ုပ်၏ခွက်ထဲသွန်ယူ၊ တစ်ဝက်ကို သူ့ပေးတော့ ကောင်မ အားရပါးရ စားလိုက်တာ၊ သိပ်ကို ကြည့်ကောင်း၊ ကလေးကိုလည်း ဝါးခွံ့"

"ကြည့်စမ်း၊ သူများ ကောင်မတဲ့"

"ကြာကြာ နှင်ထွက်ပြေးသွားတာပဲ၊ ကောင်မပေါ့။ နွားမကိုကြည့်စမ်း၊ ပြေးတာပဲ"

"ကိုင်း ပြောမှာ ပြောပါ"

"ဒါနှင့် ဒကာမကလေးကို ကြည့်ရတာ ကိုးကွယ်ရာမဲ့ ထင်တယ်။ ဘာဖြစ်လာသလဲလို့မေးတော့ ကိုးကွယ်ရာမဲ့ပါပဲလို့သာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောဘူး။ ထပ်ခါထပ်ခါမေးတော့မှ တပည့်တော်မ လင်ငယ်နေလို့တဲ့"

"အင်း ပေါ်ပြီ"

"ဘာပေါ်သလဲ ဒကာတရားသူကြီး၊ ကောင်မ လုံလုံထိုင်"

"ပြောပါ အရှင်ရသေ့"

"သည်တော့ ကျုပ်က တယ်မိုက်တဲ့ဒကာ၊ မယားကို လင်ငယ်နေတာနှင့် နှင်ချရသတဲ့။ ကိုယ်တောင် သက်သာတာကို မသိဘဲနှင့်"

"ကိုင်း ပြောပါ အရှင်ရသေ့"

"ဒါနှင့် သူ့ကို ခေါ်လာပြီး ကပ္ပိယမကလေး အဖြစ်နှင့် ထားတယ်"

"အရှင်ရသေ့ မပေါင်းသင်းဘူးလား"

"ကိုယ်ချင်းစာကြည့်လေ"

"ဟာ"

"ဒါနှင့် တစ်နေ့မှာ အဝတ်နှင့်ဆားလိုလို့ မြို့ကိုလာတုန်းမှာ သူပျောက်သွားတာ ခုတွေ့ရတာပဲ"

"ဒါဟာ အရှင်ရသေ့ရဲ့ မယားလား"

"ကျုပ်ရဲ့မယား မဟုတ်ရင် ဘယ်သူ့မယားလဲ၊ ဒကာ့မယားဆိုချင် သလား"

"ကောင်းပြီ၊ နောက်တစ်နေ့"

နောက်တစ်နေ့၌

"သူဌေး ကိုရွှေကျော် ရောက်ပလား"

"အသင့် ရောက်ကြောင်းပါ"

"ဘာကြောင့် အသင့်မယားလို့ စွပ်စွဲပြီး ဆွဲရသလဲ"

"မကြာရည်ကို သူ့မိဘ သူဌေးကြီး၊ သူဌေးကတော်တို့ထံမှာ ကြီးကျယ်ခမ်းနားစွာနှင့် တောင်းရမ်းယူရာ ပုဏ္ဏားဦးဒေါနက လက်ထပ်



ပေးပါတယ်၊ ဘိသိက် သွန်းပါတယ်"

"ဟုတ်သလား မယ်ကြာရည်"

"ဟုတ်ပါတယ်"

"သူလင်ငယ်နေသောကြောင့် စိတ်ဆိုး၍ အိမ်ကဆင်းသွားဆိုမိသဖြင့် စိတ်ဆိုးပြီး ဆင်းသွားပါသည်"

"ဘုရားကျွန်မ ပြောပါရစေ"

"ကိုင်း ကိုင်း ပြောစမ်း"

"ဘုရားကျွန်မသားကလေးရတော့ သားကလေးနှင့်ပင်တပျော်တပါး နေပါသည်။ လင့်အပေါ်၌ ပြုအပ်သော ဝတ္တရားကိုလည်း မချွတ်ယွင်းပါ၊ သူ့ကိုလည်း အင်မတိ အင်မတန် ချစ်ပါသည်။ ချစ်၍ပင် ဝတ္တရား ကုံငပါသည်"

"ဟုတ်ကဲ့လား"

"မှန်ပါတယ်"

"သူသည် မှော်ဆရာ မောင်သာအိကို ခေါ်လာပါသည်"

"အင်း"

"သည်တော့ ရှင်မှော်ဆရာကို အိမ်မခေါ်ခဲ့နဲ့၊ မှော်ဆရာဆိုသည်မှာ သစ္စာမရှိသော လူလိမ်ဟု ခဏခဏ ပြောပါသည်"

"ဟုတ်သလား"

"ဟုတ်ပါတယ်"

"တရေးကြီးက မှန်မှန်ကျနစွာ ရေးပါ၊ ဒါဟာ သိပ်အရေးကြီးတယ်"

"မှန်လှပါ"

"ဆက်ပြော"

"ဘာကြောင့် မှော်ဆရာကို အိမ်မှာခေါ်ထားရသတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အပြောပဲ။ မှော်ဆရာဟာ အင်မတန် စွမ်းတယ်၊ ဆီများဆန်များကို ယူမကုန်အောင် တိုးစေနိုင်တယ်တဲ့"

"တိုးသလား..."

"သူ့ မှော်ဆရာက သည်ဆေးကို စီရင်ရန် စပါးကြီးမရဲ့ သည်းခြေနှင့် ညှို့တစ်စုံကို လိုသည်ဟုဆိုသောကြောင့် ကိုရွှေကျော်သည် မှော်ဆရာကို အိမ်တွင်ထားခဲ့ပြီးသော် နွယ်ခွေတောင် ကိုယ့်အလုပ်သမားများထံ သွားပါသည်"

"အင်း"

"သူ သွားသော ညမှာပင် ဘုရားကျွန်မသည် သားကလေးကို ချို့ တိုက်၍ အိပ်သောအခါ သိပ်ထားစဉ်မှာပင် အကျီကြပ်ကြယ်သီးကိုမှ မတပ်ရမိ သူ ဝင်ရောက်လာကာ အတင်းပေါင်းသင်းပါသည်"

"အော်သလား"

"မအော်ပါ"

"ဘာကြောင့်..."

"ရှက်စရာကြောင့်..."

"ဟာ..."

"သည်လိုပါဘုရား"

"ဆိုစမ်း"

"အပျိုဆိုတော့ တစ်နေ့မှာပေါ်ရမည်ကြောင့် အော်ရပါမည်။ အအို ဆိုတော့ ချော်လဲ ရောထိုင်ရှုံပါ၊ အော်က လူသိ၍ ရှက်စရာ တွေ့ရပါ မည်"

"တကယ့် ဟာပါကလား၊ ဆို..."

"ဒါနှင့် သူနောက်ညများမှာလည်း ဦးမလေးဘဲ လာပါတော့တယ်"

"ကိုင်း...မအော်တဲ့ ကျေးဇူး"



"ဆိုတော့ ဘုရား၊ ကောင်းမှန်းသိ သာအိတစိုစို ဖြစ်နေပါတော့ပြီ။ မှော်ဆရာပိပိ သိပ်ကို ယုတ်ကန်းတာပဲ"

"ကိုင်း...ဆိုစမ်းပါဦး"

"သူ့ကို အရောမဝင်၊ မျက်နှာသာလည်း မပေး နေပေမဲ့ လုံးလုံး သူ့ယုတ်ကန်းမှုကို မလျှော့ပါ"

"အင်း..."

"ကိုရွှေကျော်လည်း ပြန်ရောက်လာပြီး နောက်တစ်နေ့မှာ လယ်သမားများထံ သွားပါသည်။ ကျွန်မသည် နေ့လယ်ချိန် အိပ်ရာထဲမှာ ကလေးသိပ်နေပါသည်။ ထိုအခါ မှော်ဆရာ သာအိသည် အတင့်ရဲပြီးသော် ကျွန်မထံလာရောက်၍ ပေါင်းဖက်ပါသည်။ ကျွန်မလည်း သူများသိမည်စိုးသဖြင့် တိတ်တိတ်နေစဉ် ကိုရွှေကျော်သည် ရောက်လာပါသည်။ ကိုရွှေကျော်သည် ကျွန်မနှင့်သာအိဖြစ်ပုံကို အခန်းထဲတွင် လက်ပူးလက်ကြပ် မိပါတော့သည်"

"အင်း..."

"ထိုအခါကို ရွှေကျော်က မိယုတ်မ၊ သမ္မာမရှိတဲ့ မိယုတ်မ။ နင်သည်လို လော်လီရမ်းကား ဖောက်ပြားတာနှင့် ငါ့အကြံဟာ မအောင်၊ ငါစပါးကြီးမရဲ့ သည်းခြေနှင့် ညှို့ကိုသွားယူတာလည်း မရခဲ့။ ကနေ့ လယ်သမားများထံသွားတော့လည်း၊ ယောကျာ်းများကို မတွေ့ရ။ မိယုတ်မ နှင် ငါ့အိမ်နှင့် မတန် ဆိုကာ ဆံဆိုကြိမ်းမောင်း ပြီးသော် အဖေနှင့် အမေတို့ထံ ထွက်သွားပါသည်"

"အင်း...သူမှော်ဆရာ သာအိကို ဘာပြောသလဲ"

"သူ့ သူ့မှော်ဆရာကို ဘာပြောဝံ့မလဲ၊ မော်လို့တောင် မကြည့်ဝံ့ပါ။ မှော်ဆရာသည် သူ့အထုပ်ကလေးကို ဆွဲပြီးလျှင် အိမ်ပေါ်မှ သူနှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းသွားပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ခဏကြာသော် ကိုရွှေကျော်သည် အဖေနှင့်အမေကိုခေါ်၍ ရောက်လာပြီးလျှင် အဖေနှင့်အမေ့ရှေ့တွင် ဤသို့ဆိုပါသည်"

"မိယုတ်မ၊ နင်ဟာ သစ္စာမရှိ၊ နင်နှင့် ငါ့အိမ်နှင့်မတန်။ ဆင်းသွား၊ နင့်ကို ငါစွန့်ပစ်လိုက်ပြီ"

"အင်း"

"ကျွန်မလည်း ကောင်းပါပြီ၊ နောင်တော့ တော်အရေလည်အပတ် စိရင် သိမယ်၊ ကျွန်မ မိဘများထံ လိုက်သွားပါမယ်ဆိုတော့ အမေက ဟဲ့ မိယုတ်မ၊ တို့အမျိုးထဲမှာ လင်ငယ်နေတာရှက်ပါတယ်။ ငါတို့ရဲ့ အိမ်ကိုမလာပါနဲ့ဟုဆိုကာ အဖေနှင့် အမေသည် ပြန်သွားပါသည်"

"အင်း"

"သည်တော့ ကျွန်မကလေးကိုထားခဲ့ပြီး ထွက်လာမယ်လုပ်တော့ ကိုရွှေကျော်က ငါကလေးကို လိုလို့ နင့်ကိုယူတာမဟုတ်၊မလွဲသာလို့ ကလေးရရတယ်။ နင့်ကလေးကို ငါ့မှာ ဘာလုပ်ဖို့လဲ၊ နင့်ကလေး နင်ယူသွားဟုဆိုပါသည်"

"အင်း"

"ဒါနှင့်ကျွန်မ အဝတ်ကိုချွတ်ကာ ခါပြခဲ့ပြီးတော့ အသပြာကို တစ်ပြားမှ ကျုပ်မယူ၊ ကျုပ်မှာ အိမ်ကပါလာတာလည်း တော် မှော် ဆရာတွေနှင့် တောင်လုပ် မြောက်လုပ် လုပ်တာနဲ့ ကုန်ပြီ။ ကျုပ်ရဲ့ ကုသိုလ်အတိုင်း ကျုပ်ပဲဆိုကာ သားကလေးကို ချီ၍ထွက်လာခဲ့ပါ သည်"

"အင်း...နှစ်ရက် ထမင်းမစားရ၊ နှစ်ည တော်ရာမှာအိပ်ပြီး လာရာ နောက်ဆုံးလမ်းမသွားနိုင်လို့ သဖန်းသီးက ပိုးတွေခါချကာ သဖန်းသီးကို စားရင်း သဖန်းပင်ရိပ်မှာ ကလေးအား ချီတိုက်နေပါတယ်။ အဲသည်



အခါမှာ ရသေ့ ကိုမိုးထိနှင့်တွေ့ပြီး ကိုမိုးထိက ကျွန်မကိုကယ်သွား ပါတယ်"

"မယ်မင်း ရသေ့နဲ့ရနေတယ် မဟုတ်လား"

"တရားသူကြီး ရှေ့ သက်သေသက်ကဲ အထောက်အထားမရှိတဲ့ စကားဟာ မအောင်မြင်လို့ မပြောလိုပါ"

"အင်း...မယ်မင်း သည်လူ ငါးယောက်မှ ဘယ်သူ့ကို လင် အဖြစ်နှင့်လိုချင်သလဲ၊ ပေါင်းချင်သလဲ"

"ဟော့ ...ငါလား၊ တန်းမှူးကြီး ကိုလောရှည်နှင့်လို့ ပြောပါလား ကွယ်၊ အားမနာပါနှင့်"

"ဟော့...သူဌေးကြီး ဦးပြည့်ကျော်နှင့်လို့ ပြောပါကွယ်၊ ငါ့ကို ရှုန်းပလား"

"ကိုစဥ့်လို့ ပြောသာပြောပါကွယ်၊ ငါဝမ်းသာပါတယ်"

"ဟော့...ကြာကြာ ရသေ့ကြီးဟာ ကျေးဇူးရှင်အစစ်ပါ။ သူနှင့် သာနေလိုပါတယ်လို့ပြော။ ငါရှာဖွေကျွေးရမှာကို မသနားနှင့်"

"မကြာရှည်ရယ် ကလေးမျက်နှာကိုထောက်ပြီး ကိုရွှေကျော်နှင့် လို့သာ ပြောလိုက်ပါကွယ်"

"အင်း...ပန်းကုံးစွပ်ပွဲခံပေးရတော့မှာလား"

"အလို...အလို...အလို ဘယ်လိုမိန့်တော်မူပါလိမ့်မလဲ တရားသူ ကြီး၊ သည်လူငါးယောက်သာမက ယောကျ်ားဆိုရင် ဘယ်လိုယောကျ်ား ကိုမှ လင်အဖြစ်နှင့် မပေါင်းသင်းချင်မလိုချင်ပါဘုရား။ ဘာကြောင့်လဲ ဆိုရင်ယောကျ်ားသည် မိန်းမကို လိုချင်ခြင်းသည် သားသမီးလိုချင် ခြင်းကြောင့်မဟုတ်၊ ကမြင်းချင်သောကြောင့်ပါဘုရား"

"ဟယ်...မယ်ကြာရှည်၊ ဝါးလုံးရှည်ရှည်နှင့် အကုန်လုံးသိမ်း မွှေ့ကိုက်ပါနှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်လည်း ယောကျ်ားပါ၊ စဉ်းစားပါလား"

"ဟယ် ...ငါ့ကိုတောင် အဆစ်ထည့်ပြန်ပါပြီ"

"အသာပေးလို့မှ အားမရရင် ထည့်ရမှာပါပဲဘုရား"

"ကိုင်း သည်တရား၌ စဉ်းစားစရာ အများရှိနေသည်။ နောက်မှ စီရင်ချက်ချမည်"

"ရက်ချိန်းပေးပါဘုရား"

"ရက်ချိန်းမပေးနိုင်သေးဘူး၊ စဉ်းစားရဦးမယ်"

"သည်အတွင်း ကြာရည်ဟာ တရားသူကြီးရဲ့အိမ်မှာ နေစေလား"

"အလို မယ်မင်းကြီးမ၊ မဟုတ်ပါဘူး"

"တရားသူကြီး သဘာဝလားလို့ပါဘုရား"

"ကောင်းပြီ ပြန်ကြတော့၊ နောက်မှ ရက်ချိန်းပေးမယ်"

× × ×

ရွှေမြို့တော် တရားသူကြီးသည် ထိုတရားကို မစီရင်ဝံ့သဖြင့် စစ်မေးချက်၊ ထွက်ဆိုချက်စုံစုံလင်လင်ကို ပုရပိုက်နှင့်ရေးမှတ်၍ တရားလွှတ်တော်ချုပ်သို့ ပို့လေ၏။

တရားလွှတ်တော်ချုပ်မှ ဝန်ကြီးများသည် ရွှေမြို့တော် တရားသူကြီးထံမှ စုံလင်စွာ မကြွင်းမကျန်ဘဲ စစ်မေးပြောဆိုပုံများနှင့် ထွက်ဆိုချက်အသီးသီးတို့ကို ဖတ်ကြည့်ကြပြီးသော် စီရင်ဆုံးဖြတ်ရန် ခက်နေလေ၏။ ထို့ကြောင့် အိမ်ရှေ့မင်းလွှတ်တော်သို့ တက်အလာတွင် အိမ်ရှေ့မင်းထံသို့ စစ်ဆေးချက်၊ ထွက်ဆိုချက်များကို တင်ပြလေ၏။

အိမ်ရှေ့မင်းလည်း မဆွကပင် ထိုအမှုသည် ထိုသို့ဖြစ်သတတ်ဟု သိပြီးဖြစ်သဖြင့် ဤသို့ဆိုလေ၏။

"သည်အမှုကို စီရင်ရရန် ကျွန်တော်လည်းမဝံ့၊ ပညာရှိအဖွဲ့သို့ လွှဲအပ်သင့်ပါသည်"



"ကျွန်တော်များလည်း ထိုသို့ပင် သဘောရပါသည်"

ထိုသူမယား ငါ့မယားအမှုသည် သလ္လာဝတီပြည်ပညာရှိအဖွဲ့သို့ ရောက်သွား၍ ကျွန်ရုပ်မထံ ထိုးအပ်ရလေရကား အမှုသည်များကို လွှတ်တော်ကြီးသို့ ဆင့်ဆိုလေ၏။

ကျွန်ရုပ်မသည် ထိုအမှုသည်ကို ပညာရှိအဖွဲ့စုံညီရှေ့တွင် ဤသို့ ဖြစ်လေတော့၏။

"ကိုင်း . . .အမှုသည်များ နားထောင်"

"တရားလို ရွှေမြို့တော်ဝန်မင်းက ဘာကြောင့် အမှုစွဲဆိုရသလဲ"

"ယဉ်ကျေးသော နိုင်ငံတော်၏ ရွှေမြို့တော် အရှေ့ပြည်တွင် မမှုယ် မရာမယားလုသည်ဟု တရုန်းရုန်းဖြစ်နေရခြင်းမှာကြား၍မှု မလျော်သောကြောင့် တရားစွဲဆိုရပါသည်ဘုရား"

"အားလုံးသောအမှုသည်များနားထောင်ကြပါ၊ နာခံတော် ဖတ်ပြပါ"

နာခံတော်သည် ရွှေမြို့တော်တရားသူကြီးရုံး၌ စစ်ဆေးထွက်ဆိုချက်များကို အစီအစဉ်အတိုင်းဖတ်ပြလေ၏။

"ကြာရည်မှန်သလား"

"မှန်ကြောင်းပါဘုရား"

"တန်းမှူးကြီး မှန်သလား"

"မှန်ကြောင်းပါ ဘုရား"

"ဘာများလျှောက်ထားချင်သေးသလဲ"

"ကျွန်တော်မျိုးသာ ကြာရည်ကို ရထိုက်ပါတယ်"

"ကိုင်း...နာခံ ဖတ်ပြ"

"မှန်သလား မယ်ကြာရည်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ကြောင်းပါဘုရား"

"သူ့ဌေးဦးပြည်ကျော်"

"မှန်ကြောင်းပါဘုရား"

"ဘာကိုများလျှောက်ထားလိုသေးသလဲ"

"အားလုံးထွက်ဆိုချက်ကို ကျွန်တော်မျိုး ကြားသိရပြီးပါ။ ထို့ကြောင့် ကျွန်တော်မျိုးသာ ကြာရည်ကိုရသင့်ပါသည်"

"ကိုင်း နာခံ ဆက်ဖတ်"

"မှန်သလား မယ်ကြာရည်"

"မှန်ပါသည် ဘုရား"

"မဆိုးကြီး ကိုစဥ့်"

"မှန်ပါသည်"

"ဘာကိုလျှောက်ဆိုချင်သေးသလဲ"

"ကျွန်တော်မျိုးသည် ကြာရည်တို့ သားအမိကို တောမှ ယူဆောင်လာသည့်အတွက် ၎င်းတို့သားအမိ အေးကင်းနေရပါသည်။ ကျွန်တော်မျိုးသာ ၎င်းတို့ကိုမယူဆောင်လာပါက ရသေ့သည်ထိုကဲ့သို့ ခဏခဏ ထားသွားသဖြင့် ကြာရည်တို့သားအမိသည် ကျားစာသော်လည်းကောင်း၊ လူ့ဝံထီး၏ နောက်သို့ပါခြင်းသော်လည်းကောင်းဖြစ်ရပါမည်။ ထို့ကြောင့် ကျွန်တော်မျိုးသာ ကြာရည်ကိုရသင့်ပါသည်ဘုရား"

"ဟော့...ဒကာ"

"အရှင်ရသေ့ကို မမေးသေးပါ၊ အသာနေပါ"

"ကိုင်း... နာခံ ဆက်ဖတ်"

"မှန်သလား မယ်ကြာရည်"

"မှန်ပါသည် ဘုရား"

"ရသေ့ မှန်သလား"



"မှန်ပါသည်"

"ဘယ်လိုများပြောလိုသေးသလဲ"

"ပြောလိုပါသည်"

"ပြောပါ"

"မဆိုးစဥ့်က ရသေ့သည် ကြာရည်တို့၏ သားအမိနှစ်ယောက်ကို ထားသွားသဖြင့် ရန်သူ့အေးနှင့်တစ်နေ့နေ့မှာတွေ့ရာသည်ဟု ဆိုသည်။ ဤကား ရသေ့ကိုစော်ကားရာရောက်သည်။ ရသေ့သည် ဂါထာမန္တန်မန်းမှုတ်၍ စည်းသားထားခဲ့သဖြင့် ကြာကြာတို့၏သားအမိနှစ်ယောက်သည် အေးမဖြစ်နိုင်ရာ၊ ၎င်းအပြင် ရသေ့သည် ဖြူစင်သောစိတ်ထားကို အမြဲမွေးသဖြင့် ဤတော ဤတောင်မှာ သားများနှင့်တကွ အေးကင်းနေသည်။ ထို့ကြောင့် ကြာကြာတို့သားအမိနှစ်ယောက်သည် အေးရန်မရှိရာ၊ ကြာကြာတို့ သားအမိနှစ်ယောက်ကို ရသေ့မိုးထိသာ ကယ်ဆောင်မလာသော် ချင်းတို့သားအမိနှစ်ယောက်သည် ငတ်၍ သေရသောကြောင့် အရိုးပင်ဆွေးလောက်ပေပြီ။ ထို့ကြောင့် ကြာရည်ကိုရသေ့မိုးထိသာ ရထိုက်ပါသည်"

"ကိုင်း ... နာခံ ဆက်ဖတ်"

"မှန်သလား မယ်ကြာ"

"မှန်လှပါ"

"ကိုရွှေကျော်"

"ဟုတ်ပါသည်"

"ကိုရွှေကျော်က ဘာများကို ပြောချင်သေးသလဲ"

"ကျေးတော်မျိုး လျှောက်ထားပါရစေ"

"ဆိုပါ"

"ကျေးတော်မျိုး ကျွန်တော် မောင်ရွှေကျော်သည် မကြာရည်ကို

www.burmeseclassic.com

www.burmeseclassic.com



အသပြာတစ်သောင်း အကုန်အကျခံ၍ တောင်းရမ်းပြီးလျှင် ယူထားသဖြင့် မကြာရှည်သည် ကျေးတော်မျိုး၏လက်ထပ်မယားဖြစ်ပါသည်။ ၎င်းပြင် သားကလေးတစ်ယောက်ကိုပင် ရရှိနေပါပြီ"

"ကျေးတော်မျိုးသည် အမှတ်မထင် ဒေါသအလျောက် မကြာရှည် အားပြောဆိုမိပါသည်"

ထိုသို့သောသဘောကြောင့် မကြာရှည်ကို ကျေးတော်မျိုးသာ ရလိုက်ပါသည်ဘုရား"

"ကောင်းပြီ ယနေ့ အချိန်ညောင်းပြီ၊ နက်ဖြန်သော် စီရင်ချက်ချမည်။ အားလုံးသော အမှုသည်များ ရုံးတော်သို့ အချိန်မီလာရောက်ကြစေ"

"လွှတ်တော်ချုပ် ရုံးတော်ဆင်း"

ထိုနေ့ ညအချိန်သော် အိမ်ရှေ့မင်း မင်းဝိုင်းနှင့် မိဖုရားနန်းကြိုင်တို့သည် ကျွန်ရုပ်မအိမ်တော်သို့ လာရောက်ကြ၍ ဤသို့သောစကားကိုကူးလူးနေကြလေ၏။

"မမြ လောကမှာ လူဟာအမျိုးမျိုးပဲ၊ သိပ်ကိုပွေလီ ရှုပ်ထွေးတာပါ ကလား"

"သူ့မယား ငါ့မယား လုမှုကိုတွေ့နေလို့ ထင်တယ်"

"ဟုတ်ပါတယ်"

"ဘယ်သူဆိုးတယ်ထင်သလဲ"

"မမြရယ်၊ နန်းကြိုင်တော့ ကြာရှည်ဟာ ရှုပ်တယ်ထင်တာပဲ"

"ဘယ်သူမှ မရှုပ်ဘူး အနန်း။ ဒါဟာ သဘာဝပြဿနာတ်ကလေးတစ် ခု ဒါလိုမှ မရှိရင် လောကဟာ ခန်းခြောက်နေမယ် သို့မဟုတ် ဆိတ်ညံနေမယ်။ ဒါလိုလည်း ရှိဦးမှ လောကဟာ စည်ကားနေပါတယ်။ ဒါပေ့ ဘယ်အခါမဆို မျက်နှာကြီးကို မတုပနှင့်၊ မျက်နှာကြီးကို



တုပနေရင် ကိုယ်က ဘယ်လောက်ပဲ မှန်မှန်၊ ဘယ်လိုပဲ တရားတရား ကိုယ်သာ နိမ့်ကျတတ်တယ်၊ ရှုံးတတ်တယ် ဖြစ်နေရင်တော့ သည်လောကကို မျက်ရည်လောကလို့ ခေါ်ရမယ်။ တရားမှန်တယ်၊ အဂတိမလိုက်စားဘူးလို့ အော်နေပေမဲ့ ထွက်လာတဲ့အဖြေတွေကိုကြည့်ရင် သည်အော်တာတွေဟာ အရူးထလို့အော်နေတာဖြစ်ရင် သည်လောကဟာ ထင်ရှား သောင်းကျန်းနေတဲ့ လောကကြီးပဲ။ နိုင်ငံတော်တစ်ခုမှာ တိုင်းသူပြည်သားတွေဟာ တရားရုံးကိုအားကိုးနေကြရတယ်။ တရားရုံးဟာ မတရားရုံးဖြစ်နေရင် နိုင်ငံတော်ဟာ အမြဲဆူပွက်နေရမယ်၊ ခုံရုံးတွေဟာ အဂတိလိုက်စားရင် ခုံရုံးတွေကို တိုင်းပြည်က အထင်အမြင်သေးရင် သည်တိုင်းပြည်ကို အုပ်ချုပ်လို့ မရတော့ဘူး"

"ဟုတ်ပါတယ်"

"မမြ စင်စစ် သည်အမှုမှာ ကြာရှည်ဟာလိုတယ်"

"ဘာလိုသလဲ အနန်း"

"သူဟာ မော်ဆရာသာအိကို စင်စစ် မေတ္တာမရှိရုံးမှန်လျှင် တိတ်တိတ်အောင်းနေပြီး မော်ဆရာ့အလိုကို မလိုက်ထိုက်ဘူး။ သူဟာ မော်ဆရာကို မေတ္တာရှိရမယ်၊ ဒါကြောင့် တိတ်တိတ်နေပြီး သဘောတူ တယ်။ အမျိုးသမီးတို့ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးရာရောက်တယ်"

"ကိုယ်တော်ဝိုင်း ဘယ်လိုလဲ"

"ဟုတ်တယ် မမြ၊ ကျွန်တော်လည်း အနန်းလိုပဲ သဘောတူပါတယ်"

"ဒါက သာမန်အမြင်"

"အမိန့်ရှိပါ"

"အမျိုးသမီးဆိုခြင်းသည် အမျိုးသားနှင့်သဘာဝ သဘောချင်းမတူ၊ အမျိုးသားများအပေါ်၌ ယူဆသလို အမျိုးသမီးများ၏အပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



မယူ ဆထိုက်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"မိန်းမဆိုသည် ဣန္ဒြေ့ရှင်၊ အသရေ့ရှင်။ ဘယ်ခါမဆို ချုပ်တည်း၍ ဣန္ဒြေနှင့်အသရေကို ဆယ်တင်ထားလေသည်။ ထိုသို့ထားခြင်းသည် မိန်းမတို့၏သဘာဝ"

"မိန်းမလည်းလူ၊ ယောက်ျားလည်းလူ၊ ကိလေသာ မကုန်သေးသမျှ ကာမမေထုန်သဘောကို နှစ်သက်သူချည်းဖြစ်ရာတွင် အရှယ်ရှိသူတို့တွင် ယောက်ျားထက် မိန်းမက ပိုသည်ဟုပင် ထားကြပါစို့"

"မမြရယ် ဒါတော့ ထားနိုင်ပေါင်"

"အနန်းထားလိုက်စမ်းပါ၊ ယောက်ျားသည် သည်အမှုကိစ္စနှင့်ပတ်သက်၍ ပြည့်တန်ဆာမထံ သွားလာသည်။ အခြားရရာတွင် သွားလာသည်။ မိန်းမသည် ထိုသို့ပြုသလော၊ မိန်းမတစ်ယောက်ကသာခေါ်ရင် မရသောယောက်ျားရှိပါ့မလား။ ကြာရှည်သည် ယောက်ျားသဘာဝကို တင်ပြသွားပြီ။ သို့စဉ်...လျက်မိန်းမသည် မိမိ၏ဣန္ဒြေကိုစောင့်ထိန်းသောအားဖြင့်၊ အသရေကိုတင်သောအားဖြင့် ထိုကိစ္စထိုအမှုမှာ ချုပ်တည်းထားသည်မဟုတ်လား"

"ဟုတ်ပါတယ်"

"အမျိုးသမီးတို့မှာလည်း အမျိုးမျိုးရှိချေသည်။ အချို့မှာ ဣန္ဒြေအသရေတို့ကိုသတိမပြုဘဲ၊ မလိုလားဘဲ ဘွင်းဘွင်းပင်တုံ့ပြန်သည့်သဘော၊ ခုခံသည့်သဘောတို့ကို ပြတတ်လေသည်။ ကြာရှည်သည်ကား သူ့အားမော်ဆရာက ကျူးလွန်သောအခါ မအော်၊ အကူအညီမတောင်းသည်မှာ မော်ဆရာကိုသဘောကျနေ၍၊ ကျိတ်ပိုး ဖြစ်နေ၍ဟုတ်တန်လျှင်လည်းဟုတ်မည်။ သို့တည်းမဟုတ် သည်အဖြစ်ကိုတို့နှစ်ယောက်မှတစ်ပါး ဘယ်သူမှမသိ၊ ငါအော်၍ အကူအညီတောင်း



လျှင် အများသိလိမ့်မည်အပြင် ငါ့လင်လည်း သိမည်။ ထိုအခါ ငါ အသရေယုတ်မည်ဟု သဘောပိုက်၍ တိတ်တိတ်နေတန်လျှင်လည်း နေမည်"

မည်သို့ပင်ဖြစ်စေ လောက၌ ၎င်းတို့၏ဖြစ်ထွေသည်အမည်းကွက် တစ်ကွက်ဖြစ်သည်။ ထိုအမည်းကွက်ပေါ်လာအောင် ကြာရှည်ကမ လုပ်နိုင်၊ ယောက်ျားများကသာ လုပ်နိုင်သည်။ ထို့ကြောင့် ထိုကိစ္စ၌ လောကသည် တင့်တယ်နိုင်ရန် ယောက်ျားကောင်းများစွာ လိုနေသောကြောင့်ကို ဤအမှုက သာဓကဆောင်နေပေသည်"

"ဒါဟာ ဟုတ်ပါပေတယ်"

ထိုသို့ စကားပြောဆိုကြပြီးသော အိမ်ရှေ့မင်းနှင့် မိဖုရားသည် ပြန်ကြလေ၏။

× × ×

(သူ့မယား ငါ့မယားလုမှု စီရင်ချက်)

တရားလွှတ်တော်ချုပ်၌ အမှုသည်များနှင့်ပညာရှိများ စုံညီသောအခါ နာခံတော်သည် အောက်ပါ စီရင်ချက်ကို ဖတ်ရလေ၏။

သလ္လာဝတီနိုင်ငံတော် မင်းမြတ်မင်းခေါင် အမှူးရှိသော ပညာရှိအဖွဲ့ကြီး၏စီရင်ချက်။

"လူစည်ကားသော နေရာ၌ ပရိမ္မနိုင်ငံတော် မြောက်များအစွန်းအောင်ချမ်းသာရွာ သူဌေးဆိုသူ မောင်ရွှေကျော်၊ ရသေ့ဆိုသူ ဦးမိုးထိမှဆိုး မောင်စဥ့်၊ သူဌေးကြီး ဦးပြည့်ကျော်၊ တန်းမှူးကြီး ဦးလေးရှည်တို့သည် ကြာရှည်ဆိုသော သားသည် မိခင်တစ်ယောက်ကို သူ့မယား ငါ့မယား လုကာဆွဲခေါ်ကြသည်။

စင်စစ် အများကအသိအမှတ်ပြုထားသော အများသိမယားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေ ကာမှ ကာမပိုင် ယောက်ျားဆိုသူသည် မိမိ၏မယားကို အတင်းဆွဲလွဲ၍ မခေါ်ထိုက်သည့်အတိုင်း မခေါ်ရဟု သုနာပရန္တတိုင်းကြီးရှိ အနိုင်နိုင်ငံတွင် ရာဇသတ် ရှိချေသည်။ ထို့ကြောင့် ထိုသူများ အားလုံးသည် နိုင်ငံတော် ဥပဒေကို ကျူးလွန်ကြောင်း ထင်ရှား၍ ကြီးလေးစွာသော အပြစ်ဒဏ်ကို ပေးသင့်သည်။

ငင်းတို့၏အပေါ်၌ တစ်နည်းတဲ့ စဉ်းစားရသည်ရှိသော် ငင်းတို့သည် ကာမမေထုန်စိတ်၌ မွှန်နေသော သူများ ဖြစ်သည်။ ထိုစိတ်မွှန်နေသော သူများသည် ပင်း၍ ကန်းနေသည်။ ပင်း၍ ကန်းနေသော သူသည် အရမ်းပြုမည်၊ မိုက်မဲသော အမှုကို ပြုမည် ဖြစ်တော့သည်။ ငင်းကို စာနာသောအားဖြင့် တရားဘုရင်မင်းမြတ် မင်းဆွေ၏ သဘောတော်အတိုင်း အပြစ်ဒဏ် ဖြစ်စေဟု ဘုရင်မင်းမြတ် မင်းဆွေထံ လွှဲအပ်လိုက်သည်။

ထိုအခါ ထိုအချိန်တွင် ရပ်၍ ဘုရင်မင်းမြတ်သည် ဤသို့ မိန့်တော် မူလေ၏။

"ဟယ်...ရယ်ဖွယ်သော အမှုသည်များ၊ အသင်တို့ နောင်ဤ အမှုမျိုးကို မပြုနှင့်၊ ယခု သည်အမှု၌ ငါချမ်းသာ ပေးလိုက်မည်"

"ကိုင်း ... နာခံ၊ ဆက်ဖတ်"

"အောင်ချမ်းသာ သူဌေးမောင်ရွှေကျော်က သူသည်ကြာရည့်မိတ်ဆွေများထဲတွင် အသပြာကြေးငွေ အကုန်အကျခံ၍ တောင်းရမ်းယူသော လက်ထပ်မယားပါဟု ကြာရည်ကို ဆိုသည်။ ကြာရည်ကလည်း ဝန်ခံ ရုံမျှမက သားကလေးတစ်ယောက် မောင်ကျေးလေးကိုပင် မျက်နှာမြင်၍ ယခုလေးနစ်ရှယ် ရှိနေချေပြီ။ သို့သော် မောင်ရွှေကျော်သည် ကြာရည်ကို အိမ်က နှင်ချလိုက်လေပြီ"

"ထိုသို့ နှင်ချရာ၌ စဉ်းစားစရာ ဖြစ်သည်။ အဘယ်ကဲ့သို့ နည်းဟူ



မူကား ထိုသို့ ဖြစ်သည်။ သူ့မယား ကြာရည်နှင့် မှော်ဆရာ သာအိသည် သူ့မယား၏အခန်းတွင်းတွင် ပျော်ပါးနေသည်ကို ကိုယ်တိုင်မိသောကြောင့် ဒေါသအလျှောက်နှင်ချမိပါသည်ဟု လျှောက်ထား သည်။ ဒေါသ ဖြစ်လောက်သည်ကား မှန်ပေသည်။ ဒေါသသည် ရှေ့နောက် မတိုင်းထွာမိအောင် ဖြစ်တတ်သည်လည်း မှန်သည်၊ ယခု မောင်ရွှေကျော်သည် နောင်တရဟန် ရှိသည်။ သို့သော် ဤကဲ့သို့ ဖြစ်ရအောင် ကြာရည်သည် ဖန်တီးသလော၊ မောင်ရွှေကျော်သည် ဖန်တီးသလော။ မောင်ရွှေကျော်သည် ကြာရည် သဘောမတူပါဘဲလျက်နှင့် မှော်ဆရာမောင်သာအိကို အိမ်သို့ခေါ်ထားသည်။ ထိုသို့ အိမ်သို့ခေါ်ထားသည်ကား တစ်စုံတစ်ခုသော ပယောဂနည်းဖြင့် ဆန်ဆီတိုးအောင် လုပ်ရန်ဖြစ်၍ ထိုသို့ လုပ်ရန် မောင်ရွှေကျော်သည် မှော်ဆရာသာအိကို အိမ်တွင်ထားခဲ့ပြီးသော် စပါးကြီးမ သည်းခြေနှင့်ညို့ကို ရှာရန် သွားလေပြီ"

"ထိုအခါ သာအိသည် ညဉ့်အချိန်၌ ကြာရည်အပေါ်၌ ကြာရည် သဘောမတူဘဲနှင့် ကာမမေထုန်မှုကို အတင်းပြုသည်။ ကြာရည်သည် သဘောမတူသော်လည်း သူ၏ဂုဏ်သရေကို ငဲ့ခြင်း၊ အရှက်ဖြစ်ခြင်းတို့ကြောင့် မြို၍နေခဲ့လေသည်။ ထိုနေခြင်းသည် သာအိကို ကြာရည်က သဘောမမျှစေကာမူ အခွင့်ပြုရာ ရောက်ချေသည်။ ထို့ကြောင့် ဤသို့ ဖြစ်ရသည်"

"ဤကား မတရားသဖြင့် အလိုရမ္မက်အားဖြင့် စီးပွားရှာလိုသော သူတို့၏သဘာဝ၊ ထို့ကြောင့် ထိုသဘော၌ အမှုသည်တရားခံ အစစ်သည် မောင်ရွှေကျော်ဖြစ်နေ၍ မောင်ရွှေကျော်၏ နောင်တရခြင်းမှာ ရယ်စရာမှတစ်ပါး အခြားမရှိတော့ပေ"

"ထိုထိုတို့ကြောင့် မောင်ရွှေကျော်နှင့် ကြာရည်သည် မဆိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



သေ၊ ကြာရည်ကို မောင်ရွှေကျော်သည် နှင်ချလိုက်ပြီး ဖြစ်၍ သူ၏ မယားဟု မယိုးစွပ်ရ၊ တစ်စုံတစ်ရာ ထိုကိစ္စနှင့် ပတ်သက်၍ ကိုယ်ထိလက်ရောက် မပြုရ"

"ရသေ့ ဦးမိုးထိကား ကြာရည်နှင့် ကွေးလေးတို့၏ အသက်သခင် ကျေးဇူးရှင် ဖြစ်သည်ဟု ပြရုပ်အမြင်အားဖြင့် ယူဆစရာဖြစ်သည်။ သို့သော် ၎င်းသည် ကြာရည်ကို ကပ္ပိယမကလေးအဖြစ်နှင့် ထားသည်ဟု ဆိုတော့ ကပ္ပိယမ လိုသောကြောင့် ကယ်ဆယ်သည်ဟု မယူဆရာသလော။ ထိုအယူကို ထောက်ခံသည်ကား ရသေ့ ဦးမိုးထိသည် ကြာရည်ထွက်သွားသည်ကို တွေ့အောင်လိုက်ရှာသည့်အပြင် သူ့မယားပါဟု ဆွဲခေါ်ခြင်း ဖြစ်သည်"

"တစ်စုံတစ်ယောက်သော သူသည် သူတစ်ယောက်အား သူ၏ အကျိုးငှာ ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်းကိုလည်းကောင်း၊ သူတစ်ယောက်သည် သူတစ်ယောက်အား ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်းတို့ကို ပြု၍ သူ့အကျိုးငှာ အသုံးပြုသော်လည်းကောင်း ထိုသူသည် ပေးကမ်းထောက်ပံ့ ကျွေးမွေးခြင်းကို ခံသူ၏ ကျေးဇူးရှင်ဖြစ်ရစေကာမူ ကယ်ဆယ်သူကားမဖြစ်ချေ။ ဤကား လူ့အဘိဓာန်သဘောအရ ဖြစ်သည်"

"ယခုအချက်၌ ရသေ့ ဦးမိုးထိသည် ကြာရည်ကို ကာမမေထုန်မှု သဘောနှင့် အသုံးမပြုစေကာမူ ကပ္ပိယမသဘောအဖြစ်နှင့်ကား အသုံးပြုကြောင်းကို ပျောက်၍လိုက်လံရှာဖွေခြင်းက သက်သေခံနေပါသည်။ ကယ်ဆယ်သည့်သဘော သွားရင်းမှန်သော် ကြာရည် မနေလို၍ ထွက်သွားသော် လိုက်ရှာရန် မလိုပေ"

"တစ်ချက်တုံ့ ဤရသေ့သည် ဆန်းပြားသော အယူဝါဒအားဖြင့် ရသေ့လင်မယား ရှိသည်ဟု ယူဆသည်။ ၎င်းသည် မယားအလုပ်



အကျွေး အိမ်စိုးမဟူသော သဘာဝသဘောကို လုံးလုံး နားလည်ဟန် မရှိချေ။ မယားဟူသည်ကား အများသိအောင် ထင်ရှားခြင်းကို ပြု၍ ကာမမေထုန်မှုဖြင့် လုပ်ကျွေးသော မိန်းမကို ဆိုသည်။ အလုပ်အကျွေး ဟူသော်ကား ကာမမေထုန်မှုဖြင့် မဆက်ဆံ၊ သို့သော် ပူစရ နူစရ အားဖြင့် အစားအစာ ရေပူရေချမ်းကမ်းလှမ်းခြင်းအားဖြင့် ပြုစုခြင်းကို ခေါ်သည်"

"အကြင်သူ နှစ်ယောက်သည် အကြင်လင်မယား ဖြစ်ခဲ့၏။ ၎င်းတို့ သည် တောသို့သွား၍ ရသေ့ပြုကာ တရားကျင့်သုံးနေ၏။ ထိုအခါ၌ ယောကျ်ားသည် ကာမမေထုန်မှုကိုကြဉ်၍ ကမ္မဋ္ဌာန်း ကသိုဏ်းတို့ကို အားထုတ်နေ၏။ တစ်နည်းတုံ့ ဥပုသ်သုံးနေ၏။ ထိုအခါ ထိုမိန်းမသည် ထိုယောကျ်ား၏မယားမဟုတ်။ ထို ယောကျ်ားသည် ထိုမိန်းမ၏ လင်ကား ဟုတ်၏။ အဘယ်ကြောင့်ဆိုသော် ထိုယောကျ်ားသည် ထိုမိန်းမကို အရိပ်သဘောနှင့် ကာမမေထုန် သဘော၌ စောင့်ထိန်းထားနေရာ ရောက်သေး၏။ မိန်းမသည် ယောကျ်ား တစ်ယောက်ကို ငါ့လင်ဟု ယောကျ်ားက မပါဘဲနှင့် ကာမမေထုန် သဘောနှင့် မပေါင်းသင်း မဆက်ဆံနိုင်၊ ယောကျ်ားကသာ မိန်းမ သဘောမတူသော်လည်း ကာမမေထုန်ကိုဆက်ဆံနိုင်သည်။ ထို့ကြောင့် ထိုသဘော၌ ယောကျ်ားက မိန်းမကို မယားဟုမယိုးစွပ်သင့်၊ မိန်းမကသာ ယောကျ်ားကို လင်ဟူ၍ ယိုးစွပ်လိုသော် ယိုးစွပ်သင့်၏။"

"ရသေ့လင်မယား နှစ်ယောက်သည် တော၌နေ၍ လင်က မယား၏ချက်ကို လက်နှင့် ရစ်သဖြင့် သားမွေးသည်ဟု ရသေ့သည် တရားသူကြီးကို ခြိမ်းခြောက်ကာ ငိုင်စေ၏။ ထင်ယောင်မှား ယူဆ ပွယ် ဖြစ်၏"

"ထိုသဘော၌ ထိုဝတ္ထုသာဓကသည် ဟုတ်ပြီးအံ့၊ ရသေ့ထီး

www.burmeseclassic.com



သည် ကာမမေထုန်အလို့ငှာ ရသေ့မ၏ချက်ကို လက်နှင့် ရစ်ခြင်း မဟုတ်ချေ။ ၎င်းတို့၏ နောင်ကမ္ဘာဒုက္ခ်းဘာဝနာကို ကောင်းစွာအား ထုတ်နိုင်စေခြင်း အလို့ငှာသာ သားလို၍ ရသေ့မ၏ချက်ကို လက်နှင့် ရစ်ခြင်း ဖြစ်၏။ ဤကား မေထုန်မှီဝဲခြင်း၏အနက်ဖြစ်သော ဝစ္စမဂ်၊ ပဿာဝမဂ်၊ မုခမဂ် တို့ မဟုတ်ချေ"

တစ်နည်းဟုံ ထိုရသေ့နှစ်ပါးသည် ဖြဟ္မာပြည်က လာတုံလျက် ကာမမေထုန်ကို မလိုသော်လည်း တံငါမျိုး၌ ဖြစ်ရသည်ကို သိ၏။ ထိုသို့ဖြစ်ရခြင်းဖြင့် မိခင်၏စိတ်ဓာတ်ကြောင့် ညံ့သော ဇာတိစိတ်ကို ဖြစ်စေ၍ မိမိတို့သည် လောကီအဘိညာဉ် ဈာန်သမာပတ် မရနိုင်သည် ကို သိကြ၏။ ထိုအခါ သူမြတ်တစ်ယောက်သည် ပဋိသန္ဓေနေသော အခါတိုင်ခဲ့သော် မတော်သော မိခင်ဝမ်းတွင် ရောက်မည်စိုးသဖြင့် မြတ်သော မိခင်ထံ၌ သန္ဓေယူပါစေ ဟူသောသဘောနှင့်ချက်ကို လက်နှင့်ရစ်တုံရာ၏။

"ထိုသဘောအရ မြတ်လွန်းသော မိန်းမတို့သည် လောကကို သနားသဖြင့် ဘဝဆက်တိုင်း ထိုဘုရား၏ ဘုရားလောင်း မိခင်ဖြစ်ရ ပါလို၏ဟု ဆုပန်သေး၏။

ထိုသဘောတို့ကို ဆဖန်ခြင်းအားဖြင့် ရသေ့လင်မယား ရှိသည်ဟု ယူဆခြင်းသည် ဖောက်ပြန်သော နည်းအားဖြင့် ယူဆခြင်းသာလျှင် ကတည်း။

ထို့ကြောင့် ရသေ့ဦးမိုထိသည် ကြာရည်ကိုမယားဟု မစွပ်စွဲရ၊ မဆွဲမလွဲရ။ စွပ်စွဲသော်၊ ဆွဲလွဲသော် ကြီးစွာသော ဒဏ်ကို ပြုရပေလိမ့် မည်။ သို့သော် ကြာရည်က မိမိသည် ရသေ့ ဦးမိုးထိထံ၌ ကပ္ပိယမ ကလေးအဖြစ်နှင့် နေလိုပါသည် ဆိုခဲ့သော်၊ သွား၍ နေခဲ့သော် ဤစီရင် ချက်သည် မကန့်ကွက်ချေ။



မုဆိုးသား မောင်စဉ်သည် ကြာရည်ကို ကယ်ဆယ်သူဟု ဂုဏ်လုပ် သည်။ ထိုဂုဏ်လုပ်ခြင်းကို လောက၌ ဂုဏ်လိုသူများ၏သဘာဝ ဖြစ်ခြင်းကြောင့် မရှုတ်ချပါ။ သို့သော် ကိုစဉ်သည် ကြာရည်သည် တုံးလုံးကလေးနှင့် ကလေးသိပ်နေခြင်းကို မြင်ကတည်းကပင် ကာမ ဂုဏ်ရည်ဖြင့် စိုက်ကာငိုက်ရမည်။ ထို့ကြောင့်သာလျှင် ရသေ့မလာမီ ကြာရည်ကို အရသုတ်သွားရာ ရောက်သည်။

မောင်စဉ်သည် သဘောရိုးဖြစ်ခဲ့သော် ရသေ့ပြန်ရောက်သည့်တိုင် အောင် ဆိုင်း၍ အနူးအညွှတ်ကို ပြောပြီးသော် ခေါ်သင့်သည်။

လောက၌ ပြုအပ်သော သဘောကို ထားပါတော့၊ မောင်စဉ်သည် ကြာရည်ကို ခေါ်လာ၍ လူတို့ နေထိုင်ရာအရပ်ကို ရောက်သည်ရှိသော် ကယ်ဆယ်ရေးဆိုင်ရာသို့ အပ်သင့်သည်။ ယခုသော် မအပ်ဘဲ ကာမဂုဏ်ဖြင့်ယုယကာ ပျော်ပိုက်နေသည်။ ကယ်ဆယ်သည် မမည် နိုင်ချေ၊ ယူဆောင်လာခြင်းမျှသာ ဖြစ်သည်။ မောင်စဉ်က သူယူဆောင် မလာသော် ကြာရည်တို့ သားအမိမှာ တစ်နေ့နေ့သေဖြစ်ရမည်ဟု ဆိုသည်။

ရသေ့က ဂါထာမန္တန် မန်းမှုတ်ကာ စည်းသားထားခဲ့ခြင်းကြောင့် လည်းကောင်း၊ ဖြူစင်သောစိတ်ကို မွေးမြူခြင်းကြောင့်တောသား များသည်ပင် သေးကင်းနေခြင်းကြောင့်လည်းကောင်း ကြာရည်တို့ သားအမိမှာ သေးမရှိနိုင်ဟု ဆိုသည်။

မေထုန်ကို ချိုမြိန်သောအရသာဟု ထင်သူ၌လည်းကောင်း၊ ကာမဂုဏ်၌ မြိန်ယှက်၍ အလိုရမ္မက်အားဖြင့် ကိုယ့်အကျိုးငှာ အရှိ နေသူ၌ လည်းကောင်း ဂါထာမန္တန်သည် ရယ်စရာဟု ရသေ့သည် သိဟန်မတူချေ။ သိသော် လှည့်စား၍ ပြောရာ ရောက်သည်။ တစ်ဖန် ဖြူစင်သောစိတ်ကိုထားခြင်းဖြင့်ဟု ဆိုပြန်သည်။ ကာမဂုဏ်၌ မြိန်ယှက်

www.burmeseclassic.com

www.burmeseclassic.com



၍ အလိုရမ္မက်အားဖြင့် ကိုယ့်အကျိုးငှာအလိုရှိနေသူ၌ လည်းကောင်း၊ မေထုန်သဘောကို ချိုမြိန်သောအရသာထင်၍ ကြိုးပမ်းနေသောသူ၌ လည်းကောင်း၊ တစ်နည်းတုံ ကိုယ့်အကျိုးငှာ လုံးပန်းထုတ်နေသူ၌ လည်းကောင်း ဖြူစင်သော စိတ်ဓာတ်သည် မတည်ဟု ရသေ့သည် သိဟန်မတူပေ။ သိသော် လုည့်စား၍ စကားဆို ရာရောက်သည်။

ယခု တွေ့ကြုံရခြင်း၌ ရသေ့၏ ကန့်ကွက်ချက်ကြောင့် မဟုတ်။ သဘောအရ မောင်စဥ္စသည် ကာမမေထုန်သဘောအရ ရသေ့ထံမှ ခိုးယူခဲ့ရာ၊ တ န တ ဆောင်ယူခဲ့ရာရောက်ချေသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းသည် ကြာရည်နှင့် ပေါင်းသင်းနေ၍ ကြာရည်ထွက်သွား သောအခါ လိုက်ရှာခြင်းကြောင့် ဖြစ်သည်။

ထိုသို့ ပေါင်းသင်းနေရာ၌ ကြာရည်နှင့်မောင်စဥ္စကို မည်သူကမျှ မထိမ်းမြားချေ၊ ၎င်းတို့လည်း အများသိအောင် မကြေညာချေ၊ ကြာရည် သည် မောင်စဥ္စ၏ပေါင်းသင်းခြင်းကို လိုက်လျောရသော်လည်း သဘောတူဟန် မရှိချေ။ ကြာရည်သည် မောင်စဥ္စထံက ထွက်သွား သည်ကို ထောက်သော် သဘောမတူဟု ယူဆရမည်။

ထို့ကြောင့် ၎င်းတို့ကို အကြင်လင်မယားဟု မယူဆရ။ ကြာရည် သည် မောင်စဥ္စ၏ လက်တွင်း၌ ကျရောက်နေရသောကြောင့် မောင်စဥ္စ ၏ သဘောအတိုင်း လိုက်နာရဟန် တူချေသည်။

ထိုထိုသို့သော သဘောအရ မောင်စဥ္စသည် ကြာရည်ကို မယား ဟု မယိုးစွပ်ရ၊ ဆွဲငင်ခေါ်ယူခြင်းမှစ၍ အခြားကိုယ်ထိလက်ရောက် အမှု တစ်ခုခုကိုလည်း မကျူးလွန်ရ။

ထိုမှတစ်ပါး မောင်စဥ္စ၏ သွားနေသော ခြေလှမ်းက ဖော်ပြနေ သည်မှာ မုဆိုး၏အင်္ဂါ ချွတ်ယွင်းနေ၍ မုဆိုး၏ဂုဏ်အသရေကိုပင် ဖျက်ဆီးရာ ရောက်ချေသည်။ ယခုအမိန့်ကိုမနာခံသော် မောင်စဥ္စအား



ကြီးစွာသော အပြစ်ဒဏ်ကိုပေးမည့်အပြင် မုဆိုးရာထူးမှလည်း နုတ်သိမ်းရလိမ့်မည် ဖြစ်ကြောင်း။

သူဌေးကြီး ဦးပြည့်ကျော်သည်ကား မိမိသူဌေး ဖြစ်တုံပါလျက် ထိုသို့သော ကိုးကွယ်ရာမဲ့ ဆင်းရဲသူ သားသည်အမေကို တွေ့ခဲ့ရသော် ထယ်ဆယ်ဖို့ရန် ဝတ္တရားရှိချေသည်။ ယခုသော်ကား အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ထားသည်ဟု ဆိုလင့်ကစား လူသိရှင်ကြား မယား အဖြစ်နှင့် ထားရာမရောက်၊ ကာမမေထုန်အားဖြင့် ပျော်ပါးရရန် အပျော်အားဖြင့် ထားခြင်းမျှသာ ဖြစ်နေပြီ၊ ထိုသို့ထားခြင်းအားဖြင့် သူဌေးကတော်ကြီး၏ညှဉ်းပန်းနှိပ်စက်ခြင်းကို မခံရလေအောင် ယ်ကြာရည်သည် တိတ်တိတ် ထွက်ပြေးရာရချေသည်။

ထိုသဘောကြောင့် သူဌေးကြီး ဦးပြည့်ကျော်သည် ကြာရည်ကို မယားဟု စွပ်စွဲကာ မဆွဲလွဲထိုက်၊ နောင်ကျူးလွန်က အပြစ်ဒဏ် ကြီးစွာခံရမည့်အပြင် ရာထူးကိုလည်း ထိခိုက်ခံရမည်ဖြစ်ကြောင်း။

တန်းမှူးကြီး ဦးလောရှည်သည် အမျိုးသမီးများကို ကယ်ဆယ်ရ မည် ဖြစ်သော အမှုထမ်း အထက်တန်းစားတွင် ပါဝင်နေချေပြီ။ ထိုသို့ နှင့် ကိုးကွယ်ရာမဲ့ကဲ့သို့သော အမျိုးသမီးလှလှပပနှင့် သားကလေးကို တွေ့သည်။ တွေ့သည်အတိုင်း ကယ်ဆယ်လိုသည့် သဘောနှင့် မင်းမြင့်ကြီး မြှောက်စားလိုသော် လူသိရှင်ကြား ကြေညာ၍ ကြင်ရာ အဖြစ်ဖြင့် ထင်ရှားစေရာသည်။ ယခုသော်ကား လက်ရှိ မင်းကတော် ကြီး သိမည်ကြောင့် တိတ်တိတ်ပုန်း တင့်တယ်စွာပင် ထားစေကာမူ အပျော်အလို့ငှာ ထားရာရောက်ချေသည်။

ထိုသို့ ထားရာရောက်ခြင်းကြောင့် မင်းကတော်ကြီးသာ အပ်အပ် သိရချေသော် ကြာရည်သည် ဖွတ်ဖွတ်ကြေရဖို့သာရှိတော့သည်၊ ထို့ ကြောင့် ကြာရည်သည် လွတ်ရာလွတ်ကြောင်းအလို့ငှာ ထွက်ပြေးတိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ခြင်းဖြစ်ပေသည်။

စင်စစ် တန်းမှူးကြီးသည် ကိုးကွယ်ရာမဲ့သားသည်မိခင်တို့ကို ကယ်ဆယ်ရေးဌာနသို့ အပ်သင့်သည်။ ယခုသော် ပျော်ရုန်ထားပြီး နောက် ကြောက်၍ထွက်ပြေးရသော ကြာရည်ကို မယားဟူစွပ်စွဲ သည်မှာ ဓမ္မသတ်ကို မကြည့်ဖူးရာ ရောက်နေပေသည်။

တစ်ဖန် မယားဟုဆွဲလွဲခေါ်ပြန်သည်မှာ ဥပဒေရာဇသတ်ကို စောင့်ထိန်းရမည့်သူသည် ထိုဥပဒေကို လုံးလုံးနောက်ကျောပြုရာ ရောက်ချေသည်။ ထိုသို့သောမင်းမှုထမ်းတို့သည် အိမ်မိုးအချင်ကိုတက်၍ ထိုးသောပိုးနှင့်တူ၍ ထိုမင်းမှုထမ်းမျိုးကြောင့် တိုင်းပြည်မှာ အလွန်အလွန် ဆူညံသောင်းကျန်းမှု ဖြစ်ရတတ်ခြင်းကို ဦးလောရှည်သည် အထူးသတိပြုစေလိုသည်။

တန်းမှူးကြီး ဦးလောရှည်သည် နောက်နောင် ကြာရည်ကို မယား ဟုမစွပ်စွဲရ။ နိုင်ထက်စီးနင်း ဆွဲလွဲယူငင်ခြင်းမပြုရ။ ၎င်းတို့ကို မနာမယူဘဲ ကျူးလွန်ခဲ့သော် ကြီးစွာသောအပြစ်ဒဏ်ကိုပြု၍ ရာထူးကိုပင် ထိခိုက်စေလိမ့်မည်။ကြာရည်တို့သားအမိကို အမျိုးသမီးများအား ကယ်ဆယ်ရေးမိခင် အိမ်ရှေ့မိဖုရား မနန်းကြိုင်ထံတွင် အမှုထမ်းများက အပ်နှံစေ။ ကြာရည်သည် တစ်စုံတစ်ယောက်သော ယောကျ်ားနှင့် အတိအလင်းသဘောတူ လက်ထပ်လိုက အတွင်းဝန်ကြီးက ဘုရင့်ကိုယ်စား ပွဲသကူမယ်ကြာရည်ကို အကန်တော့ခံ၍ လက်ထပ်ပေးစေ။

## သလ္လာဝတီပြည် ဘုရင်မင်းခေါင်အမှူးရှိ ပညာရှိအဖွဲ့ဖြတ်ထုံး

ထိုအခါ ရသေ့ကြီး ဦးမိုးထိသည် မိမိအဝတ်နှင့် အထပ်ထပ်ပြု၍ လျှို့ဝှက်ကာယူဆောင်လာသော ခေါင်းဥခန့်ရှိပတ္တမြားကြီးကို အဝတ်



တွင်းမှ ထုတ်ယူပြီးသော ဤသို့ဆို၍ ကျွန်ရုပ်မအား အပ်လေတော့၏။

"မိခင် ကျွန်ရုပ်မ၊ မိခင်သည် ဤပတ္တမြားနှင့်တန်လေတော့တကား။ ထို့ကြောင့် မိခင်အားငါဆက်ပါ၏။ မိခင်သည် ဉာဏ်ကျယ်၏။ တရားတည်၏။ သဘာဝနှင့်မလွတ်သော သဘောနက်ကို သိ၍ အန်၏။ မိခင့်အန်ဖတ်ကို ငါစားမျိုရသောကြောင့် ယခု လောကီအဘိညာဉ်ရျာန်ကိုရပြီ၊ ကာမမေထုန်၏ အနက်နှင့်အကျိုးယုတ်ကို ငါသိပြီ၊ ငါ့မိန်းမ၊ ငါ့မယား၊ ငါ့သားသမီးသည် ကသိုဏ်းနှင့် ထိုကသိုဏ်းကို ထပ်ကာ ပွားများခြင်းသာလျှင်ကတည်း"

ထိုသို့ဆို၍ လွှတ်တော်ပေါ်မှ ကသိုဏ်းကို ခဏသုံးသပ်ခြင်းအားဖြင့် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်ခရီးဖြင့် ၎င်း၏သခ်မ်းသို့ ပြန်လေတော့ပြီ။

ကျွန်ရုပ်မသည်ကား အများ၏ရှေ့တွင် စစ်သည်ဗိုလ်ပါတို့၏ အရိပ်ဖြင့်ပြီးသော ထိုပတ္တမြားကြီးကို မင်းကြီးထံ ဆက်သလေတော့သည်။

ဘုရင်မင်းမြတ် မင်းဆွေနှင့်မိဖုရားကြီးသည် နောက်တစ်နေ့သော် ကျွန်ရုပ်မကို နန်းတော်သို့ ခေါ်၍ ဤသို့ပြောဆိုကာနေတော်မူလေ၏။

"ချစ်သမီး၊ ငါ့အားဆက်သသော ပတ္တမြားကြီးထက် ရသေ့ကို အလွန်အံ့ဩပါ၏"

"ခမည်းတော်ဘုရား မအံ့ဩရာ"

"အလို...ငါကား မအံ့ဩဘဲ နေနိုင်ပါတကား"

"ဤရသေ့ကား မြတ်သောမိခင်၏သားတော်ပါတည်း"

"ချစ်သမီးတော်သည် အဘယ်ကြောင့် ဤသို့ဆိုရသည်"

"မိခင်မြတ်၏သားတော်သည် တည်ကြည်သောဉာဏ်ရှိ၏။ အသရေကို စောင့်ထိန်း၏။ သဘောအရ အရှက်အကြောက်ကို နား

www.burmeseclassic.com

www.burmeseclassic.com



လည်တတ်၍ ရှက်တတ်၏၊ ရဲရင့်၏။ လူတို့၏ဇာတိသဘောကို လက်ဖဝါးဖြင့်ပြ၏။ မိခင်၏စိတ်ကို ညာလက်ဖြင့်ပြခြင်း၊ ဖခင်၏စိတ်ကို ဘယ်လက်ဖြင့်ပြခြင်းတို့သည် အများအားဖြင့် ဖြစ်တတ်၏။ အထူးပြု၍လည်း ဖောက်ပြန်တတ်သေး၏။ ဇာတိစိတ်နှင့် ပတ်ဝန်းကျင်အားဖြင့်ဖြစ်သည့်စိတ်တို့၏ ရောနှောခြင်းကို နဖူးဖြင့် ပြ၏။ ဘဝကောင်းမှုအထုကို ခြေဖဝါးဖြင့်ပြနေ၏"

"အင်း ချစ်သမီးကား အတတ်ပညာ ကြွယ်သည်နှင့်အညီ သတိကောင်း၏၊ ထိုရသေ့၏အကြောင်းကို မည်ကဲ့သို့ထင်သလဲ"

"ဤရသေ့ကား မင်းမျိုးမင်းသားဖြစ်တန်ရာ၏"

"အင်း...ငါလည်းထင်တယ်"

"အခါတစ်ပါး၌ သူ၏ခမည်းတော်နှင့် မယ်တော်သည် အမိဌာန်ပြု၍ ဥပုသ်သုံးရာ၏။ ထိုအချိန်၌ သန့်ရှင်းသော မိဖုရားကြီး၏ရင်ခွင်ထက်တွင် ၎င်းတို့၏အယူအတိုင်း ဗြဟ္မာကြီးသည် ဝင်၍ထိုင်သည်ဟု မိဖုရားကြီးသည် အိပ်မက်ကိုမြင်မက်၏"

"အင်း"

"မိဖုရားကြီးကား ငါသည် ထမင်းဆာ၍ မြင်မက်ခြင်းမဟုတ်၊ ဗြဟ္မာကြီးဝင်စားလိုသဖြင့် ဤအိပ်မက်ကို မက်သည်ဟု ယူဆထားသဖြင့် သူ၏အမိဌာန်ကို ဖျက်ပြီးလျှင် ဥပုသ်ကိုချ၍ ဘုရင်မင်းမြတ်ထံ၌ သားဆုတောင်းရာ၏။ ဘုရင်မင်းမြတ်ကား မိဖုရားကြီးကိုငေါက်၏။ မိဖုရားကြီးသည် သားမြတ်ကိုလိုသဖြင့် မင်းကြီးထံ၌ ငိုကာငိုကာ သနားစရာပြုပြီးသော် သားပေးပါဟု တောင်းတန်ရာ၏"

"မင်းကြီးလည်း အမိဌာန်ကိုဖျက်ပြီးသော် ဥပုသ်ကိုချ၍ မိဖုရားကြီးအား သားသဒ္ဒါတန်ရာ၏။ ထိုသဘောကိုရသေ့၏ခြင်းရာက ပြနေလေတော့ပြီ"



"အင်း...ခေါင်ကြီး၊ သမီးတော်ဟာ အတော်မြင်တယ်"

"ဒါဟာ မောင်တော့်ကိုစောင်းတာ"

"ဆိုတော့ ...ဆိုတော့ ဆိုတော့ ဒါဟာ မောင်တော့်အပြစ်၊ ဆက်ဆိုချစ်သမီးတော်"

"မိဖုရားခေါင်ကြီးသည် မိမိတောင့်တ၍ ယူဆသည့်အတိုင်း သားတော်ကိုဖွားမြင်တော်မူရာ၏"

"အင်း"

"ထိုသားတော်သည် ကြီးလာလတ်သော် ရသေ့တစ်ပါးထံ၌ အတတ်ပညာကို သင်ကြားခံယူရာ၏။ တက္ကသိုလ်သို့ကား မရောက်ဖူးတန်ရာ"

"ဘာကြောင့်"

"တက္ကသိုလ်သည် အကြံနှင့်အလေ့ကို အထူးပြုကာ သင်ကြားသဖြင့် အတတ်ပညာ၊ အပြင်လောကရေးရာ၊ လူမှုရေးရာ၊ လူနှင့်လူချင်းပေါင်းသင်းဆက်ဆံခြင်းပညာတို့ကို သင်ပေး၏။ အတတ်ပညာကို မိမိတစ်ဦးတည်း သင်ကြားခံယူနေရသဖြင့် တတ်၏။ လောကရေးရာသောအတတ်ပညာတို့ကိုကား အများနှင့်အတူနေကာ ရောနှောဆက်ဆံ၍သင်ကြားခံယူမှ တတ်ကျွမ်းနိုင်ရာသည်။ ဤရသေ့သည် အတတ်ပညာ၊ ဗေဒင်တို့ကို တတ်၏။ လောကရေးရာ၊ လူမှုရေးရာသည်တို့၌ ကန်းနေ၏။ ထို့ကြောင့် မိန်းမကို အလွန်စက်ဆုပ်ခဲ့၏။ ထိုစက်ဆုပ်ခြင်းသည် မိန်းမ၌ မြင်သိရာက မမြင်မသိဘဲနှင့် စက်ဆုပ်နေ၏။

"အင်း"

"ထို့ကြောင့် အသက်ဆယ့်ရှစ်နှစ်ရှိသော် လောကကိုစွန့်၍ ရသေ့လုပ်ပြီးလျှင် တောသို့ဝင်ကာနေသူဖြစ်တန်ရာ၏။ ထိုရသေ့သည်ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



ပညာ၊ ဗေဒင်ပညာ၊ ကောင်းကင်သျှတ္တရအဖြစ်ရှေးဟောင်းကျမ်းများကိုလည်း စုဆောင်းကာ အတော်ပင် ဆည်းပူးတန်ရာ၏။ သို့ရာတွင် အပေါင်းအသင်း ကင်းသကဲ့သို့ဖြစ်၍ စိုက်ပြီးလျှင် အကြောင်းအကျိုးကင်းမဲ့ကာရှိလေ၏"

"မယ်တော်မြတ်၏သားဖြစ်သော ရသေ့သည် လောကီအဘိညာဉ် ဈာန်ကိုမရရှိချေ။ ဥပမာ အချို့ဓာတ်သည် မီးနှင့်တွေ့၍ မီးမဖြစ်၊ ရေ နှင့်တွေ့မှ မီးဖြစ်ရ၏။ အချို့ဓာတ်သည်လေနှင့်တွေ့မှ မီးဖြစ်ရ၏"

"အင်း...နက်သကွယ်"

"ထိုရသေ့သည် အခါတစ်ပါးသော် ဆွမ်းခံရာမှ ပြန်လာရာတွင် သားအား ချိတိုက်နေသော ကြာရည်ကိုတွေ့ပြီ။ သူသည် မိန်းမများနှင့်ရောနှောကာ မနေဖူးသဖြင့်။ တစ်နည်းတဲ့ အိမ်ထောင်သားများနှင့်ရောနှောကာ မနေဖူးသဖြင့် ကြာရည်၏ချိုကို အလွန်လှနေလေတော့ပြီ။ အကြင်အခြင်းဖြင့် ထိုရသေ့သည် ကြာရည်ကို အလွန်နှစ်သက်တပ်မက်နေ၍ ကာမမေထုန်သဘောကို အရသာရှိနေလေတော့ပြီ"

"အင်း ချက်ချင်း လောကီအဘိညာဉ်ဈာန်ကိုရ၍ ကောင်းကင်ခရီးဖြင့် ပျံ့သွားနိုင်ခြင်းကာ အံ့ဩဖွယ်ရှိစွတကား"

"ခမည်းတော်ဘုရား လောကီဈာန်ရခြင်း အကြောင်းကား အမျိုးမျိုးရှိချေသည်"

"အင်း...ဆို"

"အချို့သည် သစ်ရွက်ကြွေသည်ကိုမြင်၍ မမြဲသော သဘောကိုသုံးသပ်ခြင်းဖြင့် ဈာန်ရသည်။ အချို့သည် ထွက်သက်ဝင်သက်ကို လေ့လာခြင်းဖြင့် ဈာန်ရသည်။ အချို့သည် ကသိုဏ်းကွက်ကိုရှုခြင်းဖြင့် ဈာန်ရသည်။ အချို့သည် သူသေကိုမြင်၍ မြူ၏ဖောက်ပြန်မှုကြောင့် မနှစ်သက်ဖွယ်ကိုမြင်၏၊ ထိုမြင်ခြင်းဖြင့် ဈာန်ရသည်။ အချို့သည် ကသည်ကိုမြင်၍ အင်း လေ၏ဖောက်ပြန်ခြင်း၊ သီချင်းသံကိုကြား၍ လေပါတကားဟု သိခြင်းတို့ဖြင့် ဈာန်ရသည်။ အချို့သည် ကာမမေထုန်၏ အနှစ်အရသာမရှိခြင်းကို ကသိုဏ်းတင်လျက် ဈာန်ရပါသည်"



"အင်း . . .နက်ပေသည်"

"ဤရသေ့သည် ကာမမေထုန်၏အနှစ်အရသာမဲ့ကြောင်းကိုသိ၍ ချက်ချင်းစက်ဆုပ်သည်၊စက်ဆုပ်စဉ်ခဏ၌ တရားပလ္လင်ပေါ်တွင် တင်ထားသော စကြာကိုရှုသဖြင့် ဈာန်ကိုဖြစ်စေလေပြီ"

"မြန်လှပါကလား ချစ်သမီးတော်"

"မိခင်ကောင်း၊ မိခင်မြတ်၏ကျေးဇူးတော်ကြောင့်ပါဘုရား"

"ခေါင်ဘုရားကို ငါကန်တော့ချင်ပြီ"

"မောင်တော် ငရဲမပေးပါလင့်"

"ထိုသဘောကြောင့် ဘုရားတစ်ဆူပွင့်နိုင်ရန် မိခင်ကောင်းလိုသောကြောင့် ဘုရားပွင့်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားတစ်ဆူသာပွင့်နိုင်သောကမ္ဘာ၊ နှစ်ဆူသာ ပွင့်နိုင်သောကမ္ဘာ၊ သုံးဆူသာပွင့်နိုင်သောကမ္ဘာ၊ လေးဆူသာပွင့်နိုင်သောကမ္ဘာ၊ ငါးဆူသာပွင့်နိုင်သောကမ္ဘာဟုရှိ၍ ရှင်ပဒ္မေကဗုဒ္ဓအဖြစ်သာ ကျွတ်တမ်းဝင်ရသောကမ္ဘာများရှိသည့်အတိုင်း သုညကမ္ဘာတို့လည်းရှိပါသည်"

"အင်း"

"ထို့ကြောင့် ဘုရားဖြစ်ဖို့ရန် အထူးမိခင်ကောင်းအလွန်လိုပါသည်။ မိခင်ကောင်းတို့အားဖြင့် အကျွတ်တရားကို ရကြခြင်း၊ ဈာန်စိတ်၌ တည်နိုင်ခြင်းတို့များပါသည်"

"အင်း"

"ထိုမှတစ်ပါး ဘုရားအဖြစ်ကို ရနိုင်ရန် မယားကောင်းလည်းလို ပြန်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ယောဗျား...ချစ်သမီးတော်"

"ပမာပြုရသော် အကြင်သူတစ်ယောက်၌ မယားလှ၊ မယားချော ကလေးတစ်ယောက်ရှိ၏။ ထိုမယားအား လူနတစ်ယောက်က ကာမ မေထုန်အလို့ငှာလာရောက်အလှူခံ၏။ ထိုသူကား သူတစ်ပါး၏အလို ကိုဖြည့်လိုသည့်အတိုင်း အနအား မိမိ၏မယားကို လှူ၍ထည့်လိုက် ၏။ ထိုအခါ ထိုမယားက ကျုပ်ဘာကြောင့် လူနထံလိုက်ရမလဲ၊ တော့်နမကိုခေါ်ပြီးထည့်ပါလားလို့ ပြောလိမ့်မည်တည်း"

ရှင်ဘုရင်နှင့်မိဖုရားတို့ကား ဣန္ဒြေတော်ကိုဖျက်၍ပြင် ဟက်ဟက် ပက်ပက်ရယ်လေတော့သည်။

ကျွန်ရုပ်မသည်လည်း ဆက်၍ ရှင်ဘုရင်နှင့်မိဖုရားကြီးတို့ကို ဤသို့လျှောက်တင်ပြန်လေသည်။

"ဤရသေ့သည် ၎င်း၏ဣန္ဒြေနှင့် ရဲရင့်ခြင်း၊ တည်တံ့ခြင်းကို ထောက်ချင့်၍ မြတ်သောမိဘနှစ်ပါးအားဖြင့် မိခင်၏တိုက်စန်း၌ သန္ဓေ တည်ရခြင်းဖြစ်ပေသည်ဟု ဆိုရာသည်။ မိခင်မြတ်အားဖြင့် သန္ဓေ စိတ်ကောင်းသည် အလွန်သန့်ရှင်းနိုင်မာလေသည်။ ထိုသဘောကြောင့် ဤရသေ့သည် ဤကား ရှက်အပ်သောအမှု၊ ဤကား ကြောက်အပ် သောအမှုဟုသိသည်နှင့်တစ်ပြိုင်နက် ထိုအရှက်အကြောက်ကို ထိန်း လိုက်ရာ ထိုသို့ထိန်းသည်နှင့်တစ်ချက်တည်း ခိုင်မြဲသောကြောင့် တန် နိုးရရှိလေတော့ပြီ"

"အင်း...အင်း"

"ထိုသို့ခိုင်မြဲတည်တံ့သော သတ္တဝါပင်လျှင် ဤကဲ့သို့ မှားယွင်း တတ်ရသေးပေသည်။ သတ္တဝါဟူ၍ ပညတ်သဘောအားဖြင့် ပေါ် ပေါက်လာရသည်ကား ကိန်းအောင်းနေသော မေထုန်စိတ်အားကြောင့် ဖြစ်ချေသည်။ ထိုစိတ်သည် သတ္တဝါဟူ၍ ပညတ်တင်ရန် အထောက်



အထားဖြစ်သော်လည်း အလွန်ကြောက်စရာကောင်းသည်ကား ဤသို့ လျှင်ကတည်း"

"အင်း..."

"ထိုသဘောအား ကျယ်လွန်း၍ လှ၍သာ ပြပါတဲ့အံ့၊ အကြင်သူ တစ်ယောက်သည် လှပသော အရုပ်ဆင်းဟူ၍ သူတစ်ယောက်ကို ထင် အံ့၊ မြင်အံ့။ ထိုသူသည် ထိုသတ္တဝါ၏မြူစိုင်ကို ကွယ်ပျောက်စေ၍ မေထုန်စိတ်၏ ကစားခြင်းကိုခံရရာ ရောက်ချေသည်။ အသံကိုကြား သောအခါလည်း လေးထောင့်တုံးကလေးများဖြစ်သော လေတို့ကို ရိုက်ခတ်ခြင်းဖြင့် လှိုင်းထကာ ဖြစ်လာသော အဏုမြူ၏အဏုမြူ များပါတကားဟု မသိတော့ဘဲ မေထုန်ဓာတ်၏ကစားခြင်းကိုခံရရာ ရောက်ချေသည်။ ထို့အတူ အနံ့၌တစ်ခုသောအနံ့၌ တုန်လှုပ်ခြင်းဖြင့် ခံစား၏။ မည်သည့်အနံ့ဟု မှတ်၏။ ထိုအနံ့ကိုအပြုသဘော ပြုပြီး မှ ဤကားမွှေးသည်၊ ဤကားနံ့သည်ဟု အသိသည်ဖြစ်ပေါ်၏။ ထိုအသိသဘောဖြင့် အလိုရမ္မက်သည် ပေါက်ပွားလာပြန်၏။ ထိုသို့ နသည်ထက်နသောအဏုမြူ၏လှည့်စားခြင်းကို မေထုန်သဘောသည် လက်ခံလိုက်လေတော့ပြီ၊ ထိုသို့ မေထုန်ဓာတ်ကို လက်ခံရာ၌ အရှက်အကြောက်မသိ၊ မတတ်။ သိလျက်တတ်လျက် အရှက်အ ကြောက်မရှိခဲ့သော် မိဘဟူ၍လည်းကောင်း၊ သားသမီးဟူ၍လည်း ကောင်း၊ ဆွေမျိုးဟူ၍လည်းကောင်း၊ ကျေးကျွန်ဟူ၍လည်းကောင်းအ သခင်ဟူ၍လည်းကောင်း၊ မ စအပ်သူ သနားအပ်သူဟူ၍လည်းကောင်း လည်းကောင်းများစွာသော လည်းကောင်းတို့သည် ကွယ်ပျောက်ပြီး လျှင် ဖြူစင်သော စိတ်သည်လွှင့်ပါးသွားလေတော့ပြီ၊ လွှင့်ပါးသွား သည်နှင့်တစ်ပြိုင်နက် မေထုန်၏ခြယ်လှယ်ခြင်းသဘောကြောင့် တိရစ္ဆာန်တို့နှင့်အတူ သတ္တဝါဖြစ်ရလေသည်"

www.burmeseclassic.com

www.burmeseclassic.com



"အရက်အကြောက်ကို သိတတ်၍ ထိန်းသိမ်းခြင်းသာလျှင် မိဘ၊ သားသမီး၊ မောင်နှမ၊ ဆွေမျိုး၊ သခင်နှင့်ကြေးကျွန်၊ ကျေးကျွန် စသည်ဖြင့် လူ့သဘောကိုဖြစ်စေလေသည်။ အရက်ကြောက်ကင်းသည်နှင့်တစ်ပြိုင်နက် လူ့စိတ်ဓာတ်သည် တည်အပ်သည်မှ လျော့ပါးသွားလေတော့ပြီတကား"

"သမီးတော် ဤရသေ့ဟာ ထိုပတ္တမြားကို ဘယ်ကရသလဲ"

"ခမည်းတော်ဘုရား၊ ဤပတ္တမြားမျိုးသည် ဒဏ္ဍာရီစကားအားဖြင့် နဂါး၊ ဂဠုန်၊ သိကြား၊ နတ်ဘီလူးတို့၌ ရှိသော ပတ္တမြားမျိုးတည်း။ အတတ်ပညာအားဖြင့်ကား တောင်များ၌ အလိုလို ပြဒါးသည် ကိန်းဝပ်သဖြင့် ထိုပြဒါးသည် အအေးလွန်သောအားကြောင့် လောင်ပြီးသော်ဖြစ်သော ပတ္တမြား၊ ဂန္ဓာရီ လမ်းကိုလိုက်၍ပေါက်မြောက်သွားသော သူတို့သည် ကိလေသာ ကာမဂုဏ်စိတ်ကို ဟန့်တားသောအားဖြင့် အပူသသောနှင့်လည်းကောင်း၊ အအေးသသောနှင့်လည်းကောင်း ဓာတ်ကို ကစားရာရသော ပတ္တမြားစသည်ဖြင့် တစ်ခုခုသော ပတ္တမြားဖြစ်တန်ရာပါသည် ဘုရား"

"အင်း"

"အကြင်သူသည် ထိုပတ္တမြားကို ရ၏။ တစ်နည်းတုံဖြစ်၏။ ထို သူသည် လောက၌ အတတ်ပညာရှင်ကို ရှာရာ၏။ ထိုအခါ ရှေးဟောင်းနှောင်းမြင်း ကျမ်းများစွာကို ရှာဖွေလိုက်စား စူးစမ်းသော ရသေ့မိုးထိနှင့် တွေ့ရာ၏။ ရသေ့မိုးထိသည် ထိုသူ အလိုရှိ၍ မေးသော အမေးများကို ကောင်းစွာဖြေကြားနိုင်ပုံပေါ်၏။ ပတ္တမြားရှိသူသည် ရသေ့မိုးထိအား ၎င်း၏ပညာစွမ်းကြောင့် ထိုပတ္တမြားရှိသူသည် ထိုပတ္တမြားကို ရသေ့မိုးထိအား ပူဇော်ခြင်း ဖြစ်တန်ရာပါသည် ဘုရား"

"သူလုပ်၍ မဖြစ်နိုင်ဘူးလား"



"သူသည် ဤကဲ့သို့အလုပ်မျိုးကို လုပ်သောသူ၊ ပတ္တမြားကို ရှာသောသူမဟုတ်။ ဘာသာအေးအေး နေသောသူ ဖြစ်ပါသည် ဘုရား"

"သမီးတော် ပြဿနာကဲ့သို့ ဖြစ်လာပြီ"

"ဖြစ်သင့်ပါပြီ ဘုရား"

"သမီးတော် ယခုကား အချိန်ညောင်းပြီ။ ညညီလာခံ၌ ထိုပတ္တမြား ပြဿနာကို ဖြေဆိုလော့"

"ဦးတည့်ရပ်ပါဘုရား"

"ညညီလာခံ၌"

ညညီလာခံတွင် ပုရောဟိတ်၊ နန်းရင်းဝန်ကြီး၊ လွှတ်တော်ဝန်ကြီးချုပ်တို့လည်း ပါ၏။ ပညာရှိအဖွဲ့လည်းပါ၏။

ထိုညီလာခံ၌ ဘုရင်မင်းမြတ်၏ တောင့်တချက် သသောအရ ကျွန်ရုပ်မသည် ဤသို့ ဖြေဆိုလေ၏။

"ရွှေဘုန်းတော်ရှင် ခမည်းတော်ဘုရား၊ ဤပတ္တမြားကား လက္ခဏာအားဖြင့် အလွန်ထူးမြတ်သော ပတ္တမြားဖြစ်၍ မျက်ရှင် ဖြစ်ပါသည်ဘုရား"

"ဤပတ္တမြားကို အလိုရှိ၍ လုပ်ဆောင်သော ဝိဇ္ဇာတိုင်းလည်း မဖြစ်၊ အလိုရှိတောင့်တနေသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ ရသေ့ စသည်တို့လည်း မတွေ့ရ၊ အလိုရမ္မက်၌ ဖြတ်နိုင်သရွေ့ ဖြတ်သောသူ၊ တုန်လှုပ်ခြင်းကို သည်းခံနိုင်သရွေ့ သည်းခံသောသူ၊ လူ့နူ၏ခြေကိုပင် ဆေးကြော သုတ်သင်ပေးနိုင်သော သူတို့သာလျှင် ထိုမျက်ရှင်ကို ရနိုင်တတ်ပါသည်"

"အင်း...ဆန်းကြယ်လှပါဘိတကား"

"ထိုမျက်ရှင်အကျိုးကို ရွှေဘုန်းတော်ရှင်သည် သိပြီးဖြစ်တန်ရာပါသည် ဘုရား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့သော မျက်ရှင်မျိုးသည် အလွန်တရာလည်း ထိတ်လန့်ဖွယ် ဖြစ်ပါတယ်၊ အကြောင်းသော်ကား ဤသို့ပါတည်း"

"ထိုမျက်ရှင်ကို နှစ်လိုသာယာ တပ်မက်လာသည်ရှိသော် တပ်မက်သောသူ၏ နှလုံးသွေးကို ထိုမျက်ရှင်သည် ဆွဲသဖြင့် အဝတ်တန်ဆာ၊ လက်ဝတ်ကိုယ်ဝတ် တန်ဆာတို့သည် ကာမမေထုန်မှုကို အားပေးနေဘိသကဲ့သို့ ချုပ်တည်းထားခြင်းဖြင့် ကိန်းဝပ်နေသည့် ကာမမေထုန်မှုကို သွေးဆောင်ကာ လျှမ်းတက်လာစေလေသည်"

"သာမန်သူတို့၌ ဤပတ္တမြားမျက်ရှင်သည် ထားရှိခဲ့သော် တည်နေနိုင်မည် မဟုတ်ပေ။ ဤရသေ့၌ကား ကောင်းသော ပညာစွမ်းအားဖြင့် ဉာဏ်ပူဇော်ခအဖြစ်နှင့်ရသောကြောင့် တည်နေပေသည်"

"ရသေ့သည် မင်းသားဘဝက လှပနုနယ်၊ ပျိုမြစ်ချစ်ဖွယ်သော မိန်းမရတနာများနှင့် အိမ်ရှေ့မင်းဘဝကို မသတီ၍ ကျောနိုင်းကာ လာခဲ့သော ပုဂ္ဂိုလ်ဖြစ်လင့်ကစား ထိုမျက်ရှင်ကို ရပြီးသည့်နေ့ကစ၍ တောအရေးကို အလွန်သာယာ နှစ်သက်ပေတော့ပြီ။ တောကြီးတောင်ကြီးထဲ၌ ငှက်စုံဗိုမ အလိုကျအောင် ဆိုကြသည်ကိုလည်းကောင်း အသံသာယာ နှစ်သက်လာလေတော့ပြီ။ ထိုသဘောသည် မေထုန်စော်၏ လျှပ်လက်လာသည်ကို ရသေ့သည် မသိသေးပေ"

"အင်း"

"ထိုရသေ့သည် ထိုပတ္တမြားမျက်ရှင်ကို ရပြီးသော နောက်နေ့များ၌ ဆွမ်းလောင်းဒကာမလေးများကို လှသည်ဟူ၍ မြင်လာချေတော့ပြီ။ မိန်းမတစ်ယောက်၏အပေါ်၌ ဖြူစင်သည့် သဘာဝအလှပေါ်တွင် မေထုန်အလှသည် ယှက်သန်းလာမှန်းမသိ ယှက်သန်းလာလေတော့ပြီ"

"အင်း"



"ထိုသို့သဘောရှိလာသော ရသေ့သည် အခါတစ်ပါး တစ်နေ့သ၌ တိတ်ဆိတ်သော တောစရေဆိပ်တွင် ကလေးအားချိုတိုက်နေသော ကြာရည်ကိုတွေ့လေပြီ။ ထိုကြာရည်ကို ရသေ့သည် သဘောကျကျဖြင့် လှတော့ပြီ။ အလွန်လှပသော ရွှေမြို့တော်သူများကို ကျောနိုင်းလာခဲ့သော ရသေ့သည် ညစ်ပတ်သောအဝတ်နှင့်ကလေးအား ချိုတိုက်နေသည့် ကြာရည်ကို အဘယ်ကြောင့် လှသည်ဟုမသိချေ"

"ရသေ့၏နှလုံးအိမ်၌ တစ်နည်းတုံ့ အသည်း၌ သန့်ရှင်းနေသော ဖြူစင်နေသော ဓာတ်သည်သာယာခြင်းဖြင့် ညစ်ထေးလာလေတော့ ပြီ။ သန့်ရှင်းသောနှလုံး၊ ကြည်လင်သောနှလုံးနှင့် ဖြူသောအသည်းကို စိတ်ညစ်ခြင်း၊ ကြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ဆိုးခြင်း၊ မုန်းခြင်း စသည်တို့ကြောင့် ညစ်ညမ်းမည်းနွမ်းသည်ထက် ကာမဂုဏ်၌ ပျော်ခြင်း၊ ရဲရင့်ခြင်း၊ သာယာခြင်း၊ ချစ်ခြင်းစသည်တို့သည် သာ၍ ညစ်ညမ်းမည်းနွမ်းခြင်းသည် လွန်သည်ဟု ရသေ့လည်း မသိသေးပေ"

ထိုရသေ့သည် ပတ္တမြားကိုဆောင်၍ ကြာရည်ထွက်သွားသည်ကို လိုက်ရှာတော့၏။ ကြာရည်အားဖြင့် တရားစစ်ဆေးခြင်းကို ခံရတော့၏။ ဤပတ္တမြားသည် ထိတ်လန့်စရာသော သွေးဆောင်နေသည့် ပတ္တမြားမျက်ရှင်သည်လည်း မကင်းချေ။

ရသေ့သည်ကား ကောင်းမှုထုထည်အားကောင်းသောသူ ဖြစ်ဟန်ရှိ၏။ သံသည် သံလိုက်ထံ လိုက်ဘိသကဲ့သို့ ကောင်းမှုထုထည် အားနှင့်အင်နှင့်ရှိလာသူထံကောင်းသောသဘောသည် လိုက်ပါလာတတ်လေ ဘိသည့်သဘောကြောင့်မောင်ရွှေကျော်ကို စစ်ဆေးရာ၌ မောင်ရွှေကျော် ၏ထွက်ဆိုချက်များနှင့်တကွ အားလုံးသော ထွက်ဆိုချက်များကို ရသေ့သည် ကြားရသောအခါ သူ၏မျက်နှာသည် ညှို့သန်းနေဘိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား သူ၏ကောင်းမှုအတွက် အရိပ်ကဲ့သို့ လိုက်၍ သူ့အား ဤသို့ထင်စေဟန်ရှိချေပြီ။ ကြာရည်သည် ပုပ်ဟောင်နံစော်နေသော အမဲရွတ်နှင့်တွေ့သည်။ သူတို့သည် ထိုပုပ်ဟောင်နံစော်နေသော အမဲရွတ်ကို ခွေးငတ်တို့သည် လုဘိသကဲ့သို့ ငါတို့သည် ကြာရည်ကိုလုတော့ပြီဟု တရားယူနေပုံ လက္ခဏာရှိနေချေပြီ။

ထိုသဘောတွင် သူသည် တရားသူကြီးပြုလုပ်သော ပညာရှိအဖွဲ့၏ပညာကို သူသိလိုသည်။ ထို့ကြောင့် ကြာရည်ကို သူရထိုက်သည်ဟု ခပ်တိုတိုပင် ဆိုချေသည်။ ထို့နောက် ပညာရှိအဖွဲ့က စီရင်ချက်ကိုရေး၍ ချမှတ်လေသောအခါ ထိုရသေ့သည် ပညာရှိအဖွဲ့ကို အလွန်နှစ်သက်ခြင်းဖြစ်နေခြင်းကြောင့် ဤပတ္တမြားမျက်ရှင်ကို ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။

ထိုရသေ့သည် ထိုပတ္တမြားမျက်ရှင်ကို နှစ်သက်ပါကကိန်းနေသော ကာမမေထုန်သည် ပေါ်ကြွလာလေသည်။ အိမ်ထောင်မှုကို ကြည့်၍ အေးငြိမ်းရာသဘောကို ရှာဖွေနေသောငါတို့ရသေ့များ၌ ထိုမျက်ရှင်သာလျှင် မဟုတ်၊ ကျောက်မျက်ရတနာအမျိုးမျိုး၊ ရွှေငွေအသပြာစသည်တို့သည် နှစ်သက်သူတို့အား ကာမမေထုန်မှုကို ပွားလာအောင် နှိုးဆော်လေတော့ပြီဟု ယူဆခြင်းအားဖြင့် ဤပတ္တမြားမျက်ရှင်ကို ထားခဲ့လေပြီသတည်း။

"ရွှေဘုန်းတော်အရှင်ဘုရား"

"ပုရောဟိတ်ကြီး ဆိုဗျား"

"သမီးတော်နာမည်ကို ပြင်လိုပါသည် ဘုရား"

"ဘယ်လိုပြင်ချင်သလဲ"

"မြတ်မယ်ရှင်လို့ ပြင်ချင်ပါသည် ဘုရား"

"ဘာ"



"မိန့်တော်မူပါ သခင်မ"

"ကျွန်မရဲ့အမေက တင့်သည်ထက်တင့်အောင် မှည့်ထားတဲ့ အမည်ပါ။ ကျွန်ရုပ်မဆိုသည်ကား ကျဝန်ရုပ်ရှိ၍ မ တတ်သော မိန်းမ၊ ကျွန်ရုပ်မပါတဲ့။ ဘာ မပြင်သင့်ပါ"

ရယ်ကြ၍ ညီလာခံကွဲ...။

အိမ်ရှေ့မိဖုရား နန်းကြိုင်သည်ကား ကြာရည်နှင့်ဖော်ရွေခြင်းကို ပြုလျက် အကြောင်းအကျိုးကို ကြာရည်နားဝင်လေအောင် ပြောပြပြီးလျှင် ၎င်း၏ငယ်လင် ရွှေကျော်နှင့် လက်ထပ်ပေးပြီးလျှင် ပရိမ္မဘုရင်မင်းမြတ်ထံ သဝဏ်ရေးပြီးသော် ပို့လိုက်လေသည်။

## သူဌေးနှင့်သူခိုး

သူဌေးမောင်နွဲ့နှင့် သူဌေးကတော် မသွဲ့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ ပေါင်းသင်းနေထိုင်လာခဲ့သည်မှာ ဆယ်နှစ်ရှိသော်လည်း သားသမီးတစ်ယောက်မျှ မရကြချေ။

၎င်းတို့သည် သားသမီးရတနာ ရရာရကြောင်းကို အမျိုးမျိုးကြံစည်ကာကြိုးစားကြသော်လည်း မရနိုင်သဖြင့် ပုဏ္ဏားကျော်တစ်ယောက်ထံတွင် စိတ်မကျေမနပ်နိုင်ဘဲ ဗေဒင်မေးပြန်လေ၏။

ပုဏ္ဏားဗေဒင်ဆရာသည်ကား လာဘ်များစွာတင်စေ၏။ ဗေဒင်ပုဏ္ဏားဆရာသည် ထိုသူဌေးမောင်နွဲ့နှင့် သူဌေးကတော် မသွဲ့တို့ထံ မှ လာဘ်တင်သည့် အသပြာကို များစွာယူ၍ ဗေဒင်ဟောခတ်ရိုက်ပြီးသော် ပြန်လေ၏။

ထိုသို့နှင့် ငါးရက်ခန့်ကြာလတ်သော် သူခိုးလုပ်စားသူတစ်ယောက်သည် ညလူခြေတိတ်လောက်တွင် ရွှေချိန်ပိဿာတစ်ဆယ်ကိုလို၍ ထွက်လာလေ၏။ ထိုသူခိုးမှာ သူခိုးပင် ဆိုသော်လည်း ၎င်း၏ကိုယ်၌

www.burmeseclassic.com

www.burmeseclassic.com



မင်းသားများကဲ့သို့လှပစွာ ဝတ်ဆင်ပြီးသော် ထွက်လာခြင်းဖြစ်၍ ထူးဆန်းစွာ အံ့ဩဖွယ်ရာပင်ဖြစ်၏။

ထိုသူနိုးအံ့ဖွယ်ကို အံ့ဩဖွယ်ရာထက် အံ့ဖွယ်သည် သူဌေးဦးနှ၏အိမ်သို့ရောက်သွားသောအခါ သာ၍အံ့ဩဖွယ်ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် သူဌေး၏အိမ်မှာ ဝင်းတံခါးကို ပိတ်မထား၊ အစောင့်မရှိ။ ထို့နောက် အိမ်၌ အစောင့်များမရှိဘဲ တံခါးကိုလည်း ပိတ်မထားချေ။

သူနိုးအံ့ဖွယ်သည်ကား ငါ့အား ပုဏ္ဏားဗေဒင်ဆရာက ဟောပြောလိုက်သော စကားတို့သည် မှန်နေပေပြီ။ ဤပုဏ္ဏားသည် ဓာတ်ဆင်ဓာတ်ရိုက် အတော်ပင် ဟန်နေဟန် ရှိပေသည်ဟု အောက်မေ့၍ သူဌေးကြီး၏ အိမ်ပေါ်သို့ ရဲရင့်စွာ တက်သွားလေ၏။ ထိုအခါ သူနိုးအံ့ဖွယ်သည် သာ၍အံ့ဩပြီးသော် ပုဏ္ဏားဗေဒင်ဆရာကို အလွန်အလွန်အထင်ကြီးနေလေ၏။ အဘယ်ကြောင့်ဆိုသော် သူဌေးကတော်ကလေးမသွဲ့သည် အကျဖြီးလိမ်းဆင်သကာ ညည်ခန်း၌ထိုင်နေသည်ကို အံ့ဖွယ်သည် တွေ့ရလေ၏။ ထိုညည့်ခန်းမှာလည်း ကရမက်နံ့၊ စန္ဒကူးနံ့တို့သည် သင်းထုံကာ ကြိုင်၍နေ၏။ ထိုညည့်ခန်းသည် ကာမမေထုန်စိတ်တို့ ဆွဲထုတ်ကာ ငင်နေလေတော့ပြီ။

သူဌေးကတော် မယ်သွဲ့သည် သူနိုးအံ့ဖွယ်ကို မြင်လတ်သော် ပုဏ္ဏားဗေဒင်ဆရာဟောပြောချက်သည် အလွန်မှန်ပါဘိတကား။ ဤပုဏ္ဏားသည် ဓာတ်ဆင်ဓာတ်ရိုက် အလွန်တော်စွတကားဟု အောက်မေ့ကာ ပြုံးစိစိဖြင့် မမိတမိ၊ မထိတထိနှင့် အံ့ဖွယ်ကို ကြည့်ပြီးသော် ဤသို့ပြိုလေ၏။

"ထိုင်ပါ မောင်"

"ဘာကိစ္စ လာပါသလဲ"

"ကျွန်တော်ဟာသူနိုး၊ နိုးဖို့လာတာပဲ"



"သြော်..."

"အသပြာဘယ်လောက် လိုချင်လို့လဲ"

"ရွှေချိန်တစ်ဆယ် လိုချင်လို့ပါ"

"များလှချည်လား မောင်"

"မများပါ၊ ကျွန်တော့် ဆရာကိုလည်း လာဘ်ပူဇော်ရဦးမယ်"

"ကောင်းပါပြီ၊ မောင်အလိုရှိသလောက် ရွှေအချိန်တစ်ဆယ်ကို ပေးတာပေါ့။ လိုသလောက် ပေးနိုင်တဲ့အတိုင်း ပေးပါမယ်၊ သို့သော်"

"ဆိုပါဗျာ"

"မောင်အလိုရှိတာကို ကျွန်မက လိုက်လျောလို့ရှိရင် ကျွန်မ အလိုရှိတာကိုလည်း မောင် လိုက်လျောစေချင်ပါတယ်။ လူဆိုတာ တစ်ဦးရဲ့ ကျေးဇူးကို တစ်ဦးက ဆောင်ရွက်စတမ်းပါ"

"ကောင်းပါပြီ၊ အမိန့်ရှိပါခင်ဗျာ"

"ကျွန်မအား မောင် သားတစ်ယောက်ပေးခဲ့ပါ"

"အလို...ခင်ဗျားအလိုရှိတဲ့အတိုင်း ပေးချင်ပါရဲ့။ ဒါပေမဲ့ ကျွန်တော့်မှာ သားမရှိ၊ သမီးလည်း မရှိ၊ တစ်ခြားမှာလည်း ရှာလို့ရမှာမဟုတ်။ ကျွန်တော်ကလည်း ရွှေငွေဘဏ္ဍာပစ္စည်းဆိုတဲ့ သက်မဲ့ဝတ္ထုပစ္စည်းကိုသာ နိုးပါတယ်၊ အသက်နှင့်ဆိုင်သော် ကြက်ကလေးတစ်ကောင်ကိုပင် မနိုး၊ လူကိုနိုးပြီး ပေးရမှာလည်း အခက်သားပါတလား"

"မောင် ဒီလိုမဟုတ်ဘူး၊ ဒီလိုနိုးပေးတဲ့သားကိုလည်း မလိုချင်ပါဘူး။ သားသမီး မွေးစားမယ်ဆိုရင် ကျွန်မ သူဌေးကတော် အမိကြောဝါပဲ၊ လွယ်လွယ်ကလေးနှင့် ရမှာပေါ့။ မွေးစားသားသမီးတို့တားမွေးစားသူမိဘရဲ့ အင်မတန်ကြီးတဲ့ ရန်သူတဲ့။ မွေးစားသူ မိဘကို စိတ်မချမ်းသာအောင် လုပ်တာ၊ ပျက်စီးအောင် လုပ်တာ၊ အရှက်ကွဲ

www.burmeseclassic.com



အောင် လုပ်တာဟာ မွေးစားသားသမီးတဲ့"

"ဟာ ခင်ဗျား လွဲနေပြီ"

"ဘာလွဲနေသလဲ"

"အဖိုးတန်ကလေးတွေ အများကြီး ရှိနေပါတယ်။ မိဘက မသောင် သာသဖြင့် ဆင်းရဲရောက်နေရတယ်၊ အချို့ မိဘမဲ့ကလေးတွေဟာ ကလေးသူငယ်များ စောင့်ရှောက်ရေးအသင်းမှာ ရှိပါတယ်။ တောင်း ယူစမ်းပါဗျာ၊ အဲဒီကလေးတွေထဲမှာ ပုံပန်းလက္ခဏာကိုကြည့်ပြီး လူကောင်းကလေး ဖြစ်နိုင်မယ်ထင်တဲ့ ကလေးများကို တောင်းယူမွေးစားရောပေါ့။ အိမ်ရှေ့မိဖုရား၊ ထိပ်ထားနန်းကြိုင် ကိုယ်တိုင်သည် ကလေးများကို စောင့်ရှောက်ထိန်းသိမ်း ပွဲပြင်ကာ ထားပါတယ်"

"မောင် သိပ်ကို မှားသွားပြီ"

"ဘာ မှားသလဲ"

"ဆင်းရဲဒုက္ခ ရောက်နေအောင် မိဘ မသောင်သာတဲ့ ကလေးတွေဟာ ဟိုဘဝက လူဆိုးလူညစ်ပတ် ကလေးတွေ။ အဲဒီလူဆိုးလူညစ်ပတ်တွေဟာ ယခုဘဝမှာ ဟိုဘဝက အခြေခံကြောင့် သာပြီး ညစ်ပတ်ဆိုးသွမ်းမှာ။ တင့်တင့်တယ်တယ် မြင့်မြတ်တဲ့ ဂုဏ်ရှင်မိဘကတော့ သူတို့ရဲ့ သားသမီးကို ဘယ်မှာပေးမလဲ၊ ရွှေနှင့် စက်ဝယ်ရင်တောင် မရောင်းဘူး"

"အင်း..."

"အိမ်ရှေ့ထိပ်ထား နန်းကြိုင်ထံမှာ မိဘမဲ့ ကလေးတွေ အများကြီး ရှိတယ်ဆိုတယ် မှန်တယ်။ လှလှပပ ရွှေပေါ်မြတင်ကလေး လေးတွေ အများကြီးလည်း ပါပါတယ်။ သို့သော် သူတို့ အဖေဟာ ဘယ်သူလဲ၊ အမေဟာ ဘယ်သူလဲ၊ အချို့ အိမ်ရှေ့ ကိုယ်တော့်သား၊ အချို့ အမတ်သား၊ ဝန်ကြီးသား၊ ဘုရင့်သားတော် ပါချင်ပါမှာ။ သို့သော် သူတို့ဟာ



ဘယ်လိုဘယ်နည်းနှင့် ဖြစ်လာရတယ်ဆိုတာကို သတိထားရလိမ့်မယ်။ သူတို့ရဲ့ မိခင်များဟာ အများအားဖြင့် လူချမ်းသာ သမီး၊ ရွှေပေါ်မြတင်ထားတဲ့ သူဌေးသမီး၊ ဝန်ကြီးသမီး၊ အမတ်ကြီးသမီး၊ မင်းသမီး စသည်ဖြင့်လည်း ဖြစ်ချင်ဖြစ်မှာ..."

"ဟုတ်ကဲ့"

"သို့သော် သူတို့ဟာ သည်ကလေးတွေကို ဘယ်လိုဖြစ်စေသလဲ။ တိတ်တိတ်ပုန်း အပျော်ကြူးကြ၊ ငွေနှင့်ဂုဏ်နှင့် လှည့်စားပြီး အပျော်ကြူးကြ၊ ကပွဲလုပ်ကာတွဲကကြပြီး အပျော်ကြူးကြနှင့်ရသော လူဖြစ်လာရသော ကလေးလေးတွေ ရှစ်ဆယ့်ငါးရာနှုန်းခန့် ပါနေမှာ။ သည်တော့ သည်လိုနှင့် လူဖြစ်လာရတဲ့ ကလေးဟာ တိုင်းပြည်နိုင်ငံ စက်ယန္တရားကြီး ကောင်းမွန်လည်ပို့ရန်မှာ ချေးတွေဖြစ်နေတာပဲ။ သည်သားမျိုးကို ဘာလုပ်မှာလဲ၊ သည်လူတွေက တိုင်းပြည်မှာ အကြီးဆုံးဆိုတဲ့ ဘေးကြီး"

"အင်း"

"သည်တော့ရှင်၊ ဝမ်းနှင့်မလွယ် သားမမယ်။ ခု ကျွန်မရဲ့ တိုက်ခန်းဟာလည်း သန့်ရှင်းနေလို့ ကလေးဆောင်ဖို့ရန် အခွင့်ပြုနေပါတယ်၊ ဒါကြောင့် မောင် ကလေးပေးခဲ့ပါ"

"ဟာ...သူဌေးမင်း အရှိသားကပဲ"

"ခု ဘယ်လောက်ကြာပလဲ ရှင်၊ ဆယ်နှစ်ကတောင် ကျော်လာပြီ။ သူ ကလေး မပေးနိုင်လို့ပေါ့၊ ဒါကြောင့် မောင့်ထံမှာ ကျွန်မကလေး တောင်းတာပါ"

"ကျွန်တော်ဟာ သူခိုး..."

"သိပါတယ်"

"သူခိုးရဲ့ စည်းကမ်းနှင့် ဥပဒေမှာ သည်ဟာဟာ အကြီးလေးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဲ။ ကျွန်တော်က အရှင်မအား ဤလိုနည်းဖြင့် ကလေးပေးဖို့ ထား၊ စိတ်ကူးမိရင်ပင် သူခိုး ဥပဒေကို ကျူးလွန်ရာ၊ မရှိသေရာ ရောက်ပါတယ်"

"သူခိုးမှာ စည်းကမ်းဥပဒေ ရှိသေးသလား"

"သူခိုးမှာ စည်းကမ်း ဥပဒေမရှိရင် သူခိုးဆိုသည်ကား တိရစ္ဆာန်လိုနေသော သူကို ခေါ်သည်လို့ ဖြစ်မှာပေါ့။ တိရစ္ဆာန်ကို လူဟာ တရားရုံးသို့မပို့ဘဲ စီရင်ချင်သလို စီရင်နိုင်တယ်"

"အို…ဘာပဲဖြစ်ဖြစ် မောင်ရယ်၊ သား ပေးခဲ့ပါ၊ လာပါ"

"ဟာ… ကျုပ် ပြန်တော့မယ်ဗျာ"

ထိုသို့ ပြောဆို၍ သူခိုးအဲ့ဖွယ်သည် ပြန်သွားရန်အထတွင် သူဌေးကတော် မယ်သွဲ့က ကိုနွဲ့ဟု ခေါ်လိုက်သဖြင့် သူဌေးမောင်နွဲ့သည် အခန်းထဲ နားထောင်ရာက ထလာပြီးသော် ဤသို့ ဆိုလေ၏။

"ဘာလဲ၊ မင်း ပြန်တော့မလို့လား"

"ဟုတ်တယ်"

"မင်း…ငါ့ မိန်းမအား သားပေးပြီးခဲ့ပလား"

"လာပြန်ပါပြီ၊ ခက်တဲ့ လင်မယားပဲ။ ထုံးစံစည်းကမ်း မဟုတ်တာကိုပဲ ကြံကြံဖန်ဖန်…"

"ဟေ့…မင်း သူခိုးဆိုပြီး တော်တော့ကို အကြားအမြင်နည်း တယ်"

"အလို…ဘာနည်းသလဲ"

"မိဖုရားများတောင် သားဆုပန်တယ်၊ မိဖုရားများ သားဆုပန်ဖို့ ရှင်ဘုရင်က အခွင့်ပြုရတယ်။ သည်ထုံးထောက်ပြီး မင်းကလေးပေးခဲ့…"

"ခင်ဗျား ရှင်ဘုရင် မဟုတ်ဘူး၊ သူလည်း မိဖုရား မဟုတ်ဘူး"

"ဟေ့…မည်သူမဆို သားဆုပန်နိုင်တယ်၊ သူတောင်းစားမ တောင်



ရကွစိုးနတ်ထံမှာ သားတောင်းနိုင်တယ်"

"ခင်ဗျား မရှိမကို လာတဲ့ ယုတ္တိမတန်၊ လူနှင့် မဟန်တဲ့ စကားများကို လေ့လာပြီး တွေ့ကရာမပြောနှင့်။ ခင်ဗျားမယားအား ခင်ဗျားသားပေးပါလား။ ထွီ…သူခိုးဟာ ပုပ်ဟောင်နံစော်တဲ့အနံ့ကို သိတယ်၊ ကာမဂုဏ်၌ မှားသော အကျင့်ကိုလည်း မကျင့်ဘူး"

"အမောင် ငါနှင့် သားမရနိုင်လို့…"

"ဘာရမလဲ၊ ပုပ်ဟောင်နံစော်တာကို နံ့သာထင်ပြီး ကိုယ့်မိန်းမနှင့်သာ မနေ။ ငွေပေါတိုင်း ဂုဏ်ရှိတိုင်း ပြည့်တန်ဆာမထဲလည်း ရောက်၊ မိန်းမရှုင်ထဲလည်းရောက်။ ပိုင်းတာမထဲလည်းရောက်၊ ပုပ်သည့်ထဲလည်း ရောက်၊ ဟာ ငွေနှင့် ပေးနိုင်တိုင်း ပေးနေမှာပဲ၊ သည်တော့ သားစပ်မြင်းလားမှာ ကြာတော့ အပူကပ်ပြီး မျိုးစေ့ပျက်သလို ခင်ဗျား မျိုးစေ့ ပျက်နေပြီးမှ ခင်ဗျား ငါးပိအိုးကို ကျွန်တော့်အား လာပြီး အနှိုက်ခိုင်းလို့ ကျွန်တော် အလကားပဲ နှိုက်ပါ့မလား"

"မင်း တကယ် သားမပေးဘူးလား၊ ပေးမလား"

"မပေးနိုင်ဘူးဗျာ"

"မပေးရင် မင်းကို ဖမ်းမယ်…"

"ဘာမှုနှင့် ဖမ်းမလဲ…"

"ခိုးမှုနှင့်…"

"ကျုပ် ဘာကိုခိုးသလဲ…"

"မင်း ခိုးဖို့လာတယ်…"

"ကျုပ်ကလည်း ကျုပ်ပြောချင်သလို ပြောနိုင်တယ်…"

"ဟေ့…မရဘူး…၊ သာခေါင်တို့…"

သူဌေး၏ လူများသည် ဝိုင်း၍လာရောက်ကြလေ၏။ သူဌေးမောင်နွဲ့ကလည်း ဤသို့ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သည် သူခိုးကို ဖမ်းပြီး ရွှေမြို့တော်ဝန်ထံ ပို့ချေကြ..."

"မတော်တရော်မလုပ်နှင့်သူငွေး။ သလ္လာဝတီ နိုင်ငံတော်မှာ သခင် ကျွန်ရုပ်မ တည်နေသမျှ ကာလပတ်လုံး တရားတည်နေတယ်..."

"အေး...သိရောပေါ့။ မင်းမှာ နှစ်လမ်းသာရှိတယ်၊ နားလည် သလား..."

"ကိုင်း...ပို့ဗျာ..."

"ဟာ...ကိုသာခေါင်တို့ ဘာလဲဗျ"

"သည်မှာ သူခိုးမိလာလို့ဗျ"

"အလကား လီဆယ်ပြီး ပြောတာဗျ၊ မဟုတ်ဘူး"

"ဘယ့်နှယ် ကိုသာခေါင်"

"ကိုမင်းထင် အိမ်ပေါ်မှာကိုမိလို့ ဖမ်းပြီးလာပို့တာဗျ"

"ဟေ့...ငါ ဘာကို ခိုးသလဲ"

"မင်း... အိမ်ပေါ် ရောက်နေတာပဲ"

"မင်း အိမ်ပေါ်ရောက်တိုင်း ငါခိုးရမလား"

"မခိုးရင် ဘာကြောင့် ရောက်နေသလဲ"

"ငါပြောချင်သလို မင်းတို့ကြားရမှာ။ ငါ့လက်ထဲမှာ ဘာပစ္စည်း ကို မင်းတို့တွေ့သလဲ"

"မင်း မခိုးသာလို့။ ခိုးဖို့လာတာပဲ"

"ငါ့ လူ့ဝတ္တရားကို သခင်မကျွန်ရုပ်မရဲ့ဩဝါဒအတိုင်း တည်နေ ရလို့"

"ကိုင်းဗျာ။ လာကြ မြို့ဝန်မင်းထံ"

မြို့ဝန်မင်းသည် သူခိုးအံ့ဖွယ်ကိုမြင်သော် စိတ်တစ်မျိုးတစ်ဖုံဖြစ် လာ၏။ ၎င်းသည် အံ့ဖွယ်ကို ချစ်လာသလား၊ ထိတ်လန့်နေသလား မည်သို့မျှ မဆုံးဖြတ်သာဘဲ စိတ်ထားတစ်မျိုးတစ်မည်သည် အံ့ဖွယ်



အပေါ်၌ ကျရောက်နေသဖြင့် အိမ်ကောင်းတစ်အိမ်တွင် အစောင့်အနေ လုံခြုံစွာနှင့် ကောင်းမွန်စွာပင်သိမ်းထားလိုက်လေ၏။ သို့ရာတွင် နောက်တစ်နေ့တွင် ရွှေမြို့တော်ဝန်မင်းသည် အံ့ဖွယ်ကို သူခိုးမှုနှင့် စွဲ၍ ရုံးသို့တင်လေ၏။

အံ့ဖွယ်သည်ကား မိမိ၏တွေ့ရပုံကို အလွန်အံ့ဩနေ၏။ အံ့ဖွယ် သည် သူခိုးအလုပ်နှင့်အသက်မွေးနေထိုင်သော်လည်း ကျွန်ရုပ်မ နေပြည်တော်သို့ရောက်သည့်အချိန်ကစ၍ ကျွန်ရုပ်မ၏နည်းပေးလမ်း ပြကို ဆရာအဖြစ်နှင့် အဦးထားပြီးသော်လိုက်စားသဖြင့် ကျိုးကြောင်း ပြ ပညာကို အနည်းအကျဉ်းတတ်၏။ နီတိပညာကို လေ့လာလိုက် စား၏။ ထို့ကြောင့် ၎င်းတို့ကို ပုဏ္ဏားဗေဒင်တတ်က အလမ္ပာယ်ပြုပြီး သော် အကနိုင်းသည်ဟု ယူဆကာ ထင်မြင်နေလေ၏။

တရားသူကြီးသည် ဤသို့စစ်ဆေးလေ၏။

"မောင်မင်း သူ့အိမ်မှာ ဘာကိုခိုးသလဲ"

"ကျွန်တော်မျိုး၏ လက်ထဲမှာ ခိုးထုပ်ခိုးထည်နှင့် တစ်စုံတစ်ရာ ကိုမျှ သူတို့မမိ၍ ရွှေမြို့တော်ထံ တင်မပြနိုင်ပါ"

"မောင်မင်း အချိန်မတော် ဘာကြောင့် သူ့အိမ်သို့ သွားရသလဲ၊ ခိုးဖို့ပဲမဟုတ်လား"

"အဖျင်းပြီးလျှင် လူ့နောက်ကျလို့ပါ ဘုရား"

"မောင်မင်းစကားကို ကျွန်ုပ်နားမလည်ဘူး၊ သေသေချာချာပြော စမ်း"

"ကျွန်တော်မျိုးအား ဗေဒင်တတ်ပုဏ္ဏားက သင့်မှာယခုအခါ ပြိုဟ် စီးဖာတာ အလွန်ကောင်းနေသည်ဟု ဟောပါသည်"

"ယခု အချုပ်ထဲ ရောက်နေပြီ"

"နားထောင်၍ သေချာစွာ ရေးမှတ်၍ ယူတော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ခင်း မခိုးနှင့်၊ မခိုးဘဲနှင့် ငွေရရင် မကောင်းဘူးလားဆိုတော့ ကျွန်တော်မျိုးလည်း ကောင်းပါသည်ဟု ဆိုသောကြောင့် ပုဏ္ဏားက စီးထွန်းပြီးသော် တတ်ရိုက်ပေးပါသည်။ ဤမည်သောနေ့ ဤအချိန်တွင် သူဌေးဦးနွဲ့၊ သူဌေးကတော် ခေါ်သွဲ့တို့ရဲ့အိမ်ကိုသွား၊ ဝင်းတံခါးသည်လူစောင့်မရှိဘဲ ပွင့်နေပါမည်။ အိမ်မှာလည်း အစောင့်မရှိဘဲ တံခါးမကြီးများသည် ပွင့်နေပါမည်။ ထိုအခါ မင်းရဲရဲတက်သွား၊ မင်းလိုချင်တာကိုတောင်း ရရမည်။ ငါ့အား ရွှေတစ်ပိဿာ ပူဇော်ရမည်ဟု ပြောပြပါသည်"

"အင်း..."

"ကျွန်တော်မျိုးလည်း လူ့နောက်ကျသောကြောင့်"

"မင်း ဘာ လူ့နောက်ကျသလဲ"

"ဗေဒင်ဆရာကို ယုံခြင်းသည် လူ့နောက်ကျခြင်းပါဘုရား"

"ဟယ်...အံ့ဖွယ်ရယ် ငါလည်း ဗေဒင်ဆရာစကားကိုယုံတာ ပဲ၊ လူ့နောက်ကျသလား"

"ကိုယ်တော် ကျချင်ကျ မကျချင်နေ၊ ကျွန်တော်မျိုးတော့ကျတာပဲ"

"ငါ ယသာ ခုန်လိုက်ချင်တော့တယ်၊ အံ့ဖွယ်ရယ် ဆက်ပြီးတင်စမ်း"

"ဗေဒင်ဆရာစကားကိုယုံ၍ ဦးနွဲ့အိမ်သို့သွားရာ ဝင်းတံခါးသည် ဗေဒင်ဆရာစကားအတိုင်းပွင့်နေပါသည်။ အိမ်မှာလည်း ပွင့်နေပါသည်။ ကျွန်တော်မျိုးလည်း အာဂပုဏ္ဏားရွှေချိန်ပိဿာနှင့်ပင် ပူဇော်ရမည်ဟု တွေးဆယူမိပါသည်"

"အင်း..."



"အိမ်ပေါ်သို့ ရောက်တော့ သူဌေးကတော် မသွဲ့က ဖြူးစိစိကလေး မခို့တရို့နှင့် အစ်ကိုဟု ခေါ်တော့မလို မျက်နှာကြည်ကြည်ကလေးနှင့် ကြည့်နေသည်ကိုတွေ့ရပါသည်"

"အင်း..."

"မသွဲ့က ရှင်ဘာလဲမေးတော့ ကျွန်တော်သူခိုးလို့ ဆိုမိပါသည်။ သည်တော့ သူက အသပြာဘယ်လောက်လိုချင်သလဲဟု မေးတော့ ရွှေချိန်အခွက်တစ်ဆယ်လိုချင်ကြောင်းကို ပြောလိုက်ရာ မသွဲ့က မောင်လိုချင်တာကိုလည်း ပေးပါမယ်၊ ကျွန်မအား သားတစ်ယောက် ပေးရမယ်ဟု တောင်းပါသည်"

"အင်း"

"ကျွန်တော်မျိုးက ကျွန်တော့်မှာ အိမ်ထောင်မရှိလို့ပါ၊ သားသမီးမရှိပါဟု ဆိုပါသည်"

"ဩော် ...မင်းမှာ အိမ်ထောင်မရှိ လူပျိုကြီးလား"

"ဟုတ်ပါတယ်"

"ဘာကြောင့်"

"လူကန်းသာ မိန်းမဈေးပုပ်ပေါင်နှံဆော်ခြင်းကို ဖွေးကြိုင်ခြင်းကြောင့် ကိုယ့်အပေါ်၌ အပြစ်တည်းဟူသော ညွှန်တွေကို လိမ်းကျံပြီးသော် ကနေခြင်းပါဘုရား"

"ဟယ် ...အံ့ဖွယ်ရာ၊ မင်းတယ်မိုက်ပါကလား"

"လင်းတာပါ ဘုရား"

"ခက်နေပါပြီ၊ ဆက်လျှောက်"

"ကိုယ့်မှာလည်း သားမရှိ၊ သူတစ်ပါးသားသမီးကိုလည်း ခိုးမပေးချင်ဆိုတော့ ဖွတ် မယ်သွဲ့က သူ့အားသားပေးခဲ့ရမယ်၊ ကျွန်တော်မျိုးကလည်း ငါမပေးဘူး၊ ငါဟာ မင်းကြီး စိုးကြီး အမှုရှိကြီး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောကာငြင်း"

"ဟဲ့...ဟဲ့... ဟဲ့ မင်းစကားက"

"ကျွန်တော်မျိုး မဟုတ်ကြောင်းကိုသာ ပြောခြင်းပါ၊ တရားသူကြီး လည်းမဟုတ်ပါ"

"အံ့ဖွယ်ရယ်၊ မင်းဘယ့်နှယ်လူလဲ"

"သခင်မ ကျွန်ရုပ်မရဲ့ နို့ရည်ကိုသောက်ပြီး သူနိုးလုပ်နေသော လူပါ ဘုရား"

"ကိုင်း...ကိုင်း...ကိုင်း...မင်းဆက်လျှောက်"

"ဒါနှင့် ကျွန်တော်မျိုးက ထပြန်မယ်လုပ်တော့ မယ်သွဲ့က သူ့အား သားမပေးဘဲ မပြန်ရဟု ဆွဲထားပါသည် ဘုရား"

"ဟ...သူ့မှာလည်း လင်နှင့်ပဲ"

"*ကိုယ်တော် သူဌေးဆိုတော့ ငွေပေါပါတယ်၊ ကိုယ်တော်တို့လို* ခြစ်ခြုတ်ပြီးသုံးနေရသူမဟုတ်ပါ"

"အင်း"

"သည်တော့ ပြည့်တန်ဆာမ၊ အပိုင်းမ၊ ဘိုင်းတန်မ၊ ပိုင်းတာမ၊ မ ဟူသမျှ မရှောင်၊ ငွေနှင့်ယောကျ်ားဂုဏ်ရောင်ပြောင်နေလေတော့ အပူမိပြီးလျှင် သားမျိုးစေ့ဟာ ခြောက်ကပ်နေတာနှင့် ဘယ်မှာ သားပေး နိုင်မှာလဲ"

"ဟ...ငါ့မှာလည်း သားသမီးမရှိ"

"ကိုယ်တော်လည်း တရားသူကြီးပဲ"

"တယ်ခက်တဲ့လူပါ၊ ကိုင်းဆက်လျှောက်"

"သည်လို အချင်းများသည်ပဲဆိုပါတော့၊ ထိုအခါမှာ သူဌေးကိုနဲ့ ကထွက်လာ၍ သားပေးရမည်ဟုအတင်း ကိုင်ပါသည်။ ကျွန်တော် မျိုးကလည်း သူ့မယားကို ရှုံလွန်း၍ လက်နှင့်မှ မထိချင်၊ ဒါနှင့် သူတို့



လိုဘမပြည့်သောကြောင့် သူခိုးဆိုပြီးလျှင် ဖမ်း၍ ပို့ပါသည် ဘုရား"

"မောင်မင်း သက်သေပြနိုင်ရဲ့လား"

"ဟာ...ကိုယ်တော် သည်နေရာမှာ လူသက်သေ မရနိုင်ပါ၊ ကြောင်းကျိုးပညာကိုသာလျှင် သက်သေပါဘုရား။ ကြောင်းကျိုး ပညာကို သက်သေနှင့်မသုံးတတ်လျှင် တရားသူကြီး မမည်ပါဘုရား။ ထိုသို့တရားသူကြီးများမှာ ကြောင်းကျိုးပညာကို သက်သေအဖြစ်နှင့် သုံးခွင့်ရှိသောကြောင့်လည်း ဓမ္မသတ်၌ တရားသူကြီး၏ ထင်မြင်ချက် သည်ဆုံးဖြတ်မှု၌ တည်စေဟုရှိပါသည် ဘုရား"

"စကတယ်၊ သည်ပုဏ္ဏားဗေဒင်ဆရာဟာ ဘယ်မှာနေသလဲ"

"ကိုယ်တော် ဗေဒင်မေးချင်လို့လား"

"မဟုတ်ပါဘူးကွဲ့၊ သူ့ကိုလည်း စစ်ဆေးချင်လို့ပေါ့"

"ကိုယ်တော့်နှယ်၊ အရပ်လည်ပြီး ဗေဒင်ဟောစားနေတဲ့ ပုဏ္ဏား မှာ ခြေရာမှမရှိဘဲ။ ဘယ်မှာနေသည်ဟု မသိနိုင်ပါဘုရား"

"အင်း... ကောင်းပြီ၊ မောင်မင်းထွက်ဆိုချက်သည် ယုတ္တိမရှိ၊ ယုတ္တိမတန်။ ထောင်သုံးလ အပြစ်ပေးလိုက်သည်။ ကျခံစေ"

"ခုရေးသားချက်များကို စေ့စုံစွာနှင့် တရားလွှတ်တော်ချုပ်သို့ ပို့ တော်မူပါ၊ ကျွန်တော်မျိုး အပြစ်လွှတ်ရပါမည်ဘုရား"

"ကောင်းပြီ မောင်မင်း၊ ထောင်ထဲလိုက်သွားလိုက်"

"မှန်လှပါ ဘုရား"

× × ×

အံ့ဖွယ်သည် ထောင်မှူးကြီးထံ ရောက်ပြီး။

"သူခိုး-စွမ်းကောင်း မောင်အံ့ဖွယ်ထောင်ထဲရောက်လာမှကိုး"

"နေပါဦး၊ ကိုယ်တော့်အိမ်မှာ ဘာကိုခိုးယူခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...မောင်အံ့ဖွယ်ရယ်၊ မင်း ငါ့အိမ်မှာတော့ ဘာကိုမှ မခိုးစူးဘူး။ ခိုးစရာလည်းမရှိ၊ ငါ့အိမ်မှာ ရွှေတစ်ရွေးသားမှ မရှိ၊ မင်းဘာခိုးမလဲ"

"ဒါနှင့်ပဲ ကိုယ်တော်"

"ဒါပေ့ မင်းအစောင့်အကြပ် ပြည့်နက်စွာထားတဲ့ ငါ့ထံမှာ မင်းတိတ်တိတ်ကလေးဝင်ရောက်လာပြီးကို အသပြာတစ်သောင်း လာထားတယ်။ ခုထက်ထိ ငါမသုံးဘူး၊ သည့်အတိုင်းပဲ။ မင်းက ထောင်မှူးကြီးနှင့်တူသော ထောင်မှူးကြီး ဦးသာခန့်အား ကျွန်တော် သူခိုး အံ့ဖွယ်က ပူဇော်ခဲ့ပါသည်ဟု ကမ္ပည်းရေးထားခဲ့တယ်၊ ဒါကြောင့် မင်းကို ငါသူခိုးဟုသိရသည့်ပြင် ယနေ့ ရုံးမှာ မင်းထွက်ဆိုချက်များကို ငါကြားရပြီးဖြစ်တယ်"

"ကိုယ်တော့်နယ်"

"ဒါပေ့ မင်းက ငါ့ကို ထောင်မှူးကြီးနှင့်တူသော ထောင်မှူးကြီးလို့ ကမ္ပည်းထိုးထားတာဟာ ပြဿနာဖြစ်နေတယ်၊ ဒါတော့ ငါ နင့်တင့်တင့်နေတယ်"

"ကိုယ်တော့်နယ်၊ ရှင်ဘုရင်နှင့်မတူတဲ့ ရှင်ဘုရင်၊ ဝန်ကြီးနှင့်မတူ တဲ့ဝန်ကြီး၊ မင်းကြီး၊ စိုးကြီး၊ မြို့ဝန်၊ တရားသူကြီး ခုံသမာဓိတို့နှင့်မတူတဲ့ သူခိုး၊ ဓားပြ၊ အသပြာရှာလူစဉ်းလဲတို့နှင့်တူသော ရှင်ဘုရင်ဝန်ကြီး စသည်ဖြင့် ရှိနေကြလို့ပါ။ အဲသည်လိုရှိနေသမျှ တိုင်းပြည်ဟာ ဦးကနင်း ပွဲကထောင်ဖြစ်ပြီး ဘယ်တော့မှ အေးချမ်းသာယာမှု မရှိနိုင်ဟု ကျွန်တော်မျိုးတို့ လေ့လာနေတဲ့ နီတိပညာက ဆိုပါတယ် ဘုရား"

"အင်း...အင်း ...အင်း အံ့ဖွယ်ဆိုတဲ့အတိုင်း အံ့စရာပါပဲကွယ်"

"မင်း အာဂလူပဲ"



"ဘာကြောင့်ပါလဲ ဘုရား"

"မင်းက ငါဟာ တစ်နေ့မှာ ထောင်ထဲရောက်ရမှာ၊ သည်တော့ သက်သာရအောင်လို့ လာပြီး အသပြာတစ်သောင်းလာပို့ထားတဲ့ လူပဲ။ ငါ့မိန်းမမှာ ထောင်မှူးကတော်ဆိုပြီး လက်ကောက်တစ်ရံ၊ ပုတီးတစ်ကုံးမှ မဆွဲနိုင်ဘူး။ မင်းငွေကို ငါလက်နှင့်တောင် မထိပါဘူး"

"ဟာ၊ ကိုယ်တော် သွက်သွက်လည်အောင် လွဲတာပဲ"

"ဘာလဲ"

"ကိုယ်တော်ဟာထောင်မှူး၊ ထောင်မှူးဆိုတာဟာ ထအောင်မှူးပါကလား"

"အလိုလေးဟဲ့မောင်"

"ထောင်ကျဖူးတဲ့လူဟာ မမိုက်တတ်သေးရင် မိုက်အောင်၊ နည်းနည်းမိုက်တဲ့လူကို များများမိုက်အောင်၊ မဆိုးတတ်သေးရင်ဆိုးအောင်၊ နည်းနည်းဆိုးတဲ့လူကို များများဆိုးအောင် လုပ်ပေးလိုက်ရာ ရောက်နေပါကလား"

"ဒီလိုလူကို မောင်ပြနိုင်ရဲ့လား"

"ကိုယ်တော် အယူလွဲပြီး အယူတိမ်းလို့ နတ်စိမ်းဖြစ်မယ် ကိုယ်တော်"

"ငါ ဘာလွဲသလဲကွယ်၊ ဘာတိမ်းသလဲ"

"ထအောင်ဆိုတာဟာ လူဆိုတာ အသိတရားမဲ့တဲ့လူ၊ အကျင့်မကောင်းတဲ့လူ၊ အလုပ်မလုပ်ချင်တဲ့ လူများကို ဝပ်နေတဲ့သူများလို့ ခေါ်နေတယ်။ အဲဒီ ဝပ်နေတဲ့လူပေါ်ရင် ဒီတိုင်းပြည်ဟာ ဝပ်နေရောသယ်"

"အင်း"

"ကိုယ်တော်ထောင်ကျလို့ ထောင်ကထွက်လာတဲ့ လူများကို တွေ့ ရတော့ အသိတရားရှိပြီး အိပ်ရာကနိုးကာ ထလာတယ်၊ အကျင့်

www.burmeseclassic.com



ကောင်းလာတယ်၊ အလုပ်လုပ်ချင်လာတယ်။ ကျွန်တော်မျိုး ခိုးရအောင် ချောခေါ်တာတောင် မပါကြဘူး၊ သူတို့က တရားပြကြသေးတယ်"

"အင်း"

"အိမ်ရှေ့မိဖုရား ထိပ်ထားနန်းကြိုင်က ဥပုသ်နေ့တိုင်းလာ၍ သွန်သင်ပေးသည့်အတိုင်း ကိုယ်တော်က ကြီးကြပ်ဆောင်ရွက်ပေး သဖြင့် ထောင်ကျသူများသည် ထောင်သားအစစ်ဖြစ်နေကြပါသည်။ ထို့ကြောင့် ကျေးဇူးတင်၍ လာရောက်ပူဇော်ခြင်းပါ ကိုယ်တော်၊ ဒီ ငွေကို ကိုယ်တော်သုံးပါ။ ကိုယ်တော်သုံးရင် ကျွန်တော်မျိုး လူဖြစ်ကျိုး နပ်ပါပြီ"

"မောင်အံ့ဖွယ်ရယ်၊ မင်းခိုးရတဲ့ပစ္စည်းနဲ့ ပူဇော်တာကို ငါဘယ်မှာ သုံးဝံ့မလဲ။ မင်းနဲ့ငါ အမြီးပိုင်း ခေါင်းပိုင်းဖြစ်နေမှာပေါ့"

"ကိုယ်တော် ကျွန်တော် ငအံ့ဖွယ်သည် လူပါ၊ သိတတ်ပါသည်။ ထိုအသပြာတစ်သောင်းသည် အလွန်တရာစင်ကြယ်သော ပစ္စည်း ဖြစ်ပါသည်"

"အင်း...ဆိုစမ်းပါဦး"

"အရှေ့မဖွဲ့ဂုံးနှင့် မနီးမဝေးမှာ ကျောင်းသခ်မ်းနှင့်နေသော ယောဂီမကလေးတစ်ပါးကို သူကြွယ်မောင်ကောင်း၏အိမ်က ပါးနီက ကိုက်သဖြင့်လဲနေသောအခါ ကျွန်တော်မျိုးက ကျောပိုး၍ သူ့သခ်မ်းအရောက် လိုက်ပို့ပါသည်"

"မနံဘူးလား"

"ယောဂီမကလေးဟာ သူ့သီလတန်ခိုးကြောင့်လား၊ ဘဝကောင်းမှု အကျိုးကြောင့်လား မနံဘူးကိုယ်တော်။ ကြာညိုနံ့ကလေးဟာ ထုံနေတာပဲ"

"မင်း စိတ်အားဖြင့်"

"ကြံကြံစည်စည် ကိုယ်တော်။ ကျွန်တော်မျိုး ဝန်မင်းမဟုတ်၊



တရားသူကြီးမဟုတ်၊ သူ့ထံ ဖြူစင်သောစိတ်ကို ထားပါသည်"

"မင်းလည်း ကိလေသာတုံးပဲ၊ မယုံပါဘူး"

"သေပဲသေရပါစေ့ ကိုယ်တော်"

"အင်း"

"ဒါနဲ့ ဒီယောဂီမကလေးက ငွေအိုးတစ်လုံးကို အဖော်ခိုင်း၍ ကျွန်တော်မျိုးအား အသပြာတစ်သောင်းဆုချပါသည်။ ကျွန်တော်မျိုး ကငြင်းပယ်ပါသည်။ သူက ဒကာ၊ ဒကာသည် ကျွန်မက ဆုမဟုတ်ဘဲ ပူဇော်ခြင်းကိုလက်မခံရင် ကျွန်မ ချွေးကိုက်နာသည် မပျောက်ဘဲ ရင်းမှာပါ။ လက်ခံရင် ချက်ချင်းပျောက်မှာပါဆို၍ လက်ခံလိုက်ရပါသည်"

"အင်း"

"အဲဒီ အသပြာတစ်သောင်းကို ဘယ်လိုလုပ်ရမလဲဟု ဆဖန်တော့ ကိုယ်တော့်ထံပူဇော်ရန် သတိဖန်လာပါသည်။ ထို့ကြောင့် ကေန်အမှန် ဤအသပြာသည် ထောင်မှူးကြီး ဦးသိပ်ဆိုးနှင့် ထိုက်တန်ခဲ့ပါသော် ငါသွား၍ ထိုအသပြာကို ပို့သောအခါ အစောင့်တို့သည် ငါ့ကို မမြင်ပါစေသတည်း။ ကိုယ်တော့်အိမ်သည် တံခါးပွင့်၍ ကိုယ်တော်တို့ အိပ်မောကျပါစေသတည်းဟု သစ္စာဆိုပြီးသော် ကျွန်တော် မျိုး ထိုအသပြာ တစ်သောင်းလာထားပါသည်"

"ဟ ...မောင်အံ့ဖွယ်၊ သူနိုးက သစ္စာဆိုလို့ အောင်ပါ့မလား"

"ကျွန်တော်မျိုး မှသားကို အသက်ဆယ့်ငါးနှစ်ကတည်းက စ၍ မပြောခဲ့ပါ။ ထို့ကြောင့်အောင်ပါသည် ဘုရား"

"အင်း...ဒါလည်း မှတ်သားစရာတစ်ခု"

"ကိုင်း...စကားလည်း တော်တော်များသွားပါပြီ။ ကျွန်တော်မျိုး လယ်ထွန်ရမလား၊ စပါးကြိတ်ရမလား၊ ဆီကြိတ်ရမလား၊ ယာထွန်ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတရားရုံးမှာ လျှောက်လဲတာကို ငါ့စာရေးတော်ကြီးက ပြောတာနဲ့ မင်းလာရင် မင်းကိုငါ ထောင်မင်းသားထားမယ်လို့ ကြံစည်ထားတယ်ကွယ့်"

× × ×

ထိုသို့သော သူခိုးမောင်အံ့ဖွယ်အပေါ်၌ စီရင်ချက်သည် တရားလွှတ်တော်ချုပ်သို့ ရောက်လာသောအခါ အိမ်ရှေ့မင်း မင်းဝိုင်းသည် တွေ့ရှိ၍ သေချာစွာဖတ်ကြည့်လေ၏။ ၎င်းကို စာရေးတော်ကြီးအား ကူးစေလေ၏။

အိမ်ရှေ့မင်းသည် သူခိုးအံ့ဖွယ်၏အပေါ်၌ စစ်ဆေးချက်၊ ထွက်ဆိုချက်၊ ပြောဆိုချက်၊ စီရင်ချက် အရပ်ရပ်တို့ကိုယူ၍ လွှတ်တော်မှ ဆင်းလေ၏။

အိမ်ရှေ့မင်း မင်းဝိုင်းသည် အိမ်သို့ ရောက်ကာလ ထိုစစ်ဆေးစီရင်ချက်များကို မိမိ၏ကြင်လျာတော် နန်းကြိုင်အားပြလေ၏။ နန်းကြိုင်လည်း သေချာစွာဖတ်ကြည့်ပြီးနောက် ၎င်း၏မောင်တော်အား "ဤအရာသည် မမကျွန်ရုပ်မ၏ အရာသာပါ၊ ညပွဲတော်စာ စောစောသုံးဆောင်ပြီးသော် မမကျွန်ရုပ်မထံ သွားရပါအောင်"ဟု တင်လေ၏။

အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မိဖုရားသည် ညပွဲတော်စားပြီးသောအခါ အံ့ဖွယ်အပေါ်၌ စစ်ဆေးစီရင်ချက်ကိုယူ၍ ကျွန်ရုပ်မ၏အိမ်တော်သို့ သွားရောက်ကြလေ၏။

ကျွန်ရုပ်မလည်း ပြုံးပြုံးရွှင်ရွှင် ကြည်လင်စွာနှင့် ဧည့်ခံစကားဆိုနေရာတွင် အိမ်ရှေ့မင်းသည် ထိုစီရင်ချက်ကို ကျွန်ရုပ်မ၏လက်သို့ လှမ်းလိုက်လေ၏။ ကျွန်ရုပ်မသည် ၎င်းကိုကျနစွာ ဖတ်ကြည့်ပြီးသော် ဤသို့ပြောလေ၏။



"မောင်အံ့ဖွယ်၊ သူဌေးမောင်နှဲ့၊ သူဌေးကတော် မယ်သွဲ့တို့ကို ဆင့်ဆိုလိုက်ပါ။ ကျွန်မ ပညာရှိကြီး လေးဦးနှင့်လွှတ်တော်သို့ လာခဲ့ပါမယ်။ ဒီအမိန့်ကိုလည်း အိမ်ရှေ့ကိုယ်တော်အမိန့်နှင့် ထောင်မှူးထံချက်ချင်းရောက်ပါစေ"

"ခိုးမှုနှင့်ထောင်သုံးလအပြစ်ဒဏ်ကျခံရသောသူခိုး ငအံ့ဖွယ်ကို ထောင်ထဲတွင် မင်းမျိုးစသော ဂုဏ်ကြီးသူများကိုသိမ်းထားသကဲ့သို့ ထောင်မှူးကြီးက သိမ်းထားစေ"

"မှန်လှပါ"

ထိုအမိန့်စာကို အိမ်ရှေ့မင်းအမှုထမ်းနှစ်ယောက်၊ ပြန်နှစ်ယောက်တို့သည် ယူ၍ ထောင်မှူးကြီးထံသို့ ပို့ရောက်စေလေ၏။

ထောင်မှူးကြီးလည်း ထိုအမိန့်စာကိုရလတ်သော် ချက်ချင်းပင် အံ့ဖွယ်ကိုခေါ်၍ ဤသို့ပြောဆိုနေကြလေ၏။

"ရွှေနန်းတော်ကြီးက အမိန့်တော်ရောက်လာတယ်၊ မောင်မင်းကိုတော့ ဒီအတိုင်း မထားနိုင်တော့ဘူး"

"ကိုယ်တော် ဆယ်ခါပြန် သေနိုင်ပါတယ်၊ လောကမမွှတာပဲ"

"ကိုင်း...အမိန့်တော်ကို နားထောင်"

"မှန်လှပါ"

"ခိုးမှုနှင့်ထောင်သုံးလ အပြစ်ဒဏ်ကျခံရသောသူခိုးငအံ့ဖွယ်ကို ထောင်ထဲတွင် မင်းမျိုးစသောဂုဏ်ကြီးသူများကို သိမ်းထားသကဲ့သို့ ထောင်မှူးကြီးက သိမ်းထားစေ"

"ဘုရင့်ကိုယ်စားတော် အိမ်ရှေ့မင်းမောင်ဝိုင်း အမိန့်တော်"

"နာခံတော် မောင်ဉာဏ်သီးရေး"

"ကိုယ်တော်ဟာ လျှောင်စရာမရှိ လျှောင်တာပဲ၊ ထောင်သားများအား ဒုက္ခရှိပြောမလို့ လုပ်နေတုန်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ကြည့်ဗျား"

"အုံ့ဖွယ်ဟာ အုံ့ဖွယ်သရဲရှိလိုက်လေ ကိုယ်တော်"

"မောင်အုံ့ဖွယ် နားထောင်"

"မှန်လှပါ"

"တို့သလ္လာဝတီနိုင်ငံတော်ဟာ မေမေ ကျွန်ရုပ်မရောက်လာက တည်းကစပြီး တစ်ဟုန်တည်း တရားတည်လာတယ်"

"မှန်လှပါ"

"အဲဒီတော့ အမှုသည်များဟာအယူခံဖို့တောင် မလိုသလောက်ဘဲ။ အောက်ရုံးအသီးသီးက တရားခွင်မှာ စစ်ဆေးချက်၊ ပြောသောစကား၊ လူထုအသံ၊ စီရင်ချက်တို့ကိုစုံစုံစေ့စေ့ရေးမှတ်ပြီး အမြန်ဆုံး လွှတ်တော် တရားဌာနချုပ်သို့ရောက်အောင် ပို့ရတယ်"

"မှန်လှပါ"

"ထိုအမှုတွဲသည် လွှတ်တော်သို့ ရောက်သော် ဝန်ထောက်များက သတ်မှတ်ချက်ရေး၊ ဝန်ကြီးလေးပါးထံတင်ပြ၊ ဝန်ကြီးလေးပါးက ဆွေးနွေး၊ ဝန်ကြီးချုပ်ထံတင်ပြ၊ ဝန်ကြီးချုပ်က လွှတ်တော်သို့ တက်လာသော ဘုရင် သို့မဟုတ် ဘုရင့်ကိုယ်စားထံတင်ပြတော့ ဘယ်တော့ မှ တို့နိုင်ငံမှာ တရားမသေဘူးကွယ့်။ တရားရှင်နေတဲ့နိုင်ငံမှ စည်ပင်သာယာဝပြောနိုင်တယ်"

"မှန်လှပါ"

× × ×

လွှတ်တော်ကြီး၌ ကျွန်ရုပ်မနှင့် ပညာရှိလေးဦးတို့ သူခိုးအုံ့ဖွယ် အမှုကို ပြန်လှန်ကောက်ချက်ချသောနေ့ . . .။

နားထောင်သူများသည် ပြည့်ကျပ်နေလေ၏။



"အမှုသည်များစုံပလား"

"စုံညီကြောင်းပါ ဘုရား"

"ရှေ့တော်သွင်း"

× × ×

ကျွန်ရုပ်မသည် ဤသို့မေးလေ၏။

"သူဌေးမင်း ဦးနွဲ့၊ ပုဏ္ဏားဗေဒင်ဆရာအား ဗေဒင်ဟော၊ ဓာတ်ဆင်ဓာတ်ရိုက်မီးထွန်းပေးသည့်အတွက် လာဘ်ဘယ်လောက် ပူဇော်ရသလဲ"

"အသပြာတစ်ထောင်ပါ"

"ဘာကြောင့်လဲ"

"သားလို၍ပါ ဘုရား"

"သူက ဘယ်လိုဟောသလဲ"

"ဤမည်သောရက်၊ ဤမည်သောနေ့၊ ဤမည်သောအချိန်တွင် ဝိဇ္ဇာတစ်ယောက်သည် မင်းညီမင်းသားများကဲ့သို့ ဝတ်ဆင်၍ လာရောက်လိမ့်မည်။ ထိုအခါ သူဌေးကတော် မယ်သွဲ့က သားတောင်း၊ သားကောင်းရတနာရလိမ့်မည်ဟု ဟောပါသည်"

"လာသလား"

"လာပါသည်"

"လာသူသည် ဘယ်သူလဲ"

"သူခိုးမောင်အုံ့ဖွယ်ပါ၊ မင်းညီမင်းသားများရဲ့အဝတ်ကို ဝတ်၍ ရောက်လာပါသည်"

"သားပေးသလား"

"မပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်တဲ့လဲ"

"ရှုံ့ရှုံ့ပါတဲ့ဘုရား"

"ဒီဗေဒင်ဆရာပုဏ္ဏား ဘယ်ကလဲ"

"မသိပါ၊ အရပ်ကိုလည့်၍ ဟောနေကြောင်းပါ ဘုရား"

(ရယ်ကြ၍ အတော်ထိန်းရ၏။)

"ပြိုမှူးမရှိဘူးလား"

"ရှိကြောင်းပါဘုရား"

"အစ်ကို ဒီပုဏ္ဏားကို မသိဘူးလား"

"ထိုတရားကို စစ်ဆေးစီရင်သောနေ့မှာ ပုဏ္ဏားနှင့် အဆင်တူသောသူတစ်ယောက် သေရာစွာ လာရောက်နားထောင်နေပါသည်။ မောင်အံ့ဖွယ်ကို သူခိုးဟု ထောင်သုံးလကျစေဟု စီရင်ချက်ချသည်နှင့် တစ်ပြိုင်နက် ထိုသူသည် ပြန်သွား၍ ပျောက်ကွယ်သွားကြောင်းပါ ဘုရား"

"အင်း မောင်အံ့ဖွယ်ကိုသွင်း"

"ရောက်ကြောင်းပါ ဘုရား"

"ကိုအံ့ဖွယ်သည် ဘာကြောင့် ဦးနွဲ့တို့ထံမှာ ထိုနေ့က ခိုးရသလဲ"

"ကျွန်တော်မျိုး မခိုးပါ ဘုရား"

"ဩော် ...ကိုယ်ခိုးတာလည်း ကိုယ်ခိုးမှန်းမသိ"

"မခိုးပါ ဘုရား"

"ကိုအံ့ဖွယ်သည် ကိုနွဲ့ထံသို့ ဘာလုပ်ရန်လာသလဲ"

"ရွှေချိန်အစွက်တစ်ဆယ်ယူဖို့ လာပါသည်"

"ကောင်းပြီ၊ ဘယ်လိုလုပ်ခရှိသလဲ"

"မရှိပါ"

"သားပေးပြီး သားပေးခယူမလို့ လာတာလား၊ ကိုအံ့ဖွယ်ဟာ



သားစပ်ယောက်ျားလား"

"မဟုတ်ပါ"

"မိမိ၏လုပ်ခရှိသော သူထံမှာပင် လုပ်ခတန်ဖိုးထက် ပိုယူသူသည် သူခိုးဖြစ်သည်။ ပိုယူမည်လို့ ကြံစည်သော သူသည်စိတ်အားဖြင့် သူခိုး ဖြစ်သည်။ ယခု ကိုအံ့ဖွယ်သည် မည်သို့သော လုပ်ခရှိသောကြောင့် ရွှေချိန်တစ်ဆယ် ယူမည်ဟု ကြံစည်သလဲ"

"မည်သည့်လုပ်ခမျှ မရှိပါ"

"သည်သို့ဆိုသော် ကြံရွယ်နေပြီးဖြစ်သောကြောင့် ကိုအံ့ဖွယ်သည် စိတ်အားဖြင့် သူခိုးဖြစ်နေသည်။ စိတ်အားဖြင့် ကြံစည်ခြင်း၊ စကားအားဖြင့်ပြောခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူခြင်းတို့သည် အမှုမြောက်သည်။ ကိုအံ့ဖွယ်အား တရားသူကြီးက အပြစ်ပေးသည်မှာ နည်းသလား၊ များသလား"

"နည်းပါသည်ဘုရား"

"စာရေးတော်ကြီး ရေးမှတ်ပါ"

"မှန်လှပါ"

"သူခိုးငအံ့ဖွယ်သည် စိတ်အားဖြင့် ခိုးရာရောက်သည်။ သူ့အား ပြစ်ဒဏ်ပေးခြင်းသည် နည်းပါသည်ဟုပင် သူ ဝန်ခံသည်။ ထို့ကြောင့် ကိုအံ့ဖွယ်သည် ထိုအမှုကိစ္စ၌ မမိုက်တော့ဘဲ လင်းနေပြီဖြစ်ကြောင်း ထင်ရှားသည်။

သူဌေးဦးနွဲ့၊ သူဌေးကတော် ဒေါ်သွဲ့တို့နှင့် ကိုအံ့ဖွယ်သူခိုးသည် ပုဏ္ဏားဗေဒင်ဆရာ၏ ကစားခြင်းကို ခံရလေပြီ။ ကိုအံ့ဖွယ်သာ ယောက်ျားကောင်း၊ ယောက်ျားမြတ် မပီသချေသော် ဒေါ်သွဲ့မိန်းမမြတ်သည် ကိုယ်ကျိုးမနည်းပါပြီလော။

ထိုသဘောအရ ကိုအံ့ဖွယ်သည် ခိုးမှုကို အ, သဖြင့် ထိုအချက်မှ

www.burmeseclassic.com

www.burmeseclassic.com



၌ ကျူးလွန်မိသော်လည်း အလွန်အဖိုးတန်သော၊ ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်သူတို့ ထိန်းသိမ်းစောင့်ရှောက်သောကျင့်ဝတ် ကောင်းကို မိမိအနစ်နာခံ၍ လုံခြုံစွာစောင့်ရှောက်သောကြောင့် ထူးသော ယောကျ်ားမြတ်၊ ယောကျ်ားကောင်းဖြစ်နေလေပြီ။ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်သည် ကိုယ်ထိလက်ရောက်မလွန်သေးသော အမှုအပြစ် ဒဏ်ကို ခံသင့်သလော။

"ဤသည်ကို အိမ်ရှေ့မင်းအမှူးရှိသော လွှတ်တော်တရားဝန်ကြီး များသည် အထောက်အထားပြု၍ စီရင်ချမှတ်သင့်သည်။ လွှတ်တော် ဝန်ကြီးများစီရင်ကြပေတော့"

အိမ်ရှေ့မင်းသား၊ မင်းဝိုင်းအမှူးရှိသော လွှတ်တော်ဝန်ကြီးများ သည် "သူနိုး ငအံ့ဖွယ်သည် အပြစ်ဒဏ်ခံရပြီးသော ရက်နှင့်ပင်ထိုက်သင့် ၍ ထောင်မှလွှတ်စေ" ဟု တစ်ညီတည်း စီရင်ဆုံးဖြတ်လေသည်။

ထိုအခါ ကျွန်ရုပ်မသည် ကြည်၍တည်သော မျက်နှာနှင့် ဤသို့ ဆိုလေ၏။

"ကိုအံ့ဖွယ်"

"ဘုရား"

"ကိုအံ့ဖွယ်အား တရားသူကြီးများက ထောင်မှလွှတ်သော်လည်း ကျွန်မအပြစ်ပေးချင်တယ်၊ ခံနိုင်ပါ့မလား"

"သခင်မ မမဖုရားပေးသော အပြစ်ဒဏ်ကို ခေါင်းစည်း၍ခံနိုင် ကြောင်းပါဘုရား"

"ကောင်းပြီ။ ဒါဖြင့် မောင်အံ့ဖွယ်ကို လွှတ်တော်ကြီးက အထောက်တော်မင်းကြီးခန့်ထားကြောင်း ထုတ်ဆင့်၊ ဘုရင်မင်းမြတ်ထံ သို့လည်း အိမ်ရှေ့ကိုယ်တော်က တင်ပြ"

ထိုအခါ အံ့ဖွယ်သည် နာမည်နှင့်အညီ ရှိက်ကြီးတငင် ငိုလေ



တော့၏။

"ဘာကြောင့်လဲ ကိုအံ့ဖွယ်"

"ကျွန်တော်မျိုးသည် လျှောက်တင်ပါရစေ ဘုရား"

"တင်ပါ"

"ကျွန်တော်မျိုးသည် ထောင်မှလွတ်သောအခါ ရဟန်းပြုမည်ဟု စိတ်က အဓိဋ္ဌာန်ပြုထားပါသည် ဘုရား"

"ဘာကြောင့်"

"လောကကို ကြောက်၍ပါ ဘုရား"

"ကြောက်ပုံကိုပြောစမ်းပါဦး"

"လောကတွင် မိန်းမကို အလွန်ကြောက်ပါသည်။ ထို့ထက် လောက၏မမြင်သာသော ရှုပ်ထွေးပွေလီမှုကို သာ၍ကြောက်ပါသည်။ ထို့ကြောင့် လောကကို ကျော်ခိုင်း၍ ရဟန်းပြုလိုကြောင်းပါဘုရား"

"ကောင်းစွ ကောင်းစွ ကောင်းပေစွ၊ ကိုအံ့ဖွယ် ရဟန်းပြုသော် ကျွန်မရဟန်းအမ တာဝန်ယူပါရစေ ပေးပါ"

"မမ ဘုရား"

"ဘာလဲ၊ ဆို မသွဲ့"

"ဤသူသည် အလွန်မြတ်သောသူဖြစ်ပါသည်။ ဘုရားကျွန်မတို့ ရဟန်းဒကာ၊ ရဟန်းအမ ခံပါရစေဘုရား"

"မမဘုရား"

"ဆို ဦးနှဲ့"

"ဤသူကို အလွန်ထူးမြတ်သောသူ ဟု ယခုသိပါ၍ ကျေးတော် မျိုးတို့ ရဟန်းဒကာ ခံပါရစေဘုရား"

"ကောင်းပါပြီ၊ ကျွန်မကပင် လျှော့ပေးပါသည်။ ဦးနှဲ့နှင့် ခေါ်သွဲ့ ကို တစ်ခုပြောပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်တော်ရှိပါ"

"ဦးနှံ့က အိမ်ရှေ့မင်း ကိုယ်တော်ပိုင်းထံ ဆည်းကပ်၊ ခေါ်သွဲ့က အိမ်ရှေ့မိဖုရား ထိပ်ထားနန်းထံ ဆည်းကပ်၊ သားသမီးရကောင်း ရ ဝါလိမ့်မည်"

"မှန်လှပါ…မှန်လှပါ"

"ပုဏ္ဏားဆေဒင်ဆရာ လူ့ဖွေလူ့လိမ်ဟု အပြစ်မတင် မတားကြနှင့်။ သူ့ကြောင့် သည်စခန်းသို့ရောက်ပြီး အကျိုးကြီးမြတ်ကြ၊ ကောင်းကြီး မြတ်ကြပါလိမ့်မည်တည်း"

❐

| ၅ |

# မုဒိမ်းမှု

သူကြွယ်ကြီး ဦးမြ၏သားမောင်စိုးနှင့် သူကြွယ်ကြီး ဦးဘိုး၏ သမီး မိမျိုးတင့်တို့ကို ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားလက်ထပ်၍ များစွာသော လူကြီးလူကောင်း၊ သူဌေး သူကြွယ်စသည်တို့သည် ထို ထိမ်းမြားလက်ထပ်ပွဲသို့ လာရောက်ချီးမြှင့်ကြသည့်ပြင် လွှတ်တော် ဝန်ကြီးများ၊ လွှတ်တော်ဝန်ကြီးချုပ်စသည်ဖြင့် မင်းပိုင်း စိုးပိုင်းမှ အရာရှိကြီးများ၊ အိမ်ရှေ့မင်းနှင့် မိဖုရား၊ ကျွန်ရုပ်မတို့လည်း ထိုလက် ထပ်ပွဲသို့ လာရောက်ချီးမြှင့်ကြလေ၏။

သတို့သား မောင်စိုးမှာ အလွန်လိမ္မာရေးခြားရှိသည်။ အလုပ် အကိုင်၌ ကောင်းမွန်သေသပ်စေ့စပ်သည်ဟု ထင်ရှားကျော်ကြားသည့် ပြင်၊ ရုပ်ဆင်းအင်္ဂါမှာလည်း အပြစ်ဆိုစရာမရှိအောင် တင့်တယ်ခန့်ညား သောသူဖြစ်လေသည်။

သတို့သမီး မိမျိုးတင့်မှာလည်း မောင်စိုး၏နည်းတူပင် လိမ္မာရေး ခြားရှိခြင်းနှင့် အလုပ်အကိုင်၌ ကောင်းမွန်ခြင်း၊ အမျိုးသမီးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့၏အင်္ဂါနှင့် ညီညွတ်ခြင်းတို့နှင့် ပြည့်စုံသည်ဟု ထင်ပေါ်ကျော်ကြားသည့်ပြင်၊ ရုပ်ဆင်းအင်္ဂါတင့်တယ်လှပခြင်းအားဖြင့်လည်း ထင်ရှားသော အမျိုးသမီးပျိုတစ်ယောက်ဖြစ်နေပေသည်။

မိမျိုးတင့်သည် ထိမ်းမြားလက်ထပ်ပြီးသော နေ့မှာပင် မောင်စိုး၏ထံသို့ လိုက်ပါသွားလေသည်။

မိမျိုးတင့်သည် မောင်စိုး၏ထံသို့လိုက်ပါသွားရာ ယောကျ်ားများအပေါ်၌ ပြုဖွယ်ရာသောဝတ္တရားများ၊လင့်အပေါ်၌ ပြုရာသောဝတ္တရားများကို ပြည့်စုံနိုင်သလောက် ပြည့်စုံအောင်ပြုရလေသည်။

မိမျိုးတင့်၌ ထူးခြားသည်ကား မောင်စိုး၏ထံသို့လိုက်ပါသွားသော်လည်း မောင်စိုးနှင့် အုံးအိပ်ရာ အတူပြု၍ မအိပ်ဘဲ သီးခြားအိပ်ခြင်းကို ပြုလေသည်။ ထိုသို့သောသဘောကို မောင်စိုးသည် သုံးရက်မြောက်သောနေ့သို့တိုင်အောင် သည်းခံနိုင်သော်လည်း၊ သုံးရက်ကလွန်သောအခါ မောင်စိုးသည် မိမျိုးတင့်အပေါ် စိတ် မကျေမနပ်သကဲ့သို့ ဖြစ်လာလေတော့ပြီ။

ထိုသို့နှင့် ခုနစ်ရက်မြောက်သောနေ့၏ညတွင် မောင်စိုးသည် မိမျိုးတင့်၏အိပ်ရာသို့သွားလေပြီ။ မိမျိုးတင့်လည်း "ဘာကြောင့်လာသလဲ၊ မလာနှင့်၊ ကျွန်မ အိပ်ချင်ပြီ" ဟု မောင်းချလေပြီ။ မောင်စိုးသည်ကား အချစ်သဘောကိုပြောပြ၍ အနူးအညွတ်ဆိုသော်လည်း မိမျိုးတင့်သည် သဘောမတူဘဲ မောင်းမြဲတိုင်းပင်မောင်းလေပြီ။

မောင်စိုးကား မိမိလူကြီးများစုံညီရှေ့တွင် အတိအလင်းလက်ထပ်ကာ ယူလာခဲ့သော မယားဖြစ်သောကြောင့် မိမျိုးတင့်က အလိုမတူကြောင်း အတန်တန်ငြင်းပယ်လျက်နှင့်ပင် နိုင့်ထက်စီးနင်းပြုကာ ဇွတ်ကာမမေထုန်မှုကိုပြုလေတော့သည်။

မိမျိုးတင့်သည်ကား တစ်ကြိမ် နိုင့်ထက်စီးနင်းပြုခြင်းကို ဇွတ်



မှိတ်ကာခံလိုက်ရပြီးနောက် အိပ်ရာမှ လူးလဲကာ ထထိုင်၍ နေလေ၏၊ သက်သေခံသဘောများကိုလည်း သိမ်းဆည်းကာ ထားလေ၏။

မိမျိုးတင့်သည် ထိုသဘောကြောင့် ငိုသလားမငို၊ ပြုံးကောပြုံးသလား မပြုံး၊ တည်တည်ပင်နေလေ၏။ ထိုနေ့ညတွင် မောင်စိုးသည် မိမျိုးတင့်အိပ်ရာသို့ဝင်၍ အုံးအိပ်ရာ အတူပြုပြီးသော် အိပ်ရာ မိမျိုးတင့်သည် သီးခြားပြုကာ တခြားတစ်နေရာသို့ သွားအိပ်လေ၏။

နံနက်လင်းသော် မိမျိုးတင့်သည် စိတ်မကျေနပ်သည့်သဘော၊ စိတ်မချမ်းသာသည့် သဘောတို့ကို တစ်စုံတစ်ရာမျှ မပြောဘဲ ထမင်းစားသောက်ပြီးသော် အနောက်ပြင် တရားရုံးသို့ သွားရောက်၍ မိမိအား မိမိ၏လင် မောင်စိုးသည် မုဒိမ်းပြုကျင့်ပါသည်။ တရားဥပဒေနှင့်အညီ စီရင်တော်မူပါဟု တရားစွဲဆိုလေ၏။

အနောက်ပြင်တရားသူကြီးသည်ကား မောင်စိုးနှင့် မိမျိုးတင့် ထိမ်းမြားလက်ထပ်ရာ၌ ပါခဲ့သဖြင့် မောင်စိုးသည် မိမျိုးတင့်၏ လင်ဟု သိသောကြောင့် လင်သည် မယားကို မုဒိမ်းပြုကျင့်ခြင်းမဖြစ်နိုင်ဟု မိမျိုးတင့်၏ တရားစွဲဆိုချက်ကို ပယ်လိုက်လေ၏။

မိမျိုးတင့်လည်း မကျေမနပ် ရွှေမြို့တော် တရားသူကြီး၏ရုံးတွင် မိမိ၏တရားစွဲဆိုချက်ကို အနောက်ပြင် တရားရုံးတော်ကလက်မခံ ပယ်လိုက်သောကြောင့်ဟု အကြောင်းပြ၍ တရားစွဲဆိုပြန်လေ၏။

ရွှေမြို့တော် တရားသူကြီးရုံးကလည်း အနောက်ပြင် တရားသူကြီးရုံးကဲ့သို့ပင် မိမျိုးတင့်၏ တရားစွဲဆိုချက်ကို လက်သင့်မခံဘဲ ပယ်လိုက်လေ၏။

ဤသို့သောသဘောကြောင့် မိမျိုးတင့်သည် သလ္လာဝတီ လွှတ်တော်ကြီးသို့ သွားရောက်ပြီးသော် ဤသို့ တင်လျှောက်လေ၏။

"သလ္လာဝတီပြည် အနောက်ပြင်သူကြွယ်ကြီးဦးမြ၏ ချွေးမ

www.burmeseclassic.com

www.burmeseclassic.com



မိမျိုးတင့် လျှောက်ထားပါသည် ဘုရား"

"ကျေးတော်မျိုးမ၏ ခင်ပွန်း မောင်စိုးသည် ကျွန်တော်မျိုးမ၏ အပေါ်၌ နိုင်ထက်စီးနင်းပြု၍ မုဒိမ်းပြုကျင့်ပါသည်။ ၎င်းကို အနောက်ပြင် တရားသူကြီးရုံး၊ ရွှေမြို့တော် တရားသူကြီးရုံးတော်များ၌ မုဒိမ်းမှုနှင့် တရားစွဲဆိုရာ လင်သည် မယားကို မုဒိမ်းပြုကျင့်ခြင်းမရှိရာဟု တရားစွဲဆိုချက်ကို လက်မခံပါ"

"ထို့ကြောင့် သလ္လာဝတီပြည် လွှတ်တော်ကြီးသို့ တရားစီရင်ဆုံးဖြတ်ပေးတော်မူရန် လျှောက်ထားပါသည်"

ထိုလျှောက်ထားချက်ကို လွှတ်တော်၌ အိမ်ရှေ့မင်း မင်းပိုင်းသည် တွေ့ရ၍ ဝန်ကြီးများနှင့် လင်က မယားကို မုဒိမ်းကျင့်သည်ဟု ထူးဆန်းလှပါကလားဟု ထိုလျှောက်ထားချက်ကို လက်ခံရန်သင့်မသင့် စဉ်းစား၍ မရနိုင်အောင်ပင် ကြံနေကြလေ၏။

ထို့ကြောင့် မင်းပိုင်းသည် ကျွန်ရုပ်မ၏ အိမ်တော်သို့ သွားရောက်၍ မိမျိုးတင့်၏လျှောက်ထားချက်နှင့် ပတ်သက်ပြီးသော် တိုင်ပင်ရလေ၏။ ကျွန်ရုပ်မလည်း စွဲဆိုချက်ကို လက်ခံ၍ စစ်ဆေး စီရင်ရမည်ဟု ဆို၏။

မင်းပိုင်းကား ဤအမှုကိုစီရင်ဖို့ခက်ပါသည်ဟု ဆိုသဖြင့် ကျွန်ရုပ်မသည် ထုံးစံအတိုင်း ဆင့်ဆိုထားလိုက်ပါ၊ ကျွန်မ ပညာရှိနှစ်ယောက်နှင့် လာရောက်ပါမည်ဟု မှာထားလိုက်လေ၏။

× × ×

မုဒိမ်းမှုတရားထို စစ်ဆေးပြီ

"မောင်စိုးနှင့် မျိုးတင့် တရားခွင်ကို ရောက်ကြပလား"

"အသင့်ပါဘုရား" "အသင့်ပါဘုရား"



"မယ်မျိုးတင့်က မိဘများ ထိမ်းမြားလက်ထပ်သည်ကို သဘောတူခဲ့ပါသလား"

"တူခဲ့ကြောင်းပါဘုရား"

"ဘာကြောင့် သဘောတူခဲ့သလဲ"

"ချစ်လို့ ကြိုက်လို့ပါဘုရား"

"ကောင်းပြီ၊ မိမျိုးတင့်က မောင်စိုးအပေါ်၌ ဘာကိုချစ်၍ ဘာကိုကြိုက်ခဲ့သလဲ"

"ကိုကိုစိုးသည် သောက်စားမူးယစ်ခြင်း၊ လောင်းကစားခြင်းကင်းသည့်ပြင် မိဘများထံမှ အလုပ်ကို လိမ်လိမ်မာမာနှင့် လုပ်ကိုင်သောကြောင့် ချစ်ခဲ့ပါသည်။ ကြိုက်ခဲ့ပါသည်"

"အင်း..."

"ထို့အပြင် ကိုကိုစိုးသည် ပေါင်းသင်းဆက်ဆံရေး၌ အလွန်လိမ္မာ၍ အိမ်အမှုလုပ်များ၊ လယ်ယာချောင်းမြောင်းများစသော လုပ်ခွင်၌ လုပ်ကိုင်နေကြသော ကိုယ့်အလုပ်သမားများတို့၏ လူနေမှု အဆင့်အတန်း မြင့်အောင်ကို ဆောင်ရွက်ပါသည်။ ထို့ကြောင့်လည်း ကိုကိုစိုးကို ချစ်ခဲ့၊ ကြိုက်ခဲ့ပါသည်။"

"မောင်စိုးက လှပတင့်တယ်၍ကော ချစ်ကြိုက်ခြင်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ လှသည် ဖြူဖွေးသောအရိုးများနှင့် ဆိုင်းတွဲထားသော အကြောများကို အရေပြားကဖုံးအုပ်၍ ညစ်စုတ်သော အသွေးတို့ ပေါက်နေသည်ကို လှသည်ဟု ထင်ခြင်းသည် ရူးသွပ်နေသည်ဟု ထင်ပါသည်။ ထိုလှခြင်းကို ချစ်ကြိုက်ခြင်းသည် ယုတ်ညံ့သည်ဟု ထင်ပါသည်။ အလွန်တရာ ရွံစရာကောင်း၍ မရွံရအောင် ဖုံးအုပ်ကာကွယ်ပြုပြင်ထားသည်ကို အသို့လျှင် ချစ်မွယ်၊ ကြိုက်စွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါအံ့နည်း"

"အင်း...အိမ်ထောင်မှုကိုပြုရင် ကာမမေထုန်မှုကို ပြုရတော့မည်ဟု မသိဘူးလား"

"သိပါတယ်။ သို့ရာတွင် အကြင်မိန်းမသည် လောကအကျိုးငှာ လောကကို လူနှင့်တန်ဆာဆင်ရန်၊ တစ်နည်းတုံ ဆင်နိုင်ရန် သားသမီးကို အလိုရှိလာ၏။ ရှိသောကြောင့် ပဋိသန္ဓေတိုက်ခန်းသည် သန့်ရှင်းသော ရက်ပိုင်း၌ သားသမီးလိုသည်၊ သားသမီးပေးပါဟု တောင်းသည့်အခါ၌သာ ကာမမေထုန် ပြုရာသည်။ ပြုသင့်သည်၊ ပြုရမည်ဟု လူသည် ကြက် ဘဲ မဟုတ်သဖြင့် ယူဆ၍ အိမ်ထောင်ပြုမိပါသည်။

"အင်း..."

"ယခု ဘုရား ကျွန်မ မိမျိုးတင့်သည် သူ့ထံ၌ သားသမီးလိုပါသည်ဟု မတောင်း၊ ကာမမေထုန်မှုကိုအလိုမရှိ။ ထို့ကြောင့် သူသည် စွတ်အတင်း ဘုရားကျွန်မထံမှ မေထုန်မှုကို ယူသဖြင့် မုဒိမ်းပြုကျင့်ရာရောက်ပါသည်။ ထို့ကြောင့် ထို ကိုကိုစိုးအား ထိုသို့မပြုကျင့်ရန် ဆုံးဖြတ်စီရင်ပေးတော်ပါ ဘုရား"

"မောင်စိုးက မယ်မျိုးတင့်ထံမှ ကာမမေထုန်မှုကို ရယူသောအခါ မယ်မျိုးတင့်ထံက သဘောတူသလား"

"မတူပါ"

"ပရိယာယ်မာယာအားဖြင့် ချစ်စနိုးပြုကာ သဘောမတူသလား၊ တိစ္ဆပြီးသောအခါ တကတည်း ရက်စက်လိုက်တာဆိုကာကျောကို မနာ့တနာထုသလား၊ ရှင့်တော့ ကြောက်ပါပြီလို့ ဆိုသလား။ ဘယ်လိုပြောဆို ပြုမူသလဲ"

"မိမျိုးတင့်ဟာ ဘာမှမပြောဘဲ ရုတ်တရက် ထထိုင်ကာ ကျေးတော်မျိုးကို ကျောခိုင်းကာ နေပါသည်။ သူ ငြင်းဆန်ပါသည်။ အတန်တန်



ငြင်းဆိုပါသည်။ ကျေးတော်မျိုး သူ့အိပ်ရာမှာ အုံးစက်ရာ အတူပြုရန် လျောင်းနေသောအခါ သူသည် ထသွား၍ တော်ရာမှာ အိပ်ပါသည်"

"အင်း...အတော်ပင် ခက်မာတာပဲ၊ မောင်စိုးက သူ့ကို ဘာကြောင့် အိမ်ထောင်ပြုသလဲ"

"မမျိုးတင့်သည် ကိုယ်လုံးကိုယ်ပေါက်နှင့်တကွ လုပတင့်တယ် ချစ်စဖွယ်ကြောင့်၊ ချစ်ခြင်းကြောင့် ကြိုက်ပြီးလျှင် ကာမမေထုန်မှုအတွက် သူနှင့် အိမ်ထောင်ပြုပါသည်"

"အိမ်ထောင်မပြုမီ သည်သဘောအတွက် အိမ်ထောင်ပြုမည်ဟု ပြောဖူးသလား"

"မပြောဖူးပါဘူး"

"အင်း... မယ်မျိုးတင့်ဟာ တူးတူးကဲကဲ ကြံကြံစည်စည် တော်တော့ကို ဆန်းကြယ်တဲ့အမျိုးသမီးပေပဲ၊ ကောင်းပြီ၊ သည်လိုမိန်းမမျိုးကို ဆက်လက်ပေါင်းသင်းနေလိုသေးလား"

"ကွာရှင်းနိုင်ပါက ကွာရှင်းလိုပါသည်"

"ကွာလျှင် လျော်ကြေးပေးရလိမ့်မယ်"

"ရုံးတော်က ဖြတ်သည့်အတိုင်း ပေးပါမည်"

"မယ်မျိုးတင့်ကကော ကွာရှင်းလိုသလား"

"ဘုရားကျွန်မ ရိုးမြေကျပေါင်းဖို့သဘောထားပြီး သူနှင့် လက်ထပ်ပါသည်"

"သူ့မယားဆိုသော် သူ့သဘောအတိုင်း လိုက်နာရလိမ့်မယ်"

"မယားသည် လင့်အလိုကို လိုက်နာရမည်။ လိုက်လျောပြုကျင့်မည်ဆိုသော်လည်း ပညာရှိသူတော်ကောင်းနှစ်သက်သော တရားသဖြင့်ဖြစ်သော သဘောတို့ကိုမှလိုက်နာလိုက်လျော ပြုကျင့်နိုင်ပါသည်။ ပမာဆိုသော် လင်က အစိုးရကို သူပုန်ထရန် ကြံစည်သော် မယား

www.burmeseclassic.com

www.burmeseclassic.com



သည် သဘောတူရမလား၊ လိုက်နာရမလား၊ လင်သည် ယောက္ခမကို တော်လှန်ပုန်ကန်စားလိုက်သော မယားသည် သဘောတူရမလား၊ လိုက်နာရမလား။ အခု အရေးကား ထိုအရေးတို့ထက် အရေးကြီး၍ လေးနက်နေပါသည်"

"ဆို ဘယ်လိုလဲ"

"ထိုသို့သော အပြုအမူသည် လူမဆန်သောတိရစ္ဆာန်နိုင်ငံကို တည်ထောင်ရာကျ၍ အလွန်ယုတ်ညံ့သော အကျင့်သဘောဖြစ်ပါသည်။ ဘုရားကျွန်မသည် တိရစ္ဆာန်နိုင်ငံကို တည်ထောင်ရာ ကျမည်ကြောင့် ကိုကိုစိုး၏ ထိုအမှု၌ မလိုက်လျောနိုင်ပါဘုရား"

"သူက သူ့ အလိုသို့ မလိုက်လျောသဖြင့် ကွာရှင်းလိုသော် အဘယ်ကြောင့် မကွာလိုသလဲ"

"အမျိုးသမီးတို့၌ မိဘ မောင်ဖွား၊ မောင်ဘွားပင် ရှိလင့်ကစား အကြီးအကဲ၊ အကြီးအမှူး၊ အစိုးတရ အာဏာရှင်မဟုတ်ခဲ့သော် မည်သို့သော အမျိုးသမီးမဆို လင်မရှိခဲ့လျှင် မတင့်တယ်၊ မလုံခြုံသဖြင့် မကွာလိုပါ။ တစ်ကြောင်းမှာလည်း မိန်းမတို့၌ လင်သစ်လဲတိုင်း လင်များသလောက် အသရေယုတ်ညံ့ကြောင်းပါ ဘုရား"

"ကောင်းပြီ၊ နက်ဖြန် ဤအချိန် လွှတ်တော်သို့ အရောက်ညီကြစေ"

"မှန်လှပါဘုရား"

× × ×

ကျွန်ရုပ်မသည် ထူးဆန်းသည်ဟု ဆိုသောအမှု၌ ပညာရှိကြီးများနှင့် ဆွေးနွေးနှီးနှောပြီးမှ အောက်ပါ စီရင်ချက်ကို ရေးလေ၏။

"ကာမမေထုန်မည်သည် ခေတ်အလျောက် လောက၌ အလွန်



မွန်မြတ်သော အမြိုက်အရသာကောင်း ဖြစ်၏။ အလွန့်အလွန်ပြင်းထန်သော ဆိုရွားလှပါသည့် အဆိပ်လည်း ဖြစ်၏"

"ကာမမေထုန်မှုအားဖြင့် မှားယွင်းချေသော် ကာမဂုဏ်၌ မှားသောအကျင့်ကိုကျင့်မိရာ ရောက်ခြင်းကြောင့် ထိုအမှား၏ အင်အားနှင့်အညီ လူနိုင်ငံသည် တိရစ္ဆာန်၏ နိုင်ငံသို့ သက်ဆင်းကာ ရှိလေသည်"

"စင်စစ်သော်ကား လူသည် လူ့နိုင်ငံကို တိရစ္ဆာန်နိုင်ငံ မဖြစ်စေရား တိရစ္ဆာန်များသည် နိုင်သည်ထက် အနိုင်ကိုကျင့်ကြ၍ ကာမမေထုန်မှုများကို ပြုခြင်းဖြင့် တိရစ္ဆာန်မျိုး ပေါက်ပွားစေ၏။ ထိုတိရစ္ဆာန်များသည်ပင်လျှင် တစ်ဦးနှင့် တစ်ဦး ဆန့်ကျင့်ဘက်ဖြစ်ကြ၍ နိုင့်ထက်စီးနင်းပြုခြင်းဖြင့် တိရစ္ဆာန်နိုင်ငံပပျောက်ပြီးသော် တိရစ္ဆာန်မျိုးသည် ပြုန်းတီးခြင်း၊ ကွယ်ပျောက်ခြင်း ဖြစ်ရလေသည်"

"လူ့လောကသည်လည်း ထိုနည်းသဘော မဖြစ်ရန်တားမြစ်သင့်သည်"

မယ်မျိုးတင့်နှင့်မောင်စိုး၏အမှု၌ မျိုးတင့်သည် မောင်စိုးကို ချစ်ခြင်းကြိုက်ခြင်းသဘောနှင့် လက်ထပ်ခဲ့သည်။ သို့သော် မျိုးတင့်သည် မောင်စိုး၏အပေါ်၌ မည်သည်ကို လိုချင်၍ လက်ထပ်သနည်း။ တစ်နည်းတုံ မည်သည်ကို ချစ်ကြိုက်၍ လက်ထပ်သနည်း။ ၎င်းကို စဉ်းစား သတိပြုရာသည်။

"မျိုးတင့်သည် မောင်စိုး၏အပေါ်၌ ကာမမေထုန်မှုကို လိုလားနှစ်သက်၍ ချစ်ခြင်း၊ ကြိုက်ခြင်းကြောင့် လက်ထပ်ခြင်းမဟုတ်ဘဲ မောင်စိုး၏ အလုပ်အကိုင်၊ ပေါင်းသင်းဆက်ဆံရေး၊ အလုပ်သဘောများ၏ အပေါ်၌ ပြုမူကျင့်ကြံရေးတို့ကို နှစ်သက်၍ ချစ်ကြိုက်ခြင်းကြောင့် လက်ထပ်ခဲ့ပေသည်။

မောင်စိုးကား မျိုးတင့်၏ လုပ်ခြင်းကိုမြင်၍ ကာမမေထုန်အလို့ငှာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြိုက်ခြင်းကြောင့် လက်ထပ်ခဲ့လေသည်။

စင်စစ် လူ၏ကျင့်ထုံးမှာ မိမိ၏ကာမပိုင် မယားကိုပင်ဖြစ်စေကာမူ မိန်းမက သဘောမတူ၊ မကြည်ဖြူဘဲ ကာမမေထုန်မှုကို မပြုရာ။ ပြုခြင်းကြောင့် ကာမဂုဏ်၌ မှားသောအကျင့်ကိုရောက်၍ လောက၏ အမြိုက်အနှစ်ကို တစ်စတစ်စ ဆိတ်သုဉ်းလေသည်။

အကြင်လင်မယားပင် သဘောတူ အညီအညွတ် ဖြစ်လင့်ကစား မိန်းမသည် ဓမ္မတာလာရာ၌ ရပ်စဲပြီး နောက် ငါးရက်အတွင်းမှာသာ တ ၈ တ ခုနစ်ရက်အတွင်းမှာသာ ကာမမေထုန်မှုဖြင့် ကစားရာဟု ဝေဒါရှိသူ တော်ကောင်းတို့သည် ညီညွတ်ကြလေသည်။ အဘယ် ကြောင့်ဆိုသော် ပဋိသန္ဓေ လာရောက် ကိန်းအောင်းသော သူသည် ထိုအတွင်း၌သာ ကိန်းနိုင်တတ်ခြင်းများကြ၍ ဖြစ်ချေသည်။

အကယ်၍ မိခင်တိုက်ခန်း၌ သန္ဓေတည်နေစဉ်အခါ မိဘနှစ်ပါးတို့ သည် ကာမမေထုန်မှုအားဖြင့် မြူးတူးကြချေသော် ထိုသန္ဓေသား၌ ထိုညစ်ညမ်းသော ကာမဂုဏ် စိတ်ဓာတ်သည် စွဲမြဲကာ ထုံစေခြင်းဖြင့် ထိုသားသည် အကယ်တည့် ရသေ့ ရဟန်းပြုခဲ့သော် ဈာန်တန်မိုးကို ရရှိဖို့ ခဲယဉ်းလေသည်။

ထိုသားသည် လူ့ဘောင်၌ လူလုပ်သော်လည်း တည်တည်တံ့တံ့ မြင့်မြင့်မြတ်မြတ်နှင့် လောက၏ အကျိုးကို ဆောင်ရွက်နိုင်ရန် အတော် ဝင် ခဲယဉ်းလေသည်။ အဘယ်ကြောင့်ဆိုသော် ဘဝါဘဝက ပါရမီ ကောင်းမှုအဟုန်ကို ကာမမေထုန်ဓာတ်သည် ပျော့ညံ့စေတတ်ခြင်း ကြောင့် ဖြစ်ချေသည်။

ထိုသို့သော်သဘောအရပ်ရပ်တို့ကြောင့် မောင်စိုးသည် မယ်မျိုးတင့် ၏ အပေါ်၌ မုဒိမ်းမှု ပြုကျင့်ခြင်း ဖြစ်ချေသည်။

ထို့ကြောင့် မောင်စိုးသည် မယ်မျိုးတင့်နှင့် မင်္ဂလာဆောင်စဉ်အခါ



၌ တင်သသော ခန်းဝင်ပစ္စည်းအရပ်ရပ်နှင့် လက်ဖွဲ့ပစ္စည်းများကို မယ်မျိုး တင့်သာပိုင်စေရန် လျော်ကြေးပေးသော သဘောဖြင့် သဘောတူညီရန် ဆုံးဖြတ်စီရင်လိုက်သည်။

ထိုမှတစ်ပါးလည်း မောင်စိုးသည် မုဒိမ်းမှုကို မလေးစားသဖြင့် လွှတ်တော်ကြီးက အသပြာ တစ်ပဲ ဒဏ်တပ်လိုက်သည်။

ထိုသို့သော အခြေအနေကြောင့် မောင်စိုးနှင့် မယ်မျိုးတင့်တို့၏ အိမ်ထောင်သည် မသာယာခြင်း ဖြစ်ခဲ့သော် မယ်မျိုးတင့်၏စိတ်၌ ထိနိုက်ကောင်း ထိနိုက်ပေသတတ်၊ အကယ်၍ ထိနိုက်ခြင်းကြောင့် မယ်မျိုးတင့်သည် ကွာရှင်းသွားလိုက မောင်စိုးသည် အခွင့်ပြုရမည်။

မောင်စိုးက ခင်မျိုးတင့်ကို မနှစ်သက်တော့ဘဲ ကွာရှင်းကာ လွှတ် လိုက်ချင်ခဲ့သော် ရွှေစင်တစ်ကျပ်သားပေး၍ လွှတ်လိုက်နိုင်ကြောင်း စီရင်လိုက်သည်။

× × ×

## သလ္လာဝတီပြည် စီရင်ထုံး

ထိုအခါ မောင်စိုးသည် မိမိ၏ ဇနီးကား အလွန်တည်ကြည်၍ သစ္စာရှိမည်ဟု ယုံကြည်သည့်ပြင် မိမျိုးတင့်ကလည်း ပြုဖွယ်ရာသော ဝတ်ကြီးဝတ်ငယ်တို့ကို မချွတ်ယွင်းဘဲ ပြုစုလုပ်ကိုင်လေ၏။ နောက် တစ်နှစ်ခန့်ရှိသောအခါ မိမျိုးတင့်သည် သားလိုချင်ကြောင်းနှင့် သူ့လင်ထံတောင်းပန်သဖြင့် လောကတွင် အလွန်သာယာသော အိမ်ထောင်သည် ဖြစ်လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ပါးတီးတရား

ရက်ကန်းသည် မစောခင်သည် တစ်နေ့တွင် သူငယ်ချင်းများနှင့် စကားပြောနေရာ သူငယ်ချင်းများက "ညည်းအား သူကြွယ်သား မောင်ကောင်းညွှန့်က မျက်နှာကို ဇရပ်၌ တွေ့မြင်ရလျှင် တွေ့မြင်ရခြင်း အလွန်ချစ်မိကြောင်း၊ ချစ်ရာမှ တစ်ဆင့် ကြိုက်မိကြောင်းတို့နှင့် ပြောတယ်အေ့" ဟု ပြောကြသဖြင့် ဤစကားပွဲကလေးသည် ဖြစ်နေလေ၏။

"သူ ကျွန်မအိမ် ခဏခဏ အလည်လာတာဟာ ဒါကြောင့် ထင်ပါရဲ့ မအေးနရယ်"

"ဟုတ်တယ်တဲ့၊ ငါက ရှင် ဘာကြောင့် စောခင့်အိမ်သို့ ခဏခဏ လာသလဲ မေးတော့ ညည်းကို ချစ်လို့ကြိုက်လို့တဲ့အေ"

"ဘာကြောင့်တဲ့လဲ ရှင်"

"ညည်းဟာ မျက်နှာက ချိုကြည်ကြည်၊ ကိုယ်လက်တို့ကလည်း နီပြည်ပြည်၊ ရင်၊ တင် မှစပြီး ဘာမှ အပြစ်မရှိ၊ ကြည့်လေကြည့်လေ ချစ်စရာ ကောင်းလေကြောင့်တဲ့အေ"

"ဩော်...သည်လိုကိုး"

"အေး...ညည်းတော့ သူဌေးကတော် တစ်နေ့မှာ ဖြစ်ရမှာပဲ၊ အေ —၊ ကော်တာပဲ"

ထိုသို့နှင့် စကားပြောပြီးနောက် လူစုကွဲသွားကြ၍ ညဉ့်အချိန်သော် စောခင်သည် အဖော် မိန်းကလေး သုံးယောက်နှင့် ရက်ဖောက်ယောက် နေ၏။ ထိုအချိန်သော် သူကြွယ်သား မောင်ကောင်းညွှန့်သည် ရောက်လာ၏။ စောခင်လည်း ခါတိုင်းကဲ့သို့ကောင်းစွာ နေရာထိုင်ခင်း ပေး၍ ကောင်းညွှန့်သည် အခန့်သား ဂိုက်ကျကျ ထိုင်နေ၏။ ထိုအခါ



စောခင်က "ကိုကောင်းညွှန့် ရှင် ကျွန်မကို ချစ်တယ်၊ ကြိုက်တယ်ဆို၊ ဟုတ်ကဲ့လား"ဟု မေးလေ၏။ ကောင်းညွှန့်လည်း "အေး. . . .မင်းကို ဇရပ်မှာ တွေ့မြင်ရတဲ့အချိန်ကစပြီး အင်မတန်ကို ချစ်ပြီး၊ ကြိုက်လာ တာပဲ"ဟု တရဲရဲဟာ ပြောတော့၏။

"ဘာကြောင့်တုန်း"ဟု စောခင်က မေးရာ "မင်းဟာ တို့အရပ်ထဲ မှာ အင်မတန်ကို ချောလှတာနှင့်" ဟု ကောင်းညွှန့်သည် ပြုံးပြုံးကြီး နှင့် ပြန်ကြားလေ၏။

ထိုအခါ စောခင်သည် "ဒါဖြင့် ရှင် ကျွန်မကိုချစ်ဦး ကြိုက်ဦးရှင်" ဆိုကာ ကောင်းညွှန့်၏ပါးကို နှစ်ချက် ဘယ်ပြန် ညာပြန် တီးလိုက်လေ ၏။

ကောင်းညွှန့်ကား "နင့်တော့ သိစေမယ်၊ နင် ငါ့လက်ထဲက လွတ် ရရိုးလား"ဟု ကြိမ်းကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။

နောက်တစ်နေ့သော် ကောင်းညွှန့်သည် ငွေတံစိုး ပြု၍ မြောက်ပြင် တရားကြီးသူကြီးရုံး၌ မိမိကို စောခင်က ပါးနှစ်ချက်တီးလိုက်ကြောင်း နှင့် တရားစွဲဆိုလေ၏။ တရားသူကြီးလည်း စောခင်ကိုဆင့်ဆို၍ တရားဆိုင်စေသောအခါ စောခင်သည် မိမိအား ချစ်သည် ကြိုက်သည် ဆိုခြင်းကြောင့် ကိုကောင်းညွှန့်၏ပါးကို တီးကြောင်း ဖြောင့်ဆိုသဖြင့် တရားသူကြီးသည် ဆက်လက်မမေးတော့ဘဲ "မင်းက ရက်ကန်းသည်၊ မောင်ကောင်းညွှန့်က သူကြွယ်သား၊ ဂုဏ်ရည်ချင်းမျှမတူ၊ မင်းဝါးကို တီးသည်မှာ အလွန့်အလွန် ရိုင်းပျရာ ရောက်သည်။ ထို့ကြောင့် ရွှေ တစ်ဆယ်ကျပ်သား လျော်စေ၊ မလျော်နိုင်က မောင်ကောင်းညွှန့် သိမ်းပိုက်ရာသို့ လိုက်စေ" ဟု အမိန့်ချ စီရင်လေ၏။

ထိုစီရင်ချက်ကို စောခင်သည် မကျေနပ်၍ ရွှေမြို့တော်တရား သူကြီးရုံး၌ အယူခံရာ၊ ကောင်းညွှန့်က ငွေတံစိုးနှင့်ပိတ်လိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စောခင်၏အယူခံခြင်းကိုပယ်လိုက်လေသည်။

စောခင်၏ဘက်က ရက်ကန်းသည်အများအုံကြွသဖြင့် စောခင်သည် လွှတ်တော်ကြီး၌အယူခံလေ၏။ ထိုအခါ လွှတ်တော်ဝန်ကြီးများသည် အောက်ပါတရားရုံးမှ စီရင်ချက်ကိုဖတ်ကြည့်ကြ၍ စဉ်းစားကြလေ၏၊

မိစောခင်လည်း ရက်ကန်းသည်မ ပီသစွာ အလွန်ရိုင်းပျလေသည်။ သူ၏အိမ်သို့ လူပျို့ဘာဝအလည်လာသည့် သူကြွယ်ကြီးဦးဒေါနှ၏သား မောင်ကောင်းညွန့်ကို သူ့အား ချစ်စကား ကြိုက်စကား ပြောရ မည်လားဟု ပါးကိုနှစ်ချက်တီးကာလွှတ်၏။

"အကယ်ဆို ဂုဏ်မြင့်သူတစ်ယောက်က မိမိအား ကလေးဘာဝ ချစ်စကားဆိုသည်ကို ဝမ်းသာစရာသာဖြစ်သည်။ ပါးကိုတီးရာ သလော၊ မိမိက မချစ်မကြိုက်သော် မချစ်မကြိုက်ကြောင်းနှင့် တုံ့ပြန်ရာသာသင့်သည်။ ယခုသော်ကား ပါးကိုတီးသည်မှာရိုင်းပျလွန်းရာရောက်ချေသည်။ ထို့ကြောင့် မိစောခင်သည် မောင်ကောင်းညွန့်အား ရွှေစင်တစ်ဆယ်ကျပ်သားလျော်စေ၊ မလျော်နိုင်က မောင်ကောင်းညွန့်ကသိမ်းပိုက်သည်ကိုလိုက်ပါစေ"

"မြောက်ပြင်တရားသူကြီး ဦးဉာဏ်ပို"

"အင်း . . .စီရင်ချက်က အဖြောင့်ပဲ၊ ဒီအယူခံလွှာကို လက်ခံဖို့ မသင့်"ဟု ဝန်ကြီးများသည် ညီညွတ်ကြပြီးသော် အိမ်ရှေ့မင်း မင်းဝိုင်းအားပြ၏။ မင်းဝိုင်းလည်း ဝန်ကြီးများ နည်းတူသဘောကျ၏။ သို့သော် ကျွန်ရုပ်မ၏ဉာဏ်ပညာကိုလန့်သဖြင့် ထိုအယူခံလွှာကိုလက်ခံပြီးသော် ကျွန်ရုပ်မအား စစ်ဆေးစီရင်ရန် လွှဲအပ်လေ၏။

× × ×



## ပါးတီးတရားကို စစ်ဆေးခြင်း

"မစောခင်က မောင်ကောင်းညွန့်အား ပါးကို နှစ်ချက်တီးသလား"

"တီးပါသည် ဘုရား"

"မစောခင် ရုပ်ရည်ကအလှ၊ သနားကမား။ အမူးသမားများကဲ့သို့ ရိုင်းပျလှပါကလား"

"ဘုရား ကျေးတော်မျိုးမ မရိုင်းပျပါ၊ သူ ဘုရားကျွန်မအား ချစ်တယ်ကြိုက်တယ်ပြောလို့ပါ ဘုရား"

"ပြောသလား မောင်ကောင်းညွန့်"

"ပြောပါသည်"

"အင်း...သူကြွယ့်သားတစ်ယောက်က ချစ်တာကြိုက်တာဟာ မကောင်းဘူးလား၊ မှန်းရမလား"

"ဘုရား ကျွန်မ သူ့အားမေးပါရစေ ဘုရား"

"မေး...မေး...မေး"

"ရှင် ကျွန်မကို ဘာကြောင့် ချစ်ပြီးကြိုက်ရသလဲ"

"လှချောလို့"

"လှချောရင် ဘယ်လိုအသုံးချမလဲ"

ကောင်းညွန့်သည် မဖြေနိုင်ဘဲ ပါးစပ်ဟောင်းလောင်းနှင့် နေ၏၊ စောခင်ကား ဆက်၍ ထိုသို့မေးပြန်၏။

"ကာမမေထုန်သဘောပဲ မဟုတ်လား"

"ဓမ္မတာကိုကွယ်၊ ဒါမတော့ ဒါပေါ့"

"မဘုရား စဉ်းစားတော်မူပါ၊ သူ ဘုရားကျွန်မကို လှလို့ ချောလို့ ချစ်ပြီးကြိုက်တာဟာ ကာမ မေထုန်ကိုပြုချင်လို့ပါဘုရား"

"အင်း မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူဘုရားကျွန်မကို ချစ်တယ်ကြိုက်တယ် ဆိုတာဟာ ကာမမေထုန်မှုကို ပြုချင်တယ်ဆိုတာပါ ဘုရား"

"အင်း..."

"ယောကျ်ား တစ်ယောက် မိန်းမတစ်ယောက်အား ကာမမေထုန်ကိုပြုချင်တယ်လို့ ကွယ်ရာမှာလည်းပြော၊ ရှေ့မှာလည်း ပြောရင် ပါးကိုမတီးထိုက်ဘူးလား ဘုရား။ ပါးကို နှစ်ချက်သာ လျှော့ချေးနှင့်တီးလိုက်လို့ လျော်ကြေးတောင် ရသင့်ပါသေးတယ်ဘုရား"

"ဘယ့်နှယ်...ပညာရှိကြီးများနှင့် ဝန်ကြီးများ၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်အား ချစ်တယ် ကြိုက်တယ်လို့ဆိုတဲ့ အဓိပ္ပာယ်နက်သည်ပေါ်လွင်ထင်ရှားနေပြီ မဟုတ်လား"

"ဟင်း ဟင်း ဟင်း"

"ကိုင်း...လွယ်ကူပါပြီ၊ စီရင်ဆုံးဖြတ်ကြပေတော့ရှင်"

ကျွန်ရုပ်မသည် ထိုသို့စစ်ဆေးပြီးသော် ပညာရှိလေးဦးနှင့်ပြန်လေ၏။ အိမ်ရှေ့မင်း မင်းဝိုင်းသည် အမှုသည်များကို နောက်တစ်နေ့ ရက်ချိန်းပေးပြီးသော် စီရင်ချက်ကို ဤသို့ ရေးလေ၏။

"ဤပါးတီးတရားထုံး၌ အယူခံတရားခံ မောင်ကောင်းညွှန့်က မစောခင်အား ချစ်ခြင်း ကြိုက်ခြင်းသည် ကာမမေထုန်ကိုပြုလိုပါ သည် ဆိုရာရောက်နေသဖြင့် မောင်ကောင်းညွှန့်သည် မစောခင်ကို လူအများရှေ့တွင် ဂုဏ်ရှင့်သားပီသစွာ စော်ကားရာရောက်ချေသည်။ မောင်ကောင်းညွှန့်သည် လှသောသူ၌ မည်ကဲ့သို့ စိတ်နေသဘောထားလည်း ရှိတတ်သေးကြောင်းကို မသိချေ။ လှသောသူကို မေထုန်ပြုကျင့်ရန်သာ သိလိုရာရောက်ချေသည်။ လူမျိုးနှင့်အမျိုးသည် အရိပ်အခြည်အားဖြင့် တစ်ယောက်နှင့်တစ်ယောက် အချစ်ကူးကြောင်းကို ရိပ်မိမှ ချစ်ကြောင်းကြိုက်ကြောင်းကို နှစ်ကိုယ်ကြားသာ ပြောရမည်ဟု



မောင်ကောင်းညွှန့်သည် မသိချေ။ ထို့ကြောင့် အောက်ရုံးစီရင်ချက် ကိုဖျက်၍ မောင်ကောင်းညွှန့်သည် မစောခင်အား ရွှေစင် ငါးကျပ်သားလျော်စေ"

"ဘုရင့်ကိုယ်စား အိမ်ရှေ့ဝိုင်း"

❑

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

သလ္လာဝတီပြည်ကြီးသည် အလွန်သာယာဝပြောသဖြင့် အတိုင်းတိုင်းအနိုင်နိုင်ငံမှ ကုန်သည်ကြီးငယ်တို့သည် ရောက်ပေါက်လာကြ၍ မိမိတို့၏တိုင်းပြည်များသို့ ပြန်ရောက်သွားသောအခါ သလ္လာဝတီပြည်ကြီး၏ကောင်းစားပုံတို့ကို နှုတ်မဆိတ်ပြောကြကုန်၏။

ထိုခေတ်က သလ္လာဝတီပြည်ကြီးသို့ ရောက်ဖူးသောသူတို့သည် အလွန်ဂုဏ်ကြီးမြင့်သည်ဟုပင် မြောက်ဘက်နိုင်ငံစုတို့၌ ဖြစ်ကြလေ၏။

သုနာပရန္တတိုင်းကြီး၌ ထိုခေတ်က သလ္လာဝတီပြည်သည်သာလျှင် မဟုတ်၊ ယောပြည်နိုင်ငံကြီး၊ ပေါက္ကံနိုင်ငံကြီး၊ ပရိမ္မပြည်နိုင်ငံကြီး၊ ပုခန်းပြည်ကြီး၊ စေတုတ္တရာပြည်ကြီးစသော တိုင်းပြည်နိုင်ငံတို့သည်လည်း အလွန်စည်ပင်သာယာဝပြောလေ၏။အုပ်ချုပ်စီမံမှုသည်လည်း တစ်ကြိုးတည်းကဲ့သို့ မတိမ်းမယိမ်းဘဲ မိမိတို့၏တိုင်းပြည်နိုင်ငံ၏ သဘာဝနှင့် ဆန့်ကျင်ခြင်းမပြုမူ၍ စီမံအုပ်ချုပ်ထားကြလေ၏။

အထူးသတိပြုသင့်သည်မှာ သုနာပရန္တတိုင်းကြီးအတွင်းရှိ ထီး



ဆောင်းမင်းအပေါင်းတို့သည် ဆွေတော်မျိုးတော်ချင်း၊ ကျောင်းနေ ဖက်သူငယ်ချင်းများသာလျှင် ဖြစ်နေကြ၍ အလွန်စီညီကြလေ၏။ ထိုသို့စီညီကြခြင်းကြောင့် တိုင်းတစ်ပါးမှ ရန်သူတို့သည် မနှောင့်ယှက်ဝံ့ကြပေ။ ထိုပြည်ထောင်တို့သည်လည်း တိုင်းပြည်တစ်ပြည်၏အကျိုးကို တိုင်းပြည်တစ်ပြည်က ဆောင်ရွက်ခြင်းရှိနေ၍ ပြည်ထောင်အချင်းချင်းသည် အလွန်ချစ်ခင်ကြ၏။

ထိုသို့ဖြစ်လင့်ကစား သလ္လာဝတီပြည်ကြီးသည် အထူးထင်ရှားသည်။ 'ကျွန်ရုပ်မ' တည်းဟူသော ပညာရှိမယ်တစ်ယောက်ကြောင့်ဖြစ်၏။ ထိုခေတ်က ပညာရှိသည်သာလျှင် အလွန်အဖိုးတန် မြင့်မြတ်သည်ဟု သုနာပရန္တတိုင်း၌ ရှင်ဘုရင်များကပင်ယူဆ နှစ်သက်ခြင်းဖြစ်နေကြလေ၏။

ထိုသုနာပရန္တတိုင်းဟု အမည်ပညတ် တပ်တင်ထားသည်ကား အနောက်မဖျှိမက တင်ထားသောအမည် ဖြစ်လေ၏။ စင်စစ်သော်ကား ထိုဒေသရပ်ကွက်ကြီးသည် နေမျိုးတို့၏ ရပ်ကွက်ကြီးဖြစ်၍ ကဿပမြတ်စွာဘုရားသခင် ပွင့်တော်မူပြီးနောက် သာသနာတော် ကွယ်ပသွားသောအခါ မွန်းဂိုရ်ဟု ထင်ရှားကာ ကျန်ခဲ့သော လူမျိုးကြီးဖြစ်လေသည်။

မွန်းဂိုရ်ဆိုရာ၌ မွန်းသည် နေဖြစ်၍ အမျိုးမျိုး အဓိပ္ပာယ်ပေါ်ထွက်ကာရှိလေသည်။

ထိုသို့သော တိုင်းပြည်များ၌ တက္ကသိုလ်ကြီးကို အမှီပြု၍ ပညာရှိတစ်ယောက်ယောက် သို့မဟုတ် အများသည် မဆိတ်ဘဲအမြဲပေါ်ပေါက်ကာရှိလေသည်။

ထိုခေတ်၌ သလ္လာဝတီပြည် "ကျွန်ရုပ်မ" သည် သလ္လာဝတီနိုင်ငံတော်သူမဟုတ်သော်လည်း အလွန်ထင်ရှားသောမယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တု ကျော်ကြားနေသည့်အတိုင်း ကာလေးပြည်မှ ပညာရှိအဖွဲ့ သံတမန်များသည် သလ္လာဝတီပြည်သို့ ဆိုက်ရောက်လာကြလေ၏။

သလ္လာဝတီပြည်တွင် ဘုရင်မင်းဆွေသည်ကား အလွန့်အလွန် မင်းပီသသဖြင့် ကာလေးပြည်မှလာရောက်သော ပညာရှိအဖွဲ့ကို နန်းရင်းဝန်ကြီး၊ ပုရောဟိတ်ကြီး၊ သေနာပတိကြီးတို့နှင့် အလိုရှိသည်ကို ပေါင်းသင်း ဆက်ဆံရန် လွတ်လွတ် အခွင့်ပြုထားလေ၏။

ကာလေးပြည်မှ ပညာရှိအဖွဲ့ကို ဦးစီးကာ လာရောက်သော ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်သည်လည်း ကာလေးပြည်၌ အလွန်ပညာရှိသည်ဟု ထင်ရှားကျော်စော၏။

ဉာဏကျော်ခေါင်၏ အဖွဲ့သည် 'ပြည်သူ့ရုံးတော်'ဟု ကမ္ပည်းထိုးထားသော ရုံးတော်ကြီး၌ စုံစမ်းရာ နန်းရင်းဝန်ကြီး၏ ရုံးခန်း၊ အတွင်းဝန်မင်း၏ ရုံးခန်း၊ ဘဏ္ဍာရေးဝန်မင်း ရုံးခန်း၊ ပြည်ပရေးရာ ဝန်မင်းရုံးခန်းများ၌ အလုပ်လုပ်နေကြသော ဝန်ထောက်မင်းများ၊ စာရေးများ၊ မင်းမှုထမ်းလုလင်များ၊ ဗျာရုပ်များတို့ ထွက်ဝင်သွားလာ လုပ်ကိုင်ကာ ရှိသည်ကို တွေ့မြင်ရသော်လည်း မည်သည်ကို လုပ်ကိုင်နေကြသည်ဟု မသိချေ။ ဝန်ကြီးများနှင့်သာ ချစ်ကြည်စွာ စကားပြောရခြင်းဖြင့် ဝမ်းသာကြရ၏။

ထိုဉာဏကျော်ခေါင်အဖွဲ့သည် ဗြဲတိုက်တော်၌ စုံစမ်းရာတွင်လည်း၊ ဗြဲတိုက်တော်ဝန်ကြီးရုံးခန်း၊ အထောက်တော်ဝန်ကြီး ရုံးခန်း၊ ရွှေမြို့ တော်ဝန်ကြီးရုံးခန်းတို့ကိုတွေ့မြင်ရသော်လည်း မည်သည်တို့ကို ဝန်ထောက်မင်းများ၊ စာရေးများ၊ စာချီများတို့သည် လုပ်ကိုင်နေသည်ဟု မရိပ်စားမိကြချေ။

ထိုသို့လျှင် ဉာဏကျော်ခေါင်အဖွဲ့သည် သလ္လာဝတီပြည်ကြီး၌ စုံစမ်းသော်လည်း ကြက်ဥကို အစရှာမတွေ့သကဲ့သို့ ရှိနေ၍ တစ်နေ့



တွင် တောင်ပြင်တရားရုံးသို့ ရောက်သွားလေ၏။ ထိုအချိန်တွင် နိုင်ငံရေးရာအဖွဲ့က အိမ့်ရှင်သူကြွယ်လင်မယားကို တရားဆိုသော တရားဆန်းတစ်ခုနှင့် ကြုံကြိုက်နေလေ၏။

တရားကား ဤသို့သဘောတည်း။

တောင်မရှုံးသူကြွယ် ဦးကောက်ရ၊ သူဌေးကတော် ဒေါ်မိလေးတို့၏အိမ်၌ သူခိုးခိုးရာ ပုတီး၊ နားတောင်း၊ ဒါလီ၊ ဘယက်၊ လက်ကောက်၊ ဖလားတို့သည် ပါသွားသဖြင့် ၎င်းတို့သည် ရွှေနှင့် ပြုလုပ်ထားသည့် အတိုင်း အစုစုတန်ဖိုးသည် အသပြာသုံးထောင်ဖိုးခန့် ဖြစ်၏။

သူကြွယ်ဦးကောက်ရနှင့် သူဌေးကတော်ဒေါ်မိလေးတို့သည် ထိုသို့ သူခိုးခိုး ခံရသောကြောင့် ထိုပစ္စည်းကို ရှာဖွေဖမ်းဆီးပေးပါဟု တောင်ပြင်စိုး၏ထံ၌ တိုင်တန်းလေ၏။

ပြင်စိုး ဦးကြွယ်သည်လည်း ထိုပစ္စည်းတို့ကို တွေ့ရှိရလေအောင် မနားမနေ ၎င်း၏အမှုထမ်းများနှင့် စုံစမ်းရှာဖွေလေရာမရနိုင်သဖြင့် အမှုကို ပိတ်လိုက်ရတော့မည် ဖြစ်၏။

သူကြွယ်ဦးကောက်ရသည်ကား ထိုသို့ သူခိုးခိုးခံရရာ၌ ပစ္စည်းများပါသွားသည်ကို နမြောခြင်းထက် မိမိ၏သူကြွယ်ကတော်၏ ရင်တွင် ထုံးနှင့် ဝနစ်လုံးကွက်သွားခြင်း၊ ထိုမှတစ်ပါး မသင့်သော နေရာ၌ အနီနှင့် ဝကွက်သွားခြင်းတို့ကြောင့် သာ၍စိတ်ဆိုးသဖြင့် ပြင်စိုးထံ အသပြာငါးရာပေးပြီးသော် စုံစမ်းထောက်လှမ်းပေးပါဟု များစွာ ပူဆာသောကြောင့် ပြင်စိုးသည် အထူးစုံစမ်းရလေသည်။

ထိုသို့နှင့် တစ်နေ့သော နံနက်၌ သူကြွယ် ဦးကောက်ရတို့၏ အိမ်၌ ပျောက်သည်ဆိုသော ပစ္စည်းတို့သည် အစုအပြေင်စိုး ဦးကြွယ်၏ အိမ်သို့ ရောက်နေလေ၏။ ထိုသဘောကြောင့် ပြင်စိုးသည် ထိုပစ္စည်းတို့ကို တောင်ပြင်တရားသူကြီး၏ရုံး၌ ထုံးစံသည်အကမ်း အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တင်ရလေရာ တရားသူကြီးလည်း သူကြွယ်ကြီး ဦးကောက်ရ၊ ဒေါ်မိလေးတို့အား ကျမ်းကျိန်ချက်ယူပြီးသော် ထိုပစ္စည်းတို့ကို ဆေးတော့မည်ဟု အပြုတွင် နိုင်ငံရေးရာအဖွဲ့မှူးကြီးတစ်ယောက်သည် ရောက်လာ၍ ဤသို့ ဆိုကာ တားဆီးလေ၏။

"ဆိုင်းတော်မူပါဦး တရားသူကြီးမင်း"

"ဘာလဲ အမောင်"

"ထိုသူကြွယ်ကြီး ဇနီး၊ ခင်ပွန်းအား စစ်မေးရန် လိုပါသေးသည်"

"ဘာလိုသလဲ"

"ချင်းတို့၏ပစ္စည်းသည် ရွှေအစစ်လား၊ ရွှေရည် ဘယ်လောက်လဲ ဟု စစ်မေးရန် လိုပါသေးသည်"

"လိုမည်မထင်"

"လိုပါသည်ဘုရား"

"ကောင်းပြီ။ ဦးကောက်ရ သင့်ပစ္စည်းများသည် ရွှေအစစ်လား၊ ရွှေရည် ဘယ်လောက်လဲ"

"ရွှေအစစ်ပါ၊ ဆယ်မူးရည်ပါ"

"သေသေချာချာကြည့်ပြော၊ ဟုတ်ကဲ့လား"

"အမောင်က ဘာလဲ၊ ဟုတ်လို့ပြောတာပေါ့။ ဟုတ်ပါတယ်၊ အစစ် အမှန်ဟုတ်ပါတယ်"

"တရားသူကြီးမင်း၊ ဤပစ္စည်းများကို ရွှေပန်းထိမ်အား ခေါ်ပြပါ။ ရွှေစစ်မစစ်"

"မလိုပါ"

"လိုပါတယ်"

"ကိုင်း ကိုင်း—၊ ရွှေပန်းထိမ်ကို အမြန်ပင့်ချေ မင်းလုလင်"

ပန်းထိမ်ဖော်သည် ရောက်လာ၏။ ထိုကန့်ကွက်သော မှူးကြီး



သည် ဤသို့ ဆို၏။

"ပန်းထိမ်တော် ကိုမြခဲ၊ သည်ပစ္စည်းများဟာ ရွှေအစစ်လား"

"မစစ်ပါ"

"ဒါဖြင့် ဘာပါလဲ"

"ကြေးဝါကို ရွှေရည်ပွတ်ထားတာပါ"

ဦးကောက်ရသည် ဒေါသထွက်သောမျက်နှာနှင့် ဤသို့ ခပ်ဆတ်ဆတ် ဆိုလေ၏။

"မောင်မင်း ပန်းထိမ်တော်လုပ်နေပြီး အရမ်းပေါက်တတ်ကရ မပြောနှင့်"

"ရွှေရည်စိမ်ကြောင့် ရွှေရည်စိမ်ပေါ့။ ကျွန်ုပ် လူကဲကိုသာ မသိတယ်၊ ရွှေကဲကိုကား သိတယ်။ သိသမှ ဘယ်ပန်းထိမ်ဖိုမှာ သည်ပစ္စည်းများကို ရွှေရည်စိမ်တယ်လို့ မဆွကပင် နေ့ရက်နှင့်တကွ သိပါတယ်"

"ပန်းထိမ်တော် ကိုမြ ဘယ်ပန်းထိမ်မှာ ရွှေရည်စိမ်သလဲ၊ ဘယ်နေ့ ဘယ်ရက်ကလဲ"

"အနောက်ပြင် ပန်းထိမ်ဆရာကြီး ဦးရွှေခဲထံတွင် ( )နှစ်၊ ( )လ၊ ( )ရက်နေ့က ဆယ်မူးရည် ရွှေနှင့်စိမ်ပါသည်"

"ဟော့. . . . အမှုထမ်း၊ ပန်းထိမ်ဆရာကြီး ဦးရွှေခဲကို ရထားနှင့် အမြန်သွားပင့်ကွယ်"

× × ×

ဦးရွှေခဲသည် ရောက်လာ၏။ တရားသူကြီးလည်း ဤသို့ မေး၏။

"သည်ပစ္စည်းများဟာ ရွှေရည်စိမ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကျွန်တော်မျိုး သည်ပစ္စည်းတို့ကို ဦးကောက်ရကာ ၍ ရွှေရည်စိမ်သောကြောင့် (   ) ခု၊ (   ) လ၊ (   ) ရက်က ရွှေရည်စိမ်ပေးလိုက်ရပါသည်"

"တရားသူကြီးမင်း ဘုရား"

"ဘာကို လျှောက်ထားချင်သလဲ သူကြွယ်ကြီး"

"ဘာရည်ကိုပဲ စိမ်စိမ် ကျွန်တော်မျိုး၏ ပစ္စည်းသည် ပစ္စည်းပါပဲ"

"အဟုတ်သားပဲ မှူးကြီးရယ်"

"မဟုတ်ပါဘုရား၊ ဦးကောက်ရသည် သူ့ပစ္စည်းများသည် ရွှေအစစ်မဟုတ်ဘဲနှင့် ရွှေအစစ်ဟု ကျမ်းကျိန်ကာ ထွက်ဆိုခြင်းသည် သူကြွယ်တန်မယ့်နှင့်ထွက်ဆိုခြင်းကြောင့် တိုင်းပြည်မှာ အလွန် ကြောက်ရကောင်းသော သူခိုးကြီးပါဘုရား"

"မင်း..."

"နေဦး...နေဦး သူကြွယ်ကြီး၊ ကျွန်ုပ်မေးမည်"

"အသင်သည် အဘယ်ကြောင့် သူကြွယ်တစ်ယောက်ကို ဓော်ဓော် ထားကားနှင့် သူခိုးဟု တရားသူကြီး၏ ရှေ့တွင် ဆိုရသလဲ"

"လိမ်လည်ခြင်းသည် သူခိုးပါဘုရား။ သူတစ်ပါး၏ အပေါ်၌ ဆိုးလဲခြင်းသည် သူခိုးပါဘုရား။ ကိုယ်ကောင်းဖို့ကိုသာ ပစ္စည်းရေးရာ၌ သိခြင်းသည် သူခိုးပါဘုရား။ မတရားသောအမှုကို ပြုနေခြင်းသည် သူခိုးပါဘုရား။ "ကျွန်ရုပ်မ" သခင်မ စီရင်တော်မူသော သူခိုးနိတိက ဆိုပါသည်ဘုရား"

"ကိုင်း...နက်ဖြန် ရုံးချိန်ကြွခဲ့ကြပါ။ ယနေ့ အချိန်ညောင်းသွား ပြီ"

တရားသူကြီးလည်း အလုပ်ရပ်နားၡ ညှိသည်တော်များဖြစ် သော ဉာဏခေါင်အဖွဲ့နှင့် နေ့လယ်စာကို ဖော်ရွှေစွာ စားသောက်ကြပြီး



သော် ဤသို့လျှင် ပြောဆိုနေကြလေ၏။

"တရားသူကြီးမင်း၊ နိုင်ငံရေးရာ အဖွဲ့ဆိုတာက အစိုးရအဖွဲ့တစ်ဖွဲ့ လား"

"မဟုတ်ပါဘူး"

"ဒြော် ဘယ်လိုလူတွေက ဖွဲ့ထားပါသလဲ"

"တိုင်းပြည်လူမျိုး၏အကျိုးကို ဆောင်ရွက်လိုသော သူများက ဖွဲ့စည်းထားတယ်ဆိုပဲ၊ သေသေချာချာတော့ ဖြိမ်းမှသာ သိမှာပါ"

"သည်နိုင်ငံရေးရာအဖွဲ့က တရားလိုလား၊ တရားခံလား"

"တရားလိုလည်း မဟုတ်၊ တရားခံလည်း မဟုတ်"

"ဒါနှင့်ပဲ"

"တရားသူကြီးဆိုတာဟာ တကယ်တရားစေချင်ရင် တရားခံ သော၊ တရားလိုသော၊ သက်သေသော ဘာသော၊ ညာသောမဟုတ်၊ မည်သူမဆို တရားနှင့်ပတ်သက်၍ အရေးအရာရောက်ရောက် အကြံပေး သော် လက်ခံပြီးအရေးယူသင့်တယ် ထင်က အရေးယူမယ်"

"သည်လိုလား"

"ဓမ္မသတ်သဘော၊ ရာဇသတ်သဘောဆိုတာ ပေထဲမှာ ရေးထား တဲ့ ကောက်ကောက် ကွေးကွေး၊ သက်သေဆိုတာ မျက်နှာအာထား၊ အသပြာ ကျေးဇူးတို့ဖြစ်နေတာလည်း ရှိတယ်။ များစွာ ရှိနေတယ်၊ ကြီးကျယ်ထင်ရှားသော တရားတစ်ခုဖြစ်လာရင် တရားသူကြီးက စစ် ဆေးလို့ မပြီးသေးဘူး၊ သက်ဆိုင်ရာ လောကက စီရင်ချက်ချနေပြီ၊ လိုစီရင်ချက်နှင့် တရားသူကြီး၏စီရင်ချက်သည် ကျောချင်းကပ်သွား ခဲ့ရင် တရားသူကြီး၏စီရင်ချက်ဟာ ကိုးဆယ့်ကိုးရာခိုင်နှုန်း အမှားများ နေတာပဲ။ ဒီနိုင်ငံဟာ ဘယ်တော့မှ မအေးဘူး၊ တရားသူကြီးကိုလည်း လူထုက မယုံဘူး။ အဲသည်တော့ သည်နိုင်ငံဟာ ဦးကနိမ် ပွဲကထောင်၊

www.burmeseclassic.com

www.burmeseclassic.com



တနိမ့် ဦးကထောင်ဖြစ်နေတာပဲ"

"ခုံများသဘောကော တရားသူကြီးခင်ဗျာ"

"ကျွန်တော်တို့ နိုင်ငံမှာ ရွှေမြို့တော်အတွင်းမှာ ခုံတစ်ခု၊ ပြင်ကြီး သနပြင်မှာ ခုံတစ်ခုစီ၊ မြို့တိုင်း ရွာကြီးတိုင်းမှာလည်း ခုံများရှိပါတယ်"

"ခုံကို ဘုရင်က ခန့်ထားသလား၊ ညီလာခံက ခန့်ထားသလား၊ တရားလွှတ်တော်ချုပ်က ခန့်ထားသလား"

"ခုံဆိုမှပဲ မည်သည့်အာဏာပိုင်ကမျှ မခန့်ဘူးဗျ။ ခုံကိုအာဏာပိုင် တစ်ခုခုက ခန့်ထားရင်ခုံမဟုတ်တော့ဘူး၊ အထူးတရားသူကြီး ဖြစ် သွားမှာပေါ့"

"အဲသည် သဘောကို ပြောစမ်းပါဗျာ"

"မည်သည့်မြို့၊ မည်သည့်ရပ်ကွက်၊ မည်သည့်ကျေးရွာမှာ မဆို သူတို့အထဲတွင် အတည်ကြည်ဆုံးနှင့် အတတ်ပညာ အရှိဆုံးလူရှိ ရမယ်"

"ဟုတ်ကဲ့..."

"အတတ်ပညာရှိပြီး မတည်ကြည်တဲ့လူကို ခုံတင်မြှောက်က အဂတိ လိုက်စားပြီး မကျေမနပ်ဘဲ ကသောင်းကနင်းဖြစ်ရတတ်တယ်။ တည်ကြည်ပြီး အတတ်ပညာမဲ့တဲ့လူကို ခုံတင်မြှောက်တော့ အမှားမှား အယွင်းယွင်းဖြစ်ရတတ်တယ်။ ဒါကြောင့် အတတ်ပညာရှိ ပြီး တည်ကြည်တဲ့လူကိုရှာပြီး လူထုကတင်မြှောက်၊ လွှတ်တော်သို့ အကြောင်းကြား၊ ဒီလူကို လွှတ်တော်က အတည်ပြုရပါတယ်။ မငြင်း ပယ်ရ၊ ငြင်းပယ်သော် ငါ့သဘောနှင့်အုပ်စိုးမယ်ဆိုလိုရာ ရောက်နေ ပါတယ်"

"သည်လိုဗျာ"

"ဆို ဘယ်လိုလဲ"



"ခုံမြှောက်ဖို့ လူမရဘူးတဲ့"

"ဒီလို လူမရှိဘူးဆိုပြီး လူထုက မတင်မြှောက်၊ သို့မဟုတ် လူထု က ကွဲပြီး ခုံနှစ်ယောက် သုံးယောက် အလိုရှိနေရင် ဘုရင်မင်းမြတ် နှင့် လွှတ်တော်က မည်သူ့ကိုမျှ ခုံအဖြစ်နှင့် ထိုရပ်ကွက်၊ ထိုရွာ၊ ထို မြို့အတွက် အတည်မပြု၊ အဲသည်တော့ ထိုရပ်ကွက်များသည် တရား ရုံးများရဲ့စီရင်ခြင်းနှင့်သာ အဆုံးသတ်ရပေတယ်၊ အဲသည်တော့ လူထု ကလည်း သိတတ်ပြီး ခုံတင်မြှောက်ကြတယ်"

"ဟုတ်ကဲ့၊ ခုံဟာ ဘယ်လိုအခွင့်အရေး ရကြပါသလဲ"

"မိမိရဲ့အကျိုးငှာ တစ်စုံတစ်ရာသော အခွင့်အရေးကိုမျှ မရကြ ချေ။ ခုံသည် ကွမ်းဖိုးဆေးဖိုးယူသော်၊ လက်ဆောင်ပဏ္ဏာယူသော် ခုံ ကျိုးလေတော့ပြီ"

"အို..."

"ခုံဟာ သာမန်အသည်များသာ ဖြစ်၍ ကိုယ့်ဝမ်းစာကို ကိုယ် ရှာဖွေစားရပေသည်"

"အာဏာ"

"အာဏာကတော့ ခုံစီရင်ချက်ကို ဘုရင့်အစိုးရက လိုက်နာအရေး ယူအတည်ပြုရပေသည်"

"ပညာရှိအဖွဲ့ကကောဗျာ"

"ခုံထက် ခုံကြီးဗျ။ ခုံတစ်ခုခု ခုံများက မတတ်နိုင်သော် ပညာရှိ အဖွဲ့သို့ တင်ပို့ရပါသည်"

"ကျေနပ်ပြီဗျာ"

× × ×

နောက်တစ်နေ့၌ တရားရုံး၌ သူကြွယ်ကြီး ဦးကောက်ရတို့၏

www.burmeseclassic.com

www.burmeseclassic.com



အမှုကိုဆိုရာ ကာလေးပြည်မှ ပုရောဟိတ်အမျိုးရှိသော ပညာရှိအဖွဲ့သည်လည်း နားထောင်ကာ ရှိနေလေ၏။ တရားသူကြီးလည်း ဤသို့ဆို၏။

"နိုင်ငံရေးရာ အဖွဲ့မှူးကြီး၊ ခိုးသည်ဆိုသည်မှာ ဘာကို ခိုးခိုးခိုး တာပဲ။ ယခု ခိုးတဲ့ပစ္စည်းကို လာပို့လို့ရတာပဲ။ ဘာပဲဖြစ်ဖြစ် အထူးရှည်စရာမလိုဘူးထင်ပါတယ်၊ တရားဆိုရန် လိုမည်မဟုတ်"

"အရှင်တရားသူကြီးမင်း၊ နိုင်ငံတော်အတွက် စောဒနာပါရစေ"

"အင်း"

"ဒီ ခိုးထုပ်ခိုးထည်များကို ဘယ်သူလာပို့ပါသလဲ"

"ဒါကို မသိဘူး၊ ညတိတ်တိတ် လာထားတယ်"

"ထန်းမှုးလွှာတော့ ပါဦးမှာပါ ဘုရား"

"ပေချပ်လွှာများပါ ပါလာတယ်"

"ဒါကို သိပါရစေဘုရား"

"လိုမည် မထင်ပါ"

"နိုင်ငံတော်အရေး ဖြစ်ခဲ့ပါသော် လိုကြောင်းပါ ဘုရား"

"ကိုင်း တရားနာခံတော် ဖတ်ပြလိုက်ပါ"

"တောင်မဈေးဂုံးသူကြွယ် ဦးကောက်ရ၊ သူကြွယ်ကတော်ဒေါ်မိလေးတို့သည် တောင်သူများ၊ အလုပ်သမားများထံက ကောက်ပဲသီးနှံများ၊ အထည်ဝတ္ထုပစ္စည်းများကို သိမ်းသောအခါ၌ အလွန်စဉ်းလဲပြီးလျှင် နည်းလှစွာသောဈေးနှုန်းနှင့်သိမ်းပါသည်"

"ထိုသို့ သူ့ထံရောင်းရသောသူတို့သည် သူ့ထံမှ အတိုးကြီးစွာနှင့်ငွေချေးယူကာ လမ်းသွားရသော သူများသာ များပါ၍ သူ၏ သဘောကျ ရောင်းရပါသည်"

"မေးပါရစေ ဘုရား"



"မေးပါ"

"ထိုစကားသည် မှန်ပါသလား သူကြွယ်ကြီး ဦးကောက်ရ"

"ကျွန်ုပ် ဈေးနှိမ်ဝယ်ခြင်းကား မှန်တယ်။ ဒါပေမဲ့ သူရောင်းလို့မှ ရောင်းပေါ့၊ အတင်း ရောင်းရမယ်လို့ ကျွန်ုပ် မဆို"

"တောင်သူများ၊ အလုပ်သမားများသည် တစ်ရာမှာ နှစ်ဆယ်ကျွစ်တိုးနှင့် သူကြွယ်ကြီးထံမှာ ငွေတိုးယူပြီး အလုပ် လုပ်ကြရတယ် မဟုတ်လား"

"အားလုံး မဟုတ်ပါ"

"များသော သူများ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီအတိုးနှင့် အရင်းကို ဒလပ္ပ သံကြပ်တောင်းဆိုတော့ သူတို့ရဲ့ ပစ္စည်းများကို ရောင်းရာရတယ် မဟုတ်လား"

"သဘော သက်ရောက်ပါတယ်"

"သက်ရောက်ရုံနှင့်မက မှန်ပါတယ်"

"ထားပါတော့"

"တရားသူကြီးမင်းဘုရား၊ အဲဒီတော့ ဒီကျင့်ထုံးဟာ ဓမ္မသတ်၊ ရာဇသတ်နှင့် လွတ်ကင်းနေတဲ့ အနုကြမ်းပင် ဖြစ်နေပါတယ် ဘုရား"

"အင်း"

"ဆက်၍ ဖတ်ပြတော်မူပါ"

"ကုန်စည်ပစ္စည်းများကို သိုလှောင်ထား၍ ရှားပါးလုသောအခါမှ အလိုရှိသူများထံ၌ စဉ်းလဲသော သဘောနှင့် မတန်တဆ အမြတ်ယူကာ ရောင်းချပါသည်။ ၎င်းသည် ဓမ္မသတ်၊ ရာဇသတ်နှင့် ဆန့်ကျင်သော မားပြတိုက်ခြင်း တစ်မျိုး ဖြစ်နေပါသည်"

"မေးပါရစေ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"ငြင်းတော်မူနိုင်ပါသလား"

"မငြင်းနိုင်ပေမဲ့ ဓားပြတော့ မဟုတ်ပါ"

"စဉ်းစားတော်မူပါ၊ ထိုပေါက်ဈေးမြင့်မြင့်ကိုဝယ်ရင်ဝယ်၊ မဝယ်သော် ပြဿနာဆိုက်လာမည်ကို စိုးရိမ်သဖြင့် ဝယ်ကြရပါသည်။ ထို့ကြောင့် ငွေနှင့်လက်နက်ပြုကာတိုက်သော ဓားပြသဘောကို သက်ရောက်ပါသည်"

"အင်း"

"ဆက်ဖတ်တော်မူပါ နာခံတော်မင်း"

"သူကြွယ်ကြီး ဦးကောက်ရသည် ထိုသို့ ပြု၍ ရောင်းဝယ်နေသောကြောင့် နိုင်ငံတော် ဥပဒေမှလွတ်ကင်းနေသော ဓားပြ၊ အနုကြမ်း၊ သူခိုးဖြစ်နေပါသည်"

"ထိုမှတစ်ပါး အလွန်ကြောက်စရာကောင်းသော ဦးကောက်ရသည် လက်ဝတ်လက်စားများကိုရွှေရည်စိမ်ထား၍ သူ့ထံဝတ်ဆင်ရန် လာရောက်ငှားရမ်းသောသူများအား အခနှင့်ငှားလိုက်ပြီးသော် ပြန်ပေးသောအခါ ငါက ရွှေအစစ်ကို ငှားတယ်၊ ညည်းတို့ပြန်ပေးတော့ ရွှေရည်စိမ်ကိုပေးတယ်၊ ရုံးတော်ကို တရားစွဲမယ်ဆိုသောကြောင့် လျော်ရသောသူ များစွာရှိနေပါသည်၊ မလျော်နိုင်သောသူပေါင်းများစွာမှာ အတိုးကြီးစွာဖြင့် ချေးငွေအဖြစ်နှင့်ဆပ်ကြရတုန်း ဖြစ်ပါသည်"

"ပြင်စိုးမင်းသိသော မိမြ၊ မိလှ၊ မိကောင်းစံ၊ မိသွယ်၊ မိချယ်၊ မိနှင်းအုံ၊ မိနှင်းယုံ၊ မိသာလိ၊ မိဖာစုတ်၊ မိပုလုံးတို့ကို ဆင့်ခေါ်၍ မေးက သိနိုင်ပါသည်ဘုရား"

"ထို့ကြောင့် နိုင်ငံတော်တရားဥပဒေနှင့် မငြိစွန်းဘဲ ကင်းလွတ်အောင် ခိုးနိုင်သော၊ အနုကြမ်းစီးနိုင်သော၊ ဓားပြတိုက်နိုင်သော ဦးကောက်ရကို မင်းမှုထမ်းတို့က မတတ်နိုင်သောကြောင့် ကျွန်တော်မျိုး ဦးကောက်ရတို့ထံမှာ ခိုးယူရာ ထိုရွှေရည်စိမ်များကို ရခဲ့ပါသည်။ ထို့ကြောင့် တရားရုံးတော်သို့ အမှုဆိုလိုသူ တိုင်းပြည်ချစ် မျိုးချစ်ပုဂ္ဂိုလ်များရှိပါက တရားဝင်ရောက်ဆိုရန်အကြောင်းကို ပေနှင့်တကွ ထိုရွှေရည်စိမ်ပစ္စည်းများကို ပေးပို့ထားပါသည်"



"အရှင် တရားသူကြီးမင်း၊ ကျွန်တော်မျိုး မှူးကြီးက ဦးကောက်ရကို သူခိုးဆိုသည်မှာ မှားပါသလား။ မှားခဲ့ပါသော် အနုကြမ်းတစ်နည်းတုံ ဥပဒေမှ လွတ်ကင်းနေသည့်ငွေကို လက်နက်ပြုကာ၊ ဉာဏ်ကို လက်နက်ပြုကာတိုက်နေသော ဓားပြကြီးပင်ဆိုရပါမည်။ တွေဝေတော်မမူဘဲ ယတိပြတ်ကောက်ချက်ချတော်မူပါဘုရား"

"သူကြွယ်ကြီး ဘာပြောမလဲ"

ဦးကောက်ရကား တစ်ခုံတစ်ရာမျှမပြောဘဲ ခေါင်းကို ငုံ့၍နေလေရာ တရားသူကြီး ဦးရမ်းမြသည် ဤသို့လျှင် ချက်ချင်းစီရင်လေသည်။

"သူကြွယ်ကြီး ဦးကောက်ရသည် နိုင်ငံတော်ကို နစ်နစ်နာနာ ထိခိုက်လာအောင် စဉ်းလဲသောသူဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သူ့ထံမှာ ခိုးသောသူခိုးသည် ခိုးယူသင့်သောသူထံ၌ ခိုးယူရာ ရောက်သည်"

"ဦးကောက်ရသည် ထိုသို့ ကြောက်စရာကောင်းအောင် စဉ်းလဲမှုကြောင့် သူ့ထံပေးစရာရှိသော မြီးစားများထံမှ မတောင်းမယူဘဲ စာရင်းပွတ်လိုက်ရမည်။ မပွတ်က ကြီးစွာသော ရာဇဒဏ်ကိုပေးရလိမ့်မည်"

"ထို့ပြင် ဦးကောက်ရအား အမှုကျူးလွန်ခဲ့ခြင်းထင်ရှား၍ ငွေအသပြာတစ်ရွေးဒဏ်ရိုက်လိုက်သည်။ ထိုငွေကို ပြည်သူ့ဘဏ္ဍာတော်တိုက်သို့သွင်း..."

www.burmeseclassic.com

www.burmeseclassic.com



တောင်ပြင်တရားသူကြီး ရမ်းဗြဲစီရင်ထုံး

"ကျေနပ်ပြီလားမှူးကြီး"

"သူသည် သူကြွယ်ဖြစ်သော်လည်း ငွေအသပြာတစ်ပဲသာ တန်သောကြောင့်ကျေနပ်ကြောင်းပါ ဘုရား"

× × ×

သူကြွယ်ကတော် ဒေါ်မိလေးသည်ကား တရားရုံးတော်တွင် ရှုံးချကာ ငိုလေတော့၏။ ထိုအခါ နိုင်ငံရေးရာအဖွဲ့မှူးကြီးသည် ဤသို့ဆိုလေ၏။

"မမ၊ ယခုမှ မငိုပါနှင့်။ မမသည် တောင်ပြင်၌ စာပွဲသဘင်ကို ခုနစ်ရက်တစ်ကြိမ် ကျင်းပရာ နားမထောင်စဖူး။ လောကမှာ ငွေချမ်းသာသော၊ ငွေပေါသူသာလျှင် တကယ့်အဖိုးတန်လူဟု ထင်ခဲ့ပေသည်။ ငွေချမ်းသာသူ၊ ငွေပေါသူ၊ ဂုဏ်ကြီးသူ အစိုးတရအာဏာပိုင်များသည် ကိုယ့်ဖို့သာ စဉ်းလဲချေသော် တိုင်းပြည်ကို မီးတိုက်သူများသာ တဖြည်းဖြည်း ဖြစ်လာ၍ တန်ဖိုးကင်းမဲ့ကြောင်းကို သတိပြုပြီးလျှင် ရှေ့အဖို့၌ သွားသော လမ်းကိုလမ်းကောင်းဖြစ်ပါစေဟု ငိုနေမည့်အစားသတိပြုရန်တောင်းပန်ပါသည်"

× × ×

ကာလေးပြည်မှ ပုရောဟိတ်အမှူးပြုလာသော ပညာရှိအဖွဲ့သည် တိုင်းပြည်စည်ပင်သာယာ အေးချမ်းခြင်းအကြောင်း၏ အရိပ်နိမိတ် ကို ထင်မြင်လာကြလေ၏။

တစ်နေ့သော ညနေ၌ ကာလေးပြည်မှ ပုရောဟိတ်ကြီးနှင့်သလ္လာဝတီပြည်မှ ပုရောဟိတ်ကြီးသည် ကျွန်ရုပ်မ၏အိမ်သို့ မိတ်ဖွဲ့သွားကြ



လေ၏။ ထိုအခါ ကျွန်ရုပ်မသည် ၎င်း၏ အိမ်ဝိုင်းအတွင်း၌မြက်များကိုရိတ်လျက် တစ်နေ့ရာစီ စုပုံထားလေ၏။ ကျွန်ရုပ်မ၏ ခေါင်း၌ တဘက်ငယ်ကို ပတ်ပေါင်းထား၏။

သလ္လာဝတီပြည်က ပုရောဟိတ်ကြီးသည် ကာလေးပြည်က ပုရောဟိတ်ကြီးအား "ဤကား ပညာရှိမယ် နိုင်ငံတော့်အမေ ကျွန်ရုပ်မ" ဟု ပြလေ၏။ ကာလေးပြည်ပုရောဟိတ်သည် ဤမျှလောက် နာမည်ကြီး၍ ထင်ရှားကျော်ကြားနေသော ပညာရှိမယ်တစ်ယောက်သည် အိမ်ဝိုင်းအတွင်း၌ မြက်ရိတ်နေသလောဟု အလွန်အံ့အား သင့်သွားလေ၏။

ကျွန်ရုပ်မသည်ကား ပုရောဟိတ် နှစ်ယောက်ကိုမြင်သဖြင့် "ဘာပါလဲ၊ အိမ်ပေါ်ကြွပါ" ဟုပင့်ပြီးသော် မိမိမူကား နောက်ဖေးမှ လှည့်တက်၍ ခြေလက်ဆေး၊ မျက်နှာသစ်၊ အဝတ်လဲပြီးလျှင် ဧည့်ခန်းသို့ ထွက်လာခဲ့၍ ဤသို့ပြောဆိုနေကြလေ၏။

"မမ၊ ဒါဟာ ကာလေးပြည်က ပုရောဟိတ် ပညာရှိကြီးပါ"

"ဟုတ်ကဲ့"

"ကျွန်ုပ်တို့ သလ္လာဝယ်ပြည်ကြီး၌ စည်ပင်သာယာတယ်ဆိုလို့ အကြည့်အရှုလာတာပဲ"

"ကျွန်တော်မျိုးမတို့ တိုင်းပြည်ကြီးသည် စည်ပင်သာယာပါသလား"

"သည်းခံတော်မူပါ မမ"

"ကျွန်တော်မျိုးမ ဘာကိုသည်းခံရမှာလဲ၊ သည်းခံစရာ မတွေ့ရသေးပါ"

"မမအား ဘက စကားနှင့်တင်စီးပြီး ထောက်ကြည့်မိခြင်းပါ၊ မိမိသည် ပညာရှိမယ်နှင့်မျှမက ပညာရှိ သုခမိန်မယ်ဖြစ်ကြောင်းကို သိရ၍ မနောမယိဒ္ဓိပတ္တာမြား တွေ့ရဘိသကဲ့သို့ ဝမ်းသာလှပါသည်"

www.burmeseclassic.com



"ဘာ၊ ကျွန်ရုပ်မ၏အပေါ်၌ ဘ၏ ထင်မြင်ယူဆချက်သည် အတော်မြင့်သွားပါပြီ"

"မမြင့်ပါ မမ၊ နိမ့်တန်ရင်သာ နိမ့်ပါမည်"

"ကျွန်ရုပ်မကား အတတ်ပညာကို ဆည်းပူးရတုန်းပါရှင်"

"ဘတို့ မမထံ နည်းနာယူပါရစေ"

"ကျွန်ရုပ်မသည် သူတစ်ပါးအား နည်းနာပေးနိုင်လောက်အောင် အတတ်ပညာမရှိသေးဟုထင်ပါသည်ရှင်"

"ဟာ... ဟုတ်ရိုးလား၊ နာယူပါရစေ"

"ကျွန်မ အားသောနေ့မှာ အချိန်ပေးပါမည်ရှင်။ ယနေ့ညမှာပင် ဇာတ်ပွဲသဘင်သို့တက်၍ ကျွန်မ နာယူရပါဦးမည်ရှင်"

"အဆွေ ယနေ့ည ဇာတ်ပွဲသဘင်ရှိသလား"

"ရှိပါတယ်"

"ဘယ်မှာလဲ"

"ရွှေမြို့တော်အတွင်း သာလာယံကြီးပေါ်မှာပါ"

"အခန့်သင့်သဗျာ"

ထိုအတွင်း "ကယ်တော်မူပါ မမဘုရား" ဟု အိမ်ဝင်းပြင်ဘက်က အော်နေလေ၏။ ကျွန်ရုပ်မလည်း ဤသို့ဆိုလေ၏။

"ကြွေ ကြွေ"

"မမ"

"ထွက်မေးလိုက်ပါ"

× × ×

"သုသာန်စောင့် ကိုမင်းနောင်ပါ မမ"

"ခေါ်ခဲ့အိမ်ပေါ်သို့"



"မလိုက်ပါ မမ"

"ကြွေကြွေရယ်၊ ခေါ်တာကိုပဲ မလိုက်ရမယ်လို့။ ဆွဲခေါ်ခဲ့"

"လာ၊ မမက ရှင်မလိုက်ရင် ဆွဲခေါ်ခဲ့တဲ့"

"မမလေးရယ်၊ ကျွန်တော်မျိုး မမဘုရားရဲ့အိမ်ဝင်းထဲသို့ ဝင်ထိုက်သောသူမဟုတ်ပါ"

"ရှင် ဒီလိုသာ ညောင်နာနာနှင့်ပြောနေ၊ မမက ကြားရင်ဆင်းပြီး ပါးချလိမ့်မယ်။ လာလိုက်ခဲ့"

ပုရောဟိတ်ကြီးနှစ်ဦးကား ထိုစကားတို့ကိုကြား၏။

သုသာန်စောင့် မင်းနောင်သည် ပါလာ၍ ဒူးတုပ်ကာ တက်လာရာ ကျွန်ရုပ်မသည် ဤသို့ဆိုလေ၏။

"မောင် မောင် မောင် ဒါဟာ ဘယ့်နှာလဲ။ ထပါ၊ ထပါ၊ ထပါ"

"မဝံ့ပါ ဘုရား"

"သြော်...ထဆိုထ၊ ဟောဟိုမှာထိုင်"

"မဝံ့ပါ"

"ကြည့်စမ်း ဝံ့ရတယ်ထိုင်၊ မင်းညီ မင်းသားတွေတောင် ဒီနေရာမှာ ထိုင်သေးတာပဲ၊ မောင်ဟာ အင်မတန် မြင့်မြတ်တဲ့ အလုပ်ကို တိုင်းပြည်လူမျိုးများအတွက်လုပ်နေတာပဲ။ ထိုင်၊ ထိုင်ရမယ်"

"မှန်လှပါ"

"ဘာလဲ ဆိုစမ်း၊ ဘာကိုကယ်ရမှာလဲ"

"နားနှင့်မပါ ဖဝါးတော်နှင့် သာတော်မူပါ။ ကျေးတော်မျိုး၏ အိမ် ရှင်မမှာ မီးမဖွားနိုင်လို့ပါ ဘုရား"

"မောင်ကဲ"

"မမ"

"ရထားပြင်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ညို"

"မမ"

"အိမ်ရှေ့မိဖုရားအနန်းကို သွားပင့်ချေပါ၊ သုသာန်စောင့် မင်းနောင်ရဲ့မိန်းမဘဒ္ဒဝတီ ဝမ်းနာနေလို့လို့"

အိမ်ရှေ့မိဖုရားနန်းကြိုင်သည်လည်း ကိရိယာအစုံနှင့်လိုက်ပါလာရောက်၍ ကျွန်ရုပ်မသည် ပုရောဟိတ်နှစ်ယောက်အား "သည်းခံကြပါဦး ဘတို့။ ကျွန်မ မကြာမီနေ့ပေးပါ့မယ်၊ ခု အရေးကြီးလို့ပါ၊ ကျွန်မ ဦးတင်ခဲ့ပါသေး၊ မင်္ဂလာ"ဟု နှုတ်ဆက်ပြီးသော် သုသာန်စောင့်မင်းနောင်ကိုပါ မင်းစီးရထားပေါ်သို့ တင်၍ မိန်းမကျော်နှစ်ဦးသည် သုသာန်သို့ သွားကြလေ၏။

အစောင့်တို့လည်း မြင်းနှင့်လိုက်ကြရလေ၏။

"ကာလေးပြည်မှ ပုရောဟိတ်ကား ထိုသဘောကို ကောင်းစွာ တပ်အပ်ကျ မြင်ရကာလ အံ့ချီးမကုန်နိုင်အောင် ဖြစ်ပြီးလျှင် ပုရောဟိတ်နှစ်ယောက်သည် ဤသို့လျှင် စကားတပြောပြောနှင့် ပြန်ကြလေ၏။

"မိတ်ဆွေတို့၊ သလ္လာဝတီမှာ တိုင်းသူပြည်သားများဟာ ပြည်ပရန်ကို အသက်နှင့်လဲကာ ကာကွယ်မယ်ဆိုတာ ယုံတယ်ဗျာ"

"ဘာကြောင့်တုံး မိတ်ဆွေ"

"ကြည့်ပါလားဗျာ၊ အိမ်ရှေ့မိဖုရားနှင့် အနိုင် နိုင်ငံတော်မှာ ကျော်ကြားနေတဲ့ ပညာရှိမယ် နှစ်ယောက်က သုသာန်စောင့်မယားကို မီးဖွားပေးဖို့လိုက်သွားတာဟာ ဘယ်နိုင်ငံမှာ ကြားဖူးမလဲ"

"မိတ်ဆွေ၊ လူ့ဝတ္တရားဗျ"

"ခင်ဗျားတို့ရဲ့ လူ့ဝတ္တရားကလည်းဗျာ တရားလွန်အားမကြီးဘူးလား"

"မိတ်ဆွေ့နှယ်၊ အကြီးအကဲတို့ရဲ့ ဂုဏ်ခြောက်ပါးမှာ သနားခြင်း



နှင့် ကြည့်ရှုစောင့်မခြင်း ပါတယ်ဗျ"

"ဒါကြောင့် ခင်ဗျားတို့ပြည်ဟာ စီညီပြီး သာယာဝပြောတာပဲ၊ ဘုရင့်အကျိုးကို အသက်နှင့်လဲပြီး ဆောင်ရွက်ကြမယ်ဆိုတာ ယုံတယ်ဗျာ။ ခုဒါဟာ တမင်ပြုရုပ်လုပ်ပြီး ပြတာမဟုတ်၊ အစနေ့သင့်လို့တွေ့ရတာ။ အခေါင်အထိပ် ပညာရှိမယ်တဲ့ဗျာ၊ အိမ်ဝိုင်းထဲမှာ မြက်ရိတ်လို့။ ကိုယ်တို့နိုင်ငံမှာများ မြို့စာရေးကလေးကတော်ဖြစ်ရင်ပဲ ညနေခင်းမှာ ဖြီးလိမ်းခြယ်သကာ နောက်လိုက်နောက်ပါနှင့်လမ်းလျှောက် ဂုဏ်ပြိုင်တကယ်ဆို အိမ်မှာ မြက်ရိတ်၊ မြက်ထိုး၊ သစ်ပင်ရေလောင်း၊ လုပ်စရာမရှိရင်တောင်အိမ်မှုအိမ်တာလုပ်ဖို့၊ သိပ်ကွာတယ်ဗျာ၊ ကျွန်တော်တို့ပြည်မှာ ပြုပြင်ဖို့ သိပ်ခက်နေတာပဲ"

ညဦးအချိန်သော် သလ္လာဝတီမှ ပုရောဟိတ်ကြီးနှင့်ကာလေးပြည်မှ ပုရောဟိတ်ကြီး၏ပညာရှိအဖွဲ့သည် ရွှေမြို့တော်အတွင်း စာပွဲသဘင်သို့ သွားရောက်ကြလေ၏။

ထိုစာပွဲသဘင်၌ ဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ ဝန်ကြီးများ၊ ဝန်ကတော်များနှင့် သားသမီးများပင် တက်ရောက်နားထောင်ကြလေ၏။

(ကျွန်ရုပ်မနှင့် အိမ်ရှေ့မိဖုရား နန်းကြိုင်တို့သည်ကား ဟောပြော၍ အတန်ကြာမှ ရောက်လာကြ၏။)

အချိန်ကျသော် လူငယ်တစ်ယောက်က ဟောပြောရန်နေရာသို့ ရောက်လာ၍ စာပွဲသဘင်ကို အချိန်ကျသဖြင့်ဖွင့်လှစ်ပါတော့ပြီ ခင်ဗျား ယနေ့ ဟောပြောမည့်သူကား သလ္လာဝတီနိုင်ငံတော်၌ နာမည်ကျော် ပြည့်တန်ဆာမ မှုမှုခင်ပါ ခင်ဗျာ"

(လက်ခုပ်သံတို့သည် တဖြောင်းဖြောင်းနှင့် ရှေလေ၏။)

ကာလေးပြည်ကြီးမှ ပုရောဟိတ်ကား "အင်း...တို့ကို ကြောင်

www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ပြည့်တန်ဆာမက လူရေးလူရာဝင်လို့ ဟောပြောရသလား။ ပြည့်တန်ဆာမ ဟောပြောသည်ကို ဘုရင်ကစပြီးလျှင် လူကြီးလူ ကောင်း အသီးသီးများပါ ပါဝင်နားထောင်ရသလား" ဟု တွေးဆကာနေလေ၏၊

ပြည့်တန်ဆာမ မှုမှုခင်သည်ကား သဘာကိုဦးတိုက်၍ ဤသို့ ဟောပြောလေ၏။

"သဘာရှင်၊ ကျွန်မ ဤသဘာ၌ ဟောပြောရသည်မှာ သုံးကြိမ် ရှိနေပါ၍ အခြားသူများလည်း ကျွန်မထက် တတ်သိကျွမ်းကျင်ပါ သဖြင့် ဟောပြောတော်မူကြရန်တောင်းပန်ပါသည်"

"ကျွန်မ ဟောပြောသည်မှာလည်း မေမေကျွန်ရုပ်မ၏ သွန်သင် ထားသော သဘောထက် မလွန်ဆန်ပါ၍ ယနေ့ "သည်လိုမှတို့ သလ္လာဝတီ" ဆိုသော အကြောင်းပါရှင်"

"သဘာရှင်၊ တိုင်းပြည်သည် စည်ပင်သာယာဝပြော၍ တိုင်းပြည် ကြီးတန်ခိုးရှိရန်သည် တိုင်းသူပြည်သားတို့၏အပေါ်မှာ တည်ပါသည် ရှင်"

"ကျွန်မသည်ကား အကျည်းတန်သလို၊ စကားကလည်း မယဉ် ကျေးသဖြင့် ဖွေမယူဘဲ နားဆင်တော်မူရန် ပဏာမပြုပါသည်"

"လူဆိုသည်မှာ အလုပ်သမားဖြစ်ပါသည်။ အကြောင်းသော်ကား တိရစ္ဆာန်သည် လူက မခိုင်းမစေဘဲ သူ့သဘောအလျောက် သူတစ်ပါး ၏အကျိုးပြုမှု ဘာကိုမျှမလုပ်ပါ။ စား၊ အိပ်၊ မေထုန်မှီဝဲအပျော်ခွဲ၊ ရန်ပွဲပြု၊ ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစားနှင့် နေကြပါ၍ ၎င်းတို့မှာ နိုင်ငံ ရှိသော်လည်း တိုင်းပြည်မြို့ရွာ မရှိနိုင်ပါ။ ထို့အတူ လူသည်အလုပ် မလုပ်သောသူ သည် သူမိုခိုသော တိုင်းပြည်မှ တိုင်းသူပြည်သားအဖြစ်ကို ဆုံးရှုံးစေရာ ရောက်ပါသည်ရှင်"



(လက်ခုပ်သံများသည် ဆူညံသွားလေ၏)

"သဘာရှင်၊ တိုင်းပြည်သည်လည်း ထိုအလုပ်သမားများအပေါ် မှာ မူတည်နေပါသည်"

"အလုပ်သမားဟူသည်ကား ဝမ်းရေး၊ ခါးရေး အတွက်လုပ်ကိုင် စားသောက်နေထိုင်ရသော သူဟူသမျှတို့နှင့် သက်ဆိုင်၍ ရှင်ဘုရင်၊ ဝန်ကြီး၊ မှူးမတ်၊ မင်းကြီးစိုးကြီး မင်းမှုထမ်းတို့မှာသာ ဥပဒေစည်း မျဉ်းထုံးတမ်းရှိပါသည်။ အယုတ်သဖြင့် ကူလီလက်ခစား၊ သူမိုး၊ ဓား ပြ၊ သူဘရာဇ၊ ဒွန်းစဏ္ဍားသူတောင်းစား၊ သူသာန်စောင့်တို့မှာပင် ဥပဒေထုံးတမ်းရှိပါသည်"

"ဥပဒေစည်းမျဉ်းထုံးတမ်းမရှိသော၊ ဥပဒေစည်းမျဉ်းထုံးတမ်းကို မရှိသေ မလိုက်နာသော မည်သည့်အလုပ်သမားမဆို တိုင်းပြည်၌ အလုပ်သမားမဟုတ်။ တစ်စုံတစ်ခုကို သူ့အင်အား ဉာဏ်ပညာနှင့် ဆောင်ရွက်၍ တိုက်ခိုက်ဖျက်ဆီးနေသော သူသာလျှင်ဖြစ်ချေသည်"

(လက်ခုပ်သံများသည် ညံသွားလေ၏)

"အလုပ်သမားသည် တစ်နည်းတုံ့ အလုပ်သမားများသည် ငါချမ်း သာအောင်၊ ငါ့မှာ ရွှေငွေပေါအောင်၊ ငါသူဌေးဖြစ်အောင်၊ ငါဂုဏ်ကြီး အောင်၊ ငါထင်ပေါ်ကျော်စောအောင်၊ ငါအာဏာကြီးအောင်၊ ငါပိုင်စိုး နိုင်အောင် အလုပ်လုပ်သည်ရှိသော် ကိုယ်ဖို့အတွက် တဖြည်းဖြည်း စဉ်းလဲလာမည်။ လိမ်လည်ကောက်ကျစ်လာမည်။ အဂတိလိုက်စားလာ မည်။ နိုင်သလို ဖိစီးနှိပ်စက် ညှဉ်းဆဲလာမည်။ တဖားဖားနှင့်ခယ၍ ကိုယ်ကောင်းစားအောင် ဆောင်ရွက်မည်"

"ထိုသူသည် တိုင်းပြည့်အလုပ်သမားမဟုတ်၊ တစ်ခုခုသော အလုပ် နှင့်တိုင်းပြည်ကိုဖျက်ဆီးနေသောသူဖြစ်လေသည်။ ထိုသို့သော သူတို့ များနေသော တိုင်းပြည်သည် ပျက်ရမည်၊ သူ့ကျွန်ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မထူကဲ်သော်၊ သူ့ကျွန်မဖြစ်သော် ထိုတိုင်းပြည်သောင်မီးကျနေသကဲ့သို့ဖြစ်၍ အစဉ်ငိုကြွေးမြည်တမ်းနေရပြီးလျှင် တဖြည်းဖြည်း ခန်းခြောက်လာရပေလိမ့်မည်"

"သဘာရှင်၊ ထိုသို့ဖြစ်ရကား တိုင်းပြည်၌ အလုပ်သမား၊ အလုပ်သမတစ်ယောက် တစ်နည်းတဲ့အလုပ်နှင့် တိုင်းပြည်လူမျိုးကိုတည်ထောင်နေသောသူသည် သူဟူသည်ကား သူတစ်ပါး၏ တရားသဖြင့် ထိုက်တန်သော အကျိုးစီးပွားကောင်းကိုအလိုရှိပြီးသော် လိုက်နာလုပ်ကိုင်ဆောင်ရွက်နေသောသူဖြစ်ပါသည်"

"သူတစ်ပါး၏တရားသဖြင့် ထိုက်တန်သော အကျိုးစီးပွားကောင်းကို မလိုလားသောသူသည် ငါစားသာ၊ ငါဝဏ်ကြီးအောင်၊ ငါသြဇာကြီးအောင်၊ ငါကောင်းသော အကျိုးရှိအောင် ဆောင်ရွက်သူ အလိုအလျောက်ဖြစ်လာရခြင်းကြောင့် ထိုသူသည် တခြားသူတို့ကို ရန်ပြုသူဖြစ်မှန်းမသိ ဖြစ်လာရခြင်းဖြစ်၍ တိုင်းပြည်လူမျိုး၏ရန်သူဖြစ်လာချေတော့ပြီ။ ထိုသို့ တိုင်းပြည်၏ရန်သူပေါများလာချေသော် ထိုတိုင်းပြည်သည် မည်သို့ဖြစ်ရမည်ကိုသဘာသည် စဉ်းစားဖို့ရန် လွယ်ကူလှပါသည်ရှင်"

"ထို့ကြောင့် မိမိ၏တိုင်းပြည်နှင့်မိမိ၏လူမျိုးကို တိုင်းပြည်လူမျိုးမှန်းသိ၍ချစ်အပ်သည်အတိုင်း ချစ်သည်ရှိသော် မိမိသည် အလုပ်သမားတစ်ယောက် အလုပ်လုပ်နေသော သူတစ်ယောက် ဖြစ်ရမည်။ ထိုလုပ်ခြင်းသည်၊ တိုင်းပြည်လူမျိုးအတွက်ဟု တိုင်းပြည်လူမျိုး၏အကျိုးကို ရှေးရှုရမည်"

"ထိုသဘောအရ နိုင်ငံတော်ကို အုပ်စိုးထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဖြစ်ပါသည်။ အခြားအခြားတို့ကား မိမိ၏ ယခု ဘဝလောက၌ ကောင်းမွန်သဘောအားဖြင့်လျော်သော



အလုပ်သမားများသာလျှင် ဖြစ်ပါသည်"

"ထိုအလုပ်သမားအရပ်ရပ်သည် ဥပဒေစည်းမျဉ်းကိုချိုးဖဲ့ကာ ဥပဒေရန်သူဖြစ်လာချေသော် တိုင်းပြည်ကိုဖျက်ဆီးသောသူမျှသာ ဖြစ်ပါလိမ့်မည်"

"ထိုသဘောအရ တိုင်းသူပြည်သားတိုင်းသည် တိုင်းပြည်လူမျိုး၏အကျိုးကို ရှေးရှု၍ အလုပ်သမားကောင်းအဖြစ်နှင့်တည်နေကြသည်ကို အထူးခိုင်မြဲစေရန် တောင်းပန်၍ ကျွန်မ အစီရင်ခံသည်ကိုလိုသော် ဖြည့်စွက်၊ ပိုသော် ပယ်ထုတ်တော်မူကြပါဟု သဘာအလိုကိုဖြည့်ရပါသတည်း"

သြဘာသံကြီးသည် ဟိန်းလိုက်ကာ သွားလေသည်။

× × ×

ကာလေးပြည်မှ ပုရောဟိတ်ကြီးသည်ကား စာပွဲသဘင်၌ ပြောဆိုသွားသူသည် ပြည့်တန်ဆာမဟု ဆိုသည်ကို လုံးလုံးမယုံမကြည်ချေ။ မိမိအားလှည့်စားသည်ဟုသာ ထင်မှတ်နေလေ၏။

ထိုသို့နှင့် နောက်တစ်နေ့တွင် ကာလေးပြည်မှ ပုရောဟိတ်အဖွဲ့သည် မိမိအတူ အဖွဲ့သားများနှင့် သလ္လာဝတီပြည် ပုရောဟိတ်ကြီး ပင့်ချီသွားရာ နိုင်ငံရေးရာ အဖွဲ့သို့ ပါသွားလေ၏။

သလ္လာဝတီပြည် ပုရောဟိတ်သည်နိုင်ငံရေးရာအဖွဲ့သို့ ရောက်ကာလ၊ ထိုအဖွဲ့မှ လူသူတစ်ယောက်မှ မရှိ၊အစောင့်မျှပင် မရှိဖြစ်နေလေ၏။စာကလေးများသည် ကစားနေလေ၏။ ထို့ကြောင့်သလ္လာဝတီပုရောဟိတ်သည် ဧည့်သည်များကို ထိုအဖွဲ့တွင်ထားခဲ့၍ ကာလေးပြည်မှ ပုရောဟိတ်ကို ခေါ်ပြီးသော် နိုင်ငံရေးရာအဖွဲ့မှူးကြီး၏အိမ်သို့သွားရောက်လေရာ မှူးကြီးဘိုးမင်းခေါင်သည် များစွာသော ကြက်၊ဖ

www.burmeseclassic.com



ကြက်မ၊ ကြက်သားအုပ်မတို့အား အစာကျွေးနေသည်ကိုတွေ့ရ၍ ဤသို့ပြောဆိုနေကြလေ၏။

"မင်္ဂလာ...မင်္ဂလာ"

"မင်္ဂလာ"

"ပုရောဟိတ်ကြီးဘာကိစ္စရှိပါသလဲ၊ ယစ်ပူဇော်ရန် ကြက်များ အလိုရှိလို့ပါလား"

"မင်းခေါင်၊ မင်း တကယ့်လူ။ မင်းတို့အမေ ရောက်လာပြီး စာပွဲသဘင်မှာဟောပြီးတဲ့နောက် တိရစ္ဆာန် သားငါးတို့ရဲ့အသားများနှင့် ယစ်မပူဇော်တော့ဘူးကွယ်"

"ကောင်းပါတယ်၊ ဘာကိစ္စတော်"

"သည်ပညာရှိကြီးက ကာလေးပြည်က ပညာရှိပုရောဟိတ်ကြီး ကွယ့်"

"ဟုတ်ကဲ့"

"မင်းနှင့်စကားဆွေးနွေးလိုလို့ပါတဲ့"

"အဖွဲ့အရိပ်မှာ ဆွေးနွေးတော်မူပါ။ ကျွန်တော်လိုက်ခဲ့ပါ့မယ်"

"အေး . . . ကောင်းပါတယ်၊ လာသွားကြစို့"

× × ×

နိုင်ငံရေးရာအဖွဲ့၌ အလုပ်မှ ပြန်လာသူ လူဆယ်ယောက်တို့သည်လည်း ရောက်လာ၍ ကာလေးပြည် ပုရောဟိတ်၏ ပညာရှိများနှင့် စကားပြောနေကြလေ၏။

ပုရောဟိတ် နှစ်ဦးနှင့် ဘိုးမင်းခေါင်သည်လည်း နိုင်ငံရေးရာအဖွဲ့သို့ ရောက်လာပြီးသော် ဤသို့လျှင် ပြောဆိုနေကြလေ၏။

"ဘာကိစ္စများပါလဲ ပညာရှိကြီးများ ခင်ဗျာ"



"မိတ်ဆွေက သူကြွယ်ကြီးများ ပစ္စည်းပျောက်ဆုံးတဲ့ကိစ္စမှာ ဘာကြောင့်ဝင်ရောက်ပြီး အရေးဆိုရပါသလဲ၊ ထိုသို့ အရေးဆိုနိုင်ခွင့် မိတ်ဆွေမှာ ရှိပါသလား"

"ဪ . . .သည်လူလား"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ သလ္လာဝတီပြည်မှာ မှုခင်းကိစ္စကို မှန်ရာရောက် အောင် ဝင်ရောက်ကာအရေးဆိုသူရှိသော် တရားသူကြီးကအခွင့် ပြုခြင်း များပါသည်။ တရားသူကြီးအခွင့်ပြုက မည်သူမဆို ထိုမှုခင်းကိစ္စနှင့် ပတ်သက်ပါက အရေးဆိုနိုင်ပါသည်"

"အင်း"

"တရားသူကြီးက အခွင့်မပြုသော်"

"တရားသူကြီးက အခွင့်မပြုသည်ကို မကျေနပ်ခဲ့သော် စာပွဲသဘင်မှာ ထိုအကြောင်းသည် သာဓကအဖြစ်နှင့် ပေါ်လာပါသည်။ ထိုအခါ ၎င်းသည် ပြဿနာတစ်ခုအဖြစ်နှင့် ထင်ရှားလာ၍ တရားလွှတ်တော်ရုံးက အမှုဖွင့်ပြီးလျှင် ထိုပြဿနာကို ပြည်သူပြေလည်အောင် ရှင်းရပါသည်"

"ဪ . . .သည်လိုကိုး၊ မိတ်ဆွေသည် ခိုးသူကိုသိမှာပေါ့"

"ခိုးသူကိုတော့ မရိပ်မိပါ၊ ခိုးခြင်းအကြောင်းကိုတော့ သိပါတယ်"

"ခိုးသူဟာ ခိုးတဲ့ပစ္စည်းများကို ဘာကြောင့်ပြင်စိုး၏ထံသွားပို့ထားပါသလဲ"

"အရှင်းသားကပဲ"

"အမိန့်ရှိပါ"

"ဉာဏကျော်ခေါင်ပညာရှိကြီး။ သည်ပစ္စည်းများဟာ ရွှေရည်စိမ် ပစ္စည်းများဖြစ်ကြောင်းကို သူခိုးကသိတော့ ဘာလုပ်မလဲ၊ ပြင်စိုးထံ

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်သွားထားတာပေါ့"

"ဪ . . .သည်လိုကိုး၊ ခိုးခြင်းအကြောင်းကို အမိန့်ရှိစမ်းပါ"

"သည်ပြည်တော်မှာ မေမေကျွန်ရုပ်မ ရောက်လာကတည်းက တစ်စတစ်စနှင့် နိုင်ငံတော်သည် မျက်စိပွင့်လာပါသည်။ အဲသည်တော့ သူခိုး၊ ဓားပြ၊ အနကြမ်းရယ်လို့ ထင်သူများကို ဖိတ်ပြီး နိုင်ငံရေးရာ အဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်လိုက်ပါသည်"

"အင်း ဆန်းတယ်"

"အဲသည် အဖွဲ့ကြီးက ခိုးသင့်သောသူ၊ လုယက်သင့်သာသူ၊ တိုက်ခိုက်သင့်သောသူ၊ မဟုတ်သောသူများထံမှ ခိုးဝှက်တိုက်ခိုက်လုယူသူများကို အပြစ်ရောက်အောင် ဖမ်းပေးရမည်ဟုဆုံးဖြတ်ထားပါသည်။ သည်အသင်းသားများသည် ဝတ်စားနေထိုင်ရေးအတွက် အလုပ်လုပ်ကြရမည်ဟုလည်း ဆုံးဖြတ်ထားပါသည်"

"အသင်းသားများသည် ဘာအလုပ်ကို လုပ်ကြပါသလဲ"

"အချို့ ကြက်၊ အချို့ဘဲ၊ အချို့ဝက်မွေးကြပါသည်။ တချို့က တံငါလုပ်ကြပါသည်။ တချို့က အစားအသောက်ဆိုင်တည်ထောင် ရောင်းချပါသည်"

"အချို့က အကြော်များကို အကြီးအကျယ်ကြော်၍ရောင်းကြပါသည်။ ထိုသို့လုပ်ကိုင်ကြရာ၌ တိုင်းပြည်မှာ သက်သာရအောင် ဈေးချိုနိုင်သမျှ ချိုကာ ရောင်းချရမည်ဟု အဖွဲ့က ဆုံးဖြတ်ထားပါသည်"

"ဘယ်လိုလူများထံမှ ခိုးယူတိုက်ခိုက်သင့်ပါသလဲ"

"မတန်မဆ အမြတ်ကြီးစားသောသူ၊ ကုန်လှောင်၍ အမြတ်ယူနေသူ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများထံမှ ဈေးကိုနှိမ်နိုင်သမျှနှိမ်၍ စဉ်းလဲကာ ဝယ်ယူသောသူ၊အလုပ်သမားများအား တန်ရာတန်ကြေး၊ အခကြေးငွေမပေးဘဲ ဖိနှိပ်ချုပ်ချယ်၍ ခိုင်းစေသော



အလုပ်ရုံပိုင်ရှင်များ၊ မတရားသဖြင့် ကူးသန်းရောင်းဝယ်နေသော ကုန်သည်များ၊ အတိုးကြီးစား၍ ငွေရှာနေသူများ၊ တရားမဲ့စဉ်းလဲစဉ်းစားပြုကာ စီးပွားရှာနေသော သူများ၊ မတရားသဖြင့် အဂတိလိုက်စားကာစဉ်းလဲစဉ်းစားပြုနေသော မှူးထမ်းရာထမ်း၊ ဝန်ကြီးများ စသည်တို့ထံမှ ပစ္စည်းဥစ္စာများကို ခိုးဝှက်၊ လုယက်တိုက်ခိုက်ယူငင်ခြင်းသည် တရားသည်ဟု ယူဆပါသည်"

"အင်း...စဉ်းစားစရာပဲ"

"ထိုခိုးသူ၊ လုယက်သူကို သိသော်"

"ထိုခိုးသူ၊ လုယက်တိုက်ခိုက်သူသည် မိမိခိုးဝှက် လုယက်တိုက်ခိုက်၍ရသော အသပြာကြေးငွေပစ္စည်းတို့မှ ဆယ်ပုံတစ်ပုံသာ ကိုယ်ကျိုးအတွက် အသုံးပြုသင့်သည်ဟု ဆုံးဖြတ်၍ပိုငွေကို မတရား အနိုပ်စက်ခံနေရသောသူ၊ အရင်းအနှီးလိုသောသူများတို့အား ထောက်ပံ့၍ ကျေးကျွန်များကိုတော်လှန်နိုင်အောင် ဆောင်ရွက်ပေးရမည်ဟု ဤအဖွဲ့က သဘောကျပါသည်"

"အင်း...ဆန်းသဗျာ"

"ခိုးသောသူသည် အိမ်ရှင်က မခုခံက အိမ်ရှင်ကိုနာအောင် ကျင်အောင် အရှက်ကွဲအောင် မပြုရ၊ အိမ်ရှင်အမျိုးသမီးများအပေါ်၌မေထုန်စိတ်ကိုမထားရ၊ သူခိုးလိုက်ဖမ်းသောသူများကို မခုခံရ၊လွတ်အောင် ရှောင်တိမ်းခဲ့ရမည်။ လုယက်တိုက်ခိုက်သူများကိုလည်း ထိုဥပဒေစည်းမျဉ်းအတိုင်းလိုက်နာရမည်ဟု ဤအဖွဲ့က သဘောတူထားပါသည်"

"မလိုက်နာသော်"

"ဤအဖွဲ့ကသိရလျှင် ထိုသူခိုး၊ ထိုလုယက်တိုက်ခိုက်သူတို့ မတွေ့တွေ့အောင်စုံစမ်းရှာဖွေ ဖမ်းဆီးပြီးသော် တရားရုံးသို့ ပို့ပါသည်"

"အဖွဲ့သားဖြစ်ခဲ့သော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပင်ဖြစ်ပါစေ၊ ထိုနည်းအတိုင်း လိုက်နာဆောင်ရွက်ရပါသည်"

"မှတ်သားစရာပဲ၊ ဒါပေမဲ့ ယုံတမ်းစကားဖြစ်နေပါတယ်"

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ ဒါထက် ဒဏ္ဍာရီဆန်တာများကို ကြားရသော် သာပြီးအံ့သြမှာပဲ"

"ကြားပါရစေ"

"ယနေ့ အချိန်နည်းပါပြီ"

"ကောင်းပြီ၊ နက်ဖြန်ဒီအချိန်မှာပင် တွေ့ပါရစေ"

"ကောင်းပါပြီ"

× × ×

နောက်တစ်နေ့သော် သလ္လာဝတီပြည်မှ ပုရောဟိတ်သည် ပုရောဟိတ် ဉာဏကျော်ခေါင်အဖွဲ့နှင့်ပင် နိုင်ငံရေးရာအဖွဲ့သို့ သွားရောက်ကြရာ မနေ့ကထက် လူများများကို တွေ့ရလေ၏။ ဘိုးမင်းခေါင်လည်း မနေ့က ပြောမည်ဆိုသောယုံကြည်ဖွယ်မရှိ လောက်သည့် ဒဏ္ဍာရီဆန်ဆန် အကြောင်းတစ်ခုကို ဤသို့ပြောပြလေ ၏။

"နေရပ်နှင့်အကြောင်းပါ၊ နာမည်များကိုတော့ ပြောမပြသင့်ပါဘူး ပေါ့ခင်ဗျာ"

"ကောင်းပါပြီ"

"သူဌေးတစ်ယောက်သည် မတရားသော နည်းလမ်းများဖြင့် ကိုယ့် အတွက်ကိုသာ စဉ်းလဲပြီးသော ပစ္စည်းရှာဖွေသည်အားလျော်စွာ များ စွာ အသပြာရွှေငွေလယ်ယာမိုးမြေတို့ ပေါများပါသည်"

"ဟုတ်ကဲ့"

"ထိုသူဌေးကြီးမှာ သမီးကလေးချောချောလှလှနှစ်ယောက်ရှိပါ



သည်။ ထိုသမီးကလေး နှစ်ယောက်သည်လည်း လောကအလျောက် အရေးအရာ ရောက်လိုခြင်းကြောင့် စာသင်စာပွဲသဘင်သို့ ဝင်ပြုကာ အခြားသူဌေးသမီး၊ သူကြွယ်သမီး စသည့်အမျိုးသမီးများကဲ့သို့ နေလိုပါသည်"

"ဟုတ်ကဲ့"

"ထိုသို့နေလိုသည့်အားလျော်စွာ မိဘများထံပန်ကြားရာ မိခင်ဖြစ်သူက သဘောတူသော်လည်း ဖခင်ဖြစ်သူက ငြင်းဆန်လျက် မိန်းမဆိုတာ စာတတ်ရန်မလို။ နင်တို့ရဲ့အစ်ကိုများ၊ မောင်များမှသာ စာတတ်သင့်သည့်အတိုင်း သင်ပေး၍ စာတတ်ကြရျပြီ။ မိန်းမများစာတတ်က ငရဲကြီးသည်။ လူကြီးများကို မရိုမသေ၊ မိဘစကားတို နားမထောင် ဟု ဆိုလေတော့သည်"

"ဟုတ်ကဲ့"

"ထို့ကြောင့် သူဌေးသမီးညီအစ်မနှစ်ယောက်သည် ဖြီးလိမ်းဆင်သ၍ အေးအေးပင် စည်းစိမ်ယစ်ကာ နေကြလေတော့သည်။ ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ ထိုသို့ အလုပ်တာဝန်မဲ့သော စည်းစိမ်ရှင် မိန်းမတို့မည်သည်၌ ကိန်းအောင်းနေသော မေထုန်စိတ်သည် နှန်မြူးကြွတက်လာခြင်းများလေသည်။ ထိုသဘောကြောင့် ထိုသူဌေးသမီးညီအစ်မနှစ်ယောက်တို့သည် မိမိတို့၏အိမ်ရှေ့သို့လျှောက်သွားသော ယောကျ်ားတို့ကို ချောင်း၍ ကြည့်ကြတော့ပြီ။ လှပသောယောကျ်ားဂိုက်ကျကျကို မြင်ကြလေသော် ၎င်းတို့ညီအစ်မနှစ်ယောက်သည် တစ်ယောက်၏ခါးကို တစ်ယောက်ကတို့ပြီးလျှင် ခုန်ဆွခုန်ဆွနှင့် ၎င်းတို့၏ကာမဓာတ်သည်မြူးတုံကာ ရှိကြလေသည်"

"ဘိုးမင်းခေါင် မိန်းမဖြစ်ဖူးသလား"

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ ကျွန်တော်ယောကျ်ားစစ်

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင့် ယောကျ်ား–မိန်းမ သျှုတ္တရကျမ်းကို လေ့လာဖူးသဖြင့် သိတော့ပြီ"

"ဟုတ်ကဲ့"

"ထိုညီအစ်မနှစ်ယောက်သည် ညအချိန်၎င်းတို့၏ အိမ်ရှေ့၌ ဝလွေ့ မှုတ်၊ ဗုံတီးကာ သီချင်းဆိုသွားသော သူတို့၏အသံကိုလည်း နားစိုက်လျက် ၎င်းတို့၏ကာမဓာတ်သည် တလှိုက်လှိုက်နှင့် ဘဝင်ကို နိုက်လေတော့ပြီ"

"တစ်ခါတစ်ရံ ထိုကဲ့သို့ ချောင်းကြည့်၍ မြင်ခြင်း၊ ကြားခြင်းတို့ ရှိကြပြီးနောက် တစ်ယောက်နှင့်တစ်ယောက် တခစ်ခစ်ပြုကာ ဟိုတို့၊ သည်တို့ တို့ချင်ရာတို့၍ အဖျှိုသဘာဝနှင့် စည်းစိမ်ရှင်ပီပီ ပျော်မွေ့ကာ ရှိကြလေတော့ပြီ"

"ဟုတ်ကဲ့ ဘိုးမင်းခေါင်ရယ်၊ စကားကိုပြောလှပါဘိတကား"

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊နားထောင်တော်မူပါ။ ခုတော့ အရှုးခန်းသာ ရှိပါသေးသည်၊ ဘီလူးခန်း ပါကောင်း ပါပါလိမ့်မည်"

"ဟုတ်ကဲ့"

"ထိုသို့နှင့်တစ်နေ့တွင် ထိုသူဌေးကြီးအိမ်နှင့် မျက်စောင်းထိုးတစ်အိမ်ကွာ သားရေနယ်သမား၏အိမ်၌ ကလေးပုခက်တင်ရှိလေရာ သီချင်းသံ၊ စောင်းတီး၍ ညဉ့်ပရိသတ်ကို ညဉ့်ခံပါသည်။ ထိုပုခက်တင်မင်္ဂလာအခမ်းအနားသို့ ထိုသူဌေးသမီး ညီအစ်မနှစ်ယောက်တို့သည် ဝတ်ကောင်းစားလှနှင့် ရွှေငွေရတနာများကို အချိုးကျအောင် ဆင်ယင်ကာ သွားရောက်ကြလေသည်။ ထိုအဝတ်တန်ဆာ ကိုယ်၌ဆင်သသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့သည် ထိုသူဌေးသမီး ညီအစ်မနှစ်ယောက်တို့၏ကာမဓာတ်ကို တဖျပ်ဖျပ်တလျှပ်လျှပ်ဖြစ်လာအောင် ဆွဲဆောင်ကာ နေလေတော့ပြီ"



"ဘယ်နှယ့် ဘိုးမင်းခေါင်"

"ဉာဏကျော်ခေါင် ပုရောဟိတ်ကြီး၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတို့၏ လျှပ်စစ်အင်အားဖြင့် ကာမဓာတ်ကို မည်ကဲ့သို့ ဖြစ်ပေါ်တတ်သည်ဟု သတိထားကာ မစဉ်းစားမိဘူးလား"

"အမိန့်ရှိပါ"

"သီချင်းသည် သီချင်းသံနှင့် စောင်းသမား၏ စောင်းသံတို့၏ ညသံ၊ နသံ၊ နှုးသံ၊ ဃရာသံ၊ ခရာသံတို့သည် ထိုသူဌေးသမီး ညီအစ်မနှစ်ယောက်ကို ပလူးကာ ပွးစေမိသဖြင့် ညီအစ်မသည် သီချင်းသည်ကို စိတ်စောမိ၍ အမောထိဘိသကဲ့သို့ အစ်မသည် စောင်းသမားကို စိတ်တွင် ငြိလျက် အမိခံရမှန်းမသိ ခံရလေတော့ပြီ"

"ထိုနေ့ညသော် ထိုညီအစ်မနှစ်ယောက်တို့သည် သီချင်းသည်က လှကြောင်း၊ စောင်းသမားက လှကြောင်းတို့နှင့် အားရပါးရ ခနဲ့ခနဲ့ ပြောဆိုကြပြီးသော် အိပ်ကြလေပြီ"

"ထိုနေ့ညမှာပင် သူခိုးများသည် စည်းဝေး၍ သူဌေးကြီး၏ အိမ်၌ ခိုးသင့်ကြောင်းကို ကန့်ကွက်သူမရှိဘဲ သဘောတူ ဆုံးဖြတ်ကြပြီးသော် သူခိုးတစ်ယောက်အား ခိုးရန် အခွင့်ပြုကြလေတော့သည်"

"ဘိုးမင်းခေါင်ရဲ့ဆန်းလှပါကလား။ သူခိုးမှာ အစည်းအရုံးရှိသလား၊ ခိုးဖို့ကိုပဲ စည်းဝေးဆုံးဖြတ်ရသေးသလား"

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်။ ယဉ်ကျေးတဲ့ တိုင်းပြည်သဘော၊ ယဉ်ကျေးတဲ့ တိုင်းပြည်ဆိုတာ သူခိုး ဓားပြတို့မှာလည်း အစည်းအရုံးရှိတယ်၊ ညီညွတ်တယ်၊ ကိုယ်ပိုင် ဥပဒေ စည်းမျဉ်းရှိတယ်၊ ၎င်းကို လိုက်နာတယ်။ ရိုင်းတဲ့ တိုင်းပြည်နိုင်ငံမှာဆိုတာမှာတော့ လူကောင်းလူမွန်ဆိုတဲ့ သူများမှာတောင် အစည်းအရုံးမရှိဘူး၊ ရှိရင်လည်း ခဏပဲ ညီညွတ်တယ်၊ မကြာမီ ပျက်တာပဲ။ အစည်းအရုံးမှာ လူရိုင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါရင် ပျက်ရမယ်။ လူရိုင်းဆိုတာ အကြောင်း အကျိုးကို ဘာမှ နားမလည်၊ ညစ်ပတ်ဖို့တစ်ခုကိုသာ သိတတ်တယ်။ ကိုယ်ကျိုးအတွက် လည်း စဉ်းလဲတယ်။ အစည်းအရုံးဟာ တိုင်းပြည်လူမျိုးအတွက် အကျိုးရှိရာရှိကြောင်း အသက်တစ်ခုဆိုတာကို မသိဘူး"

"ဟုတ်ကဲ့၊ သည်အကြောင်းကို ဆိုပါဦး"

"ဒါနှင့် သည်သူခိုးဟာ သည်သူဌေးအိမ်ကို ခိုးဖို့သွားတော့ တံခါးများကို အလွယ်တကူနှင့် ဖွင့်လို့ရတယ်၊ အစောင့်များလည်း အိပ်နေကြတယ်။ သူခိုးသည် သူဌေး၏ အိမ်ပေါ်သို့ တက်၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို လွယ်အိတ်နှစ်လုံးနှင့် တနိုင်ထည့်ကာ ယူလေတော့ပြီ"

"သူဌေးသမီး၊ ညီအစ်မနှစ်ယောက်တို့လည်း မအိပ်မီက သူတို့ သဘောကျသောသူနှစ်ယောက်အကြောင်းကို ပြော၍ အိပ်ကြရာ အိပ်မက် မက်ကြလေတော့ပြီ၊ အလွန် ကျေနပ်သဘောကျပေ့၊"

"ဘယ်လိုမက်သလဲ ဘိုးမင်းခေါင်"

"ဉာဏကျော်ခေါင်၊ ဒါကိုတော့ သူတို့အားမေးမှ သိနိုင်ပါမယ်" (ရယ်ကြ၏။)

"သူခိုးလည်း ထိုညီအစ်မ နှစ်ယောက်တို့၏ အခန်းထဲသို့ ရောက်သွားရာ ဆီမီးရောင်မှိန်မှိန်၌ အိပ်နေသော သူဌေးသမီး ညီအစ်မနှစ်ယောက်၏ အဝတ်လစ်ကာ အိပ်နေသည်ကို မြင်တွေ့ရရာ အင်း မိန်းမများဟာ လုသလောက် ညစ်ပတ် စုတ်ပွဲတာပဲဟု အောက်မေ့ကာ ဘသားချော ကမ္ဘာ့နာန်းရှနေတာပေါ့"

"ဟာ. . . . .ဒါသူခိုးလား ဘိုးမင်းခေါင်"

"ယဉ်ကျေးသော တိုင်းပြည်က သူခိုးရဲ့ကျင့်ထုံးပါ"

"ဆက်ပါဦး"

"သည်အခါမှာ အစ်မဖြစ်သူကနိုးလာတော့ အိပ်မွန်စုံမွှားနှင့် သူ



အိပ်မက်မက်သူထင်၍ တကတည်းခုမှဖြင့် သွားရပေါင်ဟု ထဆွဲသတဲ့"

"ဒါဟာ တကယ်လား"

"နားထောင်တော် မူပါဦး"

"ညီမကလည်း နိုးလာ၍ မူးတူးမတ်တတ် သဘောနှင့် သူ အိပ်မက် မက်သောသူပင်ထင်၍ အို ဘယ်လဲ၊ သည်လိုနှင့် သွားရပေါင်ဟု သူခိုးကို ထဆွဲသတဲ့..."

"ရှင်မင်းခေါင်ရယ်၊ သည်လိုပြောတတ်မှန်း ကျုပ်တောင် မသိပါဘူး"

"ပုရောဟိတ်ကြီးများ ခင်ဗျား၊ သည်တော့ ညီအစ်မ နှစ်ယောက်ဟာ သူတို့၏ အခန်းထဲမှာ သူခိုးကို သူ့လူ ငါ့လူဟု အိပ်မက်ကြောင့် ကယောင်ကတမ်းနှင့် ဆွဲကြ၊ သူခိုးကရုန်းပြေးနှင့် ဖြူးဖြူးနောင်းနင်း ဖြစ်နေတော့ သူဌေးကြီးနှင့် သူဌေးကတော်ကြီးကလည်းနိုး၊ ဟေ့ ဘာလဲ ဘာလဲလို့မေး၊ သြော်ဲ . . .သူခိုး သူခိုးဟုပြော၊ ဆူသွား၍ တစ်အိမ်လုံးနိုး။ အစောင့်များကလည်း ထဖမ်းကြ။ သည်တော့ သူခိုး ကလည်း ဉာဏ်နှင့်၊ ရွှေအသပြာတို့ကို ကြဲချတော့ ဖမ်းသူတို့သည် သူခိုးကြဲချကာ လာဘ်တိုးသော ရွှေငွေအသပြာတို့ကို ကောက်နေ၍ သူခိုးလွတ်သွားနိုင်လေ တော့ပြီ"

"ဟင်..."

"သည်လို ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ မတရားသော အိမ်မှာ မတရားသော အမှုလုပ်သာရှိသည်။ ညစ်ပတ်သော သခင်အိမ်မှာ ညစ်ပတ်သော ကြေးကျွန်နှင့် ကျေးကျွန်သာရှိသည်။ ရက်စက်ကြမ်းကြုတ်၍ လောဘ၊ ဒေါသကြီးသောအိမ်မှာ သခင်စရိုက်နှင့်တူသော ကြေးကျွန်၊ ကျေးကျွန်အမှုလုပ်တို့သာရှိသည်။ များသောအားဖြင့် ဤကား သဘာဝ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဆက်ပါဦး"

"သူဌေးကြီးနှင့် သူဌေးကတော်ကလည်း သူခိုး သူခိုးဟု အော်၊ အိမ်မှ လူများကလည်း အော်ကြ"

"ထိုအခါ ကင်းသမား နှစ်ယောက်သည် ရောက်လာ၍ လက်နက် စွဲကိုင်ကာ လိုက်ကြတော့ပြီ"

"အင်း..."

"သူခိုးကလည်း ရွှေငွေအသပြာ ကျောက်မျက်ရတနာတို့ကို ပစ်ကြဲကာ ချလေ၏။ အမှုထမ်း နှစ်ယောက်ကလည်း အမှုထမ်းပီသသော အာဂမောင်များ၊ သူကြဲချ၍ တံခိုးထိုးသည်ကို စောင်းငဲ့ကာမျှပင် မကြည့်ဘဲ အပြင်းလိုက်၏"

"သူခိုးကလည်း အာဂသူခိုး၊ တကယ့်သူခိုး။ ၎င်းသည် ဇန်တို ဇန်ရှည်ကိုတတ်၏။ သိုင်းအတတ်ကို တတ်၏။ တောင်ကျော်ထိုးခြင်း နားပန်းအတတ်ကို ကောင်းစွာ တတ်၏။ ၎င်းကင်းသမားနှစ်ယောက် ကို လွယ်လွယ်ကလေးနှင့် အောင်နိုင်မည်ဟု သိ၏။ သို့သော် ငါသည် ငါ့အလုပ်ကို လုပ်၏။ အမှုထမ်းသည် အဂတိမလိုက်ဘဲ သူ့အလုပ်ကို လုပ်၏။ ထို့ကြောင့် ထိုကင်းသမား နှစ်ယောက်သည် တိုင်းပြည် လူမျိုးအတွက် အလုပ်လုပ်နေသဖြင့် လူဖြစ်၏။ ငါသည် သူ၏ အလုပ် ကို ကျေပွန်စွာ လုပ်နေသောသူကား အနတ္တချေသော် တိုင်းပြည်နှင့် လူမျိုးကို စော်ကားရာ ရောက်လိမ့်မည်။ စော်ကားမိသော် တို့သူခိုး ကိုယ်ပိုင်ဥပဒေကို ကျူးလွန်ရာရောက်၍ ငါ လူမဟုတ်တော့ပေ။ သူတို့ လည်း တိုင်းပြည် လူမျိုးအတွက် အလုပ်လုပ်နေ၏။ ငါလည်း ထိုနည်း လည်းကောင်းဟု သူခိုးစွမ်းကောင်း လူထက်သည် အမှုထမ်းကောင်း စစ်စစ် လူနှစ်ယောက်ကို မခုခံတော့ဘဲ လွတ်အောင် ပြေးလေတော့ပြီ"

"အင်း..."



"အမှုထမ်းကောင်း လူနှစ်ယောက်ကား ကျင့်သားရပြီးဖြစ်၍ အလွန် မြန်ဆန်သဖြင့် သူခိုးသည် လွတ်အောင် မပြေးနိုင်ဘဲ သစ်ပင် တစ်ပင်၏ မှောင်ရိပ်တွင်ဝင်ကာ ထိုင်နေလေ၏။ ထိုအခါ အမှုထမ်း တို့သည် သူခိုးကို ဤအမှောင်ရိပ်အတွင်းသို့ ဝင်သွားသည်ဟု ရှာရာ သူခိုးကိုမတွေ့၊ မှောင်ရိပ်မှ ထွက်သွားသည်ကိုလည်း မမြင်ကြ။ ရစ်ကာ ပတ်ကာ သူခိုးကို ရှာကြ၏။ သူခိုးကား သူထိုင်နေရာ အနီးအပါး၌ ရစ်ကာ၊ ပတ်ကာ သူ့ကို မမြင်ဘဲ ရှာနေသည်ကို အလွန့်အလွန် အံ့ဩ ကာ ရှိနေလေသည်"

"ကိုင်း ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ အလွန့်အလွန် ယုတ္တိ မရှိဘူး မဟုတ်လား၊ ဖြစ်နိုင်ပါ့မလား။ ကလေးနားနှင့်သာ အဆင်သင့် မည့် ရယ်ချင့်ထိုးစရာ ဒဏ္ဍာရီဖြစ်မနေပေဘူးလား။ ဘယ်နည်းနှင့်မှ ယုံစရာမရှိ ကျွန်တော်လည်း ကြားရတော့ ရယ်မိသပေါ့ခင်ဗျာ"

"ဟုတ်ကဲ့၊ ဆိုစမ်းပါဦး"

"ဒါနှင့် သူခိုး၏နောက်ကို လိုက်လာသော မင်းမှုထမ်းနှစ်ယောက် သည် သူခိုးပျောက်သွားသောကြောင့် ပြန်သွားကြရာ သူခိုးလည်း ထို အရပ်မှ ထလာလေတော့ပြီ။ သူခိုးသည် ထိုအရိပ်မှ ထလာ၍ အနည်း ငယ်သွားမိသောအခါ ကင်းသမားငါးယောက်နှင့် ပက်ပင်းပါ တိုးမိလေ တော့ပြီ"

"အင်း..."

"ထိုအခါ သူခိုးကား ငါလည်း ငါလုပ်ရန် အလုပ်ကို လုပ်သည်။ ကင်းသမားတို့လည်း ဝတ္တရားအတိုင်း သူတို့လုပ်ရန် အလုပ်ကိုလုပ် သည်။ ငါသည်တိုင်းပြည်လူမျိုးအတွက်လုပ်သည်။ ကင်းသမားတို့ လည်း တိုင်းပြည် လူမျိုးအတွက် လုပ်သည်ဟု ယူဆပြီးသော်"

"နေပါဦး ဦးမင်းခေါင်ရယ်၊ ကင်းသမားငါးယောက်က တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးအတွက် လုပ်တယ်ဆိုတာတော့ ဟုတ်ပါစေတော့။ သူခိုးက တိုင်းပြည်လူမျိုးအတွက် ခိုးတယ်ဆိုတာဟာ မခက်တောင်းဘိလော၊ ဓဆန်းလေဘူးလား"

"နားဆင်တော်မူပါ ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ သည်လိုပါ"

"ဟုတ်ကဲ့"

"သူခိုးသည် ငါကင်းသမားငါးယောက်နှင့်လွတ်ရန် တိမ်းနိုင်သလို တိမ်း၊ ကင်းသမား ငါးယောက်ကိုကား ကက်ကော ကက်လံနှင့် မခုခံထိုက်၊ စကားမပွေ့ထိုက်။ ကင်းသမားငါးယောက်သည် တိုင်းပြည်လူထုအတွက် လုပ်နေသည်။ တိုင်းပြည်လူထုအတွက် လုပ်သောသူအား ခုခံတိုက်ခိုက်ခြင်းသည် လူ့အရေခြုံသက်သက်မျှသာ ဖြစ်ချေ၍ တိုင်းပြည်နှင့် လူမျိုးကို ဖျက်ဆီးခြင်းသာလျှင်ပါတကားဟု အောက်မေ့ပြီးသော် လက်နက်ကိုင် အမှုထမ်း ကင်းသမား ငါးယောက်တို့ကို မရှောင်ဘဲ သွားလေတော့သည်"

"အင်း..."

"ထိုလက်နက်ကိုင် ကင်းသမားငါးယောက်တို့လည်း သူခိုးကို မမြင်၍လား၊ သို့မဟုတ် အခြားမည်သို့မှုမသိ၊ သူခိုးသည် လွတ်မြောက်လာတော့သည်။ သူခိုးလည်း နောက်တစ်နေ့သော် သူ့အတွက် ခိုးယူလာသော ပစ္စည်းမှ တစ်ရာပုံတစ်ပုံသာ ယူထားပြီးလျှင် တိုင်းသူပြည်သားဆင်းရဲသားများအား ထောက်ပံ့ကူညီနေသောအဖွဲ့သို့ အသပြာ ရွှေငွေတစ်သောင်းဖိုးခန့်ကို တိတ်တဆိတ်လာရောက် ပို့သွားသည်ဟူသော သတင်းကို ကျွန်တော် ကြားသိရသည့်အတိုင်း ယခု ပြန်ပြောင်း ပြောဆိုပါသည်။

"ဟုတ်ကဲ့"



"ကျွန်တော်ကား ယုတ္တိမတန်၊ မဖြစ်နိုင်စကောင်းဟု မယုံကြည်သော်လည်း ကျွန်တော်တို့ နိုင်ငံရေးရာအဖွဲ့က အလုပ်လုပ်နေသော ငွေရင်းလိုသည့် လူအချို့မှာ ငွေရင်းလုံလောက်စွာရကြခြင်း၊ ငွေဝယ်ကျွန်များမှာ မိမိတို့၏ သခင်များထံမှ ထိုငွေများနှင့် တော်လှန်ခွင့်ရနိုင်ခြင်းတို့ကား ထင်ရှားနေပါသည် ပုရောဟိတ်ကြီးဉာဏကျော်ခေါင်ခင်ဗျား"

ပုရောဟိတ် ဉာဏကျော်ခေါင်ကား ထိုစကားတို့သည် အသားဝါသော်လည်း ယုတ္တိမတန် သူ့ကိုတမင်သက်သက်လှိမ့်၍ လွှတ်သည်ဟုထင်ပြီးသော် နိုင်ငံရေးရာအဖွဲ့မှ ၎င်း၏အဖွဲ့နှင့်တကွ ပြန်ခဲ့လေ၏။

ထို့နောက် တစ်နေ့သော် ဉာဏကျော်ခေါင်အဖွဲ့သည် သလ္လာဝတီမှ ပုရောဟိတ်နှင့် ပြည့်တန်ဆာမ မူမူခင်၏အိမ်သို့ သွားရောက်ကြလေ၏။ မူမူခင်ကား သလ္လာဝတီမှ ပုရောဟိတ်ကိုကြည့်၍ ပြုံးလေရာ ထိုပုရောဟိတ်လည်း ဤသို့ စကားစလေ၏။

"အမိ၊ ကာလေးပြည်မှ ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်က စကားနိုးနှောလိုလို့ လာရောက်ရခြင်းပါ"

"ဩော်...နိုးနှောနိုင်ပါသည်"

"ပြည့်တန်ဆာမ အလုပ်သည် တိုင်းပြည်လူမျိုးအတွက်ဖြစ်နိုင်ပါသလား"

"ခက်တယ်၊ ပြည့်တန်ဆာမဆိုမှပဲ တိုင်းပြည်လူမျိုးအတွက်ဆိုတာကို မသိဘူးလား"

"ပြည့်တန်ဆာမဆိုတာ တိုင်းပြည်လူမျိုးအတွက်လား၊ ယုတ်ညံ့သော အလုပ်မဟုတ်ဘူးလား"

"ပုရောဟိတ်ကြီးရှင့်၊ မည်သည့်အလုပ်မဆို တိုင်းပြည်လူမျိုးအတွက် သို့မဟုတ် ယုတ်ညံ့သော အလုပ်ဟူ၍ ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



"မရှင်း"

"သည်လိုရှင့်၊ ရှင်ဘုရင်အလုပ်ဆိုပါတော့၊ ဘာကြောင့် ရှင်ဘုရင်လုပ်သလဲ။ လူများ၏အတွက် အထွတ်အထိပ်သနင်း၊ လူများ၏ရှိသေမှုကို ရရှိခြင်း၊ စည်းစိမ်ရှိခြင်း၊ မိဖုရားများနှင့် ကာမဂုဏ်စည်းစိမ်ကို ခံစံရခြင်း အစရှိသည်တို့ကြောင့် ရှင်ဘုရင်လုပ်ချေသော် လူပေါင်းများစွာကို နိုင့်ထက်စီးနင်းပြု၍ မိမိ၏စည်းစိမ်းယစ်ခြင်းကိုသာ အလိုရှိပြီးလျှင် လုပ်ခြင်းကြောင့် ထိုရှင်ဘုရင်၏အလုပ်သည် ယုတ်မာညစ်ညမ်း သောသွမ်းခြင်းဖြင့် အလွန့်အလွန်မိုက်သော အလုပ်ဖြစ်သည်"

"အင်း"

"ဘာ့ကြောင့် ရှင်ဘုရင်လုပ်သလဲ။ တိုင်းပြည်ဥပဒေစည်းမျဉ်းကို လူတိုင်း ရိုသေကျိုးနွံစွာ လိုက်နာဆောင်ရွက်ဖို့၊ ဥပဒေစည်းမျဉ်းကို နိုင်ခံ့တည်တံ့အောင် ဆောင်ရွက်ဖို့၊ တိုင်းပြည်အေးချမ်းသာယာ၍ စည်ပင်ဝပြောဖို့ လုပ်ကိုင်ဆောင်ရွက်ချေသော် ထိုရှင်ဘုရင့်အလုပ်သည် တိုင်းပြည်လူမျိုးအတွက် ဖြစ်ချေသည်"

"အင်း"

"ပြည့်တန်ဆာမသည် ဘယ်လိုတိုင်းပြည်လူမျိုးအတွက်ကို လုပ်နိုင်ပါသလဲ ဟူခြားအံ့"

"အိမ်ရှေ့မင်း တစ်ပါးတစ်ပါးသည် မိဖုရားတစ်ပါးတည်းနှင့်နေ၏။ ထိုမိဖုရား၌ ဝမ်းတွင် သန္ဓေရရှိလာပြီဆိုတော့ ထိုအခါ အိမ်ရှေ့မင်းသည် ထိုမိဖုရားတွင် မေထုန်မှုနှင့်ပျော်မွေ့ခြင်းကို ရှောင်ကြဉ်ရမည်။ မရှောင်ကြဉ်ခဲ့သော် အိမ်ရှေ့မိဖုရားထံတွင်သန္ဓေတည်နေရသော သတ္တဝါသည် ဝမ်းတွင်းကစ၍ မေထုန်ငမ်းကလေးဖြစ် လာရတတ်သည့်ပြင် အလိုရမ္မက်ကြီးခြင်း၊ တုန်လှုပ်ခြင်း၊ ပြင်းထန်ခြင်းတို့သည် ဖြစ်လာတတ်လေသည်"



"ထိုသတ္တဝါသည် လူ့လောကအတွင်းသို့ ရောက်လာသောအခါ ရှင်ဘုရင်သော်လည်းကောင်း၊ မိဖုရားသော်လည်းကောင်း ဖြစ်ခဲ့ချေ သော် မေထုန်ငမ်းခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ တုန်လှုပ်မှုပြင်းထန်ခြင်း တို့ကြောင့် တိုင်းပြည်နိုင်ငံတွင် ကြီးစွာသောအန္တရာယ်မဖြစ်ရာပြီလော"

"ထို့အတူ ဝန်ကြီးများ၊ မင်းကြီးစိုးကြီးများ၊ သူဋ္ဌေးသူကြွယ်စသော လူကုံထံများ၏သားသမီးများတို့သည် မိခင်တိုက်ခန်းတွင် သန္ဓေတည်နေရစဉ်အခါ မိဘနှစ်ပါးတို့၏မေထုန်မြူးမှုကြောင့် မိခင်ဝမ်းတွင်းကပင် မေထုန်ငမ်းခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ တုန်လှုပ်မှုပြင်းထန်ခြင်း၊ ထောင်လွှားမှုအားကြီးခြင်းတို့ဖြစ်၍ ထိုသူတို့ ကြီးပြင်း၍ နိုင်ငံတော်ကို တည်ထောင်သောအခါ ထိုနိုင်ငံတော်သည် ရှုံစရာသောနိုင်ငံတော် မဖြစ်ပြီလော"

ပုရောဟိတ်ဉာဏကျော်ခေါင်သည် တွေ၍ငေးကာ စိုက်နေရာ ပြည့်တန်ဆာမ မူမူခင်သည် "ပညာရှိကြီး၊ ဤစကားသည် ပြည့်တန်ဆာမ၏စကား ဖြစ်ရာတုံ့သလောဟု တွေးဆကာနေသည်မဟုတ်လော"ဟုဆို၏။ ဉာဏကျော်ခေါင်သည် ပြုံးနေ၏။ မူမူခင်ကား "ပညာရှိကြီး၊ သလ္လာဝတီနိုင်ငံတော်၌ ပြည့်တန်ဆာမ၊ မိန်းမရှင်မ၊ ပိုင်းတာမ တို့သည်လည်း မေမေ သခင်မ ကျွန်ရုပ်မ၏ ချိုမြိန်လန်းဆတ်သော နံ့ရည်ကို အမြဲသောက်နေပါသည်" ဟုဆိုပြီးသော် ဆက်ကာ ဤသို့ ပြောပြန်၏။

"အိမ်ရှေ့မင်းသည် မိမိ၏မိဖုရား၌ နှတ်ငုံတော်ကပ်သောအခါ ယောကျ်ားသဘာဝအတိုင်း မေထုန်မှု၌ ငမ်းလာသော် အဘယ်မှာ ကစားမလဲ။ ကိုယ်လုပ်တော်၌ ကစားမလား၊ အခြားတော်ရာလျော်ရာ၌ကစားမလား။ ထိုအိမ်ရှေ့မင်းသည် နွားသိုးကြီးဖြစ်တော့မပေါ့၊ အဲသို့ကလိုကြောင့် အိမ်ရှေ့မင်းကဲ့သို့ တိုင်းပြည်မှာ အဖိုးတန်ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



များအတွက် တန်ဖိုးမြင့်မြင့်နှင့် ပြည့်တန်ဆာမကောင်းရှိရပါသည်။ ဒါဟာဘာလဲ၊ ပြည့်တန်ဆာမသည် အသပြာကိုလိုသောကြောင့်၊ ညစ်ညူးညစ်ပတ်သော ကာမဂုဏ်တို့၌ ထုံသောကြောင့် စသည်တို့ကြောင့်မဟုတ်။ တိုင်းပြည်နိုင်ငံတွင် ဣန္ဒြေရရနှင့် လူအဖြစ်နှင့် ယဉ်ကျေးနိုင်ပါစေတော့ဟု တိုင်းပြည်နိုင်ငံလူမျိုးအတွက်ပြည့်တန်ဆာမသည်ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါသည်"

"အင်း"

"ပြည့်တန်ဆာမကား အထက်တန်းစားပုဂ္ဂိုလ်တို့အတွက် ဖြစ်၍ မိန်းမရှင်ကား လူလတ်တန်းစားစသည်တို့အတွက် ဖြစ်ပါသည်၊ ဗိုင်းတာမသသောကိုကား ကျွန်မ မပြောသင့်၍ မပြောပါ။ ထိုသို့ဖြစ်ရာတွင် ၎င်းတို့တွင် ဥပဒေစည်းမျဉ်းရှိပါသည်။ ထိုဥပဒေကိုမလိုက်နာသော ပြည့်တန်ဆာမ၊ မိန်းမရှင်တို့ကို နိုင်ငံတော်အစိုးရ အမှုထမ်းမဟုတ်သော လျှို့ဝှက်အဖွဲ့က ရှင်းပစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေစည်းမျဉ်းကို မလိုက်နာသော ပြည့်တန်ဆာမနှင့် မိန်းမရှင်မသည် တိုင်းပြည်လူမျိုးကို သောင်ဖျင်း၍ အညွန့်တုံးစေတတ်ပါသည်"

"ဥပဒေစည်းမျဉ်းသဘောကို ဆိုစမ်းပါ"

"ပန်းပွင့်စဉ်အခါ အဖိုးအခမည်မျှပင်ရစေကာမူ အခွင့်မပြုရ။ အမြဲ ကျန်းမာအောင် ဆေးဝါးမှီဝဲ၍ မိမိကိုယ်ကို ကျန်းမာစေရန် ဆောင်ရွက်ခြင်းဖြင့် ခုနစ်ရက်တစ်ကြိမ် ဆေးဆရာထံမှာ ပြရမည်"

"မကျန်းမမာ ချည့်နဲ့သော သူများကို အဖိုးအခ မည်မျှပင်ရစေကာမူ အခွင့်မပြုရ"

"အမြဲလှပအောင် တန်ဆာဆင်ယဉ်၍ ကိုယ်ကိုသနေရမည်"

"ဥစ္စာစီးပွားကို အိုလာသော် ခက်မည်ကြောင့်စုဆောင်းရမည်"

"နေ့အချိန်တွင် အဖိုးအခမည်မျှပင် ရစေကာမူ အခွင့်မပြုရ"



"တစ်ညမှာ တစ်ယောက်သာ အခွင့်ပြုရမည်"

"မိမိထံချဉ်းကပ်လာသော ယောကျာ်းကို ကျန်းမာခြင်း ရှိ၊ မရှိ စစ်ဆေးပြီးမှ ကျန်းမာသောသူကိုသာ အခွင့်ပြုရမည်"

"ကတိတည်ရမည်၊ သစ္စာရှိရမည်"

"ဥပုသ် မတိုင်မီတစ်နေ့၊ ဥပုသ်နေ့၊ ဥပုသ်အလွန် တစ်နေ့တို့၌ အဖိုးအခ မည်မျှပင်ရစေကာမူ ဧည့်သည်ကိုလက်မခံရ"

ထိုသို့သော ဥပဒေစည်းမျဉ်းကို မှုမှုခင်သည် ဉာဏကျော်ခေါင်အား ပြောသောအခါ ဉာဏကျော်ခေါင်သည် မှုမှုခင်သည် သက်သက်မဲ့ မိမိတို့၏နိုင်ငံသူ နိုင်ငံသားကို မြှင့်တင်ကာ ပြောဆိုသည်ဟု ယူဆလေသောကြောင့် မင်သောမျက်နှာနှင့် မှုမှုခင်ကိုပြုံးဘိ၏။

မှုမှုခင်လည်း ဉာဏကျော်ခေါင်၏သဘောကို ရိပ်စားမိခြင်းကြောင့် ဤသို့ဆိုလေ၏။

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်ရှင်။ ခရီးပန်း အချိန်ကုန်နှင့် ဘာကြောင့် ဤပြည်တော်သို့ လာရောက်ဘိသနည်း"

"အချင်းမ၊ အချင်းမ၏စကားတို့သည် အဖိုးတန်သော်လည်း တစ်ခါမျှ၊ တစ်ရံတစ်ဆစ်မျှမကြားစဖူးသော သဘောတို့ပါတကား"

"ယခု ပညာရှိကြီးသည် သူ့ပြောမဟုတ်၊ ကိုယ်တွေ့သဘောပင် ဖြစ်ချေသည်။ စာပွဲသဘင်၌ အတိုင်းတိုင်း အပြည်ပြည်တွင် အယုတ်တမာ မထားသော အမျိုးအစားပြည့်တန်ဆာမ ကျွန်မသည် စကားပြောပါသည်။ ထိုစာပွဲသဘင်သို့ ဘုရင်မင်းမြတ်၊ မိဖုရားများ၊ နန်းရင်းဝန်ကြီး၊ ဝန်ကြီးတို့ပင် တက်ရောက်နားထောင်ခြင်းကို ပညာရှိကြီးများပင် အသိဖြစ်ပါသည်။ ဘယ်တိုင်းပြည်မှာ မြင်ဖူးတွေ့ဖူး၊ ကြားဖူးပါသလဲ။ ပြည့်တန်ဆာမသည် အသရေညှိုးစေကာမူ ပြည့်တန်ဆာမ၏စကားသည်ကား အဖိုးတန်နိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်...မှန်ပါတယ်"

"မှမှခင်တို့ တိုင်းပြည်မှာ ဘ၀တူအလုပ်သမားချင်းသည် အစည်းအရုံးနှင့် နေထိုင်ကြ၍ ကိုယ်ပိုင်စည်းမျဉ်းဥပဒေနှင့် နေထိုင်ပါသည်။ ထိုအစည်းအရုံးများ၏ဥပဒေများ၊ စည်းမျဉ်းများ၊ ထိုအစည်းအရုံးများတို့သည် မိမိတို့၏ဘ၀တူများ၏အကျိုးကိုသာလျှင် ငဲ့ကွက်ပြီးလျှင် ရည်ရွယ်ဖွဲ့စည်းထားခြင်းမဟုတ်ပါ။ တိုင်းပြည်လူမျိုး၏အကျိုးကို ရှေးရှုကာ ရည်ရွယ်၍ ဖွဲ့စည်းထားပါသည်။ ထို့ကြောင့် ဤနိုင်ငံတော်သည် စည်ပင်သာယာ၀ပြောသော နိုင်ငံကြီးဖြစ်နေပါတော့သည်"

"ထားပါတော့"

"နိုင်ငံတော်တစ်ခု၌ ကိုယ်ကျိုးကိုယ်စီးပွားကိုသာ ရှေးရှုကာ လုပ်ကိုင်ဆောင်ရွက်နေသောသူတို့ များနေလျှင် ထိုတိုင်းပြည်နိုင်ငံသည် ပင်ပန်းဆင်းရဲခြင်းနှင့်နိမ့်ကျခြင်းဖြစ်ရပေလိမ့်မည်။ နိုင်ငံတော်တစ် ခု၌ ဘ၀တူအလုပ်သမားတို့သည် အစည်းအရုံးပြု၍ မိမိတို့၏ အကျိုး ကိုသာ ရှေးရှုဖွဲ့စည်းထားလျှင် ထိုနိုင်ငံသည် အမြဲလောက်ပင် ဆုတ်ယုတ်ကျဆင်းနေ၍ အစထော်လော်နှင့် အုပ်စီးမနိုင်ဖြစ်ရတတ်ချေသည်။ ထိုနိုင်ငံမျိုး၌ ဓားကိုရဲရဲသုံးဝံ့သော အာဏာရှင်ဘုရင်မျိုးသာလျှင် တိုင်းပြည်ကောင်းစားလာအောင် တတ်နိုင်ကောင်းတတ်နိုင်ပေလိမ့်မည်။ သို့သော် ထောင်ထားကြ၍ပြည်ပျက်တတ်ပါသည်"

"ကျေးဇူး အထူးတင်ပါသည်"

× × ×

ဉာဏကျော်ခေါင်အမှူးရှိသော ပညာရှိအဖွဲ့သည် ကျွန်ရုပ်မ ထံမှနီးနောဆွေးနွေးရန် အချိန်ရရှိသဖြင့် နန်းတော်ကြီး၏ညည့်သည်တော်များနှင့် တွေ့ဆုံသော ခန်းမကျယ်ကြီးတွင် နီးနောဆွေးနွေးကြလေ၏။ ထိုဆွေးနွေးပွဲတွင် ပုရောဟိတ်၊ နန်းရင်းဝန်ကြီး၊ မြဲတိုက်တော်ဝန်ကြီး၊ အတွင်းဝန်ကြီးတို့ပါလေသည်။



"မေမေ သခင်မ မေးပါရစေ"

"မမေးနှင့်၊ ကျွန်မ ဖြေနိုင်မည်မဟုတ်ပါ"

"ဟုတ်ရဲ့လား သခင်မ၊ သဘောရှိသလိုသာ မိန့်တော်မူပါ"

"မေးတော်မူပါ"

"မေမေ သခင်မသည် အလွန်ထင်ရှားကျော်စောသော ပညာရှိသုခမိန် ဖြစ်သည့်အတိုင်း ဘုရင်မင်းမြတ်ကလည်း အထူးချီးမြှင့်မြှောက်စားတော်မူပါသည်။ သို့စဉ်လျက် ဖျင်တဘက်နွမ်းကိုပေါင်းကာ မြက်ရိတ်နေခြင်းကား ကျွန်တော်မျိုး၌ ပြဿနာတစ်ခုဖြစ်ပေါ်နေပါသည်။ ထိုပြဿနာ၏အလင်းကို သိပါရစေ မေမေသခင်မ"

"ဪ...သည်လိုကိုး"

"ဟုတ်ကဲ့"

"ပညာရှိမင်း ဉာဏကျော်ခေါင်၊ အချိန်အရွယ်ရောက်ပြီးသောသူတိုင်းမှာ အလုပ်ရှိရမည်။ သို့မဟုတ် စာပေကျမ်းဂန် လေ့လာလိုက်စားနေခြင်းကလည်း အလုပ်တစ်ခုဖြစ်၍ လိုက်စားကာ နေရမည်"

"ဟုတ်ပါ့"

"အလုပ်အကိုင်မရှိဘဲ ပေါ်ကြောအေးအေးနေသော သူသည် အေးအေးနေသည်ဟု အမြင်အားဖြင့် ဖြစ်သော်လည်း ၎င်း၏စိတ်သည်ကား အစဉ်ပျံ့လွင့်ကာ ရှိနေလေသည်။ သို့တည်းမဟုတ် ပေါ်ကြောနေသူ အချင်းချင်းမျက်နှာချင်းဆိုင်နေကြလျှင်လည်း အကျိုးမဲ့စကားများနှင့် သာအချိန်ကိုသုံးခြင်းအပြင်၊ မကောင်းသောအကျင့်အကြံတို့သို့သက်ဝင်သွားတတ်လေရကား ဤသူမျိုးဖြင့် နိုင်ငံတော်တွင် ရာဇဝတ်မှုများသည် တဖြည်းဖြည်းတိုးတက်လာပါသည်"

www.burmeseclassic.com

www.burmeseclassic.com



ဉာဏကျော်ခေါင်၏စာရေးကြီးများကား အတွင်းရေးမှတ်ကာ ရှိကြ လေ၏။

"ထို့ကြောင့် တိုင်းပြည်တစ်ပြည်၌ အလုပ်မလုပ်သော သူတို့သည် အလွန်ကြောက်စရာကောင်းလေသည်။ ထို့ထက် အလုပ်မလုပ်သော မိမ်ယစ်နေသည့် စည်းစိမ်ရှင်သည် သာ၍ သာ၍ ဆိုးညစ်နေသည်။ ထို့ကြောင့် သူသည်မြွေဆိုးထက်ပင် ကြောက်စရာကောင်းလေသည်"

"အဘယ်ကဲ့သို့ နည်းဟူမူကား ဤသို့တည်း"

"ထိုသူသည် မိမ်ယစ်ကာ အစ်နေသည်ဟု အမြင်အားဖြင့် အေးသော်လည်း သူ၏စိတ်သည်ကား အလွန်ပျံ့လွင့်လှုပ်ရှားနေရုံနှင့်မျှမက ကာမမေထုန်စိတ်တို့ ရောက်လာလေသည်။ ထိုသို့သော ယောကျ်ားများအားဖြင့် လောကတွင် မိန်းမများသည် ပျက်စီးခြင်းများကြ၍ ထိုနိုင်ငံသည် သိမ်ဖျင်းသော၊ တဖြည်းဖြည်း သိမ်ဖျင်းသောနိုင်ငံ ဖြစ်သွားရလေသည်"

"မိန်းမများသည် ယောကျ်ားအားဖြင့်သာပျက်စီးရလေသည်၊ အလွန့်အလွန်ဆော့၍ ယုတ်သောစိတ်ရှိသည့်မိန်းမဖြစ်စေကာမူ ယောကျ်ားမရှိဘဲနှင့် မပျက်နိုင်ပါ"

"ဟင်း"

"ပုရောဟိတ်ကြီး ဉာဏကျော်ခေါင်၊ ကျွန်ရုပ်မအကြောင်းကို ကျွန်ရုပ်မပြောပြမည်။ သူတစ်ပါး၏အကြောင်းကို ကျွန်ရုပ်မဆိုရန်မလို၊ ကျွန်ရုပ်မမှတစ်ပါး အားလုံးသောမိန်းမသည် ကောင်းသည်။ အားလုံးသော မိန်းမသည်မြတ်သည်"

"ဆိုလှပါကလား"

"ဆိုပါသည်"

"ကျွန်ရုပ်မ၏ ငယ်နာမည်သည် မြအနှစ်ဖြစ်ပါသည်။ မြအနှစ်



သည် အရွယ်ရောက်လုနီး တစ်ဆယ့်လေးနှစ်အရွယ်မှာပင် ယောကျ်ားလှလှကလေးကို ကြည့်ချင်သည်မြင်ချင်သည်၊ ကြည့်မြင်၍ပင် အားမရချင်။ ထိုကတစ်ဆင့်တက်၍ ခွေး၊ ဝက်၊ ကြက်၊ ငှက်စာကလေးတို့က နည်းပြသဖြင့် မြအနှစ်သည် ယောကျ်ားကလေး မည်သူနှင့်မဆို ချစ်ချင်လာသည်၊ စက်ကပြီ"

"သခင်မရယ် ကြမ်းလှပါကလား"

"ဒါမှ ပြဿနာဟာပြေမှာ"

"မိန့်တော်မူပါ"

"ထိုအခါ မြအနှစ်ကို ဆင်းရဲသားလင်မယားသည် သွန်သင်ပေးပါသည်။ ဘယ်လိုသွန်သင်ပေးသလဲ၊ သူတို့သည် မောမောပန်းပန်းနှင့်တောင်ယာထဲမှ ထင်းခွေကြပြီးသော် ထင်းကိုထမ်း၊ ထင်းကိုရွက်၍ လာကြသည်။ သူတို့သည် မြတ်သည်။ ဘာ့ကြောင့် အလုပ်သမားကြောင့်၊ သူတို့သည် အလုပ်သမားဖြစ်၍ အလုပ်၌ စိတ်ဝင်စားနေသဖြင့် သူဌေးလင်မယားကဲ့သို့ ခယစ်ခယစ်နှင့်မယစ်နိုင်ရှာကြပေ။ ထိုမိန်းမသည် ဖိမ်ယစ်နေသော သူဌေးကတော်ကဲ့သို့ပင် လင်ငယ်နေရန် စိတ်မရှိနိုင်ပေ"

"ထိရောက်လှပါကလား မေမေသခင်မ"

"သဘာဝသဘောသည် သို့ကလို ရှုစရာပါ။ ကြောက်လည်း ကြောက်စရာပါ။ ညကျသော် သူတို့၏အိမ်ကုတ်စုတ်ကလေး၌ ထရံကျိုးတိုးကျဲတဲမှ မြအနှစ်သည် ကြည့်ချင်၍ တိတ်တိတ်ချောင်းကြည့်သည်။ ကြုံကြုံဖန်ဖန်ပညာသင်ပုံ၊ လင်မယားနှစ်ယောက်သည် တောင်ယာထဲ၌ နက်ဖြန်အလုပ်စခန်းအတွက် ပြောနေကြလေသည်။ မိုးကျသော် စူးထိုး၍ သစ်ဆွေများကိုထည့်ရန် မျိုးစေ့အတွက် သူတို့တိုင်ပင်နေကြသည်။ မင်းကြီးလင်မယားကဲ့သို့ အို…သူမှာဖြင့် ကြီးကောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမဟု တာခြင်း၊ တီခြင်းကိုမပြုနိုင်ရှာကြဘဲ သူတို့လင်မယားသည် အိပ်ပျော်သွားကြပြီ"

"မြအနှစ်ကလေး ပညာတတ်စပြုပြီ။ နက်ဖြန်သော် ရေခပ်သည်။ ထင်းခွဲသည်။ မိန်းကလေးတန်မယ့် ထင်းပေါက်သည်။ အိမ်လုပ်တို့သည် အံ့အားသင့်နေကြသည်။ မြအနှစ်သည် မီးဖိုချောင်ကိုဝင်သည်။ အမေနှင့်အမေ ချိုးဖို့ ရေခပ်သည်။ ဤကား ကုသိုလ်လိုချင်၍ မဟုတ်။ လင်လိုချင်သောစိတ်၊ တနတ ယောကျ်ားကလေးများနှင့် ကစားချင်သောစိတ် မပေါ်လာအောင်စတင်ကာ အလုပ်လုပ်ခြင်းဖြစ်သည်။ အိမ်နိုးမသည် အလွန်အံ့သြနေပါသည်"

"ထိုအခါကစ၍ ဝါဖန်၊ ဝါကြိတ်၊ မိုင်းလိပ်၊ ချည်ငင်စသည်ဖြင့် အလုပ်များနှင့်သာပျော်နေသည်။ မြအနှစ်ကလေး အမြဲနေ့တိုင်း လောက်ပင် အလုပ်နှင့်ပျော်နေတော့သဖြင့် ယောကျ်ားကလေးနှင့် ဆော့ချင်သောစိတ်သည် မိမြအနှစ်ကို မတတ်နိုင်တော့ပေ"

"အချိန်အရွယ်ရောက်၍ အသက်တစ်ဆယ့်ခုနစ်နှစ် အရွယ်ရှိသောအခါ သလ္လာဝတီပြည်က မင်းသားမင်းသမီးတို့နှင့် တက္ကသိုလ်သို့ လိုက်ပါသွားပါသည်"

"ဟုတ်ကဲ့"

"တက္ကသိုလ်သို့ရောက်စမှာ မြင်တိုင်းသော တက္ကသိုလ်မောင်တို့သည် မြအနှစ်၏ မျက်စိ၌ချောလှ၍ ချစ်ကြိုက်စရာ ကောင်းနေပေတော့ပြီ။ သို့သော် စာသင်ရသည်။ ကစားရသည်။ အတတ်ပညာသင်ရသည်။ ဤသည် ကလေးလုံမတို့၌ အလုပ်တစ်ခုဖြစ်နေ၍ စာကျက်ရခြင်း၊ ကစား၍မောခြင်း၊ ပညာသင်ရခြင်း၊ ဆရာများကခေါက်ခြင်းတို့ကြောင့် မြအနှစ်၏ လင်လိုချင်သောစိတ်သည် ဆိတ်ငြိမ်နေလေတော့ပြီ"



"မြအနှစ်သည် သျှုဗ္ဗရပညာ၊ လက္ခဏာပညာတို့ကို သင်မိသောအခါ မြအနှစ်ဆိုသော သူကြွယ်သမီး ကောင်မကလေးသည် ကြီးသောအခါ မိန်းမအမြင့်စားဖြစ်၍ အနည်းဆုံး လင်လေးယောက်နှင့် ပျော်ပါးနေမည့် မိန်းကလေးဖြစ်ကြောင်းကို သိရတော့ပြီ"

"မြအနှစ်သည် ရယ်တော့ပြီ။ ဟယ် ပဋိသန္ဓေစိတ်၊ ဟယ် ရုပ်လက္ခဏာ၊ ဟယ် မွေးဇာတာ၊ သင်တို့ကို ငါ လှောင်တော့ပြီ။ အလုပ်နှင့် စာပေကျမ်းဂန် အတတ်ပညာတို့၏ အုပ်စိုးခြင်းကိုခံသောသူတို့သည် မကောင်းသောအကျင့်ကို တောက်ပစ်နိုင်တတ်ပါသည်။ အိမ်မယစ်လိုနှင့် စည်းစိမ်ကိုကြောက်၊ အိမ်ယစ်သော်၊ စည်းစိမ်ကို မကြောက်သော် မေထုန်သမကလေးအဖြစ်နှင့် ကာမဂုဏ်ကျွန်ဖြစ်မည်။ ကာမမေထုန်ကို အိမ်နှင့်စည်းစိမ်သည် အမြဲခေါ်နေသည်"

ထိုမေထုန် မောင်မယ်တို့သည်လျှင် လောကကို ညစ်ပတ်ရှုပ်ထွေးပွေလီစေတော့တကား။

"အင်း...အင်း"

"မြအနှစ်သည် ကာမမေထုန်စိတ်ကို အလုပ်နှင့် မောင်း၍ ပစ်ထားသည်။ တက္ကသိုလ်၌ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက မြအနှစ်ကို လင်မပေးစားလိုက်ရသဖြင့် အပြစ်ဆိုသည်။ မွေးသမိခင် ကျေးဇူးရှင်သခင်သည် အိမ်ရှေ့မင်းနှင့် လင် မပေးစားရသောကြောင့် ကျွန်ရုပ်မဟု အမည်သစ်တွဲ့တပ်ကာ အိမ်မှ မောင်းထုတ်လိုက်တော့သည်"

"ကျွန်ရုပ်မသည် ငါ၌ ကာမမေထုန်စိတ်ဝင်၍ ထိုအပြုအမူတို့တတ်ကျွမ်းသော ငါသည် ညစ်ညမ်းတော့မည်တကားဟု သိသောကြောင့် မယ်မယ်သခင်၊ မေမေသခင်၊ မမသခင်ဟု နှုတ်မဆိတ်ကြဘဲလျက် တောင်ယာလုပ်မကလေးကဲ့သို့ မြက်ရိတ်သည်။ ပေါင်းသင်သည်။ စာပေပြုသည်။ ချည်ဆွဲသည်။ ချည်ချသည်။ တစ်ခါတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းရက်နေသည်”

“ပုရောဟိတ်ကြီး ဉာဏကျော်ခေါင် ပြဿနာပြေပါပလား”

ထိုစကားပွဲရှိ အားလုံးသောသူတို့သည် အလွန်နှစ်မြို့က်ကြ၍ ဉာဏကျော်ခေါင်သည် မိမိ၏ တိုင်းပြည်အတွက် အလွန်စိတ်ပျက်ခြင်း ဖြစ်လေတော့သည်။

□

# [ ၇ ]

လောကဌ္ဌ အတတ်ပညာရှိသည်။ အတတ်ပညာအားဖြင့် ဘုန်းတန်ခိုးရှိသည်၊ ထွတ်မြတ်သည်။ ဘဝက ကုသိုလ်ကံကြောင့် ဘုန်းတန်ခိုးရှိသည်၊ ကြီးသည်၊ ထွတ်မြတ်သည်ဟု လူတို့တွင် ရှိလေသည်။ ထိုသို့ရှိရာတွင် ကာမဂုဏ်ကို အလိုရှိခြင်းမှ ငြိမ်းသတ်နိုင်သော၊ မဖြတ်တောက်နိုင်သော ကာမဘုံသားတို့၌ ယောကျ်ားတို့သည် အတတ်ပညာကြီးကျယ်၍ ဉာဏ်ကြီးသော်လည်းကောင်း၊ ဘုန်းတန်ခိုးရှိသော် ကြီးသော်လည်းကောင်း ကာမဂုဏ်စည်းစိမ်ကို မြိန်ရှက်ခြင်းဖြင့် တင့်တယ်ခန့်ညားလေသည်။ မိန်းမတို့၌ သော်ကား အတတ်ပညာကြီးကျယ်၍ ဉာဏ်ရှိသောကြောင့်၊ ဘုန်းတန်ခိုးရှိသောကြောင့် တင့်တယ်ခန့်ညား၍ သာယာဖွယ်ရှိနိုင်ပါမလား။

ယောကျ်ားသည် အမြင့်အမြတ်သို့ရောက်၍ မိမိအလိုရှိသော ကြင်ရာကိုယူပြီးလျှင် မောင်းမမိဿံ အခြံအရံတို့နှင့် ရှိခြင်းသည် တင့်တယ်ဘိသကဲ့သို့ မိန်းမသည် အမြင့်အမြတ်သို့ရောက်၍ မိမိချစ်ခင်နှစ်သက်သော ကြင်ဖက်တော်ကိုယူပြီးလျှင် အမှုလုပ်လုလင်ပျို အခြံအရံတို့နှင့်နေသော် တင့်တယ်ပါမလား။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသည် ယောကျ်ားၡ အခွင့်အရေးအောက်၌သာ တည်နေရသဖြင့် အစစ်သဘောကိုစဉ်းစားချေသော် ကာမဂုဏ်စည်းစိမ်၌ သဘောရှိသလို မြိန်ယှက်နေခြင်းဖြင့် တင့်တယ်နိုင်ပါ့မလား။

ယောကျ်ားနှင့် မိန်းမကား သဘာဝတစ်မျိုးစီ ဖြစ်နေလေပြီ။ တိရစ္ဆာန်တို့ကို စဉ်းစားသည်ရှိသော် သားတောင်းသော နွားမ၏နောက်၌ နွားထီးတို့သည် တရုန်းရုန်းနှင့် လိုက်ပါကာ ရှိကြလေသည်။ ဝါခေါင်၊ တော်သလင်းလတို့၌ ခွေးမ၏ နောက်တွင် ခွေးထီးတို့သည် တရုန်းရုန်းနှင့် အုတ်အုတ်ကျက်ကျက် ဆူ၍လိုက်ပါနေကြလေသည်။ ၎င်းတို့သည် ၎င်းတို့၏အဖို့၌ တင့်တယ်သိုက်မြိုက်သည်ဟု ဆိုချင်သောကြောင့် ဆိုသင့်စေကာမူ ၎င်းကဲ့သို့ လူတွင်ဖြစ်ရာသလော။

"ကျွန်ရုပ်မသည်ကား ၎င်း၏အတတ်ပညာ ဉာဏ်အားဖြင့် အတိုင်းတိုင်းအပြည်ပြည်မှာပင် ကျော်ကြားကာရှိလေသည်။ သလ္လာဝတီပြည်၌လည်း မေမေ၊ အမေ၊ အစ်မသခင်မ၊ အရှင်မဟု တိုင်းသူပြည်သားတို့အားကိုးကာ ချစ်ခင်နှစ်သက်သည့်မိန်းမပညာရှိ တစ်ယောက်ဖြစ်နေပေသည်။

၎င်းသည် ဘုရင်မတစ်ပါးကဲ့သို့ ဆိုချင်သော် ဆိုစရာသဘောနှင့် နိုင်ငံတော်တွင် လှည့်လည်ကာ ဆောင်ရွက်လုပ်ကိုင်ရာ၌ အခြံအရံမိန်းမများ၊ အမှုထမ်း လုလင်များတို့သည် ပါရှိလေသည်။ ဤသည် တင့်တယ်သလော။ တင့်တယ်စေကာမူ ၎င်းကို ကျွန်ရုပ်မသည် သာယာနိုင်ပါမည်လော။ ရသေ့ပညာရှိ၊ ပရိဗိုဇ် ပညာရှိတို့ကမူကား ဟသ်ာသည်ကြားဖူးကြာစွယ် ဟင်းရံ့ဖူးစသည်တို့နှင့် ပြည့်စုံသောအင်းရှိမှ၊ ကျွဲသည်ညွန်ရှိမှ၊ မိန်းမသည် လင်ရှိမှ၊ ရသေ့ပရိဗိုဇ်သည် တရားရှိမှ မွေ့လျော်သည်။ တစ်နည်းတုံ့ ပျော်ပါးနှစ်သက်သည်ဟု ဆိုသည်။

ယခုအခါ တောရွာကလေးတစ်ရွာ၌ ကျွန်ရုပ်မသည် ရောက်နေသည်။ ကျေးရွာသားများနှင့် ရောနှောကာ အလုပ်လုပ်နေသည်။ တစ်ခါတစ်ရံ အမျိုးသမီးများနှင့် ကိုယ်လက်လှုပ်ရှား ကစားနေသည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာ လမ်းဖောက်ခြင်း၊ သစ်ပင်များကို စိုက်ခြင်း၊ သစ်တောပြုစုခြင်း၊ ဆည်မြောင်းများတို့ကို ပြုပြင်ခြင်း၊ ခိုင်လုံအောင်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နေသည်။



ကျွန်ရုပ်မမှာ လူဟူသော လင်မရှိ၊ အလုပ်အကိုင် အတတ်ပညာဉာဏ်တည်းဟူသော လင်ရှိသည်။ ထိုလင်နှင့် မွေ့လျော်ပျော်ဝါး၍ ကာမဘောဂ စည်းစိမ်ကို ခံယူသည်။ သူ၏ အရသာကား လူငယ်များအား စာပေသင်ကြားရခြင်း၊ လူရွယ် လူလတ် လူကြီးများ စာပေတတ်မြောက်စေခြင်း၊ အတတ်ပညာရှိ၍ သဘောတရားကို နားလည်စေခြင်း၊ နိုင်ငံတော် အေးချမ်းသာယာ၍ အနေအထိုင် အတန်းအစား မြင့်မြင့်ဖြင့် ဖူလုံကြစေခြင်းတို့ ဖြစ်သည်။

ထိုသဘောဖြင့် ကျွန်ရုပ်မမှာ သားသမီး၊ ညီမလေး၊ မောင်၊ အစ်ကို၊ အစ်မ စသည်တို့ရှိ၍ အချို့သားသမီးများမှာ အဘိုးအို၊ အမယ်အိုများပင် ဖြစ်ကြလေသည်။ ကျွန်ရုပ်မသည် တစ်နေ့၌ ရွာသူမများနှင့် နှမ်းတလင်းထဲတွင် နှမ်းခါနေ၏။

ထိုနှမ်းကား သားသမီး ဆွေမျိုးကင်းမဲ့သော မုဆိုးမကြီး၏ နှမ်းဖြစ်၏။ ထိုမုဆိုးမကြီး၏ ယာကို ရွာကဝိုင်းအုံ၍ ထွန်ပေးခြင်း၊ စိုက်ပေးခြင်း စသော ပြုဖွယ်ကိစ္စများကို ပြုပေး၏။ ထိုသဘောကို လူ့သဘောဟု ကျေးရွာသားတို့သည် ကျွန်ရုပ်မအားဖြင့် နားလည်ထားကြ၏။ နိုင်ငံတော်၌ ထိုသဘောသည် တည်နေ၏။ ထိုနိုင်ငံတော်သည် ဘယ်လိုနေမလဲ။

ကျွန်ရုပ်မသည် ထိုသို့လုပ်ကိုင်နေစဉ် လုလင်ပျိုတစ်ယောက်သည် လာ၍ ဒူးထောက်ကြ၏။ ကျွန်ရုပ်မလည်း ဤသို့ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ၊ ထကြပါ မောင်တို့၊ ဘာကိစ္စလဲ..."

"ရွှေနန်းတော်ကြီးက အမြန်ပြန်လည်တော်မူရန် လာရောက်လျှောက်ထားရပါ ဘုရား"

"သြော်...မောင်ကလေးတို့ကို အစားအစာ ကျွေးကြပါဦး"

"မမဘုရားရဲ့ ဘုန်းတော်ကြောင့် ရောက်လေရာမှာ ကျွန်တော်မျိုးတို့လည်း ဘုန်းကြီးထားပြီး၍ အစားကောင်းနှင့် လုံလောက်ပြီးခဲ့ပါပြီ ဘုရား"

"ဟာတော့...မေမေထံမှာ မမ ဘုရား"တဲ့ဆိုကာ တောသူမကလေးတို့သည် ရယ်ကြလေ၏။

"အဟုတ်သားပဲကွယ်၊ မောင်ကလေးတို့ကလည်း"

"မမဘုရားကို ကျွေးတော်မျိုးတို့က ဘုရားဟုတပ်မပြောရရင် လျှာဖြတ်မှာပါ ဘုရား"

"အေး... အေး... အေး... ကောင်းပြီ၊ နက်ဖြန် ညီလာခံအမီ မမ ရောက်အောင် ပြန်ခဲ့မယ်။ ခမည်းတော်နှင့်မယ်တော်ဘုရားထံ တင်လိုက်ကြပါ"

"မှန်လှပါ ဘုရား"

× × ×

ကျွန်ရုပ်မသည် ကိလေသာ မကုန်သော မိန်းကလေးဖြစ်၍ ကာမဂုဏ်ကို မနှစ်သက်ဘဲ ရှိပါ့မလား။ အရွယ်ကောင်း စည်းစိမ်ရှင်ဖြစ်၍ မေထုန်သဘောကို မနှစ်သက်ဘဲ နေပါ့မလား။ ဤသည်တို့၏ အပြုအမူကား ကျွန်ရုပ်မ၏ ကာမဂုဏ် ခံစားခြင်း၊ မေထုန် အပြုအမူကို ပြုခြင်း မည်ရာသလော။ မေထုန်၏သဘောအနက်ကား ပေါင်းဖော်မှီဝဲခြင်းတည်း။



ကျွန်ရုပ်မသည် ဘုရင်မင်းမြတ်၏နံနက်ညီလာခံသို့ ဝင်ရောက်ခစားလေရာ ဘုရားမင်းမြတ်လည်း ဤသို့ မိန့်တော်မူလေ၏။

"သမီးတော်...၊ မာလာယုပြည်က ဂုတ်ဝန်မင်း အမှူးပြုပြီး တမန်တော်များ ရောက်လာပါတယ်"

"နက်ဖြန် နန်းတော်ကြီးညှိတော်ဆောင်မှာ တွေ့ဆုံကာ အကြောင်းရှိသည်ကို ပြည့်စုံတန်ကောင်းပါ ဘုရား"

"သမီးတော်က သိပ်ကို အပင်ပန်းခံတာကိုး၊ အသားများ ညှိုးနေပြီ"

"ဖျား သမီးတော် တိုး၍လှနေကြောင်းပါ ဘုရား"

× × ×

မာလာယုပြည်မှ ဂုတ်ဝန်မင်းသည် ကျွန်ရုပ်မ၏အိမ်တော်သို့ နောက်ပါ အမတ်ငယ် နှစ်ယောက်နှင့် ရောက်လာ၏။

"ကိုင်း...ဘတို့၊ ထိုင်ကြပါ"

"မြမြရယ်၊ ဒီပြည်မှာမှ လာပြီး ပျော်နေရတယ်လို့..."

"ရေကြည်ရာ မြက်နုရာပါ ဘ"

"မာလာယုပြည်မှာလည်း ရေကြည်ပြီး မြက်နုပါတယ်၊ ဦးတော်နှင့် ဒေါ်ပုလုံးကော"

"ဥပုသ်စောင့်ပြီး ဥယျာဉ်ထဲမှာ နေနေပါတယ်။ ဘတို့ ညနေ ပွဲတော်စာ ကျွန်မအိမ်မှာယူကြပါ။ အဖေနှင့်အမေတို့ကိုလည်း တွေ့ကြရမှာပေါ့"

"ဝမ်းသာပါတယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ကျွန်ရုပ်မသည် ဤသို့လျှင် ဘုရင့်ခြည့်တော် ဆောင်၌ စကားဆိုလေ၏။

"မာလာယုပြည်က ဘအကြောင်းကို လင်းတော်မူပါ၊ ကျွန်မက စကားဦး သန်းလိုက်ပါဦးမယ်"

"မာလာယုပြည် အိမ်ရှေ့မင်း မုဒုစိတ္တသည် အခြေမပျက် လွတ်သို့ တက်၍ စီရင်ခန့်ခွဲခြင်း စသည်တို့ကို ပြုနေသော်လည်း သူ့အိမ်တော်က စပြီးလျှင် အိမ်ရှေ့မင်းသည် ရူးနေပြီဟု စကားပေါ်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ မယ်မြကို ဘယ်သူက ဦးအောင် တင်နှင့်ထားပါသလဲ"

"ဘရဲ့ အင်္ဂါရုပ်ကပါ"

"ပြောတော့မယ် တူမကြီးရယ်"

"ကိုင်း ဘ၊ အိမ်ရှေ့မင်း မုဒုစိတ္တရဲ့ဖြစ်ပုံကို ပညာရှိအများ နားလည်အောင် မိန့်တော်မူပါ"

"အားလုံးကိုပဲ ကန်တော့ပါတယ်။ ဘုရင်မင်းမြတ်နှင့် မယ်ဘုရားတို့ကိုလည်း ဦးနှင့်ဆံနှင့် ကန်တော့ပါတယ်"

"ဘရယ်၊ ကိစ္စမရှိပါ၊ ကျွန်မတို့လည်း နားထောင်ချင်ပါတယ်"

"မာလာယုပြည် အိမ်ရှေ့မင်းသား မုဒုစိတ္တသည် အခြေမပျက် တာဝန်ကို ရွက်ဆောင်နေသော်လည်း ဘုံ့မမှတာအလျောက် ညအချိန် ကျရောက်သောအခါ အိမ်ရှေ့မိဖုရားနှစ်ပါးထံ၌ အဝတ်မဲ့ပြုစေပြီး ကြည့်ကာ ပြုံး၍သာ နေပါသည်။ အတော်ကြာတော့ မျက်ရည်ကျပြီးလျှင် သလွန်တော်ပေါ်သို့ တက်ပြီးလျှင် စက်တော်ပြုပါသည်။ ဤသို့နှင့် အတော်ရှည်လျားလာပါပြီ"

"ဒါပဲလား"



"လူတွေ့များစွာ မခံဘဲ တစ်ကိုယ်တည်းသာ အနေများပြီးလျှင် နေ့စဉ်မှာ ပါးစပ်မှ အင်း… ဆတ်ချိုနှ၊ ရင်ကွဲလည်း၊ တစ်ယောက်တည်း၊ ဟင်လုံ့စပါးကြီး၊ စပါးကြီး၊ စောမွန်ခေါင်၊ ရွှေမြို့တော်သားကိုမှ၊ မင်းသားပါပဲ၊ ချစ်ပါတယ်၊ စိုးရိမ်ပါတယ်၊ အို…မုဒုစိတ္တဆိုသော စကားများကိုသာ ရေရွတ်နေပါသည်။ နံနက်ချိန် တစ်ခါတစ်ခါမှာ အိမ်ရှေ့တော် စမုတ်ကထပြီး 'တကယ် အချစ်နှင့်ခွဲရစ်ပါမောင်၊ နောင်ပစ်ခါ ရှောင်ခွာကမယ်သေမှာပဲ' ဆို၍လည်း သီချင်းဆိုပါသည်။ အင်း…သေပြီ သေပြီ ဟု ညည်းတွားကာ မှိုင်နေပါသည်"

"ဘ သည်လျှို့ဝှက်နက်နဲသောအကြောင်းကို စိတ်ဖောက်ပြန်သောသူ၏ကတော် အဖြစ်မခံနိုင်သော ကျွန်ရုပ်မ ဖြေဆိုပါတော့မည်"

(လူစုကား တိတ်နေ၏။)

"ဟယ်…ကျွန်ရုပ်မ၊ အလုအချောကလေး ဘရဏီသွေးတို့ တစ်ယောက်မဟုတ် နှစ်ယောက်တောင် တော်ကောက်ကာ မြှောက်စားနိုင်သည်ဟု မြှောက်စားသော အိမ်ရှေ့မင်း မုဒုစိတ္တသည် အိမ်ရှေ့မိဖုရားနှစ်ပါးနှင့် အမျိုးမျိုး ကာမမေထုန်မှုကို ပျော်မွေ့ကာ ခံစားနေလေတော့ပြီ"

"မှန်ပါသည်"

"သဘော။ ကာမမေထုန်သဘောကို အကြောင်းရင်းပြု၍ အိမ်ထောင်ပြုနေသော ယောကျ်ားသည် ရူးနေသောသူဖြစ်သည်။ ၎င်းသည် ဣန္ဒြေမဲ့အောင်သော်လည်းကောင်း၊ သုံးမရအောင်သော်လည်းကောင်း ဖောက်ပြန်၍ နောက်လာတတ်သည်။ ထိုရောဂါနှင့် အသက်ခန္ဓာကိုသာ နှင့် ကင်းကွာရတတ်ချေသည်"

"မုဒုစိတ္တသည် တစ်နေ့သောအခါ ဗိုလ်ပါများနှင့် တောကစား ထွက်သွားလေသည်။ ၎င်းတို့သည် တောထဲနက်ခေါင်၌ ဦးချိုလဲ၍ တစ်ကောင်တည်းနေသော ဆတ်ကိုတွေ့လေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ထိုအခါ ထိုဆတ်သည် လူကိုကြောက်၍ အားသွန်ကာ ပြေးလေတော့ပြီ"

"နေပါဦး မြ၊ စကားဖြတ်တယ်လည်း မဆိုပါနှင့်။ ဘာကြောင့် သည်ဆတ်ဟာ တောနက်ထဲမှာ တစ်ကောင်တည်း နေရသလဲ"

"ဩော်... သည်လိုလား၊ ဆတ်ချိုနုသည် သွေးအား သုက်အားကို အလွန်ထက်သန်စေသည့်ပြင် ဆိမ့်လည်း အလွန်ဆိမ့်ပါသည်။ ထို့ကြောင့် ဦးချိုလဲ၍ ချိုနုပေါက်သော ဆတ်မှ ချိုနုကို အခြားဆတ်များက ဝိုင်းပြီးလျှင် ကိုက်ဖဲ့စားကြသဖြင့် တောထဲတွင် တစ်ကောင်တည်း နေရှာရပါသည်။

"မုဒုစိတ္တနှင့် ၎င်း၏နောက်ပါတို့သည် ထိုဆတ်ကို မြင်းနှင့်ဝိုင်းပတ်ကာလိုက်ကြရာ မုဒုစိတ္တသည် ဆတ်ကို မျက်ခြည်မပြတ် လိုက်သဖြင့် တောနက်ထဲသို့ ရောက်မှန်းမသိရောက်သွားလေရာ ဆတ်လည်း ပျောက်လေတော့ပြီ။ မုဒုစိတ္တ၏ မြင်းလည်း ရင်ကွဲ၍ သေလေတော့ပြီ။ ထိုကို မုဒုစိတ္တသည် သတိရသဖြင့် တမ်းတကာ ရင်ကွဲလဲဟု တစ်ပိုင်းတစ်စကို အသွပ်ပြော၍ နေရှာလေသည်"

"အင်း..."

"မုဒုစိတ္တသည် ဆတ်ချိုနုကို ကာမမေထုန်အတွက် အားဆေးဆရာများက လျှောက်ထားဖူးသည့်အတိုင်း အလိုရှိသဖြင့် ချိုလဲသောဆတ်ကို လိုက်လေရာ အဖော်များနှင့် ကွဲ၍ တောထဲတွင် တစ်ယောက်တည်း ရောက်မိရောက်ရာ သွားရလေတော့သည်"

"အင်း..."

"ကာမမေထုန်ကို အလွန်အနှစ်နှင့်ပြည့်စုံသော အရသာဟု တပ်မက်သောသူတို့သည် မယားများစွာ ယူတတ်ကြသည်။ ကာမအားဆေးကို အလိုရှိကြသည်။ ထိုသို့ အလိုရှိခြင်းသည် ဘေးကြီးတစ်ခု



ဟု မုဒုစိတ္တသည် သာဓကပြလေတော့ပြီ"

"အင်း..."

"မုဒုစိတ္တသည် တစ်ယောက်တည်း တောထဲတွင် ခြေဦးလှည့်ရာသွားလေရာ တစ်ခုသော စမ်းချောင်းအနီး၌ ဘယ်ကိုမျှ တိုးကာသွား၍မရဘဲ မျက်စိလည်ဘီသကဲ့သို့ တဝဲဝဲလည်လည်ဖြစ်နေရှာတော့သည်။ ထိုအခါ မုဒုစိတ္တသည် ငါ ဘယ်ကိုရောက်နေသလဲဟု မြည်တမ်းမိတော့ပြီ။ ထိုအခါ သစ်ပင်ပေါ်မှ ငါဘယ်ကို ရောက်နေသလဲဟု လင်းမြီးဆွဲက မြည်သည်ကို တောသဘာဝ မကျွမ်းကျင်သဖြင့် မုဒုစိတ္တသည် သာ၍တုန်လှုပ်လေတော့ပြီ"

"ထို့အတူပင် မြေပေါ်တစ်နေရာမှ "ငါဘယ်ကိုရောက်နေသလဲ" ဟူသော သင်းခွေချပ်၏အသံကပေါ်လာပြန်၍ မုဒုစိတ္တ၏စိတ်သည် သာ၍ တုန်လှုပ်လေတော့ပြီ။ လက်တွင် ဆွဲကိုင်ထားသော လှံတို့သည် လွတ်ကျလေပြီ။ ထိုကို သတိရတိုင်း ဟင် လှံပျောက်သွားပြီ"ဟု 'ဟင်—လှံပျောက်သွားပြီဟု' မြည်တမ်းလေတော့ပြီ"

"ထိုအတွင်း မုဒုစိတ္တ၏ မျက်စိတို့သည် ပြာနောက်လာလေတော့ပြီ။ မုဒုစိတ္တသည် ဘယ်ကိုမှ မသွားနိုင်ဘဲ တစ်ရစ်ပတ်ပတ်နှင့် ထိုနေရာတွင် လဲရပေတော့မည်"

"ဟင်း...အင်း"

"ထိုခဏ၌ လှံမကို ကိုင်ကာ မြင်းစီး၍ မိန်းမတစ်ယောက်သည် ရောက်လာပြီ။ ၎င်း၏နောက်မှာ နောက်ပါများလည်း ပါရမည်၊ ထိုမိန်းမသည် စောမွန်ခေါင်အမည်ရှိသော တောင်ပိုင်ဘုရင်မကလေး ဖြစ်သည်။ ၎င်း၏ကိုယ်မှာ လှပသော မြင်းစီးအဝတ်အစိမ်းကို ဝတ်ထားသည်။ ထို တောင်ပိုင်ဘုရင်မကလေးသည် နောက်ပါများနှင့် အပျင်းပြေ အမဲလိုက်ရန်လာရာ မုဒုစိတ္တကိုတွေ့သော်လည်း မုဒုစိတ္တသည် ကြောက်

www.burmeseclassic.com

www.burmeseclassic.com



အကြီးကာမွန်နေသဖြင့် မျက်စိများပြာနေသည့်အတိုင်း စောမွန်ခေါင်တို မမြင်မိပေ၊ သတိလည်း ကင်းလုမတတ်ဖြစ်နေလေပြီ"

"စောမွန်ခေါင်သည် တရစ်ပတ်ပတ်နှင့် လှည့်နေသော မုဒုစိတ္တတို မြင်လတ်သော် 'ဟင် သည်သူကို စပါးကြီးညှို့မိနေပါကလား'ဟု သိလေပြီ။ ညှို့နှင့်ထောက်ပြီးသော် ကုံးနေသော စပါးကြီးမြွေကြီးကိုလည်း မြင်တော့ပြီ"

"စောမွန်ခေါင်သည် မုဒုစိတ္တကို ကယ်လိုလေပြီ။ မုဒုစိတ္တသည် မကြာမီ စပါးကြီးမြွေကြီး၏ ဗိုက်အောက်၌လဲ၍စပါးကြီးမြွေကြီး၏ ရစ်ပတ်ကာသတ်ခြင်းကို ခံရတော့မည်ဟုသိ၏။ သူမသည် စပါးကြီးမြွေကြီးကို သတ်ပြီးမှ ကယ်နိုင်သတတ်ဟု ထင်သော်လည်း စပါးကြီးမြွေကြီးကို နတ်မြွေဟု ယူဆထား၍ မသတ်ဝံ့ချေ"

ထို့နောက်မှ စောမွန်ခေါင်သည် သတိရ၍ ရပ်တန့်ပြီးသော် ၎င်း၏ ဗိုလ်ကြီး ခွန်ယောင်အား ဤသူကို ကယ်လိုက်ပါဟု ဆို၏။ ခွန်ယောင်လည်း မုဒုစိတ္တ၏နောက်သို့ သွားရောက်ပြီးသော် မိမိ၏ ငှက်ကြီး တောင်ဓားနှင့် ခြေရာကို ကြက်ခြေခတ် ဖြတ်လိုက်ရာ စပါးကြီးမြွေကြီး၏ ညှို့ခါတ်သည် ပြတ်၍ စပါးကြီးမြွေသည် လျှောကနဲ ဖြစ်သွားပြီးလျှင် ရွေ့လျှောကာသွားလေ၍ မုဒုစိတ္တလည်း ချက်ချင်း သတိရလာလေတော့ပြီ"

ထိုအခါ ခွန်ယောင်သည် ဤသို့ ပြောလေ၏။

"အသင့်ကို စပါးကြီးမြွေညှို့ထားတယ်၊ အသင် သေတော့မလို့၊ ငါတို့နှင့် တွေ့လို့သာ။ သို့မဟုတ်ရင် အသင့်ကို စပါးကြီးမြွေက မျိုတော့မှာပဲ"

"ကျေးဇူး အထူးတင်ပါတယ်ဗျာ"ဟု မုဒုစိတ္တသည် ဆိုလတ်သော်..."



"အသင် ဘာကြောင့် ဒီကိုရောက်လာသလဲ"ဟု ခွန်ယောင်သည် ဆို၍ "ဆတ်ချိုနဲ့ပေါက်စ ဆတ်ကိုလိုက်ရင်း ဆတ်ပျောက်သွားသဖြင့် ရောက်လာရကြောင်းကို ပြောပြလေတော့သည်"

ထို့ကြောင့် ဆတ်ချိုနဲ့ ရင်ကွဲလဲတစ်ယောက်တည်း လုံကျူ၊ စပါးကြီး၊ စပါးကြီးဟု တမ်းတကာ ယောင်ယမ်းနေဘိသကဲ့သို့ မုဒုစိတ္တသည် ပြောလေတော့ပြီ။

"ခြော်...သည်လိုကိုး၊ ပညာရှိများသည် အတပ်ကို မြင်နိုင်ဝါကလား"

"မှန်မှ မှန်မှာပါ ဘ"

"မှန်ရမှာပါ မယ်မြရယ်၊ ဆက်ပြီး မိန့်စမ်းတော်မူပါဦး"

"စောမွန်ခေါင်ကား ကိုင်း ဗိုလ်ကြီးခွန်ယောင် ပြန်မယ်ဆိုကာ ရခဲ့သော ခေါင်းကြီး နှစ်ကောင်ကို ၎င်း၏ နောက်လိုက်တို့အား ထိုးစေခဲ့ပြီးလျှင် မြင်းစီးကာ ဖြည်းညင်းစွာ ၎င်း၏တောင်သို့ သွားလေ၏။ ခွန်ယောင်ကား မုဒုစိတ္တကို ခေါ်ဆောင်သွားလေ၏။

မုဒုစိတ္တသည် ခွန်ယောင်၏ နောက်သို့ ပါရ၍ တောင်ပိုင်ဘုရင်မ၏ နန်းတော်တစ်နေရာ၌ အကျုပ်ချုပ်သဘောနှင့် ထားလေ၏။ ထိုသို့နှင့် သုံးရက်မြောက်သောနေ့၏ညတွင် မုဒုစိတ္တထံ စောမွန်ခေါင်သည် ရောက်လာ၏။ ထိုအခါ စောမွန်ခေါင်မှာ ၎င်း၏ထုံးစံအတိုင်း အဝတ်မပါချေ။ မုဒုစိတ္တသည် ဤကား လူမဟုတ်တန်ရာ၊ တောင်စောင့်နတ်သမီးပင်ပေလားဟု အောက်မေ့နေဟန်ရှိရမည်။ ဘာကြောင့်လဲ၊ စောမွန်ခေါင်သည် တောင်ပိုင် ဘုရင်မ ဆိုသည့်အတိုင်း အလွန်အလွန် ရက်စက်ပေါက်နှင့်တကွ အစစသည် လုပနေရမည်။ ထို့ကြောင့် မုဒုစိတ္တသည် စောမွန်ခေါင်ကို စိုက်နေရမည်"

"ဟုတ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"စောမွန်ခေါင်လည်း သဘောအရ ဤသို့ မေးပေလိမ့်မည်။ အသင်သည်ဘာလဲ၊ ထိုအခါ မုဒုစိတ္တသည် ကျွန်ုပ်ကား မာလာယုပြည်က အိမ်ရှေ့မင်းသားဟု ပြောပေလိမ့်မည်။ လူ့သဘာဝသဘော အလျောက်ဖြစ်တတ်သည်ကို ကျွန်ရုပ်မ ပြောပြပါမည်"

"ဟုတ်ကဲ့"

"စောမွန်ခေါင်က အသင့်ကို မာလာယုပြည်သူ ပြည်သားများ နေထိုင်ရာ နီးစပ်သည့်ရွာများ၏လမ်းသို့ ပြန်ပို့ပေးမည်။ အသင် ဘယ်နေ့ပြန်မလဲဟု မုဒုစိတ္တအား မေးသောအခါ ကာမဂုဏ် အာရုံ၌ ငမ်းငမ်းတငင် ထုံနေသော မုဒုစိတ္တသည် နေပြည်တော်သို့ မပြန်လိုကြောင်းကို ပြောပြပေလိမ့်မည်။ ထိုအခါ စောမွန်ခေါင်က ဘာကြောင့်လဲဟု မေးလေရာ မုဒုစိတ္တသည် မိမိကလေး စောမွန်ခေါင်က လှသောကြောင့် မပြန်လိုပါဟု ယောကျ်ားတို့၏ နူးသောသဘောနှင့် ပြောပေလိမ့်မည်။ စောမွန်ခေါင်ကား မိန်းမတို့သဘာဝအတိုင်း များသော အားဖြင့် မိမိကို လှသည်ဟုဆိုသော် ထိုဆိုသောသူ သဘောသို့ လူ့ပျို ဖြစ်ခဲ့သော် အပျိုသည် တစ်ဝက်ပါသွားတတ်သည့်အတိုင်း မုဒုစိတ္တ၏ အဖြေကို ကျေနပ်သဖြင့် ပြုံးစိစိနှင့် ဘာတွေဟာ လှသလဲဟု လှပုံကို မေးပြန်ပေလိမ့်မည်။ မုဒုကား သိမ်းရုံး၍ အကုန်လုံး လှလှပါသည်ဟု ပြောပေတော့မည်"

"သေချာပါတယ်"

"အဲဒီတော့ စောမွန်ခေါင်က အို လှတာနှင့်ပဲ မပြန်ချင်ရဘူးလို့ဟု ပြုံးတုံးတုံးကလေးနှင့် သွားကိုမဖုံးဘဲ ပြောလိုက်ရာ..."

"နေပါဦး သခင်မ၊ သည်လိုပြောတယ်လို့ ဘာကြောင့်ဆိုနိုင်ပါသလဲ"

"ဩော်...ဒါဟာ မေထုန်ဓာတ်ကို နှိပ်ကွပ် တားဆီးချုပ်ချယ်



ခြင်းမရှိသော မိန်းမတို့၏သဘာဝကြောင့် ဆိုပါတယ်"

"ဟုတ်ကဲ့"

"မုဒုစိတ္တကား ချစ်လို့ပါဟုဆိုလေရာ စောမွန်ခေါင်သည် အို အသင်ဟာ မင်းသားပါကပဲ၊ ရွှေမြို့တော်သားဆိုတာတောင် အင်မတန် အချစ်ကိစ္စနှင့်ပတ်သက်ပြီး ကြောက်စရာကောင်းနေတဲ့ဟာ၊ ရွှေမြို့တော်သားဆိုတာ မိန်းမများကို သည်လိုချစ်ချစ်ပြီး ပစ်ထားတာတွေ အများကြီး။ ပုရောဟိတ်၊ ဝန်ကြီး၊ အမတ်ကြီး၊ မင်းကြီး၊ စိုးကြီးတွေ ချစ်ချစ်ပြီး ပစ်ထားတာတွေဟာ နည်းမှာမဟုတ်ဘူး။ အဲဒီတော့ ရွှေမြို့တော်သားကိုမှ အချစ်နဲ့ပတ်သက်က ယုံစရာမဟုတ်တာ၊ မင်းသားပါကပဲ ယုံပေါင်လို့ ဆိုလိုက်ပေလိမ့်မည်"

"သခင်မ"

"ဆိုပါ ဘ"

"ပုရောဟိတ်၊ ဝန်ကြီး၊ အမတ်ကြီးဆိုတာကိုတော့ ပြောမယ်မထင်ပါ"

"ဒါတွေဟာ ရွှေမြို့တော်မှာနေလို့ ရွှေမြို့တော်သား မဟုတ်ဘူးလား။ ရွှေမြို့တော်သားကိုမှဆိုကာ မင်းသားရဲ့ အညည်းစကားထဲမှာ ပါနေတာပဲ၊ ကျွန်ရုပ်မက ချန်ထားရင် မျက်နှာလိုက်ရာ ကျမှာပေါ့"

(ရယ်ကြ၏။)

"ကိုင်း ဆက်တော်မူပါ"

"ထိုအခါ ယောကျ်ားတို့သဘာဝပေါ့ရှင်၊ မုဒုစိတ္တသည် မျက်ရည်ကျကာ ပလီသည့်သဘောနှင့် သည်လို မယုံရင်လည်း အလကားပဲ ဆန်ကုန်မြေလေးသဘောဖြင့် မထားပါနှင့်။ သတ်လိုက်ပါတော့၊ ဆယ်ပြန် အသေခံနိုင်ပါတယ်။ သည်လောက်တောင်လှတဲ့ ဘုရင်မကလေးရဲ့ အသတ်ကိုခံရတာဟာ ကျက်သရေမင်္ဂလာ ရှိလှပါတယ်။

www.burmeseclassic.com



ပျော်ပျော်ကြီး သေဝံ့ပါတယ်ဆိုတော့ စောမွန်ကလည်း ဒါကြောင့် ဘယ်နေ့ပြန်ချင်သလဲ၊ ပြန်ပို့မယ်လို့ မေးတာပေါ့ဆိုရာ မုဒုစိတ္တသည် မျက်ရည်ကျလျက် သည်လိုအကုန်လုံး ဘာမှမကျန် လှရှောသူကို တွေ့ပါလျက်ကနင့် ပြန်ရခြင်းဟာ သေတာနင့် ဘာခြားနားသလဲ၊ မချစ်တဲ့အတူတူ သတ်လိုက်ပါ၊ သေရတာဟာ မင်္ဂလာရှိပါတယ်၊ သတ်ပါလို့ မင်းသား ညုပီပီ ညုလေတော့ဟန်တကား"

"အင်း..."

"ကျွန်မကလည်း ချစ်ပါတယ်။ ချစ်လို့ပဲ သည်လို ကောင်းစွာ မွန်စွာ ထားတာပေါ့။ မချစ်ရင် ခေါင်းကိုဖြတ်ပြီး တောင်စောင့်နတ်အား ပူဇော်လိုက်မှာပေါ့။ ဒါပေမဲ့ ရွှေမြို့တော်သား မှူးသား၊ မတ်သား၊ ဝန်သား၊ သူဌေးသား၊ မင်းညီမင်းသား၊ မင်းဆိုတာတွေဟာ စည်းစိမ် သမားတွေ ဖြစ်နေလို့ သစ်တက်သမားသည် ခေါင်ဖျားသို့ရောက်က ပြန်၍ ဆင်းဘိသကဲ့သို့ ကာမမေထုန်မှု၌ ယဉ်ကျေးရာက ရိုင်းလာတတ်တာနင့် စိုးရိမ်လို့ပါလို့ စောမွန်ခေါင်က ဆိုသောအရ ချစ်ပါတယ် စိုးရိမ်ပါတယ်ဟု မုဒုစိတ္တသည် တသကာ နေလေတော့ပြီတကား"

"အင်း..."

မုဒုစိတ္တသည် ထိုသို့သောသဘောအားဖြင့် စောမွန်ခေါင်နင့် အချစ်ကြီးကို လိမ်ပတ်လေကြတော့ပြီ။

ထိုတောင်ကြီး၏ သဘောထုံးစံမှာကား ထိုတောင်နေ လူတစ်ရာကို သုံးမသွန်သင်နေသော ပရိုဗိတ်တစ်ပါးရှိလေသည်။ ထိုပရိုဗိတ်သည် မိန်းမ မယူရ၊ ဘိန်းကိုသော်လည်းကောင်း၊ ဘင်းကိုသော်လည်းကောင်း များစွာရှူရလေသည်။ ဘိန်းနင့်ဘင်းကိုများစွာရှူက ကိလေသာကုန်ခန်းသည်ဟု ယူဆကြလေသည်။ ထိုပရိုဗိတ်သည် မိန်းမ မယူသော်လည်း ရှည်းစားတစ်ယောက်ကို ထားခွင့်ရလေသည်။



ထိုပရိုဗိတ်၏ ရှည်းစားသည် ထိုတောင်အဝှမ်း၌ ချိုချောင်းကွဲမှတ်ကာ ညအချိန်တွင် သူ သွားလိုရာသို့ လှည့်လည်ကာ သွားနေလေတော့ပြီ။ ၎င်းကမွေးသော သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း နတ်ကပေးသည်ဟု အယူရှိပြီးသော် တောင်ပိုင်ဖြစ်ရလေ သည်။ စောမွန်ခေါင်သည် ဤနည်းအားဖြင့် ထိုတောင်တွင် တောင်ပိုင် ဘုရင်မဖြစ်နေလေသည်။

"အင်း. . . .ထုံးစံတစ်မျိုးပေပဲကိုး"

မုဒုစိတ္တသည် စောမွန်ခေါင်နင့် ပျော်ပိုက်ကာနေလေပြီ။ သို့သော် ကာမဂုဏ်မေထုန်ကိုအလိုရှိ၍ မိန်းမတစ်ယောက်ကိုချစ်သော ယောကျ်ားသည် သူ၏အလိုဆန္ဒပြီးမြောက်လျှင် ချက်ချင်းပင် ထိုမိန်းမ၌ အချစ်ကင်းလေပြီ၊ တစ်ဖန် အလိုရှိသော် ချစ်ပြန်လေသည်။

ထိုသဘောအရ ကာမမေထုန်အတွက် မိန်းမကို ချစ်တတ်သော ယောကျ်ားတို့၏ သဘောအရ မုဒုစိတ္တသည် စောမွန်ခေါင်၏ အပေါ်၌ ကြာသော် မလှတော့ပေ။ ချစ်ခြင်းလည်း မရှိတော့ပေ။ စောမွန်ခေါင်ကမူကား မုဒုစိတ္တ၏အပေါ်၌အချစ်သည် တရစ်ရစ်တိုး၍ ယစ်ကာယစ်ကာ လာလေတော့ပြီ။ ထို့ကြောင့် စောမွန်ခေါင်သည် မုဒုစိတ္တအပေါ်၌ မျက်ခြည်မပြတ်စေဘဲ များစွာ အလိုလိုက်ကာထားလေတော့ပြီ။

မုဒုစိတ္တသည်ကား စောမွန်ခေါင့်အပေါ်၌ အချစ်မရှိတော့သည်ကဲ့သို့ပင် ဖြစ်လာ၍ လစ်သောနေ့တွင် ထွက်ပြေးရန်ကြံစည်ကာ ရှိလေတော့ပြီ။

ထိုအခိုက်အတန့်၌ စောမွန်ခေါင်သည် ၎င်းတို့၏ထုံးစံအလျောက် ၎င်းတို့ ကိုးကွယ်သော ပရိုဗိတ်ကို ပူဇော်ကန်တော့ရန် ပွဲလမ်းသဘင် အကြီးအကျယ်ပြု၍ ပရိုဗိတ်၏ကျောင်းတော်သို့ သွားရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြစဉ် မုဒုစိတ္တသည် မြင်းတစ်စီးကို ယူ၍ ထိုတောင်မှ ထွက်ခွာလာလေတော့ပြီ။

စောမွန်ခေါင်ကား မုဒုစိတ္တကို ကောင်းစွာ စိတ်မချ၍ ပရိဗိုဇ်၏ ကျောင်းတော်၌ ရှည်ကြာစွာ မနေဘဲ ကျောင်းတော်မှပြန်လာရာ မုဒုစိတ္တကို မတွေ့တော့ပေ။ သူ၏ နန်းတော်ခေါ် အိမ်၌ ရှာဖွေသော်လည်း မတွေ့တော့ပေ။ ထို့ကြောင့် စောမွန်ခေါင်သည် သူ၏ ဗိုလ်ငါးယောက်နှင့် မြင်းစီးကာ မုဒုစိတ္တကို ဖမ်းရန် အမြန်ညာသံပေး၍ လိုက်လာလေတော့ပြီ။

မုဒုစိတ္တကား ကံအကြောင်းမလှသဖြင့် သူ၏ မြင်းခြေတစ်ချောင်းသည် ဘုတ်တွင်းတစ်ခုသို့ ကျလေရကားကောင်းစွာ မသွားနိုင် ဖြစ်နေပေတော့ပြီ။ နောက်မှပတ်ဝိုင်း၍ အသံပြုကာလိုက်လာသော တောင်ပေါ်သားတို့၏ အသံများသည်လည်း နီးသည်ထက် နီးလာလေတော့ပြီ။ မုဒုစိတ္တသည် အမိခံရန်မှတစ်ပါး အခြားအကြောင်းမရှိနိုင်သကဲ့သို့ပင်ဖြစ်တော့၍ သူစီးလာသော မြင်းပေါ်မှဆင်းပြီးလျှင် မြင်းကို ပြန်လွှတ်လိုက်ပြီးနောက် ခြေကျင် အမြန်သုတ်ရပေတော့မည်။

စောမွန်ခေါင်တို့ကား အပြင်းလိုက်လာလေရာ မုဒုစိတ္တထံမှ ပြန်လာသော ခြေထော့နဲ့ ထော့နဲ့နှင့် မြင်းကိုတွေ့ရ၍ အားတက်ပြီးသော် အပြင်းလိုက်ဟန် ရှိချေပြီ။

“မုဒုစိတ္တသည်ကား အပြင်းပြေးသော်လည်း မောဟိုက်လာ၍ မတတ်နိုင်တော့ပြီ။ ဖမ်းရန်လိုက်လာသူတို့ကား မီတော့မည်။ ထိုအခါ မုဒုစိတ္တသည် တောတစ်ခုအတွင်းသို့ ဝင်သွားရာ ချုံများဖုံးပိတ်နေသော ထူးတွင်းကြီးတစ်ခုကို တွေ့ရမည်။ မုဒုစိတ္တသည် ထိုထူးတွင်းကြီးထဲသို့ဆင်း၍ ပုန်းအောင်းကာ ချုံပိတ်ပေါင်းထဲမှ သူ့အားဖမ်းရန် လိုက်လာသူများကို ချောင်းကြည့်နေပေလိမ့်မည်”



“စောမွန်ခေါင်တို့ကား ခြေရာကိုခံ၍ လိုက်လာသည့်အားလျော်စွာ မုဒုစိတ္တ၏ ခြေရာသည် ပျောက်သွားသဖြင့် ထိုနေရာတွင်မြင်းပေါ်က ဆင်းကြပြီးလျှင် ထိုအနီးအပါးတွင် အနှံ့ရှာဖွေကြမည်။ ၎င်းတို့သည် မုဒုစိတ္တအား သစ်ပင်ပေါ်သို့ တက်နေမည်ဟု ထင်သဖြင့် သစ်ပင်များပေါ်၊ ဝါးရုံပင်များအပေါ်၌ အနှံ့ရှာဖွေကြပေမည်။ စောမွန်ခေါင်တို့သည် မုဒုစိတ္တကို မတွေ့ကြရတော့ပေ။ ထိုအခါ လက်လျှော့ကြ၍ စောမွန်ခေါင်သည် သနားစရာ ရင်ကိုမ၍ ကြေကွဲသော အသံနှင့် အို— မုဒုစိတ္တ၊ မုဒုစိတ္တ ဟု စူးရှစွာဟစ်အော်ပြီးလျှင် မတ်တတ်က လဲပြီးသော် မေ့လျော့သွားခြင်း ဖြစ်ရပေလိမ့်မည်”

“စောမွန်ခေါင်တို့၏ဗိုလ်တို့ကား စောမွန်ခေါင်ကို ထမ်းယူပြီးသော် ပြန်ကြလေကုန်၏။ ထိုသို့နှင့် မုဒုစိတ္တသည် ရန်သူများနှင့် တော်တော်ဝေးတော့မှ သူပုန်းအောင်းရာတွင်းမှထွက်၍ သူ၏နေပြည်တော်သို့ ပြန်လာလေတော့ပြီ”

“အင်း”

“နောက်ဆုံး ထိုကြေကွဲဖွယ်သော ‘အို…မုဒုစိတ္တ’ ဟုသနား၍ မမေ့နိုင်သော အသံကို အထပ်ထပ်ကြားယောင်ပြီးသော် သတိရတိုင်း နေချို၍ မိုးညို့၍ အာရုံပေါ်လာသည့်အခါတိုင်း “အို…မုဒုစိတ္တ၊ အို… မုဒုစိတ္တ၊ အို…မုဒုစိတ္တ”ဟု စောမွန်ခေါင် ဟစ်အော်သလို ဟစ်အော်ရှာလေတော့ပြီ။ သေပြီ…သေပြီဆိုသော သူ၏ညည်းတွားချက်သည် သူ့ဖြစ်ကြောင်းတို့ပြန်ပြောင်းနေလေပြီ”

“ဟုတ်ပေပြီ”

“ကိုင်း…ဘ၊ ရှေ့ကိုဆက်၍ မိန့်တော်မူပါ”

“အိမ်ရှေ့ကိုယ်တော် မုဒုစိတ္တသည်တစ်ကိုယ်တော်တည်း ညစ်နွမ်းသော အဝတ်များနှင့်ရွှေမြို့တော်သို့ ဝင်လာပြီးသော် သူ၏အိမ်တော်

www.burmeseclassic.com

www.burmeseclassic.com



သို့ တန်းတန်းမတ်မတ်သွားလေတော့ပြီ။ မိဖုရားနှစ်ပါးတို့လည်း မုဒုစိတ္တာကို ကောင်းစွာ ယုယလျက်မှုကာ ပြုစုကြလေပြီ"

"မှူးမတ်များ၊ ဝန်ကြီးများ စသည်တို့လာရောက်နှုတ်ဆက်မေးမြန်းကြရာ သူ့ကို လူရိုင်းများ ဖမ်းထားရာမှ အလွတ်ထွက်ပြေးလာရကြောင်းကိုသာ ပြောပြလေသည်။ ခမည်းတော်ထံ၌လည်း ထိုမျှလောက်သာ တင်လေသည်"

"ထူးသည်ကား အိမ်ရှေ့မိဖုရားနှစ်ပါးတို့သည် မှုမှုယယနှင့်အထူးပြုကာ ယုယကြသော်လည်း မုဒုစိတ္တာသည် သူ၏မိဖုရားများအပေါ်၌ အဝတ်ကိုချွတ်ကြည့်ပြီးလျှင် ပြုံးကာသာ နေလေတော့သည်"

"နေ့တိုင်းလောက်ပင် အိပ်ရာကထ၊ မျက်နှာသစ်တော် ရေချိုးပြီးသော် "တကယ်အချစ်နှင့်ဖွဲ့ရစ်ပါမောင်၊ နောင်ပစ်ခါရှောင်ခွာက မယ်သေမှာပဲ"ဟု သီချင်းတစ်ပုဒ်ကိုဆိုတော့သည်"

"ထို့နောက် ပြကတေ့အတိုင်း ကောင်းကောင်းမွန်မွန်မှန်မှန်ပင် တည်နေ၍ အခြေမပျက် ခမည်းတော်ကိုယ်စား လွှတ်တော်ကိုတက်ကာ စီရင်ခန့်ခွဲကာ နေပါသည်။ လွှတ်တော်ကဆင်း၍ ညနေစောင်းသောအခါ မြောက်ဆီသို့မျှော်၍ မျက်ရည်တော်တစမ်းစမ်းနှင့်..."

"ဆတ်ချိုနဲ့...ရင်ကွဲလဲ...တစ်ယောက်တည်း"

"ဟင်လုံ...စပါးကြီး...စပါးကြီး...စောမွန်ခေါင်"

"ရွှေမြို့တော်သားကိုမှ မင်းသားပါကပဲ"

"ချစ်ပါတယ်...စိုးရိမ်ပါတယ်...အို...မုဒုစိတ္တာဟု ပါးစပ်ကတတွတ်တွတ်နှင့်ဆိုနေပါသည်"

"ကိုင်း ...ကျွန်မရှင်းပြတာဟာ အမှန်ပဲ၊ ဒါဖြင့် ဘာလုပ်ပေးရမှာလဲ"

"သည်ဆေးနာတော် ပျောက်သွားအောင် မ ပေးတော်မူပါ သမီးတော်"



"ဘ...ခုနစ်ရက်လောက် ဆိုင်းရလိမ့်မယ်"

"ဆိုင်းပါ့မယ်"

"ကောင်းပါပြီ ဘ"

× × ×

ကျွန်ရုပ်မသည်ကား အတတ်ပညာ၌ ကောင်းစွာကျွမ်းကျင်တတ်မြောက်သဖြင့် ညောင်ပိန္နဲစေးကို စံပယ်ဆီနှင့် အလွန်နူးညံ့ပျော့ပျောင်းအောင်ချက်၍ စောမွန်ခေါင်၏ ရုပ်ပုံလက္ခဏာအင်္ဂါအရုပ်ရုပ်ကို အင်္ဂါဝိဇ္ဇာနည်းနှင့်တွက်ချက်ပြီးလျှင် ပုံကူးအောင် ၎င်း၏ပန်းပုဆရာများကို အချိုးအစားကျကျနှင့် တစ်သဝေမတိမ်းနည်းပေးကာ လုပ်စေ၏။

ငါးရက်မြောက်သော် ထိုပုံတူရုပ်ရှင်ကို ကျွန်ရုပ်မသည် ၎င်း၏အခန်းတွင်းသို့ သွင်း၍ လေထိုးကာကြည့်၏။ သဘောကျ၏။ ကိုင်သင့်ရာရာများကို ကိုင်ကြည့်ရာ လူရှင်ပြကတေ့ကဲ့သို့ ပြုံးခြင်း၊ မျက်တောင်ခတ်ခြင်းတို့ကို ပြု၏။ ပန်းနုသွေးကလေးရှိအပ်ရာတို့၌လည်းရှိစေ၏။ ကျွန်ရုပ်မသည် သူဖန်တီးထားခြင်းကို သဘောကျ၍ ကျေနပ်နေ၏။

ကျွန်ရုပ်မသည် ၎င်း၏ကိစ္စပြီးသောအခါ ဂုတ်ဝန်မင်းကို ပင့်၍ သဘောသွားနှင့်အကြောင်းကိုပြောပြပြီးလျှင် မိမိ၏အခန်းတွင်းသို့ ခေါ်ပြီးလျှင် လေထိုးကာ ထိုပုံတူရုပ်ရှင်ကို ပြသလေ၏။ ဂုတ်ဝန်မင်းလည်း "မမ၊ သခင်မသမီးတော် တစ္ဆေမ တစ်ကောင်ကိုဖမ်း၍ ဖုတ်သွင်းကာ ပေးလိုက်တာလား" ဟု မေး၏။

ကျွန်ရုပ်မလည်း "ဘက မတော်တာကိုပြောတော့မယ်၊ ဘ အသုံး မပြုနှင့်နော်၊ တကတည်း ခွကျကုန်မယ်" ဟုဆို၏။

ထိုသို့နှင့် ကျွန်ရုပ်မသည် သေချာစွာမှာထားသွန်သင်ပြီးသော်

www.burmeseclassic.com

www.burmeseclassic.com



ဂုတ်ဝန်မင်းအား ထိုပုံတူ ရုပ်ရှင်မကို အပ်လိုက်လေ၏။

ထိုအတတ်ပညာကို ဂုတ်ဝန်မင်းသည် အလွန်အံ့သြ၏။ ရုပ်ပုံကို လက်မှုအနုပညာသဘော၊ ဓာတ်သဘောနှင့် လုပ်နိုင်သည်မှာ ထားပါတော့။ အကြောင်းကို သိရုံနှင့် နိမိတ်ကောက်ပြီးသော် ပုံတူလုပ်နိုင်သည်ကား အံ့ဖွယ်ရှိစွတကား။ နတ်ဝိဇ္ဇာဥဝင်အောင်းနေရာသလောဟုပင် အောက်မေ့မိလေ၏။

ဂုတ်ဝန်မင်းလည်း ဤသို့ဆို၏။

"ဤမျှလောက် အတတ်ပညာကြီးကျယ်စွာတတ်သော မာလာယုပြည်သူသည် သလ္လာဝတီနိုင်ငံမှာ ရောက်နေရသည်ကို ဝမ်းနည်းလှပါတယ် သခင်မ"

"ဘာ၊ ကျွန်မ အရူးမယားဖြစ်ရမှာကို ကြောက်လို့"

"ဆိုပါတော့"

မာလာယုပြည်မှ ဂုတ်ဝန်မင်းအဖွဲ့သည် ပြန်သွား၍ ရောက်လတ်သော် မုဒုစိတ္တာလွှတ်တော်သို့ တက်နေ၍ မရှိစဉ် မုဒုစိတ္တာ၏အခန်းသို့ ဝင်ပြီးသော် ပုံတူရုပ်ရှင်တုံးလုံးပုံကို မုဒုစိတ္တာ၏အခန်းထဲ၌ ထားခဲ့လေ၏။ အိမ်ရှေ့မိဖုရား နှစ်ပါးကိုလည်း ထိုအခန်းသို့ မည်သူမျှ မဝင်ရအောင် သေချာစွာ မှာထားခဲ့လေ၏။

မုဒုစိတ္တာသည် ဂုတ်ဝန်မင်း၏အစီအရင်ဖြင့် ထိုနေ့မှာ ညနေစောင်းမှ လွှတ်တော်မှ ဆင်းလာရ၏။ ၎င်းသည် အိမ်တော်သို့ ရောက်သော် သူ့အခန်းထဲသို့ ဝင်သွားရာ စောမွန်ခေါင်ကို တွေ့ရလေတော့၏။ "အို အချစ်" ဟု စကားစလိုက်လျှင်ပင် ပုံတူရုပ်ရှင်သည် အပြင်သို့လက်ညှိုးညွှန်ကာ လက်ကာပြ၏။ မုဒုစိတ္တာသည် ကျေနပ်၍ သဘောကျပြီ။ အလွန့်အလွန် အံ့သြခြင်းလည်း ရှိသဖြင့် ၎င်း၏ခန်းမတံခါးကို သေချာစွာပိတ်ထားလိုက်၍ မိဖုရားနှစ်ပါးနှင့်ပြုံးကြည်စွာ စကားပြော



ဆိုနေလေ၏။ မနေ့ကကဲ့သို့ တောရောက်တောင်ရောက် မရှိတော့ပြီ။

မုဒုစိတ္တာသည် ထိုနေ့ညစာကို စားပြီးသော် သူ့အခန်းထဲသို့ ဝင်၍ သစ်ရုန်းများဖြင့် အလင်းရောင်ကိုဖြစ်စေ၏။ စောမွန်ခေါင်၏ ပုံတူ ရုပ်ရှင်၌ ကိုင်လိုရာကို အားရပါးရ ဆုပ်ကိုင်ရာ ပုံတူရုပ်ရှင်ကား လူပြကတော့ကဲ့သို့ ပြုံးလေ၏။

မုဒုစိတ္တာသည် ထိုပုံတူရုပ်ရှင်ကို သူ၏သလွန်တော်ပေါ်သို့ ဆွဲခေါ်သွား၏။ ပုံတူရုပ်ရှင်သည် စကားမပြောသော်လည်း လူကဲ့သို့ အတူလိုက်ပါသွား၏။

မုဒုစိတ္တာသည် ထိုပုံတူရုပ်ရှင်နှင့် သဘောကျပျော်မွေ့ကာ နေလေ၏။ ၎င်းသည် လွှတ်တော်သို့ တက်သွားသောအခါ စောမွန်ခေါင်ကို သူ့သလွန်ပေါ်၌ သိပ်ထား၍ တံခါးကို လုံခြုံစွာပိတ်ထားခဲ့၏။

ထိုကဲ့သို့နှင့် သုံးရက်ခန့်မျှ ကြာပြီးနောက် မိမိ၏မိဖုရားနှစ်ပါးတို့နှင့်လည်း ပျော်ပါးစွာ စခန်းသွား၏။ မိဖုရားနှစ်ပါးတို့သည် ဝေဒနာကင်းလေပြီဟု ဝမ်းသာလာကြ၏။

ယင်းကဲ့သို့ ငါးရက်ကြာပြီးနောက် မုဒုစိတ္တာသည် ၎င်း၏အခန်းသို့ ဝင်သွားရာ စောမွန်ခေါင် လှလှပပကလေးသည် အသားအရေ ရွတ်တွဖြစ်၍ အိုမင်းနေပြီဖြစ်သော် ဆံပင်တို့သည် ဖွေးဖွေးဖြူနေ၏။ ရှေ့သွားနှစ်ချောင်းသည် ကျိုးနေ၏။

မုဒုစိတ္တာသည် ကျွန်ရုပ်မကစားလိုက်သည့်အတိုင်း မိနေ၍ ဤသို့ ထင်မြင်လာလေ၏။

"အလွန့်အလွန် လှပတင့်တယ်သောသူသည်လည်း ချက်ချင်းပင် အိုလွယ်လှပါကလား။ ဘာကြောင့် အိုလွယ်ပါလိမ့်မလဲ သည်သဘောသည် အိုလွယ်သည်"

ထိုကဲ့သို့ ပါးစပ်ကပင် မြည်မိ၍ ပုံတူရုပ်ရှင်အိုကြီးသည် သွားကျိုး

www.burmeseclassic.com

www.burmeseclassic.com



မကြီးအဖြစ်နှင့် ပြုံးနေလေ၏။

မုဒုစိတ္တကား အိုခြင်း၊ အိုခြင်း၊ အိုခြင်း မွေ့သူမှန်သမျှ အိုရမည်ဟု ထင်နေလေ၏။ ထိုခဏ၌ ထိုပုံတူရုပ်ရှင်သည် မလှုပ်မရှားဘဲ အေးစက်၍ ရုပ်သေဖြစ်သွားလေတော့ပြီ။ မုဒုစိတ္တသည် ခက်နေလေပြီ။ သူ၏လှပသော၊ ကျက်သရေရှိသော၊ မင်္ဂလာရှိသည်ဟုဆို၍ တင့်တယ်သော သလွန်တော်ပေါ်၌ သူသေရောက်နေပြီဟု တွေ့ရတော့ပြီ။

မုဒုစိတ္တကား "အင်း...အပြုသဘောသည်မမြဲ၊ ဖြစ်ခြင်းသည် မမြဲ ပျက်ခြင်းသည် မြဲ၏။ အားလုံးသော အပြုသဘောသည် မမြဲဘဲ ပျက်စီးရမည်၊ လူသည် သေရမည်" ဟု သဘောထင်မြင်ကာ ရှိလေ၏။

မုဒုစိတ္တသည် သူ၏အခန်းထဲ၌ ဆန်းကြယ်စွာဖြစ်နေသည်ကို မည်သူ့အားမျှ မပြောသေးဘဲ တစ်ယောက်တည်းဆင်ခြင်လျက် ပျက်ခြင်း၊ ပျက်စီးခြင်းဟု အောက်မေ့ကာ ရှိနေသည်တွင်ပင် ရုပ်ရှင်မှ ရုပ်သေသည် တဖြည်းဖြည်း ယောင်လျက်ထကြွကာ ဖောင်းပွကာ လာလေတော့ပြီ။

မုဒုစိတ္တသည် လှပသော၊ တင့်တယ်သော၊ စိုအိနူးညံ့သော၊ အရသာရှိလှသော စောမွှန်ခေါင်သည် ယောင်၍ဖောင်းပွလာပြီ။ မတင့်တယ်တော့တကားဟု အောက်မေ့ကာ မိမိ၏အမှုထမ်းအိမ်တော် အလုပ်သမားများကိုခေါ်၍ ဤသို့ပြောတော့သည်။

"ငါ့လူများ၊ ငါ့ထံ၌ ချည့်သည်မ တစ်ယောက်ဟာ လာရောက်တည်းခိုနေပြီး ယခုသေသွားပြီ၊ မင်းတို့ မျှောက်ပစ်လိုက်ကြ"

"မှန်လှပါ"

ထိုသို့ဆို၍ ထိုထူးဆန်းသော အဖြစ်အပျက်ကို အိမ်တော်သားတို့သည် မျှောက်ပစ်ရန်ဆောင်ရွက်နေကြကုန်၏။ မိဖုရားနှစ်ပါးသည်ကား ဂုတ်ဝန်မင်းအားဖြင့်သဘောခြင်းတကို သိပြီးဖြစ်ကြသဖြင့် အထူးတုန်



လှုပ်ခြင်းမရှိဘဲ မုဒုစိတ္တကိုသာ မျှော်မြေပြီးသော် ပျော်အောင်ပြုမူနေလေ၏။

ထိုအတွင်း ဂုတ်ဝန်မင်းသည် ရောက်လာ၍ ပုံတူရုပ်ရှင်မှ ပုံတူရုပ်သေသို့ သုက်ဓာတ်အားကြောင့် ပြောင်းလဲသွားသည်ကို ယူပြီးသော် အိမ်အောက်သို့ ရောက်လျှင်ရောက်ချင်း ကျွန်ရုပ်မ မှာထားသွန်သင်လိုက်သည့်အတိုင်း နမ်းစေ့ခန့် ဓာတ်ခဲကလေးကို ထည့်လိုက်လေ၏။ ထိုအခါ ပုံတူရုပ်သေကို ထိုဓာတ်ခဲကလေးသည် တစ်စတစ်စ လောင်ကျွမ်းသွားလေရကား ထိုနေရာတွင်ပင် ပြာမျှမကျန်ဘဲ ပျောက်ပျက်သွားလေ၏။ ဂုတ်ဝန်မင်းသည်လည်း ကျွန်ရုပ်မ၏ အတတ်ပညာသည် ကြီးကျယ်လှပါတကားဟု အောက်မေ့ကာ ပြန်လေတော့၏။

× × ×

မာလာယုပြည် ဘုရင်စောထီးသည် သားတော်အိမ်ရှေ့မင်း၏ရောဂါဝေဒနာကို စိတ်ဓာတ်အားဖြင့် ပျောက်စေပြီဖြစ်၍ ဂုတ်ဝန်မင်းကို ခေါ်ပြီးသော် ဤသို့ အစေ့အစပ် မိန့်တော်မူကာဆွေးနွေးလေ၏။

"ဂုတ်ဝန်မင်း၊ မြအနှစ်ကား အမြင်ကျယ်လွန်း၍ အတတ်ပညာသည် ဆန်းကြယ်လှပါတကား"

"မှန်လှပါ"

"သည်အတတ်ကို ဘာအတတ်ပညာခေါ်သလဲ"

"ရုပ်ရှင်၊ ရုပ်သေအတတ်ခေါ်ကြောင်းပါ ဘုရား"

"အင်း...မြအနှစ်အပေါ်မှာ ကျေးဇူးအင်မတန်ကြီးလှပေပြီ။ ဘယ်လိုဆုတော်များကို ချသင့်သလဲ"

"ဆုချ၍ လက်ခံမည်မဟုတ်ပါ ဘုရား"

"ဘယ်လို ပူဇော်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပူဇော်လျှင်လည်း လက်ခံမည် မဟုတ်ပါဘုရား"

"သည်လို တုံးတိတိပြုလုပ်နေလို့မတော်ဘူး၊ တရားမင်းဆိုတဲ့ ဂုဏ်ကို ထိခိုက်စရာရှိနေတယ်"

"ရွှေဘုန်းတော်ရှင်က သလ္လာဝတီ ဘုရင်မင်းမြတ်ထံ ကျွန်ရုပ်မ၏ ဂုဏ်ကျေးဇူးအားဖြင့် ကျေးဇူးတင်ခြင်းကြောင့်လက်ဆောင်တော်ဟု ပို့ဆက်သင့်ကြောင်းပါဘုရား"

"အင်း...အဓိပ္ပာယ်နက်ကိုဆိုစမ်း"

"တိုင်းတစ်ပါး ဘုရင်တစ်ပါးက အခြားတိုင်းပြည်အထွင်းရှိ ပုဂ္ဂိုလ်တစ်ဦးအား မည်သည့်သဘောနှင့်မဆို ဆုလာဘ်ပေးခြင်း၊ လက်ဆောင်ပြုခြင်း၊ ပူဇော်ခြင်းမည်သည်တို့သည် ထိုတိုင်းပြည်၌ သွေးခွဲခြင်းနစ်ကို ပြောင်ပြောင်ကြီးပြုလုပ်ရာ မည်ပါသည်။ ထိုသို့ပြုသည့်အတိုင်းလည်း ထိုသူတို့သည် သွေးကွဲ၍ မိမိတို့၏ဘုရင်၊ တစ်နည်းတဲ့ မိမိတို့၏တိုင်းပြည်အစိုးရကို ဆန့်ကျင်စိတ်ပေါ် ရောက်ခြင်းမရှိစေကာမူ လေးစားမှု၊ အထင်ကြီးမှုတို့သည် လျော့ပါးလာတတ်၍ ထိုတိုင်းပြည်၏ ဘုရင်အားသာလက်ဆောင်တော် ပြုသင့်ပါသည်။ ဤသည်လျှင် တရားသောမင်းတို့၏ ယဉ်ကျေးစွာ ဆက်ဆံခြင်းပါဘုရား"

"အင်း...ဟုတ်တယ် ဂုတ်ဝန်မင်း၊ သူတစ်ပါးတိုင်းပြည်မှ လူတစ်ယောက်အား သွားရောက်၍ လက်ဆောင်ပေးခြင်း၊ ဆုပေးချီးမြှင့်ခြင်း၊ လာဘ်တော်ပြုခြင်းတို့မည်သည် အစစ်အားဖြင့် ထိုတိုင်းပြည်၏ လူကျင့်ဝတ်ကိုဖျက်ဆီးရာရောက်တယ်"

"မှန်လှပါ"

"ဒါကြောင့် အကြည်တော်၊ သလ္လာဝတီမင်းဆွေထံ ပညာရှိကိုမွေးမြူတတ်ပါဘိသည်ဟု လက်ဆောင်တော်ပြုရန် စီစဉ်ပြီးလျှင် သလ္လာဝတီပြည်သို့ ဂုတ်ဝန်မင်း အမှူးပြုကာ သံတော်အဖြစ်နှင့်ဆောင်ရွက်



စေဗျား"

"ဦးတည့်ရပ်ပါဘုရား"

ဂုတ်ဝန်မင်းသည် မာလာယုပြည်တရားမင်းမြတ်၏ အမိန့်တော်အရ ရွှေပေတွင်သဝဏ်သပြီးကို ပိုးချည်အိတ်ဖြင့် ထုပ်ရစ်ပြီးလျှင် ယူဆောင်၍ သံတော်အဖြစ်နှင့် သလ္လာဝတီ ဘုရင်မင်းမြတ်ထံ သွားလေ၏။

× × ×

သလ္လာဝတီပြည် ဘုရင်မင်းဆွေ၏ တစ်နေ့သောညီလာခံ၌ ဘုရင်မင်းမြတ်သည် တိုင်းပြည်ရေးရာကို မေးမြန်းစိစစ်တော်မူသောအခါ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ မာလာယုပြည်မှသံမှူးကြီး ဂုတ်ဝန်မင်းသည် ဤသို့တင်လေ၏။

"တရားတော်ရှင် ပြည်သူ့သနင်းဘုရား"

"မာလာယုပြည်က ဂုတ်ဝန်မင်းတင်စေဗျား"

"မာလာယုပြည် တရားမင်းမြတ်စောထီးက သလ္လာဝတီပြည် တရားမင်းမြတ် မင်းဆွေထံ သဝဏ်တော်ပါးလိုက်၍ ဆက်သခွင့်ပြုတော်မူပါဘုရား"

"ဆက်သစေ"

× × ×

"နာခံတော်၊ မာလာယုပြည် အကြည်တော် ဘုရင်မင်းမြတ်စောထီးထံက သဝဏ်တော်ကိုဖတ်"

နာခံတော်လည်း ဤသို့ဖတ်ပြလေ၏။

"မာလာယုပြည် တရားမင်းစောထီး မေတ္တာအားဖြင့် သဝဏ်သပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြည်တော် သလ္လာဝတီပြည့်ရှင်တရားမင်းမြတ် မင်းဆွေ"

အကြည်တော်သည် လောက၏အကျိုးကို မြော်မြင်တော်မူသော အားဖြင့် ပညာရှိမယ် ကျွန်ရုပ်မကို ချီးမြှင့်မြှောက်စား၍ သမီးတော် အဖြစ်နှင့် ထားရှိသဖြင့် မာလာယုပြည်၌ကား အတိုင်းထက်အလွန် အကျိုးမြတ်သည် ပေါ်လွင်ထင်ရှားကာရှိနေပါသည်။

ထို့ကြောင့် ကျေးဇူးတော် အထူးရှိသည်အားလျော်စွာ များစွာသော လက်ဆောင်တော်များနှင့် ဂုတ်ဝန်မင်းကို သံမှူးပြုကာ ဆက်သတော်မူရန် လွှတ်လိုက်ပါသည်။ လက်ခံတော်မူပါ အကြည်တော် တရားမင်းမြတ်မင်းဆွေ"

"အင်း...သံမှူးကြီး ဂုတ်ဝန်မင်း"

"အမိန့်တော်ကိုနာခံလျက်ပါ ဘုရား"

"အဆွေတော်က လက်ဆောင်တော်များ ပို့တာကို များစွာအားရ နှစ်သက်ပါသည်"

"မှန်လှပါဘုရား"

"ကျွန်ရုပ်မသည်ကား လောကရဲ့အကျိုးကိုဆောင်ရွက်ခြင်းအား ဖြင့် သလ္လာဝတီပြည်မှာလည်း အထူးပင် အကျိုးကြီးမြတ်နေခြင်းကို အကြည်တော်စောထီးထံ တင်ပါလေ"

"မှန်လှပါ ဘုရား"

"ယခု အကြည်တော်က ပေးပို့လိုက်သော လက်ဆောင်များနှင့် တကွ ထိုလက်ဆောင်တော်များနှင့်အမျှ သလ္လာဝတီတရားမင်းမြတ် ကလည်း သမီးတော်အား ဆုတော်လာဘ်တော်ပြုလိုက်ပါမည်။ ၎င်း ကို အကြည်တော် မင်းစောထီးထံ တင်လိုက်ပါ"

"ဦးတည့်ရပ်ပါ ဘုရား"

"သလ္လာဝတီပြည် ဂုတ်ဝန်မင်း"



"အမိန့်တော်သံ နာခံလျက်အသင့်ပါဘုရား"

"မာလာယုပြည် အကြည်တော်မင်းစောထီးထံ လက်ဆောင်တော် ပြန်ရန်နှင့် သဝဏ်တော်ပြန်ရန်ကိုစီစဉ်၍ ပြန်လိုက်စေဗျား"

"ဦးတည့်ရပ်ပါဘုရား"

ထိုနေ့ ညီလာခံကွဲ။

(စာရေးရသည်မှာ ယခုခေတ်၌ အလွန့်အလွန် ချုပ်တည်း၍ ထုတ် ဝေဖြန့်ချိသူများကို ငဲ့ညှာကာ ရေးရသောကြောင့်သေချာစွာပေါ်လွင် အောင် ရေးသင့်သောနေရာ၌မရေးဘဲ ခြွင်းချန်ကာထားခဲ့ရသည့် အားလျော်စွာ အချို့အချက်၌ မရှင်းမရှင်းဖြစ်ရသည်ကိုတောင်းပန် ပါသည်။)

သလ္လာဝတီပြည်ကြီးကား အလွန့်အလွန်စည်ကား၍ များစွာ ထင်ရှားကာ ကျော်ကြားနေလေ၏။ ထို့ကြောင့် အတိုင်းတိုင်း အပြည် ပြည်မှလည်း လာရောက် ဆက်ဆံခြင်း၊ ပြဿနာ သဘော အရပ်ရပ်တို့ ကို မေးမြန်းဆွေးနွေးခြင်းတို့လည်း ရှိနေလေ၏။

ပြဆိုခဲ့ပြီးတော့ တစ်နေ့နောက်၌ သလ္လာဝတီပြည် ဘုရင်မင်းမြတ် ၏ ညီလာခံတွင် မြောက်ဘက် ရာဇကြိုဟ်ပြည်၊ ဓာရိယပြည်တို့မှ ပညာရှိများသည်အောက်ပါအကြောင်းတို့ကို တင်ပြလေ၏။

"သလ္လာဝတီပြည် ရွှေဘုန်းတော်အရှင်ဘုရား၊ ကျွန်တော်တို့၏ မြောက်ဘက် နေမျိုးနိုင်ငံစုတို့၌ဤသို့သော ပြဿနာသဘောသည် သက်ရောက်နေပါသည်။ ထို့ကြောင့် သလ္လာဝတီပြည်၌ ပညာရှိ ထွန်း ကားသည်ဟု ထင်ရှားနေပါ၍ လာရောက်ဆွေးနွေးရပါသည် ဘုရား"

၁။ ဘာကြောင့် လူအမျိုးမျိုး၊ စကားအမျိုးမျိုးသည် ဖြစ်နေရပါ သလဲ။

၂။ အဘယ်ကြောင့် လူများ၊ တိရစ္ဆာန်များတို့သည် သေသော်

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ပါသလဲ။

၃။ အသက်တိုခြင်း၊ ရှည်ခြင်းသည် ဘာကြောင့်ဖြစ်ရသလဲ။

အသက်ရှည်အောင် တစ်စုံတစ်ခုသောအတတ်ပညာဖြင့် တတ်နိုင်ပါသလော။

"ကောင်းပြီပညာရှိကြီးများ၊ မကြာမီနေ့ရက် အချိန်းအချက်ထားမည်"ဟု ဘုရင်မင်းမြတ်သည် မိန့်ဆိုတော်မူလေ၍ ထိုနေ့ညီလာခံကွဲလေ၏။

ဘုရင်မင်းမြတ်လည်း ထိုအရေးနှင့်ပတ်သက်၍ ကျွန်ရုပ်မကို ခေါ်ယူတိုင်ပင်လေရာ ကျွန်ရုပ်မသည် အလိုရှိသောနေ့၌ ချိန်းဆိုသတ်မှတ်တော်မူပါဟု လျှောက်တင်သည့်အတိုင်း မဏ္ဍာပ်ကြီးစွာထိုး၍ ဘုရင်မင်းမြတ်သည် ဖော်ပြပါ အကြောင်းသုံးရပ်ကို ဖြေဆိုရန် နေ့ရက်အချိန် သတ်မှတ်လိုက်လေ၏။

အချိန်သတ်မှတ်ပြီးသော သဘင်၌ ဘုရင်မင်းမြတ်မှစ၍ ပရိသတ်တို့သည် ကျိတ်ကျိတ်တိုး စည်ကားနေသဖြင့် ကျွန်ရုပ်မသည် တစ်နိုင်ငံမှလာရောက်သော ပညာရှိများနှင့် ဤသို့ ပြောဆိုနေလေ၏။

၁။ ဘာကြောင့် လူအမျိုးမျိုး၊ စကားမျိုးမျိုးသည် ဖြစ်နေပါသလဲ။

"ထိုအမေးကို စဉ်းစားကြပါစို့ရှင်"

"ဟုတ်ကဲ့"

"ကမ္ဘာတည်စကစ၍ လူဖြစ်လာပုံကိုဖော်ပြရသည်ရှိသော် ကျမ်းတစ်စောင်ပြုရဘိသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လိုရင်းကို တိုတိုရှင်း စဉ်းစားကြပါစို့"

"ဟုတ်ကဲ့"

"ကမ္ဘာတွင် မြတ်စွာဘုရား ပွင့်တော်မူရာနယ်မြေကို ကမ္ဘာ့ပညာရှိကြီးများသည် အလယ်ဗဟိုဟု သတ်မှတ်ထားကြပါသည်"



"သဘောကျပါသည်"

"ထိုနေရာကို ဗဟိုပြု၍ တောင်နှင့်မြောက် ဥဒဉ်မျဉ်းကို ဆွဲကြပါစို့။ ၎င်းမျဉ်း၏ မြောက်ဘက်ကျသော လူမျိုးများသည် နှာခေါင်းချွန်း၍ အမွေးထူပါသည်။ အရှေ့ဘက်ကျသော သူများသည် အမွေးအမှင်ထူထပ်ခြင်းနည်း၍ နှာခေါင်းများစွာ မရှည်ပါ။ တောနေ တောင်ပေါ်လူမျိုးတို့နှင့် ပင်လယ်တိမ်တွင် လှည့်နေသော ပေါက်သောက်လူမျိုးတို့ကား နှာခေါင်း ပိပြားပါသည်၊ ဤကား အများအားဖြင့် ယူဆအပ်သောနည်းကို ပြပါသည်။

'ထိုမှတစ်ပါး ကမ္ဘာပေါ်တွင် အပူပိုင်း၊ မြောက်သမပိုင်း၊ တောင်သမပိုင်း၊ မြောက်အအေးပိုင်း၊ တောင်အအေးပိုင်း ဟူ၍ ရှိရာတွင် ထိုအရပ်တို့ကို မဏ္ဍမျဉ်းကြောင်းဖြင့် ကျမ်းဆရာတို့သည် ပြထားပါသည်။

တစ်တိုင်းတစ်ပြည်မှ ပညာရှိများသည် မငြင်းကြချေ။

ထို့ကြောင့် လူတို့လည်း ထိုဖြစ်ရာ အရပ်၏ ရာသီဥတုကိုလိုက်၍ အများအားဖြင့် အသားမည်းခြင်း၊ အသားညိုခြင်း၊ အသားဖြူခြင်း၊ အသားဝါခြင်း၊ အသားနီခြင်းတို့ကို ဖြစ်ပေါ်ရပြီးသော် လူများလည်း တစ်မျိုးနှင့်တစ်မျိုး ရောယှက်ခြင်းဖြင့် လူအမျိုးမျိုး ဖြစ်လာရပါသည်။ ဤကား များသောအားဖြင့် နည်းဖြစ်ပါသည်။

တစ်တိုင်းတစ်ပြည်မှ ပညာရှိတို့သည် တစ်စုံတစ်ရာမျှ ဝင်ရောက်မစွက်ဖက်ကြချေ။

စကားအမျိုးမျိုးကို စဉ်းစားကြပါစို့၊ ထိုစကားအမျိုးမျိုးကို ဝဲ၍ လူအမျိုးမျိုးဟု ခေါ်ကြလေသည်။

ကမ္ဘာသည်ကား ရှည်ကြာ လာခဲ့လှလေပြီဖြစ်၍ အစကာ မပြော၊ ခါးလယ်ပိုင်းမှ စ၍ ပြရပါတော့မည်။

လူအမျိုးမျိုးတို့ ပြောလာခဲ့ကြသော စကားအမျိုးမျိုး၊ အသံအမျိုး

www.burmeseclassic.com



မျိုးတို့သည် လေလှိုင်းထဲ၌ ပျောက်ကွယ်မသွားချေ။ ပြီးဆုံး မသွားဘူးချေ။ ကမ္ဘာကြီးပျက်၍ တစ်ဖန် တည်လာပြန်သောအခါ လေလှိုင်းတို့သည် ကမ္ဘာနှင့်အတူ တည်ပြန်၍ ထိုလေထဲ၌ စကားများနှင့် အသံများသည် ရှိလေသည်။ ၎င်းတို့သည် သဘာဝချင်း၊ သဘောချင်းတူရာ၊ နီးစပ်ရာ၌ ဆွဲငင်ခြင်းသဘောနှင့် ပူးကပ်၍ နေနိုင်ရာ အရပ်နေရာတွင် တည်နေ လေတော့သည်။ ထိုအသံတို့ကို လူတို့ မြင်စွမ်း၊ ဓာတ်တစ်ခုခုနှင့် မပေါ်စေဘဲ ကြားစွမ်းမရှိနိုင်ချေ။

ယခု ပြောဆိုနေသော စကားတို့သည် ပပျောက်မသွားချေ။ လေလှိုင်းထဲ၌ တည်၍ပါနေပြီးလျှင် သစ်ပင်၊ တော၊ တောင်၊ ရေစပ်၊ ကမ်းနား စသည်တို့မှာ တည်စွဲကပ်ငြိကာ ရှိလေသည်။ ဤကားများသော သဘောနည်း။

တစ်တိုင်းတစ်နိုင်ငံမှ ပညာရှိကြီးများသည် တွေ့၍ဓိုက်နေကြ၏။ ကျွန်ရုပ်မသည်လည်း ဆက်၍ ဤသို့ ပြောပြန်၏။

တိရစ္ဆာန်များသာလျှင်မဟုတ်၊ လူများသည်လည်း ရာသီဥတု အခြေ အနေကိုလိုက်၍ သံသေဒ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာတတ်လေသေးသည်။ ထိုသဘောကို အသေးစိတ်၍ ချဲ့ထွင်ရန်မှာ ကျယ်ပြန့်လှလေသည်။ ထို့ကြောင့် ရာသီဥတုအခြေအနေကို လိုက်ပြီးလျှင် တိရစ္ဆာန်အမျိုးမျိုးသည် သံသေဒအားဖြင့် ဖြစ်ထွန်းပေါက်ဖွားလာလေသည်။ သံသေဒ ဖြစ်ထွန်းလာပြီးမှ တိရစ္ဆာန် အထီးအမရောယှက်ခြင်းဖြင့် ထိုတိရစ္ဆာန်များသည် ပွားများလာလေသည်။ ထို့ကြောင့် တောင်ပေါ်တောနေ တိရစ္ဆာန်တစ်မျိုး၊ သဲကန္တာရနေတစ်မျိုး၊ အအေးတွင်နေသော တိရစ္ဆာန်တစ်မျိုး၊ ရေတွင်နေသော တိရစ္ဆာန်တစ်မျိုးဟု တိရစ္ဆာန်အမျိုးမျိုး ရှိနေလေသည်။

"ထို့အတူ လူတို့မှာလည်း သံသေဒအားဖြင့် စတင် ပေါက်ဖွားလာခြင်းများလေသည်။ ထိုသို့ ရာသီဥတုအလျောက် သံသေဒပေါက်ဖွားလာရာ၌ ထိုအရပ်ဒေသ၌ ကိန်းအောင်းနေသောအသံကို အစွဲပြု၍ အသံနှင့်စကားသည် ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် လူအမျိုးမျိုး စကားအမျိုးမျိုးသည် ဖြစ်ပေါ်လာရလေသည်။

"ပညာရှိမယ် သမီးတော် မေးပါရစေ"

"ပညာရှိကြီး ကဝိ ဝိဒူ မေးတော်မူပါ"

"အသံများသည် လေထဲ၌တည်နေရပြီးသော် တစ်နေရာ၌ တစ်နည်းတုံ့ နေနိုင်ရာ၌ စွဲ၍တည်နေသည်ဟု ဆိုသည်။ ကဿပ မြတ်စွာဘုရားသခင် ဟောတော်မူသော တရားတော်သည် ဟောတော်မူသော တောအုပ်၌ တည်နေပါ့မလား"

"သြော် သည်လိုလား"

"ဟုတ်ပါတယ်"

"မြတ်စွာဘုရား၏ တန်ခိုးတော်ကား မနှိုင်းယှဉ်သာအောင်ကြီးမြတ်တော်မူလှပါသည်။ မြတ်စွာဘုရား၏ထံတော်၌ စကားလေးမျိုး ကိုကိုယ့်လူမျိုး အလျောက်သာ တတ်သော လူလေးမျိုးသည် တရားနာကြလေသည်။ ထိုလူမျိုးသည် မိမိတို့၏ ဘာသာစကားမှတစ်ပါးအခြားစကားကို မတတ်ကြချေ။ သို့သော် မြတ်စွာဘုရား ဟောတော်မူသော စကားကို ကိုယ့်စကား၊ ကိုယ့်အသံအားဖြင့် နားလည်ကြ၍ မြတ်စွာဘုရားသည် ငါတို့၏ စကားနှင့် တရားဟောသည်ဟု ယူဆလေသည်။ စင်စစ် မြတ်စွာဘုရားသည် မည်သည် စကားသံနှင့် ဟောတော်မူပါသနည်း"

"ထိုသဘောကြောင့် မြတ်စွာဘုရား ဟောတော်မူသောတရားအသံစကားသည် တန်ခိုးတော်အားဖြင့် ကြားစေသော သဘောသာ ဖြစ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါပြီ ပညာရှိမယ်သမီးတော်"

ထိုနေ့ အချိန်ကုန်၍ နောက်တစ်နေ့သို့ချိန်းဆိုလိုက်လေ၏။ တစ်နိုင်ငံမှ ပညာရှိများသည် သလ္လာဝတီပြည်မှ ပုရောဟိတ်ကြီး၊ မာလာယုပြည်မှ ဂုတ်ဝန်မင်းတို့နှင့် ကျွန်ရုပ်မ၏ အိမ်သို့ ထိုနေ့ညတွင် သွားရောက်ပြီးလျှင် မိတ်ဆွေဖြစ်စကားတို့ကို ပြောဆိုနေကြလေ၏။

ထိုခဏ၌ သူဌေးကလေး ဇနီးမောင်နှံသည် ရောက်လာကြ၍ သူဌေးကတော် နုနုရင်သည် "အို မောင်၊ အမေသခင်မထံမှာ ဧည့်သည် တွေနှင့်၊ လာပြန်ကြစို့ဦး" ဟု ဆိုလေလျှင် ကျွန်ရုပ်မလည်း "အလို ညီမလေးနု၊ ဘာပြန်ရမလဲ။ လာပါ၊ လာပါ၊ ဒါဟာ ပညာရှိကြီးတွေပါ။ ကိုင်း လာထိုင်၊ ညီမလေးက မမ အနားလာထိုင်၊ မောင်ကလေး ရွှေရောင်က သည်မှာထိုင်ပါ။ ကိုင်း ဘာကိစ္စ၊ တရား ငြင်းကြလို့လား"ဟု ပြုံးကာဆိုလေ၏။

"မပြောတော့ဘူး အမေ"ဟု ဆိုကာ နုနုရင်သည် ရှက်သလိုဟန်နှင့် ပြုံးတပြုံးပြုကာ နေလေ၏။

"နု ပြောမှပေါ့၊ ပြောပါ။ ဒီက ပညာရှိကြီးများလည်း ကြားဖူး နားဝပေါ့"

"ပြောလိုက်ပါ နုရယ်"

"ကျွန်မတို့ သုံးလ ဥပုသ်စောင့်နေကြပါတယ်၊ အိမ်မှုကိစ္စတာဝန် အရပ်ရပ်ကိုဘာမှပြန်မကြည့်ပါ၊ အိမ်စိုးမောင်မယ်တို့အား တာဝန်လွှဲ ထားလိုက်ပါတယ် အမေ"

"သိတယ်လေ၊ ခု တစ်လလောက် ရှိသွားပြီ မဟုတ်လား၊ ဘာဖြစ် တာလဲ"

နုနုရင်ကား ပြုံးတပြုံးနှင့် ရှက်သည့် သဘောဖြင့် ယို့ကာ နေလေ၏။ ကျွန်ရုပ်မကား ဤသို့ဆို၏။



"ကိုင်း...ပြောသာပြောပါ"

"ကျွန်မတို့ဥပုသ်စောင့်လို့ တစ်လနှင့် ခုနစ်ရက်မြောက်သောနေ့ ညမှာ အမေသွန်သင်သည့်အတိုင်း ဘုရားကိုအာရုံပြုပြီး အိပ်ပါတယ်။ ဟော အမေ၊ နုနုလေ အိပ်မက်မက်တော့ပြီ။ နတ်မင်းကြီးတဲ့ အမေ ရယ်၊ ကျွန်မထံလာပြီး "အမေ၊ အမေ့ထံမှာ ကျွန်တော် နေတော့မယ် အမေ" ဆိုကာ ကျွန်မရဲ့ ရင်ခွင်ထဲမှာ လာထိုင်ပါတယ်"

"အင်း"

"ကျွန်မလည်း ဖျတ်ခနဲဆို နိုးလာပါတယ်။ ကျွန်မ သိပ်ကို ဝမ်း သာသွားပါတယ်၊ ဝမ်းသာတာပေါ့ အမေရယ်"

"ဝမ်းသာထိုက်ပါတယ်"

"ဒါနဲ့ အမေ၊ နုနုလေ ကိုကိုရွှေရဲ့ အိပ်ခန်းတံခါးကို သွားခေါက် ကာနိုးတော့ ကိုကိုရွှေလေ ဘာလဲလို့မေးတယ်။ နုကလည်း ကိုကိုရယ် ကျွန်မ အိပ်မက်မက်လို့၊ အိပ်မက်ကို ကြားစေချင်လို့ပါဆိုတော့ ကိုကိုရွှေ က အချစ်နု အချစ်ရဲ့သဘောကို နားလည်တယ်၊ မနက်မိုးစင်စင်လင်းမှ ပြောလို့ဆိုကာ နုကိုဆဲပြီး လွှတ်ပါတယ်"

"ကိုင်း...ဆိုစမ်းပါဦး"

"ဒါနဲ့ နံနက်လင်းတော့ ကျွန်မက ကိုကိုရွှေကိုပြောပြတော့ ကိုကို ရွှေက အို...တဲ့"

"ဒါ ဘာဖြစ်သလဲ"

"အမေရယ်၊ ကျွန်မလည်း ဒီလိုသားမျိုးကိုဆိုတော့ လိုချင်တာ ပေါ့။ သူကလည်း ဥပုသ်ကို မချိုးနိုင်ဘူးတဲ့၊ ကျွန်မကလည်း ဥပုသ်ကို ချစ်ပါတယ်။ ဒါပေမဲ့ ဒီလိုသားမျိုးကို လက်လွှတ်သွားရမှာတော့ နုမြော တယ် အမေရယ်၊ ဒါနဲ့ အမေ့ထံလာကြတာပဲ"

"ညီမလေးရယ် ဥပုသ်သုံးမြဲတိုင်းသုံးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အမေကပဲ စာပွဲသဘင်မှာ ယခုခေတ် မိန်းမများထဲမှာ သံသေဒဓ ပဋိသန္ဓေ မနေနိုင်ဘူး၊ မယ်တွေသတိထား၊ ဝေါတောကြီးပေါ်နေမယ် လို့ ဟောသွားပြီ"

(အားလုံး ပြုံးနေကြ၏။)

"ကိုင်း ကိုင်း နားထောင်"

"ဟုတ်ကဲ့"

"စတုမဟာရာဇ် နတ်သက်ငါးရာဟာ လူတို့ရဲ့အသက်ကိုးသန်းတဲ့။ ဒီတော့ နတ်သက်တစ်ရက်ဟာ လူတို့ရဲ့အသက် နှစ်ငါးဆယ်ရှိတယ်။ အဲဒီတော့ နတ်မှာ တစ်နာရီဟာ လူမှာ ဆယ်လလောက်ရှိနေတယ်။ လူမှာ သုံးလတာဝန်ဟာ နတ်မှာအချိန်နည်းနည်းကလေးရယ်၊ ဒါကြောင့် ညီမလေး ဥပုသ်ကိုမချနှင့်"

"အမေရယ် ဒီနတ်မင်းကြီးဟာ ချက်ချင်း နတ်သက်ကြွေသွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"ဩော် သူ ညီမလေးထဲမှာ စွဲကပ်နေပြီး ပျော်မွေ့ကာ နှစ်သိမ့်နေမှာပေါ့။ အဲဒီလိုစွဲလမ်းတပ်မက်ခြင်းဟာ အဖေလောင်းကိုသော်လည်းကောင်း၊ အမေလောင်းကိုသော်လည်းကောင်း ဖြစ်တတ်တယ်။ အခွင့်အခါ မကြုံကြိုက်နိုင်တော့လည်း နီးစပ်ရာထဲတွင် သန္ဓေနေသွားကာတာလည်း ရှိပါတယ်။ ဒါ့ပေ့ သူတော်ကောင်းသည် သူတော်ကောင်းကိုမှ နှစ်သက်သည်တဲ့"

"ဟုတ်ကဲ့၊ ကျွန်မ အမိန့်ရှိအတိုင်း ဥပုသ်ကို လုံလောက်အောင်စောင့်ထိန်းပါ့မယ်"

"ကောင်းစွ၊ ကောင်းစွ၊ ကောင်းပေစွ"

သူဌေးမောင်နှံတို့သည် ပြန်သွားကြလေ၏။

ပညာရှိကြီးများလည်း အဖိုးတန်စကားကိုကြားရပေသည်ဖြစ်၍



ဝမ်းမြောက်ဝမ်းသာ ပြောဆို၍ ပြန်ကြလေ၏။

နောက်တစ်နေ့ သဘာ၌...

"ဘာကြောင့် လူများ၊ တိရစ္ဆာန်များတို့သည် သေသော်ပုပ်ရပါသလဲ" ဆိုသောသဘော၌ ဤသို့လျှောက်တည်း။

"သစ်ပင်များသည် များသောအားဖြင့် သေသော် မပုပ်ဘဲ တဖြည်းဖြည်း ဆွေးမြည့်ပြီးသော် မြေဖြစ်သွားပါသည်။ လူနှင့် တိရစ္ဆာန်တို့ကား ဤကဲ့သို့ မဟုတ်ချေ။ ပုပ်ဟောင် နံစော်လာအောင် ဖူးဖူးရောင်၍ ရုံရွယ်ရာများသည် ယိုစီးကျလာပြီးသော် တဖြည်းဖြည်း မြေဖြစ်သွားပါသည်။

"ထိုသို့သောသဘော၌ သစ်ပင်သည် ရေသောက်သည်၊ အစာစားသည်၊ လေကိုရှူရှိုက်သည်၊ လေကိုလည်း ထုတ်သည်၊ ၎င်းမှာ ထွက်သက်ဝင်သက် ရှိသည်ဟုပင် ဆိုရာသည်။ ၎င်းပြင် ကျင်ကြီးကျင်ငယ်လည်း စွန့်သည်၊ ထိုသဘောသည် လူ သူ တိရစ္ဆာန်တို့နှင့် မခြားနားချေ။ သို့သော် သစ်ပင်တို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းဖော်ခြင်း မရှိကြချေ။ ထန်းပင်အဖိုအမ မရှိတုံသော်လည်း ထိုထန်းပင်နှစ်ပင် သည် မေထုန်သဘောနှင့် ပေါင်းဖော်ခြင်း မရှိကြချေ"

"ထိုသို့သောသဘောကြောင့် သစ်ပင်များသည် သေ၍ နေပူလဟာ ပြင်ထဲမှာ ပစ်ထားသော်လည်း မပုပ်ဘဲခြောက်သွေ့ပြီးသော် ဆွေးမြည့်သွားခြင်းများလေသည်။ ရာသီဥတု ဓာတ်သဘောနှင့် ခိုက်မိတိုက်ဆိုင်မိသော် ကျောက်၊ သတ္တုစသည်တို့ဖြစ်သွားတတ်လေသည်။ သို့သော် သစ်ပင်သေ၊ သစ်ရွက်သေတို့ကို ရေစိမ်ထားသော် ရေ၌တစ်နည်းတုံ ရေ၏ မေထုန်ဓာတ်အားဖြင့် ပုပ်တတ်လေသည်"

"ထိုသစ်ပင်တို့မှာပင် အပွင့်များ၌ အဖိုအမ ရှိနေပြန်၍ အဖိုဝတ်မှုန်နှင့် အမဝတ်မှုန် ပေါင်းဖော်ခြင်းအားဖြင့် အသီးများကို သီးရလေသည်။ ထိုအသီးများသည် ထိုပေါင်းဖော်ခြင်း မေထုန်သဘောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရလေ သည်။ သစ်စေ့များကိုလည်း ရေနှင့်စိမ်ထား၍ မဆယ်ယူသော ရေ၌ ပါသော မေထုန်ဓာတ်အားကြောင့် ပုပ်ရလေသည်"

"လူ၊ တိရစ္ဆာန်ကြက်ငှက်စသည်တို့မှာကား နာမ်ခန္ဓာလေးပါးတို့၏ လှုပ်ရှားမှုဖြင့် မေထုန်ဓာတ်အားကြောင့် ပေါက်ဖွားလာရလေသည်။ ထိုသို့ပေါက်ဖွားလာရာ မေထုန်ဖြစ်ရန်သွေးရည်သည် ပါလာကာ ကိန်းအောင်းနေလေသည်။ လူကိုပင် ပမာပြကြပါစို့။ ထိုလူမှာ မေထုန်စိတ်သည် ကိန်းအောင်းကာ ရှိလေသည်။ ခေါင်းပါးခြင်းနှင့် လွန်ကဲခြင်း၊ သာယာမှုရှိခြင်းတို့သာ ခြားနားလေသည်။ ထိုမေထုန်စိတ်ဓာတ်သည် လူတို့မှာ ကိန်းအောင်းကာ ရှိသောကြောင့် စားသောအစားအစာတို့သည် သုက်ဓာတ်ဖြစ်လာ၍ အင်အားများခြင်းနှင့် နည်းခြင်းသာလျှင် ခြားနားလေသည်။ ထိုသုက်ဓာတ်သည် လူ၊ တိရစ္ဆာန် စသည်တို့ကို ပုပ်စေလေသည်။ မသေမီပင်ပုပ်လျက်ရှိ၍ အနံ့တသင်းသင်းထွက်ခြင်းဖြင့် သုက်ဓာတ်အားကောင်းသောသူသည် နံလျက်ရှိလေသည်"

"ထိုသို့သော သဘောအရ လူ၊ တိရစ္ဆာန်၊ ကြက်ငှက် စသည်တို့မှာ သုက်ဓာတ်ကြောင့် သေသော် ပုပ်ရလေသည်။

(တစ်တိုင်းတစ်နိုင်ငံမှ ပညာရှိကြီးများကစ၍ ဩဘာပေးကြလေသည်။)

"အသက်ရှည်ခြင်း တိုခြင်းသည်ဘာကြောင့် ဖြစ်ရသလဲ"

ထိုသဘော၌ကား လူတို့ကိုယ်ကျင့်သဘောတွင် တည်နေပါသည်။ ဘယ်လိုသဘောလဲ။ သူတစ်ပါးအပေါ်၌ ဖြူစင်သော သဘော၊ သူတစ်ပါးအပေါ်၌ သနားကြင်နာသောသဘော၊ သူတစ်ပါးတရားသဖြင့်တည်နေနိုင်ခြင်းကို ဝမ်းသာသည့်သဘော၊ ကိုယ်၏အကျိုးကို လျစ်လျူပြု၍ လည်းကောင်း၊ သူ၏ကောင်းမကောင်း၊ ဆိုးမဆိုး စသည်တို့ကိုလျစ်လျူပြု၍လည်းကောင်း သူတစ်ပါး၏ အကျိုးစီးပွား



ကောင်းကို လိုလားသည့် သဘောတို့ ဖြစ်ချေသည်။

ထိုသို့သောလေးရပ်သောသဘောတို့ကိုမှီ၍ ထိုသဘောလေးရပ်တို့ တည်သလောက်အသက်ရှည်တတ်၍ မတည်သလောက် အသက်တိုတတ်လေသည်။ ဤကား ဘစ်ဦးတစ်ယောက်တည်းကို ရည်ညွှန်း၍ ပြခြင်းမဟုတ်ပါ။ အများကို ရည်ရွယ်၍ဆိုလိုခြင်းဖြစ်ပါသည်။

အကြင်လောကသည် ပြဆိုခဲ့သော မြတ်သော သဘောလေးရပ်မှ ပျက်စီးဆုတ်ယုတ်လာ၍ ညစ်ညမ်းသော ကာမဂုဏ်သဘောနှင့် သူတစ်ပါး၏ အပေါ်၌ စိတ်ထားရှိခြင်းသဘာဝကို သဘောမထားဘဲ တပ်မက်နှစ်သက်စွဲလမ်းသော သဘောကိုအားလုံ့လပြုခြင်း၊ ချောဝင်ကုန်းတိုက်သောသဘောကို ကျင့်ကြံခြင်း၊ ကြမ်းတမ်းသော အပြုအမူ အကျင့်အကြံစကားတို့ကို ကျင့်ကြံပြောဆိုလုပ်ကိုင်ခြင်း၊ သိမ်ဖျင်းယုတ်ညံ့သော အပြောအဆိုအကျင့်အကြံတို့ကို ပြောဆိုကျင့်ကြံခြင်း၊ မနာလိုဝန်တိုပိတ်ပင်စဉ်းလဲခြင်း၊ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းတို ပြောဆိုကြံစည်လုပ်ကိုင်ခြင်း၊ ဤသည်တို့လည်း တစ်ရပ်အဖြစ်နှင့် ထူကဲလာ၏။ ထိုလောကသည် အသက်တိုခြင်းဖြစ်လာရ၏။

အကြင်လောကသည် သူတစ်ပါး၏အပေါ်၌ သနားကြင်နာအမဲ့ခြင်း၊ သူတစ်ပါးကောင်းစားခြင်းကို မနာလိုမရှုစိမ့်နိုင်ခြင်း၊ ကိုယ့်အယူ ကိုယ့်ဝါဒ၊ ကိုယ့်အကျိုးသည်သာလျှင် အောင်မြင်စိမ့်သောငှာ တရားမဲ့ သဘောနှင့် ပြုမူဆောင်ရွက်ကျင့်ကြံခြင်း တို့သည်လည်း ထူကဲလွှမ်းမိုးလာ၏။ ထိုလောကသည် အသက်တိုခြင်းဖြစ်လာရ၏။

ထိုသို့သောလောကသည် တရွေ့ရွေ့မြင့်တက်၍ ထင်ရှားလွှမ်းမိုးလာသောအခါ ထိုအကျင့်တို့သည် ထိုလောကကို သတ်ရန်လက်နက်ဘို့ဖြစ်လာသဖြင့် ထိုလက်နက်တို့ကြောင့် ထိုလောကသည် ပျက်စီးတုံရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ တစ်စိတ်တစ်ဒေသ ကြွင်းကျန်သော သူတို့သည် သူတစ်ပါးအပေါ်၌ ဖြူစင်သောစိတ်ကိုထားခြင်း၊ သူတစ်ပါး ဆားရောက်မည်ကိုသနားခြင်း၊ သူတစ်ပါး ကောင်းစားခြင်းနှင့် ကောင်းစားအံ့ကိုဝမ်းသာခြင်း၊ လောကအတွက် ကိုယ်ကျိုးကိုယ်စီးပွားကိုလျှစ်လျူပြု၍ မိမိလုပ်တတ်သော၊ လုပ်အပ်သော အကြံအစည်အလုပ်အကိုင်တို့ကို လုပ်ကိုင်ကြံစည်ခြင်းတို့ပြုလုပ်ကြကုန်၏။

ထိုလောက၌ လူတို့တွင် သားသမီးတို့သည် မိဘတို့ထက် နှစ်ဆသော အသက်ကိုပြု၍ တည်လာပြီးသော် ရှည်ကြ၏။ ထိုသို့ အသင်္ချေယျတန်းထိ အသက်သည်ရှည်ရာ၏။ ထိုအခါ အသက်ရှည်ခြင်းကြောင့် လူတို့သည် ငြီးငွေ့ကုန်သဖြင့် ကာမမေထုန်သဘောကို အားထုတ်လာကြကုန်၏။ ထိုအခါ တဖြည်းဖြည်းအသင်္ချေယျအသက်မှ တိုလာကြပြန်လေကုန်၏။ ထိုသို့သောသဘောအရ အသက်ရှည်ခြင်း၊ တိုခြင်းတို့သည် လောကတွင် ကစားနေလေတော့ပြီ။

(တစ်တိုင်းတစ်ပြည်မှ ပညာရှိကြီးတို့သည် အလွန်အလွန်သဘောကျ ကျေနပ်ခြင်းကိုပြကြလေကုန်၏။)

အသက်ရှည်အောင် တစ်စုံတစ်ခုသော အတတ်ပညာဖြင့် တတ်နိုင်ပါသလောဟူရာ၌ တတ်နိုင်၏ဟူ၍ပင် ဖြေဆိုရပါမည်။

အသို့လျှင်ဟူမူကား တစ်စုံတစ်ယောက်သောသူသည် မိမိ၏ဘဝကို တပ်မက်နှစ်သက်၍ စွဲ၍ အသက်ရှည်ရာရှည်ကြောင်း အလို့ငှာ ဆေးအတတ်ပညာဖြင့်လည်းကောင်း၊ ဓာတ်အတတ်ပညာဖြင့်လည်းကောင်း ကြိုးစားအားထုတ် လုပ်ကိုင်၏။ ထိုသို့ လုပ်ကိုင်ခြင်းဖြင့် ပေါက်မြောက်သူတို့လည်း ရှိကြကုန်၏။ ထိုသူတို့ သွားသောလမ်းကို ဂန္ဓာရီလမ်းဟု ကျမ်းဆရာတို့သည် ဆိုကြကုန်၏။

ထိုဂန္ဓာရီလမ်းကို လိုက်စားသော၊ သွားသော သူတို့သည် မိမိတို့



သွားရာလမ်း၌ သွားနေစဉ်သော် လည်းကောင်း၊ သွား၍ ခရီးရောက်သော် လည်းကောင်း တန်ခိုးရှိကြကုန်၏။ မိုးသို့ စကြဝဠာကို မလွန်ဘဲ ပျံနိုင်သော တန်ခိုးရှိ၏။ အမျိုးမျိုးဖန်ဆင်းနိုင်သော တန်ခိုးလည်း ရှိကြ၏။ မျက်လှည့်ကြီး၊ နားလှည့်ကြီး၊ စိတ်လှည့်ကြီးတည်းဟူသော အာရုံငါးပါး၌ လှည့်ခြင်း အတတ်ကိုလည်း တတ်ကြသူ ရှိကြ၏။ ထိုသူတို့သည် မိမိတို့ အတတ်အားဖြင့် ရသောတန်ခိုးနှင့် ကျန်းမာခြင်းကို ပြည့်စုံ၍ တွေ့ဝေဖုံးလွှမ်းခြင်းသည် ဖြစ်လာရချေပြီ။

ဤသို့ ပေါက်မြောက်သော ဂန္ဓာရီဆရာတို့သည် မိမိတို့ အဘယ်ကြောင့် ဤကဲ့သို့ တန်ခိုးရှိသည်၊ ကျန်းမာသည်၊ အသက်ရှည်သည်ဟု မသိကြချေ။ ၎င်းတို့သည် အကျင့်ကောင်း အားကြောင့် တန်ခိုးရှိသူများ၊ ကျန်းမာသူများ၊ အသက်ရှည်သူများ မဟုတ်ကြချေ။

အချို့သည် မန္တန်၊ အင်းတို့ဖြင့် စိတ်၏ တန်ခိုးကို ဖြစ်စေ၍ တန်ခိုး ကို ရရှိလေသည်။ ဂန္ဓာရီလမ်းတွင် စိတ်တန်ခိုးကို ပိုင်နိုင်အောင် အား ထုတ်နေသူသည် တန်ခိုးအလွန်အလွန် ကြီးသည်။ ထိုသူများသည် ဆေးဝိဇ္ဇာများ၏လည်းကောင်း၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာများ၏လည်း ကောင်း ပူဇော်ခြင်းကိုခံယူ၍ ဆေး၊ ပြဒါးပြာ၊ သံပြာ၊ ရွှေပြာ စသည်တို့ကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏အသက်ကိုရှည်စေလေသည်။

ဆေးဝိဇ္ဇာသည် ဆေးအားဖြင့် အသက်ရှည်သည်။ ဆေးအားဖြင့် တန်ခိုးအမျိုးမျိုး၊ အာရုံတို့အား လှည့်ပတ်ခြင်းအမျိုးမျိုးတို့ကို စွမ်းဆောင်နိုင်လေသည်။

ပြဒါးဝိဇ္ဇာတို့သည်လည်း ဓာတ်ကိုပိုင်နိုင်၍ ဓာတ်အားဖြင့် အသက်ရှည်သည်။ ဓာတ်အားဖြင့် တန်ခိုးအမျိုးမျိုး၊ အာရုံတို့အား လှည့်ပတ်ခြင်း အမျိုးမျိုးတို့ကို စွမ်းဆောင်နိုင်၏။

ထိုသူတို့မှာ အကျင့်ကောင်း တန်ခိုးမတည်ချေ။ ၎င်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဆေးတွင်လည်း အသက်နှင့် ၎င်းတို့ပိုင်နိုင်သော ဓာတ်တွင်လည်း အသက်နှင့်ဟူ၍ မသိကြချေ။

သစ်ပင်၊ ပန်းပင် သတ္တဝါတို့မှာ အသက်ရှိသကဲ့သို့ သတ္တုများမှာလည်း အသက်ရှိသည်ကို ၎င်းတို့သည် မသိကြချေ။ ခပ်သိမ်းသော ဝတ္ထုတို့သည် အဖြစ်သဘောနှင့် အမြဲတည်နေခြင်းမရှိနိုင်။ ဖြစ်တုန်းဖြစ်ဆဲသာ ရှိနိုင်သည်။ နောက်ဆုံး၌ ၎င်းတို့ပျက်စီး၍ မြေကြီးအဖြစ်နှင့် အဆုံးသတ်ရမည်။ သို့တည်းမဟုတ် ပြာ၊ ပြာမြေအဖြစ်နှင့် အဆုံးသတ်ရမည်။

ထိုသို့သော သဘောအရ ဆေးဝိဇ္ဇာအဖြစ်နှင့် ပေါက်မြောက်သော ဆေးတုံးဝိဇ္ဇာ၌ ဆေးသက်တည်နေခြင်းကို ၎င်းတို့သည် မရိပ်စားမိချေ။ ကျောက်ဝိဇ္ဇာတို့မှာလည်း ဓာတ်သက်ဖြင့် တည်နေခြင်းကို ၎င်းတို့သည် မရိပ်စားမိချေ။ ရိပ်စားမိ၍ ၎င်းတို့သည် လောဘ၊ ဒေါသ၊ မာနတို့ကို နှိပ်ကွပ်ကျင့်သုံးနေသော အဖိုးတန်ပေမည်။ ၎င်းတို့သည် လောဘ၊ ဒေါသ၊ မာနတို့ကို မနှိပ်ကွပ်၊ မနှိမ်နင်းဘဲ မိမိတို့ရသော တန်ဖိုးနှင့် သာယာနေသည်ရှိသော် ဆေးသက်ဓာတ်သက်ကုန်သွားသည်ရှိသော်၊ ၎င်းတို့သည် စုတေစိတ်ကျရမည်။

ထိုသို့ စုတေစိတ်ကျရာ၌ ၎င်းတို့သည် လောဘ၊ ဒေါသ၊ မာနတို့ကို မနှိပ်ကွပ်နိုင်ဘဲ မိမိတို့ ပေါက်မြောက်သော ဆေး၊ မိမိတို့ ပေါက်မြောက်သော ဓာတ်တို့ကိုသာ စွဲလမ်းတပ်မက်နေချေသော်၊ ဇစ္စန္နပုဂ္ဂိုလ်အဖြစ်နှင့် အမိဝမ်းတွင် သန္ဓေတည်နေရတတ်လေသည်။

ကျွန်မ ကျွန်ရုပ်မသည် အပင်ကိုမေးရာ မျိုးစေ့အဖြစ် အကိုင်း၊ အခက်၊ အရွက်အပွင့်၊ အသီးတို့နှင့် ပြဘိသကဲ့သို့ ပြခဲ့လေပြီ။ အချုပ်အားဖြင့်ကား တဖြည်းဖြည်း အသက်တမ်းတိုလာသော ဤခေတ်၌ ဆေးအတတ်ဖြင့်လည်းကောင်း၊ ဓာတ်အတတ်ဖြင့်လည်းကောင်း၊



အသက်ကို ရှည်အောင် ပြုလုပ်နိုင်ပေသတည်း။

တစ်တိုင်း တစ်နိုင်ငံမှ ပညာရှိကြီးတို့သည် အထူးနှစ်သက်ခြင်းဖြင့် ကျွန်ရုပ်မကို ကောင်းချီး ပြုကြလေကုန်သည်။

× × ×

## "သဘာကျွဲ"

နောက်တစ်နေ့သော် နံနက်စာကို မာလာယုပြည်၊ ရာဇဂြိုဟ်ပြည်၊ မောရိယပြည်မှ ဧည့်သည်တော်များအား ကျွန်ရုပ်မ၏ အိမ်၌ ကျွေးလေရာ သလ္လာဝတီပြည်မှ ပုရောဟိတ် အစရှိသော ပညာရှိများ၏ အစွဲ့လည်း ပါလေ၏။

၎င်းတို့သည် နံနက်စာ စားသောက်ကြပြီးသော် မာလာယုပြည် ဂုတ်ဝန်မင်းက ဤသို့သော စကားကို ဆိုလေ၏။

"သမီးတော်သည် မာလာယုနိုင်ငံသူ မှန်ပါလျက် သလ္လာဝတီပြည်၌ လာရောက်ကာ နေခြင်းကို အလွန်ဝမ်းနည်းပါတယ်"

"ကိုင်း...မမ ဟု သလ္လာဝတီပြည် ပုရောဟိတ်ကြီးက စသဖြင့် ကျွန်ရုပ်မသည် ဤသို့ ပြောရလေတော့၏။"

"မာလာယု ဘ၊ ဘဘပြောတာဟာ မှန်တော်မူပါတယ်။ ကျွန်ရုပ်မဟာ မာလာယုနိုင်ငံသူပဲ၊ မာလာယုနိုင်ငံတော်ရဲ့အကျိုးကို အထူးသဖြင့် သယ်ပိုးဆောင်ရွက်သင့်တာပေါ့။ သို့သော် သူဆင်းရဲမထံ၌ ကြန်အင်လက္ခဏာစွမ်းရည်နှင့်ပြည့်စုံတဲ့ နွားလားဥသဘကြီးတစ်ကောင်ရှိသတဲ့။ သည်နွားလားဥသဘကြီးကို သူဌေးတစ်ယောက်က သိတော့ သူဆင်းရဲမထံမှာ အသပြာအသင့်အတင့်ပေးကာ ဝယ်ယူသွားပြီး သည်နွားလားဥသဘကြီးကို လယ်ထဲမှာ လယ်ထွန်းခိုင်း၊ အမှိုက်ကာမဲ့ သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ သိပ်နှင့်ထားတော့ သည်နွားလား ဥသဘကြီးရဲ့ဂုဏ်သရေဟာ တိမ်မြုပ်ကာရှိသွားပါသတဲ့"

"ခုလည်း သည်လိုပါပဲ၊ မာလာယုပြည်ရွှေဘုန်းတော်ရှင်က မီးအမြဲကို တော်ကောက်ပါရဲ့။ တော်ကောက်သေမဲ့ သူ့သားရဲ့မယားလုပ်ဖို့ တော်ကောက်တော့ မိဖြအနှစ်ဟာ အိမ်ရှေ့မိဖုရားအဖြစ်နှင့်တိမ်မြုပ်ကာ အိမ်ရှေ့မင်းကိုဖျော်ဖြေနေရတာနှင့် အချိန်ကုန်ရမှာကြောင့် ကျွန်ရုပ်မအဖြစ်နှင့်ပင် သလ္လာဝတီတွင်ဝင်ရောက်နေခြင်းပါပဲ"

(ရယ်ကြ၏)

ထိုအခါ သလ္လာဝတီပြည်အိမ်ရှေ့မင်း မင်းဝိုင်းက ဤသို့ဆိုလေ၏။

"ပညာရှိကြီးများ ကျွန်တော်တို့မမဟာ ယနုသာမဟုတ်၊ ကျောင်းတော်တုန်းကလည်း"

"ကိုယ်တော်က ပြောတော့မယ်၊ ကိုယ့်ငါးချဉ်ကို ကိုယ်ချဉ်တာလို"

"နန်းနန်းလည်း ရှိပါတယ်၊နန်းနန်းလည်း အသိပါ"

"ငါ့မယ့် ငါ့မယားမေးဆိုတာလို"

(ဝါးခနဲရယ်ကြကုန်၏။)

"ကိုယ်တော် ဆက်ပြီးအမိန့်တော်ရှိပါ"

"ကျောင်းတော်မှာတုန်းကလည်း အလှမှာဘုရင်၊ ပညာမှာ ထိပ်သီး၊ အတတ်ပညာမျိုးစုံကို ဒိုးမွှေပြီးကစားနိုင်ပါတယ်။ ဒဏ္ဍာရီတစ်ထောင်ကို ဆောင်နိုင်ပါတယ်။ ဒါကို ဉာဏ်ကောင်းခြင်းကြောင့်လို့ထား၊ ကျပန်းဒဏ္ဍာရီဟပ်အောင် အချိန်မရွေးပြောနိုင်ပါတယ်။ မင်းသားတို့တတ်အပ်သောအတတ်ကိုလည်း"

"ကိုယ်တော်အလကား၊ ဒါတွေဟာ ကျောင်းတော်သားဘ၀ပါ။



အရေးမပါပါဘူး"

"ကိုင်း...အမေ၊ ကျွန်တော်တို့အား ဒဏ္ဍာရီတစ်ခုကိုဆောင်တော်မူပါ"

"ခက်တယ်"

"မမပြောပါ"

"ကောင်းပါပြီ"

"ဟိုရှေ့ရှေ့တုန်းက ရွှေယင်းမာ ပြည်တော်ကြီးမှာ ဘုရင်မင်းမြတ်က မင်းလောက်တဲ့၊ မိဖုရားခေါင်ကြီးက မတောက်တဲ့. . .တဲ့"

"မမနယ် တကတည်း"

"တကတည်း မလုပ်ကြနှင့်လေ၊ သည်မင်းကြီးဟာ မင်းသားကလေးပုခက်တွင်းသားအဖြစ် မြပုခက်နှင့် သိပ်ထားတော့ မြပုခက်ကိုလောက် တွေအများတက်နေကြသတဲ့။ သည်တော့ ခမည်းတော်မင်းကြီးကလည်း ဟူးရားဖြူ၊ ဟူးရားညို ပညာရှိများကိုမေးတော့ ထိုမင်းသားဘုရင်စကြာဓိမင်းမြတ်ဖြစ်တော်မူသောအခါ နိုင်ငံတော်မှာ လုံလုံလောက်လောက်နှင့် အထူးကြွယ်ဝချမ်းသာပါမည်ဟု ဟောကြသဖြင့် ထို မင်းသားကလေးကို မောင်လောက်လို့ မှည့်တော်မူသတဲ့"

"မြပုခက်မှာ လောက်များကို ရွှေရည်ငွေရည်ဖျန်းတော့ နှစ်ဆ၊ သုံးဆတိုးပြီး များလာလို့ ကျောက်သံပတ္တမြား မြရည်တို့ကို ဖျန်းတော့မှ အလိုလိုပပျောက်သွားသတဲ့၊ (ဒါဟာ ဓာတ်သဘော)

"မတောက်တဲ့အကြောင်းကတော့ သည်မင်းသမီးကလေးဟာ ချိုဆင်ယင်သာ မယ့်တော်ရင်ခွင်ထဲမှာ နေတယ်၊ ချိုဝရင် ခမည်းတော်လက်ပေါ်မှာမှ ကောင်းကောင်းပျော်နေပါတယ်။ ခမည်းတော် ချစ်သမီးကလေး၊ ဒါကြောင့် ခမည်းတော်ဘုရားက မိတောက်တဲ့ရယ် ငါ့ကိုသာကပ်တာပဲလို့ မိန့်တော်မူတာနှင့် ထိပ်ထားတောက်တဲ့လို့ အမည်တွင်

www.burmeseclassic.com

www.burmeseclassic.com



သတဲ့ရှင်”

“ဟုတ်ကဲ့…ဟုတ်ကဲ့…ဟုတ်ကဲ့”

“ဘုရင်မင်းလောက်နှင့် ခေါင်ဖုရားတောက်တဲမှာ သမီးတော်ကလေး တစ်ပါးကို မျက်နှာတော်မြင်ပါတယ်။ ထိုသမီးတော်ကလေးကို မီးရှူးသန့်စင်ရာ တစ်စုံတစ်ရာအညစ်အကြေးမကပ်ငြိဘဲ ရွှေရည်ရွှေသွေးအဆင်းကဲ့သို့ ဝင်းဝင်းပပကြီးနှင့်ဖွားမြင်တော်မူရာတွင် သွားသည်နှင့်တစ်ပြိုင်နက် စံကားပန်းနံ့တို့သည် တစ်နန်းလုံးကြိုင် ပြီးလျှင်လှိုင်ကာရှိနေသတဲ့၊ ထို့ကြောင့် စံကားမယ်ဟု အမည်တပ်ပါသတဲ့”

“စံကားမယ်သည် ဆယ်နှစ်အရွယ်ရောက်သောအခါ မင်းကြီးလောက်သည် မိမိတို့ကိုးကွယ်သော ဆရာတော်ရသေ့ကြီးကိုပင့်၍ စာပေပညာများကို သင်ကြားပို့ချစေပါသည်။ ရသေ့ကြီးကား သူတော်ကောင်းကြီး ပီသသည့်အတိုင်း စံကားမယ်စာကောင်းစွာ တတ်လာသောအခါ ကံ ကံ၏အကျိုးကို ယုံကြည်၍ သူတော်ကောင်းများကို ယုံကြည်တတ်ခြင်းအတတ်၊ လေ့လာခြင်းအတတ်၊ အကြားအမြင်အတတ်၊ ကျင့်ဝတ်ကောင်းအတွက် ဆရာကောင်း၏ပဲ့ပြင်ရာကောင်းသို့လိုက်ပါနိုင်သော ကြောင်းကျိုးပြအတတ်၊ ရှက်တတ်ခြင်းအတတ်၊ ကြောက်တတ်ခြင်းအတတ်တို့ကို သင်ပေးသည့်ပြင် ထွက်သက်ဝင်သက်ကို အလေ့အလာပြု၍ အသုံးပြုခြင်းဖြင့် စိတ်ကိုချုပ်တည်းနိုင်သည့်အတတ်တို့ကို သင်ကြားပေးလေသည်”

“ဟုတ်ကဲ့”

“ထို့ကြောင့် စံကားမယ် မင်းသမီးကလေးသည် သူတော်ကောင်းမကလေးဟု ဆိုဖွယ်ရာရောက်နေသည့်ပြင် ထွက်သက်ဝင်သက်ကို အားအားရှိတိုင်း လေ့လာနေသဖြင့် စိတ်ကိုအတော်ပင် ပိုင်နိုင်လာလေတော့ပြီ”



“ထိုသို့ စိတ်ကိုပိုင်နိုင်လာသည့်အတိုင်း အိမ်တော်မင်္ဂလာမှာ ရံရွှေတော်များနှင့် အနေနည်းခြင်းကို တစ်စတစ်စပြုပြီးသော မင်္ဂလာဥယျာဉ်တော်၌သာ အနေများလေတော့ပြီ”

“တစ်နေ့သ၌ မင်းသမီးကလေး စံကားမယ်သည် ဥယျာဉ်တော်၌ ထွက်သက်ဝင်သက်ကိုသာ အာရုံပြုကာ ပျော်မွေ့နေသည်တွင် စိမ့်ရေ၊ စမ်းရေ၊ တောင်ကျရေတို့နှင့် တသွင်သွင်ကျဆင်းနေသော တောတောင်ကြီးအတွင်းသို့ သွားလိုသော ဆန္ဒရှိလာသည်နှင့်တစ်ပြိုင်နက်ချက်ချင်းပင် စံကားမယ်သည်ရေတံခွန်ကြီးဖြစ်ကာ ကျဆင်း၍ တသွင်သွင်နှင့်စိမ့်ရေ၊ စမ်းရေတို့ဖြင့် တန်ဆာဆင်ယင်ထားသော တောအုပ်ကြီးအတွင်းသို့ ရောက်သွားလေတော့သည်။

“စံကားမယ်သည် ပထမ၌ စိတ်၏အလိုအတိုင်း ပြည့်စုံ၍ အတော်ပင် ပျော်၏။ ထို့နောက် မိမိ၏ကိုယ်ကို မိမိ “ငါ ဘယ့်နှာလဲ၊ ဘယ်လို လဲ”ဟု အတော်ပင်အံ့သြမိနေလေ၏။ ထိုသို့နှင့် ခဏကြာသော် ဆာ သလိုလိုဖြစ်၍ သစ်ပင်များမှ သစ်သီးများကို ကြည့်မိ၏။ ထိုစဉ်ခဏ၌ သံလျက်ကို စွဲကိုင်၍ စစ်မှူးတို့၏ဝတ်စားတန်ဆာများကို တောတ်ပစွာ ဆင်ထားသော သူတစ်ယောက်သည် ရောက်လာ၏။ “အဘယ်နမ၊ ဘာကိုလိုသလဲ” ဟုမေး၏။

“စံကားမယ်လည်း ထိုသူ၏အမေးကို မဖြေဘဲ “အသင်ဘာလဲ” ဟု မေးရာ ထိုသူလည်း ကျွန်ုပ်ဝိဇ္ဇာဟု ဆို၏။ ဝိဇ္ဇာဆိုသော် ဘာဝိဇ္ဇာလဲဟုစံကားမယ်သည်မေးပြန်ရာ ထိုသူက ကျွန်ုပ်ပြဒါးဝိဇ္ဇာဟုဆိုလေတော့သည်။

“ထိုအခါ စံကားမယ်က အသင်သည် ပြဒါးဝိဇ္ဇာဆိုသော် ကျွန်မထံ ဘာကြောင့်ရောက်လာသလဲလို့မေးရာ ဝိဇ္ဇာလည်းပြုံး၍ အဘယ်နမ ကျွန်ုပ်သည် နမ၏အလိုဆန္ဒကိုဖြည့်ရန် လာပါသည် ဆိုလတ်

www.burmeseclassic.com

www.burmeseclassic.com



သော် အသင်သည် ကျွန်ုပ်၏အလိုဆန္ဒကို ဘာကြောင့်ဖြည့်ချင်ပါသလဲ ဟု စံကားမယ်က မေးပြန်ရာ ပြဒါးဝိဇ္ဇာလည်း "ချိုချိုပြုံးနှင့် တစ်ကိုယ်လုံးလှပသော အဘယ်နမ၊ ပျိုမျစ်နုနယ် ချစ်စဖွယ်သော နမသည်အား ချစ်ချစ်အဟုန် စိတ်တွင်ထုံခြင်းကြောင့် နမ၏အလိုဆန္ဒကို ဖြည့်လိုပါသည်ဟု ဆိုလေတော့သည်"

"ထိုအခါ စံကားမယ်သည် မျက်နှာထား၍ သည်လိုဖြင့် ငါ့အလိုဆန္ဒကိုဖြည့်ရန်မလို၊ ပြန်သွား"ဟု ဝိဇ္ဇာကို မောင်းလေတော့သည်။ ဝိဇ္ဇာကား မနေ၊ မြူးနေကျ နွားသိုးရွှသဖွယ် ဖြစ်ဟန်ထင့်၊ "အဘယ်နမ" ဟုစကားထပ်မံ ဆိုမည်ပြုသောအခါ စံကားမယ်လည်း "သင် ငါ့အနားမှာ စကားလာ၍ ရောရန် မလို၊ ချက်ချင်းပြန်" ဟု မောင်းထုတ်လေရာ ပြဒါးဝိဇ္ဇာသည် ကောင်းကင်ခရီးဖြင့် ချက်ချင်းပြန်လေတော့ပြီ"

"သမီးတော်..."

"ရာဇဗြိုဟ် ဘ၊ မိန့်တော်မူပါ"

"ဝိဇ္ဇာကား တန်ခိုးရှင်ပါ။ ဝိဇ္ဇာသည် စံကားမယ်ကို ကြောက်ရာသလော"

"ဘ၊ ပြဒါး ဝိဇ္ဇာကား သူ၏အကျင့်ကြောင့် တန်ခိုးမရှိ၊ ဓာတ်၏တန်ခိုးသာရှိလေသည်။ စံကားမယ်ကား သူတော်ကောင်းတရား ခုနစ်ပါးနှင့်ပြည့်ဝသည့်ပြင် ထွက်သက် ဝင်သက်ကိုသာ အာရုံယူနေခြင်းဖြင့် အလိုရှိခြင်း၊ တုန့်လှုပ်ခြင်း၊ တက်ကြွခြင်းတို့ကို မဖြတ်သော်လည်း သူ့မှာဆိတ်နေသည်။ ထို့ကြောင့် အကျင့်၏တန်ခိုးရှိသည်။ ဓာတ်၏တန်ခိုးရှိသည်။ အကျင့်၏တန်ခိုးကို မတုပြိုင်ဝံ့ချေ။ တုပြိုင်သည်နှင့်တစ်ပြိုင်နက် သူ၏ဓာတ်တန်ခိုးသည် ခန်းခြောက်သွားရမည်။ လောက၌ တန်ခိုးကြီးသူကို တန်ခိုးငယ်သူသည် ကြောက်ရွံ့လေသည်"



"အင်း...အင်း...အင်း"

"ထိုနည်းတူ သံဝိဇ္ဇာတစ်ယောက်သည် မင်းသားတို့၏အဝတ်ကို ဝတ်ဆင်၍ သန်လျက်ဆွဲပြီးသော် ရောက်လာပြန်လေသည်။ ခုတွင်ကကဲ့သို့ပင် စံကားမယ်နှင့် စကားဆိုကြပြီးနောက် စကားမယ်က သံဝိဇ္ဇာကို မောင်းထုတ်လိုက်သဖြင့် သံဝိဇ္ဇာသည် ပြန်သွားရလေသည်"

ထို့နောက် မကြာမတင်မီပင် ဝိဇ္ဇာကြီးတစ်ယောက်သည် ရောက်လာပြန်၍ စံကားမယ်အား "ငါ့မြေး၊ ဘာကိုအလိုရှိသလဲ" ဟု မေးပြန်လေသည်။

ထိုသူကား စံကားမယ်ကို ငါ့မြေးဟုဆိုသည်။ အရွယ်မှာကား ဆယ့်ခြောက်နှစ် အရွယ်မျှသာဖြစ်၍ ရှုချင်စဖွယ် ခင်စဖွယ်နှင့် လှပသော သာမန်အရပ်သားတို့ကဲ့သို့ဖြစ်၍ စိပ်ပုတီး လက်ဆွဲကာကိုင်၍ ရှိတော့ပြီ။ စံကားမယ်လည်း ထိုသူ၏အမေးနှင့်လျော်ညီအောင် ဤသို့မေးလေတော့သည်။

"အဘိုး...အဘိုးကား အဘယ်သူနည်း။ အဘိုး၏အသက်သည် မည်မျှရှိပါပြီနည်း"

ထိုအခါ ထိုသူကား "ငါ့မြေး၊ အဘိုးကား ဤတော ဤတောင်ရှိ ဝိဇ္ဇာတို့ကို အုပ်ချုပ်နေသော ဝိဇ္ဇာတရားရှင်တည်း။ အဘိုး၏အသက်သည် အနှစ်ငါးရာကျော်ပြီ၊ အဘိုးသည် ပုတီးစိပ်လျက်ရှိသည်။ ငါ့မြေးသည် ဘာကိုလိုသလဲ" ဟုမေးလေတော့ပြီ။

စံကားမယ်ကား ထိုသူ၏အရွယ်ကြီးသောဂုဏ်ကို ရှိန်းပူဇော်ဝါ၏ဟု ရှိန်းပူဇော်ပြီးသော် "ဘိုးဘိုး၊ ကျွန်မကား ဘာကိုမှ မလိုပါ။ ယခု ဆာပါသည်" ဟု ဆိုလေရာ ထိုဝိဇ္ဇာကြီးသည် စံကားမယ်အား ခဲဘူး ကလေးတစ်ခုကို ထုတ်ပေး၍ ထိုဘူးမှ ပြာအစ်များတို့ကို မည်သည့်အရှက်၊ မည်သည့်အသီးနှင့်မဆို စားကာသောက်ပြင်း ပြေပျောက်

www.burmeseclassic.com

www.burmeseclassic.com



သတဲ့၊ နောက်ထပ် မဆာဘဲကိုလည်း မစားသင့်" ဟုပြောလေပြီ။

စံကားမယ်လည်း ထိုခဲဘူးကလေးကိုယူ၍ စဉ်းစားသကဲ့သို့ ရှိနေသည်တွင် ထိုဝိဇ္ဇာကြီးသည် စံကားမယ်အား အရောင်အမျိုးမျိုး ယှက်သန်းကာ တောက်ပနေသော ဓာတ်လုံးကိုပေးလေရာ "အဘိုး၊ ကျွန်မ မလိုပါ"ဟုဆိုလေသည်။

ဝိဇ္ဇာကြီးလည်း "ငါ့မြေး မလိုမရှိအပ်၊ တစ်ရံတစ်ဆစ် သတိလစ်သော် ဤဓာတ်လုံးသည် ငါ့မြေး၏သက်တော်စောင့်ဖြစ်ရာသည်၊ ကိလေသာ မခန်းမခြောက်သေးသောသူတို့၌ သတိသည် မမြဲဘဲ ခဏ ခဏလစ်တတ်သည်"ဟု ဆိုသဖြင့် စံကားမယ်လည်း ထိုဓာတ်လုံးကို လက်ခံလိုက်လေသည်။ လက်ခံသည်နှင့် တစ်ပြိုင်နက် ထိုဝိဇ္ဇာကြီး သည် ပြန်သွားလေသည်။

"အမေ ဘာကြောင့် ဤဝိဇ္ဇာကြီးသည် စံကားမယ်အား ဤသို့ ထောက်ပံ့ရပါသလဲ"

"မောရိယ ဘ၊ လောကကို အကျင့်သည် ခြယ်လှယ်နေပါသည်။ စံကားမယ်သည်ကား ဘာကိုမျှမလို၊ ကျင့်အပ်သော သဘောကိုကျင့် နေသူဖြစ်၍ သူတော်ကောင်း အကျင့်ရှိသူဖြစ်သည်။ ထိုဝိဇ္ဇာကြီးလည်း အကျင့်ရှိသူပင်ဖြစ်သည်။ သို့သော် သူသည် နောင် ဘုရားပွင့်တော်မူ သောအခါ မြတ်စွာဘုရားနှင့်တွေ့လို၍ အသက်ရှည်ရာ ရှည်ကြောင်းကို အလိုရှိခြင်းကြောင့် တရားအားထုတ်နေသည်။ ထို့ကြောင့် ဝိဇ္ဇာကြီး ၏တရားအားထုတ်ခြင်းသည် အလိုရမ္မက်နှင့်ယှဉ်နေ၍ ခွေးစားခွက်တွင် ထည့်ထားသော ဘုရင့်ပွဲတော်စာနှင့် တူလေသည်။ စံကားမယ်ကား ဘာကိုမျှမလို၊ ကျင့်အပ်ခြင်းကြောင့်ကျင့်နေသဖြင့် လောဘ၊ ဒေါသ၊ မာနတို့ မခြံရံခြင်းဖြစ်၍ သိင်္ဂနီရွှေခွက်တွင် ထည့်ထားသော နတ်သောက်စာ နှင့်တူလေသည်။ ထို့ကြောင့် ထိုဝိဇ္ဇာကြီးသည်စံကားမယ် အား



လာရောက်ပူဇော်ခြင်းကို ပြုလေသည်။ ထိုပူဇော်မှုဖြင့် ထိုဝိဇ္ဇာ ကြီးလည်း တိုး၍ ဓာတ်သက်ရှည်ရလေလိမ့်မည်"

"အမေ"

"မေးတော်မူပါ ဘဘ"

"ထိုဝိဇ္ဇာကြီးသည် ဘုရားနှင့်တွေ့သော် ကျွတ်မည်လော"

"မည်သို့မျှ မပြောဝံ့ပါ၊ သို့သော် ဘုရားနှင့်တွေ့သော်လည်း ဝိဇ္ဇာ မျိုးစေ့ မရသောသူမှာ ကျွတ်ဖို့ခဲယဉ်းပါသည်။ ဤပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာဆိုသူတို့မှာ ဝိဇ္ဇာအစစ်မဟုတ်သေး၊ မိမိကိုယ်ကိုမိမိ ဝိဇ္ဇာဟု ဘွဲ့ပေးသော ဂန္ဓာရီလမ်းသမားများသာ ဖြစ်ပါ သည်"

"ဝိဇ္ဇာမျိုးစေ့ဆိုတာ ဘယ်လိုပါလဲ"

"ဝိဇ္ဇာမျိုးစေ့ဆိုတာဟာ အလိုရမ္မက်၊ တုန့်လှုပ်ခြင်း၊ ထောင်လွှား ခြင်းတို့ကို တစ်ရံတစ်ဆစ် လျှပ်စစ်တစ်လက်၊ လက်ဖျစ်တစ်တွက် မျှလောက်ပင် ပယ်ခွာနိုင်ခဲ့ပါသော် ဝိဇ္ဇာမျိုးစေ့ရသည်ဟုမည်ပါသည်"

"ထိုဝိဇ္ဇာဆိုသူတို့သည် အသက်ရှည်ခြင်းကြောင့် ဘုရားနှင့် တွေ့ သောအခါ ဝိဇ္ဇာမျိုးစေ့ကို မရခဲ့လျှင် အချည်းနှီးပေါ့"

"မဟုတ်ပါ"

"ဘယ်လိုပါလဲ"

"ဘုရား၊ တရား၊ သံဃာ အမှန်ကိုသိခြင်း၊ ထိုသိခြင်း၏ အကျိုး ကို ရခြင်းတို့ဖြစ်၍ အပါယ်သို့မသွားဘဲ အကျွတ်တရားရဖို့ရန် သေချာ နိုင်ပါသည်"

"ကိုင်း...ဒက္ခိဏာရီကို ဆက်ပါဦး"

"ထိုသို့နှင့် စံကားမယ်သည် မိမိ၏အိမ်သို့ ပြန်လာလိုသည်နှင့် တစ်ပြိုင်နက် အိမ်သို့ ပြန်ရောက်လေတော့သည်"

www.burmeseclassic.com

www.burmeseclassic.com



"စံကားမယ်ကား နည်းပေးလမ်းပြ သွန်သင်သည့်ဆရာမဲ့နေသောကြောင့် မိမိ၏ဖြစ်စဉ်ကို အံ့ဩခြင်း၌တစ်ပါး မည်သို့မျှမသိချေ"

"စံကားမယ်သည် ဝိဇ္ဇာပေးလိုက်သော ပြာနှင့်သစ်သီးတို့ကို တို့၍စား၏။ အရသာလည်း ခက်မငါးဖြာထိ စိမ့်ဆင်းလျက်သာယာခြင်းရှိလေ၏။ တစ်ခါစားပြီးသော် တစ်ဆယ့်ငါးရက်ခန့် အစားအစာမစားဘဲနေနိုင်၏။ ရောဂါရသူများကို ထိုပြာနှင့် ကုသကာပျောက်ကင်းစေ၏။ ရောဂါအမျိုးမျိုးကို ထိုထိုပြာနှင့် ကုသပေးနိုင်၏။ ၎င်း၏ခမည်းတော်၊ မယ်တော်တို့အား ထိုပြာကို သုံးဆောင်ရန်နှင့် သုံးဆောင်ပါက အသက်ရှည်ကြောင်းတို့နှင့် လျှောက်ထား၍ ဆက်သသော်လည်း ဘုရင်မင်းကြီးလောက်၊ ခေါင်ဘုရားတောက်တဲ့တို့သည် ထိုပြာကို လက်သင့်မခံချေ"

"အလို ဘာကြောင့်တဲ့လဲ မမ"

"လောက၌ လူသည် လောကအတွက် မိမိလုပ်ကိုင် ဆောင်ရွက်ခြင်း ကုန်လျှင်ဖြစ်စေ၊ လောကအတွက် မလုပ်နိုင်တော့လျှင် ဖြစ်စေ၊ မိမိကိုယ်စား မိမိကဲ့သို့ဆောင်ရွက်နိုင်မည့်သူ ရှိလျှင်ဖြစ်စေ၊ မိမိဖြစ်ရသော သက်တမ်းထက် ပိုမို၍ နေလိုသောသူသည် ရယ်ဖွယ်ရာသောသူဟု ဘုရင်မင်းမြတ် မင်းလောက်နှင့် ခေါင်ကြီးတောက်တဲ့တို့က အယူရှိနေလေသည်"

"ဩော်"

"၎င်းတို့သည် တစ်ခုခုသော ကမ္ဘာ့ဌာန်းကိုသော်လည်းကောင်း၊ ကသိုဏ်းကိုသော်လည်းကောင်း ဆောက်တည်ခြင်းဖြင့် ဈာန်အဘိညာဉ်ရမည်ဟု သိသည်။ ဈာန်နှင့်တကွ စုတေစိတ်ကျသည်ရှိသော် ဗြဟ္မာဖြစ်မည်ဟုလည်း သိသည်။ ၎င်းတို့ ဗြဟ္မာဘဝသည် အသက်ရှည်လွန်းသောကြောင့် သံသရာမှမလွတ်နိုင်အောင် ပဋိညာဉ် ပြုထား



ခြင်းနှင့်တူသည်ဟု အယူရှိကြလေသည်"

"ဟုတ်ကဲ့...ဟုတ်ကဲ့...ဟုတ်ကဲ့"

"စံကားမယ်သည်ကား မြောက်နန်းမတော်သား မောင်တော်ကို အိမ်ရှေ့အဖြစ်၌ သဘောတူပြီးသော် ခမည်းတော်၊ မယ်တော်တို့ကို လုပ်ကျွေးသမှု ပြုသကဲ့သို့ ရှိနေလေသည်"

"ထိုသို့နှင့် ဘုရင်မင်းမြတ် မင်းလောက်နှင့် ခေါင်ဘုရား မယ်တောက်တဲ့သည် အေးအေးသက်သာနှင့်ပြုံးကာ နတ်ရွာစံသွားပြီး နောက် စံကားမယ်လည်း လူ့လောကကို ငြီးငွေ့သဖြင့် တောသို့ဝင်ကာ ဖန်ဂူနှင့် ပျော်လေတော့၏။ ထိုအခါ၌ စံကားမယ်သည် ကောင်းသော ကျင့်ဝတ္တရားမှမတိမ်းဘဲ ထွက်သက်ဝင်သက်တို့ အားထုတ်ခြင်းကို မှန်စေသော်လည်း ဘဝ၏တပ်မက်ခြင်းကို လိုလားသဖြင့် အသက်ရှည်ခြင်းကို လိုလာလေတော့ပြီ၊ အလိုရှိနေပေတော့ပြီ။ ၎င်းသည် ထောင်လွှားခြင်း မရှိသော်လည်း အသက်ရှည်ခြင်းကို သာယာလေတော့ပြီ"

"ထိုသို့သော သဘောကြောင့် ဓာတ်လုံးအားဖြင့် တန်ခိုးရှိသော်လည်း ဈာန်ချမ်းသာကို စံကားမယ်သည် မေ့လျော့သကဲ့သို့ ရှိလေတော့ပြီ။ ဤနည်းဖြင့် စံကားမယ်သည် ရှည်သောအသက်နှင့် ဆိတ်ငြိမ်ရာကိုမှီ၍ နှစ်သိမ့်နေလေရာ ရုတ်တရက် ဓာတ်သက်ကုန်သည်ကို မသိသဖြင့် စုတေစိတ်ကျရောက်လေရာ လယ်သူမတစ်ယောက်၏ဝမ်းတွင် သန္ဓေစွဲပြီးလျှင် မွေးဖွားလာရခြင်းကြောင့် ဟိုဘဝက တန်ခိုးပြည့်စုံ ခဲ့သော စံကားမယ်သည် ထိုဘဝမှာ လယ်သူမအဖြစ်နှင့် လယ်ထဲတွင် ကောက်စိုက်ကာနေလေတော့သတည်း"

သံသရာ၏ကစားခြင်းသည် အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာသာပါတကား။

မောရိယပြည်၊ ရာဇဂြိုဟ်ပြည်မှ ပညာရှိကြီးများနှင့် ဓာလာထု

www.burmeseclassic.com

www.burmeseclassic.com



ပြည် မှ ဂုဏ်ဝန်မင်းများ၏ ပညာရှိကြီးအဖွဲ့တို့သည် ကျွန်ရုပ်မကို အတောမသတ် ချီးကျူးလေကုန်၏။

× × ×

ကျွန်ရုပ်မသည် တစ်နေ့သ၌ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး ထံမှ ပြန်လာ၍ အသက်အသာ ပြုနေသည်တွင် ၎င်း၏ လက်ပါးစေ တစ်ယောက်သည် မမ ဧည့်သည် အမျိုးသမီးတစ်ယောက်ကတွေ့ဖို့ အခွင့်တောင်းပါသည်ဟု တင်လေ၍ အခွင့်ပြုလိုက်သဖြင့် ထိုအမျိုး သမီးသည် တက်ရောက်လာလေလျှင် ကျွန်ရုပ်မသည် ထိုအမျိုးသမီး ကို လှမ်းကြည့်လိုက်ပြီးသော် "ဘုရင်မကြီးဘုရား၊ ဤမြတ်သော နေရာတွင် စမွာယ်တော်မူပါ ဘုရား"ဟု နေရာပေး၍ နိမ့်ကျသော နေရာ က နေလေ၏။ ထိုအမျိုးသမီးလည်း ဤသို့ဆိုလေ၏။

"အလို ပညာရှိမယ် မမ၊ မည်သို့ပြုပါသနည်း။ မသင့်တော်သည် ကို မပြုသင့်ပါ"

"ဘုရင်မကြီးဘုရား၊ ကျွန်ရုပ်မကို လှည့်စား၍မရပါ။ ဘုရင်မ ဘုရား၊ အဘယ် ပြည်တော်သာက အဘယ်အလို့ငှာ ရုပ်ဖျောက်ပြု၍ ကြွတော်မူပါသလဲ ဘုရား"

"ကိုင်း ပညာရှိမယ် မလျော်ပါ၊ နောင်တော့အကြောင်းပေါ်မပေါ့။ လာပါ သလွန်တော်ပေါ်သို့" ထိုသို့ဆိုကာ ထိုအမျိုးသမီးသည် ကျွန် ရုပ်မကိုတွဲယူလျက် သလွန်တော်ပေါ်တွင် အတူထိုင်ပြီးလျှင် ဤသို့ပြော ဆိုနေကြလေ၏။

"ပညာရှိမယ်မမ၊ မမသည်ကား ဗိဿနိုးပြည့်ရှင် ဘုရင်မ သုန္ဒာ ပါ။ ယခု ပညာရှိမယ်ကိုတွေ့ရရာ နှစ်ကြိမ်မြောက် သုန္ဒာ၏ အံ့သြ မဆုံး အံ့သြခြင်းပါ။ အမေကျွန်ရုပ်မထံ၌ လျှို့ဝှက်နိုင်ခြင်းသည် မရှိဟု



တောင်သမားများ၏ စကားသတင်းသည် မှန်လှလေစွ။ သုန္ဒာ ဝမ်းသာပါဘိ၊ ဝမ်းသာအားရ ရှိလှပါဘိ"

"မမဘုရား၊ ပထမအကြိမ် ဘယ်လိုတွေ့ရပါသလဲ ဘုရား"

"ဩော်...သည်လိုလား"

"မှန်လှပါ"

"မမလေ၊ အကျော်၊ စမွာ၊ ကရမက် စသည်တို့ကို ရောင်းချနေတဲ့ ဆိုင်တစ်ဆိုင်မှာ သာမန်အမျိုးသမီးအဖြစ်နှင့် ထိုင်ပြီးနေပါတယ်။ သည်အခါမှာ ပညာရှိမယ်ဟာ ကုန်စုံဆိုင်တစ်ဆိုင်မှာ မယ်ကလေး များနှင့် စကားပြောနေပါတယ်"

"မှန်လှပါ"

"သည်အခါမှာ သားနားစွာဝတ်စားပြီး လမ်းလျှောက်လာတဲ့ သူတစ်ယောက်ကို မောင် ခဏလာစမ်းပါလို့ ခေါ်တယ်။ သည်လူ လည်း တန့်နေရာမှ ပညာရှိမယ်ထံ လာပါတယ်"

"မှန်လှပါ"

"သည်တော့ ပညာရှိမယ်က မောင်သူဌေး ဦးအောင်ခတို့ရှုပ်ထား တဲ့ စာချုပ်ကို အစ်မအား ပေးပါဆိုတော့ ထိုသူလည်းအလွယ်တကူ အိတ်ထဲက ပေတိုကလေးတစ်ခုကိုထုတ်ပေးပါတယ်။ ပညာရှိမယ်က လည်း ကိုင်း...မောင်လိုရာ သွားတော့လို့ဆိုတော့ သည်မောင်လည်း ထွက်သွားပါတယ်"

"ဒါ အံ့သြစရာလား မမဘုရား"

"အံ့သြစရာပေါ့၊ ဘယ်လိုဘာသဘောဆိုတာကို သိပါရစေ"

"ဩော်...သည်လိုလား"

"ဟုတ်ပါတယ်"

"သည်သူဟာ ညအချိန်မှာ သူခိုးတောနောင်၊ နေ့အချိန်မှာ ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကလေး မောင်မြတ်စိုတဲ့"

"ဟာ...ဆန်းပါဘိ။ ဒါကြောင့် အားလုံးကပဲ တောင်မသိ မြောက်မသိနှင့် အုံ့ဩနေကြတာပဲ"

"သည်လိုပါ"

"မိန့်ပါ"

"သူဌေး ဦးအောင်ခနှင့် ဦးအောင်မြတို့ ထီးဖြူရုံမှာ လူကြီးလူကောင်း ပေါင်းသင်းဆက်ဆံရေးသဘောနှင့် အန်ကစားကြတော့ ဦးအောင်မြကချည်း နိုင်တာပေါ့။ သည်တော့ ဦးအောင်မြက လက်ပမ်းပေါက်ခတ်ပြီး ငအောင်မြလိုလူကို ဘယ်လိုလူ အန်ခတ်လို့ နိုင်မှာလဲလို့ ကြုံးဝါးသတဲ့"

"ဩော်...လူကြီးလူကောင်းများ"

"ဒါကို ဦးအောင်မြက ကြုံးဝါးတော့ ဦးအောင်ခက ကိုရင့်ကိုယ်ကိုရင်ဒါလောက် အထင်ကြီးရင် ကိုရင်နှင့် ကျုပ်လောင်းတန်း ကစားမယ်၊ စာချုပ်ရမယ်။ ရှုံးသူက စည်းစိမ်ဥစ္စာ သားမယားကိုစွန့်ပြီး ရသေ့ရဟန်းလုပ်ကာ တောထွက်သွားရမယ်ဆိုတော့ ဦးအောင်မြကလည်း သဘောတူသတဲ့"

"ဒါနှင့် နောက်တစ်နေ့မှာ သေဖူးလွှာတွင် အသေအချာ စာချုပ်ကို ရက်ချိန်းနှင့်တကွရေးပြီး ရွှေပြည်တော် ဝန်မင်းထံ အပ်ထားကြတာပေါ့။ သည်စာချုပ် ပျောက်သွားရင် ရွှေပြည်ဝန်က အသပြာ တစ်သောင်းလျော်ရမတဲ့"

"ဩော်...သည်လိုကိုး"

"ဟုတ်ပါတယ်၊ အဲသည်နေ့ စာချုပ်၊ စာချုပ်ကို ရွှေပြည်ဝန်မင်းထံမှာ အပ်ထား၊ ညကျတော့ သူခိုး ခိုးပါရော ဘုရား။ စာချုပ်ပါသွားပြီး ကြားထဲက ရွှေပြည်ဝန်အခက်တွေ့နေတာပေါ့"



"ခက်တယ်"

"သည်လိုကြောင့် ရွှေပြည်ဝန်က မြဲတိုက်ဝန်ထံ နားပွင့်ပေါ့ ဘုရား။ မြဲတိုက်ဝန်ကလည်း မြဲများကို အနံ့လိုက်ရှာစေတာပဲတဲ့၊ ဘယ်မှာမှ အစအန ရှာမတွေ့ဘူးပေါ့"

"ခက်ပါဘိ"

"သည်တော့ မြမှူး ညဏ်ကျယ်က ရောက်လာပြီး အကြောင်းကို လျှောက်တင်ပါတယ်၊ ကျွန်ရုပ်မကလည်း ညဏ်ကျယ်အား သက်သေ ဘယ်သူလဲလို့မေးတော့ ဆိတ်သူဌေး ဦးမြတ်စိုလို့ပြောပါတယ်။ သည်တော့ ကျွန်ရုပ်မအတပ်သိပြီ၊ ဒါပေ သူ့အား သာမန်ဖမ်းဖို့ မလွယ်တော့ ကျွန်ရုပ်မကိုယ်တိုင်ပဲ ဈေးတန်းကစောင့်ပြီး သူ့ကို ဖမ်းရပါတယ်။ သူတို့ဟာ ကျွန်ရုပ်မကို အမေအမေ၊ မမ မမနှင့် အင်မတန် ချစ်ကြပါတယ်။ အားလည်းကိုးကြပါတယ်၊ ကျွန်ရုပ်မရဲ့ထံမှာ ဘယ်တော့မှ လိမ်မပြောဘူး"

"ဩော်...သည်လိုကိုး၊ သည်အမှု"

"လူဆန်း သုံးဦးကို ပင့်ပြီး သဘောကိုပြောပြလို့ အကြောင်းအေးသွားပါတယ်"

"မမကတော့ သိပ်ကို အံ့ဩနေတာပဲ"

"မမဘုရား သည်ကိုကြွလာတော့"

"ဟုတ်တယ်၊ မောင်တော် အိမ်ရှေ့မင်းအား နေပြည်တော်တို့ အပ်ထားခဲ့ပါတယ်"

"သူက အပိုင်သိမ်းရင်"

"အို...အပိုင်သိမ်းပါစေလို့ကို ဆုတောင်းနေပါတယ်"

"ကျွန်ရုပ်မသိပြီ"

"မိန့်တော်မူစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



“မမဘုရား ဇရပ်မှာတည်းတာ မတော်ပါ၊ ကျွန်ရုပ်မထံမှာ တည်းတော်မူပါ။ ပစ္စည်းတောက်တိုမယ်စများကို ပြန်ယူတော်မူပါ။ ညကျတော့ နှလုံးရှင်ဆေးပေါ့လေ၊ ပြောပြရတာပေါ့”

“ကောင်းပါပြီ”

× × ×

ညဉ့်အချိန်၌ သုနန္ဒာဘုရင်မနှင့် ကျွန်ရုပ်မသည် ဤသို့ပြောဆိုနေကြလေ၏။

“မမဘုရားသည် ဘုရင်မအဖြစ်သို့ လုံးလုံးအလိုမရှိပါ၊ အများကတင်မြှောက်တာကြောင့် မလွဲသာလို့ လက်ခံရပါတယ်။ ဘာကြောင့်ဆိုတော့ ကြင်ဖက်တော်နှင့် အတည်မပျော်ရလို့”

“မှန်တယ်…မှန်တယ်…မှန်တယ်”

“ထားတာပေါ့၊ ဘာဖြစ်သလဲ၊ မျိုးမတ်များက သဘောမတူလို့လား”

“အို . . .မျိုးမတ်များက သဘောတူပါတယ်။ ဒါပေ့ ယောကျ်ားဆိုတာ အခက်သားကပဲ၊ သဘာဝကိုက ယောကျ်ားဟာ မိန်းမရဲ့အပေါ်က”

“မှန်ပါတယ်”

“သည်တော့ ဘုရင်မရဲ့ကြင်ဖက်ကို ဘုရင်မဟာ သူကြင်ရာတော်ဆိုပြီး ဩဇာပေးချင်မယ်၊ နေရာတကာမှာ ဝင်စွက်မယ်။ အဲသည်တော့ မမနှစ်သက်တဲ့ ကာမမေထုန်ဟာ တိုင်းပြည်နိုင်ငံကို ဖနောင့် စာကျွေးရာ ရောက်မနေပေဘူးလား။ မိန်းမသဘာဝကလည်း အခက်သား၊ ဘာမဆို ကိုယ့်လင်ကချစ်အောင် ပြုံးစိစိကလေးနှင့်တိုင်ပင်ချင်သေးတာပဲ။ မျက်နှာလို အားရ။ အဲသည် ကြင်ဖက်တော်ရှိရင် မိန်းမသည်



အကြီးအကဲအကြီးအမှူးမလုပ်သင့်၊ အကြီးအမှူး အကြီးအကဲလုပ်ရင် ကြင်ဖက်တော် မထားသင့်လို့ ထင်ပါတယ်”

“ဘုရား ကျွန်မလည်း သဘောတူပါတယ်”

“ဒါပေမဲ့နော် ကာမမေထုန်ဆိုတာ ခက်တယ်၊ မိန်းမများဟာ ယောကျ်ားထက်ကို လွန်ကဲတယ်ထင်တာပဲ”

“ထင်ထိုက်ပါတယ်၊ မကန့်ကွက်ပါ”

“ဒါကြောင့် ကိုယ်ချစ်တဲ့သူကို မျက်မှန်းတန်းမိရင် တိတ်တိတ်အပါးတော်ခေါ် အပျော်ကြူး၊ ပြန်လွှတ်၊ ထည့်လဲပေါ့လေ။ အတည်ဆိုတော့ ရောင့်တက်မှာစိုးလို့ ဘယ်သူ့ကိုမှ အတည်မထားဝံ့”

“ဒါဖြင့် ဘာဖြစ်တာလဲ မမ ဘုရားရယ်”

“သည်အကျင့်ဟာ အင်မတန်ယုတ်မာတယ်လို့ ထင်ပါတယ်။ သည်အကျင့်ဟာ ယုတ်မာခဲ့ရင် သည်အကျင့်ကို ဘယ်လိုပျောက်ရမယ်ဆိုတာ သိချင်လို့ပါ၊ ဘယ်ဆေး ဘယ်ဝါးကို မှီဝဲရမယ်ဆိုတာ သိလိုလို့ပါ”

“မမဘုရားကလည်း ပွဲတော်စာသုံးဆောင်တော့ ဟင်းတစ်ခွက်တည်းလား”

“လုပ်တော့မယ်လေ ညီမတော်ကလေးက”

“ရသာ ကာမဂုဏ်ချည်းဟာပဲ”

“ဒါဖြင့် အပြစ်မရှိဘူးပေါ့”

“မမဘုရားကလည်း အပြစ်ဆိုတာ ဘယ်မှာကင်းမှာလဲ၊ အပြစ်ရှိတာပေါ့”

“မိန့်တော်မူစမ်းပါဦး”

“ပွဲတော်စာ သုံးဆောင်တော့ ဟင်းချိုဟင်းက ချိုလို့၊ အတို့နှင့်ရေတတ်သီးချက်က လိုက်လွန်းလို့၊ ဒရယ်သားက နူးညံ့ပြီးချိုလို့ဆိုကာ

www.burmeseclassic.com

www.burmeseclassic.com



ရသာကာမဂုဏ်ကိုတပ်မက်ပြီး ပွဲတော်စာသုံးဆောင်ရင် အပြစ်။ အဝတ် ဝတ်တာလည်း သည်အဝတ်ဟာ ငါနှင့် လိုက်တယ်၊ လှတယ်၊ နုးညံ့ တယ်ဆိုတဲ့သဘောနှင့် ဝတ်ရင်အပြစ်။ လင်မယားရယ်လို့ အိမ်ထောင် ပြုရာမှာလည်း ကာမမေထုန်ဆိုတဲ့အရသာကိုလိုလို့ အိမ်ထောင်ပြုရင် အပြစ်။ အဲသည်လို ကာမဘုံသားတို့ အလိုရှိနေတဲ့ ကာမဂုဏ်အပြစ် တွေကြောင့် မကျွတ်နိုင်ဘဲ သံသရာရေယာဉ်ကျောမှာ တဝဲလည်လည် နှင့် မှောက်ချည်ပြန်ချည်နှင့် မျောနေရတာပေါ့"

"ခက်ပြီ ဒါဖြင့်"

"မခက်ပါ မမဘုရား"

"ဆိုပါ"

"ဘာကြောင့် အစားအစာကို စားရသလဲ၊ ခန္ဓာမြင့်ရှည်ပြီး လောက အကျိုးကို ဆောင်နိုင်အောင်။ ပျက်စီးယိုယွင်းနေတဲ့ ခန္ဓာကိုယ်အတွက် သင့်လျော်သော ဆေးကို စားရတယ်လို့ ဆေးအမှတ်နှင့် အစားအစာ ကိုစားရပါတယ်"

"ဟုတ်ပြီ"

"အဝတ်ဝတ်တော့လည်း အိမ်စိုးမ၊ ကိုယ်လုပ်တော် စသည်တို့က ပေးတဲ့၊ ဆင်တဲ့ အဝတ်ကို အရှက်အကြောက်လုံအောင် ဝတ်ရတာပါ ကလားလို့ ဝတ်ရပါမယ်။ ဂုဏ်ကြီးမြင့်အောင်၊ တင့်တယ်အောင်၊ လှပ အောင် မဝတ်ရပါ။ ဝတ်သော် ကာမမေထုန်ရဲ့ အခိုင်းခံမေထုန်ကျွန်တဲ့"

"ဟုတ်ပြီ"

"အိမ်ထောင်ပြုတော့ လောကသည် လူတို့အားဖြင့် တင့်တယ်ရ ၏၊ ခပ်သိမ်းသော သတ္တဝါတို့သည် လူ့ဘဝကို ရရန် အိမ်ထောင်သူများ ထံချဉ်းကပ်ရ၏။ သားသမီးကိုလိုသောကြောင့် ကာမမေထုန်မှု၌ ပြု ကြရမည်။ အိမ်ထောင်ပြုခြင်းကြောင့် မလွှဲသာသဖြင့် သားသမီးရခြင်း၊



ကာမမေထုန်မှု၌ ပျော်ပါးသဖြင့် မရှောင်သာသောကြောင့် သားသမီး ခြင်းရတို့သည် ယုတ်သည်။ ယုတ်သောကြောင့်အပြစ်ရှိသည်။ သားသမီး လိုသောကြောင့် အိမ်ထောင်မှုကို ပညာရှိတို့သည် မကဲ့ရဲ့ကြကုန်"

"သြော်...လောကမှာ လူ့အဖြစ်နှင့်လူလုပ်ဖို့ရန် မလွယ်ကူပါလား၊ သာမန် ဗရုတ်သုတ်ခနှင့် လောကကို တန်ဆာဆင်နေကြတာပါလား"

"ကျွန်ရုပ်မ ဒဏ္ဍာရီတစ်ခုကိုဆောင်ပါမည်"

"ဆိုပါ"

"ဗာဝေရုပြည်က အိမ်ရှေ့မင်းသည် နယ်ပုံတော်များကို သတ်မှတ် ကာ ရေးရန် တစ်ခုသောတောသို့ သွားရောက်ပြီးလျှင် မိမိ၏အဖွဲ့နှင့် ရေမိုးသင့်ရာနေရာတွင် စခန်းချရပ်နေလေတော့သည်"

"အင်း"

"ထိုအခါ၌ သာယာငြိမ့်ညောင်းသော တီးသံ၊ မှုတ်သံ၊ သီချင်းသံ တို့ကို ကြားရသဖြင့် အိမ်ရှေ့မင်းသား နာဂဒတ္တသည် နားထောင်ကာ နေလေတော့သည်။ ထိုအသံမှာ သာယာသည်ထက် သာယာကာ လေလှိုင်းထဲတွင် လိုမ့်လာသဖြင့် နာဂဒတ္တသည် နောက်ပါလက်စွဲ တော်နှစ်ယောက်နှင့် သင့်လျော်သောနေရာက ချောင်းပြီးလျှင် ကြည့် နေရာ တစ်ခုသောအကာမဲ့ရိပ်သာကဲ့သို့သော ကနားဖျင်းတစ်ခု အောက်တွင် အဝတ်မဲ့သောမိန်းမ ယောကျ်ားတစ်စုတို့သည် ကခုန်ကာ နေကြလေသည်။ ထိုသို့နေကြပြီးနောက် တစ်ဦးနှင့်တစ်ဦး ကာမမေထုန် မှုဖြင့် ထင်သလို သဘောကျပျော်ပါးနေသည်ကို တွေ့မြင်ရလေသည်"

"နာဂဒတ္တသည်ကား ထိုအပြုအမူကို အလွန်စက်ဆုပ်၏။ ၎င်းတို့ ကိုတားမြစ်ရန် မမှုသတ်၊ ရာဇသတ်တို့ကို တွေးဆစဉ်းစားသော်လည်း မရဖြစ်နေ၏။ ထို့ကြောင့် နာဂဒတ္တသည် မိမိ၏တဲစခန်းတော်သို့ ပြန်ပြီးသော် လက်စွဲတော်နှစ်ယောက်အား ထိုသူတို့ကို မိမိ၏အထံ

www.burmeseclassic.com

www.burmeseclassic.com



တော်သို့ ခေါ်ဆောင်ခဲ့စေလေ၏"

လက်စွဲတော် နှစ်ယောက်လည်း ထိုသူတို့ ဆယ်ယောက် ဖို၊ မတို့ကို မင်းသားနာဂဒတ္တထံသို့ သွားရောက်ကာ ခေါ်ယူလာခဲ့၍ ရောက်လတ်သည်ရှိသော် နာဂဒတ္တသည် ဤသို့မိန့်တော်မူလေ၏။

"ဟယ်...လူများ၊ အသင်တို့သည် ဤတောကြီးထဲသို့ လာရောက်၍ အဘယ်ကြောင့် ယုတ်မာညစ်ညမ်း သော့သွမ်းသောအမှုကို ပြုကြသလဲ။ အသင်တို့သည် အဘယ်ကဲ့သို့သောသူများလဲ၊ သင်တို့၏ အပြုအမူသည် အလွန်စက်ဆုပ်ပါတကား"

"ထိုအခါ ပြောရေးဆိုခွင့်၌ လည်ပတ်သော လုလုမိန်းမတစ်ယောက်က ဤသို့ အိမ်ရှေ့မင်းထံ လျှောက်တင်လေတော့သည်။ "အရှင်အိမ်ရှေ့ကိုယ်တော်ဘုရား၊ ကိုယ်တော်သည် အသို့လျှင်မဖွယ်သော စကားကို မိန့်တော်မူပါသနည်း။ လူ့ဘုံသည် လူတို့၏ပျော်စံရာတည်း၊ နတ်တို့သည် ဘဝက ကုသိုလ်ကောင်းမှုအလျောက် ပျော်စံဖွယ်ရာ နတ်ဘုံဖြစ်ရပေသည်။ ထို့အတူ ကောင်းမှုကုသိုလ်ရှင်တို့ ပျော်စံရန် လူ့ဘုံဖြစ်လာရချေသည်။ လူ့ဘုံ၌ ကုသိုလ်အလျောက် မပျော်စံသော သူသည် မိမိ၏ပြိတ္တာဘဝကို ဖန်တီးရာရောက်ပါသည်။ ကျေးတော်မျိုးမတို့သည်ကား သဖန်းကိုင်းရွာမှ ဘဝက အကျိုးပေးတင့်မြင့် ကာဖြစ်လာရသော သူဌေးသား သူဌေးသမီး၊ သူကြွယ်သား သူကြွယ်သမီးတို့ပါတည်း။ ဤနေရာ ဤစခန်း၌ တောခန်းသာသို့ ပျော်ပွဲစားထွက်လာကြပြီးသော် ပျော်ပါးကြပါသည်"

"လူတို့မည်သည် ဤကဲ့သို့ပျော်ပါးသည်သာလျှင်ပါတည်း။ ထိုသို့ပျော်ပါးမှုဖြင့် လောကကို လူအဖြစ်နှင့် တန်ဆာဆင်ပါသတည်း။ ထိုတန်ဆာသည် ထင်ရှားနေပါသတည်း။ အိမ်ရှေ့ကိုယ်တော်ဘုရား ဝင့်ခံရသော သူမှတစ်ပါး အဘယ်မည်သော လူသည် ဤရသာကာမ



ဂုဏ်စည်းစိမ်ကို ငြင်းပယ်ပါအံ့နည်း။ တိတ်တိတ်ပုန်း လျှို့ဝှက်ကာ ပျော်ပါးခြင်းနှင့်ထင်ရှားစွာပျော်ပါးခြင်းသာလျှင်ကတည်း။ ကျေးတော်မျိုးမတို့ကား ထင်ရှားစွာ ပွင့်ပွင့်လင်းလင်းပျော်ပါးခြင်းမျှသာပါတကား၊ အသို့လျှင် ယုတ်မာညစ်ညမ်းသော့သွမ်းသော အမှုကိုပြုရာရောက်ပါဘိသနည်း။ ကျေးတော်မျိုးမတို့၏ အပြုအမူသည် စက်ဆုပ်ဖွယ်ရာ မဟုတ်ပါတကား၊ နှစ်သက်ဖွယ်ရာမျှသာပါလျှင်တကား"

ထိုအခါ အိမ်ရှေ့မင်းသား နာဂဒတ္တကား "အသင်တို့ပြန်တော့" ဟု အခွင့်ပြုလိုက်လေတော့ပြီ။

"ဟုတ်ကဲ့"

နာဂဒတ္တသည် နေပြည်တော်သို့ ပြန်ရောက်ကာလ နောင်တော်ဘုရင်မင်းမြတ် သောမဒတ္တအား ဤသို့လျှောက်တင်လေတော့ပြီ။

"ကိုကိုဘုရား၊ ညီတော်သည် တောကြီးအတွင်း၌ ပျော်ပွဲစားထွက်ကြပြီးသော် အဝတ်မပါဘဲ ကာမမေထုန်မှုနှင့်ပျော်ပါးနေသော သူဌေးသား သူဌေးသမီး၊ သူကြွယ်သား သူကြွယ်သမီးတို့ကို တွေ့ခဲ့ရပါ သည်၊ ကိုယ်တိုင်မျက်မြင်ဖြစ်ပါသည်။ ထိုသူတို့သည် သဖန်းကိုင်းရွာ မှ ကျေးရွာသူ၊ ကျေးရွာသားများဖြစ်ကြပါသည်။ ကျေးရွာသားများပင်ဖြစ်တုံလျက် ဤကဲ့သို့ ပျော်ပါးသည်ကိုထောက်သော် နန်းတွင်းသူ နန်းတွင်းသားများ၊ မိဖုရား မောင်းမမိဿံ အမှုထမ်းများ၊ သူဌေးသား သူဌေးသမီးများ သူကြွယ်သား သူကြွယ်သမီးများ၊ မှူးသား မတ်သား ဝန်ကြီးသားသမီးတို့သည် ထိုသို့ပျော်ပါးကာ နေကြတန်ရာပါသည်"

"ကိုကိုဘုရား၏ဓားတော်ကို ကြောက်လန့်၍သာ တိတ်တိတ်ပုန်း ပျော်မြူးနေကြသဖြင့် ထင်ရှားစွာ မသိရပါ။ ၎င်းတို့ကိုသနားစရာဖြစ်ပါသည်။ ထင်ရှားစွာပျော်မြူးလော့ဟု အမိန့်တော်သက်မှတ် ခြင်းသည် ၎င်းတို့ ရသင့်ရထိုက်သော လွတ်လပ်ခွင့်ကိုပေးရာ ရောက် ပါသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုအမိန့်တော်ကို ထုတ်ဆင့်သင့်ပါသည်ဘုရား"

ထိုအခါ နောင်တော်ဘုရင်မင်းမြတ်ဖြစ်သော သောမဒတ္တက ဤသို့မိန့်တော်မူလေသည်။

"ညီညီ၊ ညီညီသည် တောခွဲတွေ့ခဲ့သည်ကားမှန်ပါသည်။ နတ်ဘုံသည် နတ်၏ကာမချမ်းသာကို စံစားစရာဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကြောင့် နတ်သည် ကာမစည်းစိမ်နှင့်မွေ့လျော်နေ၍ ကောင်းမှုကို မေ့လျော့နေပြီးသော် နတ်သက်ကြေရချေသော် မြတ်သောလူ့ဘဝတွင် ရှိနိုင်ခဲသဖြင့် ပြိတ္တာဘုံနှင့်တိရစ္ဆာန်ဘုံသည် ၎င်းတို့၏ဖြစ်တန်းအတွက် တည်နေလေတော့ပြီ။ လူမှာ ထိုသို့ကာမချမ်းသာနှင့်သာ မွေ့လျော်နေချေသော် ငရဲဘုံသည် လူတို့အတွက်ထားရာ ဖြစ်ပေလိမ့်မည်။ ထိုသို့ ကာမချမ်းသာကို လိုက်စားမွေ့လျော်ပျော်ပါးကာ ကောင်းမှုအကျင့်ကို မေ့လျော့နေသူတို့သည် နောင်တမလွန်ကိုထား၊ ၎င်းတို့သည် ပစ္စက္ခမှာပင် သေးအမျိုးမျိုး၊ ရောဂါအမျိုးမျိုးနှင့် ကြုံကြိုက်လာရပေသည်။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ခြင်းကို ထုံးဖွဲ့ဖန်တီးရာ ရောက်ချေသည်။ သာခေကကို တိရစ္ဆာန်များ၌ရှု..."

"ညီညီတွေ့ခဲ့သော သူဌေးသား သူဌေးသမီး၊ သူကြွယ်သား သူကြွယ်သမီးတို့သည် ငါတို့ကား ကောင်းမှုရှင်တည်း၊ မြင့်မြတ်သောဘဝ၌ ရသူတည်းဟု မည်သည့်ပင်ပန်းသော အလုပ်ကိုမျှ ချွေးထွက်ခံ၍မလုပ်၊ စာပေကျမ်းဂန်တို့ကို မလေ့လာမလိုက်စား။ ကောင်းစွာဝတ်စားဆင်ယင်မှုတို့၌ ထုံ၍ ပျော်ပွဲသဘင်တို့၌ လူးလဲကာ မိန်းနေသူများ ဖြစ်တန်ချေရာသည်။ ထိုသူတို့သည် ၎င်းတို့၏အကျင့်အားဖြင့် ကာမမေထုန်မှုကို လက်ယပ်ခေါ်နေရာရောက်ချေသည်"

"ကိုကိုတို့၏ နေပြည်တော်၌ကား ညီညီ၊ မိဖုရားများ၊ ဝန်ကတော်များ၊ သူဌေးသမီးများမှစ၍ ချွေးကို ဂုဏ်ပြုပြီးလျှင် အလုပ်ကို ဂုဏ်



တင်နေကြသည်။ ညီညီ၏ မရီးတော်ဘုရား ခေါင်ဘုရားကြီးသည် အပ်ချုပ်သည်မကာလေးနှင့်ပင် အပ်ချုပ်ပြိုင်နေသည်။ မြောက်နန်း မိဖုရား၊ အနောက်နန်းမိဖုရားတို့သည် ယာသူမကလေးများနှင့် ဘူးသီးအသီး ပြိုင်ကာ စိုက်နေကြသည်။ နန်းတွင်းသူ နန်းတွင်းသားများ၊ ရွှေမြို့တော်သူ ရွှေမြို့တော်သားများ၊ ပြည်သူပြည်သားများတို့သည် မိမိတို့လေ့ကျင့်သောစာပေကျမ်းဂန်များ၊ နီတိစာပေများ၊ လူ့အဘိဓာန်စာပေများ၊ ဗေဒင်ပညာ၊ ဆေးပညာများ စသည်တို့ကို အဖိတ်နေ့များတိုင်း ကိုယ့်အဖွဲ့နှင့်အဖွဲ့၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လဲလှယ်နေကြသည်။ ဥပုသ်နေ့တိုင်း သူ့ထက်ငါ ဥပုသ်သုံးကြသည်။ ဘုရားသည် မိမိအပေါ်၊ တရားသည် မိမိအပေါ်၊ ရဟန္တာသည် မိမိအပေါ်၌သာတည်၍ မိမိစိတ်သာလျှင်ဖြစ်၍ ရသေ့ရဟန်းများကို သူ့ထက်ငါ လှူကြသည်။ သူတောင်းစားများ၊ သူဖုန်းစားများ၊ အထီးကျန်သူများအား သူ့ထက်ငါ စွန့်ကြဲပေးကမ်းကြသည်"

"ထိုသို့သော ကိုကိုတို့၏ ရွှေပြည်တော်သူနှင့် ရွှေပြည်တော်သားတို့၌ ကိလေသာ ကာမဂုဏ်နှင့် ပတ်သက်သည့် အပျော်လုပ်ငန်းတို့သည် မလွှမ်းနိုင်သောကြောင့် ကာမမေထုန်မှုဖြင့် အသို့လျှင် ဂုဏ်တက်မှုဟုပြုကာ ပျော်ရွှင်ကြပါအံ့နည်း။ ၎င်းတို့လည်း သတိပြုသင့်သည် ညီတော်" ဟု ဘုရင်မင်းမြတ် သောမဒတ္တသည် မိန့်တော်မူလေသတည်း။

"ညီမတော်၊ သုန္ဒာလင်းပြီ ညီမတော်ရယ်။ သုန္ဒာတိုင်းပြည်ကြီးသို့ လိုက်ပါတော်မူပါ။ သုန္ဒာ၏ ဗိသနိုးပြည်ကြီးသည် အလွန်စည်ပင်သာယာလှပါသည်။ ပျော်မွေ့စရာကောင်းပါသည်"

ကျွန်ရုပ်မသည် ပြုံး၍ "သည်းခံတော်မူပါ မောင်ဘုရား" ဟု ဆိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် ရုပ်ဖျောက်ပြုကာ ကိုယ်တိုင်အစုံအစမ်းလာသော ဝိသနိုးပြည့်ရှင်ဘုရင်မသည် ကျွန်ရုပ်မ၏စကားတို့ကို အလွန်သဘောကျသောကြောင့် များစွာ အဖိုးထိုက်တန်သော လက်ဆောင်များကိုပြုပြီးသော် မိမိ၏တိုင်းပြည်ကို ရုပ်ဖျောက်ပြုကာ ပြန်လေတော့ပြီ။

"ထိုသို့နှင့် နှစ်ပရိစ္ဆေဒ အနည်းငယ်ကြာသောအခါ ကျွန်ရုပ်မသည် ဘုရင်မင်းမြတ်၏အမိန့်တော်အရ စုံညီတက်ရောက်သည့် တစ်နေ့သော ညညီလာခံတွင် ဤသို့ မိန့်ခွန်းပြုရလေ၏။

"သဘာ ဤနေ့အဖို့ကား လူတို့၏ဘဝတာတွင် အလွန့်အလွန် အရေးကြီးသော စကားကိုဆိုရပါမည်"

"နေမျိုးတို့၌ အရွယ်ကြီးသော စည်းစိမ်ကို စွန့်၍ ရသေ့ရဟန်းပြုသော ထုံးတမ်းစဉ်လာရှိခဲ့လေသည်။ ထိုထုံးတမ်းစဉ်လာသည် မမှန်မြတ်သလော၊ အလွန်မှန်မြတ်၏။ လိုက်နာကျင့်သုံးအပ်၏။ သို့လင့်ကစား နေမျိုးတို့၏ သဘောစဉ်လာအရ ထိုကဲ့သို့ မှန်မြတ်သော သဘောမရှိသလော၊ ရှိပါ၏။ ထိုသဘောကို တင်ပြပါမည်။ ထိုသဘောကို မဆောက်တည်နိုင်၍ တောထွက်ခြင်းအလေ့ရှိရလေသည်။

"ပမာဆိုသော် ဝက်သနီချက်ဟင်းကို တွေ့သော် မစားဘဲ မနေနိုင်၍ ထိုဟင်းကိုရှောင်ဖယ်သကဲ့သို့ ဖြစ်ချေသည်"

"ယခု ပြောရအံ့သော သဘော၌ကား မွေးဖွားရသော သူ ဟူသရွေ့သည် အိုရမည်။ အိုသောသူ ဟူသရွေ့သည် နာရမည်။ နာသောသူ ဟူသရွေ့သည် သေရမည်။ ထို့ကြောင့် သေခြင်းကောင်းရန် အကျင့်၊ တစ်နည်းတုံ့ အထောက်အခံ လိုချေသည်"

"ထိုသဘော၌ နာသောသူ ဟူသည်ကား လူ့ဘဝတာတွင် ဖျားခြင်း၊ ဝမ်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားနာခြင်း စသောရောဂါမျိုးကဲ့သို့မဟုတ်။ သေဖို့ရန် နာရခြင်း ဖြစ်သည်။ ထိုအနာကို ခုခံနိုင်ဖို့ရန် လို ချေသည်။ ကျန်းမာအောင် မည်ကဲ့သို့ နေထိုင်သည်ဖြစ်စေ၊ မည်ကဲ့သို့ ဆေးကိုစားသည်ဖြစ်စေ ထိုအနာကို မခုခံနိုင်ချေ။ ထိုအနာကြောင့် မကောင်းမှုကံများသော သူများမှာ ဘဝကူး မဖြောင့်နိုင်ဘဲ ဆင်းရဲတွေ့ရခြင်းလည်း များပေသည်"



"ထိုအနာကိုခုခံနိုင်၍ သက်သာနိုင်ရန်ကား လူ့ဘဝတာတွင် ကောင်းသောအကျင့်ကို ကျင့်ရာသည်။ ထိုအကျင့်သည်သာလျှင် ထိုအနာကို သက်သာအောင်၊ ကောင်းအောင် ပြုပြင်ပေးသော ဆေးဖြစ်လေသည်။ ထို့ထက်ကောင်းသော ဆေးသည်ကား မြတ်စွာဘုရားကို ထိပ်ထက်၌ အာရုံပြု၍ဖြစ်စေ၊ တစ်ခုခုသော ကသိုဏ်းကို ရှုခြင်းဖြင့်ဖြစ်စေ၊ ထွက်သက်ဝင်သက်ကို အာရုံပြု၍ ဖြစ်စေ၊ စွဲမြဲတည်တံ့နိုင်စေရန် နေ့စဉ်မှန်မှန် လေ့ကျင့်ရပေမည်။ ထိုသို့ လေ့ကျင့်၍ အလိုရှိသောအခါ ထိုအာရုံကို ရရှိစွဲမြဲနိုင်ခဲ့ပါလျှင် ရောဂါဝေဒနာ ကပ်ရောက်လာလျှင် ထိုအာရုံကို စွဲမြဲခြင်းဖြင့် ထိုရောဂါဝေဒနာကို ကာကွယ်နိုင်လေသည်။ ထိုသို့သော ဘုရားဂုဏ်တော်စသည့် တစ်ခုခုသော ကမ္မဋ္ဌာန်းကို ဖြစ်စေ၊ ထွက်သက်ဝင်သက် ရှုခြင်းကို ဖြစ်စေ၊ ကသိုဏ်း တစ်ခုခုကို ရှုခြင်းဖြစ်စေ အလိုရှိသောအခါ ရရှိစွဲမြဲအောင် ကျင့်သုံး နိုင်ခြင်းသည် လူတို့၌ အစာအာဟာရကောင်းဖြစ်၍ ဆေးလည်းဖြစ်ချေသည်။ ဤဆေးသည် ဆေးအစစ်ဖြစ်သဖြင့် ရသေ့ပရိဗိုဇ်တို့ သုံးသောဆေးဖြစ်ပါသည်"

"ထိုဆေးဖြင့် အိုခြင်းကြောင့် ဖြစ်ပေါ်လာသော နာခြင်းဘေးသည် မနှိပ်စက်နိုင်ဘဲ ကောင်းသောသေခြင်းနှင့်သေရအောင် ကုစားနိုင်ချေသည်"

"ထိုမှတစ်ပါး ဆေးထူးဆေးမြတ်ကား သူတစ်ပါး၏အပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သော စိတ်ကိုထားခြင်း၊ သနားကြင်နာခြင်း၊ တရားသဖြင့် သူတစ်ပါးကောင်းစားသည်ကို ဝမ်းသာခြင်း၊ မိမိ၏အကျိုးငှာ မဟုတ်ဘဲ သူတစ်ပါး၏အကျိုးကျေးဇူးကောင်းကို ဆောင်ရွက်ခြင်းတည်းဟူသော မြတ်သောအကျင့် လေးပါးဖြစ်ချေသည်။ ထိုဆေးထူးဆေးမြတ်သည် ဘဝက မကောင်းမှုကြောင့် တွေ့ရမည့် ဝဋ်ကိုပင် နောက်ဆုံးဘဝမဟုတ်ချေသော် ဟန့်တားထားနိုင်၍ အနာရောဂါကင်းရှင်းခြင်းကို ဖြစ်စေတတ်ပါသည်။ အို၍ နာသောအခါ၌ကား ထိုဆေးကို သုံးစွဲနေသော သူအား ထိုအနာသည် မတုန်မလှုပ်စေနိုင်ဘဲ အေးအေးသက်သာ ဖြူးဖြူးဖြောင့်ဖြောင့်နှင့် ဘဝကူးရခြင်းကြောင့် တန်ခိုးကြီးသော ဘဝ၌ ဖြစ်ရတတ်ပါသည်။

ထိုသို့လျှင် မြတ်သောသဘောလေးပါးကို မဆောက်တည်မကျင့်သုံးနိုင်သောသူတို့၌ကား မိမိ၏တစ်စုံတစ်ခုသော အကျိုးကိုမမျှော်ကိုးဘဲ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ကောင်းသော ကျင့်ဝတ်ရှိခြင်း၊ ကောင်းမှုကို အထပ်ထပ်ပွားခြင်း၊ ကောင်းသော ကျင့်ဝတ်ရှိခြင်း၊ သူတစ်ပါး၏ ကောင်းသောအမှုကို ကူညီဆောင်ရွက်ခြင်း၊ မိမိပြုသော ကောင်းမှုအား သူတစ်ပါးအားအမျှဝေခြင်း၊ သူတစ်ပါး၏ကောင်းမှုကို ဝမ်းသာခြင်း၊ တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ ဖြောင့်မတ်သော အယူကိုယူခြင်း စသည့်ကောင်းမှုကို ပွားများအားထုတ်ခြင်းသည် လည်း ရောဂါဝေဒနာ ကပ်ဆိုးတို့၏နှိပ်စက်ခြင်းကို သက်သာနိုင်စေတတ်သည့်ပြင် အို၍ နာသောအခါ သက်သာစေလျက် ကောင်းသောအာရုံကို စွဲမြဲနေနိုင်ခြင်းဖြင့် ဘဝကူးခြင်းကို မြင့်မြတ်နိုင်ပေသတတ်တည်း။

ထို့နောက် လအနည်းငယ် ကြာသောအခါ ကျွန်ရုပ်မသည် ဘုရင်မင်းမြတ်ထံသို့ ဝင်၍ ခစားလေ၏။ ဘုရင်မင်းမြတ်လည်း "သမီးတော် ငါလည်း ဇေဒင်ကောင်းစွာတတ်၏။ ငါ့မှာလည်း ဆေးကောင်းရှိ၏။



ငါ့သည် ပရိုဂိုခ်များ၊ ရသေ့များကဲ့သို့ ရှည်သော အသက်ကို မလို။ ရှည်သော အသက်သည် သံသရာလှိုင်းတံပိုး၏ ကစားခြင်းကို ခံရခြင်းများတတ်သည်။ ငါ၏ ဖြူစင်သော စိတ်သည် မတိမ်းယိမ်း၊ ထိုမတိမ်းယိမ်းမှုဖြင့် နာခြင်းသည် ငါ့ကို မနှိပ်စက်နိုင်တကား"

ကျွန်ရုပ်မသည် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးကို ကန်တော့၍ ပြန်လေ၏။

နောက်တစ်နေ့နံနက် စောစောကြီးသော် ကျွန်ရုပ်မသည် နန်းတော်ကြီးသို့အမှုထမ်းများနှင့် ဝင်ရောက်လေရာ မိဖုရားခေါင်ကြီး သည် ဘုရင်မင်းမြတ်၏အလောင်းတော်ကို မိဖုရားငယ်များနှင့် ပြင်၍ ကောင်းစွာထားနှင့်သည်ကို တွေ့ရလေ၏။

မိဖုရားငယ်များနှင့် အပျိုတော်များ၊ အမှုထမ်းများတို့သည် ကျွန်ရုပ်မလာသည်ကို မြင်လတ်သော် ဝိုင်း၍ ငိုကြတော့၏။ မိဖုရားခေါင်ကြီးသည်လည်း ဤသို့ မိန့်တော်မူလေ၏။

"အမိတို့ မရှုံးကြနှင့်၊ သေဖို့ရန် မွေးရသည်။ မွေးသော သူတိုင်း သေရမည်။ သေသူ့အတွက်ငိုခြင်းသည် ရူးခြင်းမျှသာဖြစ်၏။ မောင်တော်သည် ဖြူစင်သောစိတ်ဓာတ်ဖြင့် ဝင်ကစွပ်ခရုတဲ့သို့ ဘဝဟောင်းကိုစွန့်၍ မြတ်သောဘဝသို့ ကြွတော်မူလေပြီ။ ဝမ်းသာကြလော့၊ ပြုံးရယ်ကြလော့"

"မယ်မယ်ဘုရား..."

"တင်...သမီးတော်"

"ခမည်းတော်ဘုရား အလောင်းတော်ကို အနိမ့်သို့ချ၍ ဖောက်သဘောနှင့် မျှောက်ပါရစေ"

"သမီးတော်..."

"ဘုရား..."

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန် သည်အချိန် မယ်မယ့်အလောင်းနှင့်အတူ အရှေ့ဝင်း တော်တံခါးအနီးတွင် ရှောက်ချက်ကြလော့"

မိဖုရားများနှင့် ရဲရှုတော်အမှူးတို့သည် မိဖုရားကြီး၏ ခြေတော်နံကို ဦးတိုက်ကြကာ ငိုကြွေးကြကုန်၏။ နန်းတော်အလုံးကို ငိုသံ တည်းဟူသော ဘုရိယာဖြင့် ပြည့်စေသကဲ့သို့ ဖြစ်နေလေတော့၏။

မိဖုရားကြီးကား ဤသို့ မိန့်တော်မူ၏။

"စုတွင်ကပင် ပြောခဲ့ပြီ၊ သတိလွတ်ကြပါကလား။ မွေးသူတိုင်း ဘဝမကူးရသူ ရှိသလော၊ မိမိဘဝကူးရမည်ကို မတွေးတောဘဲ သူ တစ်ပါး ဘဝကူးရမည့်အတွက် မရှုးကြနှင့်။ မြတ်သောဘဝကို ကူးနိုင် ရန် မောင်တော်နှင့်ငါ ဆုံးမခြင်း၌တည်ကြ၍ မောင်တို့ မယ်တို့ ဘဝကူး မြတ်နိုင်ရန် ကောင်းသောကျင့်ဝတ်၌ တည်ကြလော့၊ သူတစ်ပါးအပေါ်၌ ကြင်သော စိတ်ကိုထားလော့။ ပေးလှူခြင်း၏ အကျိုးသည် နတ်ပြည် ခြောက်ထပ်၌သာ၊ အကျင့်ကောင်း၏အကျိုးသည် အဏ္ဏနိ၌ ပြဟ္မာဘုံ တိုင်အောင်သာ၊ ဘဝကိုဖြစ်စေနိုင်၍ ကြင်ခြင်း၏ အကျိုးကားမရေ မတွက်နိုင်ဖြစ်သဖြင့် အေးငြိမ်းခြင်း၊ ကိလေသာခန်းခြောက်ခြင်းမှ တစ်ပါး အလိုရှိသလို ခရီးသွားနိုင်သတတ်တည်း။ အေးချမ်းခြင်း၊ ကိလေသာ ခန်းခြောက်ခြင်း၏ အထောက်အပံ့ကိုလည်း ရနိုင်သတတ် တည်း"

ထိုအထဲ၌ အိမ်ရှေ့မင်းသားနှင့် ဝါကြီးများ၊ မှူးမတ်များစသည်တို့ ရောက်လာကြ၍ ဘုရင်မင်းမြတ်၏ အလောင်းတော်ကို ဦးတိုက်ကြ ပြီးသော် ငိုကြွေးကြကုန်၏။ ထိုအခါ ကျွန်ရုပ်မသည် ဤသို့သာတော့၏။

"တက်သိနားလည်ပြီးဖြစ်၍ ရုပ်သဘောနှင့် နာမ်သဘောကို သိပြီးဖြစ်သော အထု၊ ဤကား ခမည်းတော် မင်းကြီးမင်းဆွေ၏ ရုပ်ကလာပ်မဟုတ်သည်ကို သတိပြုကြပါကုန်။ ဤကား မင်းကြီးဟု



ဤ သမုတ်ထားသော ရုပ်နှင့်နာမ်တွဲစပ်နေ၍ သတ္တဝါတစ်ခုဟု ပညတ် ထားသည့် ဓာတ်လေးပါးအစုမှ ပေါက်ဖွားသည့်မြူအစုအဝေးပါတည်း၊ သတိပြုကြပါလော့"

"ဤမြူအစုအဝေးကား သစ်ပင်သစ်သားတို့၏ မြူအစုအဝေး ထက် ရှုစရာကောင်းပေသည်။ သစ်ပင်သစ်သားတို့၏ မြူအစုအဝေး ကား ပုပ်ပွလောက်ကျပြီးလျှင် မခံနိုင်အောင် နံဆော်ခြင်းမရှိ၊ အပုပ်ရည် တို့သည် ယိုစီးခြင်းမရှိ၊ ဤအစုအဝေးကားမဆုန်စတတ် ကိန်းအောင်း နေသော ရုပ်ဓာတ်တစ်ခုမှ တစ်နည်းတဲ့ ရုပ်ဓမ္မာမှ ပေါက်ဖွားသော မြူအစုအဝေးဖြစ်၍ ပုပ်ပွလာရမည်၊ ပုပ်ဟောင်နံဆော်လာရမည်၊ အပုပ် ရည်တို့သည် တံခါးကိုးပေါက်မှ စတင်ပြီးလျှင် ယိုထွက်လာရမည်။ ရုပ်ဝါဒကို မှားခြင်းဖြင့် လိုက်စားပြီးသော် ရယ်စရာဖြစ်မည်ကို သလ္လာ ဝတီသူ၊ သလ္လာဝတီသား ဝိသရွာသတိပြုသင့်ပါသည်"

"အထုသည် မင်းကြီးကဲ့သို့ ကောင်းသော သွားခြင်းဖြစ်ရာန် မင်း ကြီးကဲ့သို့လျှင်၊ ခမည်းတော် ရွှေဘုန်းတော်ရှင်ကဲ့သို့လျှင် ကြင်သော စိတ်သဘောကို နိုင်မြဲအောင် မွေးမြူကြပါကုန်"

"အထုသည် ခမည်းတော် မင်းကြီးကို ချစ်ခင်ကြည်ညိုကြသည် ကား မှန်သည်၊ ထိုသူထိုသူတို့ထက် တောရွာသူတို့နှင့် တောရွာစရိုက် နှင့်အညီပျော်မွေ့နေသော ကျွန်ရုပ်မကို တော်ကောက်ချီးမြှောက်တော် မူသောကြောင့် ကျွန်ရုပ်မဆိုသော ကျွန်မသည် သာ၍သာ၍ ချစ်ခင် ကြည်ညိုပါသည်။ ထိုသို့ချစ်ခင်ကြည်ညိုသည်နှင့်အညီ ခမည်းတော် ဘုရား လက်ထက်တော်မှာကဲ့သို့ ကျင့်သုံးနေထိုင်၍ ခမည်းတော်ထုံး ရှုထားတော်မူသော လမ်းစဉ်ကို လိုက်နာဆောင်ရွက်ရပါတော့မည်။ ထို့အတူ ဤအထုသည်လည်း လိုက်နာဆောင်ရွက်တော်မူကြကုန်"

နောက်တစ်နေ့ အရုဏ်မတက်မီ မိဖုရားခေါင်ကြီးသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



စက်တော်ခေါ်၍ ပျော်တော်မူနေရင်း မထဘဲ ဘဝကူးသွားတော်မူသဖြင့် ကျွန်ရုပ်မသည် ၎င်း၏ခမည်းတော်နှင့်မယ်တော်အလောင်းကို တူယှဉ်ကာ ရွှေငွေကျောက်သံပတ္တမြားတို့ ခြယ်လှယ်ထားသော မြတ်သော ပလ္လင်တော်ပေါ်၌ တင်ထားပြီးလျှင် ပြည်သူပြည်သားများနှင့် ဗိုလ်ထုတို့ မျက်ရည်စက်လက်နှင့်ကြည်ညိုနေကြသည်တွင်ပင် သာယာစွာ ကျူးပြီးသော် မန်ကျည်းစေ့ခန့်သော မာတ်ခဲကလေးတစ်ခဲစီကို မင်းကြီးနှင့် မိဖုရားခေါင်ကြီး၏ အလောင်းပေါ်သို့ တင်လိုက်လေ၏။

"ပြုံး၍ အိပ်မောကျနေသကဲ့သို့သော မင်းကြီးနှင့် မိဖုရားခေါင်ကြီးဆိုသော မြူအစုအတုံးနှစ်ခုကို မာတ်ခဲကလေး နှစ်ခဲသည် အများ၏ရှေ့တွင် ကျွမ်းလောင်လေရာ ရွှေရောင်၊ ငွေရောင်၊ ကျောက်သံပတ္တမြားရောင် စသောအရောင်အမျိုးမျိုးတို့ ကွန့်မြူးကာထွက်ပြီးလျှင် ပြာမှုပင် မကြွင်းဘဲ ပလ္လင်ပေါ်မှ ပျောက်ကွယ်သွားလေသည်"

(ကျွန်ရုပ်မ၏ အတတ်ပညာကား ထိုခေတ်က အလွန်အံ့သြဖွယ်သော အတတ်ပညာဖြစ်ချေသည်။)

× × ×

နောက်တစ်နေ့ ညီလာခံသဘင်ခန်းမကြီး၌ ဝန်ကြီးများ၊ တရားသူကြီးများ၊ သေနာပတိနှင့် စစ်သူကြီးများတို့၏ စုံညီရှေ့တွင်အိမ်ရှေ့မင်း မင်းဝိုင်းသည် ဤသို့ဆိုလေ၏။

"သလ္လာဝတီပြည်ကြီး၏ ထီးနန်းစည်းစိမ်တော်ကို မမကျွန်ရုပ်မအား လွှဲအပ်ရန် တင်သွင်းပါသည်"

"ကိုကိုဘုရားတင်သွင်းတော်မူသည်ကို သေနာပတိ ကျွန်တော်ကြောင်က ထောက်ခံပါသည်သဘာ"

"သဘောတူကြောင်း သဘာက ညွှတ်ပျောင်း၍ သောင်းသောင်း



ဖြဖြညီကြပါကြောင်း"

"အလို... အလို...အလို ဘယ့်နှာ၊ ကိုယ်တော်ကြီးနှင့် ကိုယ်တော်ကလေးက မဦးမချွတ် ဘယ်လိုများ မိန့်တော်မူလိုက်ကြပါသလဲ။ သဘာကလည်း တကတည်း သောင်းသောင်းဖြဖြနှင့် လန့်စရာ၊ ကျွန်ရုပ်မသည် ထိုသဘာကို လက်မခံနိုင်ပါ သဘာ"

"ဟာ" ဟူသော အသံကြီးသည် ပွဲတင်ဟည်းသွားလေ၏။

"မဟာနှင့် သဘာ၊ သလ္လာဝတီ နိုင်ငံတော်ကြီး၏ရွှေထီးရွှေနန်းသည် အိမ်ရှေ့ကိုယ်တော် မင်းဝိုင်းအတွက်သာ ဖြစ်ပါသည်။ သို့မှသာ တရားနှင့်အညီ ဆောင်ရွက်ရာ ရောက်ပါမည်။ ကျင့်ထုံးတရားကို မမှားစကောင်းပါ"

"ကျွန်တော်ပြောပါရစေ"

"ဘိုးဘိုးမိန့်တော်မူပါ"

"သခင်မကို ဘုရင်မအဖြစ်နှင့် အားလုံးကပင် သဘောတူကြပါသည်။ မမက ရွှေထီး ရွှေနန်း ရွှေကြငှန်းကို တောင်ယာတဲလောက်မျှ မနှစ်သက်ဆိုခြင်းကိုလည်း ဘိုးဘိုး အသိ၊ သို့သော် အားလုံးသဘောကို မမသည် မပယ်သင့်ပါ။ သို့လင့်ကစား မမသည် နတ်ရွာစံ ရွှေဘုန်းရှင်နှင့်ခေါင်ဖုရားရှိစဉ်က တောဝင်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ပြီးသော် ယောဂီအသွင်နှင့်နေခွင့်တောင်းတော့ ခေါင်ဖုရား မျက်ရည်ကျသောကြောင့် ခမည်းတော်နှင့် မယ်တော်တစ်သက်တွင်သည်အကြံကို မကြံတော့ပါဘုရားဟု ကတိထားခဲ့ပါသည်။ ယခုလည်း မမသည် ဖန်ရည်ဝတ်နှင့်လောကကို ကျွတ်လွတ်စွာ ဖယ်ခွာသွားတော့မည်ဟု မကြံပါဆိုကာ ကတိပြုတော်မူပါလျှင် မမရဲ့ထီးနန်းစည်းစိမ်ကို လက်မခံခြင်းအတွက် မကန့်ကွက်ပါ၊ ထိုကတိကိုပြုတော်မူပါ"

"အို...ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



"ထိုအခါ အိမ်ရှေ့မင်း မောင်ဝက်နှင့် သေနာပတိမင်းငကြောင်တို့သည် "မမြ၊ ကျွန်တော်တို့ကို ထားခဲ့တော့မှာလား မမြ"ဆိုကာ နောင်တော်ညီနောင်နှစ်ပါးတို့သည် ဗိုလ်ပုံအလယ်တွင် တုန်နဲ့သောအသံနှင့်မျက်ရည်ကျကာ ဆိုလတ်လေသော်...

"ကိုင်း...ကိုင်း...ကိုင်း...ကိုယ်တော်ကလေး နှစ်ပါး၊ ကျွန်ရုပ်မခမည်းတော်ဘုရား မစတော်မူခဲ့တဲ့အိမ်တော်ကဘယ်ကိုမှ ပစ်ခွာမသွားပါဘူး။ အိမ်ရှေ့ကိုယ်တော်ကိုသာ ထီးမွေနန်းရုပ်ကို ဆက်ခံစိုးစံတော်မူပါ"

ညီလာခံသဘာသည် သဘောတူကြလေ၏။

× × ×

သလ္လာဝတီပြည်ကြီးကို အိမ်ရှေ့မင်း မင်းဝိုင်းသည် ဘုရင်အဖြစ်နှင့် ထီးနန်းစိုးစံတော်မူလေရာ ကျွန်ရုပ်မ၏အိမ်မှူး စောရသည်လည်း မိဖုရားတစ်ပါးအဖြစ်နှင့် ဘုရင်မြှောက်စားခြင်းကို ရလေတော့သည်။

ကျွန်ရုပ်မသည်ကား ခမည်းတော်နှင့်မယ်တော်ဖုရား နတ်ရွာသို့ကြွသွားတော်မူလတ်သော် မြိုင်ခိုပြီးလျှင် ယောဂီအသွင်နှင့်နေကာ ဗြဟ္မာ့ပြည်သို့ တက်လှမ်းတော့မည်ဟု ကြံစည်ယိုယွင်းနှလုံးသွင်းရှိခဲ့သော်လည်း သလ္လာဝတီနိုင်ငံတော်ကြီး၏အကျိုးကို သယ်ပိုးကာ ရွက်ဆောင်နေရလေတော့ပြီ။

ထိုအခါ၌ကား သူတစ်ပါးအပေါ်၌ ဖြူစင်သော စိတ်ကိုထားခြင်းမှ မယပါက်ကြားရအောင် အထူးစောင့်ထိန်း၍ လောက၏အကျိုးကို ဆောင်ရွက်ကာ နေလေတော့သည်။ ထိုသို့လျှင် သလ္လာဝတီပြည်ကြီးကို ကျွန်ရုပ်မသည် စောင့်ထိန်းကာ အကျိုးကိုဆောင်လေရာ တိုင်းသူပြည်သားတို့သည် ကျွန်ရုပ်မကို အမေ၊ မေမေ၊ မမဟု အားကိုးကြ



ကာ ချစ်ခင်ကြခြင်းဖြင့် နိုင်ငံတော်ဥပဒေအတိုင်း လုပ်ကိုင်နေထိုင်ကြသဖြင့် သလ္လာဝတီနိုင်ငံကြီးသည် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုးရွာသလိုဖြစ်နေပြီးလျှင် အထူးတောင့်တင်းကာ တန်ခိုးမြင့်သောနိုင်ငံတော် ကြီးဖြစ်လာလေတော့ပြီ။ ကျွန်ရုပ်မသည်ကား နိုင်ငံနယ်ပယ်၌ အစွန်အဖျားမှ မကျန်ရအောင် အနှံ့လည်ပတ်လျက် ဤသို့သော စကားကို နယ်သူနယ်သားတို့နှင့် ရောနှောကာ နေထိုင်ရင်း၊ အလုပ်လုပ်ရင်း၊ ဝိုင်းဖွဲ့ကာ စားသောက်ရင်းပြောဆိုလေ၏။

"အလုပ်မှရွှေသည် တိုင်းသူပြည်သားကောင်းကို ဖြစ်စေနိုင်သည်"

"တိုင်းသူပြည်သားများသည် တစ်ဦး၏ကျေးဇူးကို တစ်ဦးကဆောင်ရွက်သော်၊ တစ်ဦး၏ကျေးဇူးကို တစ်ဦးကလိုလား၍ ဆောင်ရွက်သော် ထိုတိုင်းပြည်သည် အေးရန်ကင်းဝေးသော နိုင်ငံဖြစ်၍ စီညီပြီးလျှင် အေးချမ်းသာယာမှု အကျိုးတစ်ရပ်ကို ရနိုင်ပေသည်"

"ငါသည် လူဟု လူကို လူထင်မှတ်ရာသည်"

ဤသို့လျှင် လယ်ကွက်ထဲတွင် ကြီးပြင်းလာခဲ့သော မြအနှစ်ခေါ်သူကြွယ့်သမီးစောသူမကလေးသည် ပညာတတ်သည်နှင့်အညီ ကျင့်ဝတ်ကောင်းရှိသည့်အတိုင်း "ကျွန်ရုပ်မ" ဟု ထိုခေတ်က အလွန်ထင်ရှားကျော်စောသော အမျိုးသမီးရတနာတစ်ဦး ဖြစ်လေသတည်း။

တွေ့လာရသော ကာမဂုဏ်ကို သည်းခံနိုင်ခြင်းသည် အလွန်မြင့်မြတ်ပေသတည်း။

စစ်ကိုင်းဦးဘိုးသင်း

❐

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ရုပ်မ

## စစ်ကိုင်းဦးဘိုးသင်း

ကျွန်ုပ်သည်ကား ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့တွင် ကျွန်ုပ်တို့မြန်မာလူမျိုးသည် အဓိကရလူမျိုးဖြစ်၍ ယခုခေတ်၌ မြန်မာလူမျိုးဖြစ်ရခြင်းသည် အလွန်ပင်ရခဲလှစွာသော လူအဖြစ်ကိုရသည်ဟု ကျွန်ုပ်မဆိုရန် မတတ်နိုင်ပါ။ မဆိုလျှင် ကျွန်ုပ်သည် နလပိန်းတုံးလူတစ်ယောက်ဖြစ်ရပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် မြန်မာလူမျိုးတို့မှာသာ လက္ခဏာရေး သုံးပါး၊ ဗြဟ္မစိုရ်တရားလေးပါးနှင့် ကံ ကံ၏အကျိုးသဘောတို့ရှိကြခြင်းကြောင့်ဖြစ်ပေသည်။

BURMESE CLASSIC

ဥပမာဆိုသော် မြန်မာလူမျိုး တံငါသည် တစ်ယောက်သော်လည်းကောင်း၊ သူခိုးတစ်ယောက်သော်လည်းကောင်း အကြောင်းအားလျော်စွာ ထိုအလုပ်ကို လုပ်ကိုင်ကာ အသက်မွေးရငြားစေကာမူ ၎င်းတို့မှာ ကံ ကံ၏အကျိုးကို ယုံကြည်သောသဘောရှိသည်။ လက္ခဏာရေးသုံးပါးနှင့် ဗြဟ္မစရိယတရားလေးပါးကိုသိသည်။ ထိုယုံကြည်ခြင်းနှင့်သိခြင်းသည်ပင်လျှင် လူဖြစ်ရာရောက်၍ များစွာအဖိုးတန်ပေသည်။

ယခုရေးမည်ဖြစ်သော 'ကျွန်ရုပ်မ' ဝတ္ထုသည် ◦ ◦ ◦

3000031
2700.00 Ks

www.burmeseclassic.com